ဟဇရသ် မောင်လာနာ မွုဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဗွလ်ကုရ်အာန် မြန်မာဘာသာပြန်

အစောင် ၇

(၅း၈၃) မှ (၆း၁၁၁) အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွုဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၇]

စူရာဟ် မာအေဒဟ်

စဲဗွယ်ဘောဇဉ် (စားဖွယ်ရာ) ကဏ္ဍ

၅ း ၈၃ မှ ၅ း ၈၆ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂

၅ း ၈၇ မှ ၅ း ၈၈ အထိ

၂။ အာယသ်တော်များ၏ ဆက်စပ်ပုံ ၃

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄

၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄

၅ း ၈၉

၅။ အာယသ်တော်များ၏ ဆက်စပ်မှု ၇

၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇

၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈

၈။ ကျိန်ဆိုခြင်း၏အချို့ပုံစံများနှင့် ၄င်းနှင့်စပ်လျဉ်းသည့်အမိန့်ပညတ်ချက်များ....... ၈

၉။ 'ကစမ်' မပျက်မီအလျင် 'ကဖ္ဖာရဟ်' ပေးခြင်း အထမမြောက်ခြင်း ၁၀

၅ း ၉၀ မှ ၅ း ၉၁ အထိ

၁၀။ အာယသ်တော်များ၏ ဆက်စပ်မှု ၁၁

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂

၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ....

၁၃။ စကြဝဠာကြီးအား ဖန်ဆင်းထားခြင်းသည် လူသားများ အကျိုးရှိစေရန် အတွက်ဖြစ်ခြင်း ၁၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	'အက်ဖ်လားမ်' ၏ ရှင်းလင်းချက်	၁၃
၁၅။	အရက်နှင့်ဖဲကြောင့် ကိုယ်ခန္ဓာနှင့်ဝိညာဉ်၌ ဖြစ်ပေါ်စေသည့်ဆိုးကျိုးများ.........	၁၄
	၅ ႏ ၉၃ မှ ၅ ႏ ၉၆ အထိ	
၁၆။	အာယသ်တော်၏ ဆက်နွယ်မှု	၂၀
၁၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀
၁၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃
	၅ ႏ ၉၇ မှ ၅ ႏ ၁၀၀ အထိ	
၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆
၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇
၂၁။	အေးချမ်းသာယာစေသည့် အကြောင်းခံ (၄) ခု	၂၇
၂၂။	'ကအ်ဗာဟ်'၊ 'ဗိုင်သွလ္လာဟ်'သည် တစ်လောကလုံးရှိမဏ္ဍိုင်ဖြစ်ခြင်းအကြောင်း	၂၈
၂၃။	'ကအ်ဗာဟ်'ကျောင်းတော်တည်ရှိခြင်းသည် တစ်လောကလုံး အေးချမ်းသာယာရန် အကြောင်းခံဖြစ်ခြင်း	၂၉
၂၄။	အာယသ်တော်ကျရောက်လာပုံ	၃၃
	၅ ႏ ၁၀၁ မှ ၅ ႏ ၁၀၃ အထိ	
၂၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၆
၂၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၇
၂၇။	မလိုအပ်ဘဲ မေးမြန်းခြင်း၏ တားမြစ်ချက်	၃၇
၂၈။	အာယသ်တော်၏ ကျရောက်ပုံ	၃၇
၂၉။	တမန်တော်မြတ် ﷺ ၏ နောက် နဗီဖြစ်ခြင်းနှင့် 'ဝဟီ'ကျရောက်ခြင်းပြီးဆုံးခြင်း	၃၈
	بَحِيْرَة နှင့် سَائِبَة တို့အကြောင်း	၃၉
	၅ ႏ ၁၀၄ မှ ၅ ႏ ၁၀၅ အထိ	
၃၀။	အာယသ်တော်များ၏ ဆက်နွယ်မှု	၄၀
၃၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၁
၃၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၃။	အာယသ်တော်၏ ကျရောက်ပုံ	၄၁
၃၄။	မထိုက်တန်သူကို ခေါင်းဆောင်ခန့်ခြင်းသည် ပျက်စီးဆုံးရှုံးမှုကို ဖိတ်ခေါ်ခြင်းသာ ဖြစ်ခြင်း	၄၂
၃၅။	ခေါင်းဆောင်ဆိုသည်မှာ	၄၃
၃၆။	လူတစ်ဦးတစ်ယောက် ဝေဖန်ရန် ထိရောက်သည့်နည်းလမ်း	၄၃
၃၇။	အဖန်ဆင်းခံများကို ပြုပြင်ရန် သောကထားသူများအား နှစ်သိမ့်ပေးခြင်း	၄၄
၃၈။	အပြစ် 'ဂိုနာဟ်'များကို တားဆီးရန် ဟာဇရေသ်အဗူဗကာရ် ﷺ ၏ မိန့်ခွန်းတစ်ရပ်	၄၅
	معروف နှင့် منكر ၏အဓိပ္ပာယ်	၄၅
၃၉။	ဖိကာဟ်ပညာရှင်ကြီးများ၏ အဆိုအမျိုးမျိုးသည် 'ရှရီအသ်'နှင့်ဆန့်ကျင်ဘက်	
၄၀။	အမိန့်များ မဟုတ်ခြင်း	၄၆

၅ း ၁၀၆ မှ ၅ း ၁၀၈ အထိ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁။	အာယသ်တော်များ၏ ဆက်စပ်ပုံ	၄၈
၄၂။	အာယသ်တော်ကျရောက်ရခြင်း၏ အကြောင်းခံ	၄၉
၄၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၉
၄၄။	သိမှတ်စရာများနှင့် ပညတ်ချက်များ	၅၂
၄၅။	ကာဖိရ်တစ်ဦး၏ သက်သေထွက်ဆိုခြင်းသည် အခြားကာဖိရ်တစ်ဦး၏ ကိစ္စကိုပင် လက်ခံထိုက်ခြင်း	၅၃
၄၆။	အကြင်သူတစ်ဦးသည် တစ်ဦးတစ်ယောက်ထံမှ ရရန် ရှိပါက ထိုသူအား	
၄၇။	အကျဉ်းချ ခိုင်းစေနိုင်ခြင်း	၅၄

၅ း ၁၀၉ မှ ၅ း ၁၁၀ အထိ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၈။	အာယသ်တော်များ၏ ဆက်စပ်ပုံ	၅၆
၄၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၆
၅၀။	သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ	၅၇
၅၁။	ဒွိဟတစ်ခုအား ချေပခြင်း	၅၈
၅၂။	မေးခွန်းတစ်ခုနှင့် ၎င်း၏အဖြေ	၆၀
၅၃။	နဗီတမန်တော်များ၏ အလွန်ချစ်ခင်မှုအား ထုတ်ဖော်ခြင်း	၆၀

၅၄။ 'ဟရှရ်' ကွင်းပြင်တွင် အချက်ငါးချက်အား မေးမြန်းမည်ဖြစ်ခြင်း ၆၁
၅၅။ တမန်တော်အီစာ ﷺ နှင့် သီးသန့်အမေးအဖြေ ၆၁
၅၆။ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် တမန်တော်အီစာ၏ ဖြေကြားချက် ၆၂
၅၇။ တမန်တော်အီစာ ﷺ အပေါ် အချို့ထူးခြားသည့်အရာများကို ချီးမြှင့်ထားခြင်း
အကြောင်း ၆၃

၅ း ၁၁၁ မှ ၅ း ၁၁၅ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၆
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၇
၆၀။ ချီးမြှင့်ခြင်းသည် ကြီးမားပါက ကျေးဇူးကန်းခြင်း၏ ဆိုးကျိုးများသည်လည်း
ကြီးမားခြင်း ၆၇

၅ း ၁၁၆ မှ ၅ း ၁၁၈ အထိ

၆၁။ အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ် ၆၉
၆၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၁

၅ း ၁၁၉ မှ ၅ း ၁၂၀ အထိ

၆၃။ အာယသ်တော်များ၏ ဆက်နွယ်မှု ၇၅
၆၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၅
၆၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၅

စူရာဟ်အန်အာမ်

သားကောင်များကဏ္ဍ

၆ း ၁ မှ ၆ း ၅ အထိ

၆၆။ အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ် ၇၈
၆၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၉

၆ း ၆ မှ ၆ း ၁၁ အထိ

၆၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၆
၆၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဖ း ၁၂ မှ ဖ း ၁၄ အထိ	
၇၀။	အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်	၉၅
၇၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၆
	ဖ း ၁၅ မှ ဖ း ၂၁ အထိ	
၇၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၉
၇၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၁
	ဖ း ၂၂ မှ ဖ း ၂၆ အထိ	
၇၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	
၇၅။	မုရှိရစ်က်များ၏ အောင်မြင်လွတ်မြောက်မှု မရှိသည့် အခြေအနေအကြောင်း	၁၀၉
၇၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၁
	ဖ း ၂၇ မှ ဖ း ၃၂ အထိ	
၇၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၉
၇၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၁
	ဖ း ၃၃ မှ ဖ း ၄၁ အထိ	
၇၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၉
၈၀။	ကာဖိရ်များ၏ မကောင်းသော စကားရပ်များအပေါ် တမန်တော်မြတ် ﷺ အား ပြေသိမ့်ခြင်း	၁၂၉
၈၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၃
၈၂။	အဖန်ဆင်းခံများ၏ ဝတ္တရားများ ကျေပွန်ရန် အလွန်အရေးပါလှခြင်း	၁၃၄
	ဖ း ၄၂ မှ ဖ း ၄၅ အထိ	
၈၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၆
၈၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၇
	ဖ း ၄၆ မှ ဖ း ၄၉ အထိ	
၈၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၄

ခဉ်	အကြောင်းအရာ	စာမျက်နှာ

ဖ း ၅၀မှ ဖ း ၅၁ အထိ

၈၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၆

၈၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၇

၈၈။ အာရဗ်ရှိကာဖိရ်ရန်သူများဘက်မှ အံ့ဖွယ် 'မုအ်ဂျေဇာဟ်' များတောင်းခံခြင်း ၁၄၇

ဖ း ၅၂ မှ ဖ း ၅၅ အထိ

၈၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၅

၉၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၇

၉၁။ မာန်မာနနှင့် ပညာမဲ့ခြင်းကို ပယ်ဖျက်ခြင်း၊ သိက္ခာရှိမှုနှင့် သိက္ခာမဲ့မှု
တို့သည် အစ္စလာမ်သာသနာ့ဘောင်တွင်ထားရှိသည့် အဆင့်အတန်း၊ ကြွယ်ဝ
ချမ်းသာမှုနှင့် နွမ်းပါးမှုတို့တွင် အစ္စလာမ်သာသနာတွင် မည်သို့မျှ ခြားနား
ထားခြင်း မရှိကြောင်း ၁၅၇

၉၂။ အချို့သော အမိန့်ပညတ်ချက်များ ၁၆၃

၉၃။ 'သောင်ဗာဟ်' ဖြင့် 'ဂိုနာဟ်' ဟူသရွေ့ ပပျောက်သွားခြင်းအကြောင်း ၁၆၈

ဖ း ၅၆ မှ ဖ း ၅၈ အထိ

၉၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၁

၉၅။ အာယသ်တော်၏ ဆက်စပ်မှု ၁၇၂

ဖ း ၅၉ မှ ဖ း ၆၂ အထိ

၉၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၄

၉၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၅

၉၈။ 'ဂိုနာဟ်' များမှ ရှောင်ကြဉ်ရန် ထိရောက်သည့် ညွှန်ကြားချက်များ ၁၇၅

၉၉။ ကုရ်အာန်၏ ဝေါဟာရအရ 'အိလ်မေ့ဂိုင်းဘ်' (အကွယ်၌ရှိသော အရာအား
သိရှိခြင်း) 'ကွဒ်ရသ် အာမာဟ်မွသ်လကဟ်' သည် အသျှင်မြတ်၏ သီးသန့်
ဂုဏ်တော်ဖြစ်ပြီး မည်သည့်အဖန်ဆင်းခံမှ ၎င်းတွင် မပါဝင်ခြင်း ၁၇၇

ဖ း ၆၃ မှ ဖ း ၆၄ အထိ

၁၀၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၈
၁၀၂။	အလ္လာဟ်အသျှင်မြတ်၏ အသိပညာနှင့် တန်ခိုးတော်၏ ထုတ်ဖော်ချက်အချို့	၁၈၈
၁၀၃။	သင်ခန်းစာယူထိုက်သည့်အကြောင်း	၁၈၈
၁၀၄။	ဒုက္ခဆင်းရဲမှုတို့၏ မူရင်းကုစားနည်း	၁၈၈
	၆ း ၆၅ မှ ၆ း ၆၇ အထိ	
၁၀၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၃
၁၀၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၄
၁၀၇။	အပြစ်ဒဏ် (၃) မျိုး	၁၉၅
	၆ း ၆၈ မှ ၆ း ၇၃ အထိ	
၁၀၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၆
၁၀၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၉
၁၁၀။	လမ်းလွဲသူများ၏ ထိုင်ဝိုင်း၌ ထိုင်ခြင်းမှ ရှောင်ရှားရန် မိန့်ခြွေခြင်း	၂၀၉
	၆ း ၇၄ မှ ၆ း ၈၂ အထိ	
၁၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၈
၁၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၀
၁၁၃။	ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် ကျင့်ကြံခြင်းပိုင်းဆိုင်ရာများအား ပြုပြင်ရန် ဖိတ်ခေါ်ရာ၌ မိမိအိမ်နှင့် မိမိမျိုးနွယ်စုများမှ စတင်ဆောင်ရွက်သင့်ခြင်း	၂၂၁
၁၁၄။	မွတ်စ္စလင်မ်နှင့် ကာဖိရ်တို့၏ အမျိုးသားရေးအမြင်များ	၂၂၂
၁၁၅။	သာသနာပြန့်ပွားရေးလုပ်ဆောင်ချက်နှင့် ဖိတ်ခေါ်ခြင်းတွင် အမြော်အမြင်ဖြင့် စနစ်တကျ လုပ်ဆောင်ခြင်းသည် နဗီအပေါင်း၏လမ်းစဉ်ဖြစ်ခြင်း	၂၂၄
၁၁၆။	သာသနာပြန့်ပွားရေး ဆောင်ရွက်သူများအတွက် အချို့လမ်းညွှန်ချက်များ	၂၂၇
	၆ း ၈၃ မှ ၆ း ၉၀ အထိ	
၁၁၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၀
၁၁၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဖ း ၉၁ မှ ဖ း ၉၅ အထိ	
၁၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၉
၁၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၃
	ဖ း ၉၆ မှ ဖ း ၉၉ အထိ	
၁၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၀
၁၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၁
၁၂၃။	အဖန်ဆင်းခံများ အနားယူရန်အတွက် ည၏သဘာဝတရားကို အလိုအလျောက် သတ်မှတ်ထားခြင်းသည် ကြီးမားသော ချီးမြှင့်ခြင်းတစ်မျိုးဖြစ်ခြင်း	၂၅၃
၁၂၄။	နေနှင့်လ၏ တွက်ချက်မှု	၂၅၅
	ဖ း ၁၀၀ မှ ဖ း ၁၀၃ အထိ	
၁၂၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၀
၁၂၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၂
	ဖ း ၁၀၄ မှ ဖ း ၁၀၈ အထိ	
၁၂၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၄
၁၂၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၆
၁၂၉။	အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရခြင်းနှင့်စပ်လျဉ်းသည့် ပညတ်ချက်များ	၂၆၇
	ဖ း ၁၀၉ မှ ဖ း ၁၁၁ အထိ	
၁၃၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၆
၁၃၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၄
၁၃၂။	ဖြစ်မှုတစ်ခု၏ အကြောင်းခံဖြစ်ခြင်းသည်လည်း အပြစ်ထိုက်ခြင်း	၂၇၈

ပါရာ [၇]

စူရာဟ်မာအေဒဟ်

ခဲဖွယ်ဘောဇဥ် (စားဖွယ်ရာ) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَاِذَا سَمِعُوْا مَاۤ اُنْزِلَ اِلَى الرَّسُوْلِ تَرٰۤى اَعْيُنَهُمْ
تَفِيْضُ مِنَ الدَّمْعِ مِمَّا عَرَفُوْا مِنَ الْحَقِّ ۚ يَقُوْلُوْنَ رَبَّنَاۤ اٰمَنَّا
فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ٨٣

၅ : ၈၃ ။ ။ ထို့ပြင် ယင်းသူတို့သည် ရစူလ်တမန်တော် (မိုဟမ္မဒ်) ၏ထံသို့ ကျရောက်လာသော အာယသ်တော်ကို ကြားနာကြရသောအခါ အမှန်တရားကို သိမြင်လာကြသဖြင့် ၎င်းတို့၏ မျက်ရည်များ ယိုစီးလျက်ရှိသည်ကို အသင်ကိုယ်တိုင် တွေ့မြင်ရပေမည်။ (ထိုအခါ) ၎င်းတို့က 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါပြီ။ သို့ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်း ယုံကြည်ထောက်ခံ သက်သေထွက်ဆိုသူတို့နှင့်အတူ အသိအမှတ်ပြုတော်မူပါ' ဟူ၍ လျှောက်ထားပန်ကြားကြလေသည်။

وَمَا لَنَا لَا نُؤْمِنُ بِاللّٰهِ وَمَا جَآءَنَا مِنَ
الْحَقِّ ۙ وَنَطْمَعُ اَنْ يُّدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصّٰلِحِيْنَ ٨٤

၅ : ၈၄ ။ ။ ထို့ပြင် (၎င်းတို့က) 'ကျွန်တော်မျိုးတို့သည် ကျွန်တော်မျိုးတို့၏ အသျှင်မြတ်က ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့်အတူ ပါဝင်စေတော်မူမည်ဟူ၍ မျှော်လင့်ချက် ထားရှိကြသည်ဖြစ်ရာ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အသျှင်

မြတ်ကိုလည်းကောင်း၊ ကျွန်တော်မျိုးထံ ရောက်ရှိလာခဲ့သော အမှန်တရားကိုလည်းကောင်း မယုံကြည်ကြရန် မည်သည့်အကြောင်းမျှ မရှိတော့ပြီ'(ဟူ၍ ပြောဆိုကြလေသည်။)

فَأَثَابَهُمُ اللّٰهُ بِمَا قَالُوا جَنّٰتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهٰرُ خٰلِدِيْنَ
فِيْهَا ۚ وَذٰلِكَ جَزَآءُ الْمُحْسِنِيْنَ ﴿٨٥﴾

၅ : ၈၅ ။ ။ သို့ဖြစ်ပေရာ ၎င်းသူတို့၏ ယင်းသို့ပြောဆိုဝန်ခံမှုကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အကြင် ဥယျာဉ်များကို အစားပေးတော်မူမည်။ ထိုဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများသည် စီးဆင်းလျက်ရှိပေမည်။ ၎င်းသူတို့သည် ယင်းဥယျာဉ်များ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည် ကြကုန်သော သူတော်ကောင်းတို့၏ အကျိုးပင် ဖြစ်ပေသည်။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ

၅ : ၈၆ ။ ။ သို့ရာတွင် အကြင်သူများသည် သွေဖည်ငြင်းပယ်လျက် ရှိကြသည့်အပြင် ငါအသျှင်မြတ်၏ တရားတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်နေခဲ့ကြ၏။ ထိုကဲ့သို့သော သူများသာလျှင် 'ဂျဟန္နမ်'ငရဲသားများ ဖြစ်ကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုသူများသည် ကိုယ်တော်မြတ် ﷺ ထံပါးမှ ပေးပို့တော်မူခဲ့သော ကျမ်းတော်မြတ်အား နားထောင်ရသောအခါ မျက်ဝန်းများ၌ မျက်ရည်များ ပြည့်နှက်လာသည်ကို မြင်တွေ့ရသည်။ အကြောင်းမှာ ၎င်းတို့သည် မှန်ကန်သော အစ္စလာမ်သာသနာတော်ကို တွေ့ရှိခဲ့လေပြီ။ အလိုသဘောမှာ အမှန်တရားကို ကြားပြီး ၎င်းတို့၏ နှလုံးတွင် စူးရှသွားခြင်းဖြစ်သည်။ ၎င်းနောက် 'အို, ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့ မွတ်စ္စလင်မ်ဖြစ်သွားပြီးဆိုလျှင် ကျွန်ုပ်တို့အား ကိုယ်တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်ကုရ်အာန်အား မှန်ကန်ကြောင်း ထောက်ခံသောသူများနှင့်အတူ ရေးမှတ်တော်မူပါ'ဟု ပြောဆိုကြသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ ၏ တရားတော်မှ သင်ကြားပို့ချချက်နှင့်အညီ အလ္လာဟ်အသျှင်မြတ် အပေါ်နှင့် ယခုမှ ကျွန်ုပ်တို့ထံ ရောက်ရှိလာသော သာသနာအမှန်ပေါ် အီမာန်မယူလာခဲ့သည့်အတွက် ကျွန်ုပ်တို့ထံ မည်သည့်အကြောင်းပြချက်များ ရှိနိုင်မည်နည်း။ တစ်ဖန် ကျွန်ုပ်တို့၏ အသျှင်သခင်သည် ကျွန်ုပ်တို့အား ကောင်းမွန်သူ၊ သဘောတူလက်ခံခြင်းခံရသော သူများနှင့်အတူ မှတ်ယူလိမ့်မည်ဟု မျှော်လင့်ချက်ထားနိုင်ပါမည်နည်း။ သို့သာမက ယင်းမျှော်လင့်ချက်သည် အစ္စလာမ်သာသနာတော်ပေါ်၌ ရှိနေခြင်းတွင် မူတည်ပါသည်။ ဤအတွက်ကြောင့် မွတ်စ္စလင်မ်ဖြစ်ရန် အရေးကြီးပေသည်။ သို့ရှိရာ ထိုသူများကို အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ယုံကြည်ချက်နှင့် ပြောဆိုချက်အပေါ် ၎င်းတို့အား ဤကဲ့သို့သော ဥယျာဉ်တော်အား ချီးမြှင့်တော်မူမည်ဖြစ်သည်။ ယင်းဥယျာဉ်တော်ရှိ အဆောက်အဦးအောက်မှ စမ်းရေချောင်း

များ စီးတွေနေသည်။ ၎င်းတို့သည် ထိုဥယျာဉ်တော်တွင် ထာဝရနေရမည်ဖြစ်သည်။ ဤသည်ပင်လျှင် ကောင်းသောသူများ ရရှိမည့်အစားပင် ဖြစ်သည်။ ၎င်းနောက် ငါအသျှင်မြတ်၏ အာယသ်တော်များနှင့် အမိန့်များသည် လိမ်ညာခြင်းဖြစ်သည်ဟု ပြောဆိုနေကြသော ကာဖိရ်များသည် 'ဂျဟန္နမ်'တွင်း နေရမည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تُحَرِّمُوا۟ طَيِّبَٰتِ مَآ أَحَلَّ ٱللَّهُ لَكُمْ وَلَا تَعْتَدُوٓا۟ ۚ إِنَّ ٱللَّهَ لَا يُحِبُّ ٱلْمُعْتَدِينَ ﴿٨٧﴾

၅ : ၈၇ ॥ ॥ အို့, မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အဖို့ အလ္လာဟ်အသျှင်မြတ်က 'ဟလာလ်'ဟူ၍ ခွင့်ပြုထားတော်မူသော သန့်ရှင်းစင်ကြယ်သည့် အရာများကို 'ဟရာမ်'ဟူ၍ ပိတ်ပင်တားမြစ်ခြင်း မပြုကြကုန်နှင့်။ ထို့ပြင် အသင်တို့သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းကိုလည်း မပြုကြလေနှင့်။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်သူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။

وَكُلُوا۟ مِمَّا رَزَقَكُمُ ٱللَّهُ حَلَٰلًا طَيِّبًا ۚ وَٱتَّقُوا۟ ٱللَّهَ ٱلَّذِىٓ أَنتُم بِهِۦ مُؤْمِنُونَ ﴿٨٨﴾

၅ : ၈၈ ॥ ॥ ၎င်းအပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က မိမိတို့အား ပေးသနားထားတော်မူသော အရာများ အနက် (စားသုံး) ခွင့်ပြုတော်မူထားသည့် သန့်ရှင်းစင်ကြယ်သော အရာများကို စားသုံးကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့ သက်ဝင်ယုံကြည်လျက် ရှိကြကုန်သော အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။

အာယသ်တော်များ၏ ဆက်စပ်ပုံ

ဤနေရာအထိ ကျမ်းရထားသောသူများနှင့် စပ်လျဉ်း၍ ပြောဆိုခဲ့ပြီးဖြစ်သည်။ ရှေ့ဆက်၍ တစ်ဖန် ပြန်လည်ပြီး အမိန့်ပညတ်ချက်များကို တင်ပြမည်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ အချို့ပညတ်ချက်များကို စူရာဟ်အစ၌ တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ အလယ်၌လည်း တင်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာ၌ သီးခြားအကြောင်း အရာတစ်ခုနှင့်လည်း ဆက်စပ်နေကြောင်းကို တင်ပြထားပေသည်။ ၎င်းမှာ အထက်၌ ချီးမွမ်းထောပနာ ပြုထားသောနေရာတွင် လောကအား စွန့်လွှတ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြထားပါသည်။ သို့ရှိရာ ယင်းအချက် သည် လောကအား စွန့်လွှတ်ခြင်း၏ အစိတ်အပိုင်းတစ်ပိုင်းဖြစ်သည်။ သို့သော် တစ်ဦးတစ်ယောက်က လောကအား စွန့်လွှတ်ခြင်းနှင့် တန်းတူအရည်အသွေးများကိုလည်း ချီးမွမ်းထိုက်သည်ဟု ယူဆနိုင်သည်။ ဤအတွက်ကြောင့် ဤနေရာတွင် ထိုမပိုင်သော အရာများအား ပိုင်သည်ဟု ထင်မြင်ခြင်းကို တားမြစ်ရန် ပို၍ သင့်လျော်သည်ဟု ယူဆနိုင်ပါသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်သည် စားသောက်ခြင်းအရာများ ဖြစ်စေ၊ ဝတ်ဆင်သောအရာများဖြစ်စေ၊ ထိမ်းမြားနိုင်သော အရာများဖြစ်စေ၊ ယင်းအရာများတွင် ရှိသော အရာများနှင့် စိတ်ဝင်စားဖွယ်ရာများကို ကျိန်ဆိုကတိကဝတ်များ ပြုပြီး မိမိတို့အပေါ် 'ဟရာမ်' မပြုလုပ်လေနှင့်။ ၄င်းနောက် တရားတော်မှ သတ်မှတ်ထားသော 'ဟလာလ်'၊ 'ဟရာမ်' ဟူသော အရာများ၏ စည်းဘောင်မကျော်စေနှင့်။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် တရားစည်းဘောင် ကျော်သူများကို နှစ်သက်တော်မမူချေ။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်ထားသော အရာများ ထဲမှ သန့်ပြန့်သောအရာများကို စားသုံးကြပြီးနောက် ထိုအလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်၊ အကြင် အသျှင်မြတ်အပေါ် အသင်တို့ အီမာန်ယူထားကြသည်။ ဆိုလိုသည်မှာ တရားတော်မှ သတ်မှတ်ထား သည့် 'ဟလာလ်'၊ 'ဟရာမ်' နှင့် ဆန့်ကျင်ဘက်လုပ်ခြင်းသည် အသျှင်မြတ်၏ နှစ်သက်သဘောတူမှုနှင့် ဆန့်ကျင်ရာရောက်သည့်အတွက်ကြောင့် ကြောက်ရွံ့ကြလေကုန်။ ထိုအဖြစ်မျိုးမှ ရှောင်ကြဉ်ကြလေကုန်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လောကကြီးအား စွန့်လွှတ်၍ နေထိုင်ခြင်းသည် အကယ်၍ တရားဘောင်တွင်းမှ ဖြစ်မည်ဆိုလျှင် ပိုင်၏။ သို့မဟုတ်ပါက မပိုင်ပေ။

ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည်မှာ ကေန်စင်စစ် လောကကြီးအား စွန့်လွှတ်ခြင်း ရာဂ နှင့် နှစ်မြို့စရာကောင်းသော အရာများအား စွန့်လွှတ်ခြင်းသည် အလွန်ကောင်းသည့် အဆင့်၌ ရှိသည်။ သို့သော် ယင်းအချက်တွင်လည်း တရားဘောင်ပြင် ရောက်ခဲ့မည်ဆိုလျှင် 'ဟရာမ်' ဖြစ်သည်။ ၄င်း၏ အကျယ်တဝင့်မှာ ဤသို့ ဖြစ်သည်။

'ဟလာလ်' ဖြစ်သောအရာကို 'ဟရာမ်' ဟု သတ်မှတ်ရာ၌ အဆင့်သုံးဆင့်ရှိသည်။

(၁) ယုံကြည်ချက်၌ ထို 'ဟလာလ်' အရာကို 'ဟရာမ်' ဟု နားလည်သဘောပေါက်ခြင်း၊

(၂) ပြောဆိုချက်အရ အရာတစ်ခုကို မိမိအတွက် 'ဟရာမ်' ဟု သတ်မှတ်ခြင်း၊ ဥပမာ- 'ရေအေး မသောက်တော့ပါ' ဟု ကျိန်ဆိုလိုက်ခြင်း၊ သို့မဟုတ် 'ဟလာလ်' ဖြစ်သော အရာတစ်ခုခုအား မစားသောက်ဟု ကျိန်ဆိုလိုက်ခြင်း၊ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အလုပ်တစ်ခုခုအား မလုပ်ဟု ကျိန်ဆိုလိုက်ခြင်း၊

(၃) ယုံကြည်ချက်အရနှင့် ပြောဆိုချက်အရ မဟုတ်ဘဲ ကျင့်သုံးခြင်းသက်သက်ပင် ဖြစ်ခြင်း၊ ဥပမာ- အမြဲထာဝစဉ်အတွက် 'ဟလာလ်' ဖြစ်သော အရာတစ်ခုကို စွန့်လွှတ်ရန်အတွက် သန္နိဋ္ဌာန်ချခြင်း။

ပထမပုံစံတွင် အကယ်၍ ခိုင်လုံသော အထောက်အထားအရ 'ဟလာလ်'ဖြစ်ကြောင်း သိရှိရပြီး နောက်လည်း ထိုအရာအား 'ဟရာမ်'ဟု နားလည်သဘောပေါက်ထားခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေအား အတိအလင်း ချိုးဖောက်သည့်အတွက် ကာဖိရ်ဖြစ်သွားသည်။

ဒုတိယပုံစံတွင် အကယ်၍ ကျိန်ဆိုသည်ဟူသော စာလုံးကို အသုံးပြုပြီး ထို 'ဟလာလ်'ဖြစ်သော အရာကို မိမိအတွက် 'ဟရာမ်'ဟု သတ်မှတ်လိုက်သည်ရှိသော် ကျိန်ဆိုခြင်းသာလျှင် ဖြစ်သွားပေမည်။ ကျိန်ဆိုခြင်းစာလုံးများစွာ ရှိပေသည်။ ယင်းနှင့် စပ်လျဉ်း၍ ဖွေကာဟ်ဓမ္မသတ်ဆိုင်ရာ ကျမ်းများ၌ အကျယ်တဝင့် တင်ပြထားပေသည်။ ၎င်းတို့ထဲမှ ဥပမာတစ်ခုမှာ အတိအလင်းပြောဆိုခြင်းဖြစ်သည်။ ၎င်းမှ 'ကျွန်ုပ်သည် ထိုအရာအား မစားတော့ပါ'ဟု အလ္လာဟ်အသျှင်မြတ်အား ကျိန်ဆို၍ ပြောဆို၏။ (သို့) 'ထိုအလုပ်အား မလုပ်တော့ပါ'ဟု (သို့) ထိုအရာ၊ ထိုအလုပ်အား မိမိအတွက် 'ဟရာမ်'ဖြစ်ပါသည်' ဟု ပြောဆိုမည်ဆိုလျှင် ၎င်း၏ အဓိပ္ပါယ်မှာ မလိုအပ်ဘဲ ထိုသို့ ကျိန်ဆိုခြင်းသည် အပြစ်ထိုက်၏။ ယင်းကျိန်ဆိုခြင်းမျိုးအား ဖျက်လိုက်ရန် အရေးကြီးသည်။ ထို့နောက် 'ကဖ္ဖာရဟ်'ပေးလိုက်ရမည်။ ယင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့်အား ရှေ့ဆက် တင်ပြသွားမည်။

တတိယအမျိုးအစားတွင် ယုံကြည်ချက်နှင့် အပြောအဆိုအရ အရာတစ်ခုအား 'ဟရာမ်'ပြုလုပ်ထားခြင်း မရှိပေ။ သို့သော် ကျင့်သုံးရာ၌ 'ဟရာမ်'ပြုထားသောအရာများနည်းတူ ကျင့်သုံးမည်။ အမြဲတမ်းအတွက် ထိုအရာအား စွန့်လွှတ်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ၎င်း၏အဓိပ္ပါယ်မှာ အကယ်၍ 'ဟလာလ်'ဖြစ်သော အရာအား စွန့်လွှတ်ခြင်း၌ အကျိုးစဝါးမ်ရှိသည်ဟု ထင်မြင်မည်ဆိုလျှင် 'ဗိဒ်အသ်'ဖြစ်သည်။ ယင်းသို့ ထင်မြင်ခြင်းသည် ကြီးမားသော အပြစ်ဖြစ်ကြောင်း ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် တင်ပြထားပေသည်။ ယင်းတင်ပြချက်နှင့် ဆန့်ကျင်ဘက်လုပ်ရန် 'ဝါဂျိဗ်'ဖြစ်ပြီး ထိုထင်မြင်ယူဆချက်အပေါ် ရပ်တည်နေခြင်းသည် အပြစ်ထိုက်၏။ အကယ်၍ ထိုကဲ့သို့ သတ်မှတ်ခြင်း၊ ထင်မြင်ယူဆခြင်းသည် 'ဝါဂျိဗ်'၏ 'နီယသ်'နှင့်မဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် ဖြစ်သည်။ ဥပမာ- ကိုယ်ခန္ဓာပိုင်းဆိုင်ရာ (သို့) အတွင်းပိုင်းဆိုင်ရာ ရောဂါတစ်ခုခု၏ အကြောင်းခံကြောင့် သီးသန့်အရာတစ်ခုကို အမြဲတမ်းအတွက် စွန့်လွှတ်လိုက်မည်ဆိုလျှင် ယင်းပုံစံတွင် မည်သို့မျှ အပြစ်မရှိပေ။ အချို့သူတော်စင်များထံမှ 'ဟလာလ်'ဖြစ်သော အရာများကို စွန့်လွှတ်ခြင်းနှင့်စပ်လျဉ်း၍ လာရှိထားသော ဆင့်ပြန်ချက်များမှာ ဖော်ပြပါအမျိုးအစား၌ ပါဝင်ပေသည်။ ၎င်းတို့သည် ထိုအရာများကို မိမိတို့အတွက် နစ်နာဆုံးရှုံးခြင်းရှိသည်ဟု ယူဆကြသည်။ သို့မဟုတ် သူတော်စင်တစ်ဦးဦးက ဆိုးကျိုးများရှိကြောင်း တင်ပြခဲ့သည်ဖြစ်သည်။ ဤအတွက်ကြောင့် ၎င်းသူတော်စင်များသည် ထိုအရာများကို ကုသခြင်းအတွက် စွန့်လွှတ်ခဲ့ကြသည်။ ယင်းသို့ဆိုရာတွင် မည်သို့မျှ အကြောင်းမရှိပေ။

အာယသ်တော်၏ နောက်ဆုံး မိန့်တော်မူထားသည်မှာ-

وَلَا تَعْتَدُوْا اِنَّ اللّٰهَ لَا يُحِبُّ الْمُعْتَدِيْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသော အတိုင်းအတာနှင့် မကျော်လွန်စေနှင့်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်သည် စည်းဘောင်ကျော်သောသူများကို နှစ်သက်တော်မူခြင်း မရှိပေ။

စည်းဘောင်ကျော်ခြင်း၏ အလိုသဘောမှာ 'ဟလာလ်'ဖြစ်သော အရာတစ်ခုကို အကြောင်းမဲ့ 'စဝါးဗ်'ဟု ယူဆ၍ လွှတ်လိုက်ခြင်း၊ ယင်းသို့ လွှတ်ခြင်းကို အသိဉာဏ်မဲ့သော သူတို့သည် 'သက္ကဝါ'ဟု ယူဆကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ထိုအရာသည် စည်းဘောင်ကျော်ခြင်းနှင့် မပိုင်သော လုပ်ရပ်ဖြစ်သည်။ ဤအတွက်ကြောင့် အခြားအာယသ်တော်တစ်ခု၌ မိန့်တော်မူထားသည်မှာ-

وَاتَّقُوا اللّٰهَ الَّذِیْٓ اَنْتُمْ بِهٖ مُؤْمِنُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား သန့်ပြန့်သော အရာများကို 'ဟလာလ်' အဖြစ် ချီးမြှင့်ထားပါသည်။ ယင်းအရာများကို စားသုံးကြ။ ၎င်းနောက် အသင်တို့ အီမာန်သက်ဝင်ယုံကြည်ထားသော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။

ဤအာယသ်တော်တွင် 'ဟလာဟ်'သန့်ပြန့်သောအရာများကို 'စဝါးဗ်'ဟု ယူဆပြီး လွှတ်လိုက်ခြင်းသည် 'သက္ကဝါ'မဟုတ်ကြောင်း အတိအလင်း မိန့်တော်မူထားသည်။ သို့သာမဏထိုအရာများကို အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည်ဟု ယူဆ၍ သုံးစွဲခြင်းသည် 'သက္ကဝါ'ပင် ဖြစ်သည်။ ထို့နောက် အသျှင်မြတ်အား ကျေးဇူးတင်ရမည်။ သို့သော် ခန္ဓာကိုယ် သို့မဟုတ် အတွင်းပိုင်းဆိုင်ရာ ရောဂါတစ်ခုခုကြောင့် ကုသသည့်အနေဖြင့် အရာတစ်ခုကို စွန့်လွှတ်ခြင်းသည် ထိုအချက်၌ မပါဝင်ပေ။

◇◇◇◇◇◇◇◇◇◇◇◇

لَا يُؤَاخِذُكُمُ اللّٰهُ
بِاللَّغْوِ فِيْٓ اَيْمَانِكُمْ وَلٰكِنْ يُّؤَاخِذُكُمْ بِمَا عَقَّدْتُّمُ الْاَيْمَانَ ۚ
فَكَفَّارَتُهٗٓ اِطْعَامُ عَشَرَةِ مَسٰكِيْنَ مِنْ اَوْسَطِ مَا تُطْعِمُوْنَ
اَهْلِيْكُمْ اَوْ كِسْوَتُهُمْ اَوْ تَحْرِيْرُ رَقَبَةٍ ۗ فَمَنْ لَّمْ يَجِدْ فَصِيَامُ
ثَلٰثَةِ اَيَّامٍ ۗ ذٰلِكَ كَفَّارَةُ اَيْمَانِكُمْ اِذَا حَلَفْتُمْ ۗ وَاحْفَظُوْٓا
اَيْمَانَكُمْ ۗ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ تَشْكُرُوْنَ ﴿٨٩﴾

၅ : ၈၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အချည်းနှီးသော ကျိန်ဆိုမှုနှင့် စပ်လျဉ်း၍ အရေးယူအပြစ်ပေးတော်မူမည်မဟုတ်သော်လည်း ထိုအသျှင်မြတ်သည် အသင်တို့က အခိုင်အမာ ကျိန်ဆိုခဲ့ကြသော ကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍ အရေးယူအပြစ်ပေးတော်မူမည်ဖြစ်သည်။ သို့ဖြစ်ပေရာ (ယင်းကဲ့သို့သော ကျိန်ဆိုချက်များကို ချိုးဖောက်ခဲ့သည်ရှိသော်) ထိုကျိန်ဆိုမှုအတွက် (ချိုးဖောက်ခြင်း အပြစ်၏) အာပတ်ဖြေမှုမှာ အသင်တို့သည် မိမိတို့၏ အိမ်သားများကို ကျွေးမွေးလေ့ရှိကြသည့်

အစားအစာမျိုးမှ အလယ်အလတ်ဖြစ်သော အစားအစာမျိုးကို သူဆင်းရဲဆယ်ဦးတို့အား ကျွေးမွေးကြရပေမည်။ သို့မဟုတ် ၎င်းသူဆင်းရဲသား (ဆယ်ယောက်) တို့အား အဝတ်အစား (တစ်စုံကျစီ) ပေးရပေမည်။ သို့မဟုတ် ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်း ပြုရမည်။ သို့ရာတွင် (ထိုသို့) မတတ်စွမ်းနိုင်သော သူသည် သုံးရက်တိုင်တိုင် (ဆက်၍) 'ဆိုယာမ်' ဥပုသ်သီလ ဆောက်တည်ရပေမည်။ ဤသည်ကား အသင်တို့၏ ကျိန်ဆိုမှုနှင့် စပ်လျဉ်း၍ (အသင်တို့၏ ကျိန်ဆိုချက်များကို ချိုးဖောက်) ခဲ့သည်ရှိသော် အပြစ်၏ အာပတ်ဖြေရန် (နည်းလမ်း) ပင် ဖြစ်လေသည်။ သို့ရာတွင် အသင်တို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို စောင့်ထိန်းကြလေကုန်။ အသင်တို့ ကျေးဇူးသိတတ်ကြရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းဖြင့် မိမိ၏ အမိန့်ပညတ်တော်များကို ရှင်းလင်းစွာ ဖော်ပြမိန့်ကြားတော်မူလေသည်။

အာယသ်တော်များ၏ ဆက်စပ်မှု

အထက်၌ သန့်ပြန့်သောအရာများအား တားမြစ်ခြင်းနှင့် ပတ်သက်ပြီး တင်ပြထားပေသည်။ အာယ်ကြောင့်ဆိုသော် ထိုအရာများသည် တစ်ခါတစ်ရံ ကျိန်ဆိုခြင်းကို သဟဲပြု၍ ဖြစ်တတ်ပေသည်။ ဤအတွက်ကြောင့် ရှေ့တွင် ကျိန်ဆိုခြင်းနှင့် ပတ်သက်၍ အမိန့်ပညတ်ချက်များကို တင်ပြထားပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား လောက၌ပင် အရေးယူခြင်းပြုတော်မူမည်မဟုတ်ပေ။ ဆိုလိုသည်မှာ 'ကဖ္ဖာရာဟ်'အား 'ဝါဂျိဗ်'မပြုလုပ်ထားပေ။ အသင်တို့၏ ကျိန်ဆိုခြင်း၌ အချင်းချင်း ကျိန်ဆိုမှုများရှိခဲ့သော ယင်းကျိန်ဆိုမှုအား ချိုးဖောက်ခြင်းအပေါ် အရေးယူမည်မဟုတ်ပေ။ သို့သော် အသင်တို့၏ ကျိန်ဆိုခြင်းသည် အနာဂတ်၏ စကားရပ်များအား ခိုင်မာအောင် ကျိန်ဆိုလိုက်ပြီး ယင်းကျိန်ဆိုခြင်းအား ဖျက်ခဲ့သော် အရေးယူခြင်းခံရမည်ဖြစ်သည်။ ယင်းသို့ ကျွေးခြင်းသည် အလယ်အလတ်တန်း ဖြစ်ရမည်။ မိမိအိမ်သူအိမ်သားများကို ကျွေးသည့် အလယ်အလတ်တန်းပုံစံ ဖြစ်ရမည်။ သို့မဟုတ် ထိုသူသည် ဆင်းရဲသား (၁၀) ဦးအား အဝတ်အစားပေးရမည်။ သို့မဟုတ် ကျွန် (သို့) ကျွန်မတစ်ဦးအား သူကောင်းပြုရမည်။ ဆိုလိုသည်မှာ ဖော်ပြပါ ပညတ်ချက်သုံးမျိုးထဲမှ မိမိတတ်နိုင်သည်ကို ပြုလုပ်နိုင်သည်။ ယင်းသုံးမျိုးထဲမှ တစ်မျိုးကို မဆောင်ရွက်နိုင်ပါက သုံးရက်ဆက်တိုက် ရိုဇာဟ်ဆောက်တည်ရမည်။ ယင်း 'ကဖ္ဖာရဟ်'များသည် 'ဝါဂျိဗ်'ဖြစ်သည့်အတွက်ကြောင့် အသင်တို့သည် ကျိန်ဆိုရာ၌ အလွန်သတိထားရမည်ဖြစ်သည်။ ကျိန်ဆိုခြင်းကို ချိုးဖောက်ပြီး 'ကဖ္ဖာရဟ်'မပေးသည့်အခါမျိုး လုံးဝ မည်သည့်အခါမျှ မဖြစ်စေနှင့်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် ဤအမိန့်ပညတ်ချက်များကို အသင်တို့၏ သာသနာရေး၊ လောကီရေးအကြောင်းအရာများကို ထောက်ထားပြီး တင်ပြခဲ့သကဲ့သို့ အခြားအမိန့်များကိုလည်း ထိုနည်းတူစွာပင် ပြမိန့်တော်မူထားပေသည်။ သို့မှသာ အသင်တို့သည် ထိုချီးမြှင့်ခြင်းအပေါ် ကျေးဇူးတရားသိနိုင်မည်ဖြစ်သည်။

သိမှတ်စရာများနှင့် ခမ္မသတ်များ

ကျိန်ဆိုခြင်း၏ အချို့ပုံစံများနှင့် ၎င်းနှင့် စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ

ဤအာယသ်တော်တွင် ကျိန်ဆိုခြင်း၏ အချို့ပုံစံများကို တင်ပြထားပါသည်။ အချို့ပုံစံနှင့် စပ်လျဉ်း၍ ရူရာဟ်ဗကရာ၌ တင်ပြခဲ့ပြီးဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် အကယ်၍ အတိတ်ဖြစ်ရပ်တစ်ခုအပေါ် သိလျက်နှင့် လိမ်လည်၍ ကျိန်ဆိုခြင်းကို يَمِينٌ غَمُوسٌ ဟု ခေါ်ဆိုပေသည်။ ဥပမာ- လူတစ်ဦးသည် အလုပ်တစ်ခု လုပ်လိုက်သည်။ မိမိကိုယ်တိုင် ပြုလုပ်ခဲ့သည်ကို သိပါလျက်နှင့် မလုပ်ဟု ကျိန်ဆိုခဲ့သည်။ ဤသို့ လိမ်လည်ပြောဆို၊ ကျိန်ဆိုခြင်းသည် ကြီးမားသော 'ဂိုနာဟ်'ဖြစ်ပြီး လောကီနှင့် လောကုတ္တရာတရားတွင် ဘေးဗလာများ မုချ ကျရောက်မည်ဖြစ်မည်။ သို့သော် ယင်းကျိန်ဆိုမှုအပေါ် 'ကဖ္ဖာရဟ်' 'ဝါဂျိဗ်'မထိုက်ပေ။ 'သောင်ဗဟ်'လုပ်ရန် အရေးကြီးသည်။ ဤအတွက်ကြောင့် ခမ္မသတ်အခေါ်အဝေါ်၌ ယင်းကျိန်ဆိုမှုမျိုးကို 'ယမီးနေဃမူးစ်'ဟု ခေါ်ဆိုပေသည်။ အဘယ်ကြောင့်ဆိုသော် غَمُوسٌ ၏ အဓိပ္ပာယ်မှာ နစ်မြုပ်စေသောအရာဟု ခေါ်ပေသည်။ ဤကျိန်ဆိုခြင်းသည် လူသားအား 'ဂိုနာဟ်'နှင့် ဘေးဗလာများတွင် နစ်မြုပ်စေသောအရာ ဖြစ်ပေသည်။

ဒုတိယပုစံမှာ အတိတ်၏ ဖြစ်ရပ်တစ်ခုကို မိမိက မှန်သည်ဟု ယူဆပြီး ကျိန်ဆိုလိုက်သည်။ နောက်ပိုင်းမှ မှားမှန်း သိရှိရလေသည်။ ဥပမာ- အကြောင်းခံတစ်ခုခုကြောင့် ထိုသူရောက်လာသည်ဟု သိရှိရသည်။ ယင်းအချက်အပေါ် ယုံကြည်ပြီး ထိုသူရောက်လာသည်ဟု ကျိန်ဆိုပြောဆိုလိုက်သည်။ နောက်ပိုင်းမှ မှားမှန်းသိရှိရသည်။ ထိုကဲ့သို့ ကျိန်ဆိုခြင်းမျိုးကို يَمِينٌ لَغْوٌ ဟု ခေါ်ဆိုပေသည်။ ထိုနည်းတူစွာ မရည်ရွယ်ဘဲ နှုတ်မှ 'ကစမ်'ဟူသော စကားလုံးကို ထုတ်ဖော်ပြောဆိုခြင်းကိုလည်း يَمِينٌ لَغْوٌ ဟု ခေါ်ဆိုပေသည်။ ယင်း၏ အမိန့်မှာ ၎င်းအပေါ် 'ကဖ္ဖာရဟ်'မရှိသကဲ့သို့ 'ဂိုနာဟ်'လည်း မရှိပေ။

ကျိန်ဆိုခြင်း၏ တတိယအမျိုးအစားမှာ အနာဂတ်တွင် အလုပ်တစ်ခုကို လုပ်မည်၊ မလုပ်မည်ဟူ၍ ကျိန်ဆိုခြင်း၊ ယင်းကျိန်ဆိုခြင်းမျိုးကို يَمِينٌ مُنْعَقِدَةٌ ဟု ခေါ်ဆိုပေသည်။ ၎င်း၏အမိန့်မှာ ယင်း 'ကစမ်' ကျိန်ဆိုခြင်းမျိုးအား ချိုးဖောက်လျှင် 'ကဖ္ဖာရဟ်ဝါဂျိဗ်'ထိုက်၏။ အချို့ပုံစံမျိုးတွင် 'ဂိုနာဟ်'သာထိုက်ပြီး အချို့တွင် မထိုက်ပေ။

ကျမ်းတော်မြတ်၏ ဤနေရာ၌ ဖော်ပြပါအာယသ်တော်တွင် لَغْوٌ ဟူသော အလိုသဘောမှာ 'ကဖ္ဖာရဟ်ဝါဂျိဗ်' မထိုက်သော ကျိန်ဆိုခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကျိန်ဆိုခြင်း၌ 'ဂိုနာဟ်'ထိုက်သည်ဖြစ်စေ၊ မထိုက်သည်ဖြစ်စေ အဘယ်ကြောင့်ဆိုသော် ယင်းစာလုံးနှင့်ယှဉ်လျက်

عَقَّدْتُّمُ الْاَيْمَانَ

ဟူ၍ လာရှိထားပေသည်။ ယင်းဝါကျမှ သိရှိရသည်မှာ ဤနေရာ၌ အရေးယူခြင်းပြုမည်ဟု ဆိုထားခြင်း၏ အလိုသဘောမှာ လောကီ၌ အရေးယူခြင်းမျိုးသာ ဖြစ်သည်။ ယင်းအရေးယူခြင်းမှာ 'ကဖ္ဖာရဟ်'ပုံစံဖြစ်သည်။

၄င်းနောက် 'စူရာဟ်ဗကရာ'၏ အာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

لَا يُؤَاخِذُكُمُ اللّٰهُ بِاللَّغْوِ فِىْ اَيْمَانِكُمْ وَلٰكِنْ يُّؤَاخِذُكُمْ بِمَا كَسَبَتْ قُلُوْبُكُمْ

ဤအာယသ်တော်၌ 'လဃ်ဝ်'၏ အလိုသဘောမှာ မရည်ရွယ်ဘဲ နှုတ်မှ ပြောဆိုသော ကျိန်ဆိုခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ (သို့) မိမိက အရာတစ်ခုကို မှန်ကန်သည်ဟု ယူဆပြီး ကျိန်ဆိုလိုက်သည်။ သို့သော် စေကန်စင်စစ်တွင် မှားနေ၏။ အမျိုးအစားနှင့်ယှဉ်လျက် ကျိန်ဆိုခြင်းတစ်မျိုးကို တင်ပြထားသည်မှာ သိလျက်နှင့် ရည်ရွယ်ပြီး လိမ်ညာပြောဆို၍ ကျိန်ဆိုခြင်းမျိုး ဖြစ်သည်။ ယင်းအမျိုးအစားကို يَمِيْنِ غَمُوْس ဟု ခေါ်ဆိုပေသည်။ ဤအတွက်ကြောင့် ဤအာယသ်တော်မှ ရရှိသည့် အနှစ်ချုပ်မှာ يَمِيْنِ لَغْو 'ဂိုနာဟ်'မထိုက်ပေ။ သို့သော် يَمِيْنِ غَمُوْس အပေါ် 'ဂိုနာဟ်'ထိုက်သည်။ ယင်းအမျိုးအစား၌ ရည်ရွယ်ပြီး လိမ်ညာပြောဆိုခြင်း ပါဝင်ခြင်းကြောင့် ဖြစ်သည်။ စူရာဟ်ဗကရာတွင် တမလွန်၌ ခံစားရမည့် ပြစ်မှုများ၏ ပြဋ္ဌာန်းချက်များကို တင်ပြထားပေသည်။ ၄င်းနောက် 'စူရာဟ်မာအေဒဟ်'၏ ဖော်ပြပါအာယသ်တော်တွင် လောကီအတွက် ပညတ်ချက်ဖြစ်သည့် 'ကဖ္ဖာရဟ်'နှင့်စပ်လျဉ်း၍ တင်ပြထားပေသည်။ ၄င်းမှာ يَمِيْنِ لَغْو အပေါ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ် အရေးယူမည် မဟုတ်ပေ။ ဆိုလိုသည်မှာ 'ကဖ္ဖာရဟ်ဝါဂျိဗ်'မဟုတ်ပေ။ သို့သော် အနာဂတ်ကာလတွင် အလုပ်တစ်ခုကို လုပ်မည်၊ မလုပ်မည်နှင့်ပတ်သက်ပြီး ကျိန်ဆိုလိုက်သည်။ ထို့နောက် ဖျက်လိုက်လျှင် ယင်းကဲ့သို့ ကျိန်ဆိုမှုမျိုးအပေါ် 'ကဖ္ဖာရဟ်'ပေးရန် အရေးကြီးသည်။ ၄င်းနောက်ပိုင်းတွင် 'ကဖ္ဖာရဟ်'နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ကို ဤသို့ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ အချက်သုံးချက်ထဲမှ မိမိနှစ်သက်ရာတစ်ချက် ရွေးချယ်နိုင်သည်။

(၁) မရှိဆင်းရဲသားဆယ်ဦးကို အလယ်အလတ်တန်းစား ထမင်းနှစ်နပ် ကျွေးရမည်။
(၂) သူဆင်းရဲဆယ်ဦးအား အရှက်လုံလောက်သည့် အတိုင်းအတာခန့် အဝတ်အစားပေးရမည်။
(၃) ပိုင်ဆိုင်ထားသော ကျွန်တစ်ဦး သူကောင်းပြုရမည်။

ထို့နောက် ဆက်လက်၍ မိန့်တော်မူထားသည်မှာ-

فَمَنْ لَّمْ يَجِدْ فَصِيَامُ ثَلٰثَةِ اَيَّامٍ

ဆိုလိုသည်မှာ အကယ်၍ ကျိန်ဆိုခြင်းအား ဖျက်လိုက်သောသူသည် ဖော်ပြပါပစ္စည်းဥစ္စာများနှင့် 'ကဖ္ဖာရဟ်'မှာ သုံးရက် 'ရိုဇာဟ်'ထားရမည်။ အချို့ဆင့်ပြန်ချက်များတွင် ဤနေရာ၌ 'ရိုဇာဟ်'သုံးရက် ဆက်တိုက်ထားရမည်ဟု လာရှိပေသည်။

ဤအတွက်ကြောင့် အိမာမ်အဗူဟနီဖ္ဖာ (ရဟ) နှင့် အခြားအိမာမ်များထံတွင် ကစမ်၏ 'ကဖ္ဖာရဟ်' ၌ 'ရိုဇာဟ်'သုံးရက် ဆက်တိုက်ထားရန် အရေးကြီးပေသည်။

ဖော်ပြပါအာယသ်တော်တွင် 'ကစမ်ကဖ္ဖာရဟ်'နှင့်ပတ်သက်ပြီး ပထမဦးဆုံးစာလုံးမှာ إِطْعَامُ ဟု လာရှိပေသည်။ ၎င်း إِطْعَامُ စာလုံး၏အဓိပ္ပာယ်မှာ အာရဗီအဘိဓါန်အရ ကျွေးမွေးခြင်းဟု လာရှိပေသည်။ ထို့နောက် တစ်ဦးတစ်ယောက်အား ထမင်းပေးလိုက်ခြင်းဟုလည်း လာရှိပေသည်။ ဤအတွက်ကြောင့် ဓမ္မသတ်ပညာရှင်များသည် ဖော်ပြပါအာယသ်၏ အလိုသဘောအား ဤသို့ သတ်မှတ်လိုက်ပါသည်။ ၎င်းမှာ ကဖ္ဖာရဟ်ကို ပေးသောသူသည် ဖော်ပြပါအချက်နှစ်ချက်မှ နှစ်သက်ရာကို ရွေးချယ်နိုင်သည်။ သူဆင်းရဲသား ဆယ်ဦးအား ဖိတ်ခေါ်ကျွေးမွေးခြင်းဖြင့်လည်းကောင်း၊ (သို့) ၎င်းတို့အား အစားအသောက် ပေးလိုက်ခြင်း ဖြင့်လည်းကောင်း ကျင့်သုံးနိုင်သည်။ သို့သော် ပထမပုံစံတွင် မိမိအိမ်၌ စားသုံးလေ့ရှိသော အလယ်အလတ် တန်းစား စားသောက်ခြင်းမျိုးကို သူဆင်းရဲဆယ်ဦးအား နှစ်နပ် ဝမ်းဝအောင် ကျွေးရမည်။ ဒုတိယပုံစံတွင် သူဆင်းရဲ သားတစ်ဦးလျှင် 'ဖိသ်ရဟ်'ပေးသည့်အတိုင်းအတာမျှ ပေးဆောင်လိုက်ရမည်။ သို့သော် ဖော်ပြပါ အချက်သုံးချက်အပေါ် ကျင့်သုံးနိုင်စွမ်း မရှိမှသာလျှင် 'ရိုဇာဟ်'ထားနိုင်ပေသည်။

'ကစမ်'မပျက်မီအလျှင် 'ကဖ္ဖာရဟ်'ပေးခြင်း အထမမြောက်ခြင်း

အာယသ်တော်၏ နောက်ဆုံးတွင် သတိမူရန်အတွက် ပညတ်ချက်နှစ်ချက်ကို မိန့်တော်မူထား ပေသည်။

ذٰلِكَ كَفَّارَةُ اَيْمَانِكُمْ اِذَا حَلَفْتُمْ

ဆိုလိုသည်မှာ 'အသင်တို့ ကျိန်ဆိုပြီး မိမိတို့၏ကျိန်ဆိုချက်များကို ချိုးဖောက်ခဲ့သည်ရှိသော် ၎င်း၏ အစားမှာ 'ကဖ္ဖာရဟ်'ခေါ် အာပတ်ဖြေခြင်းပင်ဖြစ်သည်။ အိမာမ်အဗူဟနီဖ္ဖာ (ရဟ) နှင့် အခြားအိမာမ် အများစုထံတွင် အာယသ်တော်၏ အလိုသဘောမှာ အသင်သည် အနာဂတ်ကာလတွင် အလုပ်တစ်ခုလုပ်မည်၊ မလုပ်မည်ဟု ကျိန်ဆိုပြီးနောက်ပိုင်းတွင် ယင်းကျိန်ဆိုချက်အား ချိုးဖောက်ခဲ့သည်ရှိသော် အထက်ဖော်ပြပါ အတိုင်း 'ကဖ္ဖာရဟ်'ပေးရမည်ဖြစ်သည်။ သို့ဖြစ်၍ သိရှိရသည်မှာ ကျိန်ဆိုချက်ပျက်ပြီးမှသာလျှင် 'ကဖ္ဖာရဟ်' ပေးဆောင်ရမည်ဖြစ်သည်။ မပျက်မီအလျှင် 'ကဖ္ဖာရဟ်'ပေးဆောင်ခဲ့သော် အထ မြောက်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ကဖ္ဖာရဟ်'ပေးရန်အတွက် 'ကစမ်'ကျိန်ဆိုခြင်းအား ချိုးဖောက်ရန် အရေးကြီးသည်။ ကျိန်ဆိုခြင်းမပျက်သရွေ့ 'ကဖ္ဖာရဟ်'ပေးဆောင်ရန် 'ဝါဂျိဗ်'မထိုက်ပေ။ ဥပမာအားဖြင့် အချိန်မရောက်မီ

အလျှင် နမာဇ်အထမမြောက်သကဲ့သို့ဖြစ်သည်။ ထိုနည်းတူစွာပင် 'ရမ်ဇာန်'လအလျှင် ရမ်ဇာန်လ၏ 'ရိုဇာဟ်' အထမမြောက်ပေ။ ဤနည်းအတိုင်းပင် ကျိန်ဆိုခြင်းမပျက်မီအလျှင် 'ကဖ္ဖာရဟ်'လည်း 'ဝါဂျိဗ်'မထိုက်ပေ။

ငှင်းနောက် မိန့်တော်မူသည်မှာ-

وَاحْفَظُوْا اَيْمَانَكُمْ

ဆိုလိုသည်မှာ မိမိတို့၏ 'ကစမ်'ကျိန်ဆိုခြင်းကို ထိန်းသိမ်းကြလေကုန်။ အလိုသဘောမှာ အကယ်၍ 'ကစမ်'ကျိန်ဆိုခြင်းပြုလိုက်ပြီးလျှင် တရားတော်အရ မလိုအပ်ဘဲ ကျိန်ဆိုခြင်းအား ချိုးဖောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။ ငှင်းနောက် အချို့ပုဂ္ဂိုလ်များက မိန့်ဆိုသည်မှာ ယင်းဝါကျ၏ အလိုသဘောသည် 'ကစမ်' ကျိန်ဆိုရာ၌ အလျှင်စလို မပြုကြလေနှင့်။ မိမိ၏ ကျိန်ဆိုခြင်းကို စောင့်ထိန်းကြလေကုန်။ အလွန်တရာ မလွဲမရှောင်သာမဟုတ်ဘဲ ကျိန်ဆိုခြင်း မပြုကြလေနှင့်။ *[မဇ္ဇ်ဟရီး]*

◇◇◇◇◇◇◇◇◇◇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْاَنْصَابُ وَالْاَزْلَامُ
رِجْسٌ مِّنْ عَمَلِ الشَّيْطٰنِ فَاجْتَنِبُوْهُ لَعَلَّكُمْ تُفْلِحُوْنَ ۝٩٠

၅ : ၉၀ ။ ။ အို, မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မုချဧကန် အရက်သေစာသည်လည်းကောင်း၊ လောင်းတမ်းကစားခြင်းသည်လည်းကောင်း၊ မြား (ဖြင့် ကံစမ်းခြင်း) သည်လည်းကောင်း အလွန်ဆိုးရွား ညစ်ညမ်းလှစွာသော ရှိုက်သွာန်၏ အကျင့်အမူများသာလျှင်ဖြစ်ပေရာ အသင်တို့သည် ထို (ညစ်ညမ်းသော အကျင့်အမူများ) မှ ရှောင်ကြဉ်ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

اِنَّمَا يُرِيْدُ الشَّيْطٰنُ اَنْ يُّوْقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَآءَ فِى الْخَمْرِ
وَالْمَيْسِرِ وَيَصُدَّكُمْ عَنْ ذِكْرِ اللّٰهِ وَعَنِ الصَّلٰوةِ فَهَلْ اَنْتُمْ مُّنْتَهُوْنَ ۝٩١

၅ : ၉၁ ။ ။ မုချဧကန် ရှိုက်သွာန်သည် အရက်သေစာ (ကို သောက်စားစေခြင်း) ဖြင့်လည်းကောင်း၊ လောင်းတမ်းကစားမှုဖြင့်လည်းကောင်း၊ အသင်တို့၏ စပ်ကြားဝယ် ရန်ငြိုးပွားမှုကိုလည်းကောင်း၊ မုန်းတီးမှုကိုလည်းကောင်း၊ ဖန်တီးရန်နှင့် အသင်တို့ကို အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှလည်းကောင်း၊ 'ဆွလာသ်'ဝတ်ပြုခြင်းမှလည်းကောင်း ပိတ်ပင်တားဆီးရန်သာလျှင် ကြံစည်လျက် ရှိလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (အရက်သေစာသောက်စားခြင်းနှင့် လောင်းတမ်းကစားခြင်းမှ) ရပ်စဲကြပါမည်လော။

အာယသ်တော်များ၏ ဆက်စပ်မှု

အထက်၌ 'ဟလာလ်'ဖြစ်သောအရာများအား အထူးသဖြင့် စွန့်လွှတ်ခြင်းအား တားမြစ်ထားပေသည်။ ရှေ့ဆက်ပြီး အချို့ 'ဟရာမ်'ဖြစ်သော အရာများအား သုံးစွဲခြင်းကို တားမြစ်ထားပါသည်။

အာကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မုချကေန် အရက်သေစာသည်လည်းကောင်း၊ လောင်းကစားခြင်းသည်လည်းကောင်း၊ ရုပ်ပွားဆင်းတု အစရှိသည့် အရာများသည်လည်းကောင်း၊ မြားဖြင့် ကံစမ်းခြင်းသည်လည်းကောင်း၊ ယင်းအရာများအားလုံးသည် အလွန်ဆိုးရွားညစ်ညမ်းသော အမှုကိစ္စများဖြစ်ပြီး ရှိုက်သွာန်၏ အပြုအမူများသာလျှင် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုဆိုးရွားညစ်ညမ်းသော အရာများကို ရှောင်ကြဉ်ကြရာ၌ အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ ယင်းဆိုးကျိုးများအား တင်ပြထားသည်မှာ အရက်နှင့် လောင်းကစားခြင်းအား အကြောင်းခံပြီး အသင်တို့အချင်းချင်း ဆက်ဆံရာ၌ ရန်သူကဲ့သို့သော်လည်းကောင်း၊ နှလုံးသားတွင် မနာလိုမုန်းတီးလိုစိတ်များ ပေါက်ဖွားရန် ရှိုက်သွာန်က လိုလားလေသည်။ သို့ရှိရာ သေရည်သေရက် သောက်စားရာတွင် အသိဉာဏ်ပျောက်သွားသည်မှာ ထင်ရှားပေသည်။ ဆဲရေးတိုင်းထွာ၍ ပြဿနာပုံစံဖြစ်ကြရသည်။ ယင်းပြဿနာကြောင့် နောက်ပိုင်းတွင် ရန်ငြိုးများ ကျန်ခဲ့ကြရသည်။ လောင်းကစားရာတွင် ရှုံးသွားသောသူသည် နိုင်သောသူအပေါ် ရန်ငြိုးထားတတ်ကြသည်။ ဤသည် လောကီ၏ ဆိုးကျိုး များဖြစ်သည်။ ၄င်းနောက် ထိုအရက်နှင့် လောင်းကစားခြင်းကိုပင် အကြောင်းခံပြီး အလ္လာဟ်အသျှင်မြတ်အား သတိရစာသခြင်း (အလ္လာဟ်အသျှင်မြတ်အား သတိရခြင်း၌ အားလုံးထက် အမွန်မြတ်ဆုံးဖြစ်သည်) နှင့် နမာဇ်ဝတ်ပြုခြင်းတို့မှ ကင်းဝေးရန် ရှိုက်သွာန်က လိုလားနေပေသည်။ (အရက်သောက်ရာ၌ ထိုသို့ ဝတ်ပြုရန် သတိပင် ပျောက်သွားလေသည်။ လောင်းကစားပြုခြင်းတွင်မူ အနိုင်ရသောသူက အလွန်ပျော်ရွှင်ပီတိဖြစ်ပြီး ယင်းလုပ်ရပ်၌ နစ်မွန်းသွားတော့သည်။ ရှုံးသွားသော သူမှာ ရှုံးသည့်အတွက် စိတ်သောကရောက်ပြီး တစ်ဖန် ပြန်လည်အနိုင်ရရမည်ဟူသော စိတ်ဓါတ်ဖြင့် ကြိုးစားရင်း ယင်းဝဲဂယက်မှ လွတ်မြောက်ခြင်း မရှိတော့ပေ။ ဤသည် သာသနာရေးရာ၏ ဆိုးကျိုးများပင် ဖြစ်သည်။) သို့ရှိရာ ဤမျှဆိုးရွားလှသော အရာများမှ အသင်တို့ နောက်ဆုတ်ခဲ့ကြပြီလော။ ၄င်းနောက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်အားလုံးအပေါ် နာခံမှုပြုကြလော။ ထို့နောက် ကိုယ်တော်မြတ် ﷺ ၏ အမိန့်အားနာခံကြလော။ အမိန့်ဖီဆန်ခြင်းမှ ရှောင်ကြဉ်ကြလော။ အကယ်၍ အသင်တို့သည် အမိန့်နာခံခြင်းမှ မျက်နှာလွှဲခဲ့သည်ရှိသော် အသင်တို့ သိထားရမည်မှာ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်၏ တာဝန်မှာ ပညတ်ချက်များအား ပို့ပေးရန်သာ ဖြစ်သည်။ ယင်းရစူလ်သည် မိမိတာဝန်အား ကောင်းစွာ ကျေပွန်ခဲ့ပြီးဖြစ်သည်။ အသင်တို့ထံ အမိန့်တော်များကို ပို့ပေးခဲ့ပြီးဖြစ်သည်။ ယခု အသင်တို့ထံ ဤအကြောင်းပြချက်များ တင်ပြရန် မဖြစ်နိုင်တော့ချေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စကြဝဠာကြီးအား ဖန်ဆင်းထားခြင်းသည် လူသားများ အကျိုးရှိစေရန်အတွက်ဖြစ်ခြင်း

ဤအာယသ်တော်များမှ တင်ပြလိုသည်မှာ စကြဝဠာကြီးအား ပိုင်စိုးတော်မူသော အသျှင်မြတ်သည် စကြဝဠာကြီးတစ်ခုလုံးအား လူသားများ အကျိုးဖြစ်စေရန်အတွက် ဖန်ဆင်းထားခြင်းဖြစ်သည်။ အရာဝတ္ထု

တစ်ခုချင်းအား လူသားများ အကျိုးဖြစ်ထွန်းစေရန်အတွက် သီးသန့်သတ်မှတ်ထားပြီးဖြစ်သည်။ ၎င်းနောက် လူသားကို စကြဝဠာ၏ အကျိုးဖြစ်ထွန်းခြင်းခံရသောသူအဖြစ် ဖန်ဆင်းထားသည်။ သို့သော် လူသားများ အပေါ် စည်းမျဉ်းတစ်ခုသတ်မှတ်ထားသည်မှာ ငါအရှင်မြတ်၏ အဖန်ဆင်းခံများမှ အကျိုးအမြတ် ခံစားရ ယူရန်အတွက် သတ်မှတ်ထားသော စည်းဘောင်နှင့် မကျော်ရ။ အသင်တို့အတွက် 'ဟလာလ်'ဖြစ်သည်။ သန့်ပြန့်သည်ဟူသော အရာများမှ ရှောင်ကြဉ်ခြင်းသည် ရိုင်းပျမှုနှင့် ကျေးဇူးကန်းခြင်းပင် ဖြစ်သည်။ အချို့သောအရာများကို သုံးစွဲခြင်းအား အထူးသဖြင့် 'ဟရာမ်'ဟု သတ်မှတ်ထားပါသည်။ ယင်းပညတ် ချက်များနှင့် ဆန့်ကျင်ဘက်ပြုလုပ်ပါက အမိန့်ဖီဆန်ခြင်းနှင့် သစ္စာဖောက်ခြင်းပင် ဖြစ်သည်။ လူသားတို့ လုပ်ဆောင်ရမည်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်နှင့်အညီ ထိုအရှင်မြတ်၏ အဖန်ဆင်းခံများကို အသုံးချရမည်ဖြစ်သည်။ ဤသည်ကိုပင် အမိန့်နာခံခြင်း၊ ရိုကျိုးခြင်းပင် ဖြစ်သည်။

ပထမအာယသ်တော်တွင် အရက်၊ လောင်းကစားခြင်း၊ ရုပ်တုနှင့် မြားဖြင့် ကံစမ်းခြင်း အစရှိသည့် လေးခုသောအရာများကို 'ဟရာမ်'ဖြစ်ကြောင်း တင်ပြထားပါသည်။ ယင်းအကြောင်းအရာများနှင့် ဆင်တူ ရိုးမှားရှိသည့် အာယသ်တော်တစ်ပိုဒ် 'စူရာဟ်ဗကရာ'၌ တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းမှာ-

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِنَّمَا ٱلْخَمْرُ وَٱلْمَيْسِرُ
وَٱلْأَنصَابُ وَٱلْأَزْلَـٰمُ رِجْسٌ مِّنْ عَمَلِ ٱلشَّيْطَـٰنِ

ယင်းအာယသ်တော်တွင် ထိုအရာလေးခုကို 'ရိဂျ်စ်'ဟု မိန့်တော်မူထားသည်။ 'ရိဂျ်စ်'ဟူသည်မှာ အာရဗီစာပေတွင် လူသား၏ စိတ်နေသဘောထားအရ အရာတစ်ခုကို ရွံရှာခြင်း၊ မုန်းတီးခြင်း၊ ယင်းကဲ့သို့ မသန့်သောအရာကို ခေါ်ဆိုပါသည်။ အထက်ဖော်ပြပါ အရာလေးခုနှင့်စပ်လျဉ်း၍ လူသားသည် အသိဉာဏ် ရှိရှိ စိတ်ထားမှန်မှန်နှင့် စဉ်းစားတွေးတောမည်ဆိုလျှင် ယင်းအရာများ၌ ရွံရှာခြင်းနှင့် မုန်းတီးစရာကောင်း ခြင်းမှအပ အခြားမရှိချေ။

'အာဇ်လာမ်'၏ ရှင်းလင်းချက်

ထိုဖော်ပြပါ အရာလေးခု၌ 'အက်ဇ်လာမ်'ဟူသော အရာတစ်ခုရှိသည်။ ယင်းသည် 'ဇလမ်'၏ အများကိန်းဖြစ်သည်။'အက်ဇ်လာမ်'ဆိုသည်မှာ ထိုမြားတံများကို ခေါ်ဆိုပေသည်။ အကြင်မြားတံများအား မဲနှိုက်၍ အာရပ်တစ်ခွင် လောင်းကစားခြင်းပြုသည့် အလေ့အထရှိခဲ့သည်။ ယင်းကစားခြင်းပုံစံမှာ လူဆယ်ဦး စုပေါင်းပြီး ကုလားအုတ်တစ်ကောင် လည်လှီးလေ့ရှိသည်။ ယင်းကုလားအုတ်အသားကို ဆယ်ပုံပုံပြီး ခွဲဝေရမည့်အစား ဤကဲ့သို့ လောင်းကစားပြုလုပ်ကြပေသည်။ ၎င်းမှာ မြားဆယ်စင်းထဲမှ ခုနစ်စင်းတွင် သတ်မှတ်ထားသော ဝေစုဝေပုံ အမှတ်အသားများ ပြုလုပ်ထားပါသည်။ အချို့မြားအပေါ် တစ်ပုံ၊ အချို့အပေါ် နှစ်ပုံ၊ သုံးပုံ စသည်ဖြင့် သတ်မှတ်ထားပြီး မြားသုံးစင်းအား အလွတ်ထားထားပါသည်။ ထိုမြားတံများကို

မြားတံထည့်သော ပုန်းတွင်းထည့်ပြီး ခလောက်လိုက်ပြီး ပါဝင်လှူသူဆယ့်ဦးမှ တစ်ဦးချင်း မြားတံတစ်ခုစီ နှိုက်ယူကြရသည်။ မိမိရရှိလာသော မြားတံ၌ သတ်မှတ်ထားသည့် ဝေစုကို ရယူကြရသည်။ မြားတံ အလွတ်ရသော သူမှာ ဝေစုမှ လက်မဲ့ဖြစ်ရသည်။ ထိုနည်းတူစွာပင် ယနေ့ခေတ်၌ ဈေးကွက်တွင် များစွာ သော ထီထိုးခြင်းစနစ်မှာ ဖော်ပြပါအတိုင်း ဖြစ်ပေသည်။ 'ကွမ္မားရ်' ဆိုသည်မှာ ဖဲရိုက်ခြင်းဖြစ်၍ ကျမ်းတော် မြတ်၏ ပညတ်ချက်အရ 'ဟရာမ်' ဖြစ်သည်။

မဲနှိုက်ရာ၌ ပိုင်သည့်ပုံစံ

မဲနှိုက်ရာတွင် ပိုင်သည့်ပုံစံ တစ်ခုကို တမန်တော်မြတ် ﷺ ထံမှ ဤသို့ မိန့်တော်မူထားသည်မှာ ရပိုင်ခွင့်နှင့် ဝေစုကို တူညီစွာ ခွဲ၍ ဝေပုံကို သတ်မှတ်ရန် မဲနှိုက်ပါက ပိုင်၏။ ဥပမာ- အိမ်တစ်လုံးကို လူလေးဦးအား ခွဲဝေရမည်။ တန်ဖိုးအရ လေးပုံစလုံး တူညီနေ၏။ ထိုအချိန်တွင် မည်သည့်အစိတ်အပိုင်းကို မည်သူမှရယူရမည်ကို သတ်မှတ်ရန် အချင်းချင်းညှိနှိုင်း၍ မဖြစ်နိုင်သော် မဲနှိုက်၍ မိမိရယူရမည့် အစိတ် အပိုင်းကို ပေးအပ်ရမည်။ (သို့) အရာတစ်ခုကို လိုချင်သူ လူဦးရေတစ်ထောင်ရှိ၍ ထိုသူအားလုံး ရပိုင်ခွင့်တွင် တူညီနေ၏။ ထိုခွဲဝေရမည့် ပစ္စည်းမှာ အရေအတွက် (၁၀၀) သာရှိသော မဲနှိုက်၍ ဆုံးဖြတ်နိုင်၏။

أَزْلاَمْ ၏ ပုံစံဖြင့် အသားဝေရန် မဲနှိုက်ခြင်းသည် အဓိုက်ခေတ်၏ ဓလေ့ဖြစ်သောကြောင့် 'ဟရာမ်' ဖြစ်ကြောင်း 'စူရာဟ်မာအေဒဟ်' ၏ အာယသ်တော်၌ လာရှိပြီးဖြစ်သည်။

وَأَنْ تَسْتَقْسِمُوا بِالْأَزْلَامِ

အချုပ်ဆိုရသော် တင်ပြခဲ့သည့် အာယသ်တော်တွင် 'ဟရာမ်' ဖြစ်သည့်အရာ လေးခုထဲတွင် နှစ်ခုမှာ ဖြစ်သည့် مَيْسِر နှင့် أَزْلاَمْ တို့သည် အဆုံးရလဒ်အားဖြင့် တူညီပေသည်။ ကျန်ရှိသည့် နှစ်ချက်တွင် တစ်ခုမှာ أَنْصَاب ဖြစ်၍ ၎င်းသည် نُصُب ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ نُصُب ဆိုသည်မှာ ကိုးကွယ်ရန်ထားရှိသော ရုပ်တု (သို့) သစ်ပင် (သို့) ကျောက်ခဲ အစရှိသည်တို့ကို ခေါ်ဆိုပေသည်။

အရက်နှင့် ဖဲကြောင့် ကိုယ်ခန္ဓာ နှင့် ဝိညာဉ်၌ ဖြစ်ပေါ်စေသည့် ဆိုးကျိုးများ

အာယသ်တော်၏ ကျရောက်ပုံနှင့် ထိုအာယသ်တော်၏ နောက်ဆက်တွဲ အာယသ်တော်ဖြင့် သိရှိ ရသည်မှာ တားမြစ်ထားသည့် အချက်လေးချက်တွင် (၂) ခုကို အဓိကတားမြစ်ရန်နှင့် ၎င်း၏ ဆိုးကျိုးများ ကို တင်ပြရန် ရည်ရွယ်ခြင်းဖြစ်ပေသည်။ ထိုအချက်နှစ်ချက်မှာ အရက်နှင့် ဖဲဖြစ်လေသည်။ ဆိုလိုသည်မှာ ရုပ်တုများအကြောင်းကို ဒွန်တွဲတင်ပြရခြင်းမှာ အရက်နှင့် ဖဲသည် ရုပ်တုများကို ကိုးကွယ်ခြင်းကဲ့သို့ ကြီးလေးသည့် ကျူးလွန်မှုဖြစ်ကြောင်း ကြားနာသူများ နားလည်သဘောပေါက်စေရန် ဖြစ်သည်။

အိဗ်နေမာဂျာကျမ်း ဟဒီးစ်တော်တစ်ခုတွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

شَارِبُ الْخَمْرِ كَعَابِدِ الْوَثَنِ

အရက်သောက်သူသည် ရုပ်တုကို ကိုးကွယ်သူကဲ့သို့ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင်

شَارِبُ الْخَمْرِ كَعَابِدِ اللَّاتِ وَالْعُزّٰى

အရက်သောက်သူသည် 'လာသ်'နှင့် 'အွဇ္ဇာ'စသည့် ရုပ်တုနှစ်ခုကို ကိုးကွယ်သူကဲ့သို့ ဖြစ်သည်။

အချုပ်မှာ ဤနေရာတွင် အရက်နှင့် ပြင်းထန်သော 'ဟရာမ်'ဖြစ်ခြင်းနှင့် ဝိညာဉ်နှင့် ခန္ဓာကိုယ် အစရှိသည်တို့အား ဆိုးကျိုးများဖြစ်ကြောင်း တင်ပြထား၏။ ဝိညာဉ်နှင့် ပတ်သည့်ဆိုးကျိုးများကို

رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ

ဟူသော စာလုံးဖြင့် တင်ပြထား၏။ အလိုသဘောမှာ ဤတားမြစ်ထားသော အရာများသည် စိတ်နှလုံးသား ပုံမှန်ရှိသူများထံတွင် ညစ်ညမ်း၍ စက်ဆုပ်ဖွယ်ရာများဖြစ်သည့်အပြင် ရှိုက်သွာန်၏ ကျော့ကွင်းများဖြစ်သည်။ ဤကျော့ကွင်းတွင် မိသွားပြီးနောက် လူသားသည် မရေမတွက်နိုင်သော ဆိုးကျိုးများနှင့် ပျက်စီးမှုများတွင် ကျရောက်သွားပေသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်မှုများကို တင်ပြပြီးနောက် فَاجْتَنِبُوهُ ဟု မိန့်ထား၏။ (ဤတားမြစ်ထားသည့်အရာများသည် (ဆုတ်ယုတ်မှုများ) ရှိသည့်အတွက် ရှောင်ကြဉ်ကြကုန်ဟူ၍ ဖြစ်သည်။) အဆုံးတွင် لَعَلَّكُمْ تُفْلِحُونَ ဟု မိန့်၍ အသင်တို့၏ အောင်မြင်မှုသည် ဤအရာများမှ ရှောင်ကြဉ်ခြင်းအပေါ်၌ လာရှိသည်ဟု တင်ပြထား၏။

ထို့နောက် ဒုတိယအာယသ်တော်တွင် အရက်နှင့် ဖဲ၏ လောကီပိုင်းဆိုင်ရာ အပေါ်ယံအားဖြင့် ရှိသော ဆိုးကျိုးများကို ဤသို့ တင်ပြထား၏။

اِنَّمَا يُرِيْدُ الشَّيْطٰنُ اَنْ يُّوْقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَاءَ
فِى الْخَمْرِ وَالْمَيْسِرِ

ဆိုလိုသည်မှာ အသင်တို့ အရက်နှင့် ဖဲတွင် နစ်မွန်း၍ အသင်တို့အချင်းချင်း မုန်းတီး၍ ရန်ငြိုးထားခြင်း၏ အုတ်မြစ်ကို ချပေးရန် ရှိုက်သွာန်မှ လိုလား၏။

အထက်ပါအာယသ်တော်များ၏ ကျရောက်ရခြင်းသည်လည်း ဤကဲ့သို့သော အကြောင်းအရာများနှင့်ပင် ပတ်သက်ပေသည်။ အရက်မူး၍ အချင်းချင်း အမျက်ဒေါသနှင့် ရန်ဖြစ်ကြရာမှ စစ်ပွဲများအထိ ဖြစ်စေသည့် လုပ်ရပ်များဖြစ်ပေါ်လာပေသည်။ ဤသို့ဖြစ်ရခြင်းများသည် ရုတ်တရက်ဖြစ်ပေါ်လာခြင်းမျိုး မဟုတ်ဘဲ အရက်မူး၍ လူသည် ဆင်ခြင်တုံတရားမရှိတော့ဘဲ ဤကဲ့သို့သော လုပ်ရပ်များကို လုပ်ဆောင်ကြမည်မှာ မုချပင်ဖြစ်သည်။

ဤကဲ့သို့ပင် ဖဲတွင်လည်း ရှုံးသူသည် မိမိအရှုံးကို လက်ခံ၍ ဆုံးရှုံးမှုကို ခံရလေသည်။ သို့သော် မိမိ၏ ပြိုင်ဘက်အပေါ် ဒေါသအမျက်နှင့် မုန်းတီးခြင်း၊ ရန်ငြိုးခြင်း ဖြစ်ရခြင်းမှာ ဖဲ၏ ဖြစ်ပေါ်လာသော ဆိုးကျိုးမှုများပင် ဖြစ်ပေသည်။ ဟဇရေသ်ကာသာဒဟ် (ရဟ) သခင်က ဤအာယသ်တော်၏ ရှင်းလင်းချက်တွင် တင်ပြထားသည်မှာ အချို့အာရဗ်တို့သည် ဖဲတွင် မိမိအိမ်သူအိမ်သားများနှင့် အိမ်ရှိပစ္စည်းများကိုပါ အရှုံးခံ၍ ဝမ်းနည်းပူဆွေးသောဘဝနှင့်သာ ကုန်ဆုံးကြလေသည်။

အာယသ်တော်၏ အဆုံးပိုင်းတွင် တားမြစ်ထားသည့်အချက်များ၏ အခြားဆိုးကျိုးတစ်ခုကိုလည်း အောက်ပါစာလုံးများဖြင့် တင်ပြထား၏။

وَيَصُدَّكُمْ عَنْ ذِكْرِ اللّٰهِ وَعَنِ الصَّلٰوةِ

ဆိုလိုသည်မှာ ဤအရာများသည် အသင်တို့အတွက် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် နမာဇ်ကို မေ့လျော့စေလေသည်။

ဤဆိုးကျိုးသည် အပေါ်ယံအားဖြင့် ဝိညာဉ်ပိုင်းနှင့် တမလွန်ပိုင်းဆိုင်ရာ ဆိုးကျိုးရှိသည်။ ဤအချက်ကို လောကီဆိုးကျိုးများ တင်ပြပြီးနောက်မှ ထပ်ဆင့်တင်ပြထားပေသည်။ အကြောင်းမှာ အဓိက ကရုဏာထား၍ သောကထားရမည့် ဘဝသက်တမ်းမှာ အမြဲတမ်းနေရမည့်သက်တမ်းပင်ဖြစ်ကြောင်း ရည်ညွှန်းထားပေသည်။ အမြော်အမြင်ရှိသူများအနေဖြင့် တမလွန်ကိုသာ လိုလား၍ နှစ်သက်မက်မောရပေမည်။

ဤတမလွန်သက်တမ်း ဆုတ်ယုတ်မည်ကို ကြောက်နေသင့်ပေသည်။ ခဏတာနေရသည့် လောကီသက်တမ်းကောင်းမွန်ခြင်းသည် ဂုဏ်ယူဖွယ်ရာမဟုတ်သည့်အပြင် ဆုတ်ယုတ်ခြင်းသည်လည်း အလွန်အမင်း ဝမ်းနည်းဖွယ်ရာလည်း မဟုတ်ပေ။ လောကီသက်တမ်း၏ အခြေအနေနှစ်မျိုးစလုံးသည် အချိန်အနည်းငယ်အတွင်း ကုန်ဆုံးသွားမည့်အရာများသာ ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်အား သတိရသတခြင်းနှင့် နမာဇ်အား မေ့လျော့ခြင်းသည် လောကီ၊ လောကုတ္တရာ ကိုယ်ခန္ဓာနှင့် ဝိညာဉ်နှစ်ခုစလုံး ဆိုးကျိုးသာဖြစ်သည်ဟု ဆိုကြပေသည်။ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့ခြင်းနှင့် နမာဇ်မဖတ်ခြင်းသည် နောင်တမလွန်ဘဝတွင် ပျက်စီးခြင်းမှ ဝိညာဉ်ကို သေစေခြင်းတို့ကြောင့် တမလွန်နှင့် ဝိညာဉ်အား ဆိုးကျိုးပေးသည်မှာ ပေါ်လွင်ပေသည်။ အနည်းငယ် စဉ်းစားဆင်ခြင်ကြည့်လျှင်ပင် အလ္လာဟ်အသျှင်မြတ် မေ့လျော့ခြင်းသည် လောကီတွင်လည်း ဆိုးကျိုးကို ဖြစ်ပေါ်စေသည်။ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့ခြင်း၏ အဆုံးသည် လောကီစည်းစိမ်နှင့် ရာထူးဂုဏ်ကို မက်မောခြင်း၏ ရှုပ်ထွေးမှုကို ဖြစ်ပေါ်စေ၍ ထိုရှုပ်ထွေးမှုသည်ပင်လျှင် သောကစိတ်ကို ဖိစီးစေသည်။ ဤသို့သော သောကတွင်း၌ နစ်မွန်း၍ မိမိ၏ အဓိက ရည်ရွယ်ချက်ကို (ဆိုလိုသည်မှာ အေးချမ်းသာယာသော ဘဝကို) လက်လွှတ်ဆုံးရှုံးရလေသည်။ အေးချမ်းသာယာမှုရရန် အကြောင်းခံတွင် နစ်မွန်းသွားခြင်းဖြင့် စစ်မှန်သော အေးချမ်းမှုကိုပင် မေ့လျော့သွားပေသည်။ တစ်ချိန်ချိန်တွင် ပစ္စည်းဥစ္စာနှင့် ဂုဏ်သိက္ခာ၊ ရာထူးဆုံးရှုံးသွားလျှင် (သို့) နိမ့်ကျသွားလျှင် အလွန်အမင်း ဝမ်းနည်းပူဆွေးသွားပေမည်။ အချုပ်ဆိုရသော် လောကီမက်မောသူ

ထဲတွင် နစ်မွန်း၍ နမာဇ်အလင်းရောင်ထဲတွင် ရှိနေသူသည် လောကီ၏ ဥစ္စာပစ္စည်းနှင့် ရာထူးအဆင့်အတန်းသည် ၎င်း၏ ခြေထောက်အောက်သို့ ရောက်လာပေသည်။ ၎င်းကို မှန်ကန်စစ်မှန်သော အေးချမ်းသာယာမှု ရရှိလေသည်။ လောကီ၏ စည်းစိမ်ဥစ္စာရာထူးများ ပျောက်သွားလျှင်လည်း မည်သို့မှ ထိခိုက်ဆုံးရှုံးမှုကို ခံရမည်မဟုတ်ပေ။

အချုပ်တင်ပြရသော် 'ဇိကိရ်'နှင့် နမာဇ်အား မေ့လျော့ခြင်းသည် လောကီလောကုတ္တရာ နှစ်ဌာန စလုံးတွင် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်မှာ အနည်းငယ် စဉ်းစားရုံမျှဖြင့်ပင် သိနိုင်ပေသည်။ ထို့ကြောင့်

رِجْسٌ مِّنْ عَمَلِ الشَّيْطَانِ

ဖြင့် သီးသန့် နောင်တမလွန်နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကိုသာ ရည်ရွယ်ကြောင်း ဖြစ်နိုင်ပေသည်။ ၎င်းအပြင်

يُوقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَاءَ

ဖြင့် သီးသန့်လောကီနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုကိုသာ တင်ပြထားလေသည်။

يَصُدَّكُمْ عَنْ ذِكْرِ اللّٰهِ وَعَنِ الصَّلٰوةِ

ဖြင့် လောကနှင့် သာသနာနှစ်ခုစလုံး၏ ဆုံးရှုံးမှုများကို တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဤနေရာတွင် သတိမူရန် အခြားတစ်ချက်မှာ 'ဇိကိရ်'တွင် နမာဇ်သည်လည်း ပါဝင်နေပါလျက် နမာဇ်အား သီးခြားတင်ပြခြင်းမှာ မည်သို့သော အကြောင်းတရားများ ရှိပါသနည်း။ အကြောင်းမှာ နမာဇ်၏ လေးနက်မှုနှင့် 'ဇိကိရ်'၏ အမျိုးအစားများတွင် နမာဇ်သည် အမွန်မြတ်ဆုံးဖြစ်သည်ကို ရည်ညွှန်းရန် သီးခြား တင်ပြထားခြင်း ဖြစ်သည်။ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ၊ လောကီရေး၊ ခန္ဓာကိုယ်နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၏ ဆုံးရှုံးမှုများကို အကျယ်တဝင့် တင်ပြပြီးနောက် အာယသ်တော်တွင် တားမြစ်ထားသည့်အရာများကို ရှောင်ကြဉ်ရန် ထူးခြားဆန်းပြား၍ ဆွဲဆောင်လာသော ပုံစံဖြင့် လမ်းညွှန်ထား၏။

فَهَلْ اَنْتُمْ مُنْتَهُوْنَ

ဆိုလိုသည်မှာ ဤကဲ့သို့ ဆုံးရှုံးများရှိသည်ကို အသင်တို့ သိရှိပြီးနောက် အသင်တို့ ရှောင်ကြဉ်ကြတော့မည်လောဟု မိန့်တော်မူပေသည်။

အထက်တင်ပြခဲ့သည့် အာယသ်တော်နှစ်ခုတွင် အရက်နှင့် ဖဲအစရှိသည်တို့ကို ပြင်းပြင်းထန်ထန် တားမြစ်ထား၏။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေတစ်ခု ဖြစ်သည်။ တတိယအာယသ်တော်တွင် ၎င်းအမိန့်ကို လွယ်ကူစေရန်နှင့် လွယ်ကူစွာ ကျင့်ဆောင်နိုင်စေရန် ကုရ်အာန်ကျမ်းသည် မိမိ၏ သီးခြားပုံစံ

ဖြင့် တင်ပြမိန့်ထားပေသည်။ ၎င်း၏ ရလဒ်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံရန် မိန့်ထားခြင်းမှာ အသင်တို့အကျိုးအတွက် ဖြစ်သည်။ အကယ်၍ အသင်တို့ လက်မခံပါက အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်တို့အား မည်သို့မျှ ထိခိုက်မှုမရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ဆုံးရှုံးနစ်နာမှုများမှ လွတ်ကင်းသည်မှာ ပေါ်လွင်ပေသည်။ တမန်တော်မြတ်၏ အမိန့်ကို မနာခံလျှင် အကျိုးကုသိုလ်နှင့် အဆင့်အတန်းတွင် ကွာဟမှု ရှိနိုင်သည်ဟု သံသယနှင့် တွေးနိုင်သည့်အတွက် ထိုသံသယ၏အတွေးကို ချေပရန် မိန့်သည်မှာ 'အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် တမန်တော်မြတ်၏ စကားကို လက်မခံလျှင် တမန်တော်မြတ်၏ အဆင့်အတန်းတွင် မည်သို့မျှ ကွာဟမှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်အား ပေးအပ်ထားသည့် တာဝန်မှန်သမျှကို ထမ်းဆောင်ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ရှင်းလင်းစွာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ချပြီးဖြစ်၏။ လက်မခံသူသာ ထိခိုက်နစ်နာမှုဖြစ်ပေမည်။ အလ္လာဟ်၏ ရစူလ်တမန်တော်ကို မည်သို့မျှ ထိခိုက်မည်မဟုတ်ပေ။'

◇◇◇◇◇◇◇◇◇◇◇

لَيْسَ عَلَى الَّذِينَ آمَنُوا وَعَمِلُوا
الصَّالِحَاتِ جُنَاحٌ فِيمَا طَعِمُوا إِذَا مَا اتَّقَوا وَّآمَنُوا وَعَمِلُوا الصَّالِحَاتِ
ثُمَّ اتَّقَوا وَّآمَنُوا ثُمَّ اتَّقَوا وَّأَحْسَنُوا ۗ وَاللَّهُ يُحِبُّ الْمُحْسِنِينَ ﴿٩٣﴾

၅ : ၉၃ ။ ။ အီမာန်သက်ဝင် ယုံကြည်ကြပြီး ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူတို့အပေါ်ဝယ် ၎င်းတို့သည် အတိတ်ကာလက ('ဟရာမ်'ဟူ၍ တားမြစ်ခြင်းမပြုမီ) စားသုံးမိခဲ့ကြသည်များနှင့် စပ်လျဉ်း၍ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ အကြင်အခါဝယ် ထိုသူတို့သည် (အတိတ်ကာလက တားမြစ်ထားသည့် အရာများမှလည်း) ရှောင်ကြဉ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းသူတို့သည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်တော်များကိုလည်း) ယုံကြည်ကြ၏။ ('ဆွလာသ်'ဝတ်ပြုခြင်း၊ 'ဆွိယာမ်'ဥပုသ်ဆောက်တည်ခြင်း၊ 'ဂျိဟာဒ်'စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း အစရှိသည့်) ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်၏။ ထို့နောက်တစ်ဖန် ၎င်းသူတို့သည် (အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်တော်မူသောအခါ ထိုတားမြစ်တော်မူသော အရာများမှလည်း) ရှောင်ကြဉ်ကြကုန်။ ၎င်းပြင် (ထိုအရာများနှင့် စပ်လျဉ်း၍ ကျရောက်လာသော အမိန့်ပညတ်တော်များကိုလည်း) အီမာန်ယုံကြည်ကြကုန်၏။ တစ်ဖန် ထိုသူတို့သည် ('ဟရာမ်'ဟူ၍ တားမြစ်ထားသော အရာများမှ လွတ်ကင်းနိုင်ရန်အလို့ငှာ တစ်ဆင့်တိုး၍ ဒွိဟသံသယမကင်းသော အရာများမှလည်း) ရှောင်ကြဉ်ကြ၏။ ၎င်းပြင် (ကောင်းမြတ်သော ကျင့်ဝတ်တို့ကို စိတ်ရောကိုယ်ပါ) ကောင်းမွန်စွာ ကျင့်ကြံဆည်းပူးလျက် ရှိကြ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကောင်းမွန်စွာ ကျင့်ကြံဆည်းပူးကြသော သူတို့အား ချစ်ကြည်မြတ်နိုးတော်မူလေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَيَبْلُوَنَّكُمُ ٱللَّهُ بِشَىْءٍ مِّنَ ٱلصَّيْدِ تَنَالُهُۥٓ أَيْدِيكُمْ وَ
رِمَاحُكُمْ لِيَعْلَمَ ٱللَّهُ مَن يَخَافُهُۥ بِٱلْغَيْبِ ۚ فَمَنِ ٱعْتَدَىٰ بَعْدَ
ذَٰلِكَ فَلَهُۥ عَذَابٌ أَلِيمٌ ٩٤

၅ : ၉၄ ။ ။ အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ ကေနံစင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအား အကွယ်၌ မည်သူက ကြောက်ရွံ့သည်ကို သိတော်မူရန်အလို့ငှာ အသင်တို့၏ လက်များနှင့် လှံစွပ်များဖြင့် မိနိုင်သော အချို့အမဲများနှင့် အသင်တို့အား စမ်းသပ်တော်မူမည်။ သို့ဖြစ်ပေရာ မည်သူမဆို ထို (အမိန့်တော်ကို ထုတ်ပြန်ပြီး) နောက် (ထိုအမဲများကို ပစ်ခတ်ဖမ်းဆီးခြင်းအားဖြင့်) ကျူးလွန်ခဲ့ပါလျှင် ထိုသူ၏ အဖို့ (နောင်တမလွန်တွင်) ပြင်းပြနာကျင်ဖွယ်ရာ အပြစ်ဒဏ်သည် အသင့်ရှိပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَقْتُلُوا۟ ٱلصَّيْدَ وَأَنتُمْ
حُرُمٌ ۚ وَمَن قَتَلَهُۥ مِنكُم مُّتَعَمِّدًا فَجَزَآءٌ مِّثْلُ مَا قَتَلَ مِنَ ٱلنَّعَمِ
يَحْكُمُ بِهِۦ ذَوَا عَدْلٍ مِّنكُمْ هَدْيًۢا بَٰلِغَ ٱلْكَعْبَةِ أَوْ كَفَّٰرَةٌ طَعَامُ
مَسَٰكِينَ أَوْ عَدْلُ ذَٰلِكَ صِيَامًا لِّيَذُوقَ وَبَالَ أَمْرِهِۦ ۗ عَفَا ٱللَّهُ
عَمَّا سَلَفَ ۚ وَمَنْ عَادَ فَيَنتَقِمُ ٱللَّهُ مِنْهُ ۗ وَٱللَّهُ عَزِيزٌ ذُو ٱنتِقَامٍ ٩٥

၅ : ၉၅ ။ ။ အို, မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'အဲဟ်ရာမ်' ဝတ်ရုံကို ဝတ်ဆင်ထားစဉ် အမဲတိရစ္ဆာန်တို့ကို (ပစ်ခတ်ဖမ်းဆီး) သတ်ဖြတ်ခြင်း မပြုကြလေနှင့်။ အမှန်စင်စစ် အသင်တို့အနက် မည်သူမဆို သိလျက်နှင့် (ကြံရွယ်ပြီး) ထိုတိရစ္ဆာန်များကို သတ်ဖြတ်ခဲ့သည်ရှိသော် အသင်တို့အနက်မှ တရားမျှတမှုရှိသော ပုဂ္ဂိုလ်နှစ်ဦးက စီရင်ချက်ချပေးသည့်အတိုင်း ခြေလေးချောင်းတိရစ္ဆာန်များအနက် ထိုသတ်ဖြတ်ခဲ့သည့် တိရစ္ဆာန်နှင့် တူမျှသော တိရစ္ဆာန်တစ်ကောင်ကို 'ကအ်ဗာဟ်' ကျောင်းတော်သို့ 'ကုရ်ဗာနီ' သားကောင်အဖြစ် ပို့ဆောင်၍ ဒဏ်ပေးဆောင်ရမည်။ သို့တည်းမဟုတ် (ထိုသားကောင်၏ အဖိုးငွေဖြင့် အစားအစာကို ဝယ်ယူ၍ 'ဆွဒ်ကာဟ်'၊ 'ဖိသိရဟ်' နှင့် ညီမျှသော) အစားအစာကို သူဆင်းရဲတို့အား ကျွေးမွေးခြင်းအားဖြင့်လည်းကောင်း၊ ထို (သူဆင်းရဲသားတို့၏ ဦးရေများ) နှင့်အညီ 'ဆွိယာမ်' ဥပုသ်သီလ ဆောက်တည်ခြင်းအားဖြင့်လည်းကောင်း အပြစ်၏ အာပတ်ဖြေရမည်။ (ဤသည်တို့မှာ) ထိုသူသည် မိမိကိုယ်တိုင် ပြုကျင့်မိခဲ့သော အပြစ်များ၏ အရသာကို ခံစားမိစေခြင်းငှာ ဖြစ်ပေသည်။ လွန်ခဲ့ပြီးဖြစ်သော အပြစ်တို့ကိုမူကား အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်တော်မူထားပြီး ဖြစ်သည်။ သို့ရာတွင် မည်သူမဆို ထပ်မံ၍ ကျူးလွန်လာပါက အလ္လာဟ်အသျှင်မြတ်သည် လက်စားချေ (အပြစ်ပေး) တော်မူပေမည်။ အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ လက်စားချေတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ ۖ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا ۗ وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ ﴿٩٦﴾

၅ : ၉၆ ။ ။ အသင်တို့အဖို့ အသင်တို့၏ အကျိုးငှာလည်းကောင်း၊ ခရီးသည်တို့၏ အကျိုးငှာလည်းကောင်း ('အဲဟ်ရာမ်' ဝတ်ရုံကို ဝတ်ဆင်ထားပြီးအချိန်၌) ပင်လျှင် သို့မဟုတ် ရေသတ္တဝါများကို ဖမ်းဆီးခြင်းနှင့်စားသုံးခွင့်ကို 'ဟလာလ်' ဟူ၍ ခွင့်ပြုထားပြီးဖြစ်သည်။ သို့ရာတွင် အသင်တို့သည် 'အဲဟ်ရာမ်' ဝတ်ရုံကို ဝတ်ဆင်ထားရသမျှ ကာလပတ်လုံး ကုန်းသတ္တဝါများကိုမူ အမဲလိုက်ခြင်းသည် အသင်တို့အပေါ်၌ 'ဟရာမ်' ဟူ၍တားမြစ်ထားပြီးဖြစ်ချေသည်။ (သို့ဖြစ်ပေရာ) အသင်တို့သည် အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုအသျှင်မြတ်ထံတော်သို့သာလျှင် အသင်တို့သည် (ပြန်လည်၍) စုရုံးကြရမည်ဖြစ်သည်။

အာယသ်တော်၏ ဆက်နွယ်မှု

လိုဘာဘ်ကျမ်းတွင် မုစ်နဒ်အဟ်မဒ်ကျမ်းမှ ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ ၏ ဆင့်ပြန်ချက် လာရှိထားသည်မှာ အထက်ပါအာယသ်တော်များတွင် အရက်နှင့် ဖဲသည် 'ဟရာမ်' ဖြစ်ကြောင်း အမိန့်ချပေးသည့်အတွက် အချို့သူများက လျှောက်ထားသည်မှာ 'အို, အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ မြောက်မြားစွာသော သူတို့သည် အရက်သောက် ဖဲရိုက်ကြပြီး 'ဟရာမ်' အမိန့်မကျမီအလျှင် သေဆုံးသွားကြသည်။ ယခုမှ 'ဟရာမ်' ဖြစ်ကြောင်း သိရသည့်အတွက် ၄င်းတို့ မည်သည့်အခြေအနေတွင် ရှိမည်နည်း' ဟု ပြောဆိုခြင်းအပေါ်

لَيْسَ عَلَى الَّذِينَ آمَنُوا - الخ

ဟူသော အာယသ်တော် ကျရောက်လာလေသည်။ ၄င်းပြင် ဒုတိယအာယသ်တော်

يَا أَيُّهَا الَّذِينَ آمَنُوا لَا تُحَرِّمُوا طَيِّبَاتِ

တွင် သန့်ရှင်းစင်ကြယ်သောအရာများကို 'ဟရာမ်' အဖြစ် တားမြစ်ပိတ်ပင်ထားခြင်းနှင့် ပတ်သက်၍ တင်ပြထား၏။ ယခု

يَا أَيُّهَا الَّذِينَ آمَنُوا لَيَبْلُوَنَّكُمُ اللَّهُ بِشَيْءٍ - الخ

ဖြင့် အလ္လာဟ်အသျှင်မြတ်သည် သီးခြားအခြေအနေများတွင် အချို့အရာများကို သီးခြားတားမြစ်သည့် အခွင့်အရေး အပြည့်အဝရှိသည်ဟု တင်ပြထား၏။ *[ဗယားနွုလ်ကုရ်အာန်ကျမ်း]*

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အီမာန်ရှိ၍ ကောင်းမှုကုသိုလ်ပြုသူများသည် 'ဟရာမ်' မသတ်မှတ်မီ 'ဟလာလ်' ဖြစ်သောအရာများကို စားသောက်ခဲ့ကြလျှင် ၄င်းတို့အပေါ် မည်သို့ အပြစ်ဖြစ်မည်နည်း။ အပြစ်ဖြစ်ကြောင်း အမိန့်တစ်စုံ

တစ်ရာ မရှိသည့်အပြင် ထိုအချိန် တားမြစ်ထားသည့်အရာများကိုပင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ ရှောင်ကြဉ်ကြပေသည်။ ကြောက်ရွံ့သည့် အထောက်အထားမှ ၄င်းတို့ အီမာန်ရှင်များ ဖြစ်ပေသည်။ ဤအီမာန်ရှိနေခြင်းသည်ပင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့် အကြောင်းခံ ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်များပြုခြင်းမှာလည်း အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့် အမှတ်အသားတစ်ခု ဖြစ်လေသည်။ ဤသို့ပင် တစ်သက်လုံးနေထိုင်သွားကြလေသည်။ သို့ရှိရာ ၄င်းတို့ ကနဦးက စားသောက်ခဲ့သော အရာများသည် ယခု 'ဟရာမ်'ဖြစ်သွားလျှင် ၄င်းအလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြသည့် အကြောင်းခံကြောင့် ရှောင်ကြဉ်ကြပေလိမ့်မည်။ ကြောက်ရွံ့ခြင်း၏ အထောက်အထားမှာ အထက်တွင် တင်ပြသကဲ့သို့ ၄င်းတို့ အီမာန်ရှင်များ ဖြစ်ကြ၍ ကောင်းမှုကုသိုလ်တွင် နစ်မွန်းနေသူများဖြစ်သည်။ ဤအချက်အပေါ်၌ပင် အီမာန်ရှင်များဖြစ်ကြောင်း မူတည်နေပေသည်။ သို့ရှိရာ ဤနေရာတွင် အကြောင်းခံနှင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှု၏ နိမိတ်လက္ခဏာတို့ ပေါင်းစုနေပေသည်။ အလိုသဘောမှာ 'ဟရာမ်'ဟု တားမြစ်ချက်သည် နှစ်ကြိမ်သုံးကြိမ်သာမက အကြိမ်တိုင်း 'ဟရာမ်'ဟု တားမြစ်ပါက ၄င်းတို့အား ရှောင်ကြဉ်ကြရမည်မှာ မှန်ပင် ဖြစ်လေသည်။ ထို့ကြောင့် တားမြစ်ချက်များ ဆက်တိုက်ရှိနေမှုကြောင့် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့် ၄င်းတို့ 'ဂုနာဟ်'ကျူးလွန်ကြမည်မဟုတ်ပေ။ တင်ပြခဲ့သည့် ဤကောင်းမွန်သော ထူးခြားချက်သည် 'ဂုနာဟ်'ဖြစ်ခြင်းမှ တားမြစ်ရန်သာ မဟုတ်ဘဲ အကျိုးကုသိုလ်ရရှိမည့်အပြင် အလ္လာဟ်အသျှင်မြတ်၏ ချစ်ခင်ခြင်းရှိကြောင်းကိုလည်း ဖော်ပြနေပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ် ဤကဲ့သို့သော သူများကို အလ္လာဟ်အသျှင်မြတ် မုန်းတီးမည်မဟုတ်တော့ဘဲ ချစ်ခင်ခြင်းခံရသောသူများ၏ အဆင့်တွင်ပင် ရှိလေသည်။

အို, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ အဝေးသို့ မသွားရဘဲ အသင်တို့လက်နှင့် အသင်တို့၏ လှံများ ရောက်ရှိနိုင်သည့် နေရာခန့်တွင် အမဲလိုက်ခြင်းနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်မှ အသင်တို့အား စမ်းသပ်တော်မူပေမည်။ အလိုသဘောမှာ ရှေ့တွင် အကျယ်တဝင့် တင်ပြမည့်မှာ 'အဲဟ်ရာမ်' ဝတ်ထားသူသည် အမဲလိုက်ခြင်းကို 'ဟရာမ်'ဟု သတ်မှတ်ထားသည့်ပုံစံဖြင့် စမ်းသပ်ပေမည်။ သားရဲတိရစ္ဆာန်တို့သည် အသင်တို့အနီး၌ပင် လှည့်လည်နေပေမည်။ သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် မည်သူမှာ အပြစ်ဒဏ်ကို မမြင်ရဘဲ ကြောက်ရွံ့သည်ကို ပေါ်လွင်စွာ သိရပေမည်။ 'ဟရာမ်'ကို ကျူးလွန်ခြင်းသည် အပြစ်ဒဏ်ကို သင့်စေ၍ ရှောင်ကြဉ်ရပေမည်။ ဤအချက်ဖြင့် 'အဲဟ်ရာမ်'၏ အခြေအနေတွင် အမဲလိုက်ခြင်း တားမြစ်ထားကြောင်းလည်း သိရပေသည်။

သို့ရှိရာ တားမြစ်ချက် ရောက်ရှိပြီးနောက် လူတစ်ဦးတစ်ယောက်သည် ဤအမူကိစ္စကို ကျူးလွန်ပါက ရှရီအသ်၏ ဘောင်အတွင်းမှ ထွက်သွားကြောင်း ဖော်ညွှန်းနေပေသည်။ ဆိုလိုသည်မှာ တားမြစ်ထားသော အမဲလိုက်ခြင်းကို ကျူးလွန်ရာရောက်ပေသည်။ ထိုသူ့အတွက် ပြင်းထန်သော အပြစ်ဒဏ်ကို သတ်မှတ်ထားပေသည်။ သို့ရှိရာ သားကောင်များကို အမဲလိုက်ဝါသနာပါသော ဆွဟာဗာများ၏ အနီးတွင် လှည့်လည်သွားလာနေခြင်းဖြင့် ဆွဟာဗာတို့၏ အမိန့်နာခံခြင်းကို စမ်းသပ်ရာရောက်သည်။ ဤစမ်းသပ်ချက်တွင် ဆွဟာဗာများအပြည့်အဝ အောင်မြင်ခဲ့သည်။ တားမြစ်ချက်ကို ရှေ့အာယသ်တော်များတွင် ရှင်းလင်းစွာ တင်ပြပေမည်။

အို့၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ရှရီအသ်မှ ခွဲခြားထားသည့် တိရစ္ဆာန်များမှလွဲ၍ အခြားတိရစ္ဆာန်များကို 'အဲဟ်ရာမ်' ဝတ်ထားချိန်တွင် အမဲလိုက် မသတ်ဖြတ်ကြလေနှင့်။ ဤကဲ့သို့ပင် သားကောင်သည် 'ဟရာမ်' နယ်နိမိတ်တွင် ရှိ၏။ အမဲလိုက်သူသည် 'အဲဟ်ရာမ်' ၏ အခြေအနေတွင် မရှိလျှင်လည်း ဤအမိန့်ပညတ်ချက်အတိုင်းပင် ဖြစ်သည်။ အကြင်သူတစ်ဦးသည် တိရစ္ဆာန်တစ်ကောင်ကို သိလျက်နှင့် သတ်ဖြတ်ပါက ဤလုပ်ရပ်အပေါ် ၎င်းတိရစ္ဆာန်၏ တန်ဖိုးညီမျှသည့် အစားပေးရန် 'ဝါဂျိဗ်' ဖြစ်ပေသည်။ သတ်ဖြတ်လိုက်သည့် တိရစ္ဆာန်၏ တန်ဖိုး တွက်ချက်ဆုံးဖြတ်ရာတွင် အသင်တို့ထဲမှ ယုံကြည်လေးစား ထိုက်သူနှစ်ဦးမှ ဆုံးဖြတ်ရမည်။ ၎င်းတို့နှစ်ဦးသည် ဘာသာရေးကိုင်းရှိုင်းရာတွင်လည်း ယုံကြည်ထိုက်သူများဖြစ်၍ အတွေးအခေါ် အမြင်ကျယ်သူများလည်း ဖြစ်ရမည်။ ၎င်းတို့ဆုံးဖြတ်ပြီးနောက် အမဲလိုက်သူသည် ထိုတိရစ္ဆာန်၏ တန်ဖိုးနှင့် ညီမျှသော ခြေလေးချောင်းသတ္တဝါထဲမှ ဝယ်ယူ၍ အစားပေးခွင့်ရှိသည်။ ဆိုလိုသည်မှာ ကုလားအုတ်၊ နွား၊ ကျွဲ၊ ဆိတ်၊ သိုး အထီးဖြစ်စေ၊ အမဖြစ်စေ ၎င်းတို့ကိုဝယ်၍ အစားပေးနိုင်သည်။ စည်းကမ်းချက်မှာ သားကောင်ကို 'ဟရာမ်' နယ်နိမိတ်အတွင်းသို့ ရောက်ရန် ဂရုတစိုက် ပို့ပေးရမည်။ သို့မဟုတ် ၎င်းတိရစ္ဆာန်၏ တန်ဖိုးနှင့်ကိုက်ညီသော အသီးအနှံများကိုဝယ်၍ 'ကဖ္ဖာရဟ်' အစားအနေဖြင့် ဆင်းရဲသားများကို ပေးအပ်လိုက်ခွင့် ရှိသည်။ ဆိုလိုသည်မှာ ဆင်းရဲသားတစ်ဦးအား 'ဆွဒကာဟ်ဖိသိရ်' တစ်ခုခန့် ပေးရမည်။ သို့မဟုတ် ထိုအသီးအနှံ၏ တန်ဖိုးနှင့်အညီ 'ရိုဇာဟ်' ထားရမည်။ ဆိုလိုသည်မှာ မိစ်ကီးန်တစ်ဦးအတွက် 'ဆွဒကာဟ်ဖိသိရ်' တစ်ခုစီအစား 'ရိုဇာဟ်' တစ်ရက် သတ်မှတ်၍ ဆောက်ခြင်းသည် ညီမျှသော ပုံစံဖြစ်သည်။ သို့မှသာ မိမိကျူးလွန်ခဲ့သော ပြစ်မှု၏ အရသာကို မြည်းစမ်းရပေမည်။

သို့သော် လူတစ်ဦးတစ်ယောက်သည် ရည်ရွယ်၍ အမဲလိုက်သတ်ဖြတ်ခြင်းမဟုတ်လျှင်လည်း ဤကဲ့သို့သာလျှင် ထိုသူအပေါ် 'ဝါဂျိဗ်' ဖြစ်၏။ သို့သော် ဤအပြစ်ဒဏ်သည် လုပ်ရပ်အတွက် မဟုတ်ဘဲ ရှိသေလေးစားထိုက်သော နေရာ (ဆိုလိုသည်မှာ အမဲလိုက်ခြင်းအား တားမြစ်ခြင်းသည် 'ဟရာမ်' နယ်နိမိတ်အတွင်း၌ ဖြစ်ရှိ၍သော်လည်းကောင်း၊ (သို့) 'အဲဟ်ရာမ်' ဝတ်ရုံကို ဝတ်ဆင်ထားသည့်အတွက်ကြောင့်သော်လည်းကောင်း လေးစားရမည့်နေရာ ဖြစ်သွားသည်) ကို မလေးစားသည့်အတွက်ကြောင့် လျော်ကြေးပြစ်ဒဏ် ခံရပေမည်။ ဤသို့ လျော်ကြေးပေးဆောင်လိုက်လျှင် အလ္လာဟ်အသျှင်မြတ်သည် ကျူးလွန်ခဲ့သည်များကို ခွင့်လွှတ်တော်မူလိုက်ပေသည်။ အကြင်သူသည် ထပ်မံ၍ ဤသို့ပြုလုပ်ပါက တင်ပြခဲ့သည့် လျော်ကြေးပြစ်ဒဏ် (လုပ်ရပ်နှင့် နေရာကြောင့် ဖြစ်ရသည်။ လျော်ကြေးပြစ်ဒဏ်) အပြင် နောင်တမလွန်၌လည်း အလ္လာဟ်အသျှင်မြတ်သည် ဤရမ်းကားခြင်းအပေါ် အစားယူတော်မူလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တားမြစ်ပြီးနောက် ကျူးလွန်ခြင်းသည် ရမ်းကားရာရောက်၏။ သို့သော် 'သောင်ဗာဟ်' အမှားဝန်ခံလိုက်လျှင် ဤရမ်းကားမှုအပေါ် အစားယူတော်မူလိမ့်မည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် 'အဲဟ်ရာမ်' ၏ အခြေအနေတွင် မြစ်တွင်း၌ ငါးဖမ်းခွင့်နှင့် စားသောက်ခြင်း၊ 'ဟလာလ်' ပြုပိုင်သည်ဟု သတ်မှတ်ထား၏။ အသင်တို့အကျိုးနှင့် ခရီးဖော်များ၏ အကျိုးကို ရှေးရှု၍ ခရီးတွင် ထိုရေသတ္တဝါကို စားသောက်ဖွယ် ပြုလုပ်ထား၏။ ၎င်းနောက် ကုန်းသတ္တဝါများအား အမဲလိုက်ခြင်းတွင် စားခြင်းသည်

'ဟလာလ်'ဖြစ်သော်လည်း ဖမ်းယူခြင်း၊ (သို့) ဖမ်းယူရာတွင် အကူအညီပေးခြင်း၊ 'အဲဟ်ရာမ်'၏ အခြေအနေတွင် 'ဟရာမ်'သတ်မှတ်ထားသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်ခြင်းမှ ကြောက်ရွံ့ကြကုန်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့သာ စုရုံးရောက်ရှိကြမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဓမ္မသတ် ။ ။ အမဲလိုက်ခြင်းသည် 'ဟရာမ်'နယ်နိမိတ်အတွင်းနှင့် 'အဲဟ်ရာမ်'၏ အခြေအနေတွင် 'ဟရာမ်' ဖြစ်ခြင်းမှာ စားပိုင်သည့် 'ဟလာလ်'တိရစ္ဆာန်ဖြစ်စေ မစားပိုင်သည့် 'ဟရာမ်'တိရစ္ဆာန်ဖြစ်စေ အားလုံး အကျုံးဝင်၏။

ဓမ္မသတ် ။ ။ အမဲလိုက်ခြင်းဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များသာဖြစ်၍ လူတို့နှင့် အတူနေသော ဝလေ့မရှိသည့် တိရစ္ဆာန်များကိုသာ ခေါ်ဆိုပေသည်။ သို့ရှိရာ လူတို့နှင့်အတူ နေလေ့ရှိသည့် တိရစ္ဆာန်များ ဖြစ်သော သိုး၊ ဆိတ်၊ နွား၊ ကုလားအုတ်တို့ကို 'ဇဗာဟ်'ပြု၍ စားသောက်ခြင်း ပိုင်၏။

ဓမ္မသတ် ။ ။ ရှရီအသ်၏ အထောက်အထားဖြင့် ခွဲခြားထားသော တိရစ္ဆာန်များကို ဖမ်းခြင်း၊ သတ်ခြင်း၊ 'ဟလာလ်'ဖြစ်သည်။ ဥပမာ- ရေသတ္တဝါများကို ဖမ်းခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်သော

اُحِلَّ لَكُمْ صَيْدُ الْبَحْرِ

၄င်းနောက် အချို့ကုန်းနေ တိရစ္ဆာန်များ။ ဥပမာ- ကျီးကန်း၊ စွန်၊ ဝံပုလွေ၊ မြွေ၊ ကင်း၊ ကိုက်တတ်သော ခွေး။ ဤသို့ပင် ရန်မူသော တောရိုင်းတိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်း ပိုင်၏။ ဤသတ္တဝါများကို ဟဒီးစ်တော်တွင် ခွဲခြားတင်ပြထားခြင်းတို့ကြောင့် သိရှိရပေသည်။ اَلصَّيْدُ တွင် ရှိသော 'အလစ်ဖ်လာမ်း'သည် သတ်မှတ်ချက်ရှိသော ပညတ်ချက်ဖြစ်၏။

ဓမ္မသတ် ။ ။ ပြုပိုင်သော အမဲလိုက်ခြင်းဖြစ်သည့် 'အဲဟ်ရာမ်'၏ အခြေအနေတွင်မဟုတ်ဘဲ၊ ၄င်းနောက် 'ဟရာမ်' နယ်နိမိတ်အပြင်မှ အမဲလိုက်ထားသော တိရစ္ဆာန်ကို 'အဲဟ်ရာမ်'ဝတ်ရုံဝတ်ထားသူ စားပိုင်ပေသည်။ အမဲ လိုက်ရာတွင် ကူညီခြင်း၊ ညွှန်ကြားပြသခြင်းတို့ကိုလည်း 'အဲဟ်ရာမ်'ဝတ်ထားသူမှာ မလုပ်ထားသော သားကောင်၏ အသားကိုသာ ဆိုလိုကြောင်း၊ ဟဒီးစ်တော်တွင် တင်ပြထားလေသည်။ အာယသ်တော်၏ စာလုံးတွင် لَا تَقْتُلُوْا သည် ဤအချက်ဘက်သို့ ရည်ညွှန်း၏။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် لَا تَقْتُلُوْا ဟု မိန့်၍ لَا تَاْكُلُوْا ဟု မလာရှိထားပေ။

မှတ်ချက် ။ ။ 'ဟရာမ်'နယ်နိမိတ်အတွင်း အမဲလိုက်ခြင်းသည် သိလျက်နှင့် ပြုခြင်းအပေါ် အစားပေးရန် 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ မေ့မှား၍ ပြုလုပ်ခြင်းဖြင့်လည်း အစားပေးရန် 'ဝါဂျိဗ်'ထိုက်ပေသည်။

မှတ်ချက် ။ ။ ပထမအကြိမ်တွင် လျော်ကြေးပြစ်ဒဏ်သည် 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ ဒုတိယ၊ တတိယ စသည့်အကြိမ်တိုင်းတွင်လည်း လျော်ကြေးပြစ်ဒဏ်သည် 'ဝါဂျိဗ်'ဖြစ်သည်။

မှတ်ချက် ။ ။ လျော်ကြေးသတ်မှတ်ချက်မှာ အချိန်ကာလနှင့် နေရာအပေါ် မူတည်၍ တရားမျှတသူ နှစ်ဦးမှ ဆုံးဖြတ်သတ်မှတ်ရပေမည်။ တရားမျှတသူတစ်ဦးမှ ထိုတိရစ္ဆာန်၏ တန်ဖိုးအား တွက်ချက်သတ်မှတ်လျှင်လည်း ပိုင်ပေသည်။ ထိုသို့ တွက်ချက်သတ်မှတ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းချက် လာရှိထားသည်မှာ အသတ်ခံရသော တိရစ္ဆာန်သည် မစားပိုင်သော တိရစ္ဆာန်ဖြစ်ပါက ဆိတ်တစ်ကောင်ထက် ပိုသော တန်ဖိုးသည် 'ဝါဂျိဗ်'ဖြစ်ပေသည်။ အကယ်၍ စားပိုင်သော တိရစ္ဆာန်ဖြစ်ပါက ခန့်မှန်းချေ သတ်မှတ်သည့်ခန့် 'ဝါဂျိဗ်' ဖြစ်ပေသည်။ ဤအခြေအနေနှစ်ခုနှင့် ပတ်သက်၍ ရှေ့တွင် ပုံစံသုံးမျိုးဖြင့် ရွေးချယ်ခွင့်ပြုထားသည်။ တိရစ္ဆာန်၏ တန်ဖိုးနှင့်ညီမျှသောသားကောင်ကို ကုရ်ဗာနီ၏ စည်းကမ်းချက်များနှင့်အညီ ဝယ်ယူ၍ 'ဟရာမ်' နယ်နိမိတ်အတွင်း လည်လှီးကာ ဆင်းရဲသားများကို ခွဲဝေပေးခြင်း၏ ပုံစံနှင့်ဖြစ်စေ၊ (သို့) တန်ဖိုးနှင့်အညီ သီးနှံများဝယ်ယူ၍ 'ဖိသ်ရဟ်'၏ စည်းကမ်းချက်အတိုင်း ဆင်းရဲသားတစ်ဦးလျှင် 'ဆွအ်'တစ်ဝက်ပေးသည့် ပုံစံဖြစ်စေ (သို့) 'ဆွအ်'တစ်ဝက်ဖြင့် ဆင်းရဲသားများကို ခွဲဝေပေးလျှင် ရရှိမည့် ဆင်းရဲသားအရေအတွက်နှင့် အညီ 'ရိုဇာဟ်'ထားသည့် ပုံစံတို့မှ ရွေးချယ်ခွင့်ပြု၏။ သီးနှံများ ခွဲဝေပေးခြင်းနှင့် 'ရိုဇာဟ်'ထားခြင်းသည် 'ဟရာမ်'နယ်နိမိတ်အတွင်းဖြစ်ရန် သတ်မှတ်ချက်မရှိပေ။ အကယ်၍ တိရစ္ဆာန်၏ တန်ဖိုးကို သတ်မှတ်ရာတွင် 'ဆွအ်'တစ်ဝက်ထက် နည်းနေပါက သူဆင်းရဲတစ်ယောက်ကို ပေးလိုက်ခြင်း၊ သို့မဟုတ် 'ရိုဇာဟ်' တစ်ရက်ထားခြင်း စသည်တို့ကို ကြိုက်ရာ ပြုလုပ်နိုင်၏။ ဤသို့ပင် အကယ်၍ ဆင်းရဲသားတစ်ဦးကို 'ဆွအ်'တစ်ဝက်ပေးလျှင် 'ဆွအ်ဝက်'တစ်ထက် နည်း၍ ကျန်ရှိပါကလည်း ဆင်းရဲသားတစ်ဦးကို ပေးခြင်း နှင့် 'ရိုဇာဟ်'တစ်ရက် ထားခြင်း ကြိုက်ရာပြုလုပ်နိုင်၏။ ('ဆွအ်'တစ်ဝက်သည် မြန်မာအလေးချိန်တွင် တစ်ပိဿာနှင့် တစ်ဆယ်သား ရှိပေသည်။)

မှတ်ချက် ။ ။ တင်ပြခဲ့သည့် ပုံစံများတွင် ရရှိမည့် သူဆင်းရဲသားအရေအတွက်နှင့် ညီမျှသော ဆင်းရဲသားများကို နှစ်ကြိမ် ဝမ်းဝအောင် ထမင်းကျွေးခြင်းလည်း ပိုင်ပေသည်။

မှတ်ချက် ။ ။ အကယ်၍ တန်ဖိုးနှင့်အညီ 'ဖောဟ်'ပြုလုပ်ရန် သားကောင်တစ်ကောင်ကို သတ်မှတ်ပြီး ငွေကျန်ရှိပါက ကျန်ရှိငွေဖြင့် အခြားတိရစ္ဆာန်တစ်ကောင်ဝယ်ခြင်း၊ သီးနှံဝယ်ပေးခြင်း၊ (သို့) သီးနှံ၏ အတိုင်းအတာနှင့်အညီ 'ရိုဇာဟ်'၏ ထားခြင်းတို့ကို ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်သည်။ သားကောင်ကို

သတ်ဖြတ်ဖြင်းဖြင့် လျော်ကြေးသည် 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ ဒဏ်ရာရအောင် ပြုလုပ်လိုက်လျှင်လည်း တန်ဖိုး တွက်ချက်ပေးဆောင်ရန် အရေးကြီးပေသည်။ ဒဏ်ရာရခြင်းကြောင့် လျော့နည်းသွားသော တန်ဖိုးနှင့်အညီ အထက်တွင် တင်ပြခဲ့သည့် ပုံစံသုံးခုစလုံးအား ရွေးချယ်ပြုလုပ်နိုင်ပေ၏။

ဗမ္ဗသတ် ။ ။ 'အဲဟ်ရာမ်'ဝတ်ထားသူသည် အမဲလိုက်ခြင်း 'ဟရာမ်'ဖြစ်သော တိရစ္ဆာန်များကို 'ဇဗာဟ်' ပြုလုပ်ပါက ထိုတိရစ္ဆာန်သည် အသေကောင်ကဲ့သို့ပင် ဖြစ်ပေသည်။

ဗမ္ဗသတ် ။ ။ တိရစ္ဆာန်အသတ်ခံရသော နေရာသည် တောဖြစ်ပါက ၄င်းနှင့် အနီးဆုံးရွာ (သို့) မြို့၏ တန်ဖိုးကို သတ်မှတ်တွက်ချက်ရမည်။

ဗမ္ဗသတ် ။ ။ အမဲလိုက်ရာတွင် ညွှန်ပြခြင်း၊ ပြသခြင်း၊ ကူညီခြင်းတို့သည် အမဲလိုက်သကဲ့သို့ 'ဟရာမ်' ဖြစ်၏။

✧✧✧✧✧✧✧✧✧✧✧✧

جَعَلَ اللّٰهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيٰمًا لِّلنَّاسِ
وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلَآئِدَ ۚ ذٰلِكَ لِتَعْلَمُوْٓا اَنَّ اللّٰهَ
يَعْلَمُ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ وَاَنَّ اللّٰهَ بِكُلِّ شَىْءٍ عَلِيْمٌ ﴿٩٧﴾

၅ : ၉၇ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ထူးမြတ်သော အိမ်တော်ဖြစ်သည့် 'ကအ်ဗာဟ်'ကိုလည်းကောင်း၊ ထူးမြတ်သော လများကိုလည်းကောင်း၊ 'ကုရ်ဗာနီ'သားကောင်များကိုလည်းကောင်း၊ (ကုရ်ဗာနီပြုလုပ်ရန်) လည်ပတ်ကြိုး အစရှိသည်တို့ကို ဝတ်ဆင်ထားသော သားကောင်များကိုလည်းကောင်း လူခပ်သိမ်းတို့အဖို့ (သာသနာရေးနှင့် လောကီရေးများ) တည်မြဲစေရန်အကြောင်း ပြုလုပ်ထားတော်မူ၏။ ယင်းကဲ့သို့ ပြုလုပ်တော်မူခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များ၌ ရှိရှိသမျှတို့ကိုလည်းကောင်း၊ သိရှိတော်မူသည်ကို အသင်တို့ ယုံကြည်ကြရန် ဖြစ်သည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

اِعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ وَاَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٩٨﴾

၅ : ၉၈ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အသျှင်မြတ်ဖြစ်ကြောင်းနှင့် ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို အသင်တို့သည် ကောင်းစွာ သိရှိထားကြလေကုန်။

مَا عَلَى الرَّسُولِ إِلَّا الْبَلَٰغُ ۗ وَاللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ ﴿٩٩﴾

၅ : ၉၉ ॥ ॥ ရစူလ်တမန်တော် (မိုဟမ္မဒ်) ၏အပေါ်၌ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို) လူတို့ထံသို့ ပို့ဆောင် (ဟောကြား) ရန်သာ တာဝန်ရှိ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ အထင်အရှား ပြုလုပ်ကြသည်တို့ကို လည်းကောင်း၊ အသင်တို့ လျှို့ဝှက်စွာ ပြုလုပ်ကြသည်တို့ကိုလည်းကောင်း ကောင်းစွာ သိရှိတော်မူပေသည်။

قُل لَّا يَسْتَوِي الْخَبِيثُ وَالطَّيِّبُ وَلَوْ أَعْجَبَكَ كَثْرَةُ الْخَبِيثِ ۚ فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ لَعَلَّكُمْ تُفْلِحُونَ ﴿١٠٠﴾

၅ : ၁၀၀ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ ညစ်ညမ်းသော အရာများ၏ ပေါ်များခြင်းသည် အသင့်အား နှစ်သက်အားရစေကာမူ ထိုညစ်ညမ်းသော အရာများနှင့် သန့်ရှင်းစင်ကြယ်သော အရာများသည် တူနိုင်ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အို၊ အသိဉာဏ်ရှိသူ အပေါင်းတို့၊ အသင်တို့သည် အောင်မြင်မှုကို ရရှိကြရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် ရိုသေသမှုပြုရမည့်နေရာဖြစ်သော 'ကအ်ဗာဟ်' ကျောင်းတော်ကို လူများ၏ ကောင်းကျိုးတည်ရှိရန် အကြောင်းခံအဖြစ် သတ်မှတ်တော်မူခဲ့သည်။ ဤကဲ့သို့ပင် ဂုဏ်ပေးလေးစားရမည့် လများ။ ဤသို့ပင် 'ဟရာမ်' နယ်နိမိတ်အတွင်း ကုရ်ဗာနီပြုရသည့် သားကောင်နှင့် အမှတ်အသားအဖြစ် လည်ပတ်စီးထားသော သားကောင် အစရှိသည်တို့လည်း (လူသား၏ အကျိုးအတွက် အကြောင်းခံအဖြစ် သတ်မှတ်ထားလေသည်။) ဟရာမ်နယ်နိမိတ်အတွင်း 'ဇဗာဟ်' ပြုရခြင်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်မှ သတ်မှတ်ချက်တစ်ရပ် ဖြစ်ပေသည်။ ဤသတ်မှတ်ချက်သည် လောကီအကျိုးအတွက်သာမက သာသနာ့အကျိုးလည်း ရှိနေပေသည်။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပြင်အားလုံးတွင်ရှိသော အရာများကို အပြည့်အဝ သိရှိတော်မူကြောင်း အသင်တို့ အစပြု၍ဖြစ်စေ၊ ပြည့်ဝစွာပင်ဖြစ်စေ အထက်ပါအကြောင်းအရာများဖြင့် အထောက်အထားယူ၍ ယုံကြည်မှသာ အသင်တို့၏ ယုံကြည်ချက်များမှ မှန်ကန်၍ ခိုင်မာသွားပေမည်။ ဤကဲ့သို့ ရေရှည်ကို ရှေးရှု၍ အမိန့်ပညတ်ချက်များ ထားခြင်းသည် လူသား၏ ဦးနှောက်ဖြင့် မစဉ်းစားနိုင်ခြင်းကြောင့် ပညာအရည်အချင်း ပြည့်ဝကြောင်း အထောက်အထားလည်း ဖြစ်ပေသည်။

ဤသို့ ရှိခဲ့သော အကြောင်းအရာများနှင့် ပြည့်ဝသော ပညာရပ်ဖြင့် အထောက်အထားယူ၍ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အရာအားလုံးကို ကောင်းစွာ သိရှိတော်မူကြောင်း ယုံကြည်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် သိရှိချက်များအပေါ် မည်သည့်အရာကမှ သတင်းမပေးထားပေ။ 'အိလ်မေဓာသီ'

(မှုရင်းပညာရပ်) သည် အရာအားလုံးကို သိခြင်းဟူသောအချက်နှင့် တညီတည်းဖြစ်လေသည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ယုံကြည်လက်ခံထားကြသည့်အပြင် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်နှင့် အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မဆန့်ကျင်ကြလေနှင့်။ တစ်ကြိမ်တစ်ခါ ဆန့်ကျင်မိကြလျှင်လည်း ရှရီအသ်၏ ဥပဒေများနှင့်အညီ 'သောင်ဗာဟ်' အမှားဝန်ခံကြလေကုန်။ တမန်တော်မြတ် ﷺ ၏ တာဝန်မှာ ပို့ချပေးရန်သာ ဖြစ်သည်။ ကောင်းမွန်သေချာစွာ တမန်တော်မြတ်မှလည်း ပို့ချပြီးဖြစ်သည်။ ယခု အသင်တို့ မည်သို့မျှ အကြောင်းပြလှည့်ဖြားနိုင်မည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ နှုတ်လျှာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများမှ ပေါ်ထွက်လာသော အရာများနှင့် စိတ်နှလုံးသားအတွင်း ဖုံးကွယ်ထားသော အရာများအားလုံးကို သိတော်မူသော အသျှင်ဖြစ်သည်။ ထို့ကြောင့် အသင်တို့ အတွင်းအပြင် အခြေအနေနှစ်မျိုးစလုံးနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံကြကုန်။ အို့၊ တမန်တော်၊ အသင် ပြောကြားပါလေ။ မသန့်သူနှင့် သန့်ပြန့်သူဟု ဆိုလိုသည်မှာ အပြစ်ကျူးလွန်ခြင်းနှင့် အမိန့်နာခံခြင်း၊ (သို့) အပြစ်ကျူးလွန်သူနှင့် အမိန့်နာခံသူတို့သည် မတူညီနိုင်ပေ။ တစ်ဦးသည် ဆိုးသွမ်း၍ ရွံရှာဖွယ်ရာ ဖြစ်သည်။ အခြားတစ်ဦးသည် ကောင်းမွန်၍ နှစ်မြို့ဖွယ်ရာဖြစ်သည်။ သို့ရှိရာ အမိန့်နာခံ၍ နှစ်မြို့ဖွယ်ရာ ဖြစ်သင့် ပေသည်။ အမိန့်ဖီဆန်၍ မုန်းတီးဖွယ်ရာ မဖြစ်သင့်ပေ။ အို့၊ ရှင်မြင်သူအပေါင်းတို့၊ အသင်တို့သည် လောကတွင် အများအားဖြင့် မသန့်ရှင်းမှု များပြားစွာဖြစ်နေခြင်းကို တွေ့ရှိနေရသည့်အတွက် အံ့သြဖွယ်ရာ ဖြစ်နေပေသည်။ မနှစ်မြို့ဖွယ်ရာဖြစ်နေပါလျက် အဘယ်ကြောင့် များပြားသနည်း။ ဤသို့ များပြားရခြင်းမှာ အကြောင်းခံတစ်ခုကြောင့် ဖြစ်သည်။ များပြားခြင်းကြောင့် ကောင်းသည်ဟု မဆိုနိုင်ပေ။ အရေအတွက် များပြားခြင်းအပေါ် မည်သည့်အချက်မှ မူတည်မှု မရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ သိခြင်းနှင့် အပြစ်ဒဏ်များကို သိရှိပြီးနောက် အထက်ပါအချက်ကို ဂရုမမူလေနှင့်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်မှုပြုခြင်းမှ ကြောက်ရွံ့နေပါ။ သို့မှသာ အသင်တို့ အပြည့်အဝ အောင်မြင်မှုရရှိကြပေလိမ့်မည်။ ထိုအောင်မြင်မှုသည် 'ဂျန္နသ်' နှင့် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှုပင် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အေးချမ်းသာယာစေသည့် အကြောင်းခံ (၄) ခု

ပထမအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် အရာ (၄) ခုကို လူသားများ သိရှိရန်နှင့် အေးချမ်းသာယာစေသော အကြောင်းခံဟု တင်ပြခဲ့၏။ ပထမအရာမှာ 'ကအ်ဗာဟ်' ဖြစ်၍ 'ကအ်ဗာဟ်' ဟူသော စာလုံးသည် အာရဗီစာပေတွင် လေးထောင့်အဆောက်အဦးကို ခေါ်ဆိုပေသည်။ အာရပ်တွင် ခဆ်အွမ်မျိုးနွယ်ဝင်များ တည်ဆောက်ထားသော အဆောက်အဦးတစ်ခုသည်လည်း ဤအမည်နာမပင် တပ်ထား၏။ ၄င်းပြင် 'ကအ်ဗာဟ်အေယမာနီယာ' ဟု ခေါ်ဆိုသည်။ ထို့ကြောင့် 'ဗိုင်သွလ်လာဟ်' ကို

ထို 'ကအ်ဗာဟ်'ဖြင့် ခွဲခြား၍ 'ကအ်ဗာဟ်'ဟူသော စာလုံးနှင့်အတူ 'ဗိုင်သွလ်ဟရာမ်'ဟူသော စာလုံး သုံးခဲ့၏။ قيام နှင့် قوام သည် ကြိယာနာမ်ဖြစ်၍ အရာဝတ္ထုများ တည်ရှိရန် မူတည်သော နေရာကို ခေါ်ဆိုသည်။ ထို့ကြောင့် قِيَامًا لِلنَّاسِ ၏ အဓိပ္ပာယ်မှာ 'ကအ်ဗာဟ်'နှင့် 'ကအ်ဗာဟ်'၏ အနီးအနားရှိသူများ တည်ရှိရန် အကြောင်းခံ ဖြစ်လေသည်။ نَاس ဟူသော စာလုံးသည် အဘိဓါန်တွင် လူသားအားလုံးအတွက် သုံးနှုန်းထားသည်။ ဤနေရာတွင် ဒေသ၏ အကြောင်းခံကြောင့် သီးသန့်မက္ကာဟ်မြို့သားများ (သို့) အာရဗ် နိုင်ငံသားများဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ လောကရှိ လူသားများလည်း ဖြစ်နိုင်သည်။ အပေါ်ယံ အားဖြင့် ကြည့်မည်ဆိုလျှင် တစ်လောကလုံးရှိ လူသားများလည်း ပါဝင်ပေသည်။ သို့သော် မက္ကာဟ်နှင့် အာရဗ်များအတွက် ထူးခြားမှုတစ်ခု ရှိပေသည်။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ 'အလ္လာဟ် အသျှင်မြတ်သည် 'ကအ်ဗာဟ်'၊ 'ဗိုင်သွလ္လာဟ်'နှင့် ရှေ့တွင် တင်ပြမည့်အရာများကို တစ်လောကလုံးရှိ လူသားများသိရှိရန်နှင့် အေးချမ်းသာယာစေသော အကြောင်းခံအဖြစ် ဖန်ဆင်းခဲ့၏။ လောက၏ နိုင်ငံတိုင်း၊ နေရာတိုင်းနှင့် အရပ်ရှစ်မျက်နှာရှိ လူတို့သည် 'ဗိုင်သွလ္လာဟ်'ဘက်သို့ မျက်နှာလှည့်၍ နမာဇ်ဝတ်ပြုနေကြ သည့်တိုင်နှင့် 'ဗိုင်သွလ္လာဟ်'သို့ 'ဟဂျ်'ပြုနေသမျှ ကာလပတ်လုံး အေးချမ်းသာယာမှုနှင့် တည်မြဲမှု ရှိနေ ပေမည်။ 'ဟဂျ်'ပြုသည်ဟုဆိုရာတွင် 'ဟဂျ်ဖွရဓ်'ဖြစ်သူကို ဆိုလိုသည်။ အကယ်၍ တစ်နှစ်တွင် တစ်ဦး တစ်ယောက်မှ 'ဟဂျ်'မပြုပါက (သို့) တစ်ဦးတစ်ယောက်မှ 'ဗိုင်သွလ္လာဟ်'ဘက်သို့ မျက်နှာမူ၍ နမာဇ် ဝတ်မပြုပါက တစ်လောကလုံးအပေါ် 'အဇာဗ်'ကျရောက်လေမည်။

'ကအ်ဗာဟ်'၊ 'ဗိုင်သွလ္လာဟ်' သည် တစ်လောကလုံး၏ မဏ္ဍိုင်ဖြစ်ခြင်းအကြောင်း

ဤအကြောင်းအရာကို သဖ်စီရ်ပညာရှင် ဟဇရသ်အသွာ (ရဟ) သခင်က အောက်ဖော်ပြပါ စာလုံးများဖြင့် တင်ပြထားလေသည်။

لَوْ تَرَكُوْهُ عَامًا وَاحِدًا لَمْ يَنْظُرُوْا وَلَمْ يُؤَخَّرُوْا

၎င်းမှ သိရှိရသည်မှာ 'ဗိုင်သွလ္လာဟ်'သည် တစ်လောကလုံး၏ မဏ္ဍိုင်ဖြစ်သည်။ 'ဗိုင်သွလ္လာဟ်'ဘက် သို့ မျက်နှာမူခြင်းနှင့် 'ဟဂျ်'ပြုခြင်း ဖြစ်တည်နေသမျှ ကာလပတ်လုံး လောကကြီး တည်တံ့နေပေမည်။ အကယ်၍ တစ်ချိန်ချိန်တွင် 'ကအ်ဗာဟ်'ကျောင်းတော်အား ဤကဲ့သို့ ရိုသေလေးစားမှု မရှိတော့ပါက လောကကြီးကိုလည်း ဖျက်ဆီးပစ်မည်သာ ဖြစ်သည်။ လောက၏ အစီအစဉ်များသည် 'ကအ်ဗာဟ် ဗိုင်သွလ္လာဟ်'နှင့် မည်သို့ ဆက်နွယ်ပတ်သက်နေပါသနည်းဟုဆိုလျှင် သံလိုက်နှင့် သံအမှိုက်စကို လျှပ် စီးခြင်းတို့၏ ဇစ်မြစ်ကို မည်သူမှ မသိနိုင်သကဲ့သို့ 'ကအ်ဗာဟ်'နှင့် လောက၏ ဆက်စပ်မှုကိုလည်း သိရန် အရေးမကြီးပေ။ သံလိုက်နှင့် လျှပ်စီးခြင်းသည် အမှန်တကယ်ဖြစ်သည့်အတွက် တွေ့မြင်ရခြင်း ကြောင့် မည်သူမှ မငြင်းဆိုနိုင်ပေ။ 'ကအ်ဗာဟ်'နှင့် လောက၏ အစီအစဉ်များနှင့် အချင်းချင်း ပတ်သက်မှု၏

ဖစ်မြစ်ကို လူသားများ သိရှိနိုင်စွမ်း မရှိပေ။ ဤအချက်ကို တစ်လောကလုံးကို ဖန်ဆင်းတော်မူသော အသျှင်မှ ပြသမှသာလျှင် ဖြစ်နိုင်ပေမည်။ 'ကအ်ဗာဟ်'၊ 'ဗိုင်သွလ္လာဟ်' သည် လောကတစ်ခုလုံး တည်ရှိရန် အကြောင်းခံဖြစ်ခြင်းမှာ မပေါ်လွင်သော အရာဖြစ်၍ အပေါ်ယံအမြင်ဖြင့် မတွေ့ရှိနိုင်ပေ။ သို့သော် ဤအချက်ကို အာရဗ်နှင့် မက္ကာဟ်မြို့သားတို့သည် ရှည်လျားသော အတွေ့အကြုံ အဖြစ်အပျက်များအပေါ် မူတည်၍ သိရှိကြကုန်သည်။

'ကအ်ဗာဟ်'ကျောင်းတော် တည်ရှိခြင်းသည် တစ်လောကလုံး အေးချမ်းသာယာရန် အကြောင်းခံဖြစ်ခြင်း

တစ်လောကလုံး၏ အေးချမ်းသာယာစေသည့် ပုံစံမှာ အုပ်ချုပ်သူများ၏ ဥပဒေနှင့် ချုပ်ကိုင်မှုစနစ်တို့ဖြင့် ဖြစ်သည်။ ဤအချက်ဖြင့် ဓါးပြ၊ သူခိုး လူသတ်သမားတို့ ရဲတင်းစွာ မပြုလုပ်နိုင်ကြပေ။ သို့သော် အာရဗ်တို့သည် အမိုက်ခေတ်တွင် စနစ်တကျ အုပ်ချုပ်မှုအဖွဲ့လည်း မရှိ။ လူအများ အေးချမ်းသာယာစေရန် ဥပဒေလည်း မရှိ။ နိုင်ငံတော်အုပ်ချုပ်ရာတွင်လည်း မျိုးနွယ်စုများအပေါ်၌သာ မူတည်၏။ မျိုးနွယ်စုတစ်ခုသည် အခြား မျိုးနွယ်စုတစ်ခု၏ အသက်စည်းစိမ်ဥစ္စာနှင့် အရှက်တရားအားလုံးတို့ကို လိုသလို ရန်မူနိုင်၏။ ထို့ကြောင့် မျိုးနွယ်စုတစ်ခုအတွက် မည်သည့်အချိန်အခါမှ အေးချမ်းမှုမရနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်ဖြင့် မက္ကာဟ်မြို့တော်တွင် 'ကအ်ဗာဟ်'ကျောင်းတော်ကို အုပ်ချုပ်မှု၏ ကိုယ်စားအဖြစ် ထားရှိ၍ အေးချမ်းသာယာစေလေသည်။ အုပ်ချုပ်ရေးအဖွဲ့၏ ဥပဒေကို အသိဉာဏ်ရှိသူသည် မဆန့်ကျင်ရဲသကဲ့သို့ 'ကအ်ဗာဟ်'ကျောင်းတော်ကိုလည်း အမိုက်ခေတ်မှပင် ရိုသေလေးစားစိတ်ကို လူများ၏ နှလုံးသားထဲ၌ ပြင်းပြင်းထန်ထန် ထည့်ပေးထားတော်မူ၏။ 'ကအ်ဗာဟ်'ကျောင်းတော်၏ ရိုသေသမှုတွင် လူတို့သည် မိမိတို့၏ စိတ်အလိုရမ္မက်အားလုံးကို ကျော်ခိုင်းခဲ့ကြ၍ အာရဗ်တို့သည် အမိုက်ခေတ်တွင် စစ်သွေးကြွသူများ မျိုးနွယ်တွင် အစွဲအလန်းကြီးသူများအဖြစ် တစ်လောကလုံးတွင် ပမာပေးခြင်းခံရသူများဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် 'ကအ်ဗာဟ်'ကျောင်းတော်နှင့် ပတ်သက်သည်များ၏ ရိုသေလေးစားမှုကို လူတို့၏ နှလုံးသားအတွင်း အပြည့်အဝ ထည့်ထားသည့်အတွက် အသက်၏ ရန်သူ (သို့) အပြင်းထန်ဆုံးဖြစ်မှုကျူးလွန်သူသည် 'ကအ်ဗာဟ်'ကျောင်းတော်တွင်းသို့ ဝင်ရောက်သွားလျှင် အလွန်တရာ ဒေါသထွက်လင့်ကစား မည်သို့မျှ မပြောဆိုနိုင်ပေ။ 'ဟရာမ်'အတွင်းတွင် အဖေသတ်သူကို သားကတွေ့လျှင် သားသည် မျက်လွှာချ ထွက်ခွာသွားပေသည်။ ဤသို့ပင် 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'ပြုလုပ်ရန် ထွက်ခွာလာသူ၊ (သို့) 'ဟရာမ်'နယ်နိမိတ်အတွင်း 'ကုရ်ဗာနီ'ပြုလုပ်ရန် ယူဆောင်လာသော သားကောင်ကို အာရဗ်တို့သည် အလွန်ပင် လေးစားသည့်အတွက် ဆိုးသွမ်းဆုံးသော သူပင်လျှင် ဤဖော်ပြခဲ့သည်တို့ကို မည်သို့မျှ မထိခိုက်စေပါ။ 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'၏ အမှတ်အသားဖြစ်သော 'အဟ်ရာမ်' (သို့) လည်စွဲ ချည်နှောင်ထားသော တိရစ္ဆာန် အစရှိသည်တို့ကို အသက်၏ ရန်သူပင်ဖြစ်လင့်ကစား မည်သို့မျှ တိုက်ခိုက် ပြောဆိုမှု မပြု။ ဟိဂ်ျရီ (၆) ခုနှစ်တွင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့၏ အုပ်စုတစ်စုသည် 'အဲဟ်ရာမ်'ဝတ်ဆင်၍

'အွမ်ရာဟ်'ပြုလုပ်ရန် 'ဗိုင်သွလ္လာဟ်'ဘက်သို့ ထွက်ခွာခဲ့လေသည်။ 'ဟရာမ်' နယ်နိမိတ်အနီးမှ 'ဟိုဒိုင်ဗီယာ' မည်သော နေရာတွင် စခန်းချတော်မူ၍ ဟဒရေသ်အွတ်စ်မားန်ကို ဆွဟာဗာအချို့နှင့်အတူ မက္ကာဟ်မြို့သို့ စေလွှတ်လေသည်။ မက္ကာဟ်မြို့၏ ခေါင်းဆောင်များကို ဤသို့ ပြောကြားပါလေ။

ယခုအချိန်တွင် မွတ်စလင်မ်များသည် စစ်တိုက်ရန်လာခြင်းမဟုတ်ဘဲ 'အွမ်ရာဟ်'လုပ်ရန် လာခြင်း ဖြစ်သည့်အတွက် အတားအဆီးမလုပ်သင့်ပေ။ ထိုအခါ ကိုရိုက်ရှ်ခေါင်းဆောင်များက အချင်းချင်းညှိနှိုင်းပြီး နောက် မိမိတို့၏ ကိုယ်စားလှယ်တစ်ဦးကို တမန်တော်မြတ် ﷺ ထံ စေလွှတ်လေသည်။ တမန်တော်မြတ် ﷺ ထိုသူကိုတွေ့လျှင် ဤသူသည် 'ဟရာမ်'နယ်နိမိတ်၏ တားမြစ်ချက်များကို အထူးတလည် ဂရုပြုသူဖြစ်၏။ ထို့ကြောင့် ကုရ်ဗာနီပြုမည့် နိမိတ်လက္ခဏာပါရှိသော သားကောင်များအား ၎င်းအား ပြသပါလေဟု မိန့်၏။ ထိုသူသည် ဤ 'ကုရ်ဗာနီ'ပြုမည့် တိရစ္ဆာန်များကို မြင်တွေ့၍ မုချကေန် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာများကို 'ကအ်ဗာဟ်'ကျောင်းတော်သို့ သွားရောက်ခြင်းမှ လုံးဝ မတားသင့်ဟု ဝန်ခံ၏။

အချုပ်ဆိုရသော် ရိုသေလေးစားထိုက်သော 'ဟရာမ်'ကျောင်းတော်၏ ရိုသေမှုကို အလ္လာဟ်အသျှင် မြတ်သည် လူတို့၏ နှလုံးသားထဲ၌ အမိုက်ခေတ်မှပင် ထည့်ပေးထားသည့်အတွက် အေးချမ်းသာယာမှု တည်ရှိနေသည်။ ထိုရိုသေသမှု၏ ရလဒ်မှာ 'ဟရာမ်ရှရီးဖ်'အတွင်းသို့ သွားသူများနှင့် 'ဟဂ်ျအွမ်ရာဟ်' အတွက် သွားရောက်သူများ၊ ၎င်းပြင် 'ဟဂ်ျ'၏ အမှတ်အသားရှိသူများသာလျှင် အေးချမ်းသာယာမှုရ၏။ တစ်လောကလုံးရှိ လူများအတွက် အေးချမ်းသာယာမှု၏ အကျိုးအမြတ်ကို မခံစားနိုင်ပါ။ ဤသို့ပင် 'ဟဂ်ျ'၏ လများကိုပင် သီးခြား ရိုသေလေးစားကြ၏။ ထိုလများကို 'အရှ်ဟုရသေ့ဟုရွမ်'ဟု ခေါ်သည်။ အချို့သည် 'ရဂျဗ်'လကိုပင် 'အရှ်ဟုရသေ့ဟုရွမ်'ဟု သတ်မှတ်၍ ထိုလများတွင် 'ဟရာမ်'၏ နယ်နိမိတ်အပြင်၌ပင် သတ်ဖြတ်ခြင်းကို အာရဗ်တို့က 'ဟရာမ်'ဟု သတ်မှတ်၍ ရှောင်ကြဉ်ကြသည်။

ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်တွင် قِيَامًا لِّلنَّاسِ ဖြစ်ရာ 'ကအ်ဗာဟ်'နှင့်အတူ အချက် (၃) ချက်ကိုလည်း ပေါင်းစပ်ဖော်ပြထားသည်။

ပထမအချက်မှာ الشَّهْرُ الْحَرَامُ ဖြစ်သည်။ ဆိုလိုသည်မှာ 'ဂုဏ်ပေးလေးစားရမည့်လ' ဖြစ်သည်။ ဤနေရာတွင် 'ရှဟ်ရွန်'ဟူသော စာလုံးကို တစ်လတည်း ဖော်ပြသည့် စာလုံးဖြစ်သည့်အတွက် သဖ်စီရ်ပညာ ရှင်အများစုက ဤနေရာတွင် 'ရှဟ်ရေဟရာမ်' ၏ အလိုသဘောမှ 'ဇိလ်ဟဂ်ျလ' ဖြစ်သည်။ ဤလတွင် 'ဟဂ်ျ'၏ လုပ်ငန်းဆောင်တာများ ကျင့်ဆောင်ရသည်။ အချို့ပညာရှင်များက တစ်လတည်းကိုသာ ဖော်ပြသည့် စာလုံးဖြစ်သော်လည်း အမျိုးအစားကို ဖော်ပြသည့် အလိုသဘောဖြစ်သည်။ ထို့ကြောင့် ရိုသေ လေးစားရမည့် လအားလုံး ထိုအထဲတွင် ပါဝင်လေသည်။

ဒုတိယချက်မှာ هدى ဖြစ်၏။ 'ဟဒီ'ဆိုသည်မှာ 'ဟရာမ်'နယ်နိမိတ်အတွင်း 'ကုရ်ဗာနီ'ပြုမည့် သားကောင်ကို ခေါ်ဆိုလေသည်။ အာရဗ်တို့၏ဓလေ့ထုံးစံမှာ ဤကဲ့သို့သော သားကောင်မျိုးရှိလျှင် မည်သို့မျှ

မပြောဆိုပေ။ ထိုသူသည် အေးချမ်းသာယာစွာ ခရီးထွက်၍ မိမိတို့၏ လိုအပ်ချက်များကို တောင်းခံနိုင်သည်။ ထို့ကြောင့် 'ဟဒီ'သားကောင်သည်လည်း အေးချမ်းသာယာမှုရှိရန် အကြောင်းခံဖြစ်သည်။

တတိယအချက်မှာ إيلاف ဖြစ်၍ إيلاف သည် آلاف ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ လည်စွပ်ဟု အဓိပ္ပာယ်ရသည်။ အမိုက်ခေတ်တွင် အာရဗ်တို့၏ဓလေ့မှာ 'ဟဂ်ျ'ခရီးထွက်လျှင် မိမိ၏ လည်ပင်း တွင် အမှတ်အသားအနေဖြင့် လည်စွပ်တစ်ခုကို စွပ်လေ့ရှိသည်။ သို့မှသာ လူတို့ တွေ့မြင်၍ ဤသူ'ဟဂ်ျ'အတွက် သွားနေသည်ဟု သိရှိကာ ဒုက္ခတစ်စုံတစ်ရာ ပေးကြတော့မည်မဟုတ်ပေ။ ဤသို့ပင် 'ကုရ်ဗာနီ'ပြုလုပ်မည့် တိရစ္ဆာန်၏ လည်ပင်းတွင် လည်စွပ်စွပ်ပေးကြ၏။ ဤသည်ကို 'ကာလအိဒ်'ဟု ခေါ်ဆိုသည်။ ထို့ကြောင့် 'ကလာအိဒ်'သည်လည်း အေးချမ်းသာယာမှုရစေရန် အကြောင်းခံဖြစ်၏။ အကယ်၍ စဉ်းစားကြည့်ရှုမည်ဆိုလျှင် ဤအရာ (၃) ခု 'ရှဟ်ရေဟရာမ်'၊ 'ဟဒီ'၊ 'ကလာအိဒ်' အစရှိသည်တို့အားလုံးသည် 'ဗိုင်သွလ္လာဟ်' နှင့် ပတ်သက်မှုရှိနေသည်။ ဤအရာများကို ရိုသေလေးစားခြင်းသည် 'ကအ်ဗာဟ်'ကျောင်းတော်၏ ရိုသေလေးစားခြင်းဖြစ်၏။ အချုပ်ဆိုရသော် 'ကအ်ဗာဟ်'နှင့် 'ကအ်ဗဟ်'၏ ပတ်သက်သော အရာများကို အလ္လာဟ်အသျှင်မြတ်သည် တစ်လောကလုံးရှိ လူသားများအတွက် အာရဗ်နှင့် မက္ကာဟ်မြို့သားများ အထူး လောကီလောကုတ္တရာနှစ်ခုစလုံး တည်ရှိရန်အတွက် သတ်မှတ်ပေးခဲ့၏။

قِيَامًا لِّلنَّاسِ ၏ အကျယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ အချို့ပညာရှင်များက အလိုသဘော တင်ပြထားသည်မှာ 'ဗိုင်သွလ္လာဟ်'နှင့် 'ဟရာမ်'နယ်နိမိတ်သည် အေးချမ်းသာယာသော နယ်နိမိတ်ဖြစ်သည်။ အချို့ပညာရှင်များက စာလုံး၏ အဓိပ္ပာယ်မှာ ဤမြေပြင်မှာ မည်သည့်ပစ္စည်းမျှ မပေါက်ရောက်သော်လည်း အလ္လာဟ်အသျှင်မြတ်သည် တစ်လောကလုံးရှိ ပစ္စည်းများကို ထိုနေရာသို့ ပို့ဆောင်ခြင်းဖြင့် စားနပ်ရိက္ခာ ပေါကြွယ်ဝသည်ဟု ဆိုသည်။ အချို့ပညာရှင်များက မက္ကာဟ်မြို့သားများကို 'ကအ်ဗာဟ်'ကျောင်းတော်ကို ထိန်းသိမ်း စောင့်ရှောက်သူများဖြစ်သဖြင့် လူကောင်းများဟု ယူဆ၍ အမြဲတစေ ၎င်းတို့ကို ရိုသေသမှု ပြုကြ၏။

قِيَامًا لِّلنَّاسِ သည် ဤထူးခြားသည့် ဂုဏ်ပေးလေးစားမှုကို ဆိုလိုသည်ဟု ဆို၏။ အေမာမ် အဗ်ဒွလ္လာဟ်ရာဇီ (ရဟ) သခင်က ဤအဆိုများသည် မည်သို့မျှ ကွဲလွဲမှုမရှိပေ။ قِيَامًا لِّلنَّاسِ ၏ အလိုသဘောတွင် ဤအရာများအားလုံး ပါဝင်၏။ အလ္လာဟ်အသျှင်မြတ်သည် 'ကအ်ဗာဟ်'ကျောင်းတော်ကို လူသားအားလုံး အေးချမ်းသာယာစွာ တည်ရှိရန်နှင့် သက်ရှင်နေထိုင်ရာတွင် ပြုပြင်မှုနှင့် အောင်မြင်ရရန် အကြောင်းခံဖြင့် ဖန်ဆင်းခဲ့၏။ အာရဗ်များနှင့် မက္ကာဟ်မြို့သားများကို ဤ 'ဗရ်ကသ်'မင်္ဂလာများအား အထူးတလည် အပေါ်ယံအားဖြင့်သော်လည်းကောင်း၊ အတွင်းပိုင်းအားဖြင့်သော်လည်းကောင်း ချီးမြှင့်ခဲ့၏။

အာယသ်တော်၏ အဆုံးတွင် မိန့်တော်မူထားသည်မှာ-

ذَالِكَ لِتَعْلَمُوْٓا اَنَّ اللّٰهَ يَعْلَمُ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ وَاَنَّ اللّٰهَ بِكُلِّ شَىْءٍ عَلِيْمٌ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် 'ကအ်ဗာဟ်'ကျောင်းတော်ကို ၎င်းနောက် ထို 'ကအ်ဗာဟ်' ကျောင်းတော်နှင့် ပတ်သက်သည်များကို လူသားများ အေးချမ်းသာယာစွာ တည်ရှိစေရန်အတွက် ဖန်ဆင်းခဲ့သည်ကို အာရဗ်တို့ အထူးတလည် သိရှိခဲ့ပေသည်။ ဤသို့ မိန့်ရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီနှင့် မိုးကောင်းကင်ရှိ အရာအားလုံးကို အပြည့်အဝ သိရှိကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်သာလျှင် စီမံကြောင်းကို လူတို့အားလုံး သိရှိရန်ဖြစ်သည်။

ဒုတိယအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

اِعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ وَاَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်သော 'အဇားဗ်'ပေးတော်မူသော အသျှင် ဖြစ်၍ အလွန်တရာ ခွင့်လွှတ်သနားကြင်နာတော်မူသော အသျှင်ဖြစ်ကြောင်း အသင်တို့ မှတ်ယူကြကုန်။

အာယသ်တော်အတွင်း တင်ပြထားသည်မှာ 'ဟရာမ်'၊ 'ဟလာလ်'ဟု ပညတ်ထားသော အရာများသည် အမြော်အမြင်ရှိခြင်းနှင့် ကောင်းကျိုးကို ရှေးရှုပေသည်။ ဤပညတ်ချက်များကို နာခံခြင်း၌သာလျှင် အသင်တို့အတွက် ကောင်းသည်။ ဆန့်ကျင်ဘက်ပြုလုပ်ခြင်းသည် ပြင်းထန်သော ဆိုးကျိုးများနှင့် 'အဇားဗ်' အပြစ်ဒဏ်သာဖြစ်ပေမည်။ လူသားဖြစ်ခြင်းကြောင့် မေ့မှား၍ ဖြစ်မှုကျူးလွန်လိုက်လျှင် အလ္လာဟ်အသျှင်မြတ်သည် ချက်ချင်း အပြစ်မပေးဘဲ အမှားဝန်ခံ၍ အရှက်တရားထားရှိသူများအတွက် ခွင့်လွှတ်ခြင်း၏ တံခါးပေါက် ဖွင့်ထားခြင်းကိုလည်း တင်ပြထား၏။

တတိယအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

مَا عَلَى الرَّسُوْلِ اِلَّا الْبَلٰغُ وَاللّٰهُ يَعْلَمُ مَا تُبْدُوْنَ وَمَا تَكْتُمُوْنَ

ဆိုလိုသည်မှာ ငါအသျှင်၏ ရစူလ်၏ တာဝန်မှာ အမိန့်ပညတ်ချက်များကို လူသားများအထိ ပို့ချပေးရန်သာ ဖြစ်သည်။ လက်ခံခြင်း၊ လက်မခံခြင်းအပေါ် မူတည်၍ ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မည်ဖြစ်သည်။ ၎င်းတို့ လက်ခံခြင်းဖြင့် ငါအသျှင်မြတ်၏ ရစူလ်သည် မည်သို့မှ ထိခိုက်မည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်ကို မည်သူမှ လှည့်ဖြားနိုင်မည်မဟုတ်ကြောင်းနှင့် ထိုအသျှင်မြတ်သည် အသင်တို့၏ အတွင်းအပြင် ပေါ်လွင်သော၊ ဖုံးထားသော အရာအားလုံးကို သိရှိကြောင်း အသင်တို့ မှတ်ယူပါလေ။

စတုတ္ထအာယသ်တော်အတွင်း၌ မိန့်တော်မူထားသည်မှာ-

بَلْ لَا يَسْتَوِى الْخَبِيْثُ وَالطَّيِّبُ

ဟူ၍ ဖြစ်သည်။ အာရဗီစကားတွင် طَيِّبْ နှင့် خَبِيثٌ သည် ဆန့်ကျင်ဘက်စာလုံးနှစ်ခု ဖြစ်သည်။ 'သွိုက်ယိဗ်'ဆိုသည်မှာ ကောင်းမွန်သော အရာဟူသမျှကို ခေါ်ဆို၍ 'ခဗီးဗ်'ဆိုသည်မှာ မကောင်းသော အရာဟူသရွေ့ကို ခေါ်ဆိုသည်။ ပညာရှင်အများစုထံ၌ ဤအာယသ်တော်ရှိ 'ခဗီးဗ်'၏ အလိုသဘောသည် 'ဟရာမ်'နှင့် မသန့်သောအရာများကို ခေါ်ဆိုသည်။ 'သွိုက်ယိဗ်'ဆိုသည်မှာ 'ဟလာလ်'နှင့် သန့်ပြန့်သော အရာများကို ခေါ်ဆိုပေသည်။ သို့ရှိရာ အာယသ်တော်၏အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အသိဉာဏ်ရှိသူများထံ၌လည်း သန့်ခြင်းမှ မသန့်ခြင်း၊ 'ဟလာလ်'နှင့် 'ဟရာမ်'သည် မည်သို့မျှ မတူညီ နိုင်ပေ။ ဤနေရာတွင် 'ခဗီးဗ်'နှင့် 'သွိုက်ယိဗ်'သည် မိမိ၏ အဓိပ္ပာယ်ကျယ်ဝန်းမှုအရ 'ဟရာမ်'နှင့် 'ဟလာလ်'ပစ္စည်းဥစ္စာ လူကောင်းနှင့် လူဆိုး၊ ကောင်းသော ကျင့်ဆောင်မှုနှင့် မကောင်းသော ကျင့်ဆောင်မှုများ၊ ကောင်းသော စာရိတ္တနှင့် မကောင်းသောစာရိတ္တ စသည်တို့ ပါဝင်လေသည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှ အသိဉာဏ်ရှိသူအဖို့ မွန်မြတ်ခြင်းနှင့် ဆိုးသွမ်းခြင်း၊ ကောင်းခြင်းနှင့် မကောင်းခြင်းမှာ တူညီနိုင်မည်မဟုတ်ပေ။ ဤသဘာဝတရား၏ ဥပဒေနှင့်အညီ အလ္လာဟ့်ထံပါးတွင် 'ဟလာလ်'နှင့် 'ဟရာမ်' သန့်သည့်အရာနှင့် မသန့်သည့်အရာ တူညီနိုင်မည်မဟုတ်ပေ။ ဤသို့ပင် ကောင်းသော ကျင့်ဆောင်မှုနှင့် မကောင်းသော ကျင့်ဆောင်မှု၊ ကောင်းသော စာရိတ္တနှင့် မကောင်းသော စာရိတ္တ၊ မွန်မြတ်သူနှင့် ဆိုးသွမ်းသူ မတူညီကြောင်း ပေါ်လွင်ပေသည်။

ဆက်လက်၍ မိန့်တော်မူသည်မှာ-

وَلَوْ اَعْجَبَكَ كَثْرَةُ الْخَبِيْثِ

ဆိုလိုသည်မှာ အချို့အခြေအနေများတွင် မကောင်းမှုနှင့် ဆိုးသွမ်းမှုကိုသာ အများအပြား တွေ့မြင်ရသည့်အတွက် တွေ့မြင်သူများ ရှိန်သွားလေသည်။ အနီးနားတွင် မကောင်းမှုများ ပျံ့နှံ့လွှမ်းမိုးနေသည့်အတွက် ထိုအရာများကိုပင် အကောင်းဟု ယူဆနေကြပေသည်။ သို့သော် ဤထင်မြင်ယူဆချက်သည် လူသားများ၏ အသိပညာတွင် ရောဂါရှိခြင်းနှင့် ခံစားချက်အားနည်းခြင်းတို့ကြောင့် ဖြစ်၏။

အာယသ်တော်ကျရောက်လာပုံ

အာယသ်တော်၏ ကျရောက်လာပုံနှင့် ပတ်သက်၍ အချို့ဆင့်ပြန်ချက်များတွင် ဤသို့ လာရှိထားသည်။ အစ္စလာမ်သာသနာတော်သည် အရက်ကို 'ဟရာမ်'သတ်မှတ်၍ ရောင်းဝယ်မှုကို တားမြစ်လိုက်သောအခါ အရက်ရောင်းသူတစ်ဦးသည် ထိုဝင်ငွေဖြင့် ပစ္စည်းဥစ္စာများ စုဆောင်းထားလိုက်သည်။ တမန်တော်မြတ် ﷺ အား 'အို့၊ အလ္လာဟ်အသျှင်မြတ်၏ ရရူလ်၊ အရက်ရောင်းရငွေဖြင့် စုဆောင်းထားသော ပစ္စည်းဥစ္စာများကို ကောင်းသောလမ်းတွင် အသုံးပြုမည်ဆိုလျှင် ကျွန်ုပ်အတွက် အကျိုးရှိမည်လော'ဟူ၍ လျှောက်ထားမေးမြန်းလေသည်။ တမန်တော်မြတ် ﷺ က အကယ်၍ အသင် ထိုငွေများကို 'ဟဂ်ျ' (သို့) 'ဂျိဟာဒ်' အစရှိသည်တို့တွင် အသုံးပြုပါက အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် ခြင်ကောင်တစ်ကောင်၏ အတောင်

တစ်ဖက်ခန့်မျှပင် တန်ဖိုးမရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် သန့်ပြန့်၍ 'ဟလာလ်' ပစ္စည်းမှလွဲ၍ မည်သည့် ပစ္စည်းကိုမျှ လက်မခံပေ။ 'ဟရာမ်' ပစ္စည်းများ ဤကဲ့သို့ သိက္ခာမဲ့စေခြင်းသည် နောင်တမလွန်ကို ထောက်ရှု၍ ဖြစ်သည်။ အကယ်၍ အသေအချာဆန်းစစ်ကြည့်ခြင်းနှင့် ကိစ္စရပ်အားလုံး၏ အဆုံးကို ကြည့်လျှင် လောက၏ စီးပွားရေးဟူသမျှတွင်လည်း 'ဟလာလ်' ပစ္စည်းသည် အကျိုးများ၍ ကောင်းသော ရလဒ်များနှင့် စစ်မှန်သည့် အေးချမ်းသာယာမှု ရရှိစေခဲ့သည်။ ဤအချက်သည် 'ဟရာမ်' ပစ္စည်းတွင် မရှိပေ။

ဒုရ်ရေမန်စူးအမည်ရှိ သဖ်စီရ်ကျမ်းတွင် အိဗ်နေဟာသင်မ်ထံမှ ဆင့်ပြန်ထားသည်မှာ သာဗေအီနဲ ခေတ်မှ ခလီဖာဟ်ဟာရေသ် အွမရ် ဗင်န် အဗ်ဒွလ်အဇီးဇ်သည် ယခင်ခလီဖာဟ်များခေတ်က သတ်မှတ်ခဲ့သည့် မပိုင်သော အခွန်များကို ပိတ်ပြစ်ခဲ့သည်။ မပိုင်သည့်ပုံစံဖြင့် သိမ်းပိုက်ခဲ့သော ပစ္စည်းများကို ပြန်လည် ပေးအပ်ခဲ့၏။ ထို့ကြောင့် နိုင်ငံတော် ဘဏ္ဍာငွေ ကုန်ခန်းသွားခဲ့၏။ ဝင်ငွေလည်း အလွန်နည်းသွား၏။ သို့ရှိရာ တိုင်းတစ်တိုင်း၏ အုပ်ချုပ်သူမှ 'နိုင်ငံတော်ဘဏ္ဍာသို့ ဝင်ငွေအလွန်နည်းပါးသွားပြီဖြစ်သည်။ အုပ်ချုပ်မှု ယန္တရားအား မည်သို့ လည်ပတ်မည်ကို စိုးရိမ်ရပါသည်' ဟု စာရေးသားခဲ့၏။ ဟဇရေသ် အွမရ် အိဗ်နေအဗ်ဒွလ် အဇီးဇ်သည် ၎င်းစာ၏ အဖြေတွင် ဤအာယသ်တော်ကို ရေးသားထားလိုက်၏။

لَايَسْتَوِى الْخَبِيْثُ وَالطَّيِّبُ وَلَوْ اَعْجَبَكَ كَثْرَةُ الْخَبِيْثُ

ဆက်လက်၍ အသင်တို့ အရင်းရှိသူများသည် ညဦးပန်းနိုပ်စက်၍ မတရားသဖြင့် စုဆောင်းထားသော ဘဏ္ဍာငွေများသာ ဖြစ်၏။ ဤသည်နှင့် ဆန့်ကျင်၍ အသင်တို့ တရားမျှတစွာဖြင့် မိမိတို့၏ ဘဏ္ဍာငွေများကို လျှော့ချပါ။ ငါတို့၏ အုပ်ချုပ်မှုကို ဤမျှနည်းပါးသော အတိုင်းအတာကို ဖြစ်နိုင် မဖြစ်နိုင်ဟု ဂရုမစိုက်လေနှင့်' ဟု ဖြေကြားလိုက်၏။

ဤအာယသ်တော်သည် အဖြစ်အပျက်တစ်ခုအတွက် ကျရောက်ခဲ့သော်လည်း အရေအတွက် အနည်းအများသည် မည်သို့မှမဟုတ်ဘဲ နည်းခြင်းများသည် ကောင်းခြင်း၊ ဆိုးခြင်းကို မတိုင်းတာနိုင်ပေ။ လူသားများကို ရေတွက်၍ (၅၁) နှင့် (၄၉) ကို ယှဉ်ပြီး မှန်ကန်မှု၏ အတိုင်းအတာဟူ၍ မပြောဆိုနိုင်ပေ။ သို့သာမက လောက၏ အဆင့်အတန်းရှိ လူတို့အပေါ် ဆင်ခြင်သုံးသပ်ကြည့်လျှင် တစ်လောကလုံးတွင် ကောင်းမှု၏ အရေအတွက်နည်းပါး၍ မကောင်းမှု၏ အရေအတွက် များပြားနေသည်ကို တွေ့ရပေသည်။ အိမာန်နှင့်ယှဉ်လျှင် 'ကုဖွရ်'၊ 'သက္ကဝါ'၊ 'သွဟာရသ်'၊ ဟဘာသာရေးကိုင်းရှိုင်းခြင်း'၊ သစ္စာရှိခြင်းတို့နှင့် ယှဉ်လျှင် ဆိုးသွမ်းရိုင်းစိုင်းမှု၊ တရားမျှတခြင်းနှင့် ယှဉ်လျှင် ညဦးပန်းနိုပ်စက်မှု၊ ပညာနှင့် ယှဉ်လျှင် ပညာမဲ့ခြင်း၊ အသိဉာဏ်နှင့်ယှဉ်လျှင် အသိဉာဏ်မဲ့ခြင်းများ သာပို၍ များပြားနေသည်ကို တွေ့ရပေမည်။ ထို့ကြောင့် အရာဝတ္ထု (သို့) အုပ်စုတစ်စု၏ များပြားခြင်းသည် ကောင်းခြင်း (သို့) မှန်ကန်ခြင်းအပေါ် ယတိပြတ် အထောက်အထားမဟုတ်ကြောင်း သေချာသွားပေသည်။ ထို့ပြင် အရာဝတ္ထုတစ်ခု၏ ကောင်းခြင်းသည် ထိုအရာနှင့် ထိုအုပ်စု၏ ပင်ကိုယ်အခြေအနေအပေါ် မူတည်နေပေသည်။ အခြေအနေနှင့် အရည်အသွေး ကောင်းလျှင် ပစ္စည်းကောင်း၍ မကောင်းလျှင် ထိုပစ္စည်းလည်း မကောင်းပေ။ ကုရ်အာန် ကျမ်းတော်မြတ်သည် ဤအချက်ကို

وَلَوْ اَعْجَبَكَ كَثْرَةُ الْخَبِيْثِ

ဟူသော စာလုံးများဖြင့် ရှင်းလင်းတင်ပြထား၏။

အစ္စလာမ်သာသနာသည် အရေအတွက်များပြားခြင်းကို အချို့နေရာများ၌ ဆုံးဖြတ်ချက်အဖြစ် သတ်မှတ်ထား၏။ အထောက်အထားအား ကောင်းခြင်းနှင့် ပင်ကိုယ်အရည်အချင်းရှိခြင်းကို အချိန်ထုတ်၍ ဆုံးဖြတ်ချက်ချနိုင်မည့်သူ မရှိသော နေရာမျိုး၌ လူတို့၏ ပြဿနာများ ငြိမ်းချမ်းစေရန်အတွက် အရေအတွက်များပြားခြင်းကို ဦးစားပေးထားသည်။ ဥပမာ– အိမာမ်ခန့်အပ်ခြင်းကိစ္စရပ် ဖြစ်သည်။ နေရာတစ်ခုတွင် ဆုံးဖြတ်ချက်ချရန် တစ်ဦးတစ်ယောက်မရှိလျှင် အများဆန္ဒဖြင့် ခန့်အပ်ရန် ပြဿနာကင်းငြိမ်းစေရန်အတွက် လုပ်ပိုင်ခွင့်ပြုထားသည်။ လူအများ ရွေးချယ်ထားသော အရာသည်သာ 'ဟလာလ်'ပြုပိုင်၍ အမှန်သာ ဖြစ်သည်ဟူသော သဘော လုံးဝမဟုတ်ပေ။ အာယသ်တော်၏ အဆုံးတွင် မိန့်တော်မူထားသည်မှာ–

فَاتَّقُوا اللّٰهَ يَا اُولِى الْاَلْبَابِ

ဆိုလိုသည်မှာ အို၊ အသိဉာဏ်ရှိသူတို့၊ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ အရာတစ်ခု အရေအတွက်များပြားခြင်းကြောင့် နှစ်သက်ဖွယ်ဖြစ်ခြင်း၊ (သို့) များပြားခြင်းကို နည်းခြင်းနှင့် ယှဉ်၍ မှန်ကန်သည့် အတိုင်းအတာဖြစ်သည်ဟု သတ်မှတ်ခြင်းသည် ဉာဏ်အမြော်အမြင်ရှိသူများ၏ အလုပ်မဟုတ်ကြောင်း ရည်ညွှန်းထား၏။ ထို့ကြောင့် အသိဉာဏ်ရှိသူများကို ဤမှားယွင်းသည့် လုပ်ရပ်မှ တားမြစ်ရန် အတွက် فَاتَّقُوا اللّٰهَ ဟု မိန့်တော်မူထား၏။

◇◇◇◇◇◇◇◇◇◇◇◇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَسْـَٔلُوْا عَنْ اَشْيَآءَ اِنْ
تُبْدَ لَكُمْ تَسُؤْكُمْ ۚ وَاِنْ تَسْـَٔلُوْا عَنْهَا حِيْنَ يُنَزَّلُ الْقُرْاٰنُ تُبْدَ
لَكُمْ ؕ عَفَا اللّٰهُ عَنْهَا ؕ وَاللّٰهُ غَفُوْرٌ حَلِيْمٌ ﴿١٠١﴾

၅ : ၁၀၁ ။ ။ အို၊ မုအ်မင်နံသက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (နဗီတမန်တော်မြတ်ထံ မဖွယ်မရာသော) အကြောင်းအရာများနှင့် စပ်လျဉ်း၍ လျှောက်ထားမေးမြန်းခြင်း မပြုကြကုန်နှင့်။ အကယ်၍ ယင်းအကြောင်းအရာများကို အသင်တို့အား ထုတ်ဖော်ပြောပြပါလျှင် အသင်တို့အဖို့ မနှစ်မြို့ဖွယ်ရာ ဖြစ်ချေမည်။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်နေစဉ်ကာလ၌ လျှောက်ထားမေးမြန်းကြပါမူ ထို (အကြောင်း) အရာများသည် အသင်တို့ ရှေ့ဝယ် ထုတ်ဖော်ပြောပြခြင်း ခံရမည်သာဖြစ်၏။ ယင်းသို့သော အရာများနှင့် စပ်လျဉ်း၍ (အတိတ်) ကာလတွင် မေးမြန်း ခဲ့ကြသည်များကိုမူ အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်တော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

قَدْ سَأَلَهَا قَوْمٌ مِّن قَبْلِكُمْ ثُمَّ أَصْبَحُوا بِهَا كَافِرِينَ ﴿١٠٢﴾

[၅ : ၁၀၂] ။ ။ ယင်းကဲ့သို့သော အကြောင်းအရာများကို အသင်တို့အလျင် ရှေးယခင်ကတည်းက ရှိခဲ့ကြသော သူတို့သည်လည်း မေးမြန်းခဲ့ဘူးကြလေသည်။ သို့သော်လည်း ၎င်းတို့သည် ယင်း၏ အကြောင်းအရာများကို မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။

مَا جَعَلَ اللَّهُ مِن بَحِيرَةٍ وَلَا سَائِبَةٍ وَلَا وَصِيلَةٍ وَلَا حَامٍ ۙ وَلَٰكِنَّ الَّذِينَ كَفَرُوا يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ ۖ وَأَكْثَرُهُمْ لَا يَعْقِلُونَ ﴿١٠٣﴾

[၅ : ၁၀၃] ။ ။ အလ္လာဟ်အသျှင်မြတ်သည် မည်သည့် 'ဗဟီရဟ်'၊ 'စာအိဗဟ်'၊ 'ဝဆီလဟ်'နှင့် မည်သည့် 'ဟာမီ'ကိုလည်း (ရှရီအသ်တရားတော်တွင်) ပြဋ္ဌာန်းတော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန် လုပ်ကြံ၍ မုသားစကားကို ပြောဆိုကြလေသည်။ အမှန်စင်စစ် ၎င်းတို့အနက် များစွာသော သူတို့သည် အသိဉာဏ်ကင်းမဲ့ကြလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ထိုအကျိုးမရှိသော စကားများကို မမေးကြလေနှင့်။ အကယ်၍ အသင်တို့ကို ပေါ်လွင်ထင်ရှားစွာ ပြသလိုက်ပါက အသင်တို့ မနှစ်မြို့ဖွယ်ရာဖြစ်နိုင်လျှင် ဆိုလိုသည်မှာ အဖြေသည် အသင်တို့နှင့် ဆန့်ကျင်နေလျှင် အသင်တို့ မနှစ်မြို့ဖွယ်ရာဖြစ်ပေလိမ့်မည်။ အသင်တို့ ကုရ်အာန်ကျမ်းမြတ် ကျရောက်နေသည့်အချိန်တွင် မေးသောကြောင့် အသင်တို့ကို ပေါ်လွင်စွာ ဖြေကြားခြင်း ခံရနိုင်ပေသည်။ ဆိုလိုသည်မှာ မေးမြန်းခြင်းဖြင့် ဤဒုတိယအချက် အဖြေရမည်လည်း ဖြစ်နိုင်ပေသည်။ အဖြေရပြီးနောက် ပထမအချက် မနှစ်မြို့ဖွယ်ရာလည်း ဖြစ်နိုင်သည်။ ဤဖြစ်နိုင်ချေနှစ်ချက်သည် ခြုံငုံရန်၊ မေးခွန်းမထုတ်ရန် တားမြစ်ချက်၏ အကြောင်းခံဖြစ်နိုင်သည်။ သို့ရှိရာ ဤသို့ မေးခွန်းထုတ်ခြင်း တားမြစ်ရခြင်းသည် အမှန်ပင် ဖြစ်ပေသည်။ ဤအချိန်အထိ မေးခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်ပြီးဖြစ်သည်။ သို့သော် ရှေ့ဆက်၍ မမေးလေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင် ဖြစ်သည့်အတွက် တင်ပြပြီးခဲ့သည့် မေးခွန်းများကို မေးသည့်အတွက် ၎င်းပြင် အလွန်တရာ ခံနိုင်ရည်ရှိတော်မူသော အသျှင်လည်း ဖြစ်တော်မူသည်။ ထို့ကြောင့် အကယ်၍ ရှေ့တွင် အမိန့်တော်နှင့် ဆန့်ကျင်ပါက လောကတွင် အပြစ်မပေးသည့်အတွက် နောင်တမလွန်တွင်လည်း အပြစ်ဒဏ် မတိုက်ဟု လွဲမှားစွာ မထင်မှတ်လေနှင့်။ ဤကဲ့သို့သော စကားရပ်များကို အသင်တို့အလျင် ခေတ်ရှိ အုမ္မသ်များသည် မိမိတို့၏ နဗီတမန်တော်များကို မေးမြန်းခဲ့ကြသည်။ အဖြေရသည့်အပေါ် ထိုစကားရပ်များကို မလိုက်နာခဲ့ကြပေ။ ဆိုလိုသည်မှာ ထိုအဖြေများတွင် ပါဝင်သည့် အမိန့်ပညတ်ချက်များနှင့်အညီ

မကျင့်ဆောင်ခဲ့ကြပေ။ ထိုအဖြေများတွင် ပါဝင်သည့် အဖြစ်အပျက်များသည် ၎င်းတို့အပေါ် မည်သို့မျှ သက်ရောက်မှု မဖြစ်ခဲ့ပေ။ သို့ရှိရာ အသင်တို့လည်း ဤသို့ မဖြစ်ရန် အရေးကြီး၏။ ထို့ကြောင့် ဤသို့ မေးခွန်းများ မထုတ်ခြင်းသည် အကောင်းဆုံးသာ ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် 'ဗဟီရာ'၊ 'စာအေဗာ'၊ 'ဟာမီ' အစရှိသည်တို့ကို ရှရီအသ်တရားတော်တွင် သတ်မှတ်ထားခြင်း မရှိ။ သို့သော် ကာဖိရ်တို့သည် ဤဓလေ့ထုံးစံကဏ္ဍတွင် အလ္လာဟ်အသျှင်မြတ်သည် ဤလုပ်ရပ်များကို ကျေနပ်နှစ်သက်သည်ဟု လိမ်လည်စွပ်စွဲပြောဆိုကြသည်။ ကာဖိရ်အများစုတို့သည် သာသနာ့အသိပညာ မရှိချေ။ မိမိ၏ အသိဉာဏ်ဖြင့် မစဉ်းစားဘဲ ရှေးလူကြီးများ၏ လုပ်ရပ်များကို ကြည့်ပြီး ဤသို့ ပညာမဲ့သည့် လုပ်ရပ်များ ပြုလုပ်ကြ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မလိုအပ်ဘဲ မေးမြန်းခြင်း၏ တားမြစ်ချက်

အချို့သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မလိုအပ်ဘဲ နက်နဲမှုနှင့် ပင်လယ်ထဲတွင် အပ်ရှာသကဲ့သို့ အချည်အနှီးအလုပ်ကို ဝါသနာပါကြသည်။ အမိန့်မပေးသည်များကိုလည်း မလိုအပ်ဘဲ မေးမြန်းကြသည့်အတွက် ဤကဲ့သို့ မေးခွန်းများကြောင့် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့နိုင်ခြင်း၊ (သို့) လျှို့ဝှက်သည့်ကိစ္စရပ်များ ဖော်ထုတ်ခံရခြင်းကြောင့် သိက္ခာကျရခြင်းများဖြစ်နိုင်ကြောင်း လမ်းညွှန်ထား၏။

အာယသ်တော်၏ ကျရောက်ပုံ

အထက်ပါအာယ်တော်များ၏ ကျရောက်ပုံမှာ မွတ်စ္စလင်မ်ကျမ်း၏ ဖော်ပြချက်နှင့်အညီ ဆင့်ပြန်ချက်မှာ ဤသို့ ဖြစ်၏။ 'ဟဂ်ျဖရွဇ်'၏ အမိန့် ကျရောက်လာသောအခါ ဆွဟာဗာကြီး အကာရာအ် ဗင်န် ဟာဗစ် ﷺ သခင်က မေးမြန်းသည်မှာ နှစ်စဉ် ကျွန်တော်တို့ 'ဟဂ်ျဖွရဇ်' ဖြစ်ပါသလော။ တမန်တော်မြတ် ﷺ က အဖြေမပေးသည့်အတွက် ထပ်မံမေးမြန်းပြန်သော တမန်တော်မြတ်သည် နှုတ်ဆိတ်နေခဲ့၏။ တတိယအကြိမ် ထပ်မံမေးမြန်းသောအခါ စိတ်ဆိုးတော်မူ၍ သတိပေး မိန့်တော်မူသည်။ အကယ်၍ အသင်၏ အဖြေတွင် ငါကိုယ်တော်မှ နှစ်စဉ် 'ဟဂ်ျဖွရဇ်' ဖြစ်ပါသည်ဟု ဖြေလိုက်လျှင် တရားတော်အရ ဤအတိုင်း အတည်ဖြစ်သွားမည်ဖြစ်သည်။ အသင်တို့ကို အမိန့်မပေးသည်များနှင့် ပတ်သက်၍ ဤအတိုင်းပင် ထားရှိပါလေ။ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေ၍ မမေးမြန်းလေနှင့်။ ဤသို့ များပြားစွာ မေးမြန်းသည့်အတွက် အသင်တို့ အလျင် အုမ္မသ်များသည် ပျက်စီးဆုံးရှုံးခဲ့ကြပြီးဖြစ်၏။ အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်မှ 'ဖွရဇ်' မသတ်မှတ်ထားသော အရာများကို အသင်တို့မေးမြန်း၍ 'ဖွရဇ်'ဖြစ်အောင် မပြုလိုက်ကြလေနှင့်။ ထို့နောက် အမိန့် ဗီဆန်မှုတွင် ယစ်မူးသွားကြ၏။ အသင်တို့၏ တာဝန်မှာ အမိန့်ပေးသော အလုပ်ကို အတိုင်းအတာနှင့်အညီ ပြည့်ဝစွာ ထမ်းဆောင်၍ တားမြစ်ထားသော အရာများကို လွှတ်လိုက်ရမည်ဖြစ်သည်။ အလိုသဘောမှာ အမိန့်တစ်စုံတစ်ရာ မပေးသော ကိစ္စရပ်များကို ရှာဖွေစူးစမ်းမှု မပြုလေနှင့်ဟူ၍ ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ နောက် နဗီဖြစ်ခြင်းနှင့် 'ဝဟီ' ကျရောက်ခြင်း ပြီးဆုံးခြင်း

အထက်ပါအာယသ်တော်များတွင်

اِنْ تَسْئَلُوا عَنْهَا حِيْنَ يُنَزَّلُ الْقُرْآنُ تُبْدَ لَكُمْ

ဟူသော ဝါကျကို ဖြည့်စွက်မိန့်မြွက်ထားသည့်အတွက် အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်သော ခေတ်ကာလတွင် အသင်တို့ ဤကဲ့သို့ မေးခွန်းများ မေးမြန်းပါလေ။ 'ဝဟီ'ဖြင့် အဖြေရရှိမည့်ဖြစ်သည်။ ဤဝါကျတွင် ကျမ်းမြတ်ကုရ်အာန် ကျရောက်သော ခေတ်ကာလဟု သတ်မှတ်လိုက်သည့်အတွက် ကုရ်အာန်ကျမ်းတော်မြတ် ပြည့်စုံစွာ ကျရောက်ပြီးနောက် နဗီဖြစ်ခြင်းနှင့် 'ဝဟီ'ကျခြင်း ရပ်တန့်သွားမည်ဟူသော အချက်ကို ရည်ညွှန်းလေသည်။ နဗီတော်ဖြစ်ခြင်း ပြီးဆုံးခြင်းနှင့် 'ဝဟီ'ကျရောက်ခြင်း ရပ်တန့်သွားပြီးနောက် ဤကဲ့သို့ မေးခွန်းများ ထုတ်ခြင်းသည် အမိန့်သစ်ကျရောက်၍ 'ဖွရ်ဇ်'မဖြစ်သော အရာများသည် 'ဖွရ်ဇ်'ဖြစ်လာခြင်း၊ (သို့) 'ဝဟီ'ဖြင့် လျှို့ဝှက်ချက်များ ပေါ်ထွက်လာခြင်း အစရှိသည်တို့ ဖြစ်လာရန် အကြောင်းမရှိတော့ပေ။ သို့သော် မလိုအပ်ဘဲ လုပ်ကြံဖန်တီး၍ မေးမြန်းစူးစမ်းခြင်း၊ (သို့) မလိုအပ်သည့် အရာများနှင့် ပတ်သက်၍ မေးမြန်းခြင်း အစရှိသည်တို့သည် နဗီဖြစ်ခြင်း ပြတ်တောက်ပြီးနောက်လည်း မကောင်းသည့်အတွက် တားမြစ်ထားသော အရာများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ရပ်များဖြင့် မိမိနှင့် အခြားသူများ၏ အချိန်ကို ဖြုန်းတီးရာရောက်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

مِنْ حُسْنِ الْمَرْءِ تَرْكُهُ مَالَا يَعْنِيْهِ

'မွတ်စ္စလင်မ်၏ ကောင်းခြင်းသည် မလိုအပ်သော ကိစ္စရပ်များကို စွန့်လွှတ်ခြင်းဖြစ်သည်။ ဤဟဒီးစ်တော်အရ သိရသည်မှာ မြောက်မြားစွာသော မွတ်စ္စလင်မ်တို့သည် လုံးဝမလိုအပ်သော ကိစ္စရပ်များကို စူးစမ်းနေကြ၏။ ဥပမာ- တမန်တော်မူစာ عليه السلام ၏ အမေအမည်မှာ မည်သူနည်း။ တမန်တော်နူးဟ် عليه السلام ၏ လှေအရှည်နှင့် အကျယ်အဝန်းမှာ မည်မျှနည်း။ ဤမေးခွန်းများသည် လူသားများ၏ ကျင့်စဉ်များအပေါ် မည်သို့မှ အကျိုးမရှိနိုင်သည့်အတွက် မကောင်းသော လုပ်ရပ်များသာ ဖြစ်သည်။ အထူးသဖြင့် ဤကဲ့သို့ မေးခွန်းထုတ်သူများကို အများအားဖြင့် အရေးကြီးလိုအပ်သော သာသနာရေးပိုင်းဆိုင်ရာ ဓမ္မသတ်များကို မသိသောသူများ ဖြစ်၏။ အကျိုးမဲ့သော လုပ်ရပ်များတွင် နစ်မွန်းသူများ၏ရလဒ်မှာ အရေးကြီးသော လုပ်ငန်းရပ်များမှ လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။ ဖိကာဟ်ပညာရှင်များသည် မိမိတို့ကိုယ်တိုင် မြောက်မြားစွာသော ပုံစံများကို စဉ်းစားတွေးခေါ်၍ ဓမ္မသတ်မေးခွန်းများထုတ်ပြီး ၎င်း၏ အမိန့်ပညတ်ချက်များကို တင်ပြခဲ့ကြ၏။ သို့ရှိရာ ဤလုပ်ရပ်များကို မလိုအပ်သော လုပ်ရပ်များဟုမခေါ်ဆိုနိုင်ပေ။ ရှေ့တွင် ဖြစ်ပျက်ခဲ့သည့် အရာများက မျိုးဆက်သစ်အတွက် လိုအပ်သော ကိစ္စရပ်များဖြစ်သည်ဟု ညွှန်ပြပြောဆိုနေသည်။ ထို့ကြောင့် ဖိကာဟ်ပညာရှင်များသည် ဤလုပ်ရပ်များကို အပိုဖြစ်၍ အချည်းအနှီးလုပ်ရပ်များဟု မဆိုနိုင်ပေ။ ပညာ (သို့) ကျင့်ဆောင်ခြင်း၊ အလုပ် (သို့) ပြောဆိုခြင်းတို့တွင် ဘာသာရေး (သို့) လောကီရေးတွင်

အကျိုးတစ်စုံတစ်ရာ မရှိပါက ထိုလုပ်ငန်းရပ်တွင် နစ်မွန်း၍ အချိန်မဖြုန်းရဟု အစ္စလာမ်သာသနာ၏ လမ်းညွှန်ချက်များတွင် လမ်းညွှန်ချက်တစ်ရပ်ဖြစ်၏။

بَحِيْرَة နှင့် سَائِبَة တို့အကြောင်း

'ဗဟီရာ'၊ 'ဆာအေဗာ'၊ 'ဝစီလာ'၊ 'ဟာမီ' ဤတိရစ္ဆာန်အားလုံးတို့သည် အမိုက်ခေတ်၏ ဓလေ့ထုံးစံများနှင့် ပတ်သက်၍ သဖ်စီရ်ပညာရှင်များထံတွင် ၎င်းတို့နှင့် ပတ်သက်၍ ရှင်းလင်းချက်များတွင် အကွဲအလွဲများစွာ ရှိ၏။ စာလုံးတိုင်း၏ အလိုသဘောသည် ပုံစံမျိုးစုံ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်စာရေးသူမှ စအီးဒ်ဗ်နေ မုဆိုင်ယစ်ဗ်၏ ရှင်းလင်းချက်ကို ဘုခါရီကျမ်းမှ ဆင့်ပြန်တင်ပြထား၏။

بَحِيْرَة နို့ကို ရုပ်တုများ၏ အမည်ဖြင့် စွန့်လှူထား၍ အလုပ်မခိုင်းသော တိရစ္ဆာန်ကို ခေါ်ဆို၏။

سَائِبَة ကျွန်ုပ်တို့ခေတ်တွင် နွားသိုးများကို ရုပ်တုများ၏ အမည်ဖြင့် ဘေးမဲ့လွှတ်ထားသကဲ့သို့ လွှတ်ထားသော တိရစ္ဆာန်ကို ခေါ်ဆိုပေသည်။

حَامِى အရေအတွက် အတိုင်းအတာတစ်ခုအထိ သားစပ်ထားသော ကုလားအုတ်အထီးကို ရုပ်တုများ၏ အမည်ဖြင့် ဘေးမဲ့လွှတ်ထားသော တိရစ္ဆာန် (ကုလားအုတ်) ကို ခေါ်ဆိုသည်။

وَصِيلَة အမသာ အစဉ်အမြဲ မွေးပြီး အထီးမွေးခြင်းမရှိသော ကုလားအုတ်မကို ရုပ်တုများ၏ အမည်ဖြင့် ဘေးမဲ့လွှတ်ထားသော တိရစ္ဆာန် (ကုလားအုတ်မ) ကို ခေါ်ဆိုသည်။

ဤအရာများသည် ရှုရစ်က်လုပ်ရပ်များသာ ဖြစ်သည်။ တရားတော်အရ နို့နှင့် အစီးအနင်း အစရှိသည်တို့ဖြင့် အကျိုးယူခြင်းကို အလ္လာဟ်အသျှင်မြတ် ခွင့်ပြုထား၏။ ဤတိရစ္ဆာန်များနှင့် ပတ်သက်သော 'ဟလာလ်'၊ 'ဟရာမ်' သတ်မှတ်ခြင်းကို မိမိတို့ဘက်မှ ပြုလုပ်ပါက ရှရီအသ်၏ ဖန်တီးရှင်များဟု မိမိကိုယ်ကိုမိမိ သတ်မှတ်ရာရောက်သည်။ ၎င်းအပြင် မိမိတို့၏ ဤမှုရှစ်ရစ်က် ဓလေ့ထုံးစံများကို အလ္လာဟ်အသျှင်မြတ် နှစ်သက်၍ အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်စေမည့်အရာများဟု ထင်မြင်ယူဆခြင်းသည် အလွန်ဆိုးယုတ်ရက်စက်သော အရာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤထုံးထမ်းစဉ်လာများကို သတ်မှတ်ထားခြင်း မဟုတ်ဘဲ ၎င်းတို့၏ အကြီးအကဲများကို အလ္လာဟ်အသျှင်မြတ်အပေါ် လိမ်လည်စွပ်စွဲခဲ့ကြသည်ကို အသိဉာဏ်မရှိသော လူထုက လက်ခံလိုက်ကြကြောင်း အဖြေပေးထား၏။ အချုပ်ဆိုရသော် ဤနေရာတွင် မလိုအပ်ဘဲ မေးမြန်း၍ ရှရီအသ်၏ အမိန့်ပညတ်ချက်များကို ကျဉ်းမြောင်းခက်ခဲအောင် ပြုလုပ်ခြင်းသည် အပြစ်ရှိသည်ထက် ရှရီအသ်မှ ပညတ်မထားသော ကိစ္စရပ်များကို မိမိသဘောဆန္ဒဖြင့် 'ဟရာမ်'၊ 'ဟလာလ်' သတ်မှတ်ခြင်းသည် ပို၍ ကြီးလေးသော 'ဂိုနာဟ်' ဖြစ်ကြောင်း သတ်မှတ်ထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا قِيلَ لَهُمْ تَعَالَوْا إِلَىٰ مَا أَنزَلَ اللَّهُ وَإِلَى الرَّسُولِ قَالُوا
حَسْبُنَا مَا وَجَدْنَا عَلَيْهِ آبَاءَنَا ۚ أَوَلَوْ كَانَ آبَاؤُهُمْ لَا يَعْلَمُونَ
شَيْئًا وَلَا يَهْتَدُونَ ﴿١٠٤﴾

၅ : ၁၀၄ ။ ။ စင်စစ် ၎င်းတို့အား ‘အသင်တို့သည် အလ္လာဟ်အသျှင်မြတ် ထုတ်ပြန်ချမှတ်တော်မူခဲ့သော အမိန့်တော်များနှင့် ရစူလ်တမန်တော်ဘက်သို့ လာကြလေကုန်’ ဟူ၍ ပြောဆိုသောအခါ ၎င်းတို့က ‘ကျွန်ုပ်တို့အဖို့ အကြင်လမ်းစဉ်သည် လုံလောက်ပေသည်။ ထိုလမ်းစဉ်အပေါ်၌ ကျွန်ုပ်တို့သည် မိမိတို့၏ အဖ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား တွေ့ရှိခဲ့ကြသည်’ ဟူ၍ ဖြေကြားလေသည်။ အကယ်၍ ၎င်းတို့၏ အဖ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနားမလည်ကြသည့်အပြင် (ကောင်းကင်ကျ) မည်သည့်တရားလမ်းမှန်ကိုမျှ မရရှိကြသဖြင့် (၎င်းတို့၏ အဖ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ လမ်းစဉ်သည် ၎င်းတို့အဖို့) လိုက်နာရန် လုံလောက်ပါသလော။ အလျှင်းမလုံလောက်ပေ။

يَا أَيُّهَا الَّذِينَ آمَنُوا عَلَيْكُمْ أَنفُسَكُمْ ۖ لَا
يَضُرُّكُم مَّن ضَلَّ إِذَا اهْتَدَيْتُمْ ۚ إِلَى اللَّهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم
بِمَا كُنتُمْ تَعْمَلُونَ ﴿١٠٥﴾

၅ : ၁၀၅ ။ ။ အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်ကိုသာ မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်သာလျှင် ပူပန်ကြလေကုန်။ အသင်တို့သည် တရားလမ်းမှန်အတိုင်း (မတိမ်းစောင်း) လိုက်နာလျက်ရှိကြသည်ဖြစ်ပါမူ၊ တရားလမ်းမှားသော သူသည် အသင်တို့အား (မည်သို့မျှ) အကျိုးယုတ်နစ်နာစေနိုင်ကြမည်မဟုတ်ပေ။ အသင်တို့အားလုံးသည် (နောက်ဆုံးတွင်) အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့သာလျှင် ပြန်ကြရမည်ဖြစ်ပေရာ ထိုအသျှင်မြတ်သည် အသင်တို့ပြုမူခဲ့သမျှတို့ကို အသင်တို့အား အသိပေးတော်မူပေမည်။

အာယသ်တော်များ၏ ဆက်နွယ်မှု

အထက်တွင် မိရိုးဖလာ ကိုးကွယ်သည့် ကာဖိရ်များ၏ ပညာမဲ့မှုကို တင်ပြထား၏။ ၎င်းတို့၏ များပြားသော ပညာမဲ့မှုများကို မုအ်မင်န်များ နားထောင်၍ ဝမ်းနည်းပူဆွေးကြသည်။ ထို့ကြောင့် ရှေ့တွင် မုအ်မင်န်များနှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ အသင်တို့ အဘယ့်ကြောင့် ဝမ်းနည်းပူဆွေးနေပါသနည်း။ အသင်တို့ မိမိကိုယ်ကို ပြုပြင်၍ အခြားသူများကို တတ်နိုင်သည်ခန့် ပြုပြင်ပေးရန် အမိန့်ပေးထား၏။ ကြိုးပမ်းမှုအပေါ် အကျိုးသက်ရောက်မှုသည် အသင်တို့၌ စွမ်းဆောင်နိုင်မှု မရှိပေ။ ထို့ကြောင့် ကိုယ်အလုပ်ကိုယ်လုပ်ပြီး အခြားသူများ အလုပ်မလုပ်နှင့်ဟူသော ဆိုရိုးကားအပေါ် ကျင့်သုံးကြပါ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ အသျှင်မြတ် အမိန့်ပေးခြင်းခံရသူ ရစူလ်ဘက်သို့ အာရုံစိုက်ကြကုန်။ တမန်တော်မြတ်မှ အမှန်ဟုပြောဆိုလျှင် အမှန်ဟု လက်ခံကြ၍ အမှားဟု ပြောဆိုလျှင်လည်း အမှားဟု လက်ခံကြပါဟု ပြောဆိုသော် အသင်တို့ ဤအမိန့်ပညတ်ချက်များနှင့် စေတမန်ကို ကျွန်တော်မျိုးတို့ မလိုအပ်ပါ။ ကျွန်ုပ်တို့၏ အကြီးအကဲများထံတွင် တွေ့ရသော ပုံစံသာ လုံလောက်သည်ဟု ပြောဆိုလေသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ ၎င်းတို့သည် ဤအခြေအနေတိုင်းအတွက် လုံလောက်ပါသလော။ ၎င်းတို့၏ အကြီးအကဲများသည် သာသနာ့အသိလည်း မရှိကြသည့်အပြင် ကောင်းကင်ကျကျမ်းဂန်တစ်စောင်၏ လမ်းညွှန်မှုလည်း မရှိပေ။ အို၊ အီမာန်ယုံကြည်သူအပေါင်းတို့၊ မိမိတို့ ပြုပြင်မှုအတွက်သာ သောကထားကြကုန်။ ဤသည် အသင်တို့၏ မူရင်းစစ်မြစ်တာဝန် ဖြစ်သည်။ အခြားသူများ၏ ပြုပြင်မှုနှင့် ပတ်သက်၍ အသင်တို့ တတ်နိုင်သရွေ့ ကြိုးပမ်းကြပါ။ အခြားသူများအပေါ် ထိရောက်မှုမရှိလျှင် သောက မဖြစ်ကြလေနှင့်။ အသင်တို့ သာသနာအပေါ် လျှောက်လှမ်းနေခြင်းနှင့် သာသနာ၏ အရေးကြီးသော အချက်များကို လုပ်ဆောင်နေခြင်းဖြင့် မိမိကိုယ်ကို ပြုပြင်မှုများ ပြုလုပ်လျက်ရှိပေသည်။ အခြားသူများကို ပြုပြင်ရန်လည်း ကြိုးပမ်းနေလေသည်။ သို့ရှိရာ အသင်တို့ ကြိုးပမ်းလင့်ကစား လမ်းမှားရောက်သူသည် ၎င်း၏ လမ်းမှားရောက်မှုကြောင့် အသင်တို့ မည်သို့မှ ထိခိုက်မှုမရှိပေ။ ပြုပြင်ရာတွင် အတိုင်းအတာထက် ပို၍ ပူဆွေးသောကရောက်ခြင်းကို တားမြစ်ထားပေသည်။ ဤသို့ပင် တရားလမ်းမှန်ရခြင်းမှ မျှော်လင့်ချက်ကင်းမဲ့သွားသော ပုံစံ အမျက်ဒေါသထွက်၍ လောကတွင်ပင် ၎င်းအပေါ် အပြစ်ဒဏ်များ ကျရောက်ခြင်းအပေါ် မျှော်လင့်ချက်ထားခြင်းကိုလည်း တားမြစ်ထား၏။ အဘယ်ကြောင့်ဆိုသော် အမှန်နှင့် အမှား အပြည့်အဝ ဆုံးဖြတ်ရန်မှာ နောင်တမလွန်၌သာ ဖြစ်သည်။ သို့ရှိရာ အသင်တို့အားလုံး အလ္လာဟ်အသျှင်မြတ် ထံတော်ပါး၌သာ သွားရမည်ဖြစ်သည်။ အသင်တို့ ပြုလုပ်ခဲ့သည့်များကိုလည်း ပြသပြီးဖြစ်သည်။ အမှန်တရားအပေါ် အကျိုးစဝါးမ်နှင့် လမ်းမှားအပေါ် အပြစ်ဒဏ်၏ အမိန့်ပညတ်ချက်များကို ချမှတ်မည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်၏ ကျရောက်ပုံ

အမိုက်ခေတ်၏ ဓလေ့ထုံးစံများတွင် ရှေးထုံးမပယ်ခြင်းသည်လည်း တစ်ခုဖြစ်၏။ ဤလုပ်ရပ်သည် မကောင်းသည့်အရာတိုင်းနှင့် နစ်မွန်းနေ၍ ကောင်းမှုတို့မှ လက်လွှတ်ဆုံးရှုံးစေသည်။ ဒွရ်ရေမန်ဆူးလ်ကျမ်းတွင် အိဗ်နေအဘီဟာသင်မ်ထံမှ ဆင့်ပြန်တင်ပြထားသည်မှာ ၎င်းကာဖိရ်များထံမှ နဖူးစာကောင်းသူသည် အမှန်တရားကို လက်ခံ၍ မွတ်စလင်မ်ဖြစ်သွားပါက ထိုသူကို အသင်သည် မိမိ၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များကို အသိဉာဏ်မဲ့သူများဟု ယူဆ၍ ၎င်းတို့၏ လမ်းစဉ်ကို စွန့်လွှတ်ကာ အခြားလမ်းစဉ်ကို ရွေးချယ်ခဲ့သည်ဟု အရှက်ရအောင် ပြောဆိုကြ၏။ ၎င်းတို့၏ ထပ်ဆင့်လမ်းမှားခြင်းကို အခြားအာယသ်တော်ဖြင့် ဤသို့ မိန့်ခြွေထား၏။

وَاِذَا قِيْلَ لَهُمْ تَعَالَوْا اِلٰى مَآ اَنْزَلَ اللّٰهُ وَاِلَى الرَّسُوْلِ قَالُوْا حَسْبُنَا مَا وَجَدْنَا عَلَيْهِ اٰبَآئَنَا

ဆိုလိုသည်မှာ ကာဖိရ်တို့အား အလ္လာဟ်အသျှင်မြတ်မှ အသင်တို့အပေါ် ငါအသျှင်မြတ် ချပေးခဲ့သည့် အကြောင်းအရာများနှင့် အမိန့်ပညတ်ချက်များကို တမန်တော်မြတ် ﷺ ထံပါးတွင် မေးမြန်းကြလေသည်။ ဤသည်မှာ အခြေအနေတိုင်းတွင် အမြော်အမြင်နှင့် ကောင်းကျိုးကို ဖြစ်စေ၍ ဤပြောဆိုမှုအပေါ် ၎င်းကာဖိရ်များထံတွင် အခြားမဖြေမရှိဘဲ ကျွန်ုပ်တို့အပေါ် ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ၏ နည်းလမ်းသာ လုံလောက်သည်ဟု ပြောဆိုပေသည်။ ဤသည် ရှိက်သွာန်၏ အထောက်အထားဖြစ်သည်။ ဤအချက်သည် မြောက်မြားစွာသော လူသားတို့ အသိဉာဏ်နှင့် ပညာရပ် နားလည်သူများသည်ပင်လျှင် လမ်းမှားရောက်ကြ၏။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က အဖြေပေးထားသည်မှာ-

اَوَلَوْ كَانَ اٰبَآئُهُمْ لَا يَعْلَمُوْنَ شَيْـًٔا

စဉ်းစားဆင်ခြင်သူများအပေါ် ကုရ်အာန်ကျမ်းမြတ်၏ ဝါကျတစ်ခုသည် တစ်ဦးတစ်ယောက် (သို့) အုပ်စုတစ်စု၏ နောက်လိုက် ရန် မှန်ကန်သော စည်းကမ်းချက်တင်ပြ၍ အကန်းများ၊ အမြင်အာရုံ ပညာမဲ့ သတိလက်လွတ်နေသူများကို အမှန်တရား၏ ဖစ်မြစ်အား ဖော်ထုတ်နိုင်ရန် အပြည့်အဝ စီမံပေးလိုက်၏။ မသိသူသည် သိသူ၏ နောက်လိုက်သည်သာ သဘာဝကျပေသည်။ ပညာမဲ့သည် ပညာရှိ၏ နောက်လိုက်ခြင်းသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ သို့သော် ပညာအသိဉာဏ်နှင့် လမ်းမှန်၏အပေါ် လျှောက်လှမ်းမှုကို လွှဲဖယ်၍ မိမိ၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် (သို့) လူတစ်ဦးတစ်ယောက်ကို ဤသူတို့ မည်သည့်နေရာသို့ သွားနေသည်။ ကျွန်ုပ်တို့ မည်သည့်နေရာသို့ ရောက်မည်ဟု မသိဘဲ ၎င်းတို့၏လမ်းစဉ်ကို မိမိတို့၏ နည်းလမ်းအဖြစ် သတ်မှတ်လိုက်ခြင်းသည် မည်သို့မျှ သဘာဝမကျနိုင်ပေ။ ဤသို့ပင် အချို့သူတို့သည် နောက်လိုက်ရန် လူအုပ်စုများခြင်းအပေါ် မူတည်သတ်မှတ်လိုက်ကြ၏။ အုပ်စုများသည့်အတွက် လျှောက်လှမ်းခြင်းမှုလည်း အသိဉာဏ်မဲ့ခြင်းတစ်ရပ်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လောကတွင် အုပ်စုများပြားခြင်းသည် အမြဲတစေ အသိဉာဏ်နည်းသူများ၊ ပညာမဲ့များ၊ မကောင်းမှု ပြုကျင့်သူများသာလျှင် ဖြစ်သည်။ ထို့ကြောင့် လူအုပ်စုများပြားခြင်းသည် အမှန်နှင့် အမှား အကောင်းနှင့် အဆိုးကို ခွဲခြားရန် အတိုင်းအတာမဟုတ်ပေ။

မထိုက်တန်သူကို ခေါင်းဆောင်ခန့်ခြင်းသည် ပျက်စီးဆုံးရှုံးမှုကို ဖိတ်ခေါ်ခြင်းသာ ဖြစ်ခြင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဝါကျသည် ရှင်းလင်း၍ အမြော်အမြင်ရှိသော သင်ခန်းစာတစ်ခု ပေးထား၏။ အထက်တင်ပြခဲ့သည့် အရည်အချင်းများသည် ခေါင်းဆောင်ခန့်ရန် လုံးဝ မလုံလောက်သည်သာမက အလျှင်ဦးဆုံး မိမိဘဝသက်တမ်း၏ ရည်ရွယ်ချက်နှင့် မိမိတို့ ရှေ့ဆက်လှမ်းရမည့် ခရီးစဉ်၏

ဦးတည်ရာကို သတ်မှတ်ရန် အရေးကြီးသည်။ ထို့နောက် အထက်ပါရည်ရွယ်ချက်ကို ရရှိ၍ မည်သူသည် ဤရည်ရွယ်ခဲ့သည့် လမ်းကို သိသူဖြစ်၍ လျှောက်လှမ်းနေသူဖြစ်ပါသလောဆိုသည်ကို ကြည့်ရမည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး တွေ့ရှိပါက ထိုသူနောက်လိုက်လျှင် မုချကေန် ရည်ရွယ်သည့် ပန်းတိုင်ကို ရောက်မည်။ မုဂ္ဂိုသဟစ်ဒ် အေမာမ်ကြီးများ၏ နောက်လိုက်ခြင်းသည်လည်း ဤသဘောသာ ဖြစ်သည်။ ၎င်းတို့သည် သာသနာကို နားလည်၍ သာသနာအပေါ် ကျင့်ဆောင်သူများ ဖြစ်သည်။ ထို့ကြောင့် မသိနားမလည်သူတို့၏ နောက်လိုက်၍ သာသနာ၏ ရည်ရွယ်ချက်ဖြစ်သော အလ္လာဟ်နှင့် ရစူလ်၏ အမိန့်နာခံခြင်း မည်သို့ ရရှိနိုင်မည်နည်း။ ကိုယ်တိုင်လမ်းမှား၍ ပန်းတိုင်ကို မသိသူ (သို့) သိပါလျက် ပန်းတိုင်၏ ဆန့်ကျင်ဘက်လျှောက်လှမ်းနေသူ၏ နောက်လိုက်ခြင်းသည် အသိဉာဏ်ရှိသူများထံတွင် မိမိ၏ ကြိုးပမ်းကျင့်ဆောင်မှုများကို ဖျက်ဆီးပစ်ရာ ရောက်သည့်အပြင် မိမိကိုယ်ကို မိမိ ပျက်စီးရာပျက်စီးကြောင်းထဲသို့ ဆွဲခေါ်ရာရောက်သည်။ အသိပညာပြည့်စုံ၍ အတွေးအခေါ်ရင့်ကျက်သော ဤခေတ်တွင်ပင် ပညာရှိများပင်လျှင် ဤအချက်ကို လစ်လျူရှုနေကြသည်။ မျက်မှောက်ခေတ် ပျက်စီးဆုံးရှုံးမှု၏ အကြီးမားဆုံး အကြောင်းခံမှာ မထိုက်တန်သူများနှင့် လွဲမှားသော ခေါင်းဆောင်များနောက်သို့ လိုက်ခြင်းသာဖြစ်သည်။

ခေါင်းဆောင်ဆိုသည်မှာ

ကုရ်အာန်ကျမ်းမြတ်တွင် ဤဝါကျဖြင့် နောက်လိုက်ရန် အလွန်သဘာဝကျ၍ ရှင်းလင်းသော အတိုင်းအတာကို အချက်နှစ်ချက် တင်ပြထားသည်။ ပထမအချက်မှာ အသိပညာဖြစ်၍ ဒုတိယအချက်မှာ အမှန်တရားဖြစ်သည်။ အသိပညာဆိုသည်မှာ ပန်းတိုင်နှင့် ပန်းတိုင်ကို ရောက်ရန် နည်းလမ်းဖြစ်ခြင်း ဖြစ်သည်။ ဒုတိယတစ်ချက်မှာ ပန်းတိုင်ပေါ် လျှောက်လှမ်းခြင်း၊ ဆိုလိုသည်မှာ မှန်ကန်သည့်အသိပေါ် မှုတည်သည့် ကျင့်စဉ်ဖြစ်သည်။ အချုပ်ဆိုရသော် ခေါင်းဆောင်ခန့်၍ အလျင်ဦးဆုံး သတိမူရမည့်အချက်မှာ ခေါင်းခန့်ရသည့် ရည်ရွယ်ချက်နှင့် ညီ၊ မညီအား သိသူ ဖြစ်၊ မဖြစ်၊ ထိုလမ်းပေါ် လျှောက်၊ မလျှောက်၊ ၎င်း၏ ကျင့်ဆောင် ဆောက်တည်မှုများသည် မိမိအသိပညာနှင့် ညီ၊ မညီ စသည့် အချက်တို့ကို သတိမူရမည်။ တစ်ဦးတစ်ယောက်ကို ခေါင်းဆောင်ခန့်ရန် မှန်ကန်သည့် အသိပညာနှင့် မှုတည်သည့် ကျင့်ဆောင်မှုအတိုင်းအတာဖြင့် ဆန်းစစ်ရန် အရေးကြီးသည်။ အဖေ၊ အဖိုးဖြစ်ခြင်း (သို့) လူအများ၏ ခေါင်းဆောင်ဖြစ်ခြင်း (သို့) ချမ်းသာသူဖြစ်ခြင်း (သို့) ကိုယ်တိုင် လက်ရှိအုပ်ချုပ်နေသူဖြစ်ခြင်း စသည့် အချက်တို့သည် ခေါင်းဆောင်ဖြစ်ရန် အရည်အချင်းဖြစ်သည်ဟု မမှတ်ယူရပေ။

လူတစ်ဦးတစ်ယောက် ဝေဖန်ရန် ထိရောက်သည့်နည်းလမ်း

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာတွင် မိရိုးဖလာများ၏ နောက်လိုက်မှုပြုရာ၌ ဝါသနာပါသူများ၏ မှားယွင်းချက်ကို ရှင်းလင်းစွာ တင်ပြထားသည်။ ဤအချက်နှင့်အတူ အခြားသူတစ်ဦးတစ်ယောက်ကို ဝေဖန်ရန် အမှားထောက်ရန် ထိရောက်သည့် သီးခြားနည်းလမ်းတစ်ခုကို တင်ပြထား၏။ ဤနည်းလမ်းဖြင့် တစ်ဖက်လူ စိတ်ထိခိုက်ရန်နှင့် ဒေါသထွက်နိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် မိရိုးဖလာ ကိုးကွယ်သူ

များကို အဖြေပေးရာတွင် အသင်တို့၏ ဘိုးဘေးတို့ ပညာမဲ့၍ လမ်းမှားနေသူများဟု မဆိုဘဲ မေးခွန်းပုံစံ ပြုလုပ်၍ ဘိုးဘေးတို့သည် အသိပညာလည်း မရှိ။ ကျင့်သုံးမှုလည်း မရှိသည့်တိုင် ၎င်းတို့နောက်လိုက်ခြင်းသည် အသိဉာဏ်ရှိသော လုပ်ရပ် မည်သို့ ဖြစ်နိုင်ပါမည်နည်းဟု မိန့်တော်မူထား၏။

အဖန်ဆင်းခံများကို ပြုပြင်ရန် သောကထားသူများအား နှစ်သိမ့်ပေးခြင်း

ဒုတိယအာယသ်တော်တွင် ဖန်ဆင်းခံများအား ပြုပြင်ရန် သောကထား၍ စွန့်လွှတ်သူ မွတ်စ္စလင်မ်များကို ဤသို့ နှစ်သိမ့်ထား၏။ အသင်တို့ အမှန်တရားကို ပို့ချသင်ပြရာတွင် အစွမ်းကုန်ကြိုးစားခဲ့ကြ၏။ ဆိုဆုံးမမှုနှင့် ကောင်းမွန်စေရန် တာဝန်ကျေခဲ့ကြ၍ သို့တိုင် တစ်ဦးတစ်ယောက်သည် လမ်းမပေါ်တွင် စွဲမြဲစွာ ရှိနေပါက အသင်တို့ မည်သို့မှ သောကမထားလေနှင့်။ ဤကဲ့သို့သော အခြေအနေတွင် အခြားသူများ၏ လမ်းမှားခြင်းနှင့် လွဲမှားစွာ ပြစ်မှုကျူးလွန်ခြင်းသည် အသင်တို့အား မည်သို့မှ ထိခိုက်လိမ့်မည် မဟုတ်ပေ။ ဆက်လက်၍ မိန့်တော်မူထားသည်မှာ-

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ عَلَيْكُمْ أَنفُسَكُمْ ۖ لَا يَضُرُّكُم مَّن ضَلَّ إِذَا ٱهْتَدَيْتُمْ

ဆိုလိုသည်မှာ 'အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ အသင်တို့သည် မိမိကိုယ်ကိုသာ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်သာလျှင် ပူပန်ကြလေကုန်။ အသင်တို့ လမ်းမှန်တရားပေါ်၌ ရှိနေသည်ဆိုပါမူ လမ်းမှားသူတို့သည် အသင်တို့အား မည်သို့မှ ထိခိုက်အောင် မပြုနိုင်ပေ။ ဤအာယသ်တော်၏ အပေါ်ယံအလိုသဘောအရ လူတိုင်းသည် မိမိကိုယ်ကို မိမိ ကျင့်သုံး၍ မိမိသောက မိမိထားရန်သာ လုံလောက်၏။ အခြားသူများ မည်သို့ပင် ဖြစ်နေပါစေ ဂရုစိုက်ရန် မလိုအပ်ဟု ထင်နိုင်လေသည်။ ဤအချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ မြောက်မြားစွာသော ရှင်းလင်းချက်များတွင် လာရှိသော ကောင်းရာညွှန်ကြား၍ မကောင်းရာမြစ်တားခြင်းဟူသော အမိန့်ပညတ်ချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ၎င်းကို အစ္စလာမ်သာသနာက အရေးကြီးသော 'ဖွရဇ်' တစ်ချက်နှင့် ဤအစ္စလာမ်၏ ထူးခြားချက်ဟု သတ်မှတ်ထား၏။ ထို့ကြောင့် ဤအာယသ်တော် ကျရောက်လာခြင်းဖြင့် အချို့သူတို့၏ နှလုံးသားတွင် သို့လောသို့လော ဝင်လာသည့်အတွက် တမန်တော်မြတ် ﷺ ကို မေးမြန်းကြလေသည်။ တမန်တော်မြတ် ﷺ က ဤအာယသ်တော်သည် ကောင်းရာညွှန်ကြားဟူသော အာယသ်တော်နှင့် ဆန့်ကျင်ဘက်မဟုတ်ပေ။ ကောင်းရာညွှန်ကြားခြင်း လက်လွှတ်လိုက်ပါက အပြစ်ကျူးလွန်သူများနှင့်အတူ အသင်တို့လည်း အရေးယူခံရမည်ဟု ရှင်းလင်းမိန့်ကြားလေသည်။ ထို့ကြောင့် ဗဟ်ရေမိုဟီးသ့်ကျမ်းတွင် ဟဇရသ်စအီးဒ်အိဗ်နေဂျိုဗိုင်ရ် ﷺ ထံမှ အာယသ်တော်၏ အကျယ်ရှင်းလင်းချက်ကို ဤသို့ ဆင့်ပြန့်ထား၏။ အသင်တို့သည် မိမိတို့၏ ရှရီအသ်တာဝန်များကို ထမ်းဆောင်လေကြကုန်။ ထိုတာဝန်များတွင် 'ဂျီဟာဒ်' နှင့် ကောင်းရာညွှန်ကြားသော အလုပ်လည်း ပါဝင်ပေသည်။ ဤတာဝန်များ ပြုလုပ်ပြီးနောက် လမ်းမှားနေသူများရှိလျှင် အသင်တို့အပေါ် မည်သို့မျှ ထိခိုက်မှုမရှိပေ။

ကုရ်အာန်ကျမ်းတော်မြတ်တွင် عَلَيْكُمْ أَنفُسَكُمْ ဟူသော စာလုံးကို စဉ်းစားပါလေ။ သို့ရှိရာ ဤရှင်းလင်းချက်သည် ပေါ်လွင်သွားပေသည်။ အဘာယ်ကြောင့်ဆိုသော် ၎င်း၏ အဓိပ္ပာယ်မှာ အသင်တို့ လမ်းမှန်ပေါ်တွင် လျှောက်လှမ်းနေကြပါလျက် အခြားသူများ လှမ်းမှားနေလျှင် အသင်တို့ မည်သို့မျှ အပြစ်မရှိပါ။ ကောင်းရာညွှန်ကြားသော 'ဖွရဒ်' ကို စွန့်လွှတ်သူသည် လမ်းမှန်ပေါ်တွင် လျှောက်နေသည် မဟုတ်ကြောင်း ပေါ်လွင်ပေသည်။ ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ်၏ အဖြစ်အပျက် တင်ပြထားသည်မှာ ၎င်း၏ ရှေ့မှောက်တွင် လူတစ်ဦးက ဤသို့ မေးမြန်း၏။ လူနှစ်ဦးအချင်းချင်း ပြဿနာရှိသော် တစ်ဦးကို တစ်ဦး မှရ်ရစ်ကဲ်ဟု ပြောဆိုကြ၏။ ထိုအခါ ဟဇရသ်အုမရ်က ထိုလူနှစ်ဦးကို သွား၍ သတ်လိုက်ပါဟု ပြောဆိုမည်ကို အသင် ထင်မြင်မည်လော။ လုံးဝ ထိုသို့ ပြောဆိုလိမ့်မည်မဟုတ်ပေ။ ထိုလူနှစ်ဦးကို သွား၍ နူးညံ့စွာ ဖြေရှင်းပြပါ။ လက်ခံလျှင် ကောင်း၍ လက်မခံလျှင် သောကမထားဘဲ မိမိအတွက်သာ မိမိပူပင်ပါ။ ထို့နောက် ဟဇရသ် အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သည် မိမိအဖြေ၏ အထောက်အထားဖြင့် အထက်ပါ အာယသ်တော်ကို ရွတ်ဖတ်တင်ပြလေသည်။

အပြစ် 'ဂိုနာဟ်'များကို တားဆီးရန် ဟဇရသ်အဗူဗကရ် ﷺ ၏ မိန့်ခွန်းတစ်ရပ်

အာယသ်တော်၏ စာလုံးများကို အပေါ်ယံအားဖြင့် ကြည့်ရှုလျှင် သံသယဝင်နိုင်ပေသည်။ ထိုသံသယကို ပပျောက်စေရန်အတွက် ဟဇရသ်အဗူဗကရ် ﷺ သခင်က 'ခုသ်ဗာဟ်'တစ်ခုတွင် ဤသို့မိန့်မြွက်ထား၏။ အသင်တို့သည် ဤအာယသ်တော်များကို ဖတ်၍နေရာမမှန်ဘဲ သုံးစွဲကြ၍ ကောင်းရာ ညွှန်ခြင်းမလိုဟု ပြောဆိုကြ၏။ ကျွန်ုပ်သည် ကိုယ်တိုင် တမန်တော်မြတ် ﷺ ထံမှ ကြားသိခဲ့ရသည်။ အကြင်သူ တစ်ဦးတစ်ယောက်သည် အပြစ် 'ဂိုနာဟ်'ထဲတွင် ကျူးလွန်ပါက အတတ်နိုင်ဆုံး တားမြစ်ရန် မကြိုးပမ်းပါက အလ္လာဟ်အသျှင်မြတ်သည် အပြစ်ကျူးလွန်သူများနှင့်အတူ မတားမြစ်သူများကို 'အဇားဗ်' အပြစ်ဒဏ်ပေးမည်ကို ကောင်းစွာ မှတ်ယူလိုက်ပေဟု ပြောဆိုလေသည်။ ဤဆင့်ပြန်ချက်သည် သိရ်မေဇီနှင့် အိဗ်နေမာဂျာဟ်ကျမ်းတွင် ရှိ၏။ အဗူဒါဝူးဒ်ကျမ်းတွင် အကြင်သူတို့ ညှဉ်းပန်းနှိပ်စက်နေသည်ကို မြင်လျှင် အတတ်နိုင်ဆုံး မတားမြစ်ပါက အလ္လာဟ်အသျှင်မြတ်အားလုံးကို အပြစ်ပေးတော်မူမည်ဟူသော စကားလုံးများဖြင့် မိန့်တော်မူထား၏။

معروف နှင့် منكر ၏ အဓိပ္ပာယ်

တင်ပြပြီးခဲ့သည့် အကျယ်ရှင်းလင်းမှုများအရ မွတ်စ္စလင်မ်တိုင်းအပေါ် 'မွန်ကရ်' ခေါ် မပိုင်သည့် လုပ်ရပ်များကို တားမြစ်ရန် (သို့) အနိမ့်ဆုံးအဆင့် ရွံရှာရန် အရေးကြီးကြောင်း သိရှိပြီးဖြစ်၏။ ယခု မအ်ရူးဖ်နှင့် မွန်ကရ်သည် မည်သည်ကို ခေါ်ဆိုသည်ကို သိရန် အရေးကြီးသည်။ معروف သည် معرفه မှ ဖြစ်၍ منكر သည် انكار မှ ဖြစ်သည်။ 'မအ်ရိဖာ'ဆိုသည်မှာ အရာတစ်ခုကို

စဉ်းစားချင့်ချိန်၍ သဘောမပေါက်ခြင်းနှင့် သိခြင်းကို ခေါ်ဆိုသည်။ 'အင်ကာရ်'သည် ၄င်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍ သဘောပေါက်ခြင်း၊ မသိခြင်းကို ခေါ်ဆိုသည်။ ဤစာလုံးနှစ်လုံးသည် ဆန့်ကျင်ဘက်စာလုံးနှစ်လုံးဖြစ်သည်။ ကုရ်အာန်ကျမ်းတော် မြတ်၏ တစ်နေရာတွင် မိန့်တော်မူထားသည်မှာ-

يَعْرِفُوْنَ نِعْمَةَ اللّٰهِ ثُمَّ يُنْكِرُوْنَهَا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်များကို ထင်ထင်ရှားရှား တွေ့မြင်၍ အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို သိကြသော်လည်း ရန်ငြိုးကြောင့် ငြင်းဆန်ကြသည်။ အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို မသိသကဲ့သို့ နေကြသည်။ ထို့ကြောင့် အဘိဓါန်အဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့် معروف 'မအ်ရူဖ်'၏အဓိပ္ပာယ်သည် သိရှိသောအရာဟု ဖြစ်သည်။ 'မွန်ကရ်'၏ အဓိပ္ပာယ်သည် မသိသောအရာ ဖြစ်သည်။ အေမာမ်ရာဂိဗ်အက်စ္စဖွဟာနီသည် မွဖ်ရဒါးသွလ်ကုရ်အာန်ကျမ်းတွင် ဤတင်ပြချက်နှင့် ကိုက်ညီသည့် ရှရီအသ်အသုံးအနှုန်းတွင် معروف နှင့် منكر ၏ အဓိပ္ပာယ်ကို တင်ပြထားသည်မှာ လူ၏အသိဉာဏ် (သို့) ရှရီအသ်တရားတော်ဖြင့် မကောင်းသည်ဟု ထင်ရသော အလုပ်ဟူသမျှကို 'မွန်ကရ်'ဟုခေါ်သည်။ ထို့ကြောင့် اَمْرٌ بِالْمَعْرُوْفِ ၏ အဓိပ္ပာယ်သည် ကောင်းသော လုပ်ရပ်ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် نَهْىٌ عَنِ الْمُنْكَرِ သည် မကောင်းသော လုပ်ရပ်များကို တားမြစ်ခြင်းဖြစ်သည်။

ဖိကာဟ်ပညာရှင်ကြီးများ၏ အဆိုအမျိုးမျိုးသည် ရှရီအသ်နှင့် ဆန့်ကျင်ဘက်အမိန့်များ မဟုတ်ခြင်း

သို့သော် ဤနေရာတွင် အပြစ် 'ဂိုနာဟ်'နှင့် အကျိုးကုသိုလ် (သို့) အမိန့်နာခံခြင်းနှင့် ဖီဆန်ခြင်း၏ အစား 'မအ်ရူဖ်'နှင့် 'မွန်ကရ်'ဟူသော စာလုံးသုံးထားရခြင်းမှာ ကုရ်အာန်ဟဒီးစ်၏ ခြုံငုံထားသော (သို့) ရှင်းလင်းမှုမရှိခြင်းကြောင့် အလိုသဘောနှစ်ခု ဖြစ်နိုင်သည့် လေးနက်သော ဓမ္မသတ်များရှိကြောင်း ဤအချက်ကြောင့် ဖိကာဟ်ပညာရှင်များ အဆိုများ ကွဲပြားကြောင်းနှင့် ဤကွဲပြားမှုသည် မှားယွင်းမှု မဟုတ်ကြောင်း ရည်ညွှန်းလို၍ဖြစ်သည်။ ဖိကာဟ်ပညာရှင်များ၏ ဓမ္မသတ်ထုတ်ယူမှုကို အစ္စလာမ်ထုတစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း လက်ခံကြသည်။ အကယ်၍ ဓမ္မသတ်တစ်ခုတွင် အဆိုနှစ်မျိုးရှိနေလျှင် မည်သည့်အဆိုမှ ရှရီအသ်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ အဆိုနှစ်ခုစလုံးသည် 'မအ်ရူဖ်'တွင် အကျုံးဝင်၏။ ဤကဲ့သို့ ဓမ္မသတ်များတွင် အဆိုတစ်ခုကို ဦးစားပေးပြီးနောက် အဆိုတစ်ခုကို အပြစ် 'ဂိုနာဟ်'ကိစ္စရပ်များကို ငြင်းဆန်သကဲ့သို့ ငြင်းခွင့်မရှိပေ။ ဤအတွက်ကြောင့် ဆွဟာဗာနှင့် သာဗေအီးန်များ ကွဲလွဲခဲ့သည့် ဓမ္မသတ်များနှင့် ဆန့်ကျင်ဘက်အဆို ရှိလင့်ကစား တစ်ဦးကိုတစ်ဦး ဖွာစစ်က်ဟုလည်းကောင်း၊ တစ်ဦးကို တစ်ဦး အပြစ်ကျူးလွန်သူဟု 'ဖသ်ဝါ'ပေးခြင်းမျိုးဖြင့်လည်းကောင်း မပြုကြပေ။ အချင်းချင်း ငြင်းခုံပြောဆို၍ မိမိတို့အဆိုသာ ဦးစားပေးထိုက်သည်ဟု တင်ပြခြင်းနှင့် စောဒကတက်ခြင်းများ ရှိခဲ့ကြသော်လည်း ကွဲလွဲမှု

ကြောင့် အခြားသူကို မဖြစ်ရှိသည်ဟု မရှိသင့်ပေ။ အချုပ်ဆိုရသော် ဖိကာဟ်ပညာရှင် ထုတ်လုပ်ထားသော မဇ္ဈဟတ်တွင် အကွဲအလွဲရှိပါက ပညာရှင်များအနေဖြင့် မိမိတို့ မှန်သည်၊ သင့်သည့်ဘက်ကို ဦးစားပေး ရွေးချယ်နိုင်ပေသည်။ သို့သော် အခြားသူ၏ လုပ်ရပ်ကို လွဲမှားသည်ဟု ထင်မြင်၍ ငြင်းပယ်ခွင့်မရှိပေ။ ဖိကာဟ်ပညာရှင်များ ထုတ်နုတ်ထားသော မဇ္ဈဟတ်တွင် ပြဿနာပြုခြင်း၊ အမုန်းပွားစေသော အကြောင်း အရာများ ရေးသားခြင်းသည်

امر بالمعروف نهى عن المنكر

တွင် မပါဝင်ကြောင်း ထင်ရှားပေသည်။ ဤကဲ့သို့သော မဇ္ဈဟတ်များဖြင့် ပြဿနာရှာ ရန်ပြုခြင်း တို့အပေါ် မသိနားမလည်ခြင်းနှင့် ပညာမဲ့ခြင်းတို့ကြောင့်သာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

يَاأَيُّهَا الَّذِينَ آمَنُوا شَهَادَةُ بَيْنِكُمْ إِذَا
حَضَرَ أَحَدَكُمُ الْمَوْتُ حِينَ الْوَصِيَّةِ اثْنَانِ ذَوَا عَدْلٍ مِّنكُمْ
أَوْ آخَرَانِ مِنْ غَيْرِكُمْ إِنْ أَنتُمْ ضَرَبْتُمْ فِي الْأَرْضِ فَأَصَابَتْكُم
مُّصِيبَةُ الْمَوْتِ تَحْبِسُونَهُمَا مِن بَعْدِ الصَّلَاةِ فَيُقْسِمَانِ بِاللَّهِ
إِنِ ارْتَبْتُمْ لَا نَشْتَرِي بِهِ ثَمَنًا وَلَوْ كَانَ ذَا قُرْبَىٰ وَلَا نَكْتُمُ
شَهَادَةَ اللَّهِ إِنَّا إِذًا لَّمِنَ الْآثِمِينَ ﴿١٠٦﴾

၅ : ၁၀၆ ။ ။ အို့၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရား ဆိုက်ရောက်ခါနီးသို့ ရောက်နေ၍ (ထိုသူသည်) 'ဝစီယသ်' မှာတမ်းစကား ပြောကြားသောအခါ မိမိတို့အနက်မှ တရားမျှတမှု ရှိသော လူနှစ်ယောက်ကို သက်သေအဖြစ် ထားရှိကြရမည်။ သို့မဟုတ် အသင်တို့သည် ခရီးထွက်နေကြစဉ် အသင်တို့၌ သေခြင်းတရား ဆိုက်ရောက်ခါနီး အခြေအနေသို့ ရောက်သည်ရှိသော် အကယ်၍) မွတ်စ္စလင်မ်သက်သေများ မရရှိနိုင်သော အခါမျိုးတွင်) အခြား (သာသနာဝင်) တို့အနက်မှ နှစ်ဦးစလုံးသည် အလ္လာဟ်အသျှင်မြတ်ကို တိုင်တည်၍ (ဤသို့) ကျိန်ဆိုကြ ရမည်။ ကျွန်ုပ်တို့သည် (ဤကိစ္စ၌ မိမိတို့) ဆွေမျိုးနီးစပ်နေသူ ပါဝင်သည့်တိုင်အောင် ဤသို့ ကျိန်ဆိုခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးကိုမျှ ရလိုကြသည်မဟုတ်ကြောင်း၊ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း တာဝန် ရှိသော သက်သေခံခြင်းကိုလည်း လျှို့ဝှက်ထိမ်ချန်ကြမည် မဟုတ်ကြောင်း (အကယ်၍ ထိမ်ချန်လျှို့ဝှက်ကြပါမူ) ကေန်မလွဲ ကျွန်ုပ်တို့သည် ပြစ်မှုကျူးလွန်သူတို့တွင် အပါအဝင်ဖြစ်ကြပေလိမ့်မည်' ဟူ၍ ကျိန်ဆိုကြရမည်။

فَإِنْ عُثِرَ عَلَىٰٓ أَنَّهُمَا ٱسْتَحَقَّآ
إِثْمًا فَـَٔاخَرَانِ يَقُومَانِ مَقَامَهُمَا مِنَ ٱلَّذِينَ ٱسْتَحَقَّ عَلَيْهِمُ
ٱلْأَوْلَيَٰنِ فَيُقْسِمَانِ بِٱللَّهِ لَشَهَٰدَتُنَآ أَحَقُّ مِن شَهَٰدَتِهِمَا وَ
مَا ٱعْتَدَيْنَآ إِنَّآ إِذًا لَّمِنَ ٱلظَّٰلِمِينَ ﴿١٠٧﴾

၅ : ၁၀၇ ။ ။ ထို့ပြင် အကယ်၍ ထိုသက်သေနှစ်ဦးသည် (တစ်စုံတစ်ရာ အပြစ်) ကျူးလွန်ခဲ့သူများဖြစ်ကြောင်း သိရှိရပါလျှင် ထိုအပြစ်ရှိသူနှစ်ဦး၏ နေရာတွင် (ကွယ်လွန်သူ၏) အနီးစပ်ဆုံး အမွေစားအမွေခံဖြစ်သော ဆွေမျိုးတို့အနက် သက်သေနှစ်ယောက်သည် ထိုသက်သေနှစ်ဦး၏ နေရာတွင် ရပ်ကြလျက် 'ကျွန်ုပ်တို့၏ သက်သေခံမှုမှာ ၎င်းသူတို့နှစ်ဦး၏ သက်သေခံခြင်းထက် ပိုမို၍ မှန်ကန်ကြောင်း၊ ထို့ပြင် ကျွန်ုပ်တို့သည် (ပစ္စည်းတောင်းဆိုရာတွင်လည်းကောင်း၊ 'ဝဆီ' များအား စွပ်စွဲရာတွင်လည်းကောင်း) စည်းကမ်းကျူးလွန်ခြင်းလည်း မရှိကြောင်း (အကယ်၍သာ ကျူးလွန်မိကြပါလျှင်) ဧကန်မလွဲ ကျွန်ုပ်တို့သည် မတရားကျူးလွန်သူများတွင် အပါအဝင်ဖြစ်ကြပါမည်' ဟူ၍ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြရပေမည်။

ذَٰلِكَ أَدْنَىٰٓ أَن يَأْتُوا۟
بِٱلشَّهَٰدَةِ عَلَىٰ وَجْهِهَآ أَوْ يَخَافُوٓا۟ أَن تُرَدَّ أَيْمَٰنٌۢ بَعْدَ أَيْمَٰنِهِمْ ۗ
وَٱتَّقُوا۟ ٱللَّهَ وَٱسْمَعُوا۟ ۗ وَٱللَّهُ لَا يَهْدِى ٱلْقَوْمَ ٱلْفَٰسِقِينَ ﴿١٠٨﴾

၅ : ၁၀၈ ။ ။ ဤသည်ကား သက်သေများသည် သက်သေခံထိုက်သော နည်းမှန်အတိုင်း သက်သေခံကြစေရန် သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များအား အခြားသူ (သက်သေ) များ၏ ကျိန်ဆိုချက်ဖြင့် ကန့်ကွက်ပယ်ချခြင်းခံရမည်ကို စိုးရိမ်ကြစေရန် အနီးစပ်ဆုံး (အကောင်းဆုံး) သော နည်းလမ်းပင် ဖြစ်ချေသည်။ (မည်သို့ပင်ဖြစ်စေ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် (ထိုအသျှင်မြတ်၏ အမိန့်တော်များကို) နာခံကြလေကုန်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို ကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူသည် မဟုတ်ပေ။

အာယသ်တော်များ၏ ဆက်စပ်ပုံ

အထက်၌ သာသနာတော်၏ ကောင်းနိုးရာများနှင့် ပတ်သက်၍ မိန့်တော်မူထားသည်။ ရှေ့ဆက်ပြီး လောကီ၏ ကောင်းနိုးရာရာများနှင့် ပတ်သက်ပြီး အချို့အမိန့်များကို တင်ပြထားပေသည်။ ယင်းတင်ပြထားချက်၌ ရည်ညွှန်းထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် အချိန်အခါ အပြောင်းအလဲ ရှိသကဲ့သို့ မိမိဗန္ဒာဟ်များ၏ ရှာဖွေစားသောက်မှုကိုလည်း ပြုပြင်ပြောင်းလဲတော်မူခဲ့၏။

အာယသ်တော်ကျရောက်ရခြင်း၏ အကြောင်းခံ

ဖော်ပြပါ အာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းခံမှာ 'ဗုဒိုင်းလ်'အမည်ရှိ လူတစ်ဦးသည် မွတ်စ္စလင်မ်ဖြစ်ပြီး နစ္စရာနီဖြစ်သူ သမီးမ်ဝဒ်အိဒီနှင့်အတူ အရောင်းအဝယ်ကိစ္စဖြင့် ဆီးရီးယားနိုင်ငံဘက်သို့ သွားကြသည်။ ဆီရီးယားနိုင်ငံသို့ ရောက်ပြီး ဗုဒိုင်းလ်ဆိုသူမှာ နာမကျန်းဖြစ်သွား၏။ ထိုသူသည် မိမိ ပစ္စည်းများကို စာရင်းပြုစုကာ ပစ္စည်းများတွင် ထည့်ထားလိုက်၏။ ထို့နောက် မိမိမိတ်ဆွေများကိုလည်း အသိမပေးခဲ့ချေ။ ရောဂါပိုဆိုးလာသောအခါ ၎င်းသည် မိမိမိတ်ဆွေ နစ္စရာနီအား သေတမ်းစာ မှာကြားခဲ့ သည်မှာ ကျွန်ုပ်၏ ပစ္စည်းအားလုံးကို ကျွန်ုပ်၏ အမွေခံထိုက်သူများထံ ပို့ပေးလိုက်ဟူသည့်အတွက် ထိုနစ္စရာနီ သည် ၎င်း၏ ပစ္စည်းများအားလုံး ယူ၍ အမွေခံထိုက်သူများထံ ပို့ပေးလိုက်၏။ သို့သော် ရွှေရောင်တင် ထားပြီး ဒီဇိုင်းများတွင် ထားသော ငွေထည်နှင့် ပြုလုပ်ထားသည့် ခွက်တစ်ခွက်ကို ထုတ်ယူထားလိုက်သည်။ အမွေခံထိုက်သူများသည် ပစ္စည်းစာရင်းမှ ထိုခွက်ရှိကြောင်း သိရှိရသောအခါ ၎င်းတို့က ထိုနစ္စရာနီအား မေးမြန်းရာ ကွယ်လွန်သူသည် ပစ္စည်းအချို့တစ်ဝက်ကို ရောင်းချခဲ့ပါသည်လော။ (သို့) နာမကျန်းသည့် အတွက် ဆေးကုသရန်အတွက် သုံးစွဲလိုက်ပါသလော။ ထိုနစ္စရာနီမိတ်ဆွေသည် ဖော်ပြပါမေးမြန်းချက်နှစ်ခု စလုံးအား မဟုတ်ပါဟု ဖြေဆိုခဲ့သည်။ နောက်ဆုံးတွင် ထိုသို့ ကျိန်ဆိုမှုအပေါ် ၎င်းနစ္စရာနီဘက်မှ ဆုံးဖြတ် ချက်ချမှတ်တော်မူခဲ့သည့် အချိန်ကာလအနည်းငယ် ကျော်လွန်ပြီးနောက် ၎င်းမိတ်ဆွေသည် ထိုငွေထည်အား မက္ကာဟ်မြို့ရှိ ပန်းတိမ်တစ်ဦးထံတွင် ရောင်းချခဲ့ကြောင်း သတင်းထွက်ပေါ်လာ၏။ မေးမြန်းသောအခါ ၎င်းနစ္စရာနီက ကျွန်ုပ် ထိုကွယ်လွန်သူထံမှ ဝယ်ခဲ့သည်'ဟု ပြောဆို၏။ ထိုသို့ ဝယ်ခဲ့ခြင်းအပေါ် သက်သေ လည်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်သည် ပြဿနာဖြစ်သည့်အချိန်က မထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်အား လိမ်လည်သည်ဟု မပြောကြလေနှင့်။

ကွယ်လွန်သူ၏ အမွေခံများသည် တစ်ဖန် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ယင်းကိစ္စနှင့် စပ်လျဉ်း ၍ လျှောက်ထားရာ ယခုပုံစံသည် ပထမပုံစံနှင့် လုံးဝ ပြောင်းပြန်ဖြစ်ပြီး ထိုနစ္စရာနီသည် ဝယ်လိုက်သည်ဟူ၍ ကြွေးကြော်ပြီး ယင်းပြောဆိုချက်အား အမွေခံများက ငြင်းဆိုနေကြသည့် သက်သေမရှိသည့်အတွက် အမွေခံ များထဲမှ ကွယ်လွန်သူနှင့် အနီးစပ်ဆုံးရှိသူ ပုဂ္ဂိုလ်နှစ်ဦးသည် ထိုခွက်မှာ ကွယ်လွန်သူ၏ ပိုင်ဆိုင်မှုဖြစ် ကြောင်းကို ကျိန်ဆို၍ ပြောဆိုကြသည်။ ဤနစ္စရာနီသည် လိမ်လည်၍ ကျိန်ဆိုခဲ၏။ သို့ရှိရာ ထိုငွေခွက် ရောင်း၍ ရသော ငွေဒင်္ဂါးတစ်ထောင်အား ထိုအမွေခံများကို ပေးစေခဲ့သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အချင်းချင်းဖြစ်သည် ကိစ္စရပ်များတွင် ဥပမာ- အမွေခံ များထံ ပစ္စည်းပြန်လည်အပ်နှံရန်အတွက် လူနှစ်ဦးအား မှာတမ်းစာပြုသင့်ပေသည်။ လုံးဝ မှာတမ်းခြင်းလည်း မပိုင်ပေ။ လူတစ်ဦး ကွယ်လွန်ချိန်ရောက်လာသောအခါ အကယ်၍ မှာတမ်းစာပြုရန် အချိန်ရှိမည်ဆိုလျှင် အသင်တို့ထဲမှ ဆိုလိုသည်မှာ မွတ်စ္စလင်မ်များထဲမှ သာသနာကိုင်းရှိုင်းသူပုဂ္ဂိုလ်နှစ်ဦးဖြစ်ရမည်။ (သို့) အကယ်၍ မွတ်စ္စလင်မ်များထဲမှ မရရှိပါက အခြားလူမျိုးစုထဲမှ ပုဂ္ဂိုလ်နှစ်ဦးဖြစ်ရမည်။ ဥပမာ- အသင်

ခရီးတစ်ခု၌ ရှိနေမည်။ ထိုအခိုက် အသင် ကွယ်လွန်သွားခဲ့မည်ဆိုလျှင် ဖော်ပြပါကိစ္စရပ်များသည် 'ဝါဂျိဗ်' မဟုတ်ပေ။ သို့သော် သင့်လျော်ပြီး အကောင်းဆုံးဖြစ်သည်။ (သို့) အကြင်ပုံစံကဲ့သို့ မှာတမ်းမခြွေခြင်း ပိုင်သကဲ့သို့ ထိုနည်းတူစွာ အကယ်၍ တစ်ဦးတည်းကို မှာတမ်းခြွေခဲ့ခြင်း (သို့) မျှတမှုမရှိသူ (သို့) ရှေ့၌ ရှိနေသူများတွင် မွတ်စ္လင်မ်မဟုတ်သူကို မှာတမ်းခြွေခြင်းအားလုံး ပိုင်၏။ တစ်ဖန် ထိုသူများနှင့်စပ်လျဉ်း၍ ဤသို့ မိန့်ကြားထားပြန်သည်။ ၎င်းမှာ အကယ်၍ အကြောင်းတစ်ခုခုကြောင့် ထိုသူများအပေါ် အမွေခံများ အနေနှင့် ဒွိဟရှိသည်ဆိုလျှင် အို, အမှုကို ဆုံးဖြတ်မည့်သူအပေါင်းတို့၊ အမွေခံများဖြစ်သူ တရားလိုဘက်မှ ဤသို့ ဆုံးဖြတ်ချက်ချမှတ်ကြကုန်။ ထိုအချင်းအရာနှင့် ပတ်သက်ပြီး သက်သေတောင်းဆိုပါ။ အကယ်၍ သက်သေမပြနိုင်ပါက ထိုတရားခံများအား ဤသို့ ကျိန်ဆိုမှုကို ပြုလုပ်စေပါ။ ထိုမှာတမ်းခြွေခြင်းခံရ သူများကို 'အဆွဲ့ရ်နမာဇ်' နောက်ပိုင်းတွင် တားမြစ်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် လူစု လူဝေးများသော အချိန်ဖြစ်သည်။ လိမ်လည်၍ ကစမ်ကျိန်ဆိုသူသည် အနည်းအကျဉ်းရှက်မိကြမည်။ ၎င်းနောက် အချိန်လည်း အလွန်မြတ်သည့်အချိန်ဖြစ်သည်။ ထိုသို့လည်း အနည်းငယ်မျှသတိမူရမည် ဖြစ်သည်။

ထိုသို့ သတိမူစေခြင်း၏ ရည်ရွယ်ချက်မှာ လိမ်လည်၍ ကျိန်ဆိုနေခြင်းကြောင့် ဖြစ်သည်။ မင်္ဂလာ ရှိသော နေရာ၊ အချိန်နှင့် ဗန္ဓာဟ်များ စုစည်းမှုကိုလည်း သတိမူရန် ရည်ရွယ်ခြင်းဖြစ်သည်။ တစ်ဖန် နှစ်ဦးစလုံးမှာ ကစမ်ကျိန်ဆိုသည့် စကားလုံးများကို သုံးနှုန်း၍ ကျိန်ဆိုခိုင်းရမည်။ ကျွန်ုပ်သည် ထိုသို့ ကျိန်ဆိုခြင်း၏အစားတွင် လောကီ၏ မည်သည့်အကျိုးအမြတ်မှ မရလိုပေ။ ၎င်းမှာ လောကီ၏ အကျိုးအမြတ် ခံစားရန်အတွက် မှန်ကန်စွာ ကျိန်ဆိုခြင်းကို စွန့်လွှတ်ခြင်းအား ခေါ်ဆိုပေသည်။ ထိုဖြစ်ရပ်တွင် ကျွန်ုပ်၏ ဆွေမျိုးသားချင်းများပင် ဖြစ်သည့်အတွက် ၎င်း၏ ကောင်းနိုးရာရာသည် မိမိ၏ ကောင်းနိုးရာရာဟု နားလည်သဘောပေါက်ပြီး လိမ်လည်၍ ကျိန်ဆိုလိုက်မည်။ ယခု ဤနေရာတွင် ထိုကဲ့သို့ မည်သည့် အကြောင်းတရားမှ မရှိပေ။ နှစ်ဦးနှစ်ဦးဖက်၏ ကောင်းနိုးရာရာများကြောင့် ကျွန်ုပ်အလိမ်စကား မပြောသည့် အတွက်ကြောင့် ကောင်းနိုးရာရာ တစ်ခုအတွက် ကျွန်ုပ် မည်သို့ အလိမ်စကား ပြောမည်နည်း။ ထို့နောက် အလ္လာဟ်သျှင်မြတ်ဘက်မှ ပြောဆိုရန် မိန့်ကြားထားသော စကားများကို ကျွန်ုပ် ဖုံးကွယ်ထားမည် မဟုတ်ပေ။ အကယ်၍ ကျွန်ုပ်အနေနှင့် ထိုသို့ပြုလုပ်မည်ဆိုလျှင် ကြီးလေးသော အပြစ်ထိုက်မည်။ ဥပမာ- ကျွန်ုပ်အား ကွယ်လွန်သူသည် မည်သည့်အတွက်မှ မပေးခဲ့ချေ။ ယင်းအမှုအား ဆုံးဖြတ်ပေးသင့်ပေသည်။ သို့ရှိရာ ဤအာယသ်တော်၏ ဖြစ်စဉ်၌ ထိုအတိုင်းပင် ဖြစ်ရှိသွား၏။

ထိုသို့ ဆုံးဖြတ်ပြီးသည့်နောက် အကယ်၍ တစ်နည်းတစ်ဖုံဖြင့် ထိုမှာတမ်းခြွေခြင်းခံရသူများအား ပြစ်မှုကျူးလွန်ကြောင်း သိရှိရပါက ဥပမာ-အာယသ်တော်၏ ဖြစ်စဉ်တွင် အကြင်အကြောင်းအရာကို ဦးစွာပထမ တင်ပြထားပါသည်။ ခွက်ကို မက္ကာဟ်မြို့မှ ရရှိသောအခါ ထိုမှာတမ်းခြွေခြင်းခံရသူသည် ကွယ်လွန်သူထံမှ ဝယ်ထားသည်ဟူ၍ ပြောဆိုကြပေသည်။ ထိုသို့ ပြောဆိုခြင်းကြောင့် ကွယ်လွန်သူထံမှ ယူလာကြောင်းကို ဝန်ခံနေခြင်းဖြစ်သည်။ ယင်းစကားသည် ပထမထွက်ဆိုချက်နှင့် သီးခြားစီဖြစ်နေ ပေသည်။ ထိုပထမထွက်ဆိုချက်တွင် လုံးဝ မယူပါဟူ၍ ငြင်းဆိုထားပေသည်။ အဘယ်ကြောင့်ဆိုသော် အတင်းအဓမ္မငြင်းဆိုခြင်းသည် အထောက်အထားဖြစ်၏။ ထို့ကြောင့် ၎င်းသူများမှာ သမာဓိမရှိကြောင်းနှင့်

လိမ်လည်သူဖြစ်ကြောင်း ပေါ်လွင်ထင်ရှား နေပါသည်။ သို့ရှိရာ ထိုပုံစံတွင် အမှုလည်း ပြောင်းလဲသွားပေမည်။ မှာတမ်းခြွေခြင်းခံရသူမှာ ပထမပိုင်း၌ အလွဲသုံးစားလုပ်သည်ဟု ပြောဆိုကြသည်။ ယခု တရားခံပြန်လည် ဖြစ်သွားပြီးဖြစ်သည်။ ထို့ကြောင့် ယခု ဆုံးဖြတ်ရမည့်ပုံစံမှာ ဦးစွာပထမ မှာတမ်းခြွေခြင်းခံရသူများမှ ဝယ်ယူထားသည်နှင့် ပတ်သက်ပြီး သက်သေတောင်းဆိုရမည်။ ၎င်းတို့က သက်သေမတင်ပြနိုင်ပါက ထိုအမွေခံများထဲမှ တရားတော်အရ အမွေခံထိုက်သူများသည် အမွေခံများအားလုံးထက် အနီးစပ်ဆုံးသူ ဖြစ်သည်။ ထိုမှာတမ်းခြွေခံရသူနှစ်ဦး ကျိန်ဆိုရန် အသင့်ဖြစ်ခဲ့သကဲ့သို့ ယခု အမွေခံများဘက်မှ ပုဂ္ဂိုလ် နှစ်ဦးလည်း ကျိန်ဆိုရန် အသင့်ပြင်၍ ဤသို့ ကျိန်ဆိုမှုပြုရမည်ဖြစ်သည်။ ကျိန်ဆိုသော စကားလုံးများ ကိုလည်း ဤသို့ ပြောဆိုရမည်။ ၎င်းမှာ မုချဧကန် ကျွန်ုပ်တို့၏ ဤကျိန်ဆိုခြင်းသည် လုံးဝ ဒွိဟသံသယ ကင်းမဲ့ပြီး ထိုမှာတမ်းခြွေခြင်းခံရသူများ၏ ကျိန်ဆိုခြင်းထက် ပို၍ မှန်ကန်ပါသည်။ ကျွန်ုပ်တို့သည် လုံးဝ အတိုင်းထက်လွန်သူများ မဟုတ်ကြပေ။ အကယ်၍ ကျွန်ုပ်တို့အနေနှင့် ထိုသို့မဟုတ်မမှန် ကျိန်ဆိုခဲ့မည် ဆိုလျှင် ကြီးလေးသည့် အပြစ်ထိုက်သူဖြစ်မည်။

အဘယ်ကြောင့်ဆိုသော် တစ်ပါးသူ၏ ပစ္စည်းဥစ္စာအား သိလျက်နှင့် ခွင့်မရှိဘဲယူခြင်းသည် မတရား သမှု ဖြစ်သည်။ ညစ်ညမ်းမှုတစ်ရပ် ဖြစ်သည်။ အကြောင်းအရာများအားလုံးသည် ဆုံးဖြတ်သူအပေါ် မူတည်၏။ တစ်ဖန် မူရင်းဖြစ်ရပ်အပေါ် ကျိန်ဆိုမှုကို ရယူရမည်။ ၎င်းမှာ အသျှင်မြတ်အား ကျိန်ဆို၍ ပြောဆိုပါ၏။ ကျွန်ုပ်တို့ သိရှိသည့်မှာ ကွယ်လွန်သူသည် ထိုကြွေးကြော်သူ၏ လက်တွင်း ခွက်ကို ရောင်းချခဲ့ခြင်း မရှိ ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်ခြင်း မဖြစ်ခြင်းအား သိရှိရန် မည်သည့်လမ်းကြောင်းမှ မရှိပေ။ ထို့ကြောင့် ထိုဖြစ်ရပ်အပေါ် ပို၍ လေးနက်အောင် ကျိန်ဆိုခြင်းကို ရယူရမည်ဖြစ်သည်။ ယင်းအချက် အပေါ် أَحَقّ စာလုံးမှ ထောက်ပြနေပေသည်။ ၎င်းမှ သိရှိရသည်မှာ ထိုအကြောင်းအရာအားလုံးသည် ကျွန်ုပ်အပေါ်၌ မူတည်နေသည့်အတွက် ကျွန်ုပ်အနေနှင့် ကျိန်ဆိုပါ၏။ လိမ်လည်မှုအား ပေါ်လွင်စေရန် အထောက်အထားမရှိသကဲ့သို့ ဧကန်အမှန် လိမ်လည်ခြင်းမဟုတ်ပေ။ ဤသို့ ကျိန်ဆိုခြင်းသည် အသိအပေါ် မူတည်သည့်အတွက် အကောင်းဆုံးပုံစံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝန်ခံခြင်းမရှိဘဲ ထိုသူ၏ လိမ်လည် မှုမှာ မည်သို့မှ အတည်မဖြစ်နိုင်ပေ။ ထို့ကြောင့် ယင်းဖြစ်ရပ်အပေါ်တွင် မတော်မတရား ဖြစ်ရှိသည့်အတွက် အလွန်ကြီးမားသော ပြစ်မှုဖြစ်လိမ့်မည်။ ထို့ကြောင့် ကျမ်းတော်မြတ်၌ ထိုသူများကို မတရားသူများဟူ၍ ခေါ်ဝေါ်ထားခြင်းမှာ အံ့သြစရာမဟုတ်ပေ။

ဖော်ပြပါ အာယသ်တော်များတွင် တင်ပြထားသော ဥပဒေများသည် ထိုမှာတမ်းခြွေခြင်းခံရသော သူများ၏ ဖြစ်ရပ်များကို မှန်ကန်ဖော်ထုတ်ပေးနိုင်မည့် အနီးစပ်ဆုံးနည်းလမ်း ဖြစ်သည်။ အကယ်၍ ပစ္စည်းအပို မအပ်ထားဟု ဆိုပါက ကျိန်ဆိုရမည်။ (သို့) မဟုတ်ပါက အပြစ်ကိုကြောက်ပြီး ငြင်းပယ်ရမည်။ ဤအမြော် အမြင်သည် မှာတမ်းခြွေခြင်းခံရသူများ ကျိန်ဆိုရမည့် ပုံစံဖြစ်သည်။ (သို့) ၎င်းတို့အနေနှင့် ကစမ်ကျိန်ဆို ပြီးနောက် အမွေခံများအား ကျိန်ဆိုခိုင်းမည်ဆိုလျှင် ကျွန်ုပ်တို့ ရှုံးနိမ့်သွားမည်ဟု ဆိုကာ စိုးရိမ်၍ ကျိန်ဆိုခြင်း ကို စွန့်လွှတ်လိုက်ကြမည်။ ဤဆင်ခြင်တုံတရားသည် အမွေခံများ ကျိန်ဆိုရာ၌ ဖြစ်သည်။ ထိုပြဿနာများ

အားလုံးတွင် အမှန်တရား ရထိုက်သူအား ရပိုင်ခွင့်ကို ပေးရမည်ဖြစ်သည်။ ယင်းရပိုင်ခွင့်သည် တရားနည်းလမ်းတကျ ဖြစ်ရမည်။ အကယ်၍ မှာတမ်းခြွေခြင်းခံရသော သူသည် တရားနည်းလမ်းတကျလည်း မဟုတ်။ ၎င်းတို့ထံ ပစ္စည်းအပ်နှံခြင်းမှာလည်း မှန်ကန်သည်ဟုဆိုလျှင် ထိုစွပ်စွဲချက်အား ချေပရန် အခြားမည်သည့် နည်းလမ်းမှ မရှိ။ အကယ်၍ ထိုသူများက လိမ်လည်သည်ဆိုလျှင် အမွေခံများ၏ ရပိုင်ခွင့်ကို အတည်ပြုရန် နည်းလမ်းမရှိပေ။ ယခု မှန်ကန်သည်ဆိုလျှင် ရှင်းသွားမည်ဖြစ်ပြီး အကယ်၍ လိမ်လည်ကျိန်ဆိုလျှင် (သို့) လိမ်လည်ကျိန်ဆိုခြင်းမှ ကြောက်ပြီး ငြင်းပယ်လိုက်မည်ဆိုလျှင် အမွေခံများ၏ ရပိုင်ခွင့်မှာ အတည်ဖြစ်သွားပေမည်။ အကယ်၍ အမွေခံတို့၏ ကျိန်ဆိုခြင်းသည် တရားလမ်းတကျလည်း မရှိ။ သို့သော် တရားတော်အရ ၎င်းတို့၏ ရပိုင်ခွင့် ရှိမည်ဆိုလျှင် ရပိုင်ခွင့်ကို အတည်ပြုရန် မည်သည့်နည်းလမ်းမှ မရှိချေ။ အကယ်၍ တရားတော်အရ ၎င်းတို့၏ ရပိုင်ခွင့်မရှိဟု ဆိုပါက မှာတမ်းခြွေခြင်းခံရသူ၏ ရပိုင်ခွင့်ကို အတည်ပြုရန် နည်းလမ်းမရှိချေ။ ယခု အမွေခံများဘက်မှ မှန်ကန်ပါက ၎င်းတို့၏ ရပိုင်ခွင့်ကို အတည်ပြုပေးနိုင်မည် ဖြစ်သည်။ မှန်ကန်မှုလည်း မရှိ၊ ကျိန်ဆိုခြင်းမှုလည်း ငြင်းဆိုမည်ဆိုလျှင် မှာတမ်းခြွေခြင်းခံရသူများ၏ ရပိုင်ခွင့်ကို အတည်ပြု ပေးရလိမ့်မည်။ သို့ရှိရာ ဥပဒေနှစ်ရပ်စလုံးသည် မှာတမ်းခြွေခြင်းခံရသူများ၏ ကျိန်ဆိုမှုအပေါ် ရည်ညွှန်းထားခြင်းဖြစ်ရာ

يَأْتُوا بِالشَّهَادَةِ

၌ ထိုနှစ်ရပ်စလုံး ပါဝင်၏။

အမွေခံထိုက်သူများ၏ ကျိန်ဆိုမှု၌လည်း ဥပဒေနှစ်ရပ် ပြဌာန်းထားသည်။ ယင်းဥပဒေများ၏ ဒုတိယဥပဒေတစ်ရပ်သည် မှာတမ်းခြွေခြင်းခံရသူများ၏ ကျိန်ဆိုမှု၏ ပထမဥပဒေ၌ ပါဝင်နေပေသည်။ ယင်းပထမဥပဒေမှာ أَوْ يَخَافُوا ဖြစ်သည်။ သို့ရှိရာ ကျိန်ဆိုမှုနှစ်ခုစလုံးတွင် ဥပဒေများအားလုံး ပါဝင်နေပေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ ကူးလူးဆက်ဆံခြင်းနှင့် ဝတ္တရားများတွင် လိမ်လည်ခြင်းမပြုကြလေနှင့်။ ထိုအသျှင်မြတ်၏ အမိန့်များကို နားထောင်ပြီး လက်ခံကြကုန်။ အကယ်၍ ယင်းအမိန့်များနှင့် ဆန့်ကျင်မည်ဆိုလျှင် သူယုတ်မာများ ဖြစ်သွားပေမည်။ အလ္လာဟ်အသျှင်မြတ်သည် သူယုတ်မာများကို 'ကေယာမသ်'နေ့တွင် အမိန့်နာခံသူများ၏ အဆင့်အတန်းဘက်သို့ လမ်းညွှန်မှုပြုမည် မဟုတ်ပေ။ သို့သာမက ချမ်းသာခွင့်ရမည့်အခါတွင် ထိုသူများထက် နိမ့်နေလိမ့်မည်။ သို့ရှိရာ ဤကဲ့သို့ ဆုံးရှုံးမှုကို အဘယ်ကြောင့် နှစ်သက်နေရပါသနည်း။

သိမှတ်စရာများနှင့် ပညတ်ချက်များ

ပညတ်ချက် ၁ ။ ။ ကွယ်လွန်သူသည် အကြင်သူတစ်ဦးအား ပစ္စည်းများအပ်နှံပြီး ထိုပစ္စည်းအား တစ်ဦးတစ်ယောက်ကို ပေးရန်အတွက် ပြောဆိုမည်ဆိုလျှင် ထိုသူသည် 'ဝဆွီယသ်' မှာတမ်းခြွေခြင်းခံရသူဖြစ်သည်။ ထို 'ဝဆွီယသ်'သည် တစ်ဦးတည်းဖြစ်နိုင်သကဲ့သို့ များစွာလည်း ဖြစ်နိုင်သည်။

ပညတ်ချက် ❶ ။ ။ 'ဝဆွီမွတ်စွလင်မ်'ဖြစ်ခြင်းနှင့် တရားမျှတသူဖြစ်ခြင်းသည် ခရီး၌ဖြစ်စေ၊ ဌာန၌ဖြစ်စေ အမှန်မြတ်ဆုံးဖြစ်သည်။ အရေးကြီးသည် မဟုတ်ပေ။

ပညတ်ချက် ❷ ။ ။ ပြဿနာဖြစ်ရာတွင် ပူးတွဲသူမှာ တရားလိုဖြစ်ပြီး အခြားသူမှာ တရားခံဖြစ်သည်။

ပညတ်ချက် ❸ ။ ။ ဦးစွာပထမ တရားလိုထံမှ သက်သေတောင်းဆိုရမည်။ အကယ်၍ တရားတော်၏ နည်းစနစ်နှင့်အညီ တင်ပြလာသည်ဆိုလျှင် ထိုသူသည် အမှုနိုင်သွားပေမည်။ အကယ်၍ မတင်ပြနိုင်ပါက တရားခံအား ကစမ်ကျိန်ဆိုခိုင်းရမည်။ ထိုသူအနေနှင့် ကျိန်ဆိုလိုက်ပါက အမှုနိုင်သွားပေမည်။ အကယ်၍ ကျိန်ဆိုခြင်းမှ ငြင်းပယ်မည်ဆိုလျှင် တရားလိုမှ အမှုနိုင်သွားမည်ဖြစ်သည်။

ပညတ်ချက် ❹ ။ ။ ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည့်အတိုင်း ကစမ်ကျိန်ဆိုရာ၌ အချိန်နှင့်နေရာကို သတ်မှတ်ခြင်းသည် အရေးကြီးသည့် ကိစ္စရပ်မဟုတ်ပေ။ ဆုံးဖြတ်သူ၏ အကြံဉာဏ်ပေါ်၌ မူတည်၏။ ဤအာယသ်တော်ဖြင့် အရေးကြီးကြောင်းကိုလည်း မသိရှိရပေ။ ၎င်းနောက် အခြားအာယသ်တော်များနှင့် ဆင့်ပြန်ချက်များတွင်လည်း သတ်မှတ်ထားကြောင်းကို တင်ပြထားခြင်းမရှိပေ။

ပညတ်ချက် ❺ ။ ။ အကယ်၍ တရားခံသည် မိမိလုပ်ရပ်နှင့်ပတ်သက်ပြီး ကျိန်ဆိုမည်ဆိုလျှင် ကျွန်ုပ်ထိုလုပ်ရပ်နှင့် ပတ်သက်ပြီး မည်သည့်အကြောင်းမှ မသိပါဟူ၍ သုံးနှုန်းကာ ကျိန်ဆိုရမည်။

ပညတ်ချက် ❻ ။ ။ အကယ်၍ အမွေနှင့်စပ်လျဉ်းသည့် အမှုတွင် အမွေခံများသည် တရားခံများဖြစ်မည်ဆိုလျှင် တရားတော်အရ အမွေရမည့်သူများအနေနှင့် ကျိန်ဆိုရမည်ဖြစ်သည်။ ထိုရမည့်သူများ၌ တစ်ဦးတည်းဖြစ်စေ၊ အရေအတွက်များသည်ဖြစ်စေ ကျိန်ဆိုရမည်သာဖြစ်သည်။ ထို့နောက် အမွေခံမဟုတ်သူများ ကျိန်ဆိုရမည်မဟုတ်ပေ။ *[ဖယာနွလ်ကုရ်အာန်ကျမ်း]*

ကာဖိရ်တစ်ဦး၏ သက်သေထွက်ဆိုခြင်းသည် အခြားကာဖိရ်တစ်ဦး၏ ကိစ္စကိုပင် လက်ခံထိုက်ခြင်း

အလ္လာဟ်အသျှင်မြတ် မိန့်ဆိုထားသည်မှာ-

يَاَيُّهَا الَّذِيْنَ اٰمَنُوْا شَهَادَةُ بَيْنِكُمْ (اِلٰى قَوْلِهٖ) اَوْ اٰخَرٰنِ مِنْ غَيْرِكُمْ

ဤအာယသ်တော်တွင် မွတ်စွလင်မ်များကို မိန့်တော်မူသည်မှာ အသင်တို့ထဲမှ တစ်ဦးတစ်ယောက်ကွယ်လွန်မည်ဆိုလျှင် အသင်တို့ထဲမှ ကောင်းသောသူနှစ်ဦးကို 'ဝဆွီ'အဖြစ် ထားရမည်။ အကယ်၍ အသင်တို့ထဲမှ လူမရှိလျှင် အခြားသာသနာဝင်နှစ်ဦးအား 'ဝဆွီ'အဖြစ် ထားရမည့် ယင်းအချက်မှ အေမာမ်

အဗူဟနီဖာ (ရဟ) သခင်သည် ဤပညတ်ချက်ကို ကောက်နုတ်တင်ပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်တို့၏ သက်သေထွက်ဆိုခြင်းသည် မွတ်စ္စလင်မ်များအတွက်လည်း ပိုင်၏။ ယင်းအချက်အား

اَوْ اٰخَرَانِ مِنْ غَيْرِكُمْ

မှ တင်ပြထားပါသည်။ သို့ရှိရာ ကာဖိရ်၏ သက်သေထွက်ဆိုခြင်းသည် တစ်ဦးပေါ်တစ်ဦး ပြုပိုင်ခွင့်ရှိ၏။ သို့သော် အခြားအာယသ်တော်ဖြစ်သော-

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا تَدَايَنْتُمْ بِدَيْنٍ اِلٰٓى اَجَلٍ مُّسَمًّى فَاكْتُبُوْهُ

(اِلٰى قَوْلِهٖ) وَاسْتَشْهِدُوْا شَهِيْدَيْنِ مِنْ رِّجَالِكُمْ

မှ မွတ်စ္စလင်မ်များဘက်မှ ကာဖိရ်တို့၏ သက်သေထွက်ဆိုခြင်းအား ပယ်ဖျက်ထားပေသည်။ သို့သော် ကာဖိရ်များ တစ်ဦးပေါ်တစ်ဦး သက်သေထွက်ဆိုခြင်းမှာ အဆိုပါအတိုင်း ကျန်ရှိနေပေသေးသည်။ အေမာမ်အဗူဟနီဖာ၏ အဆိုအား ထိုဟဒီးစ်ကြောင့် ပို၍ လေးနက်စေပါသည်။ ၄င်းမှာ ယဟူဒီတစ်ဦးသည် ကာမကျူးလွန်လိုက်သည့်အတွက် လူများသည် ထိုယဟူဒီ၏ မျက်နှာအား မဲအောင်ပြုလုပ်ပြီး တမန်တော်မြတ် ﷺ ထံပါးသို့ ခေါ်ဆောင်လာ၏။ ကိုယ်တော်မြတ် ﷺ သည် ထိုသူ၏ အခြေအနေကို ကြည့်ပြီး အကြောင်းအရာအား မေးမြန်းရာ ၄င်းတို့က 'ဇေနာ' ကျူးလွန်ပါသည်ဟု ပြောဆိုကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် သက်သေများ၏ သက်သေထွက်ဆိုချက်ကို ရယူပြီးနောက် ယဟူဒီအား ခဲပေါက်ရန် အမိန့်ပေးတော်မူ၏။

အကြွင်းသူတစ်ဦးသည် တစ်ဦးတစ်ယောက်ထံမှ ရရန် ရှိပါက ထိုသူအား အကျဉ်းချ ခိုင်းစေနိုင်ခြင်း

تَحْبِسُوْنَهُمَا

ဤအာယသ်တော်မှ စည်းမျဉ်းတစ်ရပ်ကို သိရှိရသည်မှာ အကြွင်းသူတစ်ဦးအပေါ် တစ်ဦးတစ်ယောက်က ရရန်ရှိပါက ထိုသူသည် မိမိရရန် ရှိသည်အတွက် လိုအပ်သည့်အခါ ၄င်းသူအား ဖမ်းချုပ်ခိုင်းနိုင်၏။

مِنْۢ بَعْدِ الصَّلٰوةِ

၏ အလိုသဘောမှာ 'အဆွာရ်နမာဇ်'ဖြစ်သည့် ထိုအချိန်ကို ရွေးရခြင်း၏ အကြောင်းမှာ ထိုအချိန်အား ကျမ်းရထားသော ပုဂ္ဂိုလ်များသည် အလွန်လေးစားကြလေသည်။ အထူးသဖြင့် ထိုအချိန်၌ အလိမ်စကားပြောဆိုခြင်းအား တားမြစ်ထားပေသည်။ ယင်းမှ သိရှိရသည်မှာ ကျိန်ဆိုရာတွင် သီးသန့်အချိန်တစ်ချိန်နှင့် နေရာတစ်နေရာ သတ်မှတ်ခြင်းသည် ပိုင်၏။

◇◇◇◇◇◇◇◇◇◇◇

يَوْمَ يَجْمَعُ اللّٰهُ الرُّسُلَ فَيَقُوْلُ مَاذَآ اُجِبْتُمْ ؕ قَالُوْا لَا عِلْمَ لَنَا ؕ اِنَّكَ اَنْتَ عَلَّامُ الْغُيُوْبِ ﴿۱۰۹﴾

၅ : ၁၀၉ ။ ။ (အသင်တို့သည် အကြင်နေ့ကို သတိရ၍ ကြောက်ရွံ့ကြလေကုန်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်တို့အား စုရုံးစေတော်မူပြီးနောက် (ထိုရစူလ်တမန်တော်များကို) 'အသင်တို့သည် (မိမိတို့၏ နောက်လိုက်များ ထံမှ) မည်သို့သော ပြန်ကြားခြင်းကို ရရှိခဲ့ကြပါသနည်း' ဟူ၍ မေးမြန်းတော်မူမည်။ (ထိုအခါ ၎င်းရစူလ်တမန်တော်များက) 'ကျွန်တော်မျိုးတို့သည် အလျှင်း မသိကြပါ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အကွယ်၌ရှိသော အရာများကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်' ဟူ၍ လျှောက်ထားကြပေမည်။

اِذْ قَالَ اللّٰهُ يٰعِيْسَى ابْنَ مَرْيَمَ اذْكُرْ نِعْمَتِيْ عَلَيْكَ وَعَلٰى وَالِدَتِكَ ۘ اِذْ اَيَّدْتُّكَ بِرُوْحِ الْقُدُسِ ۫ تُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلًا ۚ وَاِذْ عَلَّمْتُكَ الْكِتٰبَ وَالْحِكْمَةَ وَالتَّوْرٰىةَ وَالْاِنْجِيْلَ ۚ وَاِذْ تَخْلُقُ مِنَ الطِّيْنِ كَهَيْـَٔةِ الطَّيْرِ بِاِذْنِيْ فَتَنْفُخُ فِيْهَا فَتَكُوْنُ طَيْرًا بِاِذْنِيْ وَتُبْرِئُ الْاَكْمَهَ وَالْاَبْرَصَ بِاِذْنِيْ ۚ وَاِذْ تُخْرِجُ الْمَوْتٰى بِاِذْنِيْ ۚ وَاِذْ كَفَفْتُ بَنِيْٓ اِسْرَآءِيْلَ عَنْكَ اِذْ جِئْتَهُمْ بِالْبَيِّنٰتِ فَقَالَ الَّذِيْنَ كَفَرُوْا مِنْهُمْ اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ﴿۱۱۰﴾

၅ : ၁၁၀ ။ ။ (ထိုနေ့မှာပင်) အလ္လာဟ်အသျှင်မြတ်သည် (တမန်တော်အီစာအား ဤသို့) မိန့်ကြားတော်မူမည်။ အို့ မရ်ယမ်၏ သား အီစာ၊ အသင်သည် မိမိအပေါ်၌လည်းကောင်း၊ မိမိ၏ မိခင်အပေါ်၌လည်းကောင်း၊ ငါအသျှင်မြတ် ပြုတော်မူခဲ့သော ကျေးဇူးတော်ကို ပြန်လည်သတိရပါလေ။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် အသင့်အား 'ရူဟုလ်ကုဒ္ဒုစ်' (ကောင်းကင်တမန် ဂျိဗ္ဗရာအီလ်) ဖြင့် ကူညီစောင်မတော်မူခဲ့လေသည်။ (၎င်းပြင်) အသင်သည် ပုခက်အတွင်း၌လည်းကောင်း၊ အသက်အရွယ် ကြီးပြင်းလာသောအခါ၌လည်းကောင်း လူတို့နှင့် (တစ်မျိုးတစ်စားတည်း) စကားပြောဆိုလေသည်။ ထို့ပြင် အကြင်အခါဝယ် ငါအသျှင်မြတ်သည် အသင့်အား ကောင်းကင်ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကို လည်းကောင်း၊ 'တောင်ရာသ်' ကျမ်းကိုလည်းကောင်း၊ 'အင်န်ဂျီလ်' ကျမ်းကိုလည်းကောင်း သင်ကြား ပို့ချပေးတော်မူခဲ့သည်။ ထို့ပြင် အကြင်အခါဝယ် အသင်သည် မြေဖြင့် ငှက်၏ သဏ္ဌာန်ကဲ့သို့ ပြုလုပ်၍ ထိုအရာတွင် မှုတ်လိုက်ရာ ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် ထိုအရာသည် (အသက်ရှင်သော) ငှက်သတ္တဝါဖြစ်လာသည်။ ၎င်းပြင် ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့်

(အမိဝမ်းတွင်းမှ) မျက်စိအလင်းမရသော သူအားလည်းကောင်း၊ ခရုသင်း စသော ကုဋ္ဌနူနာ စွဲကပ်လျက်ရှိသော သူတို့ကိုလည်းကောင်း ပျောက်ကင်းစေခဲ့၏။ ထိုနည်းတူစွာ အကြင်အခါဝယ် အသင်သည် သူသေများကို (ရှင်စေပြီး သင်္ချိုင်းတွင်းမှ) ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် ထွက်စေခဲ့၏။ ထို့ပြင် အကြင်အခါဝယ် ငါအသျှင်မြတ်သည် အီစ္စရာအီးလ်မျိုးနွယ်တို့အသင့်အား (ဖမ်းဆီးကွပ်မျက်ခြင်းမှ) တားဆီးတော်မူခဲ့သည်။ အကြင်အခါဝယ် အသင်သည် ၎င်းတို့ထံသို့ ထင်ရှားလှစွာသော သက်သေသာဓက (တန်ခိုးတော်) များကို ယူဆောင်သွားခဲ့ပြီးနောက် ၎င်းတို့အနက်မှ မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြသူတို့က 'ဤသည်ကား ထင်ရှားလှသော စုန်းပယောဂအတတ်မျှပင် ဖြစ်သည်' ဟူ၍ ပြောဆိုခဲ့ကြသည်။

အာယသ်တော်များ၏ ဆက်စပ်ပုံ

အထက်၌ အမိန့်များအသီးသီးကို တင်ပြထားပေသည်။ အလယ်၌ ယင်းအမိန့်များအပေါ် ကျင့်သုံးရန်တိုက်တွန်းထားပြီး ဆန့်ကျင်ဘက်ပြုရာ၌ ခြိမ်းခြောက်ထားပါသည်။ ယင်းအမိန့်များအား လေးနက်စေရန်အတွက် ရှေ့အာယသ်တော်များတွင် 'ကေယာမသ်' နေ့၏ ထိတ်လန့်ဖွယ်ဖြစ်ရပ်များကို သတိပေးမိန့်ဆိုထားပေသည်။ သို့မှသာ အမိန့်နာခံရာ၌ ပို၍ ပြုနိုင်ပြီး ဆန့်ကျင်ဘက်ပြုရာ၌ ပို၍ ရှောင်ကြဉ်နိုင်မည် ဖြစ်သည်။ များသောအားဖြင့် ကျမ်းတော်မြတ်၏ နည်းစနစ်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။ တစ်ဖန် စူရာဟ်အဆုံး၌ ကျမ်းရထားသောသူများ၏ ပြောဆိုမှုများကို တင်ပြထားပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ဖော်ပြပါအာယသ်တော်များတွင် တင်ပြခဲ့ပြီးဖြစ်သည်။ ယင်းသို့ တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ကျမ်းရထားသောသူများကို တမန်တော်အီစာ ﷺ နှင့် ပတ်သက်သည့် အကြောင်းအရာများကို တင်ပြရန်ဖြစ်သည်။ ယင်းသို့ တင်ပြခြင်းဖြင့် ထိုနဗီ၏ [illegible] မဟုတ်ကြောင်းကို သိရှိရမည်ဖြစ်သည်။ ကြေန်ဆိုလျှင် ထိုသို့ ပြောဆိုခြင်း၏ ဖြစ်ရပ်သည် 'ကေယာမသ်' နေ့မှ ဖြစ်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုနေ့သည် မည်မျှ ကြောက်စရာကောင်းသည့်နေ့ ဖြစ်မည်နည်း။ အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်များအားလုံးကို ၎င်းတို့၏ အုမ္မသ်များနှင့်အတူ စုရုံးစေတော်မူမည်။ တစ်ဖန်အုမ္မသ်များတွင် ပြစ်မှုကျူးလွန်သူများကို ရှုတ်ချရန်အတွက် ထိုနဗီတမန်တော်များကို မိန့်ဆိုတော်မူမည်မှာ အသင်တို့အား ထိုအုမ္မသ်များဘက်မှ မည်သို့သော အဖြေများ ရရှိခဲ့ပါသနည်း။ ထိုအခါ ၎င်းနဗီများမှ လျှောက်ထားမည်မှာ အပေါ်ယံအဖြေကို ကျွန်ုပ်တို့ သိရှိခဲ့ရပြီး ဖြစ်သည်။ ထိုဖြေကြားချက်များကို တင်ပြတော်မူမည်။ သို့သော် ၎င်းတို့၏ ရင်တွင်းစကားများကို ကျွန်ုပ်တို့ မည်သို့မျှ မသိရှိနိုင်ချေ။ ထိုစကားများကို အသင်အသျှင်သာလျှင် အသိဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မုချကေန် အသင်အသျှင်မြတ်သာလျှင် ဖုံးကွယ်ထားသော အရာခပ်သိမ်းကို အသိဆုံး ဖြစ်တော်မူ၏။ အလိုသဘောမှာ တစ်နေ့တွင် ကျင့်ကြံမှုများအားလုံး၏ အခြေအနေအရပ်ရပ်ကို စစ်ဆေးတော်မူမည်။ ထို့ကြောင့် အသင်တို့အနေနှင့် ပြစ်မှုကျူးလွန်ခြင်းနှင့် ဖီဆန်ခြင်းအား ကြောက်ရွံ့နေသင့်သည်။ ထိုနေ့မှာပင် တမန်တော်အီစာ ﷺ နှင့် သီးသန့်ပြောဆိုမှုကို ပြုလုပ်တော်မူမည်။

သို့ရှိရာ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ 'အို၊ မရ်ယမ်၏ သားတော်အီစာ၊ ငါအသျှင်မြတ်ဘက်မှ အသင့်အား ချီးမြှင့်ခဲ့သည်များကို သတိရပါ။ ထိုသို့ မိန့်ဆိုခြင်းသည် အရသာ တစ်ဖန် ဆန်းသစ်လာရန်ဖြစ်သည်။ ယင်းချီးမြှင့်ခြင်းများသည် အသင့်အပေါ်နှင့် အသင်၏ မိခင်အပေါ်သို့ အချိန်အခါအသီးသီးနှင့် ပုံစံအသီးသီးဖြင့် ပို့ချခဲ့ပါသည်။ အသင်တို့သည် အခြေအနေနှစ်ရပ်လုံး၌ လူများဖြင့် တစ်ပြေးညီ ပြောဆိုဆက်ဆံခဲ့ပါသည်။ ငါအသျှင်မြတ်သည် အသင့်အား ဟဇရသ်ဂျိဗ္ဗရာအီးလ် عليه السلام ဖြင့် အကူအညီလည်း ပေးခဲ့ပါသည်။ အသင်သည် မိခင်၏ ရင်ခွင်နှင့် အသက်ကြီးပြင်းလာသောအခါ၌လည်း အခြေအနေနှစ်ရပ်လုံးတွင် ပြောဆိုရာ၌ မည်သို့မျှ ခြားနားခြင်းမရှိချေ။ ၎င်းနောက် ငါအသျှင်မြတ်သည် အသင့်အား ကောင်းကင်ကျမ်းများနှင့် မိန့်ဆိုချက်များကို သင်ကြားပေးပြီး အထူးသဖြင့် 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီလ်' ကျမ်းကိုလည်း သင်ကြားပေးတော်မူ၏။ ၎င်းနောက် အသင်သည် ရွှံ့စေးဖြင့် ရုပ်ပုံတစ်ခု ပြုလုပ်လိုက်သည်။ ပမာဆိုရသော် ငှက်တစ်ကောင်ပုံစံ ပြုလုပ်ပြီး ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် အသင်သည် ထိုရုပ်ပုံ၌ မှုတ်ထည့်လိုက်သောအခါ အမှန်တကယ်ပင် သက်ရှိငှက်ကလေးတစ်ကောင် ဖြစ်ရှိသွား၏။ ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် အသင်တို့သည် မွေးရာပါ မျက်မမြင်များကို ကောင်းအောင် ပြုလုပ်ပေးတော်မူခဲ့သည်။ ၎င်းနောက် သမင်ဖြူရောဂါကိုလည်း ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် ကုသပေးခဲ့သည်။

၎င်းနောက် သေသူများကို 'ကဗရ်' တွင်းမှ ထုတ်ယူပြီး ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့နောက် အသင့်အား ဆန့်ကျင်ကြသော ဗနီအိစ္စရာအီလ်များကို အသင့်အား သတ်ဖြတ်ခြင်းမှ ဖယ်ရှားတော်မူခဲ့သည်။ ၎င်းတို့သည် အသင့်အား နစ်နာစေလိုကြသည်။ အသင်သည် ၎င်းတို့ထံ 'မုအ်ဂျေဇာဟ်' နှင့် 'နဗုဝသ်' ၏ အထောက်အထားများ ယူဆောင်၍ ရောက်လာခဲ့သည်။ တစ်ဖန် ထိုသူများထဲမှ ကာဖိရ်ဖြစ်သွားသူများက ဤ 'မုအ်ဂျေဇာဟ်' များသည် မှော်ပညာမှအပ အခြားမည်မျှ မဟုတ်ဟူ၍ ပြောဆိုကြသည်။

သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ

'ကေယာမသ်' နေ့တွင် ဦးစွာပထမ နဗီတမန်တော်များအား မေးမြန်းတော်မူမည်ဖြစ်သည်။

يَوۡمَ يَجۡمَعُ اللّٰهُ الرُّسُلَ

ကေန်ဆိုလျှင် 'ကေယာမသ်' နေ့တွင် ကမ္ဘာအစမှ အဆုံးထိ ပေါက်ဖွားလာသော လူသားမျိုးနွယ်စုအားလုံးကို ဟင်းလင်းပြင်တွင် ရပ်နိုင်းစေတော်မူမည်။ မည်သည့်နယ်မြေ၊ မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်အခါက လူသားပင်ဖြစ်စေကာမူ ထိုကွင်းပြင်တွင် ရောက်လာကြရမည်။ ထို့နောက် လူသားအားလုံးတို့၏ ဘဝသက်တမ်းတွင် ပြုကျင့်ခဲ့သမျှနှင့် ပတ်သက်ပြီး စာရင်းစစ်ဆေးတော်မူမည်ဖြစ်သည်။ သို့သော်တင်ပြထားချက်တွင် အထူးသဖြင့် နဗီတမန်တော်များကိုသာ တင်ပြထားပါသည်။

يَوْمَ يَجْمَعُ اللّٰهُ الرُّسُلَ

ဆိုလိုသည်မှာ ထိုနေ့ကို သတိရကြကုန်။ အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်များအားလုံးကို စာရင်းစစ်ဆေးရန်အတွက် စုစည်းတော်မူမည်ဖြစ်သည်။ အလိုသဘောမှာ စကြဝဠာတစ်ခုလုံးရှိ အရာခပ်သိမ်းကို စုစည်းတော်မူမည်။ သို့သော် ဦးစွာပထမ နဗီတမန်တော်များကို မေးမြန်းတော်မူမည်။ သို့မှသာ အဖန်ဆင်းခံများအားလုံး တွေ့မြင်နိုင်မည်မှာ ယနေ့မည်သူတစ်ဦးတစ်ယောက်မှ စစ်ဆေးခံရခြင်းနှင့် မေးမြန်းခံရခြင်းမှ လွတ်ကင်းမည်မဟုတ်ပေ။ တစ်ဖန် ရစူလ်များအား မေးမြန်းမည်မှာ

مَاذَا اُجِبْتُمْ

ဆိုလိုသည်မှာ အသင်တို့သည် မိမိတို့၏ အုမ္မသတ်အသီးသီးကို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ သာသနာအစစ်အမှန်ဘက်သို့ ဖိတ်ခေါ်ရာတွင် ထိုသူများသည် အသင်တို့အား မည်သို့ အဖြေပေးခဲ့ကြပါသနည်း။ ၎င်းနောက် ထိုသူများသည် အသင်တို့ ပြသခဲ့သော ပညတ်ချက်များအပေါ် လိုက်နာကျင့်သုံးကြပါသလော။ (သို့) ငြင်းပယ်ပြီး ဖီဆန်ခဲ့ကြပါသလော။

ကေန်ဆိုလျှင် ထိုသို့ မေးမြန်းခြင်းသည် နဗီတမန်တော်များကို ဦးတည်နေသော်ငြားလည်း ကေန်စင်စစ် ၎င်းတို့၏ အုမ္မသ်များကို တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ အုမ္မသ်များအနေနှင့် ပြုကျင့်ခဲ့သော ကောင်းမှု၊ မကောင်းမှုများနှင့် ပတ်သက်ပြီး ဦးစွာပထမ ၎င်းတို့၏ ရစူလ်များအသီးသီးမှ သက်သေရယူမည်ဖြစ်သည်။ အုမ္မသ်များအတွက် ဤအချိန်သည် အလွန့်အလွန်အရေးကြီးသည့် အချိန်ဖြစ်မည်။ ထိုအချိန်တွင် ၎င်းတို့သည် နဗီတမန်တော်များထံမှ ကြားဝင်အသနားခံမှုကို မျှော်လင့်နေကြမည်ဖြစ်သည်။ တစ်ဖက်တွင် နဗီတမန်တော်များအား ၎င်းတို့နှင့် ပတ်သက်ပြီး မေးမြန်းတော်မူမည်။ သို့ရှိရာ နဗီတမန်တော်များသည် မည်သို့မှ မှားယွင်းသည့်စကားကို မပြောဆိုမည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် နဗီတမန်တော်များကိုယ်တိုင် မိမိတို့၏ အပြစ်များအပေါ် သက်သေထွက်ဆိုမည်ကို ၎င်းတို့အနေနှင့် စိုးရိမ်နေကြမည်ဖြစ်သည်။ သို့ရှိရာ ယခု ကြားဝင်အသနားခံမည့်သူ (သို့) ကူညီမည့်သူ ၎င်းတို့အတွက် မည်သူရှိမည်နည်း။

နဗီတမန်တော်များသည် ထိုမေးမြန်းချက်အား ဖြေကြားတော်မူမည်။

قَالُوْا لَا عِلْمَ لَنَا اِنَّكَ اَنْتَ عَلَّامُ الْغُيُوْبِ

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ၎င်းတို့၏ အီမာန်နှင့် 'အမလ်' နှင့်ပတ်သက်ပြီး မည်သည့်အရာမျှ မသိရှိပေ။ အသင်အသျှင်မြတ်သာလျှင် ဖုံးကွယ်နေသည့် အရာခပ်သိမ်းကို သိတော်မူ၏။

ဒွိဟတစ်ခုအား ချေပခြင်း

ဤနေရာ၌ မေးမြန်းရန် ရှိသည်မှာ နဗီတမန်တော်များ ကွယ်လွန်ပြီးနောက် ပေါက်ဖွားလာသောသူများနှင့် ပတ်သက်ပြီး ထိုသို့ နဗီတမန်တော်များဘက်မှ ဖြေကြားခြင်းမှာ မှန်၏။ ၎င်းတို့နှင့်ပတ်သက်ပြီး

မည်သည့်အရာမျှ မသိရှိပါဟု ဆိုသည်မှာ ရှင်းလင်းနေသည်။ အဘယ်ကြောင့်ဆိုသော် အကွယ်၌ရှိသော အရာများအား အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ မသိရှိကြချေ။ သို့သော် အလွန်များပြားလှသော အွမ္မသ်များထဲမှ ဤကဲ့သို့သော လူများလည်း ရှိကြပေသည်။ ထိုလူများသည် နဗီတမန်တော်များကိုယ်တိုင် ကြိုးပမ်းမှုဖြင့် မိမိတို့၏ ရစူလ်အသီးသီးတို့ထံ အီမာန်ယူလာကြသူများ ဖြစ်ကြသည်။ တစ်ဖန် ၄င်းနဗီ ပြသသည့်အတိုင်း အမိန့်များအပေါ် လိုက်နာကျင့်သုံးခဲ့ကြသည်။ ထိုနည်းတူစွာ နဗီတမန်တော်များ၏ ပြောဆို စကားများကို လက်ခံကြသည့် ကာဖိရ်များသည် ဆန့်ကျင်ဘက်ပြုကာ ရန်မူလာကြသည်။ ထိုသူများနှင့် ပတ်သက်ပြီး နဗီများက ကျွန်ုပ်တို့ မည်သည့်အရာမျှ မသိရှိပါဟု ဖြေကြားခြင်းမှာ မည်သို့ မှန်းနိုင်မည် နည်း။ သဖ်စီရ်ပဲဟ်ရေမူဟီးသွ်၌ အေမာမ်အဗူအဗ်ဒွလ္လာဟ်ရာဇီ (ရဟ) မှ ဖြေကြားထားသည်မှာ ဤနေရာ၌ အချက်နှစ်ချက်မှာ သီးခြားစီဖြစ်ပါသည်။ တစ်ချက်မှာ 'အိလ်မ်'အသိပညာဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ် မှာ ပြည့်ဝသည့် ယုံကြည်ချက်ဖြစ်သည်။ အခြားအချက်မှာ 'ဇွာန်' ထင်မြင်ချက် လွှမ်းမိုးခြင်းဖြစ်သည်။ လူတစ်ဦးသည် အခြားလူတစ်ဦးရှေ့၌ ရှိနေသော်ငြားလည်း ထိုသူ၏ အီမာန်နှင့် 'အမလ်'အပေါ် အကယ်၍ သက်သေထွက်ဆိုနိုင်မည်ဆိုလျှင်လည်း ထိုသို့ သက်သေထွက်ဆိုခြင်းသည် ထင်မြင်ယူဆချက်ပင်ဖြစ်မည်။ သို့မဟုတ်ပါက နှလုံးတွင်းရှိ အရာများနှင့် စစ်မှန်သည့် အီမာန်နှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်၏ ဝဟီတော်မပါဘဲ မသိရှိနိုင်ပေ။ အွမ္မသ်တိုင်းတွင် မုနာဖစ်က်အရေခြုံများ၏ အုပ်စုလည်း ရှိမြဲဖြစ်သည်။ ၄င်းတို့သည် အပေါ်ယံအားဖြင့် အီမာန်ယူလာခဲ့ကြသည်။

ထို့နောက် အမိန့်များအပေါ်လည်း လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ၄င်းတို့၏ နှလုံးသားတွင် အီမာန်မရှိကြချေ။ လိုက်နာကျင့်သုံးလိုစိတ်လည်း မရှိပေ။ ၄င်းတို့၏ လုပ်ဆောင်ချက်ဟူသမျှသည် ပြစားမှု မျှသာဖြစ်သည်။ လောက၏ အမိန့်များအားလုံးသည် အပေါ်ယံလုပ်ရပ်အပေါ် မူတည်ပေသည်။ အကြင်သူ သည် မိမိကိုယ်မိမိ မွတ်စ္လင်မ်ဟု ကြွေးကြော်ပြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအပေါ် လိုက်နာ ကျင့်သုံးမည်။ ၄င်းနောက် အစ္စလာမ်နှင့် ဆန့်ကျင်သည့် ပြောဆိုမှုများ၊ လုပ်ဆောင်ချက်များလည်း မရှိဟု ဆိုပါက နဗီတမန်တော်များသည် ၄င်းတို့အား မိမိ၏ အွမ္မသ်နှင့် အီမာန်ရှင်ဖြစ်သည်ဟူ၍ပင် ပြောဆိုရ မည်ဖြစ်သည်။

نَحْنُ نَحْكُمُ بِالظَّوَاهِرِ وَاللّٰهُ مُتَوَلِّى السَّرَائِرِ

ဆိုလိုသည်မှာ ကျွန်ုပ်သည် အပေါ်ယံပညတ်ချက်များအပေါ် အမိန့်တော်များကို ချမှတ်တော်မူသည်။ နှလုံးသားအတွင်း ဖုံးကွယ်နေသော လျှို့ဝှက်ချက်အား အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် သိရှိတော်မူ၏။

ထိုစည်းမျဉ်းနှင့်အညီ လောကတွင် နဗီတမန်တော်များနှင့် ၄င်းတို့၏ ကိုယ်စားလှယ်များ၊ ပညာရှင် များသည် အပေါ်ယံလုပ်ဆောင်ချက်များအပေါ် ကောင်းသည့် ထင်မြင်ချက်နှင့်အညီ မည်သူ့ကို မဆို အီမာန်ရှင်ဖြစ်ကြောင်းကို သက်သေထွက်ဆိုနိုင်ကြသည်။ သို့သော် ယနေ့ခေတ်အခါတွင် ကောင်းသည့် ထင်မြင်ယူဆချက်အပေါ် မူတည်နေခြင်းမှာ ပပျောက်သွားပြီးဖြစ်သည်။ ဤနေရာသည် 'ဟရှရ်'ကွင်းပြင်

ဖြစ်သည်။ အကြင်နေရာ၌ အမွေးအမျှင်တစ်ပင်မကျန် နှုတ်ယူမည်ဖြစ်သည်။ အမှန်တရားကို ဖော်ထုတ်မည်ဖြစ်သည်။ အပြစ်ရှိသူများနှင့် ရင်ဆိုင်ရာတွင် ဦးစွာပထမ အခြားသူများမှ သက်သေထွက်ဆိုမှုကို ရယူမည်ဖြစ်သည်။ ထိုသက်သေထွက်ဆိုခြင်းအား အပြစ်ရှိသူများက မကျေနပ်ဘဲ ဝန်ခံမှုမပြုလျှင် အထူးသဖြင့် ထားရှိသည့် အစိုးရသက်သေများကို အသုံးချမည်ဖြစ်သည်။ ၎င်းတို့၏ နှုတ်လျှာပေါ် စည်းတံဆိပ် ခတ်နှိပ်တော်မူမည်။ ၎င်းနောက် အပြစ်ရှိသူများ၏ ခြေ၊ လက် အစရှိသည်တို့မှ သက်သေထွက်ဆိုမှုကို ရယူမည်ဖြစ်သည်။ ထိုအရာများသည် လုပ်ဆောင်ချက်များအား တိကျမှန်ကန်စွာ ထုတ်ဖော်တင်ပြမည်ဖြစ်သည်။

اَلْيَوْمَ نَخْتِمُ عَلٰى اَفْوَاهِهِمْ وَتُكَلِّمُنَا

اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ

ကျွန်ုပ်တို့၏ အစိတ်အပိုင်းအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ လျှို့ဝှက်ထောက်လှမ်းရေးများဖြစ်ကြသည်။ ထိုအခါမှ လူသားများ သိရှိသွားမည်ဖြစ်သည်။ ၎င်းတို့၏ အစိတ်အပိုင်းများ၏ တင်ပြချက်များပြီးသည့်နောက် မည်သို့မှ ငြင်းဆိုနိုင်ကြမည်မဟုတ်ပေ။

နိဂုံးချုပ်ဆိုရသော် ထိုလောက၏ အဓိပ္ပာယ်ရှိသမျှသည် ထင်မြင်ယူဆချက်နှင့် ခန့်မှန်းမှုအပေါ် ချမှတ်ခြင်းမျိုးမဟုတ်ဘဲ သိရှိရပြီး မုချသေချာသည့်အပေါ် အရာတိုင်း မူတည်မည်ဖြစ်သည်။ ယခု သိရှိရပြီးဖြစ်သကဲ့သို့ မည်သူတစ်ဦးတစ်ယောက်၏ အီမာန်နှင့် 'အမလ်'၏ စစ်မှန်မှုသည် မုချကောန် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ မရှိပေ။ ထို့ကြောင့် 'ဟရှရ်' ကွင်းပြင်တွင် နဗီတမန်တော်များကို

مَاذَا اُجِبْتُمْ

ဟု မေးမြန်းသောအခါ ထိုမေးခွန်း၏ အစစ်အမှန်ကို သိရှိသွားမည်ဖြစ်သည်။ ယင်းမေးခွန်းသည် ဤလောက၌ မေးမြန်းမည်မဟုတ်သည့်အတွက် ထင်မြင်ယူဆချက်ဖြင့် ဖြေဆိုနိုင်မည်မဟုတ်ပေ။ သို့သာမက သေချာသည့် ဖြေကြားချက်မှအပ အခြားပုံစံနှင့် ဖြေဆိုနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အဆိုပါနဗီများသည် ကျွန်ုပ်တို့ မည်သည့်အကြောင်းမျှ မသိပါဟု ဖြေကြားခြင်းသည် အစစ်အမှန်ကို မရှိရှိခြင်းအား ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းသို့ ဖြေကြားခြင်းသည် လုံးဝ ပုံစံကျ၍ မှန်ကန်ပေသည်။

မေးခွန်းတစ်ခုနှင့် ၎င်း၏အဖြေ

နဗီတမန်တော်များ၏ အလွန်ချစ်ခင်မှုအား ထုတ်ဖော်ခြင်း ။ ။ ဤနေရာ၌ မေးမြန်းရန် အချက်တစ်ချက်ရှိသည်မှာ အုမ္မသ်များ၏ လက်ခံခြင်း၊ လက်မခံခြင်း၊ အမိန့်နာခံခြင်း၊ (သို့) မနာခံခြင်း၏ ဖြစ်ရပ်များသည် ၎င်းတို့ ထင်မြင်ယူဆပြီး သိရှိထားသည့်အတိုင်း ထိုမေးခွန်းအား ဖြေကြားရာ၌ အဆိုပါအတိုင်း ဖြေကြားသင့်ပေသည်။ ယုံကြည်ရလောက်သည့် ထိုအသိတရားကိုသာလျှင် အလ္လာဟ်အသျှင်မြတ်အား ပုံလွှဲအပ်နှံနိုင်

ပါသည်။ သို့သော် ဤနေရာ၌ နဗီတမန်တော်များသည် မိမိသိရှိထားသမျှနှင့် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များကို တင်ပြခြင်းမရှိဘဲ အလ္လာဟ်အသျှင်မြတ်၏ အသိတော်ထံ ပုံလွှဲအပ်နှံပြီး တိတ်ဆိတ်စွာ နေလိုက်၏။ ယင်းနေရာ၌ ဆင်ခြင်တုံတရား ရှိသည်မှာ နဗီတမန်တော်များသည် မိမိ၏အွမ္မသ်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအားလုံးအပေါ် အလွန်အမင်း ချစ်ခင် ကြခြင်းကြောင့်ဖြစ်သည်။ ယင်းနဗီတမန်တော်များသည် ၎င်းအွမ္မသ်များ ဖမ်းဆီးချုပ်နှောင်ခြင်းခံရမည့် စကားမျိုး မပြောဆိုခြင်းကြောင့်ဖြစ်သည်။ သို့သော် မလွဲမရှောင်သာ အခြေအနေတွင် ပြောရမည်ဖြစ်သည်။ ဤနေရာ၌ ယုံကြည်စိတ်ချက်ရသည့် အသိတရား မရှိဟူသော အကြောင်းခံတစ်ခု ရှိနေသည်။ ထိုအကြောင်းခံအား အမှီသဟဲပြုပြီး မိမိနှုတ်မှ မိမိအွမ္မသ်နှင့် ဆန့်ကျင်ဘက်စကား ပြောဆိုခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

'ဟရှ်ရ်' ကွင်းပြင်တွင် အချက်ငါးချက်အား မေးမြန်းမည်ဖြစ်ခြင်း

အချုပ်ဆိုရသော် ဤအာယသ်တော်တွင် 'ကေယာမသ်'နေ့၏ ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းအား တစ်ချက်မှ လှစ်ဟပြပြီး စာရင်းအင်းစစ်ဆေးရာတွင် အလ္လာဟ်အသျှင်မြတ်၏ အနီးစပ်ဆုံး ဖြစ်ခဲ့ရသော နဗီတမန်တော်များပင် တုန်ရီစွာ ရပ်နေကြမည်ဆိုလျှင် အခြားလူများ၏ အခြေအနေမှာ မည်သို့ ရှိမည်နည်း။ ထို့ကြောင့် ထိုနေ့အတွက် ယနေ့မှပင် သောကထားသင့်ပါသည်။ ၎င်းနောက် မိမိရရှိထားသည့် ဘဝသက်တမ်းကို ထိုစာရင်း စစ်ဆေးခြင်းကို ခံရန် အဆင်သင့်လုပ်ရန်အတွက် တန်ဖိုးထားသင့်ပေသည်။ သိရ်မေဇီကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'ဟရှ်ရ်'ကွင်းပြင်တွင် မည်သူတစ်ဦးတစ်ယောက်မှ မေးခွန်းငါးခု မေးမြန်းခြင်းမခံရသရွေ့ ခြေတစ်လှမ်းမျှ ရွှေ့တိုးနိုင်မည် မဟုတ်ပေ။ ပထမမေးခွန်းမှာ မိမိ၏ ရှည်လျားသော သက်တမ်း၏ နေ့နှင့် ညများကို မည်သည့်လုပ်ဆောင်ချက်များ၌ အသုံးချခဲ့ပါသနည်း။ ဒုတိယမေးခွန်းမှာ အထူးသဖြင့် မိမိ၏ နုပျိုသည့် အချိန်ကာလနှင့် စွမ်းအားများကို မည်သည့်လုပ်ရပ်များ၌ သုံးစွဲခဲ့ပါသနည်း။ တတိယမေးခွန်းမှာ မိမိသက်တမ်းတစ်လျှောက်တွင် မည်သည့်နည်းလမ်းဖြင့် ပစ္စည်းဥစ္စာများကို မည်သည့်နေရာများ၌ သုံးစွဲခဲ့ပါသနည်း။ ပဉ္စမမေးခွန်းမှာ မိမိ၏ ပညာရပ်များကို မည်သည့်နေရာ၌ သုံးစွဲခဲ့ပါသနည်း။

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အတိုင်းအတာမဲ့ မဟာကရုဏာတော်ကြောင့် ထိုစာမေးပွဲ၏ မေးခွန်းများကို နဗီတမန်တော်မြတ် ﷺ မှတစ်ဆင့် အစကနဦးကပင် တင်ပြခဲ့ပြီးဖြစ်သည်။ ယခု အွမ္မသ်သားများ၏ အလုပ်မှာ ထိုမေးခွန်းများ၏ အဖြေကို ဆည်းပူးရမည်ဖြစ်သည်။ ထိန်းသိမ်းရမည်ဖြစ်သည်။ စာမေးပွဲမစမီအလျှင် မေးခွန်းများ တင်ပြပြီးသည့်နောက်လည်း တစ်ဦးတစ်ယောက်အနေနှင့် ထိုစာမေးပွဲတွင် မအောင်မြင်ဘဲ ရှုံးနိမ့်မည်ဆိုလျှင် ထိုသူထက်ပိုပြီး နဖူးစာမဲ့သူ မည်သူရှိမည်နည်း။

တမန်တော်အီစာ عليه السلام နှင့် သီးသန့်အမေးအဖြေ

ဖော်ပြပါအာယသ်တော်တွင် နဗီအပေါင်းတို့၏ အခြေအနေနှင့် ၎င်းနဗီများနှင့် အမေးအဖြေလုပ်မည့် အကြောင်းကို တင်ပြထားပါသည်။ ဒုတိယအာယသ်တော်နှင့် ယင်းနောက်ပိုင်းအာယသ်တော်မှ စူရာဟ်

အဆုံးအထိ အာယသ်တော်ကိုးပုဒ်တွင် အထူးသဖြင့် ဗနီအိစ္စရာအီလ်၏ နောက်ဆုံးနဗီဖြစ်သူ တမန်တော် အီစာ ﷺ အကြောင်းကို တင်ပြပြီး ယင်းနဗီအပေါ် အလ္လာဟ်အသျှင်မြတ်မှ ထူးထူးခြားခြား 'ဟရ်ရ်'ကွင်း ပြင်တွင် ၎င်းနဗီအား သီးသန့်အမေးအဖြေ အကြောင်းကို တင်ပြထားပေသည်။ ယင်းနှင့်စပ်လျဉ်း၍ ရှေ့အာယသ်တော်တွင် တင်ပြသွားပေမည်။

ထိုအမေးအဖြေ၏ ရလဒ်မှာ ဗနီအိစ္စရာအီလ်နှင့် အဖန်ဆင်းခံများကို ဤကြောက်မက်ဖွယ်ကောင်း သည့် မြင်ကွင်းကိုပြသရန် ဖြစ်သည်။ ၎င်းမှာ ထိုကွင်းပြင်တွင် တမန်တော်အီစာ ﷺ နှင့်၊ တမန်တော် မူစာ ﷺ တို့အား မေးမြန်းမည်မှာ အသင်တို့၏ အမ္မသ်များသည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် တုပနိူင်းယှဉ်ခြင်း ပြုခဲ့ကြပါသနည်း။ ထိုအခါ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ကြီးကျယ်မြင့်မြတ်မှုနှင့် နဗီ ဖြစ်သော်ငြားလည်း အလွန်တုန်လှုပ်ကြောက်ရွံ့ကာ မိမိတို့ ယင်းအရာများနှင့် လုံးဝ ကင်းရှင်းကြောင်းကို အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ တင်ပြကြမည်မှာ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ် ပုံစံအသီးသီး နှင့် ထိုအရာများအား တားဆီးခဲ့ပေသည်။ ကျွန်ုပ်တို့အနေနှင့် ထိုကဲ့သို့လည်း သင်ကြားခဲ့ခြင်းမျိုးလည်း မရှိခဲ့ပေ။ ဦးစွာပထမ လျှောက်ထားမည်မှာ-

سُبْحَانَكَ مَا يَكُوْنُ لِيْ اَنْ اَقُوْلَ مَا لَيْسَ لِيْ بِحَقٍّ

ဆိုလိုသည်မှာ အသင်အသျှင်မြတ်သည် စင်ကြယ်တော်မူပါ၏။ ကျွန်ုပ်အနေနှင့် ထိုသို့ မပြောထိုက် သည့် စကားရပ်များကို ပြောဆိုရန် မည်သို့ သတ္တိရှိပါမည်နည်း။

မိမိတို့အနေနှင့် ထိုအချင်းအရာများမှ ကင်းရှင်းကြောင်းကို အခြားပုံစံတစ်မျိုးနှင့် ဤသို့လည်း တင်ပြမိန့်ဆိုကြမည်ဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်ကို မိမိတို့၏ သက်သေအဖြစ် ထားရှိပြီး ပြောဆိုကြမည်မှာ အကယ်၍ ကျွန်ုပ်တို့အနေနှင့် အဆိုပါအတိုင်း ပြောဆိုခဲ့ကြမည်ဆိုလျှင်လည်း အလ္လာဟ် အသျှင်မြတ်ကိုယ်တော်တိုင် အသိဆုံး ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သာလျှင် ကျွန်ုပ်တို့၏ လျှို့ဝှက်ချက်များကို အသိဆုံး ဖြစ်တော်မူ၏။ ပြောဆိုလုပ်ဆောင်ချက်များကို မဆိုထားနှင့် အသင်အသျှင်မြတ်သည် အကွယ်၌ရှိသော အရာခပ်သိမ်းကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် တမန်တော်အီစာ ﷺ ၏ ပြောကြားချက်

ဆိုလိုသည်မှာ ကျွန်ုပ်သည် အသင်အသျှင်မြတ် မိန့်ကြားသမျှကိုသာ ထိုသူများအား သင်ကြားပေး တော်မူခဲ့ပေသည်။

اَنِ اعْبُدُوا اللّٰهَ رَبِّيْ وَرَبَّكُمْ

ဆိုလိုသည်မှာ 'ကျွန်ုပ်နှင့် အသင်တို့၏ အသျှင်သခင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြကုန်။'

တစ်ဖန် ထိုသို့ သင်ကြားပြသပြီးနောက် ထိုသူများနှင့်အတူ ရှိနေသည့်အချိန်အထိ ထိုသူများ၏ ပြောဆိုလုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်သက်သေဖြစ်ပါ၏။ ထိုအချိန်အထိ ၎င်းသူများသည် ဤကဲ့သို့ ပြောဆိုခဲ့ကြခြင်း မရှိပေ။ ၎င်းနောက် အသျှင်မြတ်အနေနှင့် ကျွန်ုပ်အား မ,ယူလိုက်ပြီးသောအခါ ဤသူများသည် အသျှင်မြတ်၏ ထိန်းသိမ်းမှုအောက်၌ ရှိခဲ့သည်။ အသျှင်မြတ်သာလျှင် ထိုသူများ၏ ပြောဆိုလုပ်ဆောင်ချက်များကို အသိဆုံး ဖြစ်တော်မူ၏။

တမန်တော်အီစာ عليه السلام အပေါ် အချို့ထူးခြားသည့် အရာများကို ချီးမြှင့်ထားခြင်းအကြောင်း

ထိုအာယသ်တော်များတွင် တမန်တော်အီစာ عليه السلام နှင့် အမေးအဖြေပြုခြင်းအကြောင်းကို တင်ပြထားပေသည်။ ဤသည်အထက်အလျှင် တမန်တော်အီစာ عليه السلام အပေါ် ထူးထူးခြားခြား ချီးမြှင့်ထားသည့် အရာများနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ ယင်းအရာများကို 'မုအ်ဂျေဇာဟ်'အသွင်ဖြင့် ပိုချခဲ့ခြင်း ဖြစ်သည်။ ထိုအရာများအားလုံးတွင် တစ်ဖက်၌ သီးသန့်ချီးမြှင့်ထားခြင်းများနှင့် အခြားတစ်ဖက်၌ အဖြေ တောင်းသည့် မြင်ကွင်းကို ပြသ၍ ဗနီအိစ္စရာအီလ်၏ ထိုအုပ်စုနှစ်ခုစလုံးကို သတိပေးမိန့်မှုထားပေသည်။ ၎င်းတို့ထဲမှ အုပ်စုတစ်စုသည် ၎င်းနဗီအား စော်ကားခဲ့ကြသည်။ နည်းအမျိုးမျိုးနှင့် စွပ်စွဲခဲ့ကြသည်။ ဒုက္ခပေးခဲ့ကြသည်။ ကျန်အုပ်စုတစ်စုသည် ၎င်းနဗီအား အလ္လာဟ်အသျှင်မြတ်၏ သားတော် (သို့) အလ္လာဟ် အသျှင်မြတ်ဟု သတ်မှတ်ခဲ့ကြသည်။ ချီးမြှင့်ထားခြင်းများကို တင်ပြပြီး ပထမအုပ်စုကိုသော်လည်းကောင်း၊ အမေးအဖြေအကြောင်းကို တင်ပြပြီး ဒုတိယအုပ်စုကိုသော်လည်းကောင်း သတိပေးမိန့်မှုခဲ့ပေသည်။ ဤနေရာ၌ ချီးမြှင့်ခဲ့သည့် အရာများအားလုံးကို အာယသ်ပေါင်းများစွာတွင် တင်ပြထားပေသည်။ ထိုအာယသ်တော်များ ထဲမှ စဉ်းစားသင့်သည့် ဝါကျတစ်ခု၌ မိန့်တော်မူထားသည်မှာ-

تُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلًا

ဆိုလိုသည်မှာ ထူးခြားသည့် 'မုအ်ဂျေဇာဟ်'တစ်ခု တမန်တော်အီစာ عليه السلام အား ချီးမြှင့်ခဲ့သည်မှာ ၎င်းနဗီသည် ငယ်စဉ်ကလေးဘဝမှာပင် လူများနှင့် စကားပြောဆိုခဲ့သည်။ ၎င်းနောက် အသက်ကြီးရွယ်အို ဖြစ်သွားသည့်အခါ၌လည်း ပြောဆိုခဲ့သည်။

ထိုအချက်တွင် ပထမဦးဆုံး 'မုအ်ဂျေဇာဟ်'ဖြစ်ခြင်းနှင့် ထူးခြားသည့် ချီးမြှင့်မှုဖြစ်ခြင်းမှာ ပေါ်လွင် နေပေသည်။ မွေးကင်းစကလေးငယ်တစ်ဦးသည် စကားပြောဆိုနိုင်သည့် အရည်အချင်းမရှိပေ။ ကလေးငယ် တစ်ဦးသည် မိခင်ရင်ခွင်၌သော်လည်းကောင်း၊ (သို့) ပုခက်အတွင်း၌သော်လည်းကောင်း စကားပြောဆိုနိုင် သည်ဆိုလျှင် ယင်းအချက်သည် ထိုကလေး၏ ထူးခြားချက်ပင် ဖြစ်သည်။ အသက်အရွယ်ကြီးသည့်အခါ၌ ပြောဆိုသည်ဟု တင်ပြထားပေသည်။ ယင်းသည် မည်သို့မျှ ထူးခြားသည့်အချက်မဟုတ်ပေ။ လူတိုင်းသည် ထိုအသက်အရွယ်တွင် ပြောဆိုလေ့ရှိကြသည်။ သို့သော် တမန်တော်အီစာ عليه السلام ၏ ထူးခြားသည့် အခြေ အနေအပေါ် သုံးသပ်မည်ဆိုလျှင် ထိုအချက်သည်လည်း 'မုအ်ဂျေဇာဟ်'ဖြစ်ကြောင်းကို အတိအလင်း သိရှိ

ရပေမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်အီစာ عليه السلام သည် အသက်အရွယ်မကြီးမီအလျှင် ဤလောက မှ မ,ယူခြင်းခံခဲ့ရသည်။ ထိုသို့ မ,ယူခြင်း ခံခဲ့ရသည့်အတွက် ဤလောကရှိ လူများနှင့် စကားပြောဆိုခြင်းသည် အသက်ကြီးပြင်းလာပြီးမှသာလျှင် ဖြစ်နိုင်သည့်အတွက် မွတ်စ္စလင်မ်များ၏ ယုံကြည်ချက်အတိုင်း နောက်တစ်ကြိမ် ဤလောကသို့ ပြည်လည်ကြွမြန်းတော်မူလာမှသာလျှင် ဖြစ်နိုင်မည်ဖြစ်သည်။ ထို့နောက် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များမှ အတိအလင်း တင်ပြထားချက်အရ သိရှိရသည်မှာ တမန်တော်အီစာ عليه السلام သည် ပေါ်စဉ်ကလေးဘဝ၌ စကားပြောဆိုခြင်းသည် 'မုအ်ဂျေဇာဟ်' ဖြစ်သကဲ့သို့ အသက်ကြီးပြင်းလာသည့်အခါ စကားပြောဆိုခြင်းသည်လည်း 'မုအ်ဂျေဇာဟ်' ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလောကကြီးသို့ တစ်ဖန်ပြန်လည် ကြွမြန်းတော်မူလာခြင်းသည်လည်း 'မုအ်ဂျေဇာဟ်' ပင်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇

وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّينَ أَنْ آمِنُوا بِي وَبِرَسُولِي قَالُوا
آمَنَّا وَاشْهَدْ بِأَنَّنَا مُسْلِمُونَ ﴿١١١﴾

၅ : ၁၁၁ ။ ။ ၎င်းပြင် (သတိရကြလေကုန်။) တစ်ရံရောအခါ ငါအသျှင်မြတ်သည် 'ဟဝါရီ' တို့အား 'အသင်တို့သည် ငါအသျှင်မြတ်အားလည်းကောင်း၊ ငါအသျှင်မြတ်၏ ရစူလ်တမန်တော် (အီစာ) အားလည်းကောင်း သက်ဝင်ယုံကြည်ကြလေကုန်' ဟူ၍ အမိန့်ထုတ်ပြန် ချမှတ်တော်မူသောအခါ ၎င်း (ဟဝါရီ) တို့က 'ကျွန်တော်မျိုးတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါပြီ။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့အား အမိန့်တော်ကို လိုက်နာသူ မွတ်စ္စလင်မ်များဖြစ်ကြောင်း အသျှင်မြတ်သည် သက်သေဖြစ်တော်မူပါ' ဟူ၍ လျှောက်ထားပန်ကြားခဲ့ကြလေသည်။

إِذْ قَالَ الْحَوَارِيُّونَ
يَا عِيسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيعُ رَبُّكَ أَنْ يُنَزِّلَ
عَلَيْنَا مَائِدَةً مِنَ السَّمَاءِ ۖ قَالَ اتَّقُوا اللَّهَ إِنْ كُنْتُمْ
مُؤْمِنِينَ ﴿١١٢﴾

၅ : ၁၁၂ ။ ။ ('ဟဝါရီ' တို့နှင့်ပတ်သက်၍ ဤသည်ကိုလည်း ပြန်လည်သတိရကြလေကုန်။ အခါတစ်ပါး၌ 'ဟဝါရီ' တို့က ဤသို့ ဆိုခဲ့ကြလေသည်။ အို, မရ်ယမ်၏ သားတော်အီစာ၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် မိုးကောင်းကင်မှ စားသောက်ဖွယ်ရာများ (နှင့် ပြည့်စုံသော စားပွဲတစ်ခု) ကို ချပေးနိုင်တော်မူပါသလော' ဟူ၍ ပြောဆိုခဲ့ကြလေသည်။ ထိုအခါ (နဗီတမန်တော်) အီစာက 'အကယ်၍ အသင်တို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သောသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်' ဟု ပြောကြားခဲ့လေသည်။

قَالُوا نُرِيدُ أَن نَّأْكُلَ مِنْهَا وَتَطْمَئِنَّ قُلُوبُنَا
وَنَعْلَمَ أَن قَدْ صَدَقْتَنَا وَنَكُونَ عَلَيْهَا مِنَ الشَّاهِدِينَ ﴿١١٣﴾

၅ : ၁၁၃ ။ ။ ထိုအခါ ၎င်း (ဟဝါရီ) တို့က 'ကျွန်ုပ်တို့သည် ထိုစားဖွယ်ရာကို ('ဗရ်ကသ်' မင်္ဂလာရှိစေခြင်းအားဖြင့် အမြတ်တနိုး) စားသုံးရန်လည်းကောင်း၊ မိမိတို့၏ စိတ်နှလုံးများ ကျေနပ်မှုရရှိစေရန်လည်းကောင်း၊ အသင် (အီစာ) သည် ကျွန်ုပ်တို့အား (မိမိ၏ နဗီတမန်တော်ဖြစ်ကြောင်း) မှန်ကန်စွာ ဟောကြားခဲ့သည်ကို လေးနက်စွာ ယုံကြည်စေရန်လည်းကောင်း၊ ကျွန်ုပ်တို့သည် ၎င်း (တန်ခိုးတော်) နှင့်စပ်လျဉ်း၍ အသိသက်သေများ ဖြစ်ကြစေရန်လည်းကောင်း ရည်ရွယ်ကြပါသည်' ဟူ၍ ပြောဆိုဖြေကြားခဲ့လေသည်။

قَالَ عِيسَى ابْنُ مَرْيَمَ اللَّهُمَّ رَبَّنَا أَنزِلْ عَلَيْنَا مَائِدَةً مِّنَ السَّمَاءِ
تَكُونُ لَنَا عِيدًا لِّأَوَّلِنَا وَآخِرِنَا وَآيَةً مِّنكَ ۖ وَارْزُقْنَا وَأَنتَ
خَيْرُ الرَّازِقِينَ ﴿١١٤﴾

၅ : ၁၁၄ ။ ။ ထိုအခါ မရ်ယမ်၏ သားတော် အီစာသည် (အလ္လာဟ်အသျှင်မြတ်ထံ ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် မိုးကောင်းကင်မှ စားသောက်ဖွယ်ရာ (ပါရှိသော စားပွဲတစ်ခု) ကို ကျွန်တော်မျိုးတို့အားလည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် ရှေးကျသူများနှင့် နောင်လာနောင်သားတို့အဖို့လည်းကောင်း ပျော်ရွှင်ဖွယ်ရာ ဖြစ်စေသည့်အပြင် အသျှင်မြတ်ထံတော်မှ သက်သေလက္ခဏာတစ်ရပ်လည်း ဖြစ်စေရန်အလို့ငှာ ချပေးသနားတော်မူပါ။ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူပါ။ စင်စစ် အသျှင်မြတ်သည် အကောင်းဆုံး ချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

قَالَ اللَّهُ إِنِّي مُنَزِّلُهَا عَلَيْكُمْ ۖ فَمَن يَكْفُرْ بَعْدُ
مِنكُمْ فَإِنِّي أُعَذِّبُهُ عَذَابًا لَّا أُعَذِّبُهُ أَحَدًا مِّنَ الْعَالَمِينَ ﴿١١٥﴾

၅ : ၁၁၅ ။ ။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် ယင်းစားသောက်ဖွယ်ရာများကို အမှန်ပင် ချပေးသနားတော်မူမည်။ သို့ရာတွင် မည်သူမဆို အသင်တို့အနက်မှ ယင်းကဲ့သို့ ချပေးသနားတော်မူခဲ့ပြီးနောက် ငြင်းပယ်သည်ရှိသော် ကေန်မလွဲ ငါအသျှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးတော်မမူသည့် ပြစ်ဒဏ်ကို ထိုသူ့အား ပေးတော်မူမည်' ဟု ပန်ကြားတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် ငါအသျှင်မြတ်သည် နောက်လိုက်များကို 'အင်နိဂျီးလ်' ကျမ်းတွင် အသင်တို့၏ စကားရပ်ဖြင့်သာ မိန့်ကြားတော်မူထားသည်။ အသင်တို့သည် ငါအသျှင်မြတ်နှင့် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်အီစာ ﷺ အပေါ် အီမာန်ယူလာကြကုန်။ ၎င်းတို့က အသင့်အား အဖြေပေးကြသည်မှာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် အသင်ရစူလ်အပေါ် အီမာန်ယူလာကြပါသည်။ အသင်သက်သေအဖြစ် ရပ်တည်ပါ။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် အသင်၏ မိန့်ကြားချက်ဟူသမျှအား နာခံပါ၏။ နောက်လိုက်များအနေနှင့် တမန်တော်အီစာ ﷺ ထံ လျှောက်ထားချက်မှာ မှတ်သားလောက်ပေသည်။ ၎င်းမှာ အို၊ တမန်တော်အီစာ၊ အသင်၏ အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ် ချက်ပြုတ်ပြီး အစားအစာများ မိုးကောင်းကင်မှ ပို့ချပေးနိုင်ပါမည်လော။ တမန်တော်အီစာ ﷺ မှ မိန့်ကြားသည်မှာ အကယ်၍ အသင်တို့ အီမာန်ရှင်ဖြစ်သည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ အလိုသဘောမှာ အသင်တို့ အီမာန်ရှင်များ ဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ မလိုအပ်ဘဲ 'မုအ်ဂျိဇာဟ်' အား တောင်းခံခြင်းသည် အရိုအသေမဲ့ခြင်း ဖြစ်သည်။ ယင်းလုပ်ရပ်မှ ရှောင်ရှားကြကုန်။ ထိုအခါ ၎င်းတို့က ပြောဆိုကြသည်မှာ ကျွန်ုပ်တို့အနေနှင့် မလိုအပ်ဘဲ တောင်းခံခြင်းမဟုတ်သည့်အပြင် အကြောင်းခံတစ်ခုကြောင့်သာ တောင်းခံခြင်းပင် ဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့သည် 'ဗရကာသ်' ရရှိရန်အတွက် ထိုအစားအစာများကို စားလိုခြင်းဖြစ်သည်။

ငှင်းနောက် ကျွန်ုပ်တို့၏ နှလုံးသားများသည် အီမာန်ယူလာခြင်းအပေါ် အပြည့်အဝတည်ငြိမ်မှုရှိသွားရန် ဖြစ်သည်။ တည်ငြိမ်မှုရရှိခြင်း၏ အလိုသဘောမှာ ကျွန်ုပ်တို့၏ ယုံကြည်ချက် ပို၍ ခိုင်မြဲစေရန်ဖြစ်သည်။ အသင်သည် ကျွန်ုပ်တို့အား မိမိရစူလ်ဖြစ်ကြောင်းကို ကြွေးကြော်ရာ၌ မှန်ကန်မှုရှိကြောင်းပေါ် ပို၍ပင် ယုံကြည်မှု၌ ခိုင်မြဲသွားပေမည်။ အဘယ်ကြောင့်ဆိုသော် အထောက်အထားများသည်နှင့်အမျှ ကြွေးကြော်ရာ၌ ယုံကြည်မှုသည်လည်း ပို၍ခိုင်မြဲလာလေဖြစ်သည်။ ၎င်းနောက် ကျွန်ုပ်တို့သည် 'မုအ်ဂျိဇာဟ်' ကို မမြင်တွေ့လိုက်ရသော သူများအတွက် သက်သေများအဖြစ် ပါဝင်စေလိုပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဤကဲ့သို့သော 'မုအ်ဂျိဇာဟ်' များကို မြင်တွေ့ခဲ့ရပါသည်ဟုဆိုကာ ၎င်းတို့ရှေ့၌ ရစူလ်ဖြစ်ကြောင်းကို အထောက်အထားပြုနိုင်မည် ဖြစ်သည်။ ၎င်းတို့၏ 'ဟေဒါယသ်' အတွက် ဤသည် အကြောင်းခံတစ်ခု ဖြစ်စေမည်။ တမန်တော်အီစာ ﷺ သည် ၎င်းတို့၏ လျှောက်ထားချက်ကို မှန်ကန်သည်ဟုယူဆပြီး အလ္လာဟ်အသျှင်မြတ်ထံ ဒိုအာပြုတော်မူ၏။ 'အို၊ အသျှင်၊ ကျွန်ုပ်တို့အပေါ်သို့ မိုးကောင်းကင်ပေါ်မှ စားသောက်ဖွယ်ရာများကို ပို့ချပေးသနားတော်မူပါ။ ထိုသို့ ချပေးသနားခြင်းဖြင့် ကျွန်ုပ်တို့အတွက် ယခုရှိနေသောသူများနှင့် နောင်လာမည့် သူများအားလုံးအတွက် စိတ်ပျော်ရွှင်စရာ ကောင်းသည့်အချက်ဖြစ်မည်။ လက်ရှိရှိနေကြသော သူများအတွက် စားသောက်ရခြင်းနှင့် လျှောက်ထားချက်ကို လက်ခံသည့်အပေါ် ပျော်ရွှင်မှုရရှိခြင်းဖြစ်ပြီး နောင်အနာဂတ်တွင် ပေါက်ဖွားလာမည့် လူများအတွက် မိမိတို့၏ ရှေးနဗီများအပေါ် ပို့ချခဲ့သည့် ချီးမြှင့်မှုများအပေါ် ပျော်ရွှင်မှုရရှိခြင်းတို့ ဖြစ်သည်။ ယင်းပျော်ရွှင်မှုများအားလုံးသည် အီမာန်ရှင်များအတွက် သီးသန့်ဖြစ်သည်။ ကျွန်ုပ်တို့၏ နဗီအပေါ် အသျှင်မြတ်၏ နိမိတ်လက္ခဏာတစ်ခု ဖြစ်ရှိခဲ့မည်ဆိုလျှင်

အီမာန်ရှင်များ၏ ယုံကြည်ချက်မှာ ပို၍ ခိုင်မြဲလာပြီး လက်ရှိ ဖီဆန်သူများနှင့် နောက်ပိုင်း ဖီဆန်သူများအပေါ် အထောက်အထားဖြစ်စေမည်။ ဤရည်ရွယ်ချက်သည် အီမာန်ရှင်များနှင့် စသည့် လူအပေါင်းတို့အတွက် ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်အနေနှင့် ကျွန်ုပ်တို့အပေါ် ထိုအစားအသောက်များ ပို့ချပေးသနားတော်မူပါ။ အသျှင်မြတ်သည်သာလျှင် အကောင်းဆုံး ချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် အခြားလူအပေါင်းတို့၏ ပေးသနားခြင်းသည် မိမိတို့၏ အကျိုးအမြတ်အတွက် ဖြစ်ပြီး အသျှင်မြတ်၏ ပေးသနားခြင်းသည် အဖန်ဆင်းခံများ၏ အကျိုးအမြတ်အတွက်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ အကျိုးဖြစ်ထွန်းခြင်းကို ရှေးရှု၍ အသျှင်မြတ်ထံမှ အဆိုပါအစားအသောက်များကို တောင်းခံခြင်းပင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်ဘက်မှ ၎င်းတို့အား အဖြေပေး မိန့်ကြားတော်မူသည်မှာ အသင်ကိုယ်တော်တိုင် ၎င်းတို့အား ပြောကြားပါလေ။ ၎င်းမှာ ငါအသျှင်မြတ်သည် အသင်တို့အပေါ် မိုးကောင်းကင်ပေါ်မှ အစားအသောက်များကို ပို့ချပေးသနားတော်မူမည်။ ထိုသို့ ပို့ချပြီးသည့်နောက် အသင်တို့ထဲမှ အကြင်မည်သူမဆို ထိုအရာများအား ထိုက်သင့်သည့် ဝတ္တရားမကျေပွန်ပါက ငါအသျှင်မြတ်သည် ထိုသူများကို ယခုအချိန်အထိ လောကသားတို့ မခံစားရဘူးသော ပြစ်ဒဏ်အမျိုးမျိုးကို ချမှတ်တော်မူမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အီမာန်ရှင်များအနေနှင့် 'မုအ်ဂျေဇာဟ်' များကို မတောင်းဆိုသင့်ပေ။ အသျှင်မြတ်မှ မိန့်တော်မူသည်မှာ-

قَالَ اتَّقُوا اللّٰهَ اِنْ كُنْتُمْ مُّؤْمِنِيْنَ

နောက်လိုက်များသည် တမန်တော်အီစာ (عليه السلام) ထံမှ အစားအသောက်များကို မိုးကောင်းကင်မှ ပို့ချပေးရန် တောင်းဆိုကြသောအခါ တမန်တော်အီစာ (عليه السلام) မှ အဖြေပေး မိန့်ဆိုသည်မှာ အသင်တို့ အီမာန်ရှင်များ ဖြစ်ကြသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ ဤမိန့်ကြားချက်မှ သိရှိရသည်မှာ ထိုကဲ့သို့သော တောင်းဆိုမှုများပြုလုပ်ပြီး အသျှင်မြတ်အား စမ်းသပ်ခြင်းသည် အီမာန်ရှင်များနှင့် မထိုက်တန်ပေ။ ထိုအသျှင်မြတ်ထံမှ ဓလေ့နှင့် ဆန့်ကျင်ဘက်အရာများ တောင်းခံခြင်းမျိုး မပြုသင့်ပေ။ သို့သာမက အသျှင်မြတ် သတ်မှတ်ထားသော အကြောင်းခံများဖြစ်သာ ရိက္ခာများကို တောင်းဆိုရမည်သာ ဖြစ်သည်။

ချီးမြှင့်ခြင်းသည် ကြီးမားပါက ကျေးဇူးကန်းခြင်း၏ ဆိုးကျိုးများသည်လည်း ကြီးမားခြင်း

فَاِنِّيْۤ اُعَذِّبُهٗ عَذَابًا لَّاۤ اُعَذِّبُهٗۤ اَحَدًا مِّنَ الْعٰلَمِيْنَ

ဤအာယသ်တော်မှ သိရှိရသည်မှာ ချီးမြှင့်ခြင်းသည် ကြီးမားပါက ယင်းအရာ၏ ကျေးဇူးတရားသိတတ်ရန်မှာလည်း လေးနက်ပြီး ကြီးမားသင့်ပေသည်။ ထို့နောက် ကျေးဇူးကန်းသည့်အပေါ် ပြစ်ဒဏ်လည်း ကြီးမားမည်ဖြစ်သည်။

အဆိုပါအစားအသောက်များ ကျရောက်ခဲ့ခြင်း ရှိပါသနည်း။ (သို့) မရှိပါသနည်း။ ယင်းနှင့်စပ်လျဉ်း၍ သဖ်စီးရ်ပညာရှင်များအကြား ကွဲလွဲချက်ရှိသည်။ ပညာရှင်အများစုက ကျရောက်ခဲ့ပေသည်ဟုဆိုပါသည်။ သို့ရှိရာ သိရ်မစီကျမ်းတွင် ဟဇရတ်အမရ် အိဗ်နေ ယာစီးရ် ﷺ သခင်ထံမှ ဆင့်ပြန်ထားပေသည်။ ၄င်းမှာ အချို့လူများသည် သစ္စာမဲ့ခဲ့ကြသည်။ အခြားတစ်ရက်တွက် အစားအသောက်များကို ချန်ထားခဲ့ကြသည်။ ထို့ကြောင့် မျောက်နှင့် ဝက်အသွင် ရုပ်ပျက်သွားကြသည်။ ၄င်းနောက် ထိုဟဒီးစ်တော်မှ သိရှိရသည်မှာ ထိုသူများသည် ၄င်းအစားအစာကို စားသောက်ကြသည်။ ဥပမာ- نَا كُلُ ဟူသော စကားလုံးတွင် ထိုရည်ရွယ်ချက်ကို တင်ပြထားသည်။ သို့သာမက အခြားတစ်ရက်အတွက် ထားရန် တားမြစ်ထားသည်။

◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ قَالَ اللَّهُ يَٰعِيسَى ابْنَ مَرْيَمَ ءَأَنتَ قُلْتَ لِلنَّاسِ اتَّخِذُونِي
وَأُمِّيَ إِلَٰهَيْنِ مِن دُونِ اللَّهِ ۖ قَالَ سُبْحَٰنَكَ مَا يَكُونُ لِي أَنْ أَقُولَ
مَا لَيْسَ لِي بِحَقٍّ ۚ إِن كُنتُ قُلْتُهُۥ فَقَدْ عَلِمْتَهُۥ ۚ تَعْلَمُ مَا فِي نَفْسِي
وَلَآ أَعْلَمُ مَا فِي نَفْسِكَ ۚ إِنَّكَ أَنتَ عَلَّٰمُ الْغُيُوبِ ١١٦

၅ : ၁၁၆ ။ ။ (ပြန်လည် သတိရကြလေကုန်။) အကြင်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ 'အို, မရ်ယမ်၏ သားတော်အီစာ၊ အသင်သည် လူတို့အား အလ္လာဟ်အသျှင်မြတ်အပြင် ကျွန်ုပ်ကိုလည်းကောင်း၊ ကျွန်ုပ်၏မိခင် (မရ်ယမ်) ကိုလည်းကောင်း၊ ကိုးကွယ်ရာ အသျှင်နှစ်ပါးအဖြစ် မှတ်ကြလေကုန်' ဟု ပြောကြားခဲ့လေသလော။ ထိုအခါ အီစာ (နဗီ) က ဤသို့ လျှောက်ထားပြန်ကြားပေမည်။ 'အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးသည် မိမိပြောပိုင်ခွင့်မရှိသော စကားကို အဘယ်သို့လျှင် ပြောဆိုဝံ့ပါမည်နည်း။ ကျွန်တော်မျိုးသည် ယင်းကဲ့သို့ ပြောဆိုခဲ့သည်ရှိသော် ဧကန်မုချ အသျှင်မြတ်သည် ထိုစကားကို သိရှိတော်မူပြီး ဖြစ်ပါသည်။ အသျှင်မြတ်သည် ကျွန်တော်မျိုး၏စိတ်တွင်း၌ ရှိသမျှတို့ကို (အကြွင်းမဲ့) သိရှိတော်မူပါသည်။ သို့ရာတွင် ကျွန်တော်မျိုးမှာ အသျှင်မြတ်၏ စိတ်တွင်း၌ရှိသည်တို့ကို မသိပါ။ ဧကန်စင်စစ် အသျှင်မြတ်သည်သာလျှင် အကွယ်၌ ရှိသမျှတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။'

مَا قُلْتُ لَهُمْ
إِلَّا مَآ أَمَرْتَنِي بِهِۦٓ أَنِ اعْبُدُوا اللَّهَ رَبِّي وَرَبَّكُمْ ۚ وَكُنتُ عَلَيْهِمْ
شَهِيدًا مَّا دُمْتُ فِيهِمْ ۖ فَلَمَّا تَوَفَّيْتَنِي كُنتَ أَنتَ الرَّقِيبَ عَلَيْهِمْ ۚ
وَأَنتَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ١١٧

၅ : ၁၁၇ ။ ။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိန့်တော်မူသည့် (အတိုင်း) ၄င်းတို့ကို ကျွန်တော်မျိုးသည် '(အို, အချင်းတို့) အသင်တို့သည် ကျွန်ုပ်၏ အသျှင်လည်း ဖြစ်တော်မူသော အသင်တို့၏ အသျှင်လည်း ဖြစ်တော်မူသော (တစ်ဆူ

တည်းသော) အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်' ဟူသော စကားမှအပ အခြားမည်သည့်စကားကိုမျှ ပြောဆိုခဲ့သည်မရှိပါ။ ၎င်းပြင် ကျွန်တော်မျိုးသည် ၎င်းတို့နှင့် အတူတကွ ရှိနေခဲ့သမျှ ကာလပတ်လုံး ၎င်းတို့ (၏ အကြောင်း) ကို သိရှိသူ ဖြစ်ခဲ့ပါသည်။ တစ်ဖန် အသျှင်မြတ်သည် ကျွန်တော်မျိုးအား ပင့်မ,ယူဆောင်တော်မူသောအခါ အသျှင်မြတ်သည်ပင်လျှင် ၎င်းတို့ (၏ အကြောင်း) ကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါ၏။ အမှန်စင်စစ် အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို (အကြွင်းမဲ့) သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။

إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ ۖ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ﴿١١٨﴾

၅ : ၁၁၈ ။ ။ အသျှင်မြတ်သည် ၎င်းတို့အား အပြစ်ပေးတော်မူပါလျှင်လည်း ၎င်းတို့သည် ကေန်စင်စစ် အသျှင်မြတ်၏ ကျွန်များပင် ဖြစ်ကြပါသည်။ ၎င်းပြင် အကယ်၍ အသျှင်မြတ်သည် ၎င်းတို့အား ခွင့်လွှတ်တော်မူပါလျှင်လည်း (အသျှင်မြတ်သည် ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါ၏။) အကြောင်းမှာ အသျှင်မြတ်သည် ကေန်မလွဲ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။

အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်

၎င်းနောက် ထိုအချိန်သည်လည်း အောက်မေ့သတိရသင့်၏။ အကြင်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် (ကေယာမသ်နေ့၌ ဟဇရသ်အီစာ (အလိုင်ဟစ်စလာမ်) အား ကာဖိရ်နစ္စရာနီများအား ကြားနာစေရန်အလို့ငှာ) ဤသို့ မိန့်ကြားတော်မူမည်။ အဘယ်သို့ဆိုသော် 'အို, မရ်ယမ်၏ သား အီစာ၊ (လူတို့ကြားဝယ် ၎င်းတို့နှင့် ပတ်သက်၍ ယုံကြည်ချက်မှာ အလ္လာဟ်အသျှင်မြတ်နှင့်တကွ ဟဇရသ်အီစာ (အလိုင်ဟစ်စလာမ်) နှင့်၊ ဟဇရသ် မရ်ယမ် (အလိုင်ဟစ်စလာမ်) သခင်မအား တုပနှိုင်းယှဉ်ကိုးကွယ်ကြ၏။ သို့ပါ၍) အသင်က လူတို့အား အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် ကျွန်ုပ် အီစာကိုလည်းကောင်း၊ ကျွန်ုပ်၏ မယ်တော် မရ်ယမ်ကိုလည်းကောင်း ကိုးကွယ်ရာဘုရားနှစ်ပါးဟူ၍ မှတ်ယူကြလေကုန်' ဟု ပြောကြားခဲ့ပါသလော။ ထိုအခါ အီစာ (အလိုင်ဟစ်စလာမ်) သည် ဤသို့ လျှောက်ထားပြန်ကြားပေအံ့။ (သောင်ဗာဟ်) အို, အသျှင်၊ ကျွန်တော်မျိုးသည် (မိမိ၏ ယုံကြည်ချက်၌) အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ကျွန်တော်မျိုးမှာ မိမိ မပြောထိုက်သော စကားကို ပြောဆိုခွင့် အလျှဉ်းမရှိပါ။ (မိမိယုံကြည်မှုပိုင်းဆိုင်ရာမှာ ကျွန်ုပ်သည် တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်အား လက်ခံသူဖြစ်ခြင်းကို မထောက်ရှုဘဲနှင့် ကျွန်ုပ်တို့ ဤသို့သော အမိန့်တစ်စုံတစ်ရာကိုမျှ မပေးအပ်ခဲ့ပေ။ ထို့ပြင် (စင်စစ်တွင်) ပြောခဲ့သည်ရှိသော် အသင့်ကို ၎င်းနှင့်စပ်လျဉ်း၍ (မုချ) အသိရှိမည်ဖြစ်သည်။

(သို့သော် အသင်အသျှင်မြတ်၏ အသိ၌လည်း ကျွန်ုပ် မပြောကြောင်း သိသည်ရှိရာ စင်စစ်တွင်လည်း ကျွန်ုပ် မပြောခဲ့ပေ။ ထို့နောက် ပြောဆိုခဲ့သည်ရှိသော် အသင်အသျှင်မြတ်သိရှိရန် ဤအတွက်ကြောင့်

အရေးကြီးသည်။ ၄င်းမှာ) အသျှင်မြတ်သည် ကျွန်ုပ်စိတ်နှလုံးတွင်းရှိ စကားကို မုချသိတော်မူ၏။ (အသျှင်မြတ်ဘက်တော်မှ မိန့်နေသည်ရှိရာ အဘယ်ကြောင့် နားမလည်နိုင်မည်နည်း။) ထို့ပြင် ကျွန်ုပ်သည်မူ (အခြားသော အဖန်ဆင်းခံများနည်းတူ ဤမျှချည့်နဲ့လှသည်မှာ) အသျှင်မြတ်၏ ထံတော်ပါး၌ရှိသော အသိပညာတော်များကို (အသျှင်မြတ်အသိမပေးဘဲ) အလျဉ်း မသိရှိနိုင်ပေ။ (ဥပမာ– အခြားသော အဖန်ဆင်းခံများ၏ အခြေအနေသည်လည်း ထိုနည်းတူပင် ဖြစ်၏။) သို့ရှိရာ အသျှင်မြတ်သည်သာလျှင် အကွယ်၌ ရှိရှိသမျှတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ရှိရာ မိမိ၏ မစွမ်းဆောင်နိုင်မှုနှင့် အသျှင်မြတ်၏ ပြည့်ဝသောအရည်အချင်းများ ကျွန်တော်မျိုးသိရှိနေသော အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှု၌ ‘ရှရစ်က်’ ပြု တုပနှိုင်းယှဉ်ရန် အဘယ်မှာ ပြုစွမ်းနိုင်မည်နည်း။ ဤနေရာအထိ ထိုသို့သော စကားရပ်များအား မပြောဆိုခြင်းအား တင်ပြပြီး ရှေ့ဆက်၍ ၄င်းနှင့် ဆန့်ကျင်စွာ အတည်ပြုပြဋ္ဌာန်းထားသည်မှာ) ကျွန်တော်မျိုးသည် ၄င်းတို့ကို အသျှင်မြတ်က ကျွန်တော်မျိုးအား မိန့်တော်မူသည့်အတိုင်း ‘အို၊ အချင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏အသျှင်လည်း ဖြစ်တော်မူသော၊ အသင်တို့၏ အသျှင်လည်း ဖြစ်တော်မူသော တစ်ဆူတည်းသော အသျှင်မြတ်ကိုသာ ကိုးကွယ်ကြလေကုန်’ဟူသော စကားရပ်မှအပ အခြားမည်သည့်စကားကိုမျှ ပြောဆိုခဲ့သည် မရှိပါ။ (ဤသည့်အထိ ဟဇရသ်အီစာ عليه السلام မှ မိမိ၏ အခြေအနေနှင့်ပတ်သက်ပြီး လျှောက်ထားခဲ့၏။ ရှေ့ဆက်၍ ထိုသူများ၏ အခြေအနေများကို လျှောက်ထားခဲ့၏။ အဘယ်ကြောင့်ဆိုသော်

وَ اَنْتَ قُلْتَ لِلنَّاسِ اتَّخِذُوْنِیْ

တွင် ရှင်းလင်းစွာဖြင့် မေးမြန်းထားသည်မှာ ‘အသင်သည် ဤသို့သော စကားအား ပြောကြားခဲ့သလော။’ (သို့) ‘မပြောကြားခဲ့သလော’ဆိုသည့် မေးခွန်းဖြစ်၏။ သို့သော် ၄င်းမေးခွန်း၌လည်း ဤ ‘အကီဒဟ်သစ်လီးစ်’ (အလ္လာဟ်သုံးပါးဟူသော ယုံကြည်ချက် မည်မျှပေါ်ပေါက်လာသနည်းဟူသော မေးခွန်းသည်လည်း အရိပ်အမြွက် ပါဝင်ကြောင်းသိရှိရ၏။ သို့သော် ဟဇရသ်အီစာ عليه السلام မှ ဤအခန်းတွင် ထိုကဲ့သို့ လျှောက်တင်ပေမည်။ အဘယ်သို့ဆိုသော်) ကျွန်တော်မျိုးသည် ၄င်းတို့ထဲတွင် ရှိနေသမျှ ကာလပတ်လုံး ၄င်းတို့၏ အကြောင်းကို သိရှိသူဖြစ်ပါသည်။ (သို့ပါ၍ ထိုအခြေအနေအထိ ကျွန်တော်မျိုး သိရှိနေသည့်အတွက် ၄င်းတို့နှင့် ပတ်သက်သော အခြေအနေအား ကျွန်တော်မျိုး တင်ပြနိုင်ပါသည်။) တစ်ဖန် အသျှင်မြတ်သည် ကျွန်တော်မျိုးအား ပင့်မယူဆောင်သောအခါ (ဆိုလိုသည်မှာ ပထမအကြိမ်တွင် မိုးကောင်းကင်သို့ အသက်နှင့်တကွ ပင့်မယူတော်မူခဲ့၍ ဒုတိယအကြိမ်တွင် အသက်သေစေတော်မူခဲ့၏။) အသျှင်မြတ်သည်ပင်လျှင် ၄င်းတို့၏ အကြောင်းကို သိရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ (၄င်းတို့၏ လမ်းမှားသို့ လျှောက်လှမ်းခြင်းမှာ မည်သို့ အကြောင်းခံကြောင့်ဖြစ်သနည်း။ အဘယ်ကြောင့်နည်းဟူသော ထိုအချိန်အဖြစ်အပျက်များအား ကျွန်တော်မျိုး မသိရှိပါ။) အမှန်စင်စစ် အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (ဤနေရာအထိ မိမိနှင့် ၄င်းတို့၏ အခြေအနေအား တင်ပြ၍ ဆက်လက် ၄င်းတို့နှင့်ပတ်သက်သော အလ္လာဟ်အသျှင်မြတ်၏ ဆက်ဆံမှုအား တင်ပြသည်မှာ) အကယ်၍

အသျှင်မြတ်သည် ထိုသူတို့အား (၄င်းတို့၏ ယုံကြည်ချက်အပေါ်) အပြစ်ဒဏ်ပေးတော်မူခဲ့ပါလျှင် (မည်သို့ပင် ဖြစ်စေကာမူ အသျှင်မြတ်သည် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကြောင်းမှာ) ၄င်းတို့သည် ကေန်မလွဲ အသျှင်မြတ်၏ ကျွန်များပင် ဖြစ်ကြပါသည်။ (ထို့ပြင် အသျှင်မြတ်သည် ၄င်းတို့ အား စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အလျောက် ပိုင်ရှင်သည် မိမိဖန်ဆင်းသော ကျွန်များ၏ အပြစ်များအပေါ် အပြစ်ဒဏ်ပေးပိုင်ခွင့် ရှိသည်။) ၄င်းအပြင် အကယ်၍ အသျှင်မြတ်သည် ထိုသူတို့အား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါလျှင်လည်း ပြုစွမ်းနိုင်တော်မူပါသည်။ အဘယ်ကြောင့် ဆိုသော် ကေန်စင်စစ် အသင်အသျှင်မြတ်သည် (လွတ်ငြိမ်းချမ်းသာ ခွင့်လွှတ်နိုင်စွမ်း ရှိတော်မူသော အသျှင်) ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ (သို့ပါ၍ ခွင့်လွှတ် ချမ်းသာပေးခြင်းသည်လည်း အသျှင်မြတ်၏ အမြော်အမြင်နှင့် ကိုက်ညီစွာ ဖြစ်ရှိမည်။ ဤအတွက်ကြောင့် ၄င်းတို့အနက် မကောင်းတစ်စုံတစ်ရာ မဖြစ်နိုင်ပေ။ ဆိုလိုသည်မှာ အခြေအနေနှစ်ရပ်စလုံး၌ အသျှင်မြတ် သည် စွမ်းဆောင်နိုင်တော်မူသည်။ ကျွန်တော်မျိုးနှင့် တစ်စုံတစ်ရာ မပတ်သက်ပေ။)

အချုပ်ဆိုရသော် တမန်တော်အီစာ عليه السلام သည် ဦးစွာ လျှောက်ထားချက် سُبْحٰنَكَ တွင် 'ထိုသုံး မျိုး (အလ္လာဟ်၊ သားတော်၊ ရူဟုလ်ကွတ်ဒူစ်) သည် ပေါင်း၍တစ်မျိုးတည်းဖြစ်သည်' ဟုပြောဆိုသော ပုဂ္ဂိုလ် များ၏အသိယုံကြည်ချက်ကို မိမိ ရွံရှာမုန်းတီးကြောင်းနှင့် ဒုတိယလျှောက်ထားချက် وَكُنْتُ عَلَيْهِمْ တွင် မိမိရွံရှာမုန်းတီးခြင်းသည် ၄င်းတို့၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ အကြောင်းခံများကို အကျယ်တဝင့် သိရှိနေကြောင်းနှင့် တတိယလျှောက်ထားချက် اِنْ تُعَذِّبْهُمْ တွင် မိမိ၏ရွံရှာမှုကို ၄င်းတို့၏အကြောင်း ပြောင်းလဲမှုမရှိမီအလျှင်၌ပင် ဖော်လိုက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်က အီစာ عليه السلام နှင့်အတူ ထိုအပြောခံ ရသူများကို သိရှိရန်သာ ရည်စူး၏။ သို့ရှိရာ ထိုအထဲတွင် ၄င်းကာဖိရ်များကို ပြည့်ဝသော ငြိမ်းခြောက် မှုသည် မိမိတို့၏ ညံ့ဖျင်းသော အသိဉာဏ်နည်းမှုအပေါ်တွင်လည်းကောင်း၊ အရှက်ရရှိမှုသည် မိမိ၏ မအောင်မြင်ခြင်းအပေါ်တွင်လည်းကောင်း ဖြစ်ချေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အကျိုးထူး ။ ။ အလ္လာဟ်အသျှင်မြတ် အမိန့်ရှိသည်မှာ-

وَاِذْ قَالَ اللّٰهُ يٰعِيْسٰى ـ الخ

အလ္လာဟ်အသျှင်မြတ်သည် အရာရာကို သိရှိတော်မူသော အသျှင် ဖြစ်၏။ သို့ရှိရာ အလ္လာဟ်အသျှင် မြတ်သည် အီစာ عليه السلام ကို မေးမြန်းခြင်းသည် မသိခြင်းကြောင့် မဟုတ်ပေ။ သို့သာမက ထိုသို့ပြုခြင်းဖြင့် အီစာ عليه السلام ၏ မျိုးနွယ် နစ္စရာနီများကို မကောင်းပြောဆိုရန်နှင့် အပြစ်ပြောရန်အတွက်သာ ဖြစ်သည်။

၎င်းမှာ အသင်တို့ အကြောင်းသူကို အသျှင်သခင်ဟု မှတ်ယူထားရာ ၎င်းကိုယ်တိုင် အသင်တို့နှင့် ဆန့်ကျင်၍ မိမိ၏ ကျွန်ဖြစ်ကြောင်း ဝန်ခံနေ၏။ ထို့ပြင် ၎င်းသည် အသင်တို့ စွပ်စွဲပြောဆိုခြင်းမှ သန့်ပြန့်သောသူ ဖြစ်သည်။

فَلَمَّا تَوَفَّيْتَنِي كُنْتَ اَنْتَ الرَّقِيْبَ عَلَيْهِمْ ط

ဟဇရသ်မစီးဟ် (အီစာ ﷺ) ၏ အနိစ္စရောက်ခြင်း၊ (သို့) ကောင်းကင်ယံသို့ ခေါ်တင်ခံရခြင်း၊ အစရှိသည့် အကြောင်းများကို 'စူရာဟ်အာလေ့အင်မ်ရာန်' ၏ အာယသ်တော်ဖြစ်သော

اِنِّيْ مُتَوَفِّيْكَ وَرَافِعُكَ

တွင် တင်ပြခဲ့ပြီးဖြစ်၏။ فَلَمَّا تَوَفَّيْتَنِيْ ဤအာယသ်တော်ဖြင့် အီစာ ﷺ ၏ ကွယ်လွန်အနိစ္စ ရောက်ခြင်း၊ (သို့) ကောင်းကင်ယံသို့ မ,တင်ခံရခြင်းကို ငြင်းဆန်မှုပြုခြင်းအပေါ် အထောက်ထားပေးခြင်း သည် မှား၏။ အဘယ်ကြောင့်ဆိုသော် ဤစကားရပ်သည် 'ကေယာမသ်' နေ့၌သာ ပြောဆိုမည်ဖြစ်သည်။ ထိုအခါ အသင်သည် ကောင်းကင်မှ ဆင်းသက်တော်မူပြီးသည့်နောက် အစစ်အမှန် ကွယ်လွန်အနိစ္စရောက် ရပြီးဖြစ်သည်။ သို့ရှိရာ အိဗ်နေ့ကစီးရ်သည် ဟဇရသ်အာဗူမူစာ အရှ်အရီ ﷺ ၏ ဆင့်ပြန့်ချက် ဟဒီးစ်တော် တစ်ပုဒ်ကို ရေးသားထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်' ဆိုက်ရောက်သည် ရှိသော် နဗီများနှင့် ၎င်းတို့၏ အွမ္မသ်သားများအား ခေါ်ခြင်း ခံရပေမည်။ တစ်ဖန် အီစာ ﷺ သခင်ကို လည်း ခေါ်ခြင်းခံရမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိချီးမြှင့်ပေးသနားမှုတို့ကို သတိရစေပြီး အနီးနားသို့ ခေါ်ယူ၍ အမိန့်ရှိမည်မှာ-

اُذْكُرْ نِعْمَتِيْ عَلَيْكَ وَعَلٰى وَالِدَتِكَ (اِلٰى قَوْلِهٖ) يٰعِيْسَى ابْنَ مَرْيَمَ ءَ اَنْتَ قُلْتَ لِلنَّاسِ اتَّخِذُوْنِيْ وَ اُمِّيَ اِلٰهَيْنِ مِنْ دُوْنِ اللهِ

'အို့, မရ်ယမ်၏သား အီစာ၊ အသင်သည် လူတို့အား အလ္လာဟ်အသျှင်မြတ်အပြင် ကျွန်ုပ်ကိုလည်း ကောင်း၊ ကျွန်ုပ်၏ မိခင် (မရ်ယမ်) ကိုလည်းကောင်း၊ ကိုးကွယ်ရာ အသျှင်နှစ်ပါးအဖြစ် မှတ်ကြလေကုန်ဟု ပြောကြားခဲ့လေသလော။'

ထိုအခါ တမန်တော်အီစာ ﷺ မှ ငြင်းဆိုမည်မှာ 'အို့, အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ် ဤသို့ မဆိုခဲ့ပါ။ တစ်ဖန် နစ္စရာများကို မေးမြန်းမည်။ ၎င်းတို့မှ ဖြေကြားသည်မှာ ကျွန်ုပ်တို့အဖို့ ၎င်းသည် ဤသို့ သော ပြောဆိုမိန့်ကြား၏။ ထို့နောက် ၎င်းနစ္စရာနီများကို 'ဂျဟန္နမ်' ငရဲဘက်သို့ မောင်းနှံခြင်းခံရပေမည်။

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ-

اِنْ تُعَذِّبْهُمْ فَاِنَّهُمْ عِبَادُكَ

ဆိုလိုသည်မှာ အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံ ကျေးကျွန်များအပေါ် မတရားသော ခက်ထန်အရေးယူမှု မပြုနိုင်ပေ။ ဤအတွက်ကြောင့် အကယ်၍ ၎င်းတို့ကို အပြစ်ပေးမည်ဆိုပါက တရားမျှတမှု 'ဟစ်က်မသ်' ပေါ်၌ မူတည်နေမည်။ ထို့ပြင် ခွင့်လွှတ်လိုက်သည်ရှိသော် ၎င်းခွင့်လွှတ်မှုသည် မစွမ်းဆောင်နိုင်သော လမ်းမှ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်ဖြစ်သည့်အတွက်ကြောင့် မည်သည့်တရားခံ အပြစ်ကျူးလွန်သူမှ အသျှင်မြတ်၏ ချုပ်နှောင်ချုပ်မှုမှ တိမ်းရှောင်ထွက်ပြေးနိုင်မည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့ကို မထိန်းသိမ်းနိုင်ခြင်းဟူ၍လည်း မရှိပေ။ ထို့ပြင် စင်စစ် ဉာဏ်တော်အလင်း ပြည့်ဝင်းတော်မူသော အသျှင်ဖြစ်တော်မူရာ အခြေအနေအချိန်အခါမဲ့ ပြစ်မှုကျူးလွန်သူတစ်ဦးဦးအား လွှတ်လိုက်သည်ဟူ၍လည်း မဖြစ်နိုင်ပေ။ သို့ရှိရာ အကြင်ပြစ်ဒဏ်သည် ၎င်းတရားခံများနှင့် ပတ်သက်၍ ချမှတ်သည်ရှိသော် ၎င်းသည် လုံးဝ ဉာဏ်တော်အနက္ခပြည့်ဝ၍ စွမ်းဆောင်နိုင်သော အရာသာဖြစ်မည်။ ဟဇရတ်မစီးဟ် ﷺ ၏ ဤပြောဆိုမှုသည် 'ဟရှရ်' စုရုံးသောနေ့၌သာ ဖြစ်မည်။ ထိုနေရာတွင် ကာဖိရ်များအတွက် အသနားခံ၊ အကူအညီတောင်းခံပေးခွင့် မရှိပေ။ ဤအတွက်ကြောင့် အီစာ ﷺ သည် عَزِيْزٌ حَكِيْمٌ ၏ နေရာတွင် غَفُوْرٌ رَّحِيْمٌ အစရှိသော 'စွေဖာသ်' တော်များကို ရွေးချယ်အသုံးပြု ပြောဆိုထားခြင်း မရှိပေ။ ၎င်းနှင့်ဆန့်ကျင်၍ ဟဇရတ်အီဗ္ဗရာဟီမ် ﷺ သည် လောကတွင် မိမိ၏ အသျှင်သခင်အား လျှောက်ထားမှုပြုခဲ့သည်မှာ-

رَبِّ اِنَّهُنَّ اَضْلَلْنَ كَثِيْرًا مِّنَ النَّاسِ فَمَنْ تَبِعَنِىْ فَاِنَّهٗ مِنِّىْ
وَمَنْ عَصَانِىْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ

'အို၊ မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ၎င်းရုပ်တုများသည် မြောက်မြားစွာသော သူတို့အား လမ်းမှားသို့ ရောက်စေခဲ့ပါသည်။ သို့ပါ၍ အကြင်သူများအနက် ကျွန်တော်မျိုး၏ နောက်လိုက်ပြုသူများသည် ကျွန်တော်မျိုး၏ လူများဖြစ်၍ ကျွန်တော်မျိုး၏ အမိန့်မနာခံသူများအဖို့ အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာ ခွင့်လွှတ်တော်မူသော အသျှင်၊ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။'

ယခုလည်း မိမိ၏ ကရုဏာတော်ဖြင့် ဆက်လက် 'သောင်ဗာဟ်' အမှားဝန်ခံခြင်းနှင့် စစ်မှန်သော အသျှင်၏ဘက်သို့ ပြန်လည်ရန် အခွင့်ပေး၍ ကျူးလွန်ခဲ့သော အပြစ်များအား ပလပ်မှုပြုပါက အချိန်ရှိသေးကြောင်း ဆိုလို၏။

အိမ်နေကစီးရ် (ရဟ) သခင်က အဘူဇရ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ခုအား ဆင့်ပြန်သည်မှာ ကိုယ်တော်မြတ် ﷺ သည် တစ်ညတာလုံး

اِنۡ تُعَذِّبۡهُمۡ فَاِنَّهُمۡ عِبَادُكَ

ဤအာယသ်တော်အား ရွတ်ဖတ်နေသည်။ သို့ပါ၍ ကျွန်တော်မျိုးမှ အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကိုယ်တော်သည် ရှုကူအ်၌သော်လည်းကောင်း၊ 'စဂ်ျဒဟ်'၌သော်လည်းကောင်း ဤအာယသ်တော်အား ရွတ်ဖတ်လျက်နှင့် နံနက်မိုးသောက်လင်းသွားသည်ဟု လျှောက်ရာ ကိုယ်တော်မြတ် ﷺ က ငါကိုယ်တော်သည် မိမိအား ဖန်ဆင်းရှင်ထံမှ မိမိအတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသော် ငါကိုယ်တော်အား ချီးမြှင့်လိုက်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူလျှင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား တုပနှိုင်းယှဉ်ခြင်း မပြုသော် ထိုသူအဖို့လည်း ချမ်းသာခွင့်လွတ်မှု ရရှိမည်ဖြစ်သည်။

အခြားဆင့်ပြန်ချက်တစ်ခု၌ လာရှိသည်မှာ ကိုယ်တော်မြတ်သည် အထက်ဖော်ပြပါ အာယသ်တော်အား ဖတ်ရွတ်၍ မိုးကောင်းကင်ဘက်သို့ လက်မြှောက်ပြီး اَللّٰهُمَّ اُمَّتِىۡ ဆိုလိုသည်မှာ ကျွန်တော်မျိုးအား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုး၏ အုမ္မသ်သူ၊ အုမ္မသ်သားများဘက်သို့ ကရုဏာအရှုဖြင့် ကြည့်တော်မူပါဟု ငိုယိုတောင်းခံလျက်ရှိရာ ထိုအပေါ် အလ္လာဟ်အသျှင်မြတ်မှ ဟဇရသ် ဂျိဗ္ဗရာအီးလ် عليه السلام အား စေလွှတ်၍ ငိုယိုရသည့်အကြောင်းအား မေးမြန်းစေတော်မူရာ ကိုယ်တော်မြတ် ﷺ က ဟဇရသ် ဂျိဗ္ဗရာအီးလ် عليه السلام အား အထက်ဖော်ပြပါ မိမိ၏အဆိုအား အသိပေးလိုက်၏။ သို့ပါ၍ အလ္လာဟ်အသျှင်မြတ်မှ ဟဇရသ်ဂျိဗ္ဗရာအီလ် عليه السلام အား အမိန့်ရှိသည်မှာ တစ်ဖန် ပြန်သွား၍ မိုဟမ္မဒ် ﷺ အား ပြောကြားလော။ မုချဧကန် ငါအသျှင်မြတ်သည် အသင်၏ အုမ္မသ်သူ၊ အုမ္မသ်သားများနှင့်ပတ်သက်၍ အသင့်အား နှစ်မြို့စေတော်မူမည်။ အသင့်အား စိတ်ညစ်အောင် ပြုလုပ်မည်မဟုတ်။

◇◇◇◇◇◇◇◇◇◇◇◇◇

قَالَ اللّٰهُ هٰذَا يَوۡمُ يَنۡفَعُ
الصّٰدِقِيۡنَ صِدۡقُهُمۡ‌ؕ لَهُمۡ جَنّٰتٌ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ خٰلِدِيۡنَ
فِيۡهَاۤ اَبَدًا‌ ؕ رَضِىَ اللّٰهُ عَنۡهُمۡ وَرَضُوۡا عَنۡهُ‌ ؕ ذٰ لِكَ الۡفَوۡزُ الۡعَظِيۡمُ ۝١١٩

၅ : ၁၁၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ ယနေ့မှုကား (မှန်ကန်သော) သစ္စာဝါဒီတို့အား ၎င်းတို့၏ သစ္စာဝါဒီ (မှန်ကန်မှု) သည် အကျိုးပေးသည့်နေ့ပင် ဖြစ်သည်။ ၎င်းတို့အဖို့ အကြင်ဥယျာဉ်များသည် (အသင့်) ရှိပေမည်။ ထိုဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများ စီးတွေလျက်ရှိကြပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များတွင် အမြဲထာဝရ နေထိုင် (စံမြန်း) ကြရမည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ကျေနပ်တော်မူပြီး ဖြစ်တော်မူသည်။ ၎င်းတို့သည်လည်း ထိုအသျှင်မြတ်အား ကျေနပ်ပြီး ဖြစ်ကြပေမည်။ ဤသည်ကား ကြီးကျယ်ထူးကဲ မြင့်မြတ်လှစွာသော အောင်မြင်မှုပင် ဖြစ်တော်မူပေသည်။

لِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا فِيْهِنَّ ۚ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿١٢٠﴾

၅ : ၁၂၀ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်များနှင့် ပထဝီမြေပြင်၌ ရှိရှိသမျှတို့ကိုလည်းကောင်း စိုးမိုးအုပ်ချုပ်မှု (အာဏာ) သည် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အာယသ်တော်များ၏ ဆက်နွယ်မှု

အထက်ဖော်ပြပါ ရှုကူအ်နှစ်ခု၌ 'ကေယာမသ်'နေ့ ကျင့်စဉ်များနှင့် အခြေအနေအရပ်ရပ်အား စစ်ဆေးမေးမြန်းခြင်းတို့ကို တင်ပြ၍ ဆက်လက် ထိုသို့ စူးစမ်းခြင်း၏ ရလဒ်အား တင်ပြသွားမည် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူအံ့။ ဤ 'ကေယာမသ်'နေ့သည် မှန်ကန်သောသူများအဖို့ (လောကီ၌ ယုံကြည်ချက်ပိုင်းဆိုင်ရာဖြစ်စေ၊ ကျင့်စဉ်ပိုင်းဆိုင်ရာဖြစ်စေ၊ အဆိုအမိန့်ပိုင်းဆိုင်ရာဖြစ်စေ) ၄င်းမှာ ထိုမှန်ကန်သောသူများ ယခု ထင်ပေါ်လာလျက်ရှိ၏။ ယင်းမှန်ကန်သော သူများတွင် အသျှင်မြတ်မှ ရည်ညွှန်းမိန့်ဆိုထားသော နဗီတမန်တော်များလည်း ပါဝင်သည်။ ၄င်းနောက် အကြင်သူများ၏ အီမာန်နှင့်ပတ်သက်ပြီး နဗီတမန်တော်များနှင့် ကောင်းကင်တမန်များအား လုံးဝသက်သေ ထွက်ဆိုပေးခြင်းခံရမည့် အီမာန်ရှင်များလည်း ပါဝင်မည်။ ၄င်းနောက် ရစူလ်၏ မှန်ကန်မှုနှင့် တမန်တော် အီစာ၏ မှန်ကန်ကြောင်း မိန့်ဆိုချက်၌ ရည်ညွှန်းထားပေသည်။

အချုပ်ဆိုရသော် ထိုပုဂ္ဂိုလ်အားလုံးသည် လောကီ၌ မှန်ကန်ကြ၏။ ၄င်းတို့၏ မှန်ကန်မှုသည် အကျိုးပေးသည့်နေ့ပင် ဖြစ်ချေသည်။ (အကျိုးရှိသည်ဆိုသည်မှာ) ထိုမှန်ကန်သူများအဖို့ 'ဂျန္နသ်'ဉယျာဉ်များ (နေထိုင်ရန်အတွက်) ရရှိပေအံ့။ ထိုဉယျာဉ်များ၏အောက်တွင် စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြ၏။ ၄င်းတို့သည် ထိုဉယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြကုန်အံ့။ (၄င်းနောက် ဤစည်းစိမ်တော်များ အဘယ်ကြောင့် မရမည်နည်း။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အပေါ်၌ ကျေနပ်တော်မူပြီး ဖြစ်ပေ၏။ ၄င်းတို့သည်လည်း ထိုအသျှင်မြတ်အပေါ်၌ ကျေနပ်ပြီးဖြစ်ကြကုန်၏။ (ထို့ပြင် အကြင်သူသည် ကျေနပ်ပြီးဖြစ်သော ဤသို့ စည်းစိမ်တော်များ ရရှိမည်ဖြစ်သည်။) ဤသည်ကား (အထက်ဖော်ပြပါ အချက်အလက်များသည်) ထူးကဲမြင့်မြတ်လှစွာသော အောင်မြင်မှုကြီးပင် ဖြစ်၏။ (အဘယ်ကြောင့်ဆိုသော် လောကီအောင်မြင်မှုသည် ထို့ထက် မရှိနိုင်ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

အကျိုးကျေးဇူး ။ ။ قَالَ اللّٰهُ هٰذَا يَوْمُ يَنْفَعُ الصّٰدِقِيْنَ صِدْقُهُمْ

များသောအားဖြင့် လက်တွေ့နှင့် ကိုက်ညီသော အဆိုအား အမှန်တရားဟုမှတ်ယူ၍ ဆန့်ကျင်သော အဆိုအား မုသားဟု မှတ်ယူ၏။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်မှ သိရှိရသည်မှာ

အမှန်နှင့် အမှား၏ အဓိပ္ပာယ်သည် ကျယ်ပြန့်မှုရှိ၏။ အဆိုအမိန့်နှင့် ကျင့်ကြံမှုနှစ်မျိုးစလုံး ပါဝင်ကြောင်းကို ဆိုလို၏။ သို့ပါ၍ ဟဒီးစ်တော်၌ လက်တွေ့နှင့် ဆန့်ကျင်သော လုပ်ရပ်အား အမှားဟု မိန့်မြွက်ထား၏။

مَنْ تَحَلّٰى بِمَالَمْ يُعْطَ كَانَ كَلَابِسِ ثَوْبَىْ زُوْرٍ (مشكوٰة)

ဆိုလိုသည်မှာ အကြင်သူသည် ၎င်းအား ပေးထားခြင်းမရှိသော လက်ဝတ်လက်စားများနှင့် မိမိကိုယ်ကိုမိမိ ဆင်မြန်းခြင်းသည် ဆိုလိုသည်မှာ မိမိ၌မရှိသော ဂုဏ် (သို့) ကျင့်ကြံမှုအား ကြွေးကြော်သော် ၎င်းသည် မုသားဟုခေါ်ဆိုသော ဝတ်ရုံနှစ်ခုအား ဝတ်ဆင်ထားသကဲ့သို့ ဖြစ်၏။

အခြားဟဒီးစ်တော်တစ်ပုဒ်တွင် လူရှေ့၌ဖြစ်စေ၊ တစ်ကိုယ်ရည်တစ်ကာယဖြစ်စေ၊ ကောင်းမွန်စွာ 'နမာဇ်' ဆောက်တည်သော သူအား စစ်မှန်သော 'ဗန္ဒာဟ်'ဟု ခေါ်ဆို၏။ အမိန့်ရှိသည်မှာ-

اِنَّ الْعَبْدَ اِذَا صَلّٰى فِى الْعَلَا نِيَّةِ فَاَحْسَنَ وَصَلّٰى فِى السِّرِّ فَاَحْسَنَ
قَالَ اللّٰهُ تَعَالٰى هٰذَا عَبْدِىْ حَقًّا (مشكوٰة)

ဆိုလိုသည်မှာ အကြင်သူသည် လူရှေ့၌လည်း ကောင်းမွန်စွာ နမာဇ်ဆောက်တည်၏။ ထို့ပြင် တစ်ကိုယ်ရည် တစ်ကာယ၌လည်း ထိုနည်းတူစွာ ဆောက်တည်သော ၎င်းနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်မှ စစ်မှန်သော 'ဗန္ဒာဟ်'ကျေးကျွန်ဖြစ်ကြောင်း မိန့်ဆိုထား၏။

رَضِىَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကျေနပ်နှစ်သက်၏။ ထို့ပြင် ၎င်းသည်လည်း အလ္လာဟ်အသျှင်မြတ်အား ကျေနပ်နှစ်သက်၏။ ဟဒီးစ်တော်တစ်ပုဒ်၌ လာရှိသည်မှာ 'ဂျန္နသ်'ရရှိပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ ကြီးမားသော စည်းစိမ်သည် ငါအသျှင်မြတ်သည် အသင်တို့အား ကျေနပ်ခြင်းဖြစ်၏။ ယခုမှစ၍ မည်သည့်အခါမျှ အသင်တို့အပေါ် အမျက်ဒေါသဖြစ်မည်မဟုတ်။

ذٰلِكَ الْفَوْزُ الْعَظِيْمُ

ဆိုလိုသည်မှာ ဤသည် ကြီးမားသော အောင်မြင်မှုပင် ဖြစ်သည်။ ပေါ်လွင်ထင်ရှားသည်မှာ စိုးပိုင်တော်မူသော အသျှင်မြတ်နှင့် ဖန်ဆင်းရှင်၏ ကျေနပ်ခြင်းသည် ထို့ထက်ပို၍ အောင်မြင်ခြင်းကား မရှိပါတကား။

◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အန်အာမ်

သားကောင်များကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلْحَمْدُ لِلّٰهِ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَجَعَلَ الظُّلُمٰتِ
وَالنُّوْرَ ۬ ثُمَّ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ يَعْدِلُوْنَ ①

၆ : ၁ ။ ။ (အလုံးစုံသော) ချီးမွမ်းထောမနာပြုခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အမိုက်မှောင်များနှင့် အလင်းရောင်ကိုလည်း ဖန်ဆင်းတော်မူခဲ့လေသည်။ သို့ပါလျက် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သူတို့သည် (အခြားအရာများကို) မိမိတို့အား ဖန်ဆင်းမွေးမြူသော အသျှင်မြတ်နှင့် ဂုဏ်ရည်တူ ပြုလုပ် (ကိုးကွယ်) ကြကုန်သည်။

هُوَ الَّذِيْ خَلَقَكُمْ مِّنْ طِيْنٍ ثُمَّ قَضٰٓى اَجَلًا ۭ وَاَجَلٌ مُّسَمًّى
عِنْدَهٗ ثُمَّ اَنْتُمْ تَمْتَرُوْنَ ②

၆ : ၂ ။ ။ ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် (အသက်သေဆုံးစေရန်) အချိန်တစ်ချိန်ကို သတ်မှတ်ပြဋ္ဌာန်းတော်မူထားပြီးဖြစ်သည်။ ထို့ပြင် (ရှင်ပြန်ထရမည့်) အချိန်သည်လည်း ထိုအသျှင်မြတ်ထံတော်၌သာ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် ဒွိဟသံသယ၌ပင် ရှိနေကြကုန်သည်။

وَهُوَ اللّٰهُ فِي السَّمٰوٰتِ وَفِي الْاَرْضِ ۭ يَعْلَمُ سِرَّكُمْ وَ
جَهْرَكُمْ وَيَعْلَمُ مَا تَكْسِبُوْنَ ③

၆ : ၃ ။ ။ အမှန်စင်စစ် ထိုအလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် တစ်ဆူတည်းသော ကိုးကွယ်ခံထိုက်တော်မူသော အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အသင်တို့၏ လျှို့ဝှက်ထားသော

အဖြစ်အပျက်များကိုလည်းကောင်း၊ အသင်တို့၏ ထင်ရှားပေါ်လွင်သော အခြေအနေ အဖြစ်အပျက်များကိုလည်းကောင်း သိရှိတော်မူသည်။ ထို့ပြင် အသင်တို့ ရှာဖွေပြုလုပ်ဆည်းပူးခဲ့သမျှသော အရာတို့ကိုလည်း (အကြွင်းမဲ့) သိရှိတော်မူပေသည်။

وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ ④

၆ : ၄ ။ ။ သို့ရာတွင် (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့ထံ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ မည်သည့်သက်သေ လက္ခဏာမျိုးကိုမဆို ဆိုက်ရောက်လာခဲ့သည်ရှိသော် ထိုသူတို့သည် ၄င်းသက်သေလက္ခဏာတော်များမှ မျက်နှာလွှဲဖယ် ကျောခိုင်းသွားကြသည်ချည်းသာ ဖြစ်သည်။

فَقَدْ كَذَّبُوا بِالْحَقِّ لَمَّا جَاءَهُمْ
فَسَوْفَ يَأْتِيهِمْ أَنبَاءُ مَا كَانُوا بِهِ يَسْتَهْزِئُونَ ⑤

၆ : ၅ ။ ။ သို့ဖြစ်ပေရာ ၄င်းတို့ထံ အမှန်တရား ရောက်ရှိလာသောအခါ ယင်းအမှန်တရားကိုလည်း (မဟုတ်မမှန်ဟူ၍) ပြောဆို ငြင်းပယ်လိုက်ကြလေသည်။ သို့ဖြစ်၍ ၄င်းတို့ ပြက်ရယ်ပြောင်လှောင်လေ့ ရှိခဲ့ကြသော အကြောင်းအရာ သတင်းနှင့် စပ်လျဉ်း၍ ၄င်းတို့ထံ မကြာမီကာလအတွင်း သတင်းအမှန်သည် ရောက်ရှိလာပေမည်။

အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်

ချီးမွမ်းမှုအပေါင်း ခံထိုက်တော်မူသော အသျှင်မှာ အလ္လာဟ်အသျှင်မြတ်သာ ဖြစ်သည်။ ၄င်းအသျှင်မြတ်သည် မိုး၊ မြေကို ဖန်ဆင်းခဲ့တော်မူ၏။ ထို့ပြင် အမှောင်၊ အလင်းတို့ကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ သို့ရှိရာ ကာဖိရ်များသည် (ခဝပ်မှုပြုရာတွင် အခြားသူကို) မိမိအသျှင်မြတ်နှင့် တန်းတူ (နှိုင်းယှဉ်ကိုးကွယ်မှု) ပြုကြ၏။ ထို (အလ္လာဟ်) သည် အသင်တို့ (အားလုံး) ကို (အာဒမ် ﷺ ၏ အကြောင်းခံ) မြေကြီးဖြင့် ဖန်ဆင်းခဲ့၏။ တစ်ဖန် (အသင်တို့ သေကြေရန်) အချိန်တစ်ချိန် သတ်မှတ်ထားလေသည်။ ထို့ပြင် အခြားအချိန်တစ်ခု သတ်မှတ်ထားသည်မှာ (တစ်ဖန် ပြန်လည်ရှင်ပြန်ထရန်အတွက် ဖြစ်၏။) သီးသန့်အလ္လာဟ်အသျှင်မြတ်သာ သိတော်မူ၏။ အသင်တို့ထဲမှ (အချို့သည်လည်း) ဒွိဟရှိကြသည် (မှာ 'ကေယာမသ်' ကို သံသယောင်ဟု ထင်မှတ်ကြ၏။ သို့ဖြစ်ရာ အကြင်အသျှင်မြတ်သည် ဦးစွာ သက်တမ်းပေးခဲ့ရာ ဒုတိယတစ်ကြိမ် ထပ်မံရှင်ပြန်စေရန် ၄င်းအသျှင်မြတ်အတွက် မည်ကဲ့သို့ ခက်ခဲပါအံ့နည်း။) ထို့ပြင် ၄င်းအသျှင်မြတ်သည်သာလျှင် မိုးမြေပထဝီ၏ ကိုးကွယ်ခံထိုက်ဆုံးသော အသျှင် ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ ထိုအသျှင်မှလွဲ၍ အခြားအရာတိုင်း၏ ကိုးကွယ်ခဝပ်ကိုးခြင်းသည် မှား၏။) ထိုအသျှင်မြတ်သည် အသင်တို့၏ ဖုံးကွယ်နေသော အခြေအနေကိုဖြစ်စေ၊ ပေါ်လွင်နေသော အခြေအနေကိုဖြစ်စေ (ထပ်တူထပ်မျှ) သိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ပြင် (အထူးသဖြင့် အသင်တို့ ဖုံးကွယ်ပေါ်ထင်) ပြုကျင့်မှု (၄င်းပြုကျင့်မှုအပေါ် အစားနှင့် ပြစ်ဒဏ်သည် ရှိနေခြင်း) ကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထို့ပြင် ၄င်း (ကာဖိရ်) များ၏ထံတွင် ၄င်းတို့အသျှင်ဘက်မှ နိမိတ်လက္ခဏာတစ်စုံတစ်ရာမျှ မရောက်ရှိခဲ့ပေ။ သို့သော် ထိုအရာအား သွေဖည်လျက် ရှိခဲ့၏။ (စင်စစ် ဤသည် ၄င်းတို့၏ အကျင့်စရိုက်ဖြစ်ခဲ့၏။) ဤမှန်ကန်တိကျသော ကျမ်း (ကုရ်အာန်) ကိုလည်း ငြင်းဆန်မှုပြုကြ၏။ အကြင်အခါ ၄င်းတို့ထံ ကုရ်အာန် ရောက်ရှိလာသော် (၄င်းတို့၏ ဤငြင်းဆန်မှု၊ လစ်ဟင်းမှု ဖြစ်ရုံသာမက ချက်ချင်းဆိုသလို ၄င်းတို့ ပျက်ရယ်ပြောင်လှောင်မှုပြုခဲ့ကြသော အရာနှင့် ပတ်သက်၍ သိရှိသွားပေမည်။ (၄င်း၏ အလိုသဘောမှာ 'အဖေး၆'အပြစ်ဒဏ်ဖြစ်သည်။ ထိုအပြစ်ဒဏ်အကြောင်းကို ကုရ်အာန်မှကြားသော် ရယ်မောခဲ့ကြ၏။ ထို့ပြင် ၄င်းသတင်း ရရှိခြင်း၏ အလိုသဘောမှာ အကြင်အခါ 'အဖေး၆'ဘေးဆိုက်ရောက်သောအခါ ၄င်းသတင်းမှန်ကန်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် ﷺ သခင်မှ အမိန့်ရှိသည်မှာ စူရာဟ်အန်အာမ်၏ ထူးခြားထွက်မြတ်မှုတစ်ခုမှာ ထိုစူရာဟ်သည် တစ်ပုဒ်လုံး အချို့သော အာယသ်တော်များမှအပ တစ်ပြိုင်နက်တည်း မက္ကာဟ်မြို့တော်တွင် ဤကဲ့သို့ ကျရောက်ခဲ့သည်။ ၄င်းမှာ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်ပေါင်း ခုနှစ်သောင်းသည် ၄င်းအာယသ်တော်၏ ထွက်မြတ်ကြောင်း မြွက်ဟလာသည်။ သဖ်စီးရ်ပညာရှင်များထဲမှ မိုဂျာဟိဒ် (ရဟ)၊ ကလ်ဘီ (ရဟ)၊ ကသာဒါ (ရဟ) တို့သည်လည်း ဤကဲ့သို့သာ မိန့်ဆိုထားကြသည်။

အဗူအိစ္စဟားက် အက်စ်ဖရာအ်နီ (ရဟ) မှ အမိန့်ရှိသည်မှာ ဤစူရာဟ်သည် 'သောင်ဟီးဒ်' (တစ်ပါး တည်းကိုးကွယ်ခြင်း တရား) ၏ ရှေ့၌ ရှိသမျှ နည်းဥပဒေများ ပါဝင်သည်။ ဤစူရာဟ်ကို اَلْحَمْدُ لِلّٰهِ စာလုံးဖြင့် အစပြု၍ ချီးမွမ်းခြင်းဟူသရွေ့သည် အသျှင်မြတ်အတွက်သာဖြစ်ကြောင်း အသိပေးထား၏။ ထိုသို့ အသိပေးရာ၌ လူသားအပေါင်းအား ချီးမွမ်းခြင်းနှင့်ပတ်သက်၍ 'သအ်လီးမ်'သင်ပေးခြင်းကို ဆိုလိုသည်။ ထိုသီးသန့်နည်းစနစ်ဖြင့် သင်ကြားပေးခြင်း၌ ရည်ညွှန်းသည်မှာ ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ ချီးမွမ်းခြင်းကို မလိုလားပေ။ အကြင်သူသည် အသျှင်မြတ်အား ချီးမွမ်းသည်ဖြစ်စေ၊ မချီးမွမ်းသည်ဖြစ်စေ ထိုအသျှင်မြတ်သည် မိမိ၏ ပင်ကိုယ်နာမတော်များထဲ၌ ချီးမွမ်းခံထိုက်ပြီးသာ ဖြစ်၏။ ထိုဝါကျအား တင်ပြပြီးသည့်နောက် မိုးကောင်းကင်နှင့် မြေပထဝီ၊ ၄င်းအပြင် အမှောင်နှင့် အလင်းအား ဖန်ဆင်းခြင်းကို တင်ပြပြီးသည့်နောက် ထိုအသျှင်မြတ် ချီးမွမ်းခံထိုက်ရခြင်း၏ အထောက်အထားကိုလည်း တင်ပြထား၏။ အကြင်အသျှင်မြတ်၏ 'ဇားသ်'တော်၌ ကြီးကျယ်မြင့်မြတ်ခြင်း၊ တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်း၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူပါက ထို'ဇားသ်'တော်သာလျှင် ချီးမွမ်းခြင်းခံထိုက်နိုင်သည်။

၄င်းအာယသ်တော်၌ سَمٰوَاتْ ကို အများကိန်းနှင့်၊ اَرْضٌ ကို အနည်းကိန်းဖြင့် တင်ပြထား၏။ သို့သော် ဒုတိယအာယသ်တော်တွင် မိုးကောင်းကင်သို့ မြေပထဝီသည်လည်း ခုနှစ်လွှာရှိကြောင်း တင်ပြ

ထား၏။ ဖြစ်နိုင်သည်မှာ မြေပထဝီခုနစ်လွှာသည် မိမိ၏ ပုံပန်းသဏ္ဌာန်နှင့် အခြားဂုဏ်ဒြပ်များအား ထောက်ထား၍ တစ်လွှာနှင့်တစ်လွှာ ဆင်တူယိုးမှားရှိသည့်အတွက် ၄င်းအား တစ်လွှာတည်းကဲ့သို့ တင်ပြထား၏။

ထိုနည်းတူစွာ ظُلُمَٰتُ ကို အများကိန်းနှင့်သုံး၍ نُوَّرُ ကို အနည်းကိန်းနှင့် သုံးထားခြင်းသည် 'နူးရ်'၏ ကောက်နှုတ်ချက်မှာ စစ်မှန်သော လမ်းနှင့် ဖြောင့်မတ်မှန်ကန်သောလမ်းအား ရည်ညွှန်း၍ ထိုလမ်းသည် တစ်လမ်းတည်းသာဖြစ်၏။ ထို့ပြင် ظُلُمَٰتُ ၏ ကောက်နှုတ်ချက်မှာ လမ်းများအား ရည်ညွှန်း၏။ ၄င်းသည် ထောင်ပေါင်းမြောက်မြားစွာ ရှိ၏။

ဤနေရာတွင် စဉ်းစားသင့်သော အချက်တစ်ချက်မှာ မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းခြင်းကို خَلَقَ ဆိုသောစကားလုံးတို့ အသုံးပြု၍ အပြောင်းအလဲ ဖန်ဆင်းခြင်းအား جَعَلَ ဆိုသော စကားလုံးဖြင့် သုံးနှုန်းထားခြင်းသည် အမှောင်နှင့်အလင်း၊ မိုးနှင့်မြေတို့ကဲ့သို့ တစ်သမတ်တည်း ရှိနေမည့် အရာများ မဟုတ်ပေ။ သို့သာမက အကြောင်းတရားများနှင့် ဂုဏ်ဒြပ်များ တည်ရှိနေ၏။ ထို့ပြင် ظُلُمَٰتُ အား نُوَّرُ ထက်အလျင် ဤအတွက်ကြောင့် ဦးစွာ တင်ပြရခြင်းဖြစ်၏။ အကြောင်းမှာ ဤလောက၏ ဇစ်မြစ်သည် ظُلُمَٰتُ (အမှောင်ထု) ဖြစ်၏။ ထို့ပြင် 'နူးရ်' သည် သီးသန့်အရာများနှင့် ပတ်သက်နေ၏။ ထိုအလင်းရောင်သည် ကျရောက်သည့်ရှိသော် လင်းဝင်းမှုအား ဖြစ်ထွန်းစေ၍ ၄င်းမတည်ရှိသော် အမှောင်ထုသာလျှင် ရှိနေမည်ဖြစ်၏။

ထိုအာယသ်တော်၏ ရည်ရွယ်ချက်မှာ 'သောင်ဟီးဒ်'၏ စစ်မှန်မှုနှင့် ၄င်းနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် အထောက်အထားများအား တင်ပြပြီး ထိုလောကီသားများအား သတိပေးနေခြင်း ဖြစ်၏။ အကြင်သူများသည် အစကနဦး၌ 'သောင်ဟီးဒ်'အား လက်မခံသည်ဖြစ်စေ၊ (သို့) လက်ခံပြီး 'သောင်ဟီးဒ်'၏ စစ်မှန်မှုအား စွန့်လွှတ်ထားခြင်း ဖြစ်၏။

မီးကိုးကွယ်သော သူများသည် လောကီ၌ အသျှင်နှစ်ပါးအား လက်ခံကြ၏။ 'ယဇ်ဒါးန်'နှင့် 'အဟရ်မာန်'တို့ ဖြစ်၏။

'ယဇ်ဒါးန်'အား ကောင်းမှုများ၏ ဖန်ဆင်းရှင် 'အဟရ်မန်'အား မကောင်းမှုများ၏ ဖန်ဆင်းရှင်ဟု သတ်မှတ်ထား၏။ ၄င်းပြင် ၄င်းနှစ်ပါးစလုံးကို 'နူးရ်' နှင့် 'ဇုလုမာသ်'ဟူ၍လည်း တင်စားထား၏။

အိန္ဒိယနိုင်ငံ၌ရှိသော မုရှ်ရစ်ကီများသည် သိန်း (၃၃၀၀) ရှိသော ဘုရားများအား အလ္လာဟ်အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ကြ၏။ အာရိယဆေမာဂျ်သည် အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းအား လက်ခံသည့် အလျောက် ရုပ်နှင့် နာမ်အား အဟောင်း (အစကနဦးကတည်းက ရှိပြီးသားဟု မှတ်ယူ၍) အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် ဖန်ဆင်းထားခြင်းမှ လွတ်လပ်စွာ သတ်မှတ်ပြီး အလ္လာဟ်တစ်ပါးတည်း တည်ရှိ

ခြင်း၏ ဇစ်မြစ်မှ ထွက်သွား၏။ ထိုတည်းတူစွာ နစ္စရာနီများသည်လည်း 'သောင်ဟီဒ်' အား လက်ခံမှုနှင့် အတူ တမန်တော်အီစာ ﷺ နှင့် ၎င်း၏ မိခင်ကိုလည်း အလ္လာဟ်နှင့် ယှဉ်တွဲ၍ ခဝပ်ကိုးကွယ်သော အသျှင်အဖြစ် မှတ်ယူကြ၏။ တစ်ဖန် 'သောင်ဟီးဒ်' ၏ ယုံကြည်ချက်အား ထိန်းသိမ်းရန်အတွက် ၎င်းအား တစ်ကို သုံး၊ သုံးကို တစ်ဟု စဉ်းစား၍ မရသော အမြင်များ ရှုမြင်ကြ၏။ အာရဗ်နိုင်ငံရှိ မုရှ်ရစ်ကဲများသည် အသျှင်မြတ်၏ ခွဲခြားမှု၌ ဤမျှခန့် ရက်ရက်ရောရောရှိခြင်းအား သိမြင်ရ၏။ အဘယ်ကြောင့်ဆိုသော် တောင်တိုင်းရှိ ကျောက်တုံးကျောက်ခဲတိုင်းသည် ၎င်းတို့ထံတွင် လူ့အမျိုးအနွယ်အတွက် ကိုးကွယ်ခြင်း ခံထိုက်ရှင် ဖြစ်နိုင်သည်။ အချုပ်ဆိုရသော် လူသားများကို တစ်လောကလုံးရှိ အရာများ၏ အပြုစုခံများဖြင့် သော်လည်းကောင်း၊ အမွန်မြတ်ဆုံးသော အဖန်ဆင်းခံများအဖြစ်သော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်မှ ဖန်ဆင်းထားသည်။ ဤလူများသည် လမ်းမှန်မှ တိမ်းစောင်းသွား သော် နေနှင့်လ၊ နက္ခတာရာများကို သာမက မီး၊ ရေ၊ သစ်ပင်၊ ကျောက်တုံးကျောက်ခဲ၊ ပိုးမွှားများမှအစ မိမိတို့၏ 'စဂျ်ဒဟ်' ဦးချရမည့်အရာ၊ ကိုးကွယ်ရှင်၊ လိုအင်ဆန္ဒများအား တောင်းခံရမည့်အရာ၊ အခက်အခဲများအား ဖြေရှင်းပေးသည့်အရာအဖြစ် သတ်မှတ်လိုက်ကြသည်။

ကျမ်းတော်မြတ်၏ အာယသ်တော်မှ အလ္လာဟ်အသျှင်မြတ်အား မိုးကောင်းကင်နှင့် မြေပထဝီ၏ ဖန်ဆင်းရှင် အမှောင်နှင့် အလင်းအား ဖန်ဆင်းသော အသျှင်ဟု တင်ပြ၍ ထိုမှားယွင်းသော အတွေးအခေါ် အားလုံးအား ပယ်ချလိုက်၏။ အကြောင်းမှာ အလင်းနှင့် အမှောင်၊ မိုးကောင်းကင်နှင့် မြေပထဝီအတွင်း၌ ရှိသော ဖန်ဆင်းခံဟူသမျှသည် အသျှင်မှ ပြုလုပ်ဖန်ဆင်းထားသည်။ သို့သော် ၎င်းအရာများသည် အလ္လာဟ် နှင့်ယှဉ်တွဲ၍ တုပနှိုင်းယှဉ်ရန် မည်သို့ ပြုနိုင်မည်နည်း။

ပထမအာယသ်တော်၌ ကမ္ဘာလောကကြီး၏ ကြီးကျယ်သောအရာများအား အလ္လာဟ်အသျှင်မြတ် ၏ ဖန်ဆင်းခံနှင့် လိုလားတောင့်တသည့် အရာများဟု ဖော်ပြ၍ လူသားအား စစ်မှန်သော 'သောင်ဟီးဒ်' တရား၏ ယုံကြည်ချက်အား သင်ကြားပြသထားပြီးသည့်နောက် ဒုတိယအာယသ်တော်၌ လူသားအား တင်ပြနေသည်မှာ အသင်တို့၏ တည်ရှိခြင်းသည် သေးငယ်သော လောက၌သာလျှင် ဖြစ်၏။ အကယ်၍ ထိုလောကီ၏ အစအဆုံးနှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် စဉ်းစားသုံးသပ်မည်ဆိုပါက 'သောင်ဟီးဒ်' ၏ ယုံကြည်မှုပိုင်းဆိုင်ရာသည် ရှင်းရှင်းလင်းလင်း ရှေ့တော်မှောက်သို့ ဆိုက်ရောက်လာမည်ဖြစ်သည်။ ထိုအချက်၌ အမိန့်ရှိသည်မှာ-

هُوَ الَّذِىْ خَلَقَكُمْ مِّنْ طِيْنٍ ثُمَّ قَضٰٓى اَجَلًا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ထို 'ဇားသ်' တော်ဖြစ်၏။ အကြောင်းအသျှင်မြတ်မှ အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းထားတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်အာဒမ် ﷺ အား စေးသော မြေကြီးဖြင့် ဖန်ဆင်း၍ ၎င်းအတွင်း ဝိညာဉ်ထည့်ပေးတော်မူသည်။ ထို့ပြင် လူသားများ၏ အစားအသောက်များသည်လည်း မြေကြီးမှ ရရှိပြီး စားသောက်ဖွယ်ရာမှ သုတ်ရည်၊ ထိုမှတစ်ဆင့် လူသား၏ ဖန်ဆင်းခြင်းသို့ ဆိုက်ရောက်လာသည်။

ဟာဇရတ်အဗ္ဗူမူစာ အရ်အရီ ﷺ မှ ဆင့်ပြန်သည်မှာ ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ ထံမှ ဤသို့ ကြားသိခဲ့ရ၏။ အဘယ်သို့ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဟာဇရတ်အာဒမ် عليه السلام အား တစ်လောက လုံးရှိ မြေပထဝီမှ နေရာတိုင်းရှိ မြေကြီးအတိုင်းအတာတစ်ခုဖြင့် ဖန်ဆင်းထားသည်။ ဤအတွက်ကြောင့် ဟာဇရတ်အာဒမ် عليه السلام ၏ သားမြေးများသည် အရောင်အဆင်း၊ အရှိန်အဝါ၊ စာရိတ္တပိုင်းဆိုင်ရာနှင့် အကျင့်စလေ့တို့သည် အမျိုးမျိုး ကွဲပြား၏။ အချို့သည် မဲ၍ အချို့သည် ဖြူသည်။ အချို့သည် နီ၍ အချို့၏ အသားအရေမှာ ကျစ်လစ်၍ အချို့မှာ နူးညံ့ပျော့ပြောင်းသည်။ အချို့သည် သန့်ရှင်းစင်ကြယ်သော စာရိတ္တရှိ၍ အချို့၏ စာရိတ္တမှာ ညံ့ဖျင်းကြသည်။

ဤသည် လူသားတို့၏ အစကနဦးမှ ဖန်ဆင်းခြင်းအား တင်ပြခြင်းဖြစ်၏။ ထို့နောက် အဆုံး၏ စခန်းနှစ်ခုအား တင်ပြသည်မှာ တစ်ခုမှ လူသား၏ ရုပ်ကလပ်ပိုင်းဆိုင်ရာ အဆုံးသတ်ခြင်းအား သေခြင်း တရားဟု ခေါ်ဆို၏။ ဒုတိယစခန်းမှာ လူအမျိုးအစားတစ်ခုလုံးနှင့် ၎င်းတို့၏ လည်ပတ်မှုယန္တရား၊ လုပ်ဆောင်ချက် ဟူသရွေ့တို့၏ အဆုံးစခန်း၊ ၎င်းကို 'ကေယာမသ်' နေ့ဟု ခေါ်တွင်ပေသည်။ လူသားမျိုး ဆက်၏ ဆုံးခန်းကို အမိန့်ရှိထားသည်မှာ-

ثُمَّ قَضٰى اَجَلًا

အလိုသဘောမှာ လူသားမွေးဖွားပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ သက်တမ်း တည်တံ့စေရန်အတွက် အချိန်တစ်ခု သတ်မှတ်ထားလေသည်။ ထိုသတ်မှတ်ထားသော အချိန် ရောက်ရှိသွား သော ကာလကို သေဆုံးခြင်းဟု ခေါ်သည်။ ထိုအချိန်ကို စင်စစ်အားဖြင့် လူသားများ မသိရှိနိုင်သော်လည်း အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှိသာဟ်ကောင်းကင်တမန်များ သိရှိလေသည်။ သို့သာမက လူသားသည်လည်း ထိုပုံစံဖြင့် မိမိ၏ သေခြင်းကို သိရှိနိုင်ပေသည်။ ၎င်းမှာ အချိန်တိုင်း နေရာတိုင်းတွင် မိမိ၏ ဘေးဘက် ရှေ့ဝန်းကျင်တွင် အခြားသူများ ကွယ်လွန်အနိစ္စရောက်နေသည်ကို ကြည့်ရှု၍ သိနိုင်ပေသည်။

၎င်းနောက် လောကတစ်ခုလုံး၏ ဆုံးခန်းဆိုလိုသည်မှာ 'ကေယာမသ်' နေ့၏ အကြောင်းကို ဤကဲ့သို့ အမိန့်ရှိထားသည်။

وَ اَجَلٌ مُّسَمًّى عِنْدَهٗ

အလိုသဘောမှာ ထပ်မံ၍ သတ်မှတ်ထားသော အချိန်တစ်ခုကို အလ္လာဟ်အသျှင်မြတ်သည် သိရှိ တော်မူသည်။ ထိုသတ်မှတ်ချိန်ကို မည်သည့်ကောင်းကင်တမန်နှင့် လူသားများသည် ပြည့်ပြည့်ဝဝ တိတိ ကျကျ မသိကြပေ။

အနှစ်ချုပ်ရှင်းလင်းချက်မှာ ပထမအာယသ်တော်တွင် ကြီးမားလှသည့် လောက ဆိုလိုသည်မှာ လောကတစ်ခုလုံး၏ အခြေအနေကို ဤကဲ့သို့ တင်ပြထားလေသည်။ ၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်း ပြုလုပ်တော်မူထားခြင်းသာ ဖြစ်သည်။ ထို့ပြင် ဒုတိယအာယသ်တော်တွင် ဤနည်းတူ လောကငယ် ဆိုလိုသည်မှာ လူသားသည် အလ္လာဟ်အသျှင်မြတ်၏ သက်ရှိဖန်ဆင်းခံဖြစ်ကြောင်း မိန့်ခြွေထား၏။ တစ်ဖန် လူသားကို မေ့လျော့လျက် ရှိနေမှုမှ လှုံ့ဆော်ရန်အလို့ငှာ ဤသို့ တင်ပြထားသည်မှာ လူသားတိုင်း၏ သီးသန့် သက်တမ်းတစ်ခု ရှိ၏။ ထိုသက်တမ်း၏နောက် ၎င်း၏သေခြင်းမှာ မုချဖြစ်၏။ ထို့ပြင် ဤအရာသည်

သေခြင်းတရား၏ အထောက်အထားဖြစ်နေသည်။ ၎င်းမှာ အချိန်တိုင်း လူသားမှန်သမျှတို့ကို မိမိတို့ရှေ့၊ အလယ် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်ကို တွေ့ရှိနေရသည်။

وَ اَجَلٌ مُّسَمًّى عِنْدَهٗ

တွင် ဤသို့ လမ်းညွှန်မှုပေးထားသည်မှာ လူသား၏ တစ်ဦးချင်းသေခြင်းဖြင့် လောကတစ်ခုလုံးရှိ အများသေခြင်း ဆိုလိုသည်မှာ 'ကေယာမသ်' အပေါ် ထောက်ထားပြခြင်းသည် သဘောဝအတွေး လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ဤအတွက်ကြောင့် 'ကေယာမသ်' ဆိုက်ရောက်မှုတွင် မည်သူမှ သံသယမဖြစ်နိုင်ပေ။ ထို့ကြောင့် အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် သတိမူရန်အတွက် အမိန့်ရှိထားသည်မှာ-

ثُمَّ اَنْتُمْ تَمْتَرُوْنَ

ဆိုလိုသည်မှာ ဤသို့ ရှင်းလင်းသော အထောက်အထားများရှိပါလျက် အသင်တို့သည် 'ကေယာမသ်' နှင့်စပ်လျဉ်း၍ ဒွိဟသံသယများကို ထုတ်နေကြ၏။ တတိယအာယသ်တော်တွင် ပထမနှစ်အာယသ်၏ ဖြစ်စဉ်ရလဒ်ကို မိန့်ခြွေထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိုး၊ မြေ၊ ပထဝီတွင် ခဝပ်မှုကိုလည်းကောင်း၊ အမိန့်နာခံမှုကိုလည်းကောင်း ခံထိုက်တော်မူသော အသျှင်ဖြစ်တော်မူသည်။ ထို့ပြင် ၎င်းအသျှင်မြတ်သည်သာလျှင် အသင်တို့၏ အတွင်းအပြင် အခြေအနေတိုင်းကိုလည်းကောင်း၊ အရိုစကားများကိုလည်းကောင်း၊ ပြုကျင့်လုပ်ဆောင်မှုများကိုလည်းကောင်း ပြည့်ပြည့်ဝဝ သိတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။

စတုတ္ထအာယသ်တော်တွင် မေ့လျော့တတ်သော အသိအကျင့်ရှိသည့် လူသား၏ သာသနာမှ ရှောင်လွဲမှုနှင့် အမှန်တရား၏ ဆန့်ကျင်မှု ဖွတ်အတင်းပြခြင်းကို ဤသို့ မိန့်ခြွေထားသည်မှာ-

وَمَا تَاْتِيْهِمْ مِّنْ اٰيَةٍ مِّنْ اٰيٰتِ رَبِّهِمْ اِلَّا كَانُوْا عَنْهَا مُعْرِضِيْنَ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ တစ်ပါးတည်းဘည်ရှိကြောင်း ရှင်းလင်းပြတ်သားသော နိမိတ်လက္ခဏာများ ရှိပါလျက် ငြင်းဆန်သူများသည် ဤနည်းလမ်းကို ရွေးချယ်ထားကြ၏။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မည်သည့်လက္ခဏာ တစ်စုံတစ်ရာကိုမဆို ထိုသူများ လမ်းမှန်ရန်အလို့ငှာ ပို့ပေးခဲ့သော အခါ ထိုသူတို့သည် ယင်းနိမိတ်များကို အနည်းငယ်မျှ စဉ်းစားတွေးတောခြင်းမရှိဘဲ မျက်နှာလွှဲဖယ်ခဲ့ကြသည်။

ပဉ္စမအာယသ်တော်တွင် ထိုမေ့လျော့ခြင်း အကျင့်တိုးပွားလာမှု၏ အကျယ်တဝင့်ကို အချို့သော ဆင့်ပြန်ချက် အဖြစ်အပျက်ဘက်သို့ ရည်ညွှန်း၍ မိန့်ခြွေထားသည်မှာ-

فَقَدْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ

ဆိုလိုသည်မှာ အမှန်တရားသည် ၎င်းတို့အရှေ့ ရောက်ရှိလာသည်ရှိသော် ၎င်းတို့သည် အမှန်တရားကို ငြင်းဆန်ကြ၏။ အမှန်တရား၏ အလိုသဘောမှာ ကုရ်အာန်လည်းဖြစ်နိုင်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် ဖြစ်နိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ သက်တော်အစမှ နေ၍ အဆုံးတိုင် ထိုအာရဗ် မျိုးနွယ်စုများ၏ အတွင်း၌သာ နေခဲ့၏။ ငယ်စဉ်မှ လူရွယ်၊ လူပျိုမှ အိုမင်းသွားသည်အထိ ၎င်းတို့၏ ရှေ့၌သာ ဖြစ်ခဲ့၏။ ကိုယ်တော်မြတ် ﷺ သည် မည်သည့်လူသားတစ်ဦးတစ်ယောက်ထံမှ အေလင်မ်ပညာ အား တစ်ခွန်းတစ်ပါဒမှ သင်ယူဆည်းပူးခဲ့ခြင်းမရှိပေ။ ယုတ်စွအဆုံး မိမိ၏ အမည်ကိုလည်း ကိုယ်တိုင် မရေးတတ်ခြင်းအား ၎င်းတို့ သိရှိခဲ့ပြီး ဖြစ်လေသည်။ အာရဗ်တစ်ခွင်လုံး၌ ကိုယ်တော်မြတ်၏ ဘွဲ့ထူးသည် အွမ္မီဟု ကျော်ကြားလေသည်။ သက်တော် (၄၀) တစ်လျှောက်လုံး ကဗျာများကိုလည်း စိတ်ဝင်စားခြင်းမရှိ။ မည်သည့်အခါမှ တစ်ဦးတစ်ယောက်ထံတွင် ပညာရပ်တစ်ခုခုအား သင်ယူဆည်းပူးခဲ့ခြင်း မရှိ။ တစ်ဖန် သက်တော် (၄၀) ပြည့်သည်နှင့် တစ်ပြိုင်နက် ကိုယ်တော်၏ မင်္ဂလာရှိသော နှုတ်တော်မှ အမှန်တရားများနှင့် သာသနာ့ပညာရပ်များ ထွက်ပေါ်လာခြင်းသည် လောကီ၏ ကြီးကျယ်သော ပညာရှင်များသည်လည်း ကိုယ်တော်၏ ရှေ့မှောက်တွင် စွမ်းဆောင်နိုင်မှု မရှိခြင်းအား တွေ့မြင်ရ၏။ အာရဗ်တစ်ခွင်လုံးရှိ 'ဖွဆီးဟ်'၊ 'ဗလီးဂ်' (အာရဗီစကားကြွယ်သော သူများ) ပညာရှင်များအား မိမိယူဆောင်လာသော နှုတ်ခပါဋ်တော်နှင့် ယှဉ်ပြိုင်ရန်အတွက် စိန်ခေါ်ခဲ့၏။ ဤပုဂ္ဂိုလ်များသည် ကိုယ်တော်အား ရှုံးနိမ့်စေရန်အတွက် မိမိ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဂုဏ်သိက္ခာ၊ သားစဉ်မြေးဆက်၊ ဆွေမျိုးသူငှာအားလုံး စတေးရန်အတွက် အချိန်ပြည့် ရှိနေကြ၏။ ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်သည် ယင်းစိန်ခေါ်မှုအား လက်ခံ၍ ကျမ်းတော်မြတ် ကုရ်အာန်၏ အာယသ်တော်တစ်ခုကဲ့သို့ ဝါကျတစ်ခုအား တင်ပြနိုင်ရန် သတ္တိမရှိခဲ့ပေ။

ဤကဲ့သို့ပင် တမန်တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်ကုရ်အာန်၏ တည်ရှိမှုသည် အမှန်တရား၏ ကြီးမားသော နိမိတ်လက္ခဏာတစ်ခု ဖြစ်သည်။ ထို့ပြင် ကိုယ်တော်၏ လက်တော်မှ ထောင်ပေါင်းများစွာ သော အံ့ဖွယ်များနှင့် ရှင်းလင်းပြတ်သားသော နိမိတ်လက္ခဏာများ ပေါ်လွင်ထင်ရှားလာခြင်းအား မည်သည့် အာရုံငါးပါးအား ပြည့်ပြည့်ဝဝ ခံစားနိုင်သည့် လူသားမဆို ငြင်းဆိုနိုင်စွမ်း မရှိပေ။ သို့သော် ၎င်းတို့သည် ထိုနိမိတ်လက္ခဏာဟူသရွေ့အား အစအဆုံး ငြင်းပယ်ကြ၏။ သို့ပါ၍ အာယသ်တော်၌

فَقَدْ كَذَّبُوا بِالْحَقِّ لَمَّا جَآءَهُمْ

ဟု အမိန့်ရှိထားတော်မူ၏။

နောက်ဆုံးအာယသ်တော်၌ ၎င်းတို့၏ ငြင်းဆန်ခြင်းနှင့် လိမ်လည်ခြင်းအား ဆိုသော ရလဒ်ဘက်သို့ ရည်ညွှန်းရန်အတွက် အမိန့်ရှိသည်မှာ-

فَسَوْفَ يَأْتِيهِمْ أَنۢبَـٰٓؤُا۟ مَا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ

ဆိုလိုသည်မှာ ဤရလဒ်များမှ မေ့လျော့နေသော သူများသည် ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျေ ဇာဟ်' အံ့ဖွယ်များနှင့် ကိုယ်တော်မြတ် ယူဆောင်လာသော 'ဟေဒါယသ်' တရားလမ်းမှန်၊ ထို့ပြင် နောင်တမလွန် 'အာခေရသ်'နှင့် 'ကေယာမသ်' စသည်တို့အား ပြောင်လှောင်ပျက်ရယ်ပြုကြသည်။ သို့သော်

အလွန်စောလျင်စွာ အချိန်တစ်ချိန်ဆိုက်ရောက်လာလိမ့်မည်။ ထိုအချိန်တွင် အမှန်တရားဟူသရွေ့သည် ၎င်းတို့၏ ရှေ့မှောက်သို့ ဆိုက်ရောက်လာလိမ့်မည်။ ထိုနေ့သည် 'ကေယာမသ်' ဖြစ်မည်။ အီမာန်နှင့် ကျင့်စဉ်ပိုင်းဆိုင်ရာ အား စာရင်းပေးရလိမ့်မည်။ လူတိုင်းလူတိုင်းသည် မိမိတို့၏ ပြုမူသရွေ့နှင့်ပတ်သက်၍ အစားပေးခြင်းနှင့် အပြစ်ပေးခြင်းခံရလိမ့်မည်။ သို့သော် ထိုအချိန်မှ ယုံကြည်မြွက်ဟခြင်းသည် အလဟဿ အချည်းအနှီးသာလျှင် ဖြစ်လိမ့်မည်။ အကြောင်းမှာ ထိုနေ့သည် ကျင့်ကြံအားထုတ်ရမည့်နေ့ မဟုတ်သည့်အပြင် အစားရရှိမည့်နေ့ ဖြစ်သည်။ ယခု အလ္လာဟ်အသျှင်မြတ်မှ စဉ်းစားသုံးသပ်ရန် အခွင့်အရေးပေးထားသည့်အတွက် ၎င်းအား တန်ဖိုးမဖြတ်နိုင်သော စည်းစိမ်ကြီးတစ်ခုဟုမှတ်ယူ၍ အသျှင်မြတ်၏ အာယသ်တော်များအပေါ် အီမာန်ယူဆောင်ခြင်းသည်သာလျှင် လောကီလောကုတ္တရာ နှစ်ဌာနစလုံး၏ အောင်မြင်မှုဖြစ်မည်။

◇◇◇◇◇◇◇◇◇◇◇◇

أَلَمْ يَرَوْا كَمْ
أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّاهُمْ فِي الْأَرْضِ مَا لَمْ نُمَكِّن لَّكُمْ
وَأَرْسَلْنَا السَّمَاءَ عَلَيْهِم مِّدْرَارًا وَجَعَلْنَا الْأَنْهَارَ تَجْرِي مِن
تَحْتِهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ ٦

၆ : ၆ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့ထက်အလျင် ရှေးယခင်ကာလ၌ မည်မျှသော လူမျိုးတို့ကို ဖျက်ဆီးတော်မူခဲ့သည်ကို ၎င်းသူတို့သည် မမြင်ခဲ့ကြလေသလော။ ငါအသျှင်မြတ်သည် ထိုလူမျိုးတို့အား ကမ္ဘာမြေပေါ်ဝယ် အကြင်နည်းမျိုးဖြင့် အသင်တို့အား အခြေစိုက်တည်မြဲစေခဲ့သော နည်းမျိုးဖြင့် အသင်တို့အား အခြေစိုက် တည်မြဲစေခဲ့သည် မဟုတ်ပေ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် မိုးကို သည်းထန်စွာ ရွာသွန်းစေတော်မူခဲ့သည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူတို့၏ (ဥယျာဉ်များ၊ အိမ်များ) အောက်မှ စမ်းချောင်းများကိုလည်း စီးဆင်းစေတော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းသူတို့အား ၎င်းတို့၏ အပြစ်ဒုစရိုက်များကြောင့် ပျက်စီးစေတော်မူ၍ ၎င်းသူတို့၏အစား အခြားသော လူမျိုးတို့ကို ဖန်ဆင်းတော်မူခဲ့လေသည်။

وَلَوْ نَزَّلْنَا عَلَيْكَ كِتَابًا فِي قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ
الَّذِينَ كَفَرُوا إِنْ هَٰذَا إِلَّا سِحْرٌ مُّبِينٌ ٧

၆ : ၇ ။ ။ (အို၊ နဗီတမန်တော်) အကယ်၍ ငါအသျှင်မြတ်သည် အသင်၏အပေါ်ဝယ် စာရွက်တွင် ရေးသားထားသော ကျမ်းဂန်တစ်စောင်ကို ထုတ်ပြန်ချပေးတော်မူခဲ့သော ၎င်းသူတို့သည် ယင်းကျမ်းဂန်ကို မိမိတို့၏ လက်များဖြင့် ထိတွေ့စမ်းသပ်၍ ကြည့်ခဲ့သော်ငြားလည်း (အမှန်တရားကို ငြင်းပယ်လေ့ရှိသော ယင်း) ကာဖိရ်တို့သည် 'ဤသည်ကား အလွန်ထင်ရှားလှစွာသော စုန်းပယောဂအတတ်ပင် ဖြစ်သည်' ဟူ၍ပင် မုချ ပြောဆိုကြပေမည်။

وَقَالُوا لَوْلَا أُنزِلَ
عَلَيْهِ مَلَكٌ ۖ وَلَوْ أَنزَلْنَا مَلَكًا لَّقُضِيَ الْأَمْرُ ثُمَّ لَا يُنظَرُونَ ﴿٨﴾

၆ : ၈ ။ ။ ၎င်းပြင် ထိုသူတို့က 'အဘယ်ကြောင့် ထို (နဗီတမန်တော်) ၏ထံသို့ ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်ခြင်း မရှိပါသနည်း' ဟူ၍ ပြောဆိုကြကုန်သည်။ သို့ရာတွင် အကယ်၍သာ ငါအသျှင်မြတ်သည် ကောင်းကင်တမန် တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် အရေးကိစ္စအဝဝတို့မှာ မုချဧကန် ပြီးဆုံးသွားမည်သာ ဖြစ်၏။ ထို့နောက် ၎င်းတို့သည် (အပြစ်ပေးခြင်းမှ အနည်းငယ်မျှ) ရွှေ့ဆိုင်းခွင့်ကို ရရှိကြလိမ့်မည် မဟုတ်ပေ။

وَلَوْ جَعَلْنَاهُ مَلَكًا لَّجَعَلْنَاهُ رَجُلًا وَلَلَبَسْنَا عَلَيْهِم مَّا يَلْبِسُونَ ﴿٩﴾

၆ : ၉ ။ ။ ထို့ပြင် အကယ်၍ ငါအသျှင်မြတ်သည် ၎င်း (ရစူလ်တမန်တော်) အား ကောင်းကင်တမန်တစ်ပါး (အဖြစ်) ပြုလုပ်တော်မူခဲ့ပါလျှင်လည်း မုချဧကန် ငါအသျှင်မြတ်သည် ထိုကောင်းကင်တမန်ကိုလည်း (ရုပ်ဆင်းသဏ္ဍာန်အား ဖြင့် လူသား) ယောကျ်ားသာလျှင် ပြုလုပ်တော်မူမည်သာ ဖြစ်သည်။ သို့ဖြစ်လျှင်လည်း ငါအသျှင်မြတ်သည် ထိုသူတို့အား (ယခု) ထိုသူများ ယုံမှားသံသယဖြစ်သကဲ့သို့ပင် (ထပ်မံ၍) မုချ ယုံမှားသံသယ ဖြစ်စေတော်မူမည်ဖြစ်သည်။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ
بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿١٠﴾

၆ : ၁၀ ။ ။ (အို၊ နဗီတမန်တော်) အသင့်အလျှင် ပွင့်ခဲ့ကြသော ရစူလ်တမန်တော်များစွာတို့သည်လည်း ပြက်ချော်ပြောင် လှောင်ခြင်းကို အမှန်ပင် ခံခဲ့ကြရ၏။ ထို့နောက် ယင်းရစူလ်တမန်တော်များအား ပြက်ချော်ပြောင်လှောင်ခဲ့ကြသော သူတို့သည် ၎င်းတို့၏ ပြက်ချော်သမှု ပြုခဲ့ကြသော ပြစ်ဒဏ်သည်ပင်လျှင် ဝိုင်းရံ (လွှမ်းမိုး) ခဲ့လေသည်။

قُلْ سِيرُوا فِي الْأَرْضِ ثُمَّ انظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿١١﴾

၆ : ၁၁ ။ ။ (အို၊ နဗီတမန်တော်၊ အကယ်၍ ၎င်းတို့သည် ရှေးဟောင်းသူများ အပြစ်ဒဏ် ခံစားခဲ့ရသည်ကို မယုံ မကြည် ငြင်းပယ်ကြပါမူ၊ အသင်သည် (၎င်းသူတို့အား) ပြောကြားပါလေ။ 'အသင်သည် ပထဝီမြေပြင်ဝယ် သွားလာလှည့်ပတ် ကြလေကုန်။ ၎င်းနောက် မဟုတ်မမှန်ဟူ၍ ငြင်းပယ်သူတို့၏ အကျိုးသည် မည်သို့ ရှိခဲ့သည်ကို အသင်တို့ ကြည့်ရှုလေ့လာ ကြလေကုန်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ၎င်းတို့အလျှင် အဘယ်မျှလောက်သော လူမျိုးတို့ကို (အပြစ်ဒဏ်ဖြင့်) ပျက်စီးစေ တော်မူခဲ့သည်ကို ၎င်းတို့ မမြင်ခဲ့ကြသလော။ ငါအသျှင်မြတ်သည် ထိုလူမျိုးတို့အား ကမ္ဘာမြေပြင်ဝယ်

ဤသို့သော အင်အားကြီးတစ်ရပ်အား ချီးမြှင့်ပေးထားသည်။ (ခန္ဓာကိုယ်အားဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း) အသင့်အား ထိုအင်အား ချီးမြှင့်ထားခြင်း မရှိပေ။ ထို့ပြင်တဝ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကို သည်းထန်စွာ ရွာသွန်းစေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ (လယ်ယာများနှင့် ဥယျာဉ်များ၏) အောက်မှ စမ်းရေချောင်းများကိုလည်း စီးဆင်းစေတော်မူခဲ့၏။ (ထိုသို့ စီးဆင်းစေခြင်းဖြင့် လယ်ယာကိုင်းကျွန်းများနှင့် သစ်သီးဝလံများ ဝေဝေဆာဆာ ဖူးပွင့်၍ ထိုသူတို့သည် ကြွယ်ဝစွာ မိမိတို့၏ သက်တမ်းအား မွေးမြူလျက်ရှိကြသည်။) ထို့နောက် (ထိုအင်အားနှင့် ပစ္စည်းပစ္စယ အကြောင်းသဟဲများ ရှိလင့်ကစား) ငါအသျှင်မြတ်သည် ယင်းသူတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ပျက်စီးစေခဲ့တော်မူလေသည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့၏ နောက်ဝယ် အခြားလူမျိုးတစ်စုကို ဖန်ဆင်းစေတော်မူခဲ့လေသည်။ (အကယ်၍ အသင်တို့အပေါ်၌လည်း အပြစ်ဒဏ်ချပေးလိုက်သော် အံ့သြကြမည်။ ၎င်းနောက် ထိုသူတို့၏ ရန်ငြိုးရန်စွယ်ထားခြင်း၏ အခြေအနေမှာ) အကယ်၍ ငါအသျှင်မြတ်သည် အသင်၏အပေါ်သို့ စာရွက်တွင် ရေးသားထားသော ကျမ်းတစ်စောင်ကို ထုတ်ပြန်တော်မူခဲ့သည်။ ထို့နောက် ၎င်းတို့သည် ယင်းကျမ်းကို မိမိတို့၏ လက်များဖြင့် ထိတွေ့စမ်းသပ်ခဲ့ကြသည်။ (ပမာဆိုရသော် ၎င်းတို့သည် ရေးသားထားပြီးဖြစ်သော ကောင်းကင်ကျကျမ်း ကျရောက်လာရန် လိုလားတောင့်တကြ၏။ ထို့ပြင် လက်များဖြင့် ထိတွေ့စမ်းသပ်ခြင်းဆိုသော် အကြောင်းအရာအား တင်ပြ၍ မျက်စိစုံမှိတ် ဒွိဟဖြစ်ခြင်းကို ပပျောက်စေလိုက်၏။)

သို့တစေလည်း ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့ကမူ ဤသည် အလွန်ထင်ရှားသော စုန်းပယောဂဖြစ်သည်ဟူ၍ပင် မုချ ပြောဆိုကြပေမည်။ (အကြောင်းမှာ စကားလက်ခံရန် ရည်ရွယ်ချက်မရှိသော် အထောက်အထားတိုင်း၌ အသစ်အဆန်းစကား ဆွဲထုတ်ရန် မခဲယဉ်းပေ။ ၎င်းပြင် ထိုသူတို့က အဘယ်ကြောင့် ၎င်းနဗီတမန်တော်ထံသို့ ကောင်းကင်တမန်တစ်ပါးပါး စေလွှတ်ထားခြင်း မရှိပါသနည်းဟု ပြောဆိုကြကုန်၏။ (အကြင်ကောင်းကင်တမန်အား ကျွန်ုပ်တို့ တွေ့မြင်နိုင်ပြီး ပြောသော စကားများအား ကြားနိုင်မည်။ အလ္လာဟ်အသျှင်မြတ်မှ အမိန့်ရှိသည်မှာ အကယ်၍သာ ငါအသျှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် အရေးကိစ္စမှာ ကေန်မုချပြီး ဆုံးသွားမည်သာ ဖြစ်၏။ ထို့နောက် (ကောင်းကင်တမန်အား စေလွှတ်ပြီးသည့်နောက်) ၎င်းတို့သည် အပြစ်ပေးခြင်းမှ အနည်းငယ်မျှ ရွှေ့ဆိုင်းခွင့်ကို ရရှိကြလိမ့်မည်မဟုတ်ပေ။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ပြုလုပ်လေ့ ပြုလုပ်ထရှိသည့် အာနဘော်တစ်ရပ်မှာ အကြင်သူတို့၏ နှုတ်ထွက်တောင်းခံလာသော အံ့ဖွယ်ဖြစ်ရပ်ဆန်းများ ပြသပြီးသည့်နောက်လည်း ၎င်းတို့ အီမာန်ရယူခြင်းအား ငြင်းဆန်နေပါမူ ချက်ခြင်း ဆိုင်းငံ့ခြင်းမရှိဘဲ ပြစ်ဒဏ်တစ်ခုခုဖြင့် ဖျက်ဆီးပစ်လိုက်လေသည်။ ၎င်းနောက် တောင်းခံထားသော အံ့ဖွယ်ဖြစ်ရပ်ဆန်း မတွေ့မြင်သမျှ ကာလပတ်လုံးလောက၌ အခွင့်အရေး ရရှိနေမည် ဖြစ်သည်။)

ထိုမှတစ်ပါး အကယ်၍သာ ငါအသျှင်မြတ်သည် ၎င်းရစူလ်တမန်တော်အား ကောင်းကင်တမန်တစ်ပါးပါးထဲမှ သတ်မှတ်ခဲ့ပါလျှင် (ထိုကောင်းကင်တမန်အား ကောင်းကင်တမန်၏ ရုပ်ဆင်းသဏ္ဍာန်ဖြင့်

စေလွှတ်လိုက်မည်ဆိုသော် လူသားများ တတ်စွမ်းနိုင်ကြမည်မဟုတ်ပေ။ ဤအတွက်ကြောင့်) ငါအသျှင်မြတ်သည် ထိုကောင်းကင် တမန်တော်ကိုလည်း ရုပ်ဆင်းသဏ္ဍာန်အားဖြင့် လူယောကျ်ားသာလျှင် ပြုလုပ်တော်မူမည် ဖြစ်၏။ ၎င်းအပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား ယခု ထိုသူများ ယုံမှားသံသယဖြစ်သကဲ့သို့ပင် ထပ်မံ၍ ယုံမှားသံသယ ဖြစ်စေတော်မူမည်ဖြစ်၏။ (ဆိုလိုသည်မှာ ထိုကောင်းကင်တမန်အား လူသားဟု မှတ်ယူ၍ ဆက်လက် စောဒကတက်နေမည်။ အချုပ်ဆိုရသော် ကောင်းကင်တမန်ဆင်းသက်လာရန် တောင်းခံပါမူ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့၏ တောင်းခံမှုအား ပြည့်ဝစွာ ဆောင်ရွက်ပေးမည် ဆိုသော် ဤသို့ ပြုရာ၌ ၎င်းတို့အတွက် တစ်စုံတစ်ရာ အကျိုးမဖြစ်ထွန်းနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန်အား ကောင်းကင်တမန်ပုံပန်းသဏ္ဍာန်ဖြင့် ၎င်းတို့သည် တွေ့မြင်နိုင်စွမ်းမရှိပေ။ ထို့ပြင် လူပုံသဏ္ဍာန်ဖြင့် စေလွှတ်မည်ဆိုပါကလည်း ၎င်းတို့၏ ဒွိဟသည် ပပျောက်လိမ့်မည်မဟုတ်သည့်အပြင် အခြားတစ်ဖက်၌ ဒုက္ခသက်ရောက်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လက်မခံသည့်အပေါ် ကိုယ်တိုင်လည်း အပြစ်ခံထိုက်သူဖြစ်လိမ့်မည်။) ၎င်းနောက် (အသင်တမန်တော် ၎င်းတို့၏ အချည်းအနှီး တောင်းခံမှုများအပေါ် ပူဆွေးသောက မဖြစ်လေနှင့်။ အကြောင်းမှာ) အသင်၏ အထက် အဆက်ဆက်က ရစူလ်တမန်တော်များသည်လည်း ပျက်ချော်ပြောင်လှောင်ခြင်းကိုခံ၍ သွားခဲ့ကြရသည်။ ထို့နောက် ယင်းရစူလ်တမန်တော်တို့အား ပျက်ချော်ပြောင်လှောင်ကြလေသော သူတို့ကို ၎င်းတို့ ပြောင်လှောင်ခဲ့ကြသော အပြစ်ဒဏ်သည်ပင်လျှင် ဝိုင်းဝန်းခဲ့လေသည်။ (၎င်းမှ သိရှိရသည်မှာ ထိုသူတို့၏ ပြုကျင့်ဆောင်ရွက်မှုကြောင့် နဗီတမန်တော်များအား တစ်စုံတစ်ရာ ဆုံးရှုံးနစ်နာမှု မဖြစ်သည့်အပြင် ဤလုပ်ရပ်သည် ၎င်းတို့ကိုယ်တိုင်အတွက် အပြစ်ဒဏ်သက်ရောက်စေခြင်းနှင့် ဒုက္ခခံစားရမည်ဖြစ်သည်။ (အို၊ နဗီတမန်တော်၊ အကယ်၍ ၎င်းတို့သည် ရှေးဟောင်းလူများ အပြစ်ဒဏ်ခံစားခဲ့ကြရသည်ကို မယုံမကြည် ငြင်းပယ်ကြပါမူ) အသင်သည် (၎င်းတို့အား ဤသို့ ပြောကြားပါလေ။) အသင်တို့သည် ပထဝီမြေပြင်ဝယ် သွားလာလှည့်ပတ်ကြလေကုန်။ ၎င်းနောက် မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့၏ အကျိုးသည် မည်သို့ရှိခဲ့သည်ကို ကြည့်ရှုကြလေကုန်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အထက်ဖော်ပြပါ အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များနှင့် တမန်တော်မြတ် ﷺ ၏ အမိန့်တော်များကို ငြင်းဆန်ခြင်း၊ သို့မဟုတ် ဆန့်ကျင်သောသူများအပေါ် ပြင်းပြင်းထန်ထန် ခြိမ်းခြောက်မှုအကြောင်း ပါသည်။ ထိုအာယသ်တော်တွင် ၎င်းငြင်းဆန်သူများ၏ မျက်နှာကို မိမိတို့၏ ရှေ့ပတ်ဝန်းကျင်အခြေအနေများနှင့် ရှေးယခင်ကာလရှိ သမိုင်းဝင်အကြောင်းအရာများ၏ဘက်သို့ လှည့်၍ ၎င်းတို့ကို သံဝေဂတရားနှင့် အဆုံးအမတရားရရန်အတွက် အခွင့်အရေးပေးခဲ့ခြင်းဖြစ်သည်။ ကေန်မုချ လောကသမိုင်းများသည် သံဝေဂတရားရရှိရန် ကျမ်းတစ်စောင်ဖြစ်သည်။ ထိုကျမ်းကို အကယ်၍ အာရုံစူးစိုက်စွာဖြင့် ကြည့်ခဲ့သော် ၎င်းသည် ထောင်ပေါင်းများစွာသော ဆိုဆုံးမမှုများထက် ပို၍ စူးရှသော အဆုံးအမ

ရရှိမည်ဖြစ်သည်။ ဉာဏ်ပညာရှင်တစ်ဦး၏ ဤစာသားသည် အလွန်နှစ်သက်ဖွယ်ကောင်း၏။ ၎င်းမှာ 'လောကသည် အကောင်းဆုံးကျမ်းစောင်ဖြစ်ပြီး ခေတ်ကာလသည် အကောင်းဆုံးဆရာဖြစ်သည်။ ဤအတွက်ကြောင့်သာလျှင် ကျမ်းတော်မြတ်ကုရ်အာန်၏ အလွန်တရာ ကျော်ကြားလာသည့် ဂုဏ်ခြင်းနှင့် တံတိုင်းရှိသည်။ သို့သော် များသောအားဖြင့် မေ့လျော့တတ်သည့် အကျင့်ရှိသော လူသားတို့သည် လောကီသမိုင်းကိုလည်း စိတ်အပျော်လုပ်ဆောင်မှု ပုံစံထက် ပို၍ မပေးကြပေ။ သို့သာမက ထိုဆိုဆုံးမမှု အမြော်အမြင်ရှိသည့် အကောင်းဆုံးစာအုပ်ကိုလည်း မိမိတို့၏ မေ့လျော့မှုနှင့် ကျူးလွန်မှု၏ အကြောင်းခံတစ်ခု ပြုလုပ်ကြ၏။ ရှေးယခင် အကြောင်းတရားများ၏ ဤလုပ်ဆောင်မှုသာ ကျန်နေသည်မှာ မအိပ်မီအလျင် အိပ်မက်မြင်မက်ခြင်းကို ဆေးတစ်လက်၏အစား အသုံးပြုကြ၏။ တစ်ဖန် အားလပ်သော အချိန်အခါမျိုးတွင် စိတ်ဖြေဖျောက်ရန်နှင့် အချိန်ကုရန်အတွက် အကြောင်းတစ်ခု ပြုလုပ်လိုက်ကြသည်။

ဖြစ်နိုင်သည်မှာ ဤအတွက်ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်သည် လောကသမိုင်းရှိ ဝိညာဉ်ကို သံဝေဂအဆုံးအမအဖြစ် ဖော်ကျူးထား၏။ သို့သော် များသောအားဖြင့် လောက၏ သမိုင်းနှင့် ပုံပြင်စာအုပ်များကဲ့သို့ မဟုတ်။ ၎င်းစာအုပ်များတွင် ပုံပြင်ပြောဆိုရန် မဟုတ်ပေ။ သမိုင်းပုံဖော်ရန်အတွက်သာ ရည်ရွယ်၏။ ဤအတွက်ကြောင့်သာ သမိုင်းဝင်အကြောင်းအရာများကို အားလုံး ပုံပြင်ပုံစံ ဖြစ်ရန်အတွက် မိန့်ထားရုံသာမက ပုံပြင်ဖြစ်ရပ်၏ အစိတ်အပိုင်းသည် မည်သည့်အခြေအနေနှင့် မည်သည့်လုပ်ဆောင်မှုနှင့် ပတ်သက်သည် ရှိသော် ထိုအရာကိုသာ တင်ပြ၏။ တစ်ဖန် အခြားတစ်နေရာတွင် ထိုဖြစ်ရပ်၏ အခြားအစိတ်အပိုင်းနှင့် ထိုနေရာတွင် စပ်ဆက်မှုရှိသော ၎င်းကို မိန့်ခြွေလိုက်သည်။ ဤတွင် ထိုမူရင်းဘက်သို့ ညွှန်ပြနေခြင်း ဖြစ်နိုင်သည်မှာ မည်သည့်သတင်း သို့မဟုတ် ပုံပြင်ဖြစ်ရပ်များသည် မည်သည့်အခါမှ ကိုယ်တိုင် အဓိက ရည်ရွယ်ချက် မဖြစ်နိုင်ပေ။ သို့သာမက သတင်းတိုင်းဖြင့် တစ်စုံတစ်ရာဖြစ်နိုင်ကြောင်းနှင့် အကြောင်းအရာတိုင်း၏ ပေါ်လွင်ထင်ရှားစွာဖြင့် ကျင့်ဆောက်တည်မှုတစ်ခုခုအား ပြသရန်သာ ရည်ရွယ်၏။ ဤအတွက်ကြောင့် ဤအကြောင်းဖြစ်ရပ်၏ အစိတ်အပိုင်းတစ်ခုသည် ယင်းရည်ရွယ်ချက်အတွက် လိုအပ်သော ၎င်းကိုသာ ဖတ်ရှုပါ။ ထို့ပြင် ရှေ့ဆက်၍ မိမိအကျိုးသယ်ပိုးယူဆောင်ပါ။ လွန်လေပြီးသော ဝါကျ၏ ဖြစ်ရပ်များမှ သင်ခန်းစာယူလော။ တစ်ဖန် မိမိကိုယ်ကို ပြုပြင်ပါ။

ဖော်ပြပါအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ ကို ရည်ညွှန်းမိန့်ခြွေခြင်းမရှိဘဲ တိုက်ရိုက် မက္ကာဟ်သူ မက္ကာဟ်သားများနှင့် စပ်လျဉ်း၍ အမိန့်ရှိထားသည်မှာ ၎င်းတို့သည် မိမိတို့ထက်အလျင် ကျော်လွန်သွားခဲ့သော မျိုးနွယ်စုများအကြောင်း ဖြစ်ရပ်ကို မကြည့်ကြပေ။ ထိုသို့ ကြည့်ခြင်းအားဖြင့် ၎င်းတို့ကို သံဝေဂတရားနှင့် ဆိုဆုံးမရမည်ဖြစ်သည်။ ထို့ပြင် ကြည့်ရှုခြင်း၏ အလိုသဘောမှာ ၎င်းတို့၏ အခြေအနေများကို စဉ်းစားတွေးတောရန်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုမျိုးနွယ်များသည် ယင်းအခါ ကြည့်၍ ၎င်းတို့ရှေ့မှောက်တွင် မရှိခဲ့ပေ။ ထို့နောက် ရှေးယခင်မျိုးနွယ်စုများ၏ သေကြေပျက်စီးခြင်းအကြောင်း မိန့်ခြွေထားသည်မှာ-

كَمْ اَهْلَكْنَا مِنْ قَبْلِهِمْ مِنْ قَرْنٍ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ယင်းတို့ထက်အလျင် မည်မျှသော မျိုးနွယ်များကို ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်၏။

قَرْنٍ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ အုပ်စုအဖွဲ့ (မျိုးနွယ်စု) ဟုလည်း ရ၏။ ယင်းအဖွဲ့သည် တစ်ချိန်တစ်ဆက်တည်း တည်ရှိစုရုံးခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ခေတ်ကာလ၏ ရှည်လျားသော အစိတ်အပိုင်းကိုလည်း ၄င်းတို့နှင့် စပ်လျဉ်း၍ ဆယ်နှစ်မှ နှစ်ပေါင်းတစ်ရာအထိ အမျိုးမျိုး အဆိုကွဲများ ရှိ၏။ သို့သော် အချို့သော 'ဝါကေအဟ်'ဆင့်ပြန်ချက်များဖြင့် ၄င်း၏ ခိုင်မာသော အဆိုများလာရှိ၏။ ၄င်းမှာ قَرْنٍ ဟူသော စာလုံးသည် နှစ်ပေါင်းတစ်ရာကို ခေါ်ဆို၏။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ သည် ဟဇရတ်အဗ်ဒွလ္လာဟ် ဗင်န် ဗုရ်ရ်မာဇနီ ﷺ ကို အမိန့်ရှိသည်မှာ အသင် قَرْنٍ တစ်ခု အသက်ရှင်မည်။ ထိုသခင်သည် နှစ်ပေါင်းရာပြည့် အသက်ရှိလျက် ရှိခဲ့၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် ကလေးတစ်ယောက်အား قَرْنٍ အပြည့် အသက်ရှင်စေရာ ထိုကလေးသည် နှစ်ပေါင်းတစ်ရာ အသက်ရှင်ခဲ့၏။ မြောက်မြားစွာသော အာလင်မ်ပညာရှင်များသည် ဟဒီးစ်တော်ဖြစ်သော

خَيْرُ الْقُرُوْنِ قَرْنِىْ ثُمَّ الَّذِيْنَ يَلُوْنَهُمْ ثُمَّ الَّذِيْنَ يَلُوْنَهُمْ

၏ အလိုသဘောကို ဤအတိုင်းသာ မိန့်ခြွေထားသည်။ ဆိုလိုသည်မှာ قَرْنٍ တစ်ခုတိုင်းသည် နှစ်ပေါင်းတစ်ရာအဖြစ် လက်ခံကြသည်။

ဤအာယသ်တော်တွင် လွန်လေပြီးသော လောကီမျိုးနွယ်စုအကြောင်း ဖော်ပြရာ၌ ဦးစွာ တင်ပြထားသည်မှာ ၄င်းတို့ကို အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီဝယ် ထိုသို့ ဝပြောသော စွမ်းရည်နှင့် ဝမ်းစာရှာဖွေကြ၏။ ဥစ္စာနေများ ချီးမြှင့်ခြင်း ခံခဲ့ရ၏။ ထို့နောက် မည်သို့သော သူကိုမှ ထိုဖူးစာမရရှိခဲ့ပေ။ သို့သော် ၄င်းသူတို့သည်သာလျှင် ရစူလ်တမန်တော်များကို ငြင်းဆို၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဒေသနာတော်များကို ဆန့်ကျင်မှုပြုခဲ့သည်။ သို့ရှိရာ ဤလင်းဝင်းထည်ဝါမှုနှင့် ပစ္စည်းဥစ္စာနေတို့သည် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ် ချမှတ်မှု ရှေ့မှောက်တွင် အလဟာသအချည်းအနှီး အကျိုးနည်းပင် ဖြစ်သွားသည်။ ထို့ပြင် ၄င်းတို့ ရှိသမျှတို့သည် ပျက်စီး၍ အရင်းပြုတ်ခဲ့၏။ သို့ရှိရာ ယနေ့ခေတ်ရှိ မက္ကာဟ်သူ၊ မက္ကာဟ်သားများကို ရည်ညွှန်း၍ ပြောဆိုသည်မှာ ၄င်းတို့သည် အားဒ် (ဟူဒ် عليه السلام ၏ မျိုးနွယ်နှင့်) စမူးဒ် (ဆွာလေ့ဟ် عليه السلام ၏ မျိုးနွယ်) ကဲ့သို့ စွမ်းရည်မရှိခဲ့ပေ။ ဆီးရီးယားနှင့် ယမန်နိုင်ငံရှိ လူများကဲ့သို့ ချမ်းသာမှုမရှိခဲ့ပေ။ ၄င်းတို့ကို လွန်လေပြီးသော မျိုးနွယ်စုများ၏ အကြောင်းအရာနှင့် မိမိတို့၏လုပ်ရပ်ကို ပြုပြင်သင့်သည်မှာ ဤဆန့်ကျင်မှုပြုခြင်းဖြင့် မည်သို့ အကျိုးရမည်နည်း။

အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် အဓိပ္ပါယ်ရှိထားသည်မှာ-

وَ اَنۡشَاۡنَا مِنۡ بَعۡدِهِمۡ قَرۡنًا اٰخَرِيۡنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝလှသော တန်ခိုးတော်သည် ကြီးမားလှသည့် အဆင်းအရောင် ထည်ဝါမှုနှင့် ဉာဏ်အမြော်အမြင်နှင့် အုပ်ချုပ်မှု၏ ဘုရင်များ၊ တောင့်တင်းလှသည့် အင်အားရှိသော မျိုးနွယ်စုများကို မျက်စိတစ်မှိတ်ကာလ၌ပင် ဖျက်ဆီးလိုက်၏။ သို့သာမက ၎င်းတို့ကို ဖျက်ဆီးသုတ်သင်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားမျိုးနွယ်စုကို ထိုနေရာတွင် ဤသို့ ဖန်ဆင်းနေထိုင်စေလိုက်၏။ ၎င်းကို ကြည့်ခြင်းအားဖြင့် ထိုသူတို့သည် ဤနေရာ၌ လူများနည်းပါးသွားသည်ကိုပင် မသိနိုင်ပေ။

အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးအာနုဘော်နှင့် အမြော်အမြင်အား တွေ့မြင်ရမည်မှာ ထိုနည်းတူစွာ ခေတ်သမယတိုင်း အချိန်တိုင်း၌ ပေါ်ပေါက်လျက်ရှိနေမည် ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ထောင်ပေါင်းများစွာ၊ သိန်းပေါင်း များစွာ လူသားများ သေကြေပျက်စီးလျက် ရှိ၏။ သို့ပါသော်လည်း မည်သည့်နေရာမှ လစ်လပ်မှု ဖြစ်မနေပေ။ ဤနေရာရှိ လူများသေကြေပျက်စီးသွားသော် ထိုနေရာ၌ နေထိုင်မည့်သူ မရှိဟု မခံစားနိုင်ပေ။

တစ်နေ့သ၌ အာရဖသ်ကွင်းပြင်တွင် (၁၀) သိန်းခန့် လူသားများ စုစည်းနေ၏။ တစ်ဖက်၌ကြည့်မည်ဆိုသော် ယနေ့ မျက်မှောက်ခေတ်ထက် နှစ်ပေါင်း (၇၀) သို့ (၈၀) အလျင် ထိုအုပ်စုကြီးများအနက်မှ မည်သူတစ်ဦးတစ်ယောက်မှ မရှိခဲ့ပေ။ ထိုနေရာ၌ ဤမျှခန့်သော အခြားလူသားများ တည်ရှိနေခဲ့၏။ ၎င်းတို့သည် ယနေ့ နိမိတ်လက္ခဏာပင်လျှင် မကျန်ရှိတော့ပေ။ ထိုနည်းတူစွာ လူသားတို့၏ အုပ်စုတိုင်း အုပ်စုတိုင်းနှင့် အခြားလူသားတို့၏ အုပ်စုများအား ၎င်းတို့၏ ကုန်လွန်ခဲ့သော ကာလနှင့် လာမည့်ကာလအား ပေါင်းစပ်ကြည့်မည်ဆိုသော် အလွန်ထိရောက်သည် ဝါဒရှုမြင်ရမည်ဖြစ်သည်။

ဒုတိယအာယသ်တော်၌ သီးသန့်အဖြစ်အပျက်တစ်ခု ကျရောက်ခဲ့သည်မှာ အဗ်ဒုလ္လာဟ် ဗင်န် အဘီ အုမိုင်ယဟ်မှ ကိုယ်တော်မြတ် ﷺ ၏ ရှေ့မှောက်တော်တွင် ကိုယ်တော်သည် ကောင်းကင်သို့ မတတ်သရွေ့ ကာလပတ်လုံး ကိုယ်တော့်ထံ အီမာန်မယူဟု ရန်လိုစကား တင်ပြလာ၏။ ထို့နောက် ထိုကောင်းကင်မှ ကျွန်ုပ်၏ရှေ့တွင် ကျမ်းစာတစ်စောင် ယူဆောင်လာရမည်။ အကြင်ကျမ်းဂန်နှင့် ကျွန်ုပ်၏ အမည်အားယူ၍ ကျွန်ုပ်ကိုယ်တော်အား ထောက်ခံထားသည့် အကြောင်းလည်း ပါရှိရမည်။ ဤအချက်အလက်အားလုံး ပြောဆို၍ ထပ်မံပြောဆိုသည်မှာ အကယ်၍ ကိုယ်တော်သည် ဤအချက်အလက်အားလုံး လုပ်ပြလျှင်လည်း ကျွန်ုပ်အား မွတ်စ္စလင်မ်အဖြစ် တွေ့မြင်ရလိမ့်မည်မဟုတ်။

ထို့ပြင် အံ့ဩဖွယ်ကောင်းသောအချက်မှာ ဤပုဂ္ဂိုလ်သည် မွတ်စ္စလင်မ်ဖြစ်ရှိသွားပြီး အစ္စလာမ် စစ်ပွဲများတွင် အောင်နိုင်သောသူအဖြစ် တွေ့ရပြီး 'တွာအစ်ဖ်' စစ်ပွဲတွင် 'ရှဟီးဒ်' ဖြစ် ကျဆုံးသွားခဲ့သည်။

မျိုးနွယ်စု၏ ဤသို့သော မလိုအပ်သည့် ရန်လိုသော တောင်းဆိုမှုနှင့် ပြောင်လှောင်ပြက်ရယ်ပြုသော အချက်များသည် မိဘထက်ပို၍ ချစ်ခင်မှုရှိသည်။ ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော နှလုံးသားအပေါ် မည်သို့ သက်ရောက်စေသနည်း။ ၎င်း၏ စစ်မှန်သော ခန့်မှန်းခြေအား ကျွန်ုပ် မပြုလုပ်နိုင်ပေ။

မျိုးနွယ်စုအား ပြုပြင်မှုနှင့် အောင်မြင်မှုရရန် သောကရှိသောသူ၊ ကိုယ်တော်ကဲ့သို့ သောကရှိသူသာလျှင် ခံစားနိုင်သည်။

ဤအတွက်ကြောင့် အာယသ်တော်၌ ကိုယ်တော့်အား စိတ်သက်သာမှု ရစေရန်အလို့ငှာ အမိန့်ရှိသည်မှာ ၎င်းတို့၏ ဤတောင်းဆိုမှုသည် မည်သည့်ရည်ရွယ်ချက်အတွက် မဟုတ်ပေ။ ၎င်းအား ကျင့်ကြံအားထုတ်ရန်လည်း ရည်ရွယ်ချက် မရှိပေ။ ၎င်းတို့၏ အခြေအနေမှာ တောင်းခံမှုဟူသရွေ့သည် အကယ်၍ ထို့ထက်ရှင်းလင်းသော ပုံသဏ္ဍာန်ဖြင့် ကိုယ်တော်၏ မှန်ကန်မှုများသည် ထိုသူများ၏ ရှေ့ဝယ် ရောက်ရှိလာလျှင်လည်း လက်ခံလိမ့်မည်မဟုတ်ပေ။ ပမာဆိုရသော် ငါအသျှင်မြတ်သည် ၎င်းတို့၏ တောင်းဆိုမှုအတိုင်း ကောင်းကင်မှ ရေးသားထားပြီးသော ကျမ်းဂန်ကို ၎င်းတို့ မျက်ဝါးထင်ထင် ချပေးလျှင်လည်း အကြင် ကျမ်းဂန်နှင့် ပတ်သက်၍ မျက်လှည့် (သို့မဟုတ်) စုန်းပညာအစရှိသည်ဟု မှတ်ယူကြလိမ့်မည်။ သို့သာမက ထိုကျမ်းဂန်အား မိမိ၏ လက်များဖြင့် ကိုင်တွယ်၍ ကြည့်မည်ဆိုပါကလည်း အထင်မဟုတ်။ စစ်မှန်မှုသာလျှင် ဖြစ်မည်။ သို့သော် ၎င်းတို့၏ ပြောဆိုမှုများသည် ရန်လိုသည့်အတွက်ကြောင့်သာ ဖြစ်လေသည်။ သို့ရှိရာ ဤသို့သာလျှင် ပြောဆိုလိမ့်မည်။

إِنْ هَٰذَا إِلَّا سِحْرٌ مُّبِينٌ

ဆိုလိုသည်မှာ ဤသည် စုန်းပယောဂသာလျှင် ဖြစ်သည်။ တတိယအာယသ်တော် ကျရောက်လာခြင်းသည်လည်း အဖြစ်အပျက်တစ်ခုအပေါ် မူတည်၏။ အဘယ်ကြောင့်ဆိုသော် ဤပုဂ္ဂိုလ်များဖြစ်သော အဗ်ဒွလ္လာဟ် ဗင်န် အဗီအိုမိုင်ရာဟ်၊ နဇ္ဇရ် ဗင်န် ဟာရစ်၊ နောင်ဖလ် ဗင်န် ခါလစ်က် ၎င်းပုဂ္ဂိုလ်သုံးဦးသည် တစ်နေ့သ၌ ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် တောင်းခံမှုပြုသည်မှာ ကိုယ်တော်သည် ကောင်းကင်မှ ကျမ်းစာတစ်စောင်ကို ယူဆောင်လာပါ။ ထိုကျမ်းဂန်နှင့်အတူ ကောင်းကင်တမန်လေးပါးသည်လည်း အတူတကွ ကြွမြန်းလာပြီး ဤကျမ်းဂန်သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန်ဖြစ်ကြောင်း၊ ကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ကြောင်း သက်သေပြုမည်ဆိုသော် ကျွန်ုပ်တို့ ကိုယ်တော့်အပေါ် အီမာန်ယူကြမည်။

အလ္လာဟ်အသျှင်မြတ်မှ အဖြေတစ်ခု ပေးသည်မှာ ဤမေ့မှားသော တောင်းဆိုမှုများပြုလုပ်၍ မိမိတို့၏ သေခြင်းတရားနှင့် ပျက်စီးခြင်းကို ဖိတ်ခေါ်နေခြင်းပင်လျှင် ဖြစ်သည်။ အကြောင်းမှာ အသျှင်မြတ်၏ ဥပဒေတစ်ရပ်ရှိသည်မှာ မျိုးနွယ်စုတစ်စုသည် စေတမန်တော်တစ်ပါးပါးထံ အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုခု တောင်းခံလာသော် ထို့ပြင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့ တောင်းခံထားသော အံ့ဖွယ်ဖြစ်ရပ်ဆန်းအား ပြသခဲ့သော် သို့ပါ၍လည်း ၎င်းတို့သည် လက်ခံခြင်းနှင့် အစ္စလာမ်သာသနာအား ရယူခြင်းမှ အနည်းငယ် ကြန့်ကြာခဲ့ပါလျှင် အပြစ်ဒဏ်၏ သဟဲဖြင့် ဖျက်ဆီးပစ်လိုက်မည်။ ဤမျိုးနွယ်စုများဖြစ်သော မက္ကာဟ်မြို့သူမြို့သားများသည်လည်း ဤသို့ တောင်းခံခြင်းသည် ကောင်းသော 'နီယသ်'ဖြင့် တောင်းခံနေခြင်းမဟုတ်ပေ။ သို့ပါ၍ အမိန့်ရှိသည်မှာ-

لَوۡ اَنۡزَلۡنَا مَلَـكًا لَّقُضِىَ الۡاَمۡرُ ثُمَّ لَا يُنۡظَرُوۡنَ

ဆိုလိုသည်မှာ အကယ်၍ ငါအသျှင်မြတ်သည် ကောင်းကင်တမန်များအား စေလွှတ်၍ ၎င်းတို့တောင်းခံထားသည့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ ပြသမည်ဆိုပါကလည်း ဤမျိုးနွယ်စုသည် လက်ခံမည့်သူများ မဟုတ်ပေ။ သို့ပါ၍ ထိုဖြစ်ရပ်ဆန်းအား ရှုစားပြီးသည့်နောက်တွင်လည်း ဖီလာဆန့်ကျင်မှုပြုလုပ်မည်ဆိုသော် ၎င်းတို့အား ဖျက်ဆီးရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ဆိုက်ရောက်လာမည်ဖြစ်သည်။ ထို့နောက် ၎င်းတို့ကို အနည်းငယ်မျှ အခွင့်အရေးပေးလိမ့်မည်မဟုတ်ပေ။ သို့ပါ၍ ၎င်းတို့တောင်းခံထားသော နိမိတ်လက္ခဏာတစ်ခုခု ပေါ်လွင်ထင်ရှားခြင်းမရှိသော် ၎င်းတို့အတွက် အကောင်းဟု မှတ်ယူရန် လိုအပ်ပေသည်။

ထိုအချက်၏ ဒုတိယအဖြေတစ်ခုအား စတုတ္ထအာယသ်တော်၌ အခြားပုံသဏ္ဍာန်တစ်ခုဖြင့် တင်ပြနေသည်မှာ ဤသို့ တောင်းခံသောသူများသည် အံ့ဖွယ်ငတုံးများ ဖြစ်လေစွ။ အကြောင်းမှာ ကောင်းကင်တမန်များ ဆင်းသက်လာရန် တောင်းခံကြ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန်များ ဆင်းသက်ခြင်းသည် ပုံသဏ္ဍာန်နှစ်ခုနှင့်သာ ဖြစ်နိုင်သည်။ တစ်ခုမှာ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များသည် မိမိတို့၏ မူရင်းပုံပန်းသဏ္ဍာန်ဖြင့် ဆင်းသက်လာမည်ဆိုသော် ၎င်းတို့၏ အရှိန်အဝါအား မည်သည့်လူသားမှ မစွမ်းဆောင်နိုင်သည့်အပြင် ထိပ်လန့်၍ ချက်ချင်းသေဆုံးသွားရန် စိုးရိမ်ရသည်။ ဒုတိယပုံသဏ္ဍာန်မှာ ကောင်းကင်တမန်သည် လူသား၏ ပုံပန်းသဏ္ဍာန်ဖြင့် ဆင်းသက်လာသော ပုံစံဖြစ်သည်။ ပမာဆိုရသော် ဟဇရသ် ဂျိဗ္ဗရာအီးလ် عليه السلام သည် ကိုယ်တော်မြတ်ထံ အကြိမ်ပေါင်းမြောက်မြားစွာ လူသား၏ ပုံစံဖြင့် ဆင်းသက်လာခဲ့သည်။ ထိုပုံစံ၌ ၎င်းတောင်းခံသော သူများ၏ စောဒကသည် ကိုယ်တော့်အပေါ် ပြုသကဲ့သို့ ထိုဖရစ်ရှ်သာဟ်အပေါ်၌လည်း လူသားဟု မှတ်ယူ၍ ပြောဆိုလာကြလိမ့်မည်။

ထိုရန်လိုသော တောင်းခံမှုများ၏ အဖြေတင်ပြပြီးသည့်နောက် ပဥ္စမမြောက်အာယသ်တော်၌ ကိုယ်တော်မြတ် ﷺ အား နှစ်သိမ့်ရန်အတွက် အမိန့်ရှိသည်မှာ ဤပြောင်လှောင် ပြက်ရယ်ပြုခြင်းနှင့် ဒုက္ခပေးခြင်းသည် ကိုယ်တော်မြတ်နှင့်သာမက ထို့ထက်အလျင် ဆင်းသက်လာသော ရစူလ်တမန်တော်များကိုလည်း စိတ်ဒုက္ခရောက်စေရန် သတ္တိနည်းစေသော အပြုအမူများဖြင့် ပြုမူဆောင်ရွက်ခဲ့ကြလေသည်။ သို့သော် ၎င်းတမန်တော်များသည် အားမလျှော့ခဲ့ပေ။ ဤသို့ ပြောင်လှောင် ပြက်ရယ်ပြုသော မျိုးနွယ်စုအား အပြစ်ဒဏ်ခတ်ခြင်းသာ ခံရလေသည်။ အချုပ်ဆိုရသော် ကိုယ်တော်မြတ်၏ လုပ်ဆောင်ချက်မှာ အမိန့်ပညတ်တော်များအား ပို့ချရန်သာ ဖြစ်သည်။ ထိုသို့ ပြုမူဆောင်ရွက်၍ ကိုယ်တော်သည် မိမိနှလုံးသားအား ပြီးဆုံးပြီဟု မှတ်ယူကာ ၎င်း၏ သက်ရောက်မှုသည် တစ်ဦးတစ်ယောက်ထံသို့ သက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် ကိုယ်တော်၌ တာဝန်မရှိပေ။ သို့သော်လည်း ကိုယ်တော်သည် သောကမဖြစ်လေနှင့်။

◇◇◇◇◇◇◇◇◇◇◇

قُل لِّمَن مَّا فِي السَّمَاوَاتِ وَالْأَرْضِ ۖ قُل لِّلَّهِ ۚ كَتَبَ عَلَىٰ
نَفْسِهِ الرَّحْمَةَ ۚ لَيَجْمَعَنَّكُمْ إِلَىٰ يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ ۚ الَّذِينَ
خَسِرُوا أَنفُسَهُمْ فَهُمْ لَا يُؤْمِنُونَ ﴿١٢﴾

၆ : ၁၂ ။ ။ အသင်သည် ၎င်း (ကာဖိရ်) တို့အား မိုးကောင်းကင်များနှင့် ပထဝီမြေပေါ်၌ ရှိရှိသမျှတို့ကို မည်သူ ပိုင်ဆိုင်သနည်းဟု မေးမြန်းပါလေ။ (ထိုသူတို့သည် ပထမ အမှန်အတိုင်း ဖြေကြားကြမည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာ ကြောင့် အမှန်အတိုင်း မဖြေကြားခဲ့သည်ရှိသော်) အသင်သည် ပြောကြားပါလေ။ (အလုံးစုံတို့ကို) အလ္လာဟ်အသျှင်မြတ်သည် သာလျှင် ပိုင်ဆိုင်တော်မူသည်။ ထိုအသျှင်မြတ်သည် (သတိတရားရရှိ၍ ရှုရစ်ကမှ ဝန်ချတောင်းပန်သူတို့အား) ကရုဏာတော် ပြုခြင်းကု မိမိအပေါ်၌ တာဝန်အဖြစ် သတ်မှတ်တော်မူထားပြီး ဖြစ်သည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား 'ကေယာမသ်' နေ့တွင် မလွဲကေန် စုရုံတော်မူမည်။ ထိုနေ့ (ဆိုက်ရောက်ခြင်း) နှင့် ပတ်သက်၍ မည်သို့မျှ ဒွိဟသံသယ မရှိပေ။ အကြင်သူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ကြ၏။ ထိုသူတို့သည် (ဤသည်ကို) အီမာန် သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။

وَلَهُ مَا سَكَنَ فِي اللَّيْلِ وَالنَّهَارِ ۚ وَهُوَ السَّمِيعُ الْعَلِيمُ ﴿١٣﴾

၆ : ၁၃ ။ ။ ထို့ပြင် ညဥ့်နှင့် နေ့တွင် နေထိုင်သော အရာများသည်လည်း ထိုအသျှင်မြတ်ပင် ပိုင်ဆိုင်တော်မူသော အရာများချည်းသာ ဖြစ်သည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။

قُلْ أَغَيْرَ اللَّهِ أَتَّخِذُ وَلِيًّا
فَاطِرِ السَّمَاوَاتِ وَالْأَرْضِ وَهُوَ يُطْعِمُ وَلَا يُطْعَمُ ۗ قُلْ
إِنِّي أُمِرْتُ أَنْ أَكُونَ أَوَّلَ مَنْ أَسْلَمَ ۖ وَلَا تَكُونَنَّ مِنَ
الْمُشْرِكِينَ ﴿١٤﴾

၆ : ၁၄ ။ ။ (အို၊ နဗီတမန်တော်) အသင် ပြောကြားပါလေ။ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြား တစ်စုံတစ်ယောက်ကို ကိုးကွယ်ရာအသျှင်အဖြစ် ပြုလုပ်ရမည်လော။ ထိုအသျှင်မြတ်သည် မိုးများနှင့် ပထဝီမြေကို စတင်ဖန်ဆင်း တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် (သူတစ်ပါးတို့ကို) ကျွေးမွေးတော်မူသည်။ ထိုအသျှင်မြတ် သည် (သူတစ်ပါး၏) ကျွေးမွေးတော်မူခြင်းမှ ခံရတော်မူသည်မဟုတ်ပေ။ (၎င်းပြင်) အသင်သည် (ထိုသူတို့အား အချင်းတို့ ကျွန်ုပ်သည် ပထမဦးဆုံး အမိန့်ကို လိုက်နာသူ မွတ်စ္စလင်မ်ဖြစ်ရန်နှင့် အသင်သည် မုရှ်ရစ်ကတို့တွင် အပါအဝင် မဖြစ်လေနှင့်' ဟူသော (တားမြစ်သည့်) အမိန့်တော်ကို ရရှိခဲ့သည်ဟု ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်

(အို၊ နဗီတမန်တော်၊ အသင်သည် ထိုသွေဖည်ငြင်းပယ်သော သူတို့အား) မိုးကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှ အရာတို့သည် မည်သူပိုင်ဆိုင်သော အရာများနည်းဟု မေးမြန်းပါလေ။ (ဦးစွာ ပထမ အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းအား အတည်ဖြစ်စေသော အဖြေသာလျှင် ပေးလိမ့်မည်။ အကယ်၍ ကြောက်ရွံ့မှုကြောင့်ဖြစ်စေ၊ လွှမ်းမိုးခြင်းခံထားရသည့်အတွက်ကြောင့်ဖြစ်စေ အမှန်အတိုင်း အဖြေမပေးသည်ရှိသော်) အလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာ ဖြစ်ချေသည်ဟု အသင်ကသာလျှင် ဖြေကြားပါလေ။ (ထို့ပြင် ၎င်းတို့အား ဤသို့လည်း ပြောကြားပါလေ။) ထိုအသျှင်မြတ်သည် (သတိတရားရရှိ၍ ရှုရစ်ကမ်မှ ဝန်ချတောင်းပန်သူတို့အား) ကရုဏာပြုတော်မူရန် မိမိအပေါ်၌ တာဝန်အဖြစ် သတ်မှတ်ထားတော်မူပြီး ဖြစ်သည်ဟုလည်း ပြောဆိုပါလေ။ (ထို့ပြင် အသင်တို့သည် အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းအား လက်ခံသော် အပြစ်ဒဏ်ခံစားရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားပါလေ။) ၎င်းအပြင် ထိုအသျှင်မြတ်သည် အသင်တို့အား 'ကေယာမသ်'နေ့တွင် ('ကဗရ်'များမှ ရှင်ပြန်ထ၍ 'ဟရှ်ရ်' ကွင်းပြင်၌ စုရုံးတော်မူမည်။) ထိုနေ့၏ (ဆိုက်ရောက်ခြင်း၌) လုံးဝဒွိဟသံသယမရှိပေ။ အကြင်သူတို့သည် မိမိတို့ကိုယ်ကို (ဆိုလိုသည်မှာ မိမိတို့၏ အသိဉာဏ်နှင့် အရှုကို) နစ်နာပျက်စီးစေခဲ့ကြ၏။ ထိုသူတို့အား အီမာန်ယုံကြည်ကြမည်မဟုတ်ပေ။

ထို့ပြင် ၎င်းတို့အား ပြည့်စုံသော အထောက်အထားဖြစ်စေရန်အလို့ငှာ ဤသို့လည်း ပြောကြားပါလေ) ညဥ့်နှင့် နေ့တွင် နေထိုင်သောအရာများသည်လည်း ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများချည်းသာဖြစ်သည်။ (အထက်ဖော်ပြပါ အာယသ်တော်ဖြစ်သော

قُلْ لِّمَنْ مَّا فِى السَّمٰوٰتِ

၏ ကောက်နုတ်ချက်မှ သိရှိရသည်မှာ မည်သည့်ခေတ်၊ မည်သည့်နေရာဒေသရှိ အရာဟူသမျှကိုမဆို အလ္လာဟ်အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။) ထိုအသျှင်မြတ်သာလျှင် အကြွင်းမဲ့ ကြားသိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့နောက်တစ်ဖန် အသင်သည် ယင်းသူတို့အား အချင်းတို့၊ ကျွန်ုပ်သည် မိုးကောင်းကင်နှင့် ပထဝီမြေကို တီထွင်ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် (မိမိသာလျှင် လူသတ္တဝါ အပေါင်းတို့ကို) ကျွေးမွေးစောင့်ရှောက်တော်မူ၍ (သူတစ်ပါး၏) ကျွေးမွေးစောင့်ရှောက်ခြင်းကို ခံရတော်မူခြင်းမှ ကင်းရှင်းတော်မူသော အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာ အသျှင်အဖြစ် ရွေးချယ်ပြုလုပ်ရမည်လောဟု မေးမြန်းပါလေ။ ၎င်းအပြင် အသင် ပြောကြားပါလေ။ (ငါကိုယ်တော်သည် ဆင်ခြင်တုံတရားဖြင့် ဆန့်ကျင်သော အရာများအား မည်သို့ ခဝပ်ကိုးကွယ်ရာ အသျှင်မြတ်အဖြစ် သတ်မှတ်နိုင်မည်နည်း။) ကျွန်ုပ်သည် အစ္စလာမ်သာသနာကို ပထမဦးဆုံး လက်ခံနာယူသူဖြစ်ရန် အမိန့်တော်ကို မချရရှိ၏။ (အကြင်အချက်၌ 'သောင်ဟီးဒ်'၏ ယုံကြည်ချက်သည်လည်း အကျုံးဝင်ပြီးဖြစ်၏) ထို့ပြင် အသင်သည် မုရှ်ရစ်ကမ်များတွင် အပါအဝင် အလျှဉ်းမဖြစ်လေနှင့်။

သိမှတ်ဖွယ်ရာများနှင့် စမ္မာသတ်များ

قُلْ لِّمَنْ مَّا فِى السَّمٰوٰتِ

အာယသ်တော်၌ မိုးကောင်းကင်နှင့် မြေပထဝီတို့အပြင် ၎င်းတို့အတွင်း တစ်လောကလုံးရှိ အဖန်ဆင်းခံဟူသရွေ့တို့သည် မည်သူပိုင်ဆိုင်သနည်းဟု ကာဖိရ်များအားမေးရာ ကိုယ်တော်မြတ် ﷺ ကိုယ်တိုင် မင်္ဂလာရှိသောနှုတ်တော်မှ အရာအားလုံးအား အလ္လာဟ်မြတ်သာလျှင် ပိုင်ဆိုင်ကြောင်း ဖြေကြား၏။ ကာဖိရ်များ၏ အဖြေကို စောင့်ဆိုင်းရမည့်အစား ကိုယ်တော်ကိုယ်တိုင် အဖြေပေးရသည့် အကြောင်းအရင်းမှာ မက္ကာဟ်မြို့ရှိ ကာဖိရ်များ၏ အဖြေသည်လည်း ထိုနည်းတူစွာပင် ဖြစ်၏။ ၎င်းတို့သည် တုပန္ဒိုင်းယှဉ်ခြင်းနှင့် ရုပ်တုများအား ကိုးကွယ်သော်ငြားလည်း မိုးကောင်းကင်နှင့် မြေပထဝီတို့အပြင် တစ်လောကလုံးအား အလ္လာဟ်အလျှင်မြတ်သာလျှင် ပိုင်ဆိုင်ကြောင်း လက်ခံကြ၏။

لَيَجْمَعَنَّكُمْ اِلٰى يَوْمِ الْقِيٰمَةِ

အာယသ်တော်၌ اِلٰى 'အေလာ'ဟူသော စကားလုံးသည် فِىْ ၏ အဓိပ္ပာယ်ဖြစ်လေသည်။ ဆိုလိုသည်မှာ အလ္လာဟ်မြတ်သည် အစကနဦး လူသားအားလုံးနှင့် လူသားအားလုံးအား 'ကေယာမသ်'နေ့၌ စုစည်းစေတော်မူမည်။ သို့မဟုတ်ပါက 'ကေယာမသ်'နေ့၌ အားလုံးအား ရှင်ပြန်ထရမည့်နေ့အထိ လူသားအားလုံးအား 'ကဗရ်'အတွင်း၌ စုစည်းထားမည်ကို ဆိုလိုသည်။

كَتَبَ عَلٰى نَفْسِهِ الرَّحْمَةَ

မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟိုရိုင်ရာဟ် ؓ မှ ဆင့်ပြန်သည်မှာ ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်။ အလ္လာဟ်အလျှင်မြတ်သည် အဖန်ဆင်းခံများအား ဖန်ဆင်းပြီးနောက် ၎င်းတို့နှင့်ပတ်သက်၍ ကတိစာချုပ်တစ်ခု ချုပ်ဆိုရေးသားတော်မူခဲ့သည်။ ၎င်းစာချုပ်ကို အလ္လာဟ်မြတ်၏ ထံတော်ပါး၌သာလျှင် ထားရှိထား၏။ ၎င်းစာချုပ်၏ အလိုသဘောမှာ-

اِنَّ رَحْمَتِىْ تَغْلِبُ عَلٰى غَضَبِىْ

ဆိုလိုသည်မှာ ငါအလ္လာဟ်မြတ်၏ ဂရုဏာတော်သည် ငါအလ္လာဟ်မြတ်၏ အမျက်ဒေါသအပေါ် လွှမ်းမိုးနေမည်ဖြစ်၏။

اَلَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ

၎င်းတွင် ညွှန်ပြနေသည်မှာ အာယသ်တော်၌ အလ္လာဟ်အလျှင်မြတ်၏ အားလုံးအပေါ် ထားသော 'ရဟ်မသ်' ကရုဏာတော်အကြောင်း တင်ပြထား၏။ ကာဖိရ်နှင့် မုရှ်ရစ်ကဲ်များသည် အကယ်၍ ၎င်း

'ရဟ်မသ်'တော်မှ လက်မဲ့ဖြစ်ရသည်ရှိသော် ၎င်းတို့ကိုယ်တိုင် ကျင့်ဆောင်မှု လက်မဲ့ပြုလုပ်လိုက်ခြင်း ဖြစ်သည်။ ၎င်းတို့သည် 'ရဟ်မသ်'ရစေသော နည်းလမ်းကဲ့သို့ အီမာန်ကို လက်မခံခြင်းကြောင့်သာဖြစ်သည်။

لَهٗ مَاسَكَنَ فِى الَّيْلِ وَالنَّهَارِ

ဤနေရာတွင် 'စိုကူးန်'၏ အလိုသဘောမှာ 'အစ်သိက်ရားရ်' (အခြေချ နေထိုင်ခြင်း) ဟုဖြစ်သည်။ ဆိုလိုသည်မှာ လောက၏ နေ့ညတွင် တည်ရှိနေသော အရာအားလုံးကို အလ္လာဟ်အသျှင်မြတ်သာလျှင် စိုးပိုင်တော်မူ၏။ ထို့ပြင် ဤသို့ လည်း ဖြစ်နိုင်သည်မှာ 'စိုကူးန်'၏ အဓိပ္ပာယ်သည် တည်ငြိမ်မှု၊ လှုပ်ရှားမှု အားလုံးကို ပေါင်း၍ ခေါ်သည်။

مَاسَكَنَ وَمَاتَحَرَّكَ

ဆိုလိုသည်မှာ (တည်ငြိမ်စွာ ရှိနေသော အရာအားလုံး၊ ၎င်းနောက် လှုပ်ရှားမှုရှိနေသော အရာအားလုံး) ဟုဖြစ်သည်။ ထို့ပြင် 'စိုကူးန်'၏ အကြောင်းကိုသာ တင်ပြထားပြီး 'ဟရ်ကသ်'လှုပ်ရှားမှုသည် ၎င်းနှင့်ယှဉ်တွဲနေရာ အလိုအလျောက် သဘောပေါက်သွားလေသည်။

◇◇◇◇◇◇◇◇◇◇

قُلْ اِنِّیْٓ اَخَافُ اِنْ عَصَیْتُ رَبِّیْ عَذَابَ یَوْمٍ عَظِیْمٍ ⑮

၆ : ၁၅ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'အချင်းတို့၊ ကျွန်ုပ်သည် မိမိအသျှင်မြတ်၏ (မွတ်စ္စလင်မ်ဖြစ်ရန်နှင့် ရှရစ်က် တွဲဖက်နိုင်းယှဉ်ကိုးကွယ်ခြင်း မပြုရန်) အမိန့်တော်ကို အကယ်၍သာ ဖီဆန်ခဲ့ပါမူ အလွန်ကြီးကျယ်လှစွာသော (ကေယာမသ် ရှင်ပြန်ထရမည့်) နေ့၏ ပြစ်ဒဏ် (ခံစားရမည်) ကို ကေန်စင်စစ် ကြောက်ရွံ့စိုးရိမ်လေသည်'ဟူ၍ ပြောကြားပါလေ။

مَنْ یُّصْرَفْ عَنْهُ یَوْمَىِٕذٍ فَقَدْ رَحِمَهٗ ؕ وَ ذٰلِكَ الْفَوْزُ الْمُبِیْنُ ⑯

၆ : ၁၆ ॥ ॥ မည်သူမဆို ထိုသူ၏အပေါ်မှ (ကေယာမသ်နေ့တွင်) ယင်းအပြစ်ဒဏ်မှ ဖယ်ရှားခြင်းခံရလျှင် အမှန်စင်စစ်ပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏အပေါ်ဝယ် အလွန်တရာမျှပင် သနားကြင်နာ ညာတာတော်မူပြီး ဖြစ်ချေသည်။ စင်စစ် ဤ (ကဲ့သို့ အပြစ်ဒဏ်မှ ဖယ်ရှားခံရခြင်းနှင့် သနားကြင်နာမှုကို ခံစားရခြင်း) သည်ပင်လျှင် (ထင်ရှားလှစွာသော) အောင်မြင်မှုပင် ဖြစ်ပေသည်။

وَإِن يَمْسَسْكَ اللَّهُ بِضُرٍّ فَلَا كَاشِفَ
لَهُ إِلَّا هُوَ ۖ وَإِن يَمْسَسْكَ بِخَيْرٍ فَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٧﴾

၆ : ၁၇ ။ ။ ၄င်းပြင် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ဘေးအန္တရာယ်တစ်စုံတစ်ရာ သက်ရောက်စေတော်မူခဲ့ပါလျှင် ထိုအသျှင်မြတ်မှတစ်ပါး ယင်းဘေးအန္တရာယ်ကို ဖယ်ရှားကင်းဝေးပေးနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ထို့နည်းတူစွာ အကယ်၍ ထိုအသျှင်မြတ်သည် အသင့်အား တစ်စုံတစ်ရာ အကျိုးကျေးဇူး သက်ရောက်စေတော်မူခဲ့ပါလျှင်လည်း (မည်သူမျှ ထိုအကျိုးကျေးဇူးကို ပျက်ပြားစေနိုင်သည်ဟူ၍ မရှိချေ။) ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ ۚ وَهُوَ الْحَكِيمُ الْخَبِيرُ ﴿١٨﴾

၆ : ၁၈ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည် မိမိ၏ ကျွန်များအပေါ်၌ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အသျှင်၊ (သတင်းအလုံးစုံတို့ကို) အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။

قُلْ أَيُّ شَيْءٍ أَكْبَرُ شَهَادَةً ۖ قُلِ اللَّهُ ۖ شَهِيدٌ بَيْنِي وَبَيْنَكُمْ ۚ
وَأُوحِيَ إِلَيَّ هَٰذَا الْقُرْآنُ لِأُنذِرَكُم بِهِ وَمَن بَلَغَ ۚ أَئِنَّكُمْ
لَتَشْهَدُونَ أَنَّ مَعَ اللَّهِ آلِهَةً أُخْرَىٰ ۚ قُل لَّا أَشْهَدُ ۚ قُلْ إِنَّمَا
هُوَ إِلَٰهٌ وَاحِدٌ وَإِنَّنِي بَرِيءٌ مِّمَّا تُشْرِكُونَ ﴿١٩﴾

၆ : ၁၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၄င်းသူတို့အား) မေးမြန်းပါလေ။ မည်သူ၏ သက်သေခံမှုသည် အကြီးကျယ်ဆုံး ဖြစ်ပါသနည်း။ (တစ်ဖန်) အသင်ကပင် (ယင်းသူတို့အား) ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည်ပင် ကျွန်ုပ်နှင့် အသင်တို့၏ စပ်ကြားဝယ် သက်သေဖြစ်တော်မူပါသည်။ ၄င်းပြင် အသင်တို့အား ဤကုရ်အာန်ကျမ်းမြတ် ရောက်ရှိသော သူတိုင်းကို သတိပေးနှိုးဆော်ရန်အလို့ငှာ ကျွန်ုပ်တို့ထံသို့ (ဝဟီ အမိန့်တော်ဖြင့်) ထုတ်ပြန်ပို့ချခြင်း ခံခဲ့ရသည်။ ထိုကဲ့သို့သော အသျှင်မြတ်၏ သက်သေခံချက် ရောက်ရှိပြီးသော်လည်း) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြား (အရာများနှင့် တွဲဖက်နိုင်းယှဉ်) ကိုးကွယ်ရာများသည်လည်း ရှိသေးကြောင်း အမှန်ပင် သက်သေခံကြမည်လော။ (အကယ်၍ ၄င်းတို့က ဤအတိုင်း သက်သေခံကြပါလျှင်) အသင်သည် (၄င်းတို့အား) ကျွန်ုပ်သည် (ယင်းကဲ့သို့) အလျဉ်း သက်သေခံမည် မဟုတ်ဟူ၍ ပြောကြားပါလေ။ ထို့ပြင် အသင်သည် (၄င်းသူတို့အား) ထိုအသျှင်မြတ်သည် တစ်ဆူတည်း ကိုးကွယ်ရာအသျှင်မြတ် ဖြစ်သည်ဟူ၍လည်းကောင်း၊ မုချကေန် ကျွန်ုပ်သည် အသင်တို့ပြုကြသော တွဲဖက်နိုင်းယှဉ်ကိုးကွယ်ခြင်းမှ လုံးဝကင်းလွတ်သူ ဖြစ်ပေသည်ဟူ၍လည်းကောင်း ပြောကြားပါလေ။

ٱلَّذِينَ ءَاتَيْنَٰهُمُ ٱلْكِتَٰبَ يَعْرِفُونَهُۥ كَمَا يَعْرِفُونَ أَبْنَآءَهُمُ ٱلَّذِينَ خَسِرُوٓا۟ أَنفُسَهُمْ فَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

၆ : ၂၀ ။ ။ အကြင်သူတို့ကို ငါအသျှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထိုသူတို့သည် မိမိတို့၏ သားများကို မှတ်မိကြသကဲ့သို့ (ထိုနဗီတမန်တော်မြတ်) ကိုလည်း မှတ်မိကြလေသည်။ (သို့ရာတွင်) မိမိတို့ကိုယ်ကို မိမိတို့ပင် နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ကြသော သူတို့မှာမူ အလျှဉ်းသက်ဝင် ယုံကြည်ကြသည်မဟုတ်ပေ။

وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ كَذَّبَ بِـَٔايَٰتِهِۦٓ ۗ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٢١﴾

၆ : ၂၁ ။ ။ အမှန်စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန် လီဆယ်စွပ်စွဲခြင်းကိုသော်လည်းကောင်း၊ ထိုအသျှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခြင်းကိုလည်းကောင်း ပြုလုပ်သောသူထက် ပိုမို၍ မတရားသောသူသည် မည်သူရှိအံ့နည်း။ အမှန်စင်စစ် မတရားသောသူသည် (မည်သည့်အခါမျှ) အလျှဉ်းအောင်မြင်မှု ရရှိကြလိမ့်မည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား အချင်းတို့၊ ကျွန်ုပ်သည် မိမိအသျှင်မြတ်၏ (အစ္စလာမ်နှင့် အီမာန်၏ ပညတ်ချက်များအား ကျင့်ကြံမှုမပြုဘဲ ရှရစ်ကိ်၌ နစ်မွန်းနေမည်ဆိုသော) အလွန်ကြီးကျယ်လှသော (ကေယာမသ်ရှင်ပြန်ထရမည့်) နေ့၏ ပြစ်ဒဏ်ခံစားရမည်ကို ဧကန်စင်စစ် ကြောက်ရွံ့ စိုးရိမ်ပါသည်ဟု ပြောကြားပါလေ။ (ဤအာယသ်တော်မှ ထင်ရှားသည်မှာ ကိုယ်တော်မြတ် ﷺ သည် 'မအ်ဆူးမ်' အပြစ်များ ကင်းစင်သော မြတ်တမန်တော်ဖြစ်သည်။ ကိုယ်တော်သည် အစ္စလာမ်နှင့် အီမာန်၏ ဆန့်ကျင်သော ရှရစ်ကိ် တုပနှိုင်းယှဉ်ခြင်းနှင့် အပြစ်များ ကျူးလွန်မှု မဖြစ်နိုင်ပေ။ သို့သော် ဤနေရာတွင် အွမ္မသ်သူ၊ အွမ္မသ်သားများအား မိန့်ဆိုရန်အတွက်ဖြစ်၏။ အကြောင်းမှာ နဗီသည် အပြစ်ကင်းစင်၍ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်အား ကြောက်ရွံ့မှုထားရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ဆက်လက်၍ အမိန့်ရှိသည်မှာ ထိုအပြစ်ဒဏ်သည် ဤကဲ့သို့ဖြစ်သည်။ အဘယ်သို့ဆိုသော်) မည်သူမဆို ၎င်းအပေါ်မှ ထို 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ယင်းအပြစ်ဒဏ်သည် ဖယ်ရှားခြင်းခံရလျှင် မလွဲဧကန် ထိုအသျှင်မြတ်သည် ၎င်း၏အပေါ် ဝယ် အလွန်တရာမျှပင် သနားကြင်နာ ညှာတာတော်မူပြီး ဖြစ်ချေသည်။

အမှန်စင်စစ် ဤ (ကဲ့သို့ အပြစ်ဒဏ် ဖယ်ရှားခြင်းနှင့် သနားကြင်နာမှုကို ခံစားရခြင်းသည်ပင်လျှင်) ထင်ရှားစွာသော အောင်မြင်မှုပင်ဖြစ်သည်။ (ထိုအထဲမှ كَتَبَ عَلَىٰ نَفْسِهِ ٱلرَّحْمَةَ တွင် တင်ပြ

ထားသော အသျှင်မြတ်၏ ကရုဏာသက်ရောက်မှုသည်လည်း ပါဝင်ပြီးဖြစ်သည်။ ၄င်းပြင် (အသင်တမန်တော် ၄င်းတို့အား ဤသည်ကိုလည်း ပြောကြားပါလေ။ အို၊ လူသား၊) အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား (ဤမျက်မှောက်လောကီဘဝ၌ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ဖြစ်စေ) ဘေးအန္တရာယ်တစ်စုံတစ်ရာ သင့်တော်မူပါလျှင် ထိုအသျှင်မြတ်မှတစ်ပါး ယင်းဘေးအန္တရာယ်ကို ကင်းဝေးပပျောက်စေနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိချေ။ (ထိုအသျှင်မြတ် လိုလားမည်ဆိုသော် ပပျောက်အောင် ပြုပေးတော်မူမည်။ (သို့) ပြုပေးတော်မမူပေ။ ထို့ပြင် အနေးနှင့် အမြန်သည်လည်း ထိုအသျှင်မြတ်အလိုတော်နှင့်ဖြစ်ရှိမည်။) အကယ်၍ ထိုအသျှင်မြတ်သည် အသင်တို့၌ တစ်စုံတစ်ရာအကျိုးကျေးဇူးကို ဖြစ်ထွန်းစေတော်မူပါလျှင်လည်း (မည်သူမျှ ထိုကျေးဇူးကို ပျက်ပြားစေနိုင်သူဟူ၍ မရှိချေ။ ပမာဆိုရသော် အခြားတစ်နေရာ၌

لَا رَآدَّ لِفَضْلِه

(ထိုအသျှင်မြတ်၏ ကျေးဇူးတော်ကို တွန်းလှန်နိုင်မည့်သူ မည်သူမှ မရှိပေ။) ဟု မိန့်တော်မူထား၏။ အကြောင်းမှာ) ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (အထက်ဖော်ပြပါ အကြောင်းအရာကို ပိုမိုလေးနက်စေရန်အလို့ငှာ ဤသို့လည်း အမိန့်ရှိထားတော်မူ၏။) ထိုအသျှင်မြတ်သည်သာလျှင် (တန်ခိုးတော်အရ) မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ ထို့မှတစ်ပါး အလ္လာဟ်အသျှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အသျှင်၊ သတင်းအလုံးစုံတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ (သို့ပါ၍ ထိုအသျှင်မြတ်၏ 'အိလ်မ်'၌ အစစအရာရာအား အကြွင်းမဲ့သိတော်မူ၍ တန်ခိုးအာနုဘော်ဖြင့် အရာရာအား စုစည်းထားပြီး ဉာဏ်အမြော်အမြင်နှင့် လျော်ညီစွာ အစားပေးခြင်းနှင့် အပြစ်ပေးခြင်းများ ပြုလုပ်သွားမည်။) အို၊ နဗီတမန်တော်၊ အသင်သည် (အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းတည်ရှိခြင်းနှင့် ရစူလ်ဖြစ်ခြင်းမှ ငြင်းပယ်သောသူတို့အား) အချင်းတို့၊ သက်သေခံရာ၌ မည်သည့်အရာသည် အကြီးဆုံးဖြစ်သနည်းဟု မေးမြန်းပါလေ။ (အဖြေမှာ ထင်ရှားလေသည်။ သက်သေခံခြင်း၏ အကြီးကျယ်ဆုံးသော အရာသည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်သည်။ တစ်ဖန် ယင်းသူတို့အား အသင်ကပင် ဤသို့ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည်ပင် ကျွန်ုပ်နှင့် အသင်တို့၏ စပ်ကြားတွင် သက်သေဖြစ်တော်မူပါသည်။ (အကြင်အသျှင်မြတ်၏ သက်သေပြုခြင်းသည် အားလုံးထက် သာပိုလေသည်။)

စင်စစ် (ထိုအသျှင်မြတ်၏ သက်သေခံခြင်းမှာ) ကျွန်ုပ်၏ထံဝယ် ဤကုရ်အာန်ကျမ်းတော်မြတ်သည် (အလ္လာဟ်အသျှင်မြတ်၏ထံတော်မှ) ဝဟီအမိန့်တော်အဖြစ် ပို့သချခြင်းပင် ဖြစ်လေသည်။ သို့မှသာလျှင် ကျွန်ုပ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အသင်တို့အားလည်းကောင်း၊ ကျမ်းတော်မြတ်ကုရ်အာန်ရောက်ရှိလာသော သူတို့အားလည်းကောင်း (ထိုအပြစ်ဒဏ်များမှ) သတိပေးနှိုးဆော်နိုင်မည် ဖြစ်ချေသည်။ (အကြင်သူတို့သည် 'သောင်ဟီးဒ်' နှင့် 'ရေစာလသ်' အား ငြင်းဆန်မှုအပေါ် တင်ပြထားသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အံ့ဖွယ်ရာများနှင့် ၄င်းကဲ့သို့ ကျမ်းဂန်တစ်စောင်ပြုစုရန် တစ်လောကလုံး၌ ရှိသူများ

မစွမ်းနိုင်ကြခြင်းသည် အသျှင်မြတ်၏ ခိုင်မြဲသော သက်သေ၊ ကိုယ်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းအပေါ်၌ မူတည်၏။ ထို့ပြင် ကျမ်းတော်မြတ် ကုရ်အာန်၏ အကြောင်းအရာများသည် ရှရီအသ် ပညတ်ချက်တော်များ၏ သက်သေပင်ဖြစ်သည်။ (ထိုကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ သက်သေခံချက် ရောက်ရှိပြီးဖြစ်သော်လည်း) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများလည်း တွဲဖက်လျက်ရှိကြသေးသည်ဟု သက်သေခံကြမည်လော။ (အကယ်၍ ၎င်းတို့က ဤအတိုင်း သက်သေခံကြပါလျှင် ၎င်းတို့နှင့် ဆက်လက်ပြောဆိုနေခြင်းသည် အလဟဿ အချည်းအနှီးသာလျှင်ဖြစ်မည်။ သို့ပါ၍) အသင်တမန်တော် (မိမိ၏ ယုံကြည်ချက်အား ထုတ်ဖော်ရန်အတွက်) ၎င်းတို့အား ကျွန်ုပ်သည် ယင်းကဲ့သို့ အလျှင်း သက်သေခံမည်မဟုတ်ဟု ပြောကြားပါလေ။ ထိုမှတစ်ပါး အသင်သည် ယင်းသူတို့အား အလ္လာဟ်အသျှင်မြတ်သည် တစ်ဆူတည်းသောအသျှင် ဖြစ်တော်မူသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်သည် မုချဧကန် အသင်တို့ ပြုကြကုန်သော တွဲဖက်ကိုးကွယ်ခြင်းမှ ကင်းလွတ်သည်ဟူ၍လည်းကောင်း ပြောကြားပါလေ။

(ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းနှင့်ပတ်သက်၍ ဤပုဂ္ဂိုလ်များ ပြောဆိုနေကြသည်မှာ ကျွန်ုပ်တို့သည် ယဟူဒီနှင့် နစ္စရာနီများထံမှ မေးမြန်းကြည့်ရာ ထိုကိစ္စ၏ ဖစ်မြစ်အား ဤသို့သိရှိရသည်။ အဘယ်သို့ဆိုသော်) အကြင်သူတို့အား ငါအသျှင်မြတ်က ('သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းဂန် ဒေသနာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုသူတို့သည် မိမိတို့၏ သားများကို မှတ်မိကြသကဲ့သို့ပင် ကိုယ်တော်မြတ် ﷺ ကိုလည်း မှတ်မိကြကုန်သည်။ (သို့သော် 'ရှဟာဒသ်ကုဗ်ရာ' ရှိလင့်ကစား ကျမ်းရပုဂ္ဂိုလ်များ၏ 'ရှဟာဒသ်'အပေါ် မူတည်ခြင်းမရှိဟုဆိုလျှင် ၎င်းတို့၏ 'ရှဟာဒသ်'မရှိခြင်းသည်လည်း မည်သို့မျှ အထောက်အထားမပြုနိုင်ပေ။ ထို့ပြင် ဤသို့ 'ရှဟာဒသ်ကုဗရာ'ရှိနေသော်လည်း) အကြင်သူတို့သည် မိမိတို့ကိုယ်ကို မိမိတို့၏ ကျိုးယုတ်နစ်နာအောင် ပြုလုပ်သောသူတို့မူကား အလျှင်းသက်ဝင် ယုံကြည်ကြသည်မဟုတ်ပေ။ (အသိဉာဏ်အား အကျိုးယုတ်အောင် ပြုခြင်း၏ အလိုသဘောမှာ ထိုအသိဉာဏ်အား အနားပေး၍ ၎င်းကို အသုံးမချခြင်းကို ဆိုလိုသည်။ အမှန်စင်စစ် မည်သူမဆို မဟုတ်မမှန် မုသားကို အလ္လာဟ်အသျှင်မြတ်အပေါ်၌ ကြံစည်လီဆယ်၍ စွပ်စွဲအံ့။ သို့တည်းမဟုတ် ထိုအသျှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်အံ့။ ထိုသူထက် ပိုမို၍ မတရားသောသူကား မည်သူရှိမည်နည်း။ အမှန်စင်စစ် ထိုကဲ့သို့ မတရားသောသူတို့သည် မည်သည့် အခါမျှ (ကေယာမသ်နေ့တွင်) အောင်မြင်ကြမည်မဟုတ်ပေ။ (သို့သာမက အမြဲထာဝစဉ် ပြစ်ဒဏ်ခံစားကြရမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးသော အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးအာနုဘော်အား တင်ပြပြီး ထိုအပေါ်၌ အီမာန်ရယူရန်နှင့် တုပနိုင်းယှဉ်မှု ပြုခြင်းများအား ရှောင်ကြဉ်ရန် အမိန့်ပညတ်ချက်များအား တင်ပြထားလေသည်။ အထက်ဖော်ပြပါ အာယသ်တော်များအနက် ပထမအာယသ်တော်၌ ထိုအမိန့်တော်အား ဖီလာဆန့်ကျင်မှုပြုခြင်းအား ပြစ်ဒဏ်တစ်ခု၏ ပုံသဏ္ဌာန်တစ်ခုဖြင့် တင်ပြထားလေသည်။

အကြောင်းမှာ ကိုယ်တော်မြတ် ﷺ အား အမိန့်ရှိသည်မှာ အသင်တမန်တော်၊ လူတို့အား ပြောကြားပါလေ။ အကယ်၍ ငါတမန်တော်သည်လည်း မိမိအသျှင်မြတ်၏ အမိန့်တော်အား ဖီလာဆန့်ကျင်မှု ပြုလုပ်ပါမူ ကျွန်ုပ်သည်လည်း 'ကေယာမသ်'နေ့၏ အပြစ်ဒဏ်အား ကြောက်ရွံ့ပါသည်ဟု ပြောကြားပါလေ။ ဤသည်မှ ထင်ရှားသည်မှာ ကိုယ်တော်သည် အပြစ် 'ဂိုနာဟ်'များမှ ကင်းရှင်းတော်မူသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ကိုယ်တော်ထံမှ အမိန့်ဖီလာဆန့်ကျင်ခြင်း မဖြစ်နိုင်ပေ။ သို့သော် ကိုယ်တော့်အား ရည်ညွှန်း၍ အွမ္မသ်အား တင်ပြသည်မှာ အမိန့်ဖီလာဆန့်ကျင်ခြင်းသည် နဗီများကိုပင်လျှင် ခွင့်မလွှတ်သည်ဆိုသော် အခြားသူများအား ပြောရန်ပင် မလိုပေ။

ထို့နောက် အမိန့်ရှိသည်မှာ-

مَنْ يُصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَ

ဆိုလိုသည်မှာ ကမ္ဘာ့တရားခွင်နေ့၏ အပြစ်ဒဏ်သည် အနိုင်းမဲ့ကြောက်ရွံ့စရာကောင်း၍ အလွန်ပြင်းထန်သည်။ အကြင်သူထံမှ ဤပြစ်ဒဏ် ပျောက်ကွယ်သွားသော် ထိုအရာကို အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ဟု မှတ်ယူပါ။

وَذٰلِكَ الْفَوْزُ الْمُبِيْنُ

ဆိုလိုသည်မှာ ဤသည် ကြီးမားသော အောင်မြင်မှုပင်တည်း။ ဤနေရာတွင် အောင်မြင်မှု၏ အလိုသဘောမှာ 'ဂျန္နသ်'၌ ဝင်ရောက်စံမြန်းရခြင်းကို ဆိုလိုသည်။ ထိုအချက်မှ သိရှိရသည်မှာ အပြစ်ဒဏ်မှ လွတ်မြောက်အောင်မြင်မှု ရရှိခြင်းသည် 'ဂျန္နသ်'သို့ ဝင်ရောက်ရန် ထိုက်သက်သွားပေမည်။

ဒုတိယအာယသ်တော်၌ အစ္စလာမ်၏ အခြေအမြစ်ဖြစ်သော ယုံကြည်ချက်ပိုင်းဆိုင်ရာအား တင်ပြသည်မှာ စင်စစ် အကျိုးယုတ်ခြင်း၊ အကျိုးရှိခြင်းဟူသမျှအား ပိုင်စိုးတော်မူသော အသျှင်မြတ်မှာ အလ္လာဟ် အသျှင်မြတ်သာလျှင် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ တစ်ဦးတစ်ယောက်အား အနည်းငယ်မျှသော အကျိုးမသက်ရောက်စေနိုင်သကဲ့သို့ အကျိုးယုတ်အောင်လည်း မပြုနိုင်ပေ။ အပြင်ပိုင်း၌ ကြည့်မည်ဆိုလျှင် တစ်ဦးတစ်ယောက်၏ လက်ဖြင့် အကျိုးရှိခြင်း၊ ယုတ်ခြင်းအား သက်ရောက်နိုင်သည်ဟု တွေ့မြင်ရ၏။ ထိုသို့ သက်ရောက်ခြင်းသည် ပြင်ပပုံသဏ္ဍာန်သာလျှင် ဖြစ်သည်။ စင်စစ် ဤယုံကြည်ချက်သည်လည်း အစ္စလာမ်သာသနာ၏ ထိုပြောင်းလွဲသော ယုံကြည်ချက်များထဲ၌ ဖြစ်လေသည်။ ယင်းယုံကြည်ချက်သည် မွတ်စ္စလင်မ်များကို ရှိရှိသမျှသော အဖန်ဆင်းခံများထက် ပို၍ အလိုကင်းကာ ဖန်ဆင်းရှင်ထံမှသာ အလိုရမ္မက်ထားသူအဖြစ် ပြုကာ ၎င်းတို့တွင် ဤသို့ အနိုင်းမဲ့ ရိုးသားဖြောင့်မတ်သော အဖွဲ့တစ်ခု ဖန်ဆင်းခဲ့၏။ ၎င်းတို့သည် ငွမ်းပါး၍ စားရန်မရှိသော ကျပ်တည်းသည့် အခြေအနေမျိုးတွင်လည်း ၎င်းတို့သည် မည်သူ့ထံမှ ခေါင်းငုံ့ရန် မသိခဲ့ပေ။ (ဆိုလိုသည်မှာ မည်သူ့ထံကမျှ လက်မဖြန့်ခဲ့ပေ။)

ကျမ်းမြတ်ကုရ်အာန်၏ နေရာအမြောက်အမြားတွင် ဤစာသားအား ပုံစံအမျိုးမျိုးဖြင့် ဖော်ကျူးထား၏။ အာယသ်တော်တစ်ပိုဒ်တွင် အမိန့်ရှိသည်မှာ-

مَا يَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ فَلَا مُمْسِكَ لَهَا وَمَا يُمْسِكْ فَلَا مُرْسِلَ لَهٗ مِنْ بَعْدِهٖ

ဆိုလိုသည်မှာ လူသားများအတွက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ရဟ်မသ်' ကရုဏာတော်ကို ဖွင့်ပေးလိုက်သည်ရှိသော် ၎င်းကို ဟန့်တားနိုင်သူမရှိပေ။ ထို့ပြင် ပိတ်ပင်ထားပါမူ မည်သူမှ ဖွင့်ပေးနိုင်မည့်သူမရှိပေ။

ဆွဟီးဟ် ဟဒီးစ်တော်များတွင် ကိုယ်တော်မြတ် ﷺ သည် မိမိဒိုအာ (ဆုပန်မှု) ပြုရာများတွင် ဆိုလေ့ရှိသည်မှာ-

اَللّٰهُمَّ لَا مَانِعَ لِمَا اَعْطَيْتَ وَلَا مُعْطِيَ لِمَا مَنَعْتَ وَلَا يَنْفَعُ ذَا الْجَدِّ مِنْكَ الْجَدُّ

အလိုသဘောမှာ 'အို့၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ် ပေးသနားမှုကို မည်သူမှ ပိတ်ပင်တားမြစ်နိုင်သူဟူ၍ မရှိ။ ထို့ပြင် အသျှင်မြတ် ပိတ်ပင်တားမြစ်ထားပါမူ မည်သူမှ ပေးနိုင်မည်မဟုတ်။ ထို့နောက် မည်သည့်ကြိုးစားသူ၏ အားထုတ်ကြိုးပမ်းခြင်းသည်လည်း အသျှင်မြတ်နှင့် မယှဉ်နိုင်ပေ။

အေမာမ်ဘဂ်ဝိ (ရဟ) သည် ဤအာယသ်တော်၏အောက်၌ ဟဇရသ်အဗ်ဒုလ္လာဟ် အိဗ်နေ့အဗ္ဗားစ် ﷺ ထံမှ ဆင့်ပြန်ချက်တစ်ခု တင်ပြထားသည်မှာ တစ်ခါသော် ကိုယ်တော်မြတ် ﷺ သည် အစီးအနင်းတစ်ခုကို စီးနင်းလာ၏။ ထို့ပြင် ကျွန်ုပ်ကို မိမိ၏နောက်တွင် လိုက်ပါစေ၏။ အနည်းငယ်အကွာအဝေးသို့ ရောက်ရှိသောအခါ ကျွန်ုပ်ဘက်သို့ လှည့်၍ အမိန့်ရှိသည်မှာ 'အို့၊ လူငယ်။' ကျွန်ုပ်မှ ဖြေကြားသည်မှာ 'အသင့်ရှိပါသည်။ အမိန့်ရှိပါ။' ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ 'အသင် အလ္လာဟ်အသျှင်မြတ်အား အမြဲ သတိရတသလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ကရုဏာပြုတော်မူမည်။ အသင် အလ္လာဟ်အသျှင်မြတ်အား သတိရတသမည်ဆိုသော် ထိုအသျှင်မြတ်သည် အခြေအနေတိုင်းတွင် အသင်၏ ရှေ့တွင် ရှိနေမည်။ အသင် ငြိမ်းချမ်းသာယာ၊ ကျန်းမာ၍ အခြေအနေကောင်းပြီး သာယာနေသောအခါတွင် အသျှင်မြတ်၏ ကျေးဇူးတရားကို သိခဲ့ပါမူ အသင် ဒုက္ခဘေးနှင့် ရင်ဆိုင်ရလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင့်ကို ကြည့်တော်မူလိမ့်မည်။ ထို့ပြင် အသင် တောင်းခံမှုပြုလိုလျှင် အလ္လာဟ်အသျှင်မြတ်ထံ၌သာ တောင်းခံမှုပြုပါ။ အကူအညီတောင်းခံမည်ဆိုသော် အလ္လာဟ်အသျှင်မြတ်ထံတော်မှသာ တောင်းခံပါလေ။ လောက၌ ဖြစ်ပျက်မည့် အရာဟူသမျှတို့ကို 'သက္ကဒီးရ်' ကံတရားတွင် ရေးပြီးဖြစ်၏။ အကယ်၍ အဖန်ဆင်းခံအားလုံး ပူးပေါင်း၍ အသင့်အား အလ္လာဟ်အသျှင်မြတ်မှ သတ်မှတ်ထားခြင်းမရှိသော အကျိုးအမြတ်ကို ရရှိရန် ကြိုးစားပါမူ ထိုသူတို့ လုံးဝ ဆောင်ရွက်နိုင်မည်မဟုတ်။ ထို့ပြင် အကယ်၍ ထိုသူတို့အားလုံး ပူးပေါင်း၍ အသင့်ဖူးစာကံတွင် မပါသော ဆုံးရှုံးနစ်နာမှုများ ပြုလိုပါမူ ကြိုးစားခဲ့လျှင်လည်း ၎င်းတို့ကို စွမ်းဆောင်နိုင်မှု ရရှိမည်မဟုတ်ပေ။ အကယ်၍ အသင် ယုံကြည်ချက်အပြည့်ဖြင့် သည်းခံခြင်းတရားအပေါ် ကျင့်ကြံနိုင်ပါမူ လုံးဝ ကျင့်ဆောင်ပါလေ။ အကယ်၍ ထိုအပေါ် မစွမ်းနိုင်ပါမူ သည်းခံခြင်းတရားထားလော။ အကြောင်းမှာ မိမိစိတ်နှင့် ဆန့်ကျင်သော အရာများပေါ် သည်းခံခြင်း၌ မင်္ဂလာရှိသည်။ ထို့ပြင် အလ္လာဟ်

အသျှင်မြတ်သည် သည်းခံခြင်းတရားထားသူများနှင့် အတူရှိနေကြောင်းကို ကောင်းစွာ မှတ်ယူပါ။ ထို့ပြင် ဒုက္ခနှင့်အတူ အေးချမ်းမှုရရှိသကဲ့သို့ ကြပ်တည်းမှုနှင့်တကွ ကျယ်ပြောမှုလည်း ရှိ၏။ (ဤဟဒီးစ်တော်သည် သိရ်မေဇီနှင့် မွတ်စနဒ်အဟ်မဒ်၏ ကျမ်း၌လည်း စစ်မှန်သော ဆင့်ပြန့်ချက်များနှင့်တကွ ဖော်ပြထား၏) ဝမ်းနည်းဖွယ်ကောင်းသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်တွင် ထင်ရှားသော ကြေငြာချက်နှင့် ကိုယ်တော်မြတ် ﷺ သည် သက်တမ်းတစ်လျှောက်လုံး သင်ကြားပေးထားလင့်ကစား ဤအွှမ္မသ်သူအွှမ္မသ်သားများသည် ထိုအချက်ရှိ လမ်းများသို့ လျှောက်လှမ်းကြလေသည်။ တစ်လောကလုံးရှိ လုပ်ပိုင်ခွင့်ဟူသမျှကိုလည်း အဖန်ဆင်းခံများအား ခွဲဝေပေးထား၏။ ယနေ့ မွတ်စ္စလင်မ်များအနက် အရေအတွက်အားဖြင့် များပြားသော အုပ်စုတစ်စုသည် ဒုက္ခရောက်သည့်အချိန် အလ္လာဟ်အသျှင်မြတ်အား တသရမည့်အစား ထို့ပြင် ထိုအသျှင်မြတ်ထံ တောင်းခံရမည့်အစား အမျိုးမျိုးအဖုံဖုံသော နာမတော်များအား တသကြလေသည်။ ထိုနာမတော်များအပေါ် အကူအညီတောင်းခံကြလေ၏။ အလ္လာဟ်အသျှင်မြတ်၏ဘက်သို့ အာရုံပင် မပြုပေ။ နဗီများနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ၏ သဟဲဖြင့် ဒိုအာတောင်းခံခြင်းသည် ပိုင်၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ သင်ကြားပြသထားမှု၌လည်း ထိုသို့ တောင်းခံရန် ပါရှိ၏။ သို့သော် တိုက်ရိုက်ဖန်ဆင်းခံတစ်ဦးဦး၏ထံ မိမိ၏ လိုအင်ဆန္ဒများအတွက် တသခြင်း၊ တောင်းခံခြင်း ဤသည် ကျမ်းတော်မြတ်ကုရ်အာန်၏ ပညတ်ချက်တော်များနှင့် ဆန့်ကျင်၍ သစ္စာဖောက်ခြင်းပင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအား ဖြောင့်မတ်မှန်ကန်သော လမ်းအပေါ် ထားရှိပေးသနားတော်မူပါစေ။

နောက်ဆုံးအာယသ်တော်၌

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَهُوَ الْحَكِيمُ الْخَبِيرُ

ဟု အမိန့်ရှိထား၏။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သာလျှင် မိမိကျေးကျွန်များအပေါ် လွှမ်းမိုးတော်မူသော၊ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့ပြင် အားလုံးသည် ထိုအသျှင်မြတ်၏ တန်ခိုးတော်အောက်ဝယ် ရှိပြီး လိုလားတောင့်တကြသည့်အတွက်ကြောင့် တစ်လောကလုံးရှိ မည်သည့်လူသားမဆို အလ္လာဟ်အသျှင်မြတ်၏ အနီးကပ်ဆုံး ရစူလ်ဖြစ်လင့်ကစား သို့မဟုတ် လောကီရှိ အထွတ်အထိပ်တွင် တည်ရှိနေသောဘုရင် ဖြစ်လင့်ကစား မိမိတို့၏ ရည်ရွယ်ချက်တိုင်း၌ အောင်မြင်မှု မရရှိပေ။ ၄င်းတို့၏ လိုအင်ဆန္ဒတိုင်း ပြည့်ဝမည်မဟုတ်ပေ။

ထိုအသျှင်မြတ်သည် အမြော်အမြင်နှင့် ပြည့်စုံတော်မူ၏။ အကြောင်းမှာ ထိုအသျှင်မြတ်၏ လုပ်ဆောင်ချက်ဟူသရွေ့တို့သည် အမြော်အမြင်နှင့် ပြုလုပ်ထားတော်မူသော အရာများဖြစ်၏။ ထို့ပြင် အရာရာတိုင်းအား အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ ထိုအာယသ်တော်၌ قَاهِر ဆိုသော စကားလုံးမှ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်နှင့် حَكِيم ဆိုသော စကားလုံးမှ ထိုအသျှင်မြတ်သည် အရာရာအား သိတော်မူသော အသျှင်ဟု တင်ပြပြီး အသျှင်မြတ်၏ ပြည့်ဝသော ဂုဏ်တော်ဟူသရွေ့တို့

သည် အသိနှင့် တန်ခိုးတော်၌ ဝိုင်းရံထားလျက်ရှိ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုဂုဏ်တော်နှစ်ရပ်စလုံးမှ တသမတ်တည်း ဖြစ်လေ၏။

ပဋ္ဌမအာယသ်တော်၌ အာယသ်တော် ကျရောက်ပုံ၏ သီးသန့်အဖြစ်အပျက်တစ်ခုကို သဖ်စီးရ်ပညာရှင်များက ဆင့်ပြန်သည်မှာ တစ်နေ့သ၌ မက္ကာဟ်မြို့သူမြို့သားများ၏ အုပ်စုတစ်စုသည် ကိုယ်တော်မြတ် ﷺ ထံ ကြွမြန်းလာပြီး ပြောဆိုသည်မှာ ကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ကြောင်း ကြွေးကြော်ရာ ထိုအချက်အပေါ် သက်သေမည်သူရှိသနည်း။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော့်အား ထောက်ခံမည့်သူ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် မတွေ့ရှိရပေ။ စင်စစ် ကျွန်ုပ်တို့သည် ယဟူဒီများထံ၌သော်လည်းကောင်း၊ နစ္စရာနီများထံ၌သော်လည်းကောင်း ထိုအချက်အား ဆန်းစစ်ရာ၌ ပြည့်ပြည့်ဝဝ ကြိုးပမ်းခဲ့ပြီးဖြစ်၏။

ထိုဖော်ပြပါ အာယသ်တော် ကျရောက်လာသည်မှာ-

قُلْ اَىُّ شَيْءٍ اَكْبَرُ شَهَادَةً

ဆိုလိုသည်မှာ အို၊ အသင်တမန်တော်၊ အလ္လာဟ်အသျှင်မြတ်ထက် ကြီးကျယ်သော သက်သေပြုခြင်းသည် မည်သူရှိသနည်း။ ပြောကြားပါလေ။ တစ်လောကလုံးအား ပိုင်စိုးခြင်းနှင့် အရာဟူသမျှ၏ အကျိုးရှိခြင်း၊ ယုတ်ခြင်းသည် ထိုအသျှင်မြတ်၏ လက်ဝယ်၌သာ ရှိ၏။ သို့ပါ၍ ကျွန်ုပ်နှင့် အသင်တို့ကြားဝယ် အလ္လာဟ်အသျှင်မြတ်သာ သက်သေဖြစ်ကြောင်း အသင်ပြောကြားပါလေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သာလျှင် သက်သေဖြစ်သည်ဆိုသည်မှာ ထိုအံ့ဖွယ်ဖြစ်ရပ်ဆန်းများနှင့် ရှင်းလင်းပြတ်သားသော နိမိတ်လက္ခဏာများသာဖြစ်၏။ အကြင်နိမိတ်လက္ခဏာများကို အလ္လာဟ်အသျှင်မြတ်မှ ကိုယ်တော်မြတ် ﷺ သည် စစ်မှန်သော ရစူလ်ဖြစ်ခြင်းနှင့် ပတ်သက်ပြီး ထုတ်ဖော်မိန့်ကြားထား၏။ ထို့နောက် မက္ကာဟ်မြို့သူ၊ မြို့သားများအား ရည်ညွှန်း၍ အမိန့်ရှိသည်မှာ-

اَئِنَّكُمْ لَتَشْهَدُوْنَ اَنَّ مَعَ اللّٰهِ اٰلِهَةً اُخْرٰى

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထိုသက်သေထူပြီးသည့်နောက်လည်း အသင်တို့သည် ၄င်းနှင့်ဆန့်ကျင်၍ အလ္လာဟ်အသျှင်မြတ်နှင့်တကွ အခြားသောအရာများကိုလည်း ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သည်ဟု သက်သေပေးနေသလော။ အကယ်၍ ဤသို့ ပြုမူထားပါမူ အသင်တို့သည် မိမိ၏ ရလဒ်အား မိမိတို့ မှတ်ယူထားကြကုန်။ ငါတမန်တော်သည် ဤသို့သော သက်သေများ ပြုပေးနိုင်မည်မဟုတ်ပေ။

قُلْ اِنَّمَا هُوَ اِلٰهٌ وَّاحِدٌ

ဆိုလိုသည်မှာ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်မြတ်သည် တစ်ပါးတည်းသာ တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်နှင့် တုပနိုင်းယှဉ်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မှ မရှိကြောင်း အသင်တမန်တော်မြတ် ပြောကြားပါလေ။

ထို့ပြင် ဆက်လက်အမိန့်ရှိသည်မှာ-

وَ اُوْحِىَ اِلَىَّ هٰذَا الْقُرْاٰنُ لِاُنْذِرَكُمْ بِهٖ وَمَنْۢ بَلَغَ

ဆိုလိုသည်မှာ ငါကိုယ်တော်အပေါ် 'ဝဟီ' ဗျာဒိတ်တော်၏ ပုံသဏ္ဌာန်ဖြင့် ကျမ်းတော်မြတ်ကုရ်အာန်အား ချပေးခဲ့လေသည်။ သို့မှသာ ငါတမန်တော်သည် အကြင်ကျမ်းဂန်၏ သဟဲဖြင့် အသင်တို့အား အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှ ကြောက်ရွံ့အောင် ပြုနိုင်မည်။ ထို့ပြင် 'ကေယာမသ်' နေ့အထိ ဤကျမ်းဂန်ကျရောက်သော သူတို့ကိုလည်း အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှ ကြောက်ရွံ့အောင် ပြုနိုင်မည်။ ထိုအာယသ်တော်မှ ပြဋ္ဌာန်းထားသည်မှာ ကိုယ်တော်မြတ် ﷺ သည် နောက်ဆုံးပွင့်ပေါ်သော ရစူလ်တမန်တော်ဖြစ်ကြောင်း၊ ကျမ်းတော်မြတ်ကုရ်အာန်သည် နောက်ဆုံးကျမ်းဂန်ဖြစ်ကြောင်း၊ 'ကေယာမသ်' နေ့အထိ ထိုကျမ်းဂန်၏ သင်ကြားပေးမှုနှင့် ဖတ်ရှုတ်ခြင်း တည်ရှိနေမည်ဖြစ်ကြောင်း၊ လူတို့သည် ၎င်းအား နောက်လိုက်ပြုရန် တာဝန်ရှိကြောင်း အတည်ပြုပြဋ္ဌာန်းထားလေသည်။

ဟဇရသ်စအီးဒ် ဗင်န် ဂျူဗိုင်းရ် ﷺ မှ အမိန့်ရှိသည်မှာ အကြင်သူထံ ကျမ်းတော်မြတ်ကုရ်အာန်ရောက်ရှိသော် ၎င်းသည် ကိုယ်တော်မြတ်အား ဖူးမျှော်သူကဲ့သို့ ဖြစ်ရှိလေသည်။ ထို့ပြင် ဟဒီးစ်တော်တစ်ပုဒ်၌ လာရှိသည်မှာ အကြင်သူထံ ကျမ်းတော်မြတ်ကုရ်အာန် ရောက်ရှိသော် ငါကိုယ်တော်သည် ထိုသူ့အား အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ရရှိရန် ပြုပေးသူသကဲ့သို့ ဖြစ်ချေမည်။

သို့ပါ၍ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများအား လေးလေးနက်နက် အမိန့်ရှိသည်မှာ-

بَلِّغُوْا عَنِّىْ وَلَوْ اٰيَةً

ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ အမိန့်ပညတ်ချက်တော်များအား တစ်အာယသ်သည်ပင်လျှင် ဖြစ်လင့်ကစား လူတို့ထံ ပို့ချပါ။

ထို့ပြင် ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် မတ်စ်အူးဒ် ﷺ မှ အမိန့်ရှိခဲ့သည်။ ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အဆိုအမိန့်များအား နာကြားပြီး ကျက်မှတ်ထား၏။ ထို့နောက် အမွှသ်အား ပို့ချသည်ရှိသော် ငါအသျှင်မြတ်သည် ထိုပုဂ္ဂိုလ်အား သွက်လက်သူအဖြစ် ကျန်းမာရေးကောင်းသောသူအဖြစ် ထားရှိတော်မူမည်။ အကြောင်းမှာ အချို့အချို့များတွင် ပုဂ္ဂိုလ်တစ်ဦးသည် နှုတ်ခပါဋ်တော်၏ ရှင်းလင်းချက်အား မိမိပို့ချပေးခဲ့သောသူကဲ့သို့ နားမလည်သည့်အခါမျိုးလည်း ရှိတတ်သည်။

နောက်ဆုံးအာယသ်တော်၌ ထိုသူတို့၏ အဆိုအမိန့်ကို ပယ်ဖျက်ခြင်းဖြစ်၏။ အဘယ်သို့ဆိုသော် ကျွန်ုပ်တို့သည် ယဟူဒီနှင့် နစ္စရာနီများထံမှ အားလုံးအား ဆန်းစစ်ပြီးဖြစ်၏။ မည်သူတစ်ဦးတစ်ယောက်ပင်လျှင် ကိုယ်တော်မြတ်၏ အမှန်တရားနှင့် 'နဗူဝသ်' အား သက်သေပေးသောသူဟူ၍ မရှိပေ။ ထိုအချက်နှင့်ပတ်သက်၍ အမိန့်ရှိသည်မှာ-

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْرِفُوْنَهٗ كَمَا يَعْرِفُوْنَ اَبْنَآئَهُمْ

ဆိုလိုသည်မှာ ယဟူဒီနှင့် နစ္စရာနီတို့သည် မိမိတို့၏ သားသမီးများအား မှတ်မိကြသကဲ့သို့ ကိုယ်တော်မြတ် ﷺ အား မှတ်မိကြလေသည်။ အကြောင်းမှာ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်း၌ ကိုယ်တော်မြတ် ﷺ ၏ ဟိဂျရတ်ပြုခဲ့သော အရပ်ဒေသတွင် ကိုယ်တော်၏ ပုံပန်းသဏ္ဌာန်အား ဂဃနဏ တင်ပြထားလေသည်။ ထို့ပြင်တဝ အကျင့်စာရိတ္တပိုင်းဆိုင်ရာနှင့် ကိုယ်တော်မြတ်၏ လုပ်ဆောင်ချက်ပိုင်းဆိုင်ရာကိုလည်း ရေးသားဖော်ပြထားပြီးသည့်နောက် ၎င်းအပေါ်၌ဟသံသယဖြစ်ရှိရန် အခွင့်အရေးပင်လျှင် မကျန်ရှိပေ။ ကိုယ်တော်မြတ် ﷺ ၏ အကြောင်းအရာများကိုသာ တင်ပြထားရုံသာမက ကိုယ်တော်၏ ဆွေဟာဖာအားလုံး၏ အခြေအနေကိုလည်း အကျယ်တဝင့် ဖော်ပြထားခြင်းသည် 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်း၌ ပါရှိ၏။ သို့ပါ၍ အကြင်သူသည် 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းအား ဖတ်ရှုတ်ပြီး ထိုအပေါ် အီမာန်သက်ဝင်ယုံကြည်ထားသည်ဆိုသော ထိုပုဂ္ဂိုလ်သည် ကိုယ်တော်အား မသိခြင်းသည် မဖြစ်နိုင်ပေ။

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်မှ ပမာခိုင်းနှိုင်းတင်ပြသော နေရာ၌ အဓိပ္ပါယ်ရှိသည်မှာ မိမိ၏ သားသမီးများအား မှတ်မိသကဲ့သို့ဟု ဖော်ပြထားပြီး သားသမီးသည် မိမိ၏ မိဘအား မှတ်မိသကဲ့သို့ဟု မဖော်ပြထားပေ။ အကြောင်းမှာ မိဘမှ သားသမီးအား မှတ်မိခြင်းသည် မုချမလွဲ ဂဃနဏ သိရှိခြင်းဖြစ်သည်။ သားသမီးများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းသည် မိဘ၏ရှေ့မှောက်၌ဝယ် ရှိပြီး ငယ်စဉ်တောင်ကျေး ကလေးဘဝမှ လူငယ်လူရွယ်ဖြစ်သည့်အထိ ၎င်းတို့၏လက်ပေါ်နှင့် ရင်ခွင်တွင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ သို့ပါ၍ မိဘသည် မိမိ၏ သားသမီးများအား မှတ်မိသကဲ့သို့ သားသမီးသည် မိဘအား မသိနိုင်ပေ။

ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န် စလာမ် ؓ သခင်သည် အစကနဦး၌ ယဟူဒီအဖြစ် ရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် မွတ်စ္စလင်မ်ဖြစ်ရှိသွားသည်။ ဟဇရတ်ဥမရ် ဖာရူးက် ؓ မှ ၎င်းအား မေးမြန်းသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်တွင် အသျှင်မြတ်မှ အဓိပ္ပါယ်ရှိထားသည်မှာ အသင်တို့ ကိုယ်တော်မြတ် ﷺ ကို မိမိ၏ သားသမီးများကဲ့သို့ပင် မှတ်မိကြသည်ဟု အဘယ်ကြောင့် အဓိပ္ပါယ်ရှိသနည်း။ ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န် စလာမ် ؓ မှ ဖြေကြား သည်မှာ စင်စစ် ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ ကို အလ္လာဟ်အသျှင်မြတ် ဖော်ကျူးထားသော အရည် အချင်း၊ ဂုဏ်ဒြပ်များနှင့်အတူ သိရှိ၏။ ၎င်းအရည်အချင်း ဂုဏ်ဒြပ်များကို အလ္လာဟ်အသျှင်မြတ်သည် 'သောင်ရားသ်' ကျမ်းတွင် ချပေးထားတော်မူ၏။ ထို့ကြောင့်သာလျှင် ကျွန်ုပ်တို့သည် ယတိပြတ် ယုံကြည်၍ သိရှိကြ၏။ ၎င်းနှင့် ဆန့်ကျင်၍ မိမိ၏ သားသမီးတို့တွင်မူ မိမိ၏ သားသမီးဟုတ်မှန်သည်လော၊ မဟုတ်မှန်သည်လောဟု ဒွိဟရှိလေသည်။

ဟဇရတ်ဇိုက်ဒ် ဗင်န် စအ်နာသည် ကျမ်းရပုဂ္ဂိုလ်များထဲမှ ဖြစ်သည်။ ၎င်းသည် ကိုယ်တော်မြတ် ﷺ ကို 'သောင်ရားသ်' နှင့် 'အင်န်ဂျီးလ်' ကျမ်းတွင် ဖော်ပြထားသော ဂုဏ်ဒြပ်အရည်အချင်းများ၏ အကြောင်းခံဖြင့်သာ သိရှိခဲ့သည်။ ထိုမှာ အရည်အချင်းတစ်ခုသာလျှင် ပထမ မယုံကြည်ခဲ့ပေ။ စစ်ဆေး

စုံစမ်းပြီးသည့်နောက် ယုံကြည်လက်ခံခဲ့၏။ ၎င်းအရည်အချင်းမှာ ကိုယ်တော်မြတ် ﷺ ၏ သည်းခံမှုသည် ကိုယ်တော်မြတ် ﷺ ၏ ဒေါသအမျက်ကို လွှမ်းမိုး၏။ ထိုအရည်အချင်းကို ကိုယ်တော်မြတ် ﷺ ၏ ထံ အစစားဝင်ရောက်၍ စူးစမ်းလေ့လာသော ဤအရည်အချင်းဂုဏ်ဒြပ်ကိုလည်း ကိုယ်တော်မြတ် ﷺ တွင် ပြည့်ပြည့်ဝဝ တွေ့ရှိခဲ့ရာ ထိုအချိန်၌ပင် မွတ်စ္လင်မ်ဖြစ်သွား၏။

အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် အမိန့်ရှိထားသည်မှာ ဤ 'အဲဟ်လေ့ကေသားဗ်' ကျမ်းရပုဂ္ဂိုလ်များသည် ကိုယ်တော်မြတ် ﷺ ကို ပြည့်ပြည့်ဝဝ သိပါလျက် မွတ်စ္လင်မ် မဖြစ်ခဲ့ကြပေ။ ဤသူများသည် မိမိကိုယ်ကိုမိမိ ဖျက်ဆီးနေကြသည်။ ထို့ပြင် ဆုံးရှုံးနစ်နာမှုတွင် ကျရောက်၍နေသည်။

◇◇◇◇◇◇◇◇◇◇◇◇

وَيَوْمَ نَحْشُرُهُمْ جَمِيعًا
ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُوا أَيْنَ شُرَكَاؤُكُمُ الَّذِينَ كُنتُمْ تَزْعُمُونَ ﴿٢٢﴾

၆ : ၂၂ ။ ။ ၎င်းပြင် အကြင်နေ့ကိုလည်း (သတိရသင့်၏။) ထိုနေ့၌ ငါအသျှင်မြတ်သည် လူခပ်သိမ်းတို့အား စုရုံးတော်မူပြီးနောက် (အခြားအရာများကို ငါအသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) ခဲ့ကြသောသူတို့အား 'အသင်တို့သည် (ငါအသျှင်မြတ်၏ တွဲဖက်များ ဖြစ်ကြသည်ဟူ၍) ထင်မြင်ယူဆ (ကိုးကွယ်) ခဲ့ကြသော အသင်တို့၏ အပေါင်းအဖော် (တွဲဖက်ကိုးကွယ်ရာ) များသည် အဘယ်မှာနည်း' ဟု မေးမြန်းတော်မူမည်။

ثُمَّ لَمْ تَكُن فِتْنَتُهُمْ إِلَّا أَن قَالُوا وَاللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ ﴿٢٣﴾

၆ : ၂၃ ။ ။ ထို့နောက် ၎င်းတို့က 'ကျွန်တော်မျိုးတို့ (သည် မိမိတို့) ၏ အသျှင်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်ကို တိုင်တည် ကျိန်ဆို၍ ကျွန်တော်မျိုးတို့သည် (တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်၍ ကိုးကွယ်ခဲ့ကြသောသူများ မဖြစ်ခဲ့ကြပါ' ဟူ၍ ပြောဆိုကြသည်မှအပ ၎င်းတို့တွင် မည်သည့်ဆင်ခြေမျှ ရှိနိုင်မည်မဟုတ်ပေ။

انظُرْ كَيْفَ كَذَبُوا عَلَىٰ أَنفُسِهِمْ وَضَلَّ عَنْهُم
مَّا كَانُوا يَفْتَرُونَ ﴿٢٤﴾

၆ : ၂၄ ။ ။ (အို၊ နဗီတမန်တော်) ထိုသူတို့သည် မိမိတို့နှင့် ဆန့်ကျင်၍ပင် မည်ကဲ့သို့သော မုသားပြောဆိုကြသည်ကိုလည်းကောင်း၊ (ထိုနေ့တွင်) ၎င်းသူတို့ထံမှ ၎င်းသူတို့၏ အကြံအစည် လီဆယ်မှုများဖြင့် မဟုတ်မမှန် စွပ်စွဲ (ဖန်တီး၍) ပြစ်မှားလေ့ရှိခဲ့ကြသော အရာတို့သည် ၎င်းတို့ထံမှ (မည်ကဲ့သို့) ပျက်ပြားပပျောက် ဆုံးပါးသွားသည်ကို အသင်သည် (စဉ်းစား ဆင်ခြင်၍) ကြည့်ပါလေ။

وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ ۖ وَجَعَلْنَا عَلَىٰ
قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا ۚ وَإِن يَرَوْا كُلَّ
آيَةٍ لَّا يُؤْمِنُوا بِهَا ۚ حَتَّىٰ إِذَا جَاءُوكَ يُجَادِلُونَكَ يَقُولُ الَّذِينَ
كَفَرُوا إِنْ هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿٢٥﴾

၆ : ၂၅ ။ ။ ၎င်းပြင် ထိုသူတို့တွင် အသင့်ဘက်သို့ နားစွင့်၍ နေကြသူများလည်း ရှိကြ၏။ အမှန်စင်စစ် ၎င်းတို့အား ထိုကုရ်အာန်ကို နားမလည်နိုင်ကြရန် ငါအသျှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများအပေါ်၌ ကန့်လန့်ကာများ ချထားတော်မူခဲ့၏။ ယင်းသူတို့၏ နားများတွင် လေးလံခြင်းကိုလည်း ပြုတော်မူခဲ့၏။ စင်စစ် ယင်းသူတို့သည် သက်သေလက္ခဏာများ အားလုံးကို တစ်ခုမကျန် တွေ့မြင်ကြရသော်လည်း ထိုအသက်သေလက္ခဏာများကို ယုံကြည်ကြမည် မဟုတ်ပေ။ ဤမျှတိုင် ၎င်းတို့သည် အသင့်ထံသို့ပင် လာရောက်ကြသောအခါ အသင်နှင့် အငြင်းအခုံပြုကြ၏။ ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်ကြသော သူတို့က 'ဤသည် ရှေးဟောင်းသူတို့၏ ဒဏ္ဍာရီပုံပြင်များသာ ဖြစ်ချေသည်' ဟူ၍ ပြောဆိုကြလေသည်။

وَهُمْ يَنْهَوْنَ عَنْهُ
وَيَنْأَوْنَ عَنْهُ ۖ وَإِن يُهْلِكُونَ إِلَّا أَنفُسَهُمْ وَمَا يَشْعُرُونَ ﴿٢٦﴾

၆ : ၂၆ ။ ။ ၎င်းအပြင် ယင်းသူတို့သည် (သူတစ်ပါးတို့ကိုလည်း) ထိုကုရ်အာန်ကျမ်းတော်မြတ် (ကို နားဆင်ခြင်း) မှ တားမြစ်ကြကုန်၏။ မိမိတို့ကိုယ်တိုင်လည်း ကုရ်အာန်ကျမ်းတော်မြတ် (ကို နားဆင်ခြင်း) မှ (ဝေးစွာ) ရှောင်ကြဉ်ကြကုန်သည်။ စင်စစ် ထိုသူတို့သည် မိမိတို့ကိုယ်ကိုသာ ပျက်စီးစေကြသည်။ သို့ရာတွင် ၎င်းတို့သည် (ဤမျှပင်) မသိတတ်ကြချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုရှ်ရိက်များ၏ အောင်မြင်လွတ်မြောက်မှု မရှိသည့် အခြေအနေအကြောင်း

ထို့ပြင် ယင်းအချိန်သည်လည်း အောက်မေ့ဖွယ်ရာဖြစ်သည်။ ထိုနေ့တွင် ငါအသျှင်မြတ်သည် အဖန်ဆင်းခံအားလုံးကို (ဟရှ်ရ်ကွင်းပြင်၌) စုရုံးစေမည်။ တစ်ဖန် ငါအသျှင်မြတ်သည် မုရှ်ရိက်များအား (သွယ်ဝိုက်သော နည်းလမ်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် သွယ်ဝိုက်မှုမပါဘဲ တိုက်ရိုက် ပြစ်တင်သော နည်းလမ်းဖြင့်သော်လည်းကောင်း) ပြောမည်မှာ (ပြသလော) အသင်တို့၏ ထိုတွဲဖက်ကိုးကွယ်ခဲ့ကြသော သူများနှင့်ပတ်သက်၍ ကြွေးကြော်ခဲ့ကြရာ မည်သို့ ရောက်ရှိ သွားသနည်း။ (အသင်တို့ကို အသနားမခံပေးသလော။ ၎င်းနှင့်ပတ်သက်၍ အသင်တို့ ယုံကြည်ကိုးစားခဲ့ကြသည်။) ထို့ပြင် ၎င်းတို့ တုဖက်မှုပြုခြင်း၏

ရလဒ်မှာ ၎င်းမှလွဲ၍ မည်သည့်အရာမှ (ပေါ်လွင်) မည် မဟုတ်ပေ။ (ထိုသူတို့သည် ယင်းတွဲဖက်ကိုးကွယ်ခံရသူများဖြင့် ကိုယ်တိုင် သတိဝင်နိုးကြား၍ ရှုံးရှာမှုန်းတီးမှုကို ထုတ်ဖော်ကြလိမ့်မည်။ ထို့ပြင် မျှော်လင့်ချက်ကင်းသော လောကတွင်) ဤသို့ ပြောဆိုကြမည်။ မိမိတို့၏ ဖန်ဆင်းရှင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်တို့သည် မှုရှုရစ်ကဲ မဖြစ်ခဲ့ပါ။ (အလ္လာဟ်အသျှင်မြတ်မှ ဆန်းပြားသော အမြင်ဖြင့် အမိန့်ရှိသည်မှာ) အနည်းငယ်ကြည့်ကြလော။ ထိုသူတို့သည် အဘယ်ကဲ့သို့ မိမိတို့နှင့် ဆန့်ကျင်၍ လိမ်ညာနေကြသည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ ရုပ်တုများနှင့် အကြင်သူများကို အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်မှုပြုခဲ့ရာ) ၎င်းတို့အားလုံး ပျောက်ကွယ်သွားပေမည်။

ထို့ပြင် (မုရှစ်ရစ်ကဲများ) တွင် အချို့မှာ ဤသို့ ဖြစ်သည်။ (ကိုယ်တော်မြတ် ﷺ သည် ကျမ်းတော်မြတ်ကုရ်အာန်ကို ဖတ်ရွတ်သောအခါ ကျမ်းမြတ်နားထောင်ရန်အတွက်) ကိုယ်တော်မြတ်ဘက်သို့ နားစွင့်ကြ၏။ (သို့သော် ၎င်းတို့၏ ဤသို့ နားထောင်ခြင်းသည် ပြောင်လှောင်ပြက်ရယ်သော ရည်ရွယ်ချက်နှင့် ဖြစ်သည့်အတွက်ကြောင့် ၎င်းတို့အတွက် တစ်စုံတစ်ရာ အကျိုးမရှိပေ။ သို့ပါ၍) ငါအသျှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများအပေါ်၌ အတားအဆီးများ ချထားတော်မူခဲ့၏။ အမှန်စင်စစ် ၎င်းတို့သည် ထိုကျမ်းတော်မြတ် ကုရ်အာန်ကို နားမလည်နိုင်ကြပေ။ ယင်းသူတို့၏ နားများတွင် လေးလံခြင်းကိုလည်း ပြုထားတော်မူ၏။ (အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ၎င်းကျမ်းတော်မြတ်ကုရ်အာန်အား တရားလမ်းမှန်ရရှိစေရန်အတွက် နားထောင်ခြင်းမဟုတ်။ ဤသည် ၎င်းတို့၏ နှလုံးသားပိုင်းဆိုင်ရာ အခြေအနေဖြစ်သည်) အကယ်၍ ယင်းသူတို့သည် (ကိုယ်တော်မြတ် ﷺ ၏ စစ်မှန်သော 'နဗူဝသ်'အား) သက်သေလက္ခဏာအားလုံးကို တစ်ခုမကျန် တွေ့မြင်ကြရသော်လည်း ထိုသက်သေလက္ခဏာများကို ယုံကြည်ကြမည်မဟုတ်ပေ။ (၎င်းတို့၏ ရန်လိုမှုမှာ) ဤမျှတိုင် ဖြစ်၏။ ၎င်းတို့သည် အသင်တို့ထံသို့ ရောက်ရှိလာသောအခါ အသင်နှင့် အငြင်းအခုံ ပြုကြလေ၏။ ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့က ဤကား ရှေးလူကြီးများ၏ ဒဏ္ဍာရီပုံပြင်များသာ ဖြစ်သည်ဟု ပြောဆိုကြ၏။ (ဆိုလိုသည်မှာ ရှေးသာသနာကိုင်းရှိုင်းသောသူများသည် အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်းနှင့် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ စေတမန်ဖြစ်နိုင်ကြောင်း 'ကေယာမသ်'နေ့၌ တစ်ဖန်ပြန်လည် ရှင်ပြန်ထရမည့်အကြောင်းများ ပြောဆိုလာကြ၏။ သို့သော်ငြားလည်း ၎င်း၏ ရလဒ်မှာ ရန်လိုမှုနှင့် လိမ်လည်မှုသာ ရရှိ၏။ ရှေ့ဆက် ထို့ထက်ပို၍ ပြဿနာပြုခြင်း၊ အခြားသူများကိုလည်း 'ဟေဒါယသ်'တရားလမ်းမှန်မှ တားမြစ်သော လုပ်ရပ်အား အစပြုကြ၏။) တစ်ဖန် ၎င်းတို့သည် သူတစ်ပါးကိုလည်း ကျမ်းတော်မြတ်ကုရ်အာန် နားဆင်ခြင်းမှ တားမြစ်ကြကုန်၏။ မိမိတို့ ကိုယ်တိုင်လည်း ကျမ်းမြတ်ကုရ်အာန် နားဆင်ခြင်းမှ ဝေးစွာ ကြဉ်ရှောင်ကြကုန်၏။ စင်စစ်သော်ကား ထိုသူတို့သည် (မိမိတို့၏ လုပ်ရပ်များဖြင့်) မိမိတို့ကိုသာ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြ၏။ သို့ပါ၍ (အသိဉာဏ်နှင့် မနာလိုမုန်းတီးမှုများကြောင့်) ဤမျှပင် မသိတတ်ကြပေ။ (အကြောင်းမှာ ကျွန်ုပ်တို့သည် မည်သူ့အား ဆုံးရှုံးနစ်နာအောင် ပြုလုပ်နေကြသနည်း။ ကျွန်ုပ်တို့၏ လုပ်ရပ်ကြောင့် ကိုယ်တော်နှင့် ကျမ်းမြတ်ကုရ်အာန်အား ထိုလုပ်ရပ်မှ တစ်စုံတစ်ရာ ပျက်စီးမှုမရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ကုန်လွန်ခဲ့သော အာယသ်တော်၌ ညှဉ်းပန်းနှိပ်စက်သောသူများ၊ ကာဖိရ်သွေဖည်ငြင်းသောသူများ၊ အောင်မြင်မှု ရရှိမည်မဟုတ်ဟု တင်ပြခဲ့လေသည်။ ယခု တင်ပြမည့် အာယသ်တော်မှာ ၎င်းအား အကျယ်တဝင့် ရှင်းလင်းခြင်း ဖြစ်သည်။ ပထမအာယသ်တော်နှင့် ဒုတိယအာယသ်တော်၌ ထိုသူအားလုံး အား 'ဟရှရ်'ကွင်းပြင်တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ စစ်ဆေးမေးမြန်းမည့် အခန်းကဏ္ဍ အား တင်ပြထား၏။ အဓိပ္ပါယ်ရှိသည်မှာ-

وَيَوْمَ نَحْشُرُهُمْ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထိုတုပနှိုင်းယှဉ်သောသူများနှင့် ၎င်းတို့ ပြုလုပ်ထားသော 'မအ်ဗူးဒ်'(ဘုရား) များကို စုရုံးစေတော်မူမည်။ ထိုနေ့သည်လည်း အောက်မေ့တသသင့်သည့်နေ့ ဖြစ်သည်။

ثُمَّ نَقُوْلُ اَيْنَ شُرَكَاءُكُمُ الَّذِيْنَ كُنْتُمْ تَزْعُمُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ၎င်းတို့အား ဤသို့ မေးမြန်းတော်မူမည်။ အဘယ်သို့ဆိုသော် ငါအသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ထားသော၊ မိမိတို့၏ လိုအင်ဆန္ဒအား တောင်းခံသော် အခက်အခဲများ အား ဖြေရှင်းပေးသည်ဟု မှတ်ယူထားသော အသျှင်သခင်တို့ အဘယ်မှာနည်း။ ၎င်းသည် အသင်တို့အား အဘယ်ကြောင့် အကူအညီ မပြုသနည်း။

ထိုအာယသ်တော်၌ ثُمَّ ဟူသော စကားလုံးအား ကြန့်ကြာမှုအတွက် အသုံးပြုလေသည်။ ၎င်းမှ သိရှိရသည်မှာ 'ဟရှရ်'ကွင်းပြင်၌ စုရုံးပြီးသည့်နောက် ချက်ချင်း အမေးအဖြေ မပြုပေ။ သို့သာမက ကာလ ကြာညောင်းသည်အထိ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသော ကွင်းပြင်၌ မတ်တတ်ရပ်နေမည် ဖြစ်သည်။ ထို့နောက် စာရင်းစစ်ဆေးခြင်း အစပြုမည်ဖြစ်သည်။ ဟဒီးစ်တော်တစ်ပုဒ်၌ ကိုယ်တော်မြတ် ﷺ အဓိပ္ပါယ်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား 'ဟရှရ်'ကွင်းပြင်၌ မြားများအား မြားပူးထဲတွင် ထည့်ထားသကဲ့သို့ စုရုံးစေမည့်အချိန်တွင် မည်သို့ ရှိမည်နည်း။ နှစ်ပေါင်းငါးသောင်းအထိ ဤအတိုင်းပင် နေရမည်။ ထို့ပြင် ဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ 'ကေယာမသ်'နေ့တွင် နှစ်ပေါင်း (၁၀၀၀) အမှောင်ထု၌ ရှိနေပြီး အချင်းချင်း စကားစမြည် ပြောဆိုနိုင်မည်မဟုတ်ပေ။ ထိုဆင့်ပြန်ချက်တစ်ခုတည်း၌ နှစ်ပေါင်းငါးသောင်းနှင့် နှစ်ပေါင်း (၁၀၀၀) ၏ ခြားနားမှုကို ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော် နှစ်ပိုဒ်တွင်လည်း တင်ပြထားသည်။ တစ်နေရာ၌ အဓိပ္ပါယ်ရှိသည်မှာ-

كَانَ مِقْدَارُهٗ خَمْسِيْنَ اَلْفَ سَنَةٍ

ဆိုလိုသည်မှာ ထိုနေ့၏ အတိုင်းအတာသည် နှစ်ပေါင်းငါးသောင်း ဖြစ်ရှိမည်။ ဒုတိယအာယသ်တော် ၌ အဓိပ္ပါယ်ရှိသည်မှာ-

إِنَّ يَوْمًا عِنْدَ رَبِّكَ كَأَلْفِ سَنَةٍ

ဆိုလိုသည်မှာ တစ်နေ့တာသည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်ဝယ် နှစ်ပါင်းတစ်ထောင် ဖြစ်မည်။ ခြားနားရခြင်း၏ အကြောင်းအရင်းမှာ ဤနေသည် ပြင်းထန်သော ဒုက္ခများကြောင့် ရှည်လျားမည်။ ထို့ပြင် အဆင့်အတန်းနှင့် ကြိုးစားအားထုတ်မှုလည်း ကွဲပြားသည့်အတွက် အချို့သူများအဖို့ရာ ဤနေ့သည် နှစ်ငါးသောင်းခန့် ကြာညောင်းပြီး အချို့သောသူများအတွက် နှစ်ပေါင်း (၁၀၀၀) ကြာညောင်းသည်ဟု ခံစားရမည်။

အချုပ်ဆိုရသော် အကြီးကျယ်ဆုံး စစ်ဆေးမေးမြန်းမည့်နေရာတွင် ပထမပိုင်း၌ ကာလကြာညောင်းသည့်အထိ စစ်ဆေးမေးမြန်းခြင်းအား အစမပြုဘဲ လူတို့သည် မည်သို့မည်ပုံ စစ်ဆေးမေးမြန်းမည်နည်းဟု မျှော်ကိုးရသည်အထိ ထားရှိခြင်းခံရမည်။ ထို့ပြင် ရလဒ်မည်သို့ပင် ဖြစ်လင့်စေကာမူ စာရင်းစစ်ဆေးခြင်းအား အမြန်ဆုံး ပြီးဆုံးရန်၊ ဤသို့ ဒွိဟသံသယဖြစ်သော ဒုက္ခမှ ကင်းဝေးရန်၊ ထိုနည်းတူစွာ ကာလကြာညောင်းသည်အထိ ရည်ညွှန်းရန်အတွက် ثُمَّ ဆိုသော စကားလုံးအား ثُمَّ نَقُولُ ဟု အမိန့်ရှိထားတော်မူ၏။

ဤကဲ့သို့ပင် ဒုတိယအာယသ်တော်၌ တုပနိုင်းယှဉ်သော သူတို့အား အဖြေပေးရာတွင်လည်း ثُمَّ ဆိုသော စကားလုံးဖြင့် လာရှိ၏။ ၎င်းမှ သိရှိရသည်မှာ ထိုသူတို့အဖို့ရလည်း ကာလကြာညောင်းပြီးသည့်နောက် အလွန်စဉ်းစားတွေးခေါ်သုံးသပ်ပြီး

وَاللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ

ဟု အဖြေပေးလိမ့်မည်။ ဆိုလိုသည်မှာ တစ်လောကလုံးအား မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်' ကျွန်ုပ်တို့သည် မုရှ်ရစ်က်များ မဟုတ်ချေ' ဟု ပြောဆိုကြလိမ့်မည်။ ထိုအာယသ်တော်၌ ၎င်းတို့၏ အဖြေအား فِتْنَة ဆိုသော စကားလုံးဖြင့် အမိန့်ရှိထားသည်။ ဤစကားလုံးသည် စစ်ဆေး မေးမြန်းရန်အတွက်လည်း ပြောဆိုသုံးစွဲသော စကားလုံးဖြစ်သည်။ ထို့ပြင် တစ်ဦးတစ်ယောက်အပေါ် လှည့်ဖြားခြင်းနှင့် ပြဿနာဖြစ်ရန်အတွက်လည်း အသုံးပြု၏။ ဤနေရာတွင် အဓိပ္ပာယ်နှစ်ခုစလုံး ဆိုလိုနိုင်သည်။ ပထမပုံသဏ္ဍာန်၌ ၎င်းတို့၏ အဖြေအား စစ်ဆေးမေးမြန်းခြင်းကို စစ်ဆေးမေးမြန်းခြင်းဟု ကောက်နှုတ်တင်ပြထား၏။ ထို့ပြင် ဒုတိယပုံသဏ္ဍာန်၌ ဤသူတို့သည် လောကီ၌ ရုပ်တုများနှင့် ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ထားသော အသျှင်သခင်များအပေါ် ချစ်ခင်စုံမက်ခြင်းကို ဆိုလို၏။ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်အား ထိုအရာများအပေါ် စတေးကြလေ၏။ သို့သော် ယနေ့ ထိုချစ်ခင်မှုဟူသရွေ့၊ လှည့်စားခြင်းဟူသရွေ့ ချုပ်ငြိမ်းမည်ဖြစ်၏။ ထို့ပြင် ၎င်းတို့၏အဖြေသည် ၎င်းတို့အား လွတ်ငြိမ်းပလပ်မှု ဖြစ်ရှိရန်နှင့် သီးခြားဖြစ်ရန် ကြွေကြော်ခြင်းမှအပ မည်သည့်အရာမှ မဖြစ်ရှိပါ။

၎င်းတို့၏ ဖြေကြားချက်၌ 'ကေယာမသ်' နေ့တွင် ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းနှင့် မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများအား

တွေ့မြင်ပြီးသည့်နောက်လည်း အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရပ်၍ မုသားပြောဆိုရန် ဤသည်လည်း ဝံ့ကြွားစွာဖြင့် အသျှင်မြတ်၏ 'ကစမ်'ဆို၍ ကျွန်ုပ်တို့သည် မုရှိရစ်ကိများ မဟုတ်ကြပါဟု ပြောဆိုနိုင်သော သတ္တိသည် အံ့သြစရာကောင်းသော အရာတစ်ခုဖြစ်သည်။

များသောအားဖြင့် မုဖက်စိရ် ပညာရှင်များမှ ၎င်းနှင့်စပ်လျဉ်း၍ အမိန့်ရှိကြသည်မှာ ယင်းသို့ ဖြေကြားခြင်းတွင် အနည်းငယ်မျှသော ဉာဏ်၊ အသိနှင့် ဆင်ခြင်သုံးသပ်၍ ပြောဆိုခြင်းမဟုတ်။ သို့သာမက အကြောက်တရားပို၍ ဖြေခြင်းသာ ဖြစ်၏။ ထို့ပြင် လူသားသည် ဤသို့ အကြောက် လွှမ်းမိုးသောအခါ ပါးစပ်တွင်းလာရာ ပြောလေ့ရှိသည်။ သို့သော် 'ဟရှရ်'ကွင်းပြင်၏ အဖြစ်အပျက်များနှင့် အခြေအနေများကို စဉ်းစားတွေးတောခြင်း ပြုပြီးသည့်နောက် ဤသို့လည်း ဆိုနိုင်၏။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ၎င်းတို့၏ အခြေအနေ ပုံစံအမှန်ကို ဖော်ထုတ်ရန်အတွက် ၎င်းတို့ကို ဤစွမ်းအင်လည်း ပေးလိုက်လေသည်။ ၎င်းမှာ ဒွန္နယာလောကတွင် လွတ်လပ်စွာ ပြောဆိုခဲ့ကြသကဲ့သို့ ပြောလိုရာကို ပြောဆိုလော။ သို့မှသာ ကုဖွရ်သွေဖည်မှုနှင့် ရှရစ်က် တုဖက်ခြင်း၏ ကြီးမားလှသည့် 'ဂိုနာဟ်'အကုသိုလ်နှင့်အတူ ၎င်းတို့၏ ဤချို့ယွင်းချက်သည်လည်း လူသားအားလုံး၏ ရှေ့တွင် ပေါ်လွင်သွားပေမည်။ ၎င်းမှာ ဤသူများသည် လိမ်လည်မှုပြုရာ၌ ပြိုင်ဘက်ကင်းများ ဖြစ်ကြ၏။ အလိုသဘောမှာ ဤကဲ့သို့ ကြောက်မက်ဖွယ် အချိန်အခါမျိုးတွင်လည်း လိမ်လည်ခြင်းမှ မတွန့်ဆုတ်ခဲ့ပေ။ ကျမ်းမြတ်ကုရ်အာန်၏ အခြားအာယသ်တော်တွင်

وَيَحۡلِفُوۡنَ لَهٗ كَمَا يَحۡلِفُوۡنَ لَكُمۡ

ဖြင့် ထိုဘက်သို့သာ ရည်ညွှန်းမိန့်ခြွေထား၏။ ၎င်း၏ အဓိပ္ပာယ်မှာ ဤသူများသည် မွတ်စ္စလင်မ်များရှေ့တွင် လိမ်လည်ကျိန်ဆိုသည့်နည်းတူ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင်လည်း လိမ်လည်ကျိန်ဆိုခြင်းမှ နောင့်နှေးတွန့်ဆုတ်မည် မဟုတ်ပေ။

'ဟရှရ်'ကွင်းပြင်တွင် ဤသူများသည် ကျိန်ဆို၍ မိမိ၏ 'ကွရ်ဖ်ရှရစ်'ဖြင့် ငြင်းဆိုကြလိမ့်မည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ပြောဆိုနိုင်စွမ်းများကို ပိတ်ပင်လိုက်ပေမည်။ ထို့ပြင် ၎င်းတို့၏ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကို အမိန့်ရှိမည်မှာ အသင်တို့ သက်သေခံလော။ ဤသူများသည် မည်သို့သော လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့သနည်း။ ထိုအခါ သိရှိသွားမည်မှာ ကျွန်ုပ်တို့၏ ခြေ၊ လက်၊ မျက်စိ၊ နား ရှိရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ်၏ သူလျှိုထောက်လှမ်းရေးများ ဖြစ်ကြသည်၊ ၎င်းတို့သည် ပြုကျင့်သမျှသော အရာများကို တစ်ခုချင်းရှေ့တွင် ဖော်ထုတ်ပြသမည်ဖြစ်သည်။ ၎င်းနှင့်စပ်လျဉ်း၍ 'စူရာဟ်ယာစီးန်'တွင် အမိန့်ရှိထားသည်မှာ-

اَلۡيَوۡمَ نَخۡتِمُ عَلٰۤى اَفۡوَاهِهِمۡ وَتُكَلِّمُنَاۤ اَيۡدِيۡهِمۡ وَتَشۡهَدُ

اَرۡجُلُهُمۡ بِمَا كَانُوۡا يَكۡسِبُوۡنَ

ဤ (အလ္လာဟ်အသျှင်မြတ်၏) တန်ခိုးအာနုဘော်ဖြင့် သက်သေထူပြီးသည့်နောက် မည်သူမျှ အကြောင်းတစ်စုံတစ်ရာကို ဖုံးကွယ်ရန်နှင့် လိမ်လည်မှုပြုရန် သတ္တိရှိမည် မဟုတ်ကြပေ။

ကျမ်းတော်မြတ်ကုရ်အာန်၏ အခြားတစ်နေရာတွင် အမိန့်ရှိထားသည်မှာ-

وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا

အလိုသဘောမှာ ထိုနေ့တွင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် မည်သည့်အရာကိုမျှ ဖုံးကွယ်နိုင်မည်မဟုတ်ပေ။ ၎င်း၏ အလိုသဘောကို ဟဇရတ်အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် ﷺ သခင်သည် ဤသို့ တင်ပြထားသည်မှာ ပထမတွင် အလွန်လိမ်လည်ကြမည်။ ထို့ပြင် လိမ်လည်ကျိန်ဆိုကြမည်။ သို့သော် ၎င်းတို့၏ ခြေလက်များသည် ၎င်းတို့နှင့် ဆန့်ကျင်၍ သက်သေထွက်ခဲ့ကြရာ မည်သူမျှ သတ္တိမရှိကြတော့ပေ။

အချုပ်ဆိုရသော် အဟ်ကမွလ်ဟာကီမီးန် အသျှင်သခင်၏ ထံတော်တွင် စုရုံး၍ တရားခံအား မိမိ၏ အကြောင်းအရာနှင့် ပတ်သက်၍ ပြည့်ပြည့်ဝဝ လွတ်လပ်စွာ ပြောဆိုခွင့်ပေးထားသည်။ ထို့ပြင် ၎င်းတို့သည် ဒွန္နယာလောက၌ လိမ်လည်ပြောဆိုသကဲ့သို့ ထိုအချိန်၌လည်း ယင်းတို့၏ ဤလုပ်ဆောင်ချက် ပျက်ပြယ်သွားမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လိမ်လည်မှုကို ကိုယ်တိုင် မိမိလက်ခြေဖြင့် ပေါ်လွင်စေလိုက်သည်။

သေပြီးနောက် ဦးစွာပထမ စစ်ဆေးမေးမြန်းခြင်း ခံရမည်မှာ 'ကဗရ်'စခန်း၌ 'မွန်ကီးရ်'၊ 'နကီးရ်' ကောင်းကင်တမန်၏ ရှေ့မှောက်တွင် ဖြစ်သည်။ ဤကဲ့သို့ စစ်ဆေးမေးမြန်းခြင်းကို ဝင်ခွင့်ရရှိမည့် စစ်ဆေးမေးမြန်းခြင်းဟု ခေါ်ဆိုသည်။ ထိုသို့ စစ်ဆေးခြင်းနှင့် ပတ်သက်၍ ဟဒီးစ်တော်၌ လာရှိသည်မှာ 'မွန်ကီရ်'၊ 'နကီးရ်'သည် ကာဖိရ်သေဖြစ်သူအား مَنْ رَبُّكَ وَمَا دِيْنُكَ ဟု မေးမြန်းလေသော် (ဆိုလိုသည်မှာ အသင့်အား ဖန်ဆင်းရှင်မှာ မည်သူနည်း။ ထို့ပြင် အသင်သာသနာမှာ မည်သည့်သာသနာဖြစ်သနည်း။) ကာဖိရ်တို့သည်

هَاهْ هَاهْ لَا اَدْرِىْ

ကျွန်ုပ်ဘာမျှ မသိပါ) ဟု အဖြေပေးလိမ့်မည်။ ၎င်းတို့နှင့် ဆန့်ကျင်စွာ မုအ်မီးန်တို့သည်

رَبِّىَ اللّٰهُ وَدِيْنِىَ الْاِسْلَامُ

ဟု အဖြေပေးကြလိမ့်မည်။ ထိုစစ်ဆေးမေးမြန်းမှု၌ မည်သူတစ်ဦးတစ်ယောက်မျှ မုသားပြောဆိုရန် ရဲဝံ့လိမ့်မည် မဟုတ်ကြောင်း သိရှိရပေသည်။ သို့မဟုတ်ပါက ကာဖိရ်တို့သည်လည်း မွတ်စ္စလင်မ်များနည်းတူ အဖြေပေးနိုင်လေသည်။ အကြောင်းမှာ စစ်ဆေးမေးမြန်းမည့်သူမှာ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်ဖြစ်သည်။ ထိုကောင်း ကင်တမန်များသည် အကွယ်ရှိအရာများအား မသိကြပေ။ လက်၊ ခြေတို့မှ သက်သေရယူရန်လည်း မစွမ်းနိုင်ကြပေ။ အကယ်၍ ထိုနေရာ၌ လူသားအား မုသားပြောဆိုရန် အခွင့်အရေးရှိရရှိသော် ဖရစ်ရှ်သာဟ်

ကောင်းကင်တမန်တော်များသည် ၎င်းတို့၏ အဖြေအတိုင်း ပြုကျင့်သွားမည်ဖြစ်သည်။ ၎င်းနောက် စီမံကိန်း တစ်ခုလုံး ပျက်စီးသွားမည်ဖြစ်သည်။ 'ဟရှရ်' ကွင်းပြင်၏ စစ်ဆေးမေးမြန်းမှုတွင် ၎င်းနှင့် ဆန့်ကျင်စွာ ဖြစ်မည်။ အဘယ်သို့ဆိုသော် 'ဟရှ်ရ်' ကွင်းပြင်၌ စစ်ဆေးမေးမြန်းမှုသည် တစ်လောက လုံးအား အကြွင်းမဲ့ သိရှိတော်မူသော အသျှင်၊ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်နှင့်အတူ ဖြစ်သည့်အတွက် မည်သူမှ မုသားပြောဆိုနိုင်စွမ်း မရှိနိုင်ပေ။

ဗဟ်ရ်ရေမိုဟီးသ်ကျမ်းနှင့် မန္ဒူဟရီကျမ်း၌ အချို့သော သဖ်စီးရ်ပညာရှင်များ၏ အဆိုကို တင်ပြထားသည်မှာ မုသာဝါဒီ 'ကစမ်' ဆို၍ မိမိ ရှရစ်ကိုလုပ်ရပ်မှ ငြင်းပယ်သော သူတို့သည် ပေါ်ပေါ်လွင်လွင် အဖန်ဆင်းခံတစ်ခုခုအား အသျှင်မြတ် (သို့) အသျှင်မြတ်၏ ကိုယ်စားလှယ်ဟု ပြောဆိုခြင်း မပြုခဲ့ပေ။ သို့သော် ၎င်းတို့၏ ကျင့်ကြံအားထုတ်မှုမှာ အလ္လာဟ်အသျှင်မြတ်၏ အာဏာဟူသရွေ့သည် အဖန်ဆင်းခံ များအား ခွဲဝေပေးထားသည့်အတွက် မိမိတို့၏ လိုအင်ဆန္ဒများ၊ ၎င်းတို့ထံ တောင်းခံ၍ ၎င်းတို့၏ အမည် နာမများဖြင့် 'နဇရ်' ကိုးကြ၏။ ထို့ပြင် ၎င်းတို့ထံ စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ လိုအင်ဆန္ဒဟူသရွေ့အား တောင်းခံကြသည်။ ဤပုဂ္ဂိုလ်များသည် မိမိတို့ကိုယ်ကို မိမိတို့ မုရှ်ရစ်ကိုများဟု မမှတ်ယူကြပေ။ ဤအတွက် ကြောင့် 'ဟရှရ်' ကွင်းပြင်၌လည်း ကျွန်ုပ်တို့ မုရှ်ရစ်ကိမဟုတ်ကြောင်း 'ကစမ်' ကျိန်ဆို၍ ပြောဆိုကြလေ သည်။ ထို့နောက် ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်သည် သေးသိမ်အောင် ပြုလုပ်တော်မူမည်ဖြစ်သည်။

ဤအာယသ်တော်၌ ဒုတိယမေးခွန်းတစ်ခုမှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အချို့အာယသ်တော် များမှ အလ္လာဟ်အသျှင်မြတ်သည် သွေဖည်ငြင်းပယ်သော သူများနှင့် အမိန့်ဖီဆန်သောသူများအား စကား ပြောဆိုမည်မဟုတ်ဟု အမိန့်ရှိထားကြောင်း သိရှိရ၏။ ထို့ပြင် ဤအာယသ်တော်မှ အသျှင်မြတ်သည် ၎င်းတို့အပေါ် ပြောဆိုနေကြောင်း ရှင်းရှင်းလင်းလင်း သိရှိရ၏။

အဖြေမှာ ရည်ညွှန်းပြောဆိုခြင်းသည် ဂုဏ်ပေးလေးစားခြင်း၊ သိက္ခာပေးခြင်း (သို့) ဒိုအာလက်ခံ ခြင်းကြောင့် မဟုတ်ပေ။ ခြိမ်းခြောက်ကြိမ်းမောင်းမှု မပြုခြင်းကို ရည်ညွှန်းပြောဆိုထားခြင်းမဟုတ်ပေ။ ထို့ပြင် ဤသို့လည်း ပြောဆိုနိုင်သည်မှာ ဤသို့ အာယသ်တော်၌ မိန့်ဆိုထားခြင်းသည် ဖရစ်ရှ်သာဟ်များ၏ အကြောင်းခံဖြင့် ဖြစ်၏။ အကြင်အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ မိန့်ခြွေချက် နှုတ်ခပါဠ်တော် မပြုခြင်း၏ အလိုသဘောမှာ ပြောဆိုမှုသည် အကြောင်းခံမဲ့ (တိုက်ရိုက်) ဖြစ်သည်။

အာယသ်တော်၏ နောက်ဆုံးတွင် အမိန့်ရှိသည်မှာ-

انْظُرْ كَيْفَ كَذَبُوا عَلٰى اَنْفُسِهِمْ وَضَلَّ عَنْهُمْ مَا كَانُوا يَفْتَرُوْنَ

၎င်းအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်ခြွေထားသည်မှာ အသင်နဗီတမန် တော် ၎င်းတို့ မိမိကိုယ်ကို မိမိတို့ လိမ်လည်ပြောဆိုနေသည်ကို ကြည့်ပါလော့။ ထို့ပြင် အကြင်အရာများကို အသျှင်မြတ်နှင့် စပ်လျဉ်း၍ ငြင်းဆိုမှုပြုခဲ့ရာ ယင်းတို့အားလုံး ပျောက်ပျက်သွားပေမည်။ မိမိကိုယ်မိမိ လိမ်လည်ခြင်း၏ အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ လောက၌ ထိုသူများသည် အလ္လာဟ်အသျှင်

မြတ်နှင့် ယှဉ်တွဲကိုးကွယ်မှု ပြုခဲ့ခြင်းသည်လည်း 'အစ်ဖ်သိရာအ်' (ငြင်းဆန်မှု) ဖြစ်သည်။ ယနေ့ အမှန်တရားသည် အရှေ့၌ ရောက်ရှိလာသော ထိုလိမ်လည်မှုသည် ပေါ်လွင်ထင်ရှားသွားမည်ဖြစ်သည်။ 'အစ်ဖ်သိရာအ်' ဆိုသည်မှာ 'ဟရှရ်'ကွင်းပြင်၌ ကစမ်ဆိုခြင်းကိုလည်း ဆိုလိုနိုင်သည်။ ထို့နောက်တစ်ဖန် ခြေ၊ လက်စသည့် အစိတ်အပိုင်းများ၏ သက်သေထွက်ဆိုမှုဖြင့် ၎င်းလိမ်လည်ခြင်းသည်လည်း ပေါ်လွင်သွားပေမည်။

အချို့သဖ်စီးရ်ပညာရှင်များမှ အမိန့်ရှိသည်မှာ 'အစ်ဖ်သိရာအ်'ဆိုသည်မှာ တုပနိုင်းယှဉ်သော သူတို့၏ လွဲမှားသော ကိုးကွယ်ရာများနှင့် ပတ်သက်၍ လောကီ၌ ဆောင်ရွက်ခဲ့သော လုပ်ရပ်များနှင့်ပတ်သက်ပြီး သုံးသပ်ကြသည့် သုံးသပ်ချက်ကို ဆိုလိုပေသည်။ ဥပမာ-

مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَا اِلَى اللّٰهِ زُلْفٰى

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ထိုရုပ်တုများအား 'ခိုဒါ'ဟု မှတ်ယူ၍ ခဝပ်ကိုးကွယ်နေကြခြင်း မဟုတ်။ သို့သာမက ကျွန်ုပ်တို့ ခဝပ်ကိုးကွယ်မှုပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ထံပါးဝယ် အသနားခံပြု၍ နီးကပ်အောင် ပြုလုပ်ပေးစေရန်အလို့ငှာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။ 'ဟရှရ်'ကွင်းပြင်၌ ဤသို့ လိမ်လည်မှုသည်လည်း ပေါ်လွင်ထင်ရှားသွားမည်ဖြစ်၏။ အကြောင်းမှာ ၎င်းတို့ ဒုက္ခအကြီးအကျယ် ရောက်ရှိနေချိန်၌ မည်သူတစ်ဦးတစ်ယောက်မှ အသနားခံပေးမည်မဟုတ်။ ၎င်းတို့ ခံစားရမည့် အပြစ်၌လည်း ပေါ့လျော့အောင် ပြုပေးနိုင်သော အကြောင်းခံမဟုတ်ပေ။

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်သည်မှာ အမေးအဖြေ ပြုလုပ်နေသော အချိန်တွင် လွဲမှားစွာ ခဝပ်ကိုးကွယ်ရာအသျှင်အဖြစ် သတ်မှတ်ထားသော အရာများသည် ရှေ့မှောက်တွင် မရှိဘဲ အားလုံးပျောက်ကွယ်၍ နေကြမည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်တစ်ခု၌ အမိန့်ရှိထားသည်မှာ-

اُحْشُرُوا الَّذِيْنَ ظَلَمُوْا وَاَزْوَاجَهُمْ وَمَا كَانُوْا يَعْبُدُوْنَ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ် အမိန့်ရှိသည်မှာ အပြစ်ဒုစရိုက်ကျူးလွန်သောသူများ၊ ၎င်းတို့၏ မိတ်ဆွေအပေါင်းအသင်းများနှင့် ၎င်းတို့ ခဝပ်ကိုးကွယ်ရာ ဘုရားအဖြစ် သတ်မှတ်ထားသော အရာများအားလုံး စုရုံးကြလော။ အာယသ်တော်မှ 'ဟရှရ်'ကွင်းပြင်တွင် လွဲမှား၍ သတ်မှတ်ထားသော ကိုးကွယ်ရှင်သည်လည်း အသင့်ရှိနေမည်ဖြစ်ကြောင်း သိရှိရ၏။

အဖြေမှာ ၎င်းတို့ ပျောက်ကွယ်နေခြင်းသည် တုပနိုင်းယှဉ်မှု (သို့) အသနားခံပေးမှုဟူသော လုပ်ရပ်များ ပျောက်ကွယ်မှုကို ဆိုလို၏။ အကြောင်းမှာ လူတို့အား တစ်စုံတစ်ရာ အကျိုးသက်ရောက်နိုင်အောင် မပြုနိုင်ဘဲ အသင့်ရှိနေမည်ဖြစ်သည်။ ဤသို့ဖြင့် အာယသ်တော်နှစ်ခုစလုံး၌ ဆန့်ကျင်မှုမရှိနိုင်ပေ။ ထို့ပြင် တစ်ချိန်တည်း အားလုံးကို တစ်နေရာတည်းတွင် စုစည်းစေပြီး တစ်ကွဲတစ်ပြား ခြားနားပြီးသည့်နောက် မေးမြန်းခြင်းလည်း ဖြစ်နိုင်သည်။ ထိုအာယသ်တော်နှစ်ခုစလုံး၌ အထူးသဖြင့် သတိထားရမည့်အချက်မှာ ကြောက်မက်ဖွယ်ကောင်းသော 'ဟရှရ်'ကွင်းပြင်၌ မုရှ်ရစ်က်တို့အား လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ရန်

အခွင့်အရေးပေးထား၏။ ၎င်းတို့သည် လိမ်လည်၍ 'ကစမ်' ကျိန်ဆိုပြီး ရှရစ်ကိုတပနိုင်းယှဉ်ခြင်းမှ ငြင်းဆိုနိုင်သည့် အခြေအနေအထိ အခွင့်အရေးပေးထား၏။ ထိုအာယသ်တော်မှ လိမ်လည်ပြောဆိုသော အကျင့်သည် ဆိုးဝါးသောအကျင့်တစ်ခု ဖြစ်ကြောင်းကိုလည်း ရည်ညွှန်း၏။ ၎င်းအကျင့်သည် မည်သည့်အခါမှ ပျောက်ကွယ်လိမ့်မည်မဟုတ်ပေ။ ဤသူတို့သည် လောကီ၌ မွတ်စလင်မ်တို့၏ ရှေ့မှောက်တွင် မုသာဝါဒီ 'ကစမ်' ဆိုခဲ့ကြပြီး ဤနေရာ၌ ရပ်တန့်မှု မရှိခဲ့ပေ။ သို့ပါ၍ အဖန်ဆင်းခံများ၏ ရှေ့မှောက်တွင် သေးသိမ်မှုနှင့် ရင်ဆိုင်ရ၏။ ဤအတွက်ကြောင့် ကုရ်အာန်နှင့် ဟဒီးစ်တော်၌ မုသားဆိုသူများအား ပြင်းပြင်းထန်ထန် အပြစ်ဒဏ်များ သတ်မှတ်ထား၏။ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များ၌ လိမ်လည်သူ၏အပေါ် 'လအ်နသ်' ဆိုသော စကားလုံးအား အသုံးပြုထား၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ မုသားပြောဆိုခြင်းမှ ရှောင်ရှားရန်ကိုလည်း တားမြစ်ထား၏။ မုသားပြောဆိုခြင်းသည် ဒုစရိုက်၏ မိတ်ဆွေဖြစ်၏။ ၎င်းနောက် မုသားပြောဆိုသူနှင့် ဒုစရိုက်သားတို့ နှစ်ဦးစလုံး 'ဂျဟန္နမ်' သို့ လားမည်ဖြစ်သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ အား လျှောက်ထားသည်မှာ 'ဂျဟန္နမ်' သို့ သွားရမည့် လုပ်ဆောင်ချက်မှာ မည်သို့နည်းဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က မုသာဝါဒီဖြစ်ကြောင်း အဖြေပေး၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် 'မေ့အ်ရာဂျ်' ည၌ ပုဂ္ဂိုလ်တစ်ဦးအား တွေ့မြင်ရသည်မှာ ၎င်း၏ နှုတ်ခမ်းနှစ်ခုစလုံး ကွဲပြဲသွားသည်။ ထို့နောက် ပြန်လည်ကောင်းမွန်သွား၏။ ထို့နောက် ပြန်လည်ကွဲသွား၏။ ဤပုံသဏ္ဌာန်အတိုင်း ထိုသူသည် 'ကေယာမသ်' နေ့အထိ ခံစားနေရမည်ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ မှ ဟဇရသ်ဂျိဗ္ဗရာအီးလ် عليه السلام အား ဤပုဂ္ဂိုလ်သည် မည်သူနည်းဟု မေးမြန်းရာ ဤသူသည် မုသားပြောဆိုသူဖြစ်သည်ဟု အဖြေပေး၏။

ထို့ပြင် မုစ္စနဒ်အဟ်မဒ်၏ ဆင့်ပြန်ချက်တစ်ခု၌ လာရှိသည်။ ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ လူသားသည် မုသားစကားအား မစွန့်လွှတ်သရွေ့ ကာလပတ်လုံး ပြည့်ဝသော မုအ်မင်န်မဖြစ်နိုင်ပေ။ ပြောင်လှောင်သော စကားပြောဆိုရာတွင်လည်း မုသားစကား မပြောဆိုလေနှင့်။

ထို့ပြင် မိုင်ဟကီ အစရှိသော ကျမ်း၌ ဆင့်ပြန်ချက်များနှင့်အတူ ဆင့်ပြန်ထားသည်မှာ မွတ်စလင်မ်၏ စိတ်ဓါတ်၌ အခြားသော မကောင်းသည့် စာရိတ္တများ ဖြစ်ပေါ်လာနိုင်သော်လည်း အလွဲသုံးစား ပြုခြင်းနှင့် မုသားပြောဆိုခြင်းမဖြစ်နိုင်ပေ။ အခြားဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ မုသားပြောဆိုသူ၏ စားနပ်ရိက္ခာ လျော့နည်းသွားသည်ဟု လာရှိထားသည်။

وَهُمْ يَنْهَوْنَ عَنْهُ သဖ်စီးရ်ပညာရှင်အများစုဖြစ်သော သွက်ဟားက် ကသာဒါ၊ မိုဟမ္မဒ်ဗင်န် ဟနီဖာဟ် (ရဟ) တို့ထံ၌ ဤအာယသ်တော်သည် မက္ကာဟ်မြို့ရှိ ကာဖိရ်များနှင့်ပတ်သက်၍ ကျရောက်လာသော အာယသ်တော်ဖြစ်သည်။ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား နားထောင်သူများနှင့် ၎င်းကျမ်းမြတ်၏ အမိန့်များအား လိုက်နာသမှု ပြုသူများကို တားမြစ်ပိတ်ပင်ကြသည်။ ထို့ပြင် ၎င်းတို့သည် ကိုယ်တိုင်လည်း ထိုကျမ်းတော်မြတ်ကုရ်အာန်နှင့် ဝေးသောနေရာ၌ သွားရောက်နေထိုင်ကြ၏။ ထို့ပြင် ဟဇရသ် အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် رضي الله عنه မှ ဤသို့လည်း ဆင့်ပြန်ထားသည်။ အဘယ်ကြောင့်ဆိုသော်

ဤအာယသ်တော်သည် ကိုယ်တော်မြတ် ﷺ ၏ ဦးကြီးတော်အဗူသွာလဗ်နှင့် အခြားဦးကြီးတော်များနှင့် ပတ်သက်၍ ကျရောက်လာသော အာယသ်တော်ဖြစ်သည်။ အကြင်ပုဂ္ဂိုလ်များသည် ကိုယ်တော်အား ဒုက္ခပေးကြသော သူများကိုလည်း တားမြစ်သကဲ့သို့ ရိုင်းပင်းကူညီမှုလည်း ပေးကြ၏။ သို့သော် ၎င်းတို့သည် ကျမ်းမြတ်ကုရ်အာန်အပေါ် အီမာန်ယူခြင်းလည်း မရှိ။ ထိုအပေါ် ကျင့်ကြံအားထုတ်ခြင်းလည်း မရှိကြပေ။ يَنْهَوْنَ عَنْهُ တွင်ရှိသော (ဝ်) 'ဇွမီးရ်'သည် ကျမ်းတော်မြတ်ကုရ်အာန်ဘက်သို့ လှည့်နေမည့်အစား ကိုယ်တော်မြတ် ﷺ ဘက်သို့ ပြန်လည်၍ လှည့်လာ၏။

◇◇◇◇◇◇◇◇◇◇◇◇

وَلَوْ تَرَىٰٓ إِذْ وُقِفُوا۟ عَلَى ٱلنَّارِ فَقَالُوا۟ يَٰلَيْتَنَا نُرَدُّ وَلَا نُكَذِّبَ
بِـَٔايَٰتِ رَبِّنَا وَنَكُونَ مِنَ ٱلْمُؤْمِنِينَ ﴿٢٧﴾

၆ : ၂၇ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) ၎င်းသူတို့သည် ငရဲဘုံ၏ အဝတွင် ရပ်စေခြင်းကို ခံရသောအခါ (၎င်းတို့က) 'သြော်- ငါတို့သည် (လောကသို့) ပြန်လွှတ်ခြင်းကို ခံကြရသည်ရှိသော် ကောင်းလေစွတကား။ (အကယ်၍သာ ပြန်သွားရလျှင်) ငါတို့သည် မိမိတို့ အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်းမပြုကြဘဲ ငါတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့တွင်လည်း အပါဝင်အဝင်ဖြစ်ကြပေလိမ့်မည်' ဟူ၍ ပြောဆိုကြပေမည်။ အကယ်၍ အသင်သည် ထိုအဖြစ်ကို ကြည့်စေသော် (အလွန်ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းကို တွေ့မြင်ရပေမည်။)

بَلْ بَدَا لَهُم مَّا كَانُوا۟
يُخْفُونَ مِن قَبْلُ ۖ وَلَوْ رُدُّوا۟ لَعَادُوا۟ لِمَا نُهُوا۟ عَنْهُ وَإِنَّهُمْ لَكَٰذِبُونَ ﴿٢٨﴾

၆ : ၂၈ ။ ။ (သို့ရာတွင် ၎င်းတို့သည် အကယ်စင်စစ် မှန်ကန်သော ရည်ရွယ်ချက်နှင့် ဤသို့ ပြောဆိုကြသည်) အလျဉ်းမဟုတ်ပေ။ စင်စစ်မှာ ထိုသူတို့သည် ယခင်မူလက မိမိတို့ ထိမ်ချန်လျှို့ဝှက်ထားရှိသမျှတို့ (၏ အကျိုးအပြစ်များ) သည် ပေါ်လာသည် (ဖြစ်၍ ထိုအပြစ်များမှ လွတ်မြောက်လိုကြရုံ ပြောဆိုကြခြင်းသာ ဖြစ်ပေသည်။) ၎င်းတို့သည် အကယ်၍သာ (လူ့လောကသို့) ပြန်လည်လွှတ်ခြင်း ခံကြရပါလျှင်လည်း မုချကေန် ထိုသူတို့သည် မိမိတို့အား တားမြစ်ခြင်း ခံကြရသော အမှုများကို ထပ်မံ၍ ပြုကြပေလိမ့်မည်။ ထိုသူတို့သည် ဧကန်စင်စစ် မုသားပြောဆိုကြသူများသာ ဖြစ်ကြလေသည်။

وَقَالُوٓا۟ إِنْ هِىَ إِلَّا حَيَاتُنَا ٱلدُّنْيَا وَمَا نَحْنُ بِمَبْعُوثِينَ ﴿٢٩﴾

၆ : ၂၉ ။ ။ ၎င်းပြင် ထိုသူတို့က 'အသက်ရှင်ခြင်းသည် ဤပစ္စုပ္ပန် မျက်မှောက်လောက ဘဝသာလျှင် ငါတို့၏ အသက်ရှင်ခြင်းသာဖြစ်သည်။ စင်စစ် ငါတို့သည် (သေပြီးနောက်) ပြန်လည် ရှင်ပြန်ထကြရမည်မဟုတ်ချေ' ဟူ၍ ပြောဆိုကြလေသည်။

وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلٰى رَبِّهِمْ قَالَ اَلَيْسَ
هٰذَا بِالْحَقِّ قَالُوْا بَلٰى وَرَبِّنَا قَالَ فَذُوْقُوا الْعَذَابَ بِمَا
كُنْتُمْ تَكْفُرُوْنَ ۝

၆ : ၃၀ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အသျှင်မြတ် ရှေ့တော်မှောက်ဝယ် ရပ်တန့်စေခြင်းကို ခံကြရသော အခါမျိုး၌ အသင်သည် ကြည့်လေသော် (ကြောက်မက်ဖွယ်ရာအဖြစ်ကို တွေ့မြင်ရပေမည်။) ထိုအခါဝယ် ထိုအသျှင်မြတ်သည် (၎င်းတို့အား) ဤ (ကေယာမသ် ရှင်ပြန်ထရမည့်) နေ့သည် အမှန်ပင် မဟုတ်ပါလောဟု မေးမြန်းတော်မူမည်။ ထိုအခါ ၎င်းတို့က ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကစမ်၊ 'ဟုတ်မှန်ပါသည်' ဟူ၍ ဖြေကြားပေမည်။ ထိုအခါ အသျှင်မြတ်က 'သို့ဖြစ်ပါလျှင် အသင်တို့သည် မိမိတို့ (အမှန်တရားကို မယုံမကြည်) ငြင်းပယ်ခဲ့ကြသောကြောင့် (ယင်းငြင်းပယ်မှု၏ ပြစ်ဒဏ်) ကို မြည်းစမ်းကြလေကုန်' ဟု မိန့်ကြားတော်မူပေမည်။

قَدْ خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَآءِ اللّٰهِ ؕ حَتّٰٓى
اِذَا جَآءَتْهُمُ السَّاعَةُ بَغْتَةً قَالُوْا يٰحَسْرَتَنَا عَلٰى مَا فَرَّطْنَا فِيْهَا ۙ
وَهُمْ يَحْمِلُوْنَ اَوْزَارَهُمْ عَلٰى ظُهُوْرِهِمْ ؕ اَلَا سَآءَ مَا يَزِرُوْنَ ۝

၆ : ၃၁ ။ ။ အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော သူတို့သည် အမှန်ပင် နစ်နာဆုံးရှုံးခဲ့ကြလေပြီ။ နောက်ဆုံးတွင် ယင်းအချိန်ကာလ (ကေယာမသ်နေ့) သည် ရုတ်တရက် ရောင်တခင် ၎င်းတို့၏ ရှေ့ဝယ် ဆိုက်ရောက်လာသောအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် ယင်းနေ့နှင့် စပ်လျဉ်း၍ ပေါ့လျော့ခဲ့ကြသည်မှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလေစွတကား' ဟူ၍ ဆိုကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ (ဒုစရိုက်) ဝန်ထုပ်များကို မိမိတို့၏ ကျောကုန်းထက်ဝယ် သယ်ပိုးလျက် ရှိကြသောအရာ (ဝန်ထုပ်) မှာ ဆိုးရွားလှသည်ဟု သတိပြု မှတ်ယူကြလေကုန်။

وَمَا الْحَيٰوةُ الدُّنْيَآ اِلَّا لَعِبٌ وَّلَهْوٌ ؕ وَلَلدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ
يَتَّقُوْنَ ؕ اَفَلَا تَعْقِلُوْنَ ۝

၆ : ၃၂ ။ ။ မျက်မှောက်လောက လူ့ဘဝ၏ သက်တမ်းသည်ကား ကစားခုန်စားမှု (အချိန်ဖြုန်းခြင်း) မျှသာ ဖြစ်သည်။ သို့ရာတွင် အာခိရတ်နောင်တမလွန်ဘဝ၏ ဘုံဗိမ္မာန်သည်သာလျှင် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သူတို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ သို့ဖြစ်ပါလျက် အသင်တို့သည် (ဤမျှပင်) နားမလည်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင်တဝ အို, နဗီတမန်တော်၊ အကြင်အခါဝယ် (ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းအား တွေ့မြင်ရသော်) ၎င်းတို့သည် ငရဲဘုံအဝတွင် ရပ်စေခြင်းကို ခံရ၍ (ဂျဟန္နမ်အပယ်ငရဲဘုံအတွင်းသို့ ဝင်ရခါနီး

အချိန်တွင်) 'သြော်- ငါတို့သည် (ထောင်ပေါင်းများစွာသော မျှော်လင့်ချက်များနှင့်တကွ) လူ့ပြည်လောကသို့ ပြန်လွှတ်ခြင်း ခံရလျှင် ကောင်းလေစွ။ အကယ်၍သာ ပြန်သွားရပါလျှင် ငါတို့သည် မိမိ၏ အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို (ကုရ်အာန်ကဲ့သို့ အစရှိသော) မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းမပြုကြဘဲ ငါတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အတွင်း အပါအဝင် ဖြစ်ပေမည်'ဟု ပြောဆိုကြမည်။ (အလ္လာဟ် အသျှင်မြတ် အမိန့်ရှိသည်မှာ ၎င်းတို့၏ ဤမျှော်လင့်ချက်နှင့် ကတိသစ္စာ စိတ်ဝင်စားမှုသည် အမှန်နှစ်သော ရည်ရွယ်ချက်ဖြင့် ပြောဆိုနေခြင်းမဟုတ်) သို့သာမက (ထိုအချိန်တွင် ဒုက္ခတစ်ခုခု၌ နစ်မွန်းနေခြင်းကြောင့် ဖြစ်၏။) မိမိတို့လောက၌ ထိမ်ချန်ထားခဲ့သော အရာသည် ယနေ့ ရှေ့မှောက်တွင် ဆိုက်ရောက်လာသည့် အတွက်ကြောင့် ပြောဆိုခြင်းဖြစ်သည်။ (ထိုအရာသည် နောင်တမလွန် 'အာခေရသ်'၏ အပြစ်ဒဏ်ကို ဆိုလို၏။ အကြင်အပြစ်ဒဏ်သည် သွေဖည်ငြင်းပယ်ခြင်းနှင့် အကုသိုလ်ကျူးလွန်ခြင်းများကြောင့်သာ ဖြစ်လေသည်။ ဖယ်ရှားထိမ်ချန်ခြင်းဆိုသည်မှာ ငြင်းပယ်ခြင်းကို ဆိုလို၏။ ဆိုလိုသည်မှာ ဤအချိန်တွင် အသက်ဘေးအန္တရာယ် ဆိုက်ရောက်နေသည့်အတွက် အသက်အား ကယ်တင်မှုရရှိရန်အလို့ငှာ ရှိရှိသမျှ ကတိကဝတ်ပေးနေကြခြင်း ဖြစ်၏။ စိတ်တွင်း၌ ထိုကတိအား ပြည့်ဝစွာ ထမ်းဆောင်ရန် ရည်ရွယ်မှုမရှိပေ) အကယ်၍သာ ထိုသူတို့ မိမိတို့၏ တားမြစ်ခြင်းခံကြရသော အမှုကိစ္စများကို ထပ်မံ၍ပင် ပြုလုပ်ကြမည် ဖြစ်သည်။ (ဆိုလိုသည်မှာ ကုဖွရ်နှင့် အမိန့်ဖီဆန်ခြင်းတို့ဖြစ်သည်။) ဧကန်စင်စစ် ဤသူတို့သည် (၎င်းတို့ ပြုခဲ့သော ကတိကဝတ်၌) မုသားပြောဆိုသူများသာ ဖြစ်ကြကုန်သတည်း။

၎င်းအပြင် ထိုသူတို့ကား အသက်ရှင်ခြင်းသည် ဤပစ္စုပ္ပန် မျက်မှောက်လောကီတွင် ကျွန်ုပ်တို့၏ ရှင်ခြင်းမှတစ်ပါး အခြားမည်သည့်အရာမျှ မရှိ။ ၎င်းပြင် ကျွန်ုပ်တို့သည် (ဤရှင်ခြင်း ကုန်ဆုံးပြီးသည့်နောက်) ပြန်လည်ရှင်ပြန်ထရစေခြင်းကို ခံကြရမည့်သူများ လည်းမဟုတ်ပေဟု ဆိုကြပေသည်။ (နဗီတမန်တော်များ အမိန့်ရှိသကဲ့သို့) 'အို၊ နဗီတမန်တော်၊ အကယ်၍ အသင်ကြည့်သော် (ကြောက်မက်ဖွယ်အဖြစ်ကို တွေ့မြင်ရမည်) အကြင်အခါဝယ် ၎င်းတို့သည် မိမိတို့၏ အသျှင် ရှေ့တော်မှောက်ဝယ် ရပ်တန့်စေခြင်းကို ခံကြရမည်။ ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဤ (ကေယာမသ် ရှင်ပြန်ထမည့်နေ့) သည် အမှန်ပင်မဟုတ်ပါလော'ဟု မေးမြန်းတော်မူမည်။ ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ 'ကစမ်' အစစ်အမှန် ပင် ဖြစ်ပါသည်'ဟု ပြန်လည် ဖြေကြားကြမည်။ ထိုအခါ အသျှင်မြတ်က သို့ဖြစ်လျှင် အသင်တို့သည် မယုံမကြည် ငြင်းပယ်လေ့ရှိကြသည့်အတွက် ဖြစ်ဒဏ် ကို မြည်းစမ်းကြကုန်ဟု မိန့်ကြားတော်မူမည်။ (ထို့နောက် 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ ထည့်လိုက်မည် ဖြစ်သည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံကြမည်ကို မဟုတ်မမှန်ဟု ပြောဆိုကြသော သူတို့သည် ပျက်စီးဆုံးရှုံးကြလိမ့်မည်။

(ဤသို့ မဟုတ်မမှန်ပြောဆိုခြင်းသည် ရက်အနည်းငယ်သာ ဖြစ်မည်) နောက်ဆုံးတွင် ၎င်းတို့ထံ ထိုကန့်သတ်ပြီးဖြစ်သော အချိန်ကာလ (နိမိတ်လက္ခဏာများနှင့်တကွ 'ကေယာမသ်'နေ့ကို ဆိုလိုသည်။) ရုတ်တရက် ရှောင်တခင် ရောက်ရှိလာသောအခါ (ထိုသူတို့၏ မဟုတ်မမှန်ပြောဆို ကြွေးကြော်ခြင်းဟူသရွေ့

သည် ရပ်တန့်သွားပေမည်။ ၄င်းပြင် ထိုသူတို့က 'သြော်- ငါတို့သည် ဤအချိန်နှင့်စပ်လျဉ်း၍ ပေါ့လျော့ပျက်ကွက်ခဲ့ကြသည်မှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရလေခြင်းဟု ညည်းညူတမ်းတကြပေမည်။ ထို့ပြင် ၄င်းတို့သည် ထို 'ကေယာမသ်' နေ့တွင် မိမိတို့အပြစ်များ၏ ဝန်ထုပ်များကို မိမိတို့၏ ကျောကုန်းများအထက် ဝယ် သယ်ပိုးလျက်ရှိကြမည်။ ၄င်းတို့ သယ်ပိုးလျက်ရှိကြသော အရာများမှာ ဆိုးဝါးလှသည်ဟု ကောင်းစွာ မှတ်ယူကြလေကုန်။ စင်စစ်သော်ကား မျက်မှောက်လောကီဘဝ၏ တစ်သက်တာသည် စိတ်ပြေလက်ပျောက် ကစားခုန်စားခြင်းမျှသာလျှင် ဖြစ်၏။ (အကျိုးမကျန်သည့်အတွက်ကြောင့်) သို့ရာတွင် နောင်တမလွန်ဘဝ၏ ဘုံဗိမာန်သည်ကား အပြစ်ဒုစရိုက်တို့မှ ရှောင်ကျဉ်သူတို့အဖို့ အလွန်ကောင်းပေသည်။ အသင်တို့သည် ဤမျှပင် နားမလည်ကြလေသလော။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အစ္စလာမ်သာသနာတွင် အခြေခံအုတ်မြစ်သုံးရပ် ရှိလေသည်။ 'သောင်ဟီးဒ်' (တစ်ပါးတည်းသော အသျှင်မြတ်အား ကိုးကွယ်ဆည်းကပ်ခြင်း) 'ရီစာလသ်' နဗီဖြစ်ခြင်း၊ နောက်တစ်ဖန် 'အာခေရသ်'၏ ယုံကြည်ချက်၊ ကျန်ရှိယုံကြည်ချက်ပိုင်းဆိုင်ရာများသည် ၄င်းအချက်သုံးချက်၏ အောက်တွင် တည်ရှိ၏။ ထို့အပြင် ဤအခြေအမြစ် သုံးပါးသည် လူသားအား မိမိတို့၏ ဇစ်မြစ်နှင့် သက်တမ်းမွေးမြူခြင်း၏ ရည်ရွယ်ချက်တို့အား သိနားလည်အောင်ပြု၍ ၄င်းတို့၏ သက်တမ်း၌ ပြောင်းလွဲမှု ပေါ်ပေါက်စေသည်။ ထို့ပြင် ၄င်းအား (ဖြောင့်မတ်မှန်ကန်သော လမ်းအား လျှောက်လှမ်းစေသည်။ ထိုယုံကြည်ချက်ပိုင်းဆိုင်ရာ၌ လည်း လက်တွေ့ကျကျ 'အာခေရသ်'၏ ယုံကြည်ချက်နှင့် ထိုအတွင်း၌ စစ်ဆေးမေးမြန်းခြင်း၊ အစားပေး ခြင်း၊ အပြစ်ဒဏ်ခတ်ခြင်း စသည့် ယုံကြည်ချက်များသည် လူသားတို့၏ ကိစ္စအဝဝတို့အား သီးသန့် တစ်ဘက်သို့ ပြောင်းလွဲပေးသော ယုံကြည်ချက်တစ်ခု ဖြစ်လေသည်။ သို့ပါ၍ ကျမ်းတော်မြတ်ကုရ်အာန် ၏ အကြောင်းအရာ ဟူသရွေ့သည် ၄င်းအချက်သုံးချက်အပေါ်၌သာ မူတည်လျက်ရှိ၏။ ထိုနောင်တမလွန် 'အာခေရသ်'၏ ပြင်းထန်ကြီးမားသော 'စဝါးဗ်'၊ 'အဇားဗ်'နှင့် မတည်မြဲသော လောကီ၏ ဇစ်မြစ်အား တင်ပြထားသည်။

ပထမအာယသ်တော်၌ သွေဖည်ငြင်းပယ်သော အပြစ်ကျူးလွန်သူတို့၏အကြောင်းအား တင်ပြထား သည်မှာ 'တမလွန်၌ ၄င်းတို့အား အပယ်ငရဲဘုံ၏ အစွန်းတစ်ဘက်၌ ရပ်စေသည်ရှိသော် ၄င်းတို့ ထင်မြင် တွေးတောထားသည်ထက် ပို၍ ကြောက်မက်ဖွယ်ကောင်းသော အပြစ်ဒဏ်များအား တွေ့ရှိမည်ဖြစ်သည်။ ထိုအခါ ၄င်းတို့က ကျွန်ုပ်တို့ လောကီတွင် တစ်ဖန်ပြန်လည် စေလွှတ်မည်ဆိုသော် ကောင်းလေစွ။ သို့ပါ၍ ကျွန်ုပ်တို့သည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ထုတ်ပြန်ချပေးတော်မူထားသော အမိန့်ပညတ်ချက် တော်များအား လိမ်လည်မှုမပြုသည့်အပြင် ထိုအပေါ် သက်ဝင်ယုံကြည်မည်။ မုအ်မင်န်များအတွင်း၌ ဝင်ရောက် ကြမည်ဟု မျှော်လင့်ချက်များအား ထုတ်ဖော်လာလိမ့်မည်။'

ဒုတိယအာယသ်တော်၌ အကြွင်းမဲ့သိရှိတော်မူသော အသျှင်၊ အသိဉာဏ် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်မှ ၎င်းတို့ အထိတ်တလန့် မျှော်ကိုးကြသော မျှော်လင့်ချက်များအား ပေါ်လွင်ထင်ရှားစေရန်အလို့ငှာ အမိန့်ရှိသည်မှာ ဤပုဂ္ဂိုလ်တို့သည် အမြဲထာဝစဉ် မုသားပြောဆိုသော အကျင့်ရှိသည့်အတွက် ၎င်းတို့၏အဆိုနှင့် မျှော်လင့်ချက်များသည်လည်း မုသားသာလျှင် ဖြစ်၏။ ထို့ထက်မပိုပေ။ အကြောင်းမှာ နဗီတမန်တော်များ၏ သဟဲဖြင့် ၎င်းတို့ရှေ့မှောက်တွင် အမှန်တရား ဆိုက်ရောက်လာခဲ့သည်။ ဤပုဂ္ဂိုလ်သည် ၎င်းအား အမှန်တရားဟု သိရှိပါလျက်နှင့် သစ္စာမဲ့စွာသို့ လောကီ၏ ရမ္မက်များကြောင့် ထိုအမှန်တရားများအပေါ် လိုက်ကာချ ဖုံးကွယ်ရန် ကြိုးပမ်းခဲ့ကြ၏။ ယနေ့ ထိုသူတို့အားလုံး ကိုယ်စီကိုယ်ငှ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရောက်ရှိလာခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းနှင့် ပြီးပြည့်စုံသော တန်ခိုးတော်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်။ နဗီတမန်တော်များ၏ အမှန်တရားကိုလည်း တွေ့မြင်ရှုစားရမည်။ ၎င်းတို့ အမြဲတစေ ငြင်းဆန်လေ့ရှိသော သေပြီးနောက် တစ်ဖန်ပြန်လည်ရမည့် အကြောင်းကိုလည်း နောင်တမလွန်အာခေရသ်၌ အစစ်အမှန်အဖြစ် တွေ့မြင်လာရမည်ဖြစ်ပြီး အစားပေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းကိုလည်း တွေ့မြင်ရမည်။ 'ဂျဟန္နမ်'ငရဲဘုံအား တွေ့မြင်ရသည့်အခါ 'ယခု ၎င်းတို့ထံတွင် ဆန့်ကျင်သော အထောက်အထားတစ်ခုမျှ မကျန်ရှိတော့ပေ။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဒွန္နယာလောကသို့ ပြန်သွားရလျှင် ကောင်းလေစွ။ မုအ်မင်န်အဖြစ်နှင့် ပြန်လာနိုင်မည်'ဟု ပြောဆိုတမ်းတလာလိမ့်မည်။

သို့သော် ၎င်းတို့အား မွေးမြူဖန်ဆင်းတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော၊ ပိုင်စိုးတော်မူသည့်အသျှင်မြတ်မှ အမိန့်ရှိသည်မှာ ယခုကဲ့သို့ ပြောဆိုနေကြသည်။ အကယ်၍ ၎င်းတို့အား ဒုတိယမ္ဘိ လောကသို့ ပြန်လည်စေလွှတ်လိုက်မည်ဆိုသော် ထိုသူတို့သည် တစ်ဖန် မိမိတို့၏ အဆိုဝန်ခံချက်များအား မေ့လျော့ပြီး အစကနဦးအတိုင်း ပြုမူဆောင်ရွက်ကြလိမ့်မည်။ ၎င်းပြင် 'ဟရာမ်'အဖြစ် တားမြစ်ထားသော အရာများ၌ နစ်မွန်းနေကြမည်။ သို့ပါ၍ ၎င်းတို့၏ ဤကဲ့သို့ပြောဆိုမှုသည် မုသားနှင့် ပြောဆိုလိမ်လည်မှုပင်ဖြစ်မည်။

၎င်းတို့၏ အဆိုအား မုသားဟု အမိန့်ရှိခြင်းသည် နောက်ဆုံးရလဒ်အား ထောက်ထားမည်ဆိုပါကလည်း ဖြစ်နိုင်ပေသည်။ အဘယ်သို့ဆိုသော် ယခု ၎င်းတို့ပေးနေသော ကတိသည် ဒုတိယအကြိမ် ဒွန္နယာလောကသို့ ပြန်လည်စေလွှတ်မည်ဆိုသော် မုသားမပြောဆိုတော့ပေ။ သို့သော် ဤသို့ ဖြစ်မည်မဟုတ်။ ဤသူတို့သည် ထိုလောကသို့ ရောက်ရှိပြီးလည်း မုသားပြောဆိုနေမည် ဖြစ်သည်။ ၎င်းနောက် ထိုမုသား၏ အလိုသဘောမှာ ဤအချိန်၌ ၎င်းတို့ ပြောဆိုခြင်းဟူသရွေ့သည် စစ်မှန်သော ရည်ရွယ်ချက်များနှင့် မဟုတ်သည့်အပြင် လတ်တလော ဆိုက်ရောက်လာမည့် အပြစ်ဒဏ်မှ ရှောင်ရှားစေရန်အတွက် စိတ်တွင်း၌မရှိဘဲ ပြောဆိုနေခြင်းလည်း ဖြစ်နိုင်သည်။

တတိယအာယသ်တော်၌ အမိန့်ရှိသည်မှာ-

وَقَالُوٓا اِنْ هِىَ اِلَّا حَيَاتُنَا الدُّنْيَا

ထိုအာယသ်တော်သည် لَعَادُوا နှင့် ဆက်နွယ်နေ၏။ အဓိပ္ပာယ်မှာ အကယ်၍ ၎င်းတို့အား ဒုတိယအကြိမ်သို့ ပြန်လည်စေလွှတ်ခဲ့ပါမူ တစ်ဖန် လောကီ၌ ရောက်ရှိ၍ ကျွန်ုပ်တို့သည် ဒွန္နယာလောက၏

သက်တမ်းမှအပ အခြားမည်သည့်သက်တမ်းကိုမျှ လက်မခံပါ။ ဤသက်တမ်းသည်သာလျှင် သက်တမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပြန်လည်ရှင်ပြန်ထရလိမ့်မည် မဟုတ်ဟု ပြောဆိုကြလိမ့်မည်။

ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်သည်မှာ 'ကေယာမသ်' နေ့တွင် တစ်ဖန်ပြန်လည် ရှင်ပြန်ထရမည်။ ထို့နောက်တစ်ဖန် စာရင်းစစ်ဆေးခြင်းနှင့် အစားပေးခြင်း၊ အပြစ်ဒဏ်ခတ်ခြင်းတို့အား မျက်ဝါးထင်ထင် တွေ့မြင်ပြီးသည့်နောက်လည်း ဤနေရာသို့ ရောက်ရှိ၍ ထိုအချက်များအား ငြင်းဆန်ရန် အဘယ်မှာဖြစ်နိုင်မည်နည်း။

အဖြေမှာ ငြင်းဆန်မှုပြုရန်အတွက် ဤသည် အရေးမကြီးပေ။ အဘယ်သို့ဆိုသော် စင်စစ်၌ ၎င်းတို့သည် ဤအဖြစ်အပျက်များအား ယုံကြည်မှုမရှိပေ။ သို့သာမက ယနေ့ မြောက်မြားစွာသော ကာဖိရ်များနှင့် အပြစ်ကျူးလွန်သူများသည် အစ္စလာမ်၏ ယုံကြည်ချက်များအား ပြည့်ပြည့်ဝဝ ယုံကြည်ချက်များထားရှိပြီး ရန်လိုမှုကြောင့်သာလျှင် ငြင်းဆန်မှုနှင့် လိမ်လည်ခြင်းအပေါ် ရှိနေကြသကဲ့သို့ ဤပုဂ္ဂိုလ်များသည် လောကီ၌ ပြန်လာပြီးသည့်နောက် 'ကေယာမသ်' နေ့၏ ဆိုက်ရောက်ခြင်းနှင့် တစ်ဖန်ပြန်လည် ရှင်ပြန်ထရခြင်း၊ ၎င်းအပြင် နောင်တမလွန် 'အာခေရသ်' ၏အခြေအနေအရပ်ရပ်အား ပြည့်ပြည့်ဝဝ ယုံကြည်နေလင့်ကစား ဆိုးသွမ်းမှုနှင့် ရန်လိုမှုကြောင့်သာလျှင် မုသားအပေါ်သို့ ဆင်းသက်လာကြလိမ့်မည်။ ပမာဆိုရသော် ကျမ်းတော်မြတ်ကုရ်အာန်မှ ပစ္စုပ္ပန်ရှိ အချို့ကာဖိရ်များနှင့် ပတ်သက်၍ အမိန့်ရှိသည်မှာ-

وَجَحَدُوا بِهَا وَاسْتَيْقَنَتْهَا أَنفُسُهُمْ ظُلْمًا وَعُلُوًّا

ဆိုလိုသည်မှာ ဤပုဂ္ဂိုလ်များသည် ငါအသျှင်မြတ်၏ အမိန့်လက္ခဏာများအား ငြင်းဆန်နေသော်ငြားလည်း ၎င်းတို့၏ နှလုံးသားအတွင်းဝယ် ဤသည် မှန်ကန်ကြောင်းကို ပြည့်ပြည့်ဝဝ ယုံကြည်ကြ၏။ ပမာဆိုရသော် ယဟူဒီများနှင့် ပတ်သက်၍ အမိန့်ရှိသည်မှာ ၎င်းတို့သည် မိမိတို့၏ သားသမီးများအား မှတ်မိသကဲ့သို့ ကိုယ်တော်ကိုလည်း မှတ်မိကြသည်။ သို့သော် ထိုသို့ မှတ်မိလင့်ကစား ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်မှုအပေါ်တွင် ရှိနေကြသည်။

အနှစ်ချုပ်မှာ တစ်လောကလုံးအား ဖန်ဆင်းတော်မူသော အသျှင်မြတ်မှ မိမိ၏ အဆုံးမဲ့ အသိတရားများဖြင့် သိရှိတော်မူသည်မှာ ဒုတိယအကြိမ် လောကီသို့ ပြန်လည်စေလွှတ်မည်ဆိုသော် မှန်မြတ်သော မုအ်မင်န်များ ဖြစ်သွားကြမည်ဟု ပြောဆိုသူတို့၏ ပြောဆိုချက်သည် လုံးဝ မုသားနှင့် လှည့်ဖြားမှုသာလျှင်ဖြစ်သည်။ အကယ်၍ ၎င်းတို့၏ ပြောဆိုချက်အရ ကမ္ဘာလောကကြီးအား ဒုတိယအကြိမ် ဖန်ဆင်း၍ ၎င်းတို့အား ပြန်လည်စေလွှတ်လိုက်မည်ဆိုသော ပထမသက်တမ်း၌ ပြုခဲ့သည့်အရာများကိုသာ ပြုလုပ်ကြမည်ဖြစ်သည်။

သဖိစ်းရ်မဇ္ဖဟရီကျမ်း၌ သွဗ္ဗရာနီကျမ်း၏ အထောက်အထားဖြင့် ကိုယ်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ထားသော ဆင့်ပြန်ချက်လာရှိသည်မှာ စာရင်းစစ်ဆေးမည့်အချိန်တွင် အလ္လာဟ်အသျှင်မြတ်မှ ဟဇရသ်အာဒမ် عليه السلام အား 'မီဇာန်' ချိန်ခွင်အနား ရပ်စေပြီး အမိန့်ရှိမည်မှာ မိမိသားမြေးများ၏ လုပ်ရပ်များအား ကိုယ်တိုင်ရှုစားလော့။ ထို့ပြင် အကြင်သူ၏ မှန်မြတ်သော လုပ်ဆောင်ချက်သည် ၎င်း၏ အပြစ်ဒုစရိုက်ထက်

အနည်းငယ် ပိုသည်ရှိသော် ၎င်းအား အသင် 'ဂျန္နသ်' သုခဘုံသို့ ပို့နိုင်မည်။ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်မှ အမိန့်ရှိသည်မှာ ငါအသျှင်မြတ်သည် ထိုသို့သောသူအား ၎င်းအား လောကီသို့ ပြန်လည်စေလွှတ်မည်ဆိုသော် ပထမပြုကျင့်ခဲ့သော လုပ်ရပ်များပြုမည်သူကိုသာလျှင် 'ဂျဟန္နမ်' ငရဲသို့ ဝင်ရောက်စေမည်ဖြစ်ကြောင်း အမိန့်ရှိတော်မူမည်။

وَهُمْ يَحْمِلُونَ أَوْزَارَهُمْ

အလိုသဘောမှာ '၎င်းပြင် ထိုသူတို့သည် မိမိတို့၏ ဝန်ထုတ်ဝန်ပိုးများကို မိမိတို့ ထမ်းရွက်ကြရမည်ဖြစ်သည်။'

ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ကေယာမသ်နေ့၌ ကောင်းသောသူတို့၏ 'အမလ်' ကျင့်စဉ်သည် ၎င်းတို့၏ အစီးအနင်းသဖွယ်ဖြစ်သွားကြပြီး မကောင်းသောသူတို့၏ မကောင်းသောကျင့်ကြံမှုသည် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်ရှိ၍ ၎င်းတို့၏ ဦးခေါင်းပေါ်၌ ထားရှိခြင်းခံရမည်။'

ဤနေရာ၌ အထူးသဖြင့် တင်ပြသင့်သော အချက်တစ်ချက်မှာ ကာဖိရ်တို့နှင့် အပြစ်ကျူးလွန်သောသူတို့သည် 'ဟရှရ်' ကွင်းပြင်၌ မိမိတို့၏ အသက်သေးရှောင်ရှားမှု ရှိရန်အလို့ငှာ ဂယောင်ခြောက်ခြားဖြင့်အမျိုးမျိုးအဖုံဖုံ ပြောဆိုလာလိမ့်မည်။ ရံဖန်ရံခါ မုသားကစမ်းဆို၍ လောကီသို့ ဒုတိယအကြိမ် ပြန်သွားရန်တမ်းတကြလိမ့်မည်။ သို့သော် ကျွန်ုပ်တို့ ယခု အီမာန်လက်ခံပါမည်။ ကောင်းသော အကျင့်သီလ ဆောက်တည်ကြပါမည်ဟု မည်သူတစ်ဦးတစ်ယောက်မျှ ပြောဆိုကြမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဖစ်မြစ်သည်၎င်းတို့ရှေ့ဝယ် ပေါ်ပေါ်ထင်ထင် ရောက်ရှိလာခဲ့ပြီးဖြစ်၏။ အကြောင်းမှာ နောင်တမလွန် လောကုတ္တရာသည် 'ဒါရွလ်အမလ်' (ကျင့်ကြံအားထုတ်ရမည့် နေရာ) မဟုတ်။ ထို့ပြင် အကွယ်ရှိ အရာများအပေါ်အီမာန်ယူမှသာလျှင် ၎င်း၏အီမာန် မှန်ကန်မည်ဖြစ်သည်။ တွေ့မြင်ပြီးသည့်နောက် ထောက်ခံခြင်းသည်မိမိ၏ အမြင်အပေါ် ကျင့်ကြံခြင်းသာလျှင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ့်ရစူလ်ကို လက်ခံခြင်းမဟုတ်။ ၎င်းမှ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှု၊ ၎င်းအသျှင်မြတ်၏ နှစ်မြို့မှု၏ ရလဒ်ဖြစ်သော လောကီ၌ ထာဝစဉ်အေးချမ်းသာယာမှုနှင့် ငြိမ်းချမ်းသော သန့်ရှင်းစင်ကြယ်သည့်သက်တမ်း ထို့ပြင် နောင်တမလွန် 'အာခေရသ်'၌ 'ဂျန္နသ်'ရှိ စည်းစိမ်တော်များ ရရှိခြင်းတို့သည် ဒုန္နယာလောက သက်တမ်း၏ သဟဲဖြင့်သာလျှင် ရရှိနိုင်သည်။ ထို့ထက်အလျှင် ဝိညာဉ်လောက၌လည်း ရရှိနိုင်ရန်မဖြစ်နိုင်သကဲ့သို့ လောကီသက်တမ်းကုန်ဆုံးပြီးသည့်နောက် လောကုတ္တရာ၌လည်း ရရှိနိုင်မည်မဟုတ်ပေ။

ထိုအချက်မှ လောကီသက်တမ်းသည် အလွန်ကြီးကျယ်သော စည်းစိမ်နှင့် တန်ဖိုးမဖြတ်နိုင်သောအရာတစ်ခုဖြစ်ကြောင်း ထင်ရှား၏။ အကြင်ကာလ၌ ဤကြီးကျယ်သော ရောင်းဝယ်ဖောက်ကားမှု ပြုနိုင်၏။ သို့ပါ၍ အစ္စလာမ်သာသနာ၌ မိမိကိုယ်ကို မိမိ လုပ်ကြံသတ်ဖြတ်ခြင်းသည် 'ဟရာမ်' ဖြစ်၍ သေခြင်းတရားဆိုက်ရောက်စေရန် ဒိုအာတောင်းခြင်းနှင့် တမ်းတခြင်းအား တားမြစ်ထား၏။ ဤသို့ ပြုမှုဆောင်ရွက်ရာ၌ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်သော စည်းစိမ်တော်အား ကျေးဇူးကန်းရာရောက်၏။

အထက်ဖော်ပြပါ အာယသ်တော်များအနက် နောက်ဆုံးအာယသ်တော်၌ ထို့ပြင် ကျမ်းတော်မြတ် ကုရ်အာန်၏ အချို့အာယသ်တော်များ၌ လောကီသက်တမ်းအား ခုန်ပေါက်မြူးတူးရာဌာနဟု အမိန့်ရှိထား၏။ သို့မဟုတ် ဟဒီးစ်တော်မြောက်မြားစွာတွင် ဒွန်နယာလောက၏ မကောင်းရှုတ်ချမှုများ လာရှိထား၏။ ထိုအချက်များ၏ ဆိုလိုချက်မှာ လောကီသက်တမ်း၏ မျက်စိတစ်မှိတ်နှင့် အချိန်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ သတိရတသခြင်းကို မေ့လျော့စွာ ကုန်ဆုံးခဲ့ကြသူများကို ဆိုလို၏။ သို့မဟုတ်ပါက အလ္လာဟ်အသျှင်မြတ်၏ အမိန့်အား နာခံပြီး သတိရတသစွာ ကုန်ဆုံးမည်ဆိုသော် ငွေ့နှင့်တန်းတူ ဒွန်နယာ၏ မည်သည့်ဉစ္စာ စည်းစိမ်မျှ ရှိမည်မဟုတ်။ ထိုအချက်အား ပိုမိုလေးနက်စေရန်အတွက် ဟဒီးစ်တော်တစ်ခု၌လည်း အမိန့်ရှိထားသည်မှာ-

اَلدُّنْيَا مَلْعُوْنٌ وَ مَلْعُوْنٌ مَافِيْهَا اِلَّا ذِكْرُ اللّٰهِ اَوْ عَالِمٌ اَوْ مُتَعَلِّمٌ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်အား သတိရသတသောသူနှင့် သာသနာ့ပညာရှင် သို့မဟုတ် သာသနာ့ပညာ သင်ယူဆည်းပူးသူတို့မှအပ လောကီနှင့် လောကီရှိ အရာဟူသရွေ့တို့သည် ကျိန်စာသင့်ခံရမည့် အရာများဖြစ်သည်။

အကယ်၍ စဉ်းစားကြည့်ရှုမည်ဆိုလျှင် ပညာရှင်နှင့် ပညာရှာဖွေဆည်းပူးသူသည်လည်း အလ္လာဟ် အသျှင်မြတ်အား သတိရတသခြင်း၌ အကျုံးဝင်၏။ အကြောင်းမှာ ပညာဆိုသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုဖြစ်ရန် အကြောင်းခံဖြစ်သော ပညာကိုဆိုလိုသည်။ သို့ပါ၍ ဤသို့သော ပညာအား သင်ပေးသင်ယူပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်အား တသခြင်း၌ အကျုံးဝင်နေမည်ဖြစ်သည်။ သို့သာမက အေမာမေဂျဇ်ရီး (ရဟ) က အမိန့်ရှိသည်မှာ လောကီကိစ္စအဝဝသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အား တသွေမတိမ်း နာခံရမည်ဆိုသော် ဆိုလိုသည်မှာ ရှရီအသ်အမိန့်ပညတ်ချက်တော်များနှင့် ကိုက်ညီနေသော အရာဟူသရွေ့ သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု၌ အကျုံးဝင်နေမည်ဖြစ်သည်။ ထိုအချက်မှ သိရှိရသည်မှာ လောကီ၏ အရေးတကြီး လုပ်ဆောင်မှုဟူသရွေ့နှင့် ဝမ်းစာရှာဖွေခြင်းဟူသမျှသည် ပိုင်သည့်ပုံသဏ္ဌာန်နှင့် အခြားလိုအပ်ချက်များသည်လည်း ရှရီအသ်၏ ဘောင်ပြင်ပသို့ မရောက်ရှိသော် ထိုအရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၌ အကျုံးဝင်၏။ အိမ်သူအိမ်သား ဆွေမျိုးသားချင်း၊ မိတ်ဆွေ အပေါင်းအသင်း၊ အိမ်နီးနားချင်းများနှင့် ဧည့်သည် အစရှိသည်တို့၏ တာဝန်ဝတ္တရားများအား ကျေပွန်ခြင်း ကို စစ်မှန်သော ဟဒီးစ်တော်များ၌ အလှူဒါနပြုခြင်းဟု တင်စားအမိန့်ရှိထား၏။

လောကီ၌ အလ္လာဟ်အသျှင်မြတ် အမိန့်နာခံခြင်းနှင့် အသျှင့်အား တသခြင်းမှအပ မည်သည့်အရာမျှ အသျှင့်မြတ်ထံတွင် နှစ်မြို့မည်မဟုတ်ပေ။

နူကွပါဌ်တော်၏ အနှစ်ချုပ်မှာ လောကီ၌ လူသားတို့ ရရှိထားသော အရာဟူသရွေ့တို့သည် တန်ဖိုး မဖြတ်နိုင်၍ နှစ်မြို့ဖွယ်ကောင်းသော အရာများ ဖြစ်လေသည်။ ထိုအရာသည် ငွင်း၏သက်တမ်း ဖြစ်လေ သည်။ ဤအချက်မှာ လူသားတိုင်း၏ သက်တမ်းသည် သတ်မှတ်ထားသော အချိန်တစ်ချိန်အတွက်သာ ဖြစ်ကြောင်း သိရှိရ၏။ ထို့ပြင် မိမိတို့၏ နေထိုင်ရမည့် သက်တမ်းသည် နှစ်ပေါင်းခုနှစ်ဆယ်၊ (သို့) နာရီ ပေါင်းခုနှစ်ဆယ် (သို့) အသက်တရှူမျှ အခွင့်အရေးရမည်၊ မရမည်ကိုလည်း မည်သူမျှ တိတိကျကျ မသိ နိုင်ခြင်းကိုလည်း သိရှိရ၏။

အခြားတစ်ဖက်တွင် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှု ရရှိစေသော လောကီလောကုတ္တရာ၏ တန်ဖိုးမဖြတ်နိုင်သည့် အရာသည် လောကီသက်တမ်း၌သာလျှင် ရရှိနိုင်မည်။ ယခု လူသားတိုင်းအား အလ္လာဟ်အသျှင်မြတ်မှ အသိဉာဏ် အမြော်အမြင်အား ပေးထားသည့်အတွက် သက်တမ်း၏ မျက်စိတစ်မှိတ်တိုင်းနှင့် အချိန်တိုင်းတွင် မည်သည့်နေရာတွင် အသုံးချရန် လိုအပ်သည်ကို ကိုယ်တိုင်ကိုယ်ကျ ဆုံးဖြတ်နိုင်သည်။ စင်စစ် အသိဉာဏ်၏ တောင့်တချက်မှာ ထိုတန်ဖိုးမဖြတ်နိုင်သော အချိန်များအား ဆထက်တံပိုး အလ္လာဟ်နှစ်မြို့မှုရရှိစေရန် ကိစ္စများ၌သာ အသုံးပြုမည်။ ကျန်ရှိအချိန်များသည် မိမိ၏ သက်တမ်းတည်တံ့စေရန်အတွက် လိုအပ်သလောက်သာ အသုံးချမည်ဖြစ်သည်။ ဟဒီးစ်တော်တစ်ခု၏ ကိုယ်တော်မြတ် ﷺ အမိန့်ရှိသည်မှာ-

اَلْكَيِّسُ مَنْ دَانَ نَفْسَهُ وَرَضِيَ بِالْكَفَافِ وَعَمِلَ لِمَابَعْدَ الْمَوْتِ

ဆိုလိုသည်မှာ မိမိကိုယ်ကို မိမိအမြဲတမ်း ဆန်းစစ်သော သူသာလျှင် အသိဉာဏ်အမြော်အမြင်ရှိသောသူဖြစ်၏။ ထို့ပြင် လုံလောက်သော စားနပ်ရိက္ခာ ချီးမြှင့်ပေးခြင်းအပေါ် နှစ်မြို့၍ သေပြီးနောက်ပိုင်းအတွက်လည်း မိမိ၏ ပြုမှုဆောင်ရွက်ချက်အားလုံးကို အပ်နှံထားသူဖြစ်၏။

◇◇◇◇◇◇◇◇◇◇◇◇

قَدْ نَعْلَمُ اِنَّهٗ لَيَحْزُنُكَ الَّذِىْ يَقُوْلُوْنَ فَاِنَّهُمْ لَا يُكَذِّبُوْنَكَ وَلٰكِنَّ الظّٰلِمِيْنَ بِاٰيٰتِ اللّٰهِ يَجْحَدُوْنَ ۝٣٣

၆ : ၃၃ ။ ။ (အို့, နဗီတမန်တော်) ၎င်းတို့၏ ပြောဆိုချက်များသည် အသင့်အား မည်မျှ စိတ်ဒုက္ခရောက်စေသည်ကို ငါအသျှင်မြတ်သည် ကောန်စင်စစ် ကောင်းစွာ သိရှိတော်မူသည်။ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ ငြင်းဆိုကြသည် မဟုတ်။ စင်စစ်မှာ ယင်းမတရားကျူးလွန်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကိုသာ ငြင်းဆိုကြခြင်း ဖြစ်ပေသည်။

وَلَقَدْ كُذِّبَتْ رُسُلٌ مِّنْ قَبْلِكَ فَصَبَرُوْا عَلٰى مَا كُذِّبُوْا وَاُوْذُوْا حَتّٰٓى اَتٰىهُمْ نَصْرُنَا ۚ وَلَا مُبَدِّلَ لِكَلِمٰتِ اللّٰهِ ۚ وَلَقَدْ جَآءَكَ مِنْ نَّبَاِى الْمُرْسَلِيْنَ ۝٣٤

၆ : ၃၄ ။ ။ ၎င်းပြင် အသင့်အလျှင် (ပွင်ခဲ့ကြသော) ရဆူလ်တမန်တော်များသည်လည်း မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်းကို ခံခဲ့ကြရလေသည်။ သို့ရာတွင် ထိုရဆူလ်တမန်တော်များသည် မိမိတို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆိုခြင်းနှင့် စပ်လျဉ်း၍

လည်းကောင်း၊ မိမိတို့အား ဒုက္ခပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သည်းခံခဲ့ကြလေသည်။ နောက်ဆုံးတွင် ငါအသျှင်မြတ်၏ အကူအညီသည် ထိုရစူလ်တမန်တော်များထံ ရောက်ရှိလာခဲ့သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ပြောင်းလဲနိုင်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ။ စင်စစ် (ရှေး) ရစူလ်တမန်တော်တို့၏ အချို့အကြောင်းသတင်းများသည် အသင့်ထံ ရောက်ရှိခဲ့ပြီးဖြစ်ပေသည်။

وَإِنْ كَانَ كَبُرَ عَلَيْكَ إِعْرَاضُهُمْ فَإِنِ اسْتَطَعْتَ أَنْ تَبْتَغِيَ
نَفَقًا فِي الْأَرْضِ أَوْ سُلَّمًا فِي السَّمَاءِ فَتَأْتِيَهُمْ بِآيَةٍ ۚ وَلَوْ شَاءَ اللَّهُ
لَجَمَعَهُمْ عَلَى الْهُدَىٰ ۚ فَلَا تَكُونَنَّ مِنَ الْجَاهِلِينَ ٣٥

၆ : ၃၅ ။ ။ သို့ရာတွင် (အို၊ နဗီတမန်တော်) အကယ်၍ ၎င်းသူတို့၏ လွှဲဖယ်တိမ်းရှောင်သွားခြင်းသည် အသင့်အပေါ်ဝယ် ရင်လေးဖွယ်ရာ ဖြစ်နေလျှင် အသင်သည် တတ်စွမ်းနိုင်ပါက မြေပထဝီ၌ ဥမင်လိုဏ်ခေါင်းတစ်ခုကို ရှာဖွေ၍သော်လည်းကောင်း၊ မိုးကောင်းကင်ပေါ်သို့ တတ်နိုင်ရန် လှေကားတစ်ခုခုကို ရှာဖွေ၍သော်လည်းကောင်း၊ ထိုသူတို့အဖို့ တန်ခိုးတော်တစ်ခုခုကို (ဆောင်ကြဉ်းနိုင်ရန်) ယူဆောင်ခဲ့ပါလေ။ အမှန်စင်စစ် အကယ်၍သာ အသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် ၎င်းတို့အားလုံးကို တရားလမ်းမှန်ပေါ်၌ မုချ (တစ်စည်းတစ်လုံးတည်း) စုရုံးစေတော်မူမည်။ သို့ဖြစ်ပေရာ အသင်သည် အသိတရားကင်းမဲ့သူတို့တွင် အပါအဝင် မဖြစ်ပါလေနှင့်။

إِنَّمَا يَسْتَجِيبُ
الَّذِينَ يَسْمَعُونَ ۘ وَالْمَوْتَىٰ يَبْعَثُهُمُ اللَّهُ ثُمَّ إِلَيْهِ يُرْجَعُونَ ٣٦

၆ : ၃၆ ။ ။ စင်စစ်မှာ (ကြည်ဖြူစွာ တရားနာယူလိုသော စိတ်စေတနာဖြင့်) နားထောင်သော သူတို့သာလျှင် (အမှန်တရားကို) လက်ခံကြလေသည်။ သူသေတို့ကိုမူကား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား (သင်္ချိုင်းများမှ) ရှင်ပြန်ထစေတော်မူမည်။ ထို့နောက် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့သာလျှင် ပြန်သွားကြရပေမည်။

وَقَالُوا لَوْلَا نُزِّلَ عَلَيْهِ آيَةٌ مِنْ رَبِّهِ ۚ قُلْ إِنَّ اللَّهَ قَادِرٌ عَلَىٰ أَنْ
يُنَزِّلَ آيَةً وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ٣٧

၆ : ၃၇ ။ ။ ၎င်းတို့က ဤသူ (တမန်တော်မြတ်) ၏ထံသို့ ၎င်း၏ အသျှင်မြတ်ထံတော်မှ တန်ခိုးတော် တစ်စုံတစ်ရာသည် အဘယ်ကြောင့် ကျရောက်လာခြင်း မရှိပါသနည်းဟု ပြောဆိုကြလေသည်။ အသင် (မိုဟမ္မဒ်၊ ထိုသူတို့အား) ပြောကြားပါလေ။ မုချစင်စစ်ကန် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်ချပေးနိုင်စွမ်း ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာ (ဤသည်ကိုပင်) မသိနားမလည်ကြချေ။

وَمَا مِن دَآبَّةٍ فِي
الْأَرْضِ وَلَا طَائِرٍ يَطِيرُ بِجَنَاحَيْهِ إِلَّا أُمَمٌ أَمْثَالُكُم ۚ مَّا فَرَّطْنَا
فِي الْكِتَابِ مِن شَيْءٍ ۚ ثُمَّ إِلَىٰ رَبِّهِمْ يُحْشَرُونَ ٣٨

၆ : ၃၈ ။ ။ ၎င်းနောက် ပထဝီမြေဝယ် ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ မိမိတို့၏ တောင်ပံနှစ်ဖက်ဖြင့် ပျံသန်းလျက်ရှိသော ငှက်တိရစ္ဆာန်အပေါင်းတို့သည်လည်းကောင်း အသင်တို့ကဲ့သို့ အုပ်စုများပင် ဖြစ်ကြပေသည်။ ငါအသျှင်မြတ်သည် (မိမိမှတ်တမ်း) စာအုပ်တွင် တစ်စုံတစ်ရာကိုမျှ ချန်လှပ်ထားတော်မူခဲ့သည်မရှိချေ။ ထို့နောက် ၎င်းတို့အားလုံးသည် မိမိ၏အသျှင်မြတ်ထံတော်၌ပင် စုရုံးစေခြင်းကို ခံကြရပေမည်။

وَالَّذِينَ كَذَّبُوا
بِآيَاتِنَا صُمٌّ وَبُكْمٌ فِي الظُّلُمَاتِ ۗ مَن يَشَإِ اللَّهُ يُضْلِلْهُ وَمَن يَشَأْ
يَجْعَلْهُ عَلَىٰ صِرَاطٍ مُّسْتَقِيمٍ ٣٩

၆ : ၃၉ ။ ။ စင်စစ် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်သောသူတို့ကား နားပင်းသူများနှင့် ဆွံ့အသူများပင် ဖြစ်ကြကုန်သည်။ အမိုက်မှောင် (အမျိုးမျိုး) တွင် (တဝဲလည်လည် ကျရောက်) လျက် ရှိနေကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား လမ်းမှား၌ပင် ရှိစေတော်မူ၍ မိမိအလိုရှိတော်မူသော သူအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်ပေါ်ဝယ် တည်ရှိတော်မူသည်။

قُلْ أَرَأَيْتَكُمْ إِنْ أَتَاكُمْ عَذَابُ
اللَّهِ أَوْ أَتَتْكُمُ السَّاعَةُ أَغَيْرَ اللَّهِ تَدْعُونَ إِن كُنتُمْ صَادِقِينَ ٤٠

၆ : ၄၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား ဤသို့ ပြောကြားပါလေ။ 'အသင်တို့ ပြောဆိုကြကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့အပေါ်ဝယ် ကျရောက်လာခဲ့သည်ရှိသော် သို့တည်းမဟုတ် 'ကေယာမသ်' နေ့သည် အသင်တို့ထံ ဆိုက်ရောက်လာခဲ့သည်ရှိသော် (ထိုသို့သော အချိန်မျိုး၌လည်း) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး (အသင်တို့ ကိုးကွယ်ရာအဖြစ် ပြုလုပ်ထားကြသော) အခြားအရာများကိုပင် ဟစ်ခေါ်တမ်းတကြမည်လော။ အသင်တို့သည် (မှန်ကန်သော) သစ္စာဝါဒီများ ဖြစ်ကြပါလျှင် (ထိုအချိန်မျိုးတွင် အသျှင်မြတ်အား စွန့်၍ မိမိတို့၏ ကိုးကွယ်ရာများကိုသာ ဟစ်ခေါ်သင့်ပေသည်။)

بَلْ إِيَّاهُ تَدْعُونَ فَيَكْشِفُ مَا تَدْعُونَ إِلَيْهِ إِن شَاءَ وَتَنسَوْنَ مَا تُشْرِكُونَ ٤١

၆ : ၄၁ ။ ။ (ဤသို့) အလျှင်းမဟုတ်ပေ။ အမှန်စင်စစ် (ယင်းကဲ့သို့သော အချိန်အခါမျိုးတွင်) အသင်တို့သည် (တစ်ဆူတည်းသော) ထိုအသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ်တမ်းတကြပေမည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်

မှုပါလျှင် အသင်တို့ (ဖယ်ရှားပေးရန်) ပန်ကြားကြကုန်သော အကြင် (ဘေးအန္တရာယ်) ကို ဖယ်ရှားပေးတော်မူမည်။ ထိုအရာ (ဘေးအန္တရာယ်ကို ဖယ်ရှားရန်) အတွက် အသင်တို့သည် (ထိုအသျှင်မြတ်ကို) ဟစ်ခေါ်ကြကုန်သည်။ ထို့ပြင် (ယင်းကဲ့သို့သော အချိန်အခါမျိုး၌မူ) အသင်တို့သည် မိမိတို့ ယှဉ်တွဲ (ကိုးကွယ်) ကြကုန်သော အရာများကို မေ့ပျောက်သွားကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကာဖိရ်များ၏ မကောင်းသော စကားရပ်များအပေါ် တမန်တော်မြတ် ﷺ အား ဖြေသိမ့်ခြင်း

အသင်သည် ထိုကာဖိရ်များ၏ ပြောဆိုသော စကားများကြောင့် စိတ်သောကရောက်နေရသည်ကို ငါအသျှင်မြတ် ကောင်းစွာ သိတော်မူ၏။ သို့ရှိရာ အသင် သောကမဖြစ်လေနှင့်။ သို့သာမက ထိုသူများနှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်ထံ အပ်နှံလိုက်ပါလေ။ အဘယ်ကြောင့်ဆိုသော် ဤသူများသည် အသင့်အား တိုက်ရိုက် မကောင်းပြောဆိုခြင်း မဟုတ်ပေ။ သို့သော် ဤမတရားသောသူများသည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို သိလျက်နှင့် ငြင်းဆိုကြသည်။ ပမာဆိုရသော် ထိုသို့ ငြင်းဆိုခြင်းသည် အသင်ကိုယ်တော်အား လိမ်လည်ရာလည်း ရောက်ရ၏။ သို့သော် ၎င်းတို့၏ မူရင်းရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ခြင်းပင်ဖြစ်သည်။ ပမာဆိုရသော် ထိုသူများထဲမှ အချို့သူများဖြစ်ကြသော အဗူဂျဟလ် အစရှိသည်တို့ ငြင်းဆိုခြင်းသည် သက်သေခံလျက်ရှိ၏။ ၎င်းနောက် ထိုသူများ၏ မူရင်းရည်ရွယ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ရန် ဖြစ်လာသောအခါ ထိုလိမ်လည်ခြင်းသည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်သွားသည့်အတွက် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိုသူတို့အား အရေးယူလိမ့်မည်ဖြစ်သည်။ အသင်ကိုယ်တော် အဘယ်ကြောင့် သောကဖြစ်နေရပါသနည်း။ ၎င်းနောက် ကာဖိရ်များဘက်မှ ထိုသို့ လိမ်လည်ပြောဆိုခြင်းသည် မည်သို့မျှ အသစ်အဆန်းမဟုတ်ပေ။ သို့သာမက အသင်ကိုယ်တော်ထက်အလျင် စေလွှတ်ခြင်းခံရသော နဗီအပေါင်းတို့ကိုလည်း ထိုနည်းတူစွာ လိမ်လည်ပြောဆိုခဲ့ကြပြီးဖြစ်သည်။ ယင်းသို့ လိမ်လည်ပြောဆိုခြင်းအား ထိုနဗီအပေါင်းသည် သည်းခံခဲ့ကြသည်။ ၎င်းတို့သည် ထိုနဗီအပေါင်းကို နည်းအမျိုးမျိုးနှင့် ဒုက္ခပေးခဲ့ကြသည်။ နောက်ဆုံး ငါအသျှင်မြတ်၏ အကူအညီသည် ထိုနဗီများအပေါ် ကျရောက်ခဲ့၏။ ထိုသို့ ကူညီထိုက်ခြင်းကြောင့် ဆန့်ကျင်ဘက်အုပ်စုများသည် လွှမ်းမိုးခြင်းခံခဲ့ရသည်။ ထိုသို့ လွှမ်းမိုးခြင်းခံရသည့်အချိန်ထိ ထိုနဗီများမှာ သည်းခံတရား ထားခဲ့ကြသည်။ ထိုနည်းတူစွာ သည်းခံတရားထားပြီးမှသာလျှင် အသင်ကိုယ်တော့်အပေါ်လည်း အကူအညီများ ရောက်ရှိလာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များအား မည်သူမှ ပြောင်းလဲပစ်နိုင်ခြင်း မရှိပေ။ အကူအညီပေးမည်ဟု အသင်ကိုယ်တော်အား ကတိပေးခဲ့ပြီးဖြစ်သည်။ ပမာဆိုသော် မိန့်တော်မူထားသည်မှာ-

لَاَغْلِبَنَّ اَنَا وَرُسُلِىْ

၎င်းနောက် အသင်ကိုယ်တော့်ထံ နဗီတမန်တော်များ၏ အချို့ဖြစ်ရပ်များကို ကျမ်းတော်မြတ်၌ ပို့ချပေးခဲ့ပြီးဖြစ်သည်။ ယင်းပို့ချချက်မှ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုနှင့် ဆန့်ကျင်ဘက်အုပ်စု

များ လွှမ်းမိုးခံရခြင်းကို သိရှိရပေမည်။ ထိုအချက်များ တင်ပြ၍ ဖြေသိမ့်စကား ဤသို့ ဆိုနေခြင်းဖြစ်သည်။ ၎င်းမှာ အစပထမ ရက်အချို့ကို သည်းခံတရားထားပြီးနောက် ထိုအသျှင်မြတ်သည် မိမိ၏ ရစူလ်များကို အကူအညီပေးလေ့ ရှိပေသည်။ ယင်းအကူအညီကြောင့် လောကတွင် အမှန်တရား ဖုံးလွှမ်းပြီး မမှန်ကန်မှုမှာ လွှမ်းမိုးခြင်းခံရပေသည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ဖြစ်သည်။ ၎င်းရစူလ်များသည် နောင်တမလွန်ဘဝတွင်လည်း ဂုဏ်သိက္ခာနှင့် အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ အသင်ကိုယ်တော်နှင့်လည်း ထိုအတိုင်းပင် ဆက်ဆံသွားမည်ဖြစ်သည်။ အသင်ကိုယ်တော် မည်သို့မည်ပုံ သောကမရောက်လေနှင့်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် လူသားအပေါင်းနှင့် အလွန်ချစ်ခင်စိတ် ထားတော်မူ၏။ ထိုသို့ ဖြေသိမ့်စကား ဆိုနေသော်ငြားလည်း တမန်တော်မြတ် ﷺ မှ ဖြစ်လိုသည်မှာ အကယ်၍ မုရှ်ရစ်ကံ များသည် ယခုလက်ရှိ 'မုအ်ဂျေဇာဟ်'များနှင့် 'နဗူဝသ်'၏ အထောက်အထားများအပေါ် တည်ငြိမ်စွာဖြင့် အီမာန်ယူလာခြင်းမရှိပါက ၎င်းတို့တောင်းဆိုသော 'မုအ်ဂျေဇာဟ်'မျိုးကို ဖြစ်ပေါ်စေလိုခဲ့သည်။ ထိုသို့ ဖြစ်ပေါ်လာမည်ဆိုလျှင် ၎င်းတို့အနေနှင့် အီမာန်ယူလာခဲ့ကြအံ့။ ၎င်းနောက် ထိုသူများ၏ ဖီဆန်မှုကိုကြည့်ပြီး သည်းမခံနိုင်ခဲ့ချေ။ ထို့ကြောင့် အရှေ့အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ အလ္လာဟ် အသျှင်မြတ်၏ ဆင်ခြင်တုံတရားအရ ၎င်းတို့ တောင်းဆိုသော 'မုအ်ဂျေဇာဟ်'အား မထုတ်ဖော်ခဲ့ပေ။ အသင် ရက်အနည်းငယ်မျှ သည်းခံလိုက်ပါလေ။ ထိုတောင်းဆိုချက် မပြည့်ဝသည့်အတွက် အသင် သောက မဖြစ်လေနှင့်။ သို့ရှိရာ

وَاِنۡ كَانَ كَبُرَ عَلَيۡكَ

အသင်သည် ကိုယ်တော်မြတ်အား အကယ်၍ ငြင်းဆန်သူများ၏ ငြင်းဆန်ခြင်းကြောင့် လေးပင်လှ သည့်အတွက် ၎င်းတို့၏ တောင်းဆိုချက်အတိုင်း 'မုအ်ဂျေဇာဟ်' များကို ထုတ်ဖော်လိုသည်ဆိုလျှင် အကယ်၍ အသင့်အနေနှင့် စွမ်းဆောင်နိုင်ပါက မြေကြီးတွင်း ဝင်ရောက်နိုင်သည့် လိုဏ်ဂူ (သို့) မိုးကောင်းကင်ထက် တက်ရောက်နေသည့် လှေခါးရှာဖွေပါ။ ထို့နောက် ယင်းအရာများ၏ အကြောင်းခံဖြင့် မြေကြီး (သို့) မိုး ကောင်းကင်သို့ သွားရောက်ပြီး တောင်းဆိုထားသော 'မုအ်ဂျေဇာဟ်'များထဲမှ 'မုအ်ဂျေဇာဟ်'တစ်ခုကို ယူဆောင်လာမည်ဆိုလျှင် ထိုသို့ ပြုလုပ်လိုက်ပါက ပိုကောင်းပေမည်။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထိုသူများ၏ တောင်းဆိုချက်အား မလိုအပ်သည့်အတွက် ဆင်ခြင်တုံတရားအရ မဖြည့်ဆည်းပေးခဲ့ချေ။ အကယ်၍ အသင့်အနေနှင့် ၎င်းသူများ မည်သည့်နည်းနှင့်မဆို အီမာန်ယူလာသည်ကို လိုလားမည်ဆိုလျှင် အသင်ကိုယ်တိုင် ထိုအတွက် အစီအစဉ်ပြုလုပ်ပါလေ။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ် သဘောတူညီမှု ရှိပါက ထိုသူများ အားလုံးကို လမ်းမှန်တရားပေါ် စုစည်းလိုက်မည်ဖြစ်သည်။ သို့သော် ၎င်းတို့ကိုယ်တိုင်က ကောင်းရာကို မလိုလားသည့်အတွက် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်လည်း သဘောမတူခြင်း ဖြစ်သည်။ ယခု အသင်ဖြစ်လိုသည်ဆိုလျှင် မည်သို့မျှ ထူးခြားမည်မဟုတ်ပေ။ သို့ရှိရာ အသင် ယင်းသို့ သောကထား ခြင်းကို စွန့်လွှတ်လိုက်ပါလေ။ ၎င်းနောက် အသိဉာဏ်မရှိသူများတွင် မပါဝင်လေနှင့်။

လမ်းမှန်တရားကို ထိုသူများသာလျှင် လက်ခံကြသည်။ အကြင်သူများသည် မှန်သောစကားကို အမှန်တရား ရလိုစိတ်ဖြင့် နားထောင်သောသူများ ဖြစ်ကြသည်။ အကယ်၍ ထိုသူများ၏ ငြင်းဆန်ခြင်းနှင့် မျက်နှာလွှဲခြင်း၏ ပြစ်ဒဏ်အပြည့်အဝကို လောကတွင် မရရှိလျှင် မည်သို့မှ အကြောင်းမရှိ။ နောက်ဆုံးတစ်နေ့တွင် သေသူအပေါင်းကို အလ္လာဟ်အသျှင်မြတ်က 'ကဗရ်'သင်္ချိုင်းတွင်းမှ ရှင်ပြန်ထစေတော်မူမည်။ တစ်ဖန် ထိုသူများအားလုံးကို စာရင်းစစ်ဆေးရန်အတွက် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ခေါ်ဆောင်လာမည်။ ထို့နောက် ဤဖီဆန်ကြသောသူများသည် ဖွတ်တရွတ်ပြောဆိုကြသည်မှာ အကယ်၍ ဤပုဂ္ဂိုလ်သည် နဗီဖြစ်သည်ဆိုလျှင် ထိုပုဂ္ဂိုလ်ပေါ် ကျွန်ုပ်တို့ တောင်းဆိုထားသော 'မုအ်ဂျေဇာဟ်'များထဲမှ 'မုအ်ဂျေဇာဟ်' တစ်ခုမျှ အဘယ်ကြောင့် မကျရောက်ခဲ့ပါသနည်း။ အသင်ကိုယ်တော် မိန့်ကြားတော်မူပါ။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူ၏။ အဆိုပါ တောင်းဆိုသည့်အတိုင်း 'မုအ်ဂျေဇာဟ်' များကို ပို့ချပေးနိုင်၏။ သို့သော် များသောအားဖြင့် ထိုတောင်းဆိုမှုများ၏ နောက်ဆုံးရလဒ်ကို မသိရှိကြပေ။ ထိုသို့ မသိရှိခြင်းကြောင့် ယင်းသို့ တောင်းဆိုနေကြခြင်းပင် ဖြစ်သည်။ ထိုရလဒ်မှာ အကယ်၍ အဆိုပါ တောင်းဆိုချက်အတိုင်း ပို့ချပေးပြီးသည့်နောက်လည်း အီမာန်မယူလာပါက ထိုသူများအားလုံး ပျက်စီးသွားကြမည် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က

وَلَوْ اَنْزَلْنَا مَلَكًا لَّقُضِيَ الْاَمْرُ

ဟု အမိန့်ရှိထားလေသည်။ အလိုသဘောမှာ ထိုသူများ၏ တောင်းဆိုသော 'မုအ်ဂျေဇာဟ်'များကို ဖော်ထုတ်ရန် မလိုအပ်ရခြင်း၏ အကြောင်းမှာ ပထမချပေးထားသော 'မုအ်ဂျေဇာဟ်'များမှာ လုံလောက်၏။ အလ္လာဟ်အသျှင်မြတ်က

اَوَلَمْ يَكْفِهِمْ

ဟူ၍ မိန့်တော်မူထား၏။ ၎င်းနောက် ထိုသူများသည် တောင်းဆိုထားသော 'မုအ်ဂျေဇာဟ်'များ အပေါ်၌လည်း အီမာန်ယူလာကြမည်မဟုတ်ကြောင်းကို ငါအသျှင်မြတ် သိတော်မူ၏။ ထိုသို့ လက်ခံခြင်းကြောင့် အမြန်ဆုံး ပြစ်ဒဏ်ချမှတ်ခြင်း ခံရပေမည်။ ထို့ကြောင့် ဆင်ခြင်တုံတရားအရ ထိုသူများ တောင်းဆိုသော 'မုအ်ဂျေဇာဟ်'များကို မဖော်ထုတ်ခဲ့ချေ။ အာယသ်တော်၏ နောက်ဆုံးပိုင်းတွင်

وَلَا تَكُوْنَنَّ مِنَ الْجَاهِلِيْنَ

ဟု မိန့်ဆိုခြင်းသည် ချစ်စိတ်လွန်ကဲခြင်းကြောင့် ဖြစ်သည်။ အာရဗီစာပေတွင် جَهَالَت ဟူသော စာလုံးသည် ဤကဲ့သို့ ကျယ်ပြန့်သော အဓိပ္ပာယ်အတွက် အသုံးပြုလေ့ရှိ၏။ အူရ်ဒူစာပေတွင် ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍ 'ပညာမဲ့' (ငတုံး) ဟုသာလျှင် အဓိပ္ပာယ်ဆောင်၏။ ထို့အတွက်ကြောင့် ဤနေရာတွင် 'ပညာမဲ့ (ငတုံး)' ဟု အဓိပ္ပာယ်ပြန်ဆိုလျှင် အရှိအသေကင်းမဲ့သော လုပ်ရပ်ဖြစ်၏။ ရှေ့တင်ပြထားသော

အာယသ်တော်တွင် သတိပေးနှိုးဆော်ရန်အတွက် 'ကေယာမသ်' နေ့နှင့် အဖန်ဆင်းခံသတ္တဝါအားလုံး၏ ရှင်ပြန်ထရမည့် အကြောင်းကို တင်ပြထား၏။ ၎င်းနောက် သက်ရှိမျိုးပေါင်းများစွာ မြေပထဝီပေါ်တွင် ကုန်းပေါ်၌ဖြစ်စေ၊ ရေပေါ်၌ဖြစ်စေ သွားလာလှုပ်ရှားနေကြသည်။ ၎င်းနောက် ပျံသန်းလျက်ရှိသော ငှက်သတ္တဝါများသည် မိမိတို့၏ တောင်ပံနှစ်ဖက်ဖြင့် ပျံသန်းနေလျက်ရှိကြသည်။ ထိုသတ္တဝါများတွင် 'ကေယာမသ်' နေ့၌ ရှင်ပြန်ထရမည့်အခါ အသင်တို့ကဲ့သို့ အုပ်စုတစ်စုမျှမရှိဟူ၍ မဟုတ်ပေ။ အဆိုပါသတ္တဝါများအားလုံးသည် မိမိတို့အရေအတွက် များပြားမှုကြောင့် မည်မျှပင် အတိုင်းအတာမဲ့နေစေကာမူ ငါအသျှင်မြတ်၏ စာရင်းအင်းတွင် ထိန်းသိမ်းပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် 'လောင်ဟေမဟ်ဖူးဇ်' တွင် 'ကေယာမသ်' နေ့ထိ ဖြစ်ပေါ်လာမည့် မည်သည့်အရာကိုမှ ချန်ထားခြင်းမရှိပေ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်အနေနှင့် ရေးသားရန် မလိုအပ်ပေ။ ထိုအသျှင်မြတ်၏ အစဉ်တည်မြဲလျက်ရှိနေမည့် အသိပညာနှင့်ပင် လုံလောက်၏။ သို့သော် ရေးသား၍ ထိန်းသိမ်းထားခြင်းမှာ အများနားလည်သဘောပေါက်နိုင်ရန် အနီးစပ်ဆုံးဖြစ်သည်။

တစ်ဖန် သတ်မှတ်ထားသော အချိန်အတိုင်း လူသားနှင့် သတ္တဝါအားလုံးတို့သည် မိမိတို့၏ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ စုရုံးရောက်ရှိစေမည် ဖြစ်သည်။ ရှေ့ဆက်၍ တမန်တော်မြတ် ﷺ အား ဖြေသိမ့်တော်မူထားသည်မှာ ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ကြသောသူများသည် အမှန်တရားကို နားထောင်ရန် နားကန်းနေကြပြီး အမှန်တရားကို ပြောဆိုရန် ဆွံ့အနေကြသည်။ ထို့ကြောင့်သာလျှင် အမှောင်ထုအမျိုးမျိုး၌ ထိုသူများ နစ်မွန်းနေကြပါသည်။ အဘယ်ကြောင့်ဆိုသော် 'ကုဖ္ဖရ်' တိုင်းသည် အမှောင်ထုဖြစ်သည်။ ၎င်းတို့ထံတွင် ကုဖ္ဖရ်အမျိုးမျိုး စုစည်းလျက်ရှိသည်။ တစ်ဖန် ထိုကုဖ္ဖရ်များကို အကြိမ်ကြိမ်ကျူးလွန်ခြင်းသည် သီးခြားစီ အမှောင်ထုများ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် အလိုရှိသူကို အမှန်တရားမှ မျက်နှာလွှဲခြင်းကြောင့် လမ်းမှားသို့ ပို့လိုက်သည်။ ထိုနည်းတူစွာ မိမိလိုလားသူကို မိမိ၏ ကရုဏာတော်တရားဖြင့် လမ်းမှန်ပေါ်သို့ ပို့ပေးတော်မူ၏။ အသင်တို့အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်မှ 'အဇားဗ်' တစ်စုံတစ်ခု ကျရောက်လာမည်။ (သို့) အသင်တို့အပေါ် 'ကေယာမသ်' နေ့သာ ရောက်ရှိလာမည်ဆိုလျှင် အသင်တို့သည် ထို 'အဇားဗ်' နှင့် ကြောက်မက်ဖွယ်ကောင်းသည့် 'ကေယာမသ်' နေ့ကို ဖယ်ရှားရန်အတွက် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာကို ခေါ်ဆိုကြမည်လော။ အကယ်၍ အသင်တို့အနေနှင့် တုပနှိုင်းယှဉ်ခြင်းအား ကြွေးကြော်ရာတွင် မှန်ကန်သည်ဟုဆိုလျှင် ထိုအချိန်အခါမျိုးတွင်လည်း အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကိုသာ ခေါ်ဆိုသင့်ပေသည်။ သို့သော် ထိုသို့ လုံးဝဖြစ်လိမ့်မည်မဟုတ်ပေ။ သို့သာမက ထိုအချိန်အခါမျိုးတွင် အထူးသဖြင့် ထိုအသျှင်မြတ်ကိုသာ ခေါ်ဆိုလျက်ရှိကြမည်။ တစ်ဖန် ဘေးဒုက္ခအား ဖယ်ရှားရန်အတွက် ထိုအသျှင်မြတ်ကိုသာ အသင်တို့ ခေါ်ဆိုကြပါ။ အကယ်၍ ထိုအသျှင်မြတ်က လိုလားသည်ဆိုလျှင် အဆိုပါဘေးဒုက္ခကို ဖယ်ရှားပေးတော်မူမည်။ မလိုလားပါက ဖယ်ရှားပေးမည်မဟုတ်ပေ။ ယခု အသင်တို့ အလ္လာဟ်အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ခြင်း ပြုနေကြသော အရာများအားလုံး ထိုအချိန်တွင် မေ့လျော့သွားကြမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်၌

فَاِنَّهُمْ لَا يُكَذِّبُوْنَكَ

ဟူ၍ မိန့်တော်မူထားပေသည်။ အလိုသဘောမှာ ကေန်စင်စစ် အသင်ကိုယ်တော်အား လိမ်လည်နေခြင်း မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လိမ်ခြင်းသာဖြစ်သည်။ ထိုဖြစ်ရပ်ကို သဖ်စီးရ်မဇ္ဇဟရီးတွင် ဗွဒ္ဒီ၏ ဆင့်ပြန်ချက်ကို တင်ပြထားပေသည်။ ၎င်းမှာ တစ်ခါက ကာဖိရ်၊ ကုရိုက်ရှ်တို့၏ ခေါင်းဆောင်နှစ်ဦးဖြစ်သူ အခ်နစ် ဗင်န် ရှရီးဖ့်နှင့် အဗူဂျဟာလ်တို့ တွေ့ဆုံကြသည်။ ထိုအခါ အခ်နစ်သည် အဗူဂျဟာလ်အား မေးမြန်းသည်မှာ အို၊ အဗူလ်ဟိကမ်၊ (အာရဗ်များသည် အဗူဂျဟာလ်ကို အဗူလ်ဟိကမ်ဟု ခေါ်ဆိုကြပေသည်။ အစ္စလာမ်သာသနာတွင် ထိုသူ၏ ဖီဆန်မှုများကြောင့် အဗူဂျဟာလ်ဟူသော ဂုဏ်ပုဒ်ကို ပေးထားခဲ့ခြင်းဖြစ်သည်။) ဤနေရာသည် သီးသန့် စကားပြောဆိုနိုင်သည့်နေရာ ဖြစ်သည်။ ကျွန်ုပ်နှင့် အသင်၏ စကားကို အခြားမည်သူမှ မကြားနိုင်ချေ။ ကျွန်ုပ်အား မိုဟမ္မဒ် ဗင်န် အဗ်ဒုလ္လာဟ်နှင့် ပတ်သက်ပြီး အသင်၏ အယူအဆအမှန်ကို တင်ပြပါ။ ထိုပုဂ္ဂိုလ်ကို မှန်သည် (သို့) လိမ်လည်သည်ဟု ထင်ပါသလော။

ထိုအခါ အဗူဂျဟာလ်သည် အလ္လာဟ်အသျှင်မြတ်အား ကျိန်ဆို၍ ပြောဆိုသည်မှာ ဒွိဟမရှိ။ မိုဟမ္မဒ်သည် မှန်ကန်၏။ ယင်းပုဂ္ဂိုလ်သည် သက်တမ်းတစ်လျှောက်တွင် မည်သည့်အခါမှ လိမ်လည်ပြောခဲ့ခြင်း မရှိပေ။ သို့သော် ကုရိုက်ရှ်မျိုးနွယ်စု၏ အနွယ်အပွားတစ်ခုဖြစ်သည့် ဗနူကဆွိတွင် ပြည့်စုံခြင်းဟူသမျှနှင့် ကောင်းခြင်းဟူသမျှ စုစည်းသွားပြီး ကျန်ကုရိုက်ရှ်များ ဗလာနတ္တိ ဖြစ်သွားမည်ဆိုလျှင် ကျွန်ုပ် မည်သို့ သည်းခံနိုင်ပါမည်နည်း။ အလံတော်သည် ဗနူကဆွိ၏ လက်ဝယ်တွင် ရှိမည်။ 'ကအ်ဗာဟ်'ကျောင်းတော်တွင် ဟာဂျီများကို ရေတိုက်ကျွေးရသည့် အရေးပါလှသော ဆောင်ရွက်မှုသည် ၎င်းတို့၏ လက်ဝယ်တွင် ရှိမည်။ အိမ်တော်အား ထိန်းသိမ်းရန်နှင့် ယင်းအိမ်တော်၏ သော့များသည် ၎င်းတို့လက်တွင်း ရှိမည်။ ယခု အကယ်၍ 'နဗူဝသ်'ကိုလည်း ကျွန်ုပ်တို့အနေနှင့် ထိုသူများထဲမှ ဖြစ်သည်ကို လက်ခံလိုက် မည်ဆိုလျှင် ကျန်ကုရိုက်ရှ်များထံ မည်သည့်အရာမျှ ကျန်ရှိတော့မည်မဟုတ်ပေ။

အခြားဆင့်ပြန်ချက်တစ်ခုသည် နာဂျီယာ အိဗ်နေ ကာအဗ်မှ ဆင့်ပြန်ထားပေသည်။ အဗူဂျဟာလ်ကိုယ်တိုင် တစ်ခါက တမန်တော်မြတ် ﷺ အား ပြောဆိုသည်မှာ ကျွန်ုပ်သည် အသင်လိမ်လည်သည်ဟု မည်သို့မျှ မထင်မှတ်ချေ။ ကျွန်ုပ်အနေနှင့်လည်း အသင့်အား လိမ်လည်ခြင်း မပြုပေ။ သို့သော် အသင်ယူလာသော ကျမ်းဂန်နှင့် သာသနာတော်အား ကျွန်ုပ် လိမ်လည်ပါသည်။ ထိုဆင့်ပြန်ချက်များအား ထောက်ရှု၍ ဤအာယသ်တော်ကို မိမိ၏ မူရင်းအလိုသဘောကိုလည်း ကောက်ယူနိုင်ပေသည်။ ဆိုလိုသည်မှာ ဤကာဖိရ်များသည် အသင့်ကိုမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်နေခြင်းပင်

ဖြစ်ပေသည်။ သို့သော် ကေန်အမုန် အသင့်အား လိမ်လည်ခြင်း၏ ရလဒ်သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်ခြင်းပင်ဖြစ်သည်။ ပမာဆိုရသော် ဟဒီးစ်တော်၌ တင်ပြထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်မည်သူမဆို ငါကိုယ်တော်အား ဒုက္ခပေးမည်ဆိုလျှင် ထိုသူသည် ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်ကို ဒုက္ခပေးခြင်း၏အမိန့်၌ ပါဝင်မည်ဖြစ်သည်။

ငှင်းနောက် ဆဋ္ဌမအာယသ်တော်မြောက်၌

وَمَا مِنْ دَآبَّةٍ

ဟု မိန့်ထားခြင်းမှ သိရှိရသည်မှာ 'ကေယာမသ်' နေ့တွင် လူသားများနှင့်အတူ တိရစ္ဆာန်များကိုလည်း ရှင်ပြန်ထစေတော်မူမည်။ ထို့နောက် အိဗ်နေဂျရီးရ်၊ အိဗ်နေအဘီဟာသင်မ်နှင့် ဗိုင်ဟကီးတို့သည် ဟဇရသ် အဗူဟူရိုင်ရာဟ် ؓ မှတစ်ဆင့် ဆင့်ပြန်ထားပေသည်။ ငှင်းမှာ 'ကေယာမသ်' နေ့တွင် ကျွဲ၊ နွား တိရစ္ဆာန်ဟူသမျှနှင့် ငှက်များအားလုံးကို ရှင်ပြန်ထစေတော်မူမည်။ အလ္လာဟ်အသျှင်မြတ်၏ တရားမျှတမှု၏ အတိုင်းအတာမှာ အကယ်၍ ဦးချိုရှိသော သားကောင်သည် ဦးချိုမရှိသော သားကောင်အား လောကတွင် အနိုင်ကျင့်ထားသည်ရှိသော် ယနေ့တွင် ထိုသားကောင်နှစ်ဦးကြား (ဦးချိုမရှိသော သားကောင်သည် ဦးချိုရှိသော သားကောင်အား ကလဲ့စားချေခွင့် ရရှိမည်။) အစားပေးတော်မူမည်။ ထိုနည်းတူစွာ အခြားတိရစ္ဆာန်များ၏ အချင်းချင်း မတရားမှုပြုထားပါက ကလဲ့စားချေခွင့် ရရှိမည်ဖြစ်သည်။ ငှင်းနောက် ထိုသားကောင်များအချင်းချင်း၌ ကလဲ့စားချေခြင်းများ ပြီးဆုံးသွားပြီးနောက် အားလုံး မြေကြီးဖြစ်သွားကြကုန်ဟူ၍ မိန့်ကြားတော်မူမည်။ ထိုအချိန်မှာပင် တိရစ္ဆာန်ဟူသမျှအားလုံး မြေကြီးပုံ ဖြစ်သွားပေမည်။ ဤအချိန်မှာပင် ကာဖိရ်များက

يَلَيْتَنِى كُنتُ تُرَابًا

ဟု ပြောဆိုကြမည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်တို့လည်း မြေကြီးဖြစ်သွားလျှင် ကောင်းလေစွ။ 'ဂျဟန္နမ်' ပြစ်ဒဏ်မှ လွတ်ကင်းသွားပေအံ့။'

ငှင်းနောက် အေမာမ်ဇဟ်ဗီ (ရဟ) ၏ အခြားဆင့်ပြန်ချက်တစ်ခုတွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ မှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ 'ကေယာမသ်' နေ့တွင် ရပိုင်ခွင့်ရှိသူများအားလုံး၏ ရပိုင်ခွင့်များကို ပေးဆပ်ရမည်ဖြစ်သည်။ ထိုသို့ ပေးဆပ်ရခြင်း၌ ဦးချိုမရှိသော ဆိတ်သည် ဦးချိုရှိသော ဆိတ်အား ကလဲ့စားချေခွင့် ရရှိမည်ဖြစ်သည်။

အဖန်ဆင်းခံများ၏ ဝတ္တရားများ ကျေပွန်ရန် အလွန်အရေးပါလှခြင်း

ဤတိရစ္ဆာန်များသည် တရားတော်၏ မည်သည့်အမိန့်ပညတ်ချက်ကိုမှ စောင့်ထိန်းရန် တာဝန်မရှိကြောင်းကို အားလုံးအသိပင်ဖြစ်သည်။ ယင်းပညတ်ချက်များအား စောင့်ထိန်းရန် လူသားနှင့် ဂျင်န်များအပေါ်

၌သာ တာဝန်ရှိသည်။ ထို့ကြောင့် ပညတ်ခြင်းမခံရသော တိရစ္ဆာန်များအား ဒဏ်ခတ်ခြင်းနှင့် အစားပေးခြင်း ကိစ္စ မဖြစ်နိုင်သည်မှာ ပေါ်လွင်ပေသည်။ ဤအတွက်ကြောင့် ပညာရှင်များက မိန့်တော်မူထားသည်မှာ 'ဟရှရ်' ကွင်းပြင်တွင် တိရစ္ဆာန်များအား ကလဲ့စားချေခွင့် ပေးခြင်းသည် ၎င်းတို့၏ ပညတ်ခံရခြင်းကြောင့် မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အဆုံးမရှိ တရားမျှတမှုကြောင့်ပင် ဖြစ်သည်။ သတ္တဝါ တစ်ကောင်သည် အခြားတစ်ကောင်အား မတရားမှုပြုမည်ဆိုလျှင် ကလဲ့စားချေခွင့်ပေးမည် ဖြစ်သည်။ ၎င်းတို့၏ ကျန်ရှိသော မည်သည့်လုပ်ဆောင်ချက်အပေါ်မဆို ဒဏ်ခတ်ခြင်းနှင့် အစားပေးခြင်းခံရမည် မဟုတ်ပေ။ ယင်းအချက်မှသိရှိရသည်မှာ အသျှင်မြတ်၏ အဖန်ဆင်းခံများအချင်းချင်း၌ ဝတ္တရားများနှင့် အနိုင်ကျင့်ခြင်းကိစ္စများသည် အလွန်ခက်ထန်သည့် ကိစ္စရပ်များဖြစ်သည်။ ပညတ်ခြင်းမခံရသော တိရစ္ဆာန်များပင်လျှင် ထိုသို့ ကလဲ့စားချေခွင့်ရရှိခြင်းမှ ကင်းဝေးမည်မဟုတ်ပေ။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ သာသနာကိုင်းရှိုင်းသူများနှင့် 'အေဗာဒသ်' ၌ မွေ့လျော်နေသူအများစုတို့သည် ထိုကိစ္စများအား လစ်လျူရှုလျက် ရှိကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَا إِلَىٰ أُمَمٍ مِّن قَبْلِكَ فَأَخَذْنَاهُم بِالْبَأْسَاءِ
وَالضَّرَّاءِ لَعَلَّهُمْ يَتَضَرَّعُونَ ﴿٤٢﴾

၆ : ၄၂ ။ ။ (အို၊ နဗီတမန်တော်) ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အလျှင် ရှိခဲ့ကြကုန်သော လူမျိုးများထံသို့လည်း (ရစူလ်တမန်တော်များကို) စေလွှတ်တော်မူခဲ့လေသည်။ ထို့နောက် (ယင်းလူမျိုးတို့သည် ထိုတမန်တော်များအား သွေဖည် ငြင်းပယ်ခဲ့ကြလေရာ) ငါအသျှင်မြတ်သည် ယင်းသူတို့၌ ဆင်းရဲဒုက္ခများနှင့် ရောဂါဝေဒနာများကို ဆိုက်ရောက်စေတော်မူခဲ့ လေသည်။ သို့မှသာလျှင် ထိုသူများသည် ကျိုးနွံကြပေမည်။ (နောင်တ တရား ရရှိကြပေမည်။)

فَلَوْلَا إِذْ جَاءَهُم بَأْسُنَا تَضَرَّعُوا
وَلَٰكِن قَسَتْ قُلُوبُهُمْ وَزَيَّنَ لَهُمُ الشَّيْطَانُ مَا كَانُوا يَعْمَلُونَ ﴿٤٣﴾

၆ : ၄၃ ။ ။ သို့ပါလျက် ၎င်းတို့ထံ ငါအသျှင်မြတ်၏ (ထံတော်မှ) ပြစ်ဒဏ်ကျရောက်လာသောအခါ ၎င်းတို့သည် မည်သည့်အတွက်ကြောင့် ကျိုးနွံခြင်း မရှိခဲ့ကြသနည်း။ သို့ရာတွင် ၎င်းတို့၏ စိတ်နှလုံးများသည် မာမြဲတိုင်း မာကျောလျက် ရှိခဲ့သည်။ ထို့ပြင် ရှိုက်သွာန်သည် ၎င်းတို့အား ၎င်းတို့၏ ပြုလုပ်လျက် ရှိခဲ့သမျှတို့ကို ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် တန်ဆာဆင်၍ ပြသထားခဲ့လေသည်။

فَلَمَّا نَسُوا مَا ذُكِّرُوا بِهِۦ فَتَحْنَا عَلَيْهِمْ أَبْوَٰبَ كُلِّ شَىْءٍ حَتَّىٰٓ إِذَا فَرِحُوا بِمَآ أُوتُوٓا أَخَذْنَٰهُم بَغْتَةً فَإِذَا هُم مُّبْلِسُونَ ﴿٤٤﴾

၆ : ၄၄ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့အား သတိပေး နှိုးဆော်ထားသော ကိစ္စရပ်များကို မေ့ပစ်ထားခဲ့သောအခါ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့၏ တံခါးများကို ဖွင့်ပေးတော်မူလိုက်လေသည်။ နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့ ရရှိထားသော စည်းစိမ်တို့နှင့် စပ်လျဉ်း၍ မော်ကြွားလာကြပြန်သည်။ ထိုအခါဝယ် ငါအသျှင်မြတ်သည် ၎င်းတို့အား ရုတ်တရက် ဖမ်းဆီး (ပြစ်ဒဏ်ပေး) တော်မူလိုက်လေသည်။ ထိုအခါ ၎င်းတို့သည် မျှော်လင့်ချက်ကုန်ဆုံး၍ တွေဝေမိန်းမောသွားကြလေသည်။

فَقُطِعَ دَابِرُ ٱلْقَوْمِ ٱلَّذِينَ ظَلَمُوا۟ ۚ وَٱلْحَمْدُ لِلَّهِ رَبِّ ٱلْعَٰلَمِينَ ﴿٤٥﴾

၆ : ၄၅ ။ ။ ထို့နောက် မတရားပြုမူကြကုန်သော သူတို့၏ အခြေအမြစ်သည် ပြတ်တောက်သွားလေတော့သည်။ အမှန်စင်စစ် ချီးမွမ်းထောမနာခြင်း အပေါင်းတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အဖို့သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအလ္လာဟ်အသျှင်မြတ်သည် အသင်တမန်တော်အလျင် ရှိကြကုန်သော လူမျိုးများထံသို့လည်း ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့ပေသည်။ (သို့သော် ထိုသူတို့သည် ထိုရစူလ်တမန်တော်များကို လက်မခံခဲ့ကြ) သော် ငါအသျှင်မြတ်သည် ယင်းသူတို့၌ ဆင်းရဲဒုက္ခများနှင့် ရောဂါဝေဒနာများ ဆိုက်ရောက်စေတော်မူခဲ့လေသည်။ သို့မှသာလျှင် ထိုသူများသည် ကျိုးနွံကြမည်။ (မိမိတို့၏ ကုဖွရ် ငြင်းပယ်မှုနှင့် ဒုစရိုက်များမှ 'သောင်ဗာဟ်'အမှားဝန်ခံမှု ပြုပေမည်။) ထို့နောက် ၎င်းတို့သည် မိမိတို့ထံ ငါအသျှင်မြတ်၏ ထံတော်မှ ပြစ်ဒဏ်ဆိုက်ရောက်လာသောအခါ၌ အဘယ်ကြောင့် ကျိုးနွံနှိမ့်ကျခြင်း မရှိခဲ့ကြပါသနည်း။ (အကယ်၍ ကျိုးနွံခဲ့ပါသော် ၎င်းတို့၏ အပြစ်အား ခွင့်လွှတ်ခဲ့ပေမည်။) သို့သော် ၎င်းတို့၏ စိတ်နှလုံးများတွင် (ထိုသို့သော) မာကျောမြဲ (မာကျော) လျက် ရှိခဲ့၏။ ထို့ပြင် ရှိုက်သွာန်သည်လည်း ၎င်းတို့ ပြုလုပ်လျက်ရှိခဲ့သမျှတို့ကို ၎င်းတို့၏ အမြင်၌ (အစဉ်အလာရှိသည့်အတိုင်း) လှပတင့်တယ် (ရှုချင်စဖွယ်ဖြစ်အောင်) တန်ဆာဆင်၍ ပြသခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (အစဉ်အလာရ) မိမိတို့အား သတိပေးနှိုးဆော်ခြင်း ခံကြရလေသော ကိစ္စရပ်များကို မေ့ပျောက် (စွန့်လွှတ်) ထားခဲ့ကြ၏။ ထိုအခါ ထိုသူတို့ကို (ရစူလ်တမန်တော်များဘက်မှ) ဆုံးမမှုများ ပြုကြလေသည်။ (အလိုသဘောမှာ အီမာန်သက်ဝင်

ယုံကြည်မှုနှင့် အမိန့်နာခံမှု) တို့ဖြစ်သည်။ သို့ရှိရာ ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ (စည်းစိမ်ယစ်မူးမှု၏) ခပ်သိမ်းကုန်သော စည်းစိမ်တို့၏ တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။ နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့ ရရှိကြကုန်သော စည်းစိမ်တို့နှင့် စပ်လျဉ်း၍ မော်ကြွားလာကြပြန်လေသည်။ (မေ့လျော့မှုနှင့် ပျင်းရိမှုတို့၌ ၎င်းတို့၏ ကုဖွ်ရ်ငြင်းပယ်မှုသည် တိုး၍ လာပေသည်။ ထိုအခါ) ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ရုတ်တရက် (မထင်မှတ်သော 'အဇားဗ်' အပြစ်ဒဏ် ဖန်တီးတော်မူလိုက်၏။ (ပြင်းထန်သော 'အဇားဗ်' ပြစ်ဒဏ် ကျရောက်စေခဲ့၏။) ၎င်းနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် လာရှိပေသည်။ တစ်ဖန် (ထိုပြစ်ဒဏ်ဖြင့်) ညှဉ်းပန်းသောသူတို့၏ အခြေအမြစ်သည် ပြတ်သွားလေတော့၏။ ချီးကျူးမှုအပေါင်းတို့သည် အမှန်စင်စစ်အားဖြင့် တစ်လောကလုံးကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်နှင့်သာ ထိုက်သက်ပေသည်။ (ဤကဲ့သို့ ညှဉ်းပန်းနှိပ်စက်သူတို့၏ မတော်မတရားမှုများကြောင့် ဒွန္နယာလောက၌ ယုတ်မာမှုများ ပျံ့နှံ့ခဲ့ရာ အားလုံး ပျောက်ပျက်သွားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်တွင် ရှရစ်က် တုဖက်မှုနှင့် ကုဖွ်ရ် ငြင်းပယ်မှု၏ မှားယွင်းမှုများနှင့် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းတို့ သီးသန့်ပုံသဏ္ဌာန်တစ်ခုအနေဖြင့် တင်ပြထားလေသည်။ ပထမ မက္ကာဟ်မြို့မှ မုရှ်ရစ်က်များကို မေးမြန်းခဲ့ရာ အကယ်၍ အသင်တို့အပေါ် ယနေ့ အခြားသော ဒုက္ခဘေး ကျရောက်ခဲ့သော် ဥပမာ- အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်သည် ဤလောက၌ အသင်တို့အပေါ် ကျရောက်ခဲ့သည်။ (သို့) သေခြင်းတရား၊ (သို့) 'ကေယာမသ်' ကမ္ဘာ့တရားခွင်နေ့၏ ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ်လာခဲ့သော် မိမိ၏ စိတ်နှလုံးအတွင်း စဉ်းစားတွေးတော၍ ဖြေကြားပါလေ။ အသင်တို့သည် ထိုအချိန်တွင် မိမိတို့၏ ဤဒုက္ခဘေးကို ဖယ်ရှားရန်အတွက် မည်သူ့ကို တသပါမည်နည်း။ အသင်တို့၏ 'အဇားဗ်' ဘေးဒုက္ခမှ လွတ်မြောက်စေရန် မည်သူ့ထံမှ မျှော်လင့်ချက်ထားပါသနည်း။ ကျောက်တုံးများကို ဖြတ်တောက်၍ ရုပ်တုများကိုလည်းကောင်း၊ အဖန်ဆင်းခံများထဲမှ အခြားသူတစ်ဦးတစ်ယောက်ကို အသင်တို့က အလ္လာဟ်အသျှင်မြတ်၏ အဆင့်၌ ထားရှိကိုးကွယ်ကြသည်။ ထိုအချိန်တွင် အသင်တို့အတွက် မည်သို့ အသုံးဝင်မည်နည်း။ အသင်တို့သည် ထိုသို့သောသူတို့ထံမှ တောင်းခံမည်လော။ သို့မဟုတ် တစ်ပါးတည်း တည်ရှိ တော်မူသော အလ္လာဟ်အသျှင်မြတ်၏ထံမှ ထိုအချိန်တွင် တမ်းတမည်နည်း။

အသိဉာဏ်ရှိသော လူသားတစ်ဦးဦး၏ဘက်မှ ၎င်း၏ အဖြေကို ဤပုံစံဖြင့်သာ ပေးပေမည်။ ၎င်းပုံစံနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိုသူတို့ဘက်မှ အမိန့်ရှိသည်မှာ ထိုသို့သောဘေးဒုက္ခများ ဆိုက်ရောက်သော အချိန်တွင် မုရှ်ရစ်က်ခေါင်းဆောင်တို့သည်လည်း ရုပ်တုအားလုံးနှင့် ကိုယ်တိုင်ထုထွင်း၍ ကိုးကွယ်ခဲ့သော အရာများကို မေ့လျော့သွားပေမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ကိုသာ သီးသန့်တသကြပေမည်။ သို့ရှိရာ ယခု နောက်ဆုံးအဖြေသည် ပေါ်လွင်ထင်ရှားနေ၏။ ဤသို့ အသင်တို့

ကိုးကွယ်ကြသော ရုပ်တုနှင့် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အဆင့်တွင် ထားရှိခဲ့ကြသော အကိုးကွယ်ခံ ဘုရားများကိုသာ မိမိတို့၏ အခက်အခဲများ ဝေးကွာသောသူဟူ၍လည်းကောင်း၊ လိုအပ်ချက်ကို ဖြည့်ဆည်းသောသူဟူ၍ မှတ်ယူပြောဆိုနေကြသည်။ မည်သည့်အခါ ထိုကြီးကျယ်သော ဘေးဒုက္ခ ဆိုက်ရောက်ချိန်တွင် အသင်တို့ကို အကူအညီမပြုနိုင်ပေ။ အသင်တို့ ဤသို့သောအခါဝယ် အကူအညီပေးရန် တောင်းခံမှုပြုရန် ရဲဝံ့မည်မဟုတ်ပေ။ ထိုအရာများကို ကိုးကွယ်မှုပြုခြင်းနှင့် ထိုအရာများဖြင့် ဘေးဒုက္ခ ရောက်သောအခါ ထိုခက်ခဲမှုကို ကူညီပေးရန် မည်သည့်နေ့ရက်တွင် အကူအညီရရှိမည်နည်း။

ဤအကြောင်းအရာသည် အထက်ပါအာယသ်တော်၏ အကျဉ်းချုပ်ဖြစ်သည်။ ထိုထဲတွင် ဥပမာပုံစံဖြင့် ဤသို့ ပြသထားသည်။ အသင်တို့၏ 'ကုဖွ်ရ်' (သွေဖည်ငြင်းပယ်) ရှုရစ်က် တုဖက် နှိုင်းယှဉ်မှုနှင့် အမိန့်ဖီဆန်မှုတို့၏ ပြစ်ဒဏ်ခတ်မှုသည် ဤလောကသက်တမ်းတွင်လည်း အသင်တို့အပေါ် 'အဇားဗ်' ပြစ်ဒဏ် ကျရောက်နိုင်ပေသည်။ အကယ်၍ ဤလောကတွင် 'အဇား' ပြစ်ဒဏ် မကျရောက်ခဲ့ပါမူ 'ကေယာမသ်' ကျရောက်မည်မှာ မုချပင် ဖြစ်သည်။ ထို့နေ့တွင် လူသားတို့၏ အင်အား လုပ်ဆောင်ချက်များ၊ ကျင့်စဉ်များကို စစ်ဆေးမေးမြန်းမည်ဖြစ်သည်။ ထို့ပြင် အစားပေးခြင်းနှင့် အပြစ်ဒဏ်ပေးခြင်း အမိန့်ချမှတ်မည်ဖြစ်သည်။ ဤနေရာတွင် 'ကေယာမသ်' ၏ အလိုသဘောမှာ အများသိသည့် 'ကေယာမသ်' ၏ အဓိပ္ပာယ်လည်း ဖြစ်နိုင်သကဲ့သို့ ساعت ဟူသောစာလုံးဖြင့် ဤနေရာတွင် 'ကေယာမသ်စွဂ်ရာ' ဟုလည်း ဖြစ်နိုင်ပေသည်။ 'ကေယာမသ်စွဂ်ရာ' ၏ အလိုသဘောမှာ ၎င်းသည် လူသားတိုင်း၏ သေဆုံးသော အချိန်အခါတွင် ပေါ်ပေါက်၏။ ပမာဆိုရသော်-

مَنْ مَاتَ فَقَدْ قَامَتْ قِيَامَتُهُ

ဟူ၍ ကျော်ကြားလေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အကြင်သူသည် သေဆုံးသွားသော် ထိုသူ၏ 'ကေယာမသ်' ယနေ့မှ အစပြုလေသည်။ အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်' ၏ စာရင်းအင်း၏ အစမပြုမီ အလျင် နမူနာသည် 'ကဗရ်'၊ 'ဗရ်ဇခ်' သင်္ချိုင်းလောကမှ စတင်မှုပြုလေသည်။ ထို 'ကေယာမသ်' နေ့၏ အစားပေးမှုနှင့် အပြစ်ဒဏ်ခတ်မှုတို့၏ နမူနာသည်လည်း ဤနေရာမှ စတင်လေသည်။

ဤနေရာတွင် အမိန့်ဖီဆန်သော သူများကို ဖော်ပြပါအာယသ်တော်တွင် သတိပေးထားမှုဖြင့် သိရှိရသည်မှာ မိမိတို့၏ ဤသို့ အမိန့်ဖီဆန်မှုဖြင့်သာ သောကကင်း၍ မနေကြလေနှင့်။ ဤလောကတွင်လည်း အသင်တို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ချမှတ်မှု ကျရောက်နိုင်ပေသည်။ ပမာဆိုရသော် ရှေးယခင် အုမ္မသ်များအပေါ်ဝယ် ကျရောက်ခဲ့ပေသည်။ ဤသို့ ပြစ်ဒဏ်ကျရောက်မှု မဖြစ်ပေါ်ခဲ့လျှင်လည်း သေခြင်းတရား (သို့) 'ကေယာမသ်' ၏နောက်တွင် စစ်ဆေးမေးမြန်းမည်မှာ မုချပင် ဖြစ်သည်။

သို့သော် မိမိ၏ ဘဝသက်တမ်းတွင် မြောက်မြားစွာသော အချိန်ကာလများနှင့် ၎င်းတွင် တွေ့ကြုံရသော များပြားလှသည့် သုတအတွေ့အကြုံများဖြင့် လောကစကြဝဠာတစ်ခုလုံးကို စဉ်းစားတွေးခေါ်သော လူသား၏ အကျင့်မှာ ဤကဲ့သို့သော အကြောင်းကိစ္စများတွင် တွန့်ဆုတ်လေရှိသည်။ ၎င်းတို့သည် နဗီတမန်

တော်များ၏ ခြိမ်းခြောက်သတိပေး လှုံ့ဆော်မှုတို့ကို သံသယအတွေးဟုဆိုကာ တွန့်ဆုတ်မှုပြုကြလေသည်။ အထူးသဖြင့် ဤကဲ့သို့သော အခြေအနေဖြစ်ရပ်များသည် ခေတ်ကာလတိုင်း၌ ဖြစ်ပေါ်လေ့ရှိသည်။ ဆိုလိုသည်မှာ လူအများသည် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၏ အမိန့်အား ဖီဆန်မှုပြုနေကြသော်လည်း တိုးတက်ပွင့်လန်းလေ့ ရှိနေသည်။ လောက၌ ပစ္စည်းဥစ္စာ၊ ဂုဏ်ပကာသန ထည်ဝါမှု အားလုံး ရရှိသည်။ တစ်ဖက်တွင် ဤဘက်သို့ ရှုမြင်ရ၍ အခြားတစ်ဖက်တွင်မူ အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်များ၏ ဤခြိမ်းခြောက်သတိပေး လှုံ့ဆော်မှုကို နာမခံသူများအပေါ်တွင် 'အဓားဗ်' အပြစ်ဒဏ်များလည်း ကျရောက်လေ့ရှိသည်။ အကြင်အခါ ထိုဖြစ်ရပ်နှစ်ခုစလုံးကို ရောပေါင်းကြည့်ပါမူ ၎င်းတို့၏ ကောက်ကျစ်သော အကျင့်နှင့် ရိုက်သွာန်သည် ၎င်းကို သင်ပေးသည်မှာ နဗီတမန်တော်များ၏ အဆိုအမိန့်သည် လှည့်စားဖြားယောင်းသော သံသယအတွေးပင် ဖြစ်ပေသည်။

၎င်းတို့ကို တုန့်ပြန်သည့်အနေဖြင့် အထက်ပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ယခင်အုမ္မသ်သားများ၏ အကြောင်းအရာများနှင့် ၎င်းတို့အပေါ် ပြဋ္ဌာန်းထားသော ဥပဒေ၏ စွမ်းအားကို တင်ပြထားပေသည်။ အမိန့်ရှိသည်မှာ-

وَلَقَدْ اَرْسَلْنَا اِلٰى اُمَمٍ مِّن قَبْلِكَ فَاَخَذْنَا هُمْ بِالْبَاْسَاۤءِ

وَالضَّرَّاۤءِ لَعَلَّهُمْ يَتَضَرَّعُوْنَ

ငါအသျှင်မြတ်သည် အသင် (တမန်တော်မြတ် ﷺ) အလျှင် ရှိခဲ့ကြကုန်သော လူမျိုးများထံသို့လည်း ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့လေသည်။ ပုံစံနှစ်မျိုးဖြင့် ထိုသူတို့ကို စမ်းသပ်မှု ယူခဲ့လေသည်။ ပထမတစ်ခုမှာ အနည်းငယ် ပြင်းပြင်းထန်ထန် ဒုက္ခရောက်စေကြ၍ စမ်းသပ်မှုပြုပြီး ဤသို့ ဒုက္ခများမှ စိုးရိမ်ကြောက်ရွံ့၍ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ရောက်ရှိသည်၊ မရောက်ရှိသည်ကို စမ်းသပ် ခဲ့ပါသော်လည်း ဤစမ်းသပ်မှုသည် မအောင်မြင်ခဲ့ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ဘက်သို့ မလှည့်ခဲ့ကြပေ။ အမိန့်ဖီဆန်မှုများ ပြုလုပ်လျက်ရှိကြ၏။ သို့ရှိရာ ယခု ဒုတိယအမျိုးဖြင့် စမ်းသပ်မှုပြုပေသည်။ ထိုသူတို့ကို လောက၏ စည်းစိမ်ယစ်မောမှုတို့၏ လမ်းစဖွင့်ပေးလိုက်လေသည်။ လောက၏ လိုအပ်ချက်ဟူသမျှ အားလုံးကို ပေးခဲ့လေသည်။ ထိုသူတို့သည် ဤသို့သော စည်းစိမ်ပစ္စည်းဥစ္စာများကို တွေ့၍ မိမိတို့ကို ချီးမြှင့်သော စည်းစိမ်များနှင့် ကျေးဇူးတော်များကို သိရှိသင့်၏။ ၎င်းဖြင့် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်ကို သတိရရန်ဖြစ်သည်။ သို့သော် ထိုသူတို့သည် ဤသို့ စမ်းသပ်မှုတွင်လည်း မအောင်မြင်ခဲ့ပေ။ မိမိတို့ကို ချီးမြှင့်သော ကျေးဇူးစည်းစိမ်များကိုလည်းကောင်း၊ ကျေးဇူးသိတတ်မှုမရှိပေ။ ထိုသူတို့သည် စည်းစိမ်ယစ်မောမှုတွင် ရောက်ရှိမေ့လျော့၏။ ဤသို့ လွင့်မျောသွားကြ၏။ အလ္လာဟ်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားမှုတို့ကို လုံးဝ မေ့ပစ်လိုက်ကြ၏။ ရက်အနည်းငယ် စည်းစိမ်များဖြင့် မကောင်းသည့်ပုံစံနှင့် ယစ်မူးခဲ့ကြသော် ပုံစံနှစ်မျိုးစလုံး၏ စမ်းသပ်မှုတွင် အောင်မြင်မှု မရရှိပြီးသည့်နောက် ထိုအပေါ် အမျိုးမျိုးသော အထောက်အထားများဖြင့် ပြီးပြည့်စုံသွားပါသော် အလ္လာဟ်

အသျှင်မြတ်၏ 'အအေးဓါ'ပြစ်ဒဏ်သည် ရုတ်တရက် ကျရောက်ခဲ့ပေသည်။ ၎င်းတို့နှင့်ပတ်သက်၍ မျိုးစဉ်မျိုးဆက်များ မကျန်ရှိတော့သည်အထိ ၎င်းတို့ကို ဖျက်ဆီး ပပျောက်စေတော်မူခဲ့သည်။

ဤသို့ 'အအေးဓါ'အပြစ်ဒဏ်သည် ရေးယခင်အွမ္မသ်သားများအပေါ် အများအားဖြင့် ကျရောက်သည့်ပုံစံမှာ တစ်ခါတစ်ရံ မိုးကောင်းကင်မှလည်းကောင်း၊ တစ်ခါတစ်ရံ မြေပထဝီမှလည်းကောင်း၊ တစ်ခါတစ်ရံ အခြားသော ပုံသဏ္ဌာန်ဖြင့် ပြစ်ဒဏ်တစ်ခုသည် အားလုံးအပေါ် ကျရောက်ခဲ့ရာ မျိုးနွယ်စုတစ်ခုလုံး ထိုပြစ်ဒဏ်တွင် ကျရောက်ခဲ့ပေသည်။ ဟဇရတ်နူးဟ် ﷺ မျိုးနွယ်စုအားလုံးကို ဤကဲ့သို့ ရေဘေးဒဏ် (ရေမုန်တိုင်း) ဖြင့် ဝန်းရံခြင်းခံရ၍ တောင်များ၏ အစွန်းများအပေါ်သို့လည်း မခိုလှုံနိုင်ခဲ့ပေ။ 'ကောင်မေ့အာဒ်'ပေါ် လေပြင်းမုန်တိုင်း၏ ရစ်ရက်တိုင် ဆက်တိုက်ကျရောက်ခဲ့သည်။ ထိုသူများထဲမှ တစ်ဦးတစ်ယောက်မျှ မကျန်ရှိတော့ပေ။ 'ကောင်မေ့စမူးဒ်'ကို ကြောက်မက်ဖွယ်ကောင်းသော အသံတစ်ခုဖြင့် ဖျက်ဆီးပြစ်ခဲ့၏။ 'ကောင်မေ့လူးသ္ဂ'၏ တစ်ရွာလုံးကို ပြောင်းပြန်လှန်ခဲ့သည်။ ယနေ့တိုင် 'အွရ်ဒွန်'ဟု ခေါ်သော နေရာတွင် အံ့ဖွယ်ရေတစ်မျိုးပုံစံဖြင့် တည်ရှိနေ၏။ ၎င်းရေထဲတွင် မည်သည့်တိရစ္ဆာန် ဖား၊ ငါး စသည်တို့သည် အသက်ရှင်မနေနိုင်ပေ။ ဤအတွက်ကြောင့် ၎င်းကို 'ပင်လယ်သေ'အမည်ဖြင့် ခေါ်ဝေါ်ကြပေသည်။ ထို့ပြင် 'ဗဟ်ရိလူးသ်'ဟုလည်း ကျော်ကြား၏။

အချုပ်ဆိုရသော် ရှေးယခင်အွမ္မသ်များ၏ အမိန့်ဖီဆန်မှုများ၏ ပြစ်ဒဏ်သည် များသောအားဖြင့် အမျိုးမျိုးသော ပြစ်ဒဏ်ခတ်မှုပုံစံနှင့် ပေးခဲ့၏။ ၎င်းပြစ်ဒဏ်ဖြင့် တစ်ပြိုင်နက်မျိုးနွယ်စုအားလုံးသည် ပျက်စီးသွားပေသည်။ တစ်ခါတစ်ရံ ဤသို့လည်း ဖြစ်ခဲ့သည်မှာ သဘာဝပုံစံဖြင့် သေဆုံး၍ ရှေ့ဆက်၍ အခြားလူတစ်ဦးတစ်ယောက်ကမျှ ၎င်းအား အမည်ကို ခေါ်ဝေါ်မည့်သူ မရှိပေ။

ဖော်ပြပါအာယသ်တော်တွင် ဤသည်ကိုလည်း ဖော်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မျိုးနွယ်စုတစ်ခုလုံးအပေါ် အားလုံး၏ ပြစ်ဒဏ်ကို ရုတ်တရက် ချမပေးပေ။ သို့သာမက သတိပေးသည့်အနေဖြင့် အနည်းအကျဉ်း ပြစ်ဒဏ်များသာ ချပေးခဲ့လေသည်။ ၎င်းပြင် ကောင်းသော အကျင့်တရားရှိသူတို့သည် မိမိတို့၏ သတိမေ့လျော့မှုမှ အသိတရားဝင်ရောက်ကာ လမ်းမှန်ပေါ်သို့ ရောက်ရှိနိုင်ပေသည်။ ၎င်းပြင် ဤသည်ကိုလည်း သိရှိရသည်မှာ အကြင်ဒုက္ခများသည် လောကဌ်ပင် ပြစ်ဒဏ်ချသည့် ပုံစံဖြင့် ကျရောက်ခဲ့သည်။ ၎င်း၏ပုံစံသည် ပြစ်ဒဏ်ပေးသည့် ပုံစံဖြစ်သော်လည်း အမှန်စင်စစ်တွင် ၎င်းသည်လည်း ပြစ်ဒဏ်ပေးခြင်း မဟုတ်ရုံသာမက မေ့လျော့မှုမှ အသိတရားနှင့် သတိလာရန်အတွက် ဖြစ်သည်။ အထက်ပါပုံစံဖြင့် အပြစ်ပေးခြင်းသည် သနားကြင်နာမှုရှိကြောင်း ဖော်ညွှန်းပြသ၍ ကျမ်းမြတ်ကုရ်အာန်၏ အခြားတစ်နေရာတွင် အမိန့်ရှိသည်မှာ-

وَلَنُذِيقَنَّهُم مِّنَ الْعَذَابِ الْأَدْنَىٰ دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ

'ငါအသျှင်မြတ်သည် ထိုသူတို့ကို ကြီးမားသော ပြစ်ဒဏ် မမြည်းစမ်းမီအလျင် သေးငယ်သော ပြစ်ဒဏ်တစ်ခုကို မြည်းစမ်းစေခဲ့၏။ သို့မှသာ ထိုသူသည် ယခု လမ်းမှန်ကို နားလည်၍ မိမိ၏ မှားယွင်းသော လမ်းမှ ရှောင်ထွက်နိုင်ပေမည်။'

ဖော်ပြပါအာယသ်တော်ဖြင့် ဤသံသယသည်လည်း ကင်းရှင်းသွားပေသည်။ ၎င်းမှာ ဤလောကတွင် 'ဒါရ်ုလ်ဂျဇာ' (အစားပေးနေရာ) မဟုတ်ပေ။ သို့သာမက 'ဒါရ်ုလ်အမလ်' (ကျင့်ကြံဆောက်တည်ရမည့်နေရာ) ဖြစ်သည်။ ဤလောကတွင် အကောင်း၊ အဆိုးကို တစ်စုတစ်စည်းတည်းဖြင့် တည်ရှိနေ၏။ သို့သာမက မကောင်းမှုသည် ကောင်းမှုထက် မွန်မြတ်ခဲ့လျှင် ဤလောက၌ ပြစ်ဒဏ်ချမှတ်မှုသည် မည်သို့နည်း။ အဖြေသည် ထင်ရှား၏။ အစစ်အမှန် အစားပေးမှုနှင့် အပြစ်ဒဏ်ခတ်မှုတို့သည် 'ကေယာမသ်'နေ့တွင် ဖြစ်ရှိမည်။ ၎င်း၏အမည်ကို يَوْمُ الدِّيْنِ အလိုမှာ အစားပေးသောနေ့ဟု ခေါ်သည်။ သို့သော် အချို့သော အပြစ်ဒဏ်များသည် 'အဇားဗ်'ပြစ်ဒဏ်၏ နမူနာပုံစံဖြစ်သည်။ ၎င်းအပြင် အချို့သော အေးချမ်းသာယာမှုများသည် 'စဝါးဗ်'၏ နမူနာပုံစံဖြင့် ဤလောကတွင် အသျှင်မြတ်၏ဘက်မှ သင့်တော်လျော်ညီသော ပုံစံမျိုးဖြင့် ပေးပို့တော်မူခဲ့၏။ အချို့သော သူတော်စင်များက အမိန့်ရှိသည်မှာ တစ်လောကလုံးရှိ အရသာ ဟူသမျှတို့နှင့် စည်းစိမ်ဟူသမျှတို့သည်လည်း 'ဂျန္နသ်' ရှိ စည်းစိမ်များ၏ နမူနာဖြစ်ချေသည်။ သို့မှသာ လူသားသည် ထိုဘက်သို့ စိတ်ဝင်တစားရှိပေမည်။ အဘယ်မျှလောက်သော ဘေးဒုက္ခ၊ ပူဆွေးမှုသောကများသည် ဤလောက၌ရှိခဲ့ရာ ၎င်းတို့အားလုံးသည် 'အာခေရသ်'နောင်တမလွန် ပြစ်ဒဏ်များ၏ နမူနာဖြစ်သည်။ သို့မှသာ လူသားတို့သည် ၎င်းမှ ရှောင်ရှားရန် စိမ့်မှုပြုပေးနိုင်မည်။ သို့တည်းမဟုတ် နမူနာမရှိပါက မည်သည့်အရာဘက်သို့မျှ စိတ်ဝင်တစားဖြစ်ရန် မလုပ်နိုင်ပေ။ အခြားအရာနှင့်လည်းပဲ မခြိမ်းခြောက်နိုင်ပေ။

အချုပ်ဆိုရသော် လောကတွင် စိမ်ခံမှုနှင့် ဘေးဒုက္ခတို့၏ မူရင်းဇစ်မြစ်သည် အပြစ်ဒဏ်ခတ်မှုနှင့် အစားပေးမှုမဟုတ်ပေ။ သို့သာမက အပြစ်ဒဏ်ခတ်မှုနှင့် အစားပေးမှုတို့၏ နမူနာဖြစ်သည်။ ဤလောကတစ်ခုလုံးသည် နောင်တမလွန်ဘဝ၏ ပြခန်းသဖွယ်ဖြစ်သည်။ ၎င်းပြခန်းတွင် ကုန်ရောင်းသူတို့သည် မိမိ၏ ပစ္စည်းကို နမူနာပြသရန်အတွက် ဆိုင်ရှေ့တွင် ခင်းကျင်းပြသထား၏။ ထိုပစ္စည်းများကို တွေ့၍ ဝယ်သောသူသည် ဝယ်လိုစိတ် ပေါ်ပေါက်ရန်ဖြစ်သည်။ ၎င်းဖြင့် သိရှိရသည်မှ လောက၏ ပူဆွေးသောကနှင့် စည်းစိမ်ယစ်မူးမှုတို့၏ မူရင်းဇစ်မြစ်သည် အစားပေးမှုနှင့် ပြစ်ဒဏ်ခတ်မှုတို့ မဟုတ်ပေ။ သို့သာမက ဖန်ဆင်းရှင်နှင့် ပြတ်တောက်လျက်ရှိသော အဖန်ဆင်းခံတို့၏ တော်စပ်မှုကို မိမိ၏ ဖန်ဆင်းရှင်ဖြင့် တစ်ဖန်ပြန်လည် ဆက်သွယ်မှုရရှိစေသည့် အစီအစဉ်တစ်ခု ဖြစ်၏။

ဖော်ပြပါအာယသ်၏အဆုံးတွင် ၎င်းအမြော်အမြင်၏ အကြောင်းအရာကို

لَعَلَّهُمْ يَتَضَرَّعُوْنَ

ဟူ၍ အမိန့်ရှိထားလေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဆင်းရဲဒုက္ခများနှင့် ရောဂါဝေဒနာများ လောကတွင် ဆိုက်ရောက်စေခြင်း၏ ရည်ရွယ်မှုဇစ်မြစ်သည် 'အဇားဗ်' အပြစ်ဒဏ်ပေးခြင်း မဟုတ်သည်သာမက သဘာဝအလျောက် ဘေးဒုက္ခကျရောက်မှုသည် လူတိုင်းလူတိုင်း အလ္လာဟ်အသျှင်မြတ်အား တသ သတိရစေခြင်းအတွက် ဖြစ်၏။ ဤအတွက်ကြောင့် ထိုသို့ ကြုံကြိုက်

စေ၍ မိမိဘက်သို့ ရောက်ရှိစေရန် ရည်ရွယ်ခြင်းသာ ဖြစ်ပေသည်။ ၄င်းဖြင့် သိရှိရသည်မှာ ဤလောကတွင် ခက်ခဲမှုနှင့် ဘေးဒုက္ခကျရောက်ခြင်း တို့သည် 'အဇားဗ်'အပြစ်ဒဏ်ပုံစံဖြင့် အဖွဲ့အစည်း (သို့) အခြားတစ်ဦးဦး အပေါ် ကျရောက်ခဲ့သည်ရှိသော် ၄င်းသည် တစ်နည်းအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ဘက်မှ 'ရဟ်မသ်' မင်္ဂလာ ကျရောက်မှုသာ ဖြစ်ပေ၏။ ထို့နောက် တတိယအာယသ်တော်တွင် ဆက်လက်၍ အမိန့်ရှိသည်မှာ-

فَتَحۡنَا عَلَيۡهِمۡ اَبۡوَابَ كُلِّ شَيۡءٍ

မည်သည့်အခါ ထိုသူတို့၏ အမိန့်ဖီဆန်မှုသည် အတိုင်းထက်အလွန် ပိုခဲ့ပါသော် ထိုအခါ အလွန် စိုးရိမ်ကြောက်ရွံ့ဖွယ်ကောင်းသော စမ်းသပ်မှုတွင် ထိုသူတို့ကို ကျရောက်စေခဲ့ပေသည်။ ထိုသူတို့အပေါ်၌ လောက၏ ခပ်သိမ်းကုန်သော စည်းစိမ်ဥစ္စာ ပစ္စည်းနှင့် စည်းစိမ်ခံစားနိုင်သော အရာများ၊ အောင်မြင်မှု၏ တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။ ၄င်းဖြင့် အားလုံးသော လူသားတို့၏အပေါ် ဤသို့ စကားရပ်ကို သတိပေးခဲ့ခြင်း ဖြစ်ပေသည်။ ဤလောကတွင် အဖွဲ့အစည်းတစ်ခုခု (သို့) လူတစ်ဦးဦး၏ စည်းစိမ်ခံစားစေ သော သူများကို ကြည့်ရှု၍ အလှည့်စားခံ၍ မနေနှင့်။ ဤသို့သော သူတို့သည်သာလျှင် လမ်းမှန် အပေါ်တွင် ရှိသည်ဟု မထင်လေနှင့်။ သို့သာမက တစ်ခါတစ်ရံ ဤသို့ 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ခြင်းခံရမည့် သူများသည်လည်း ဤကဲ့သို့ စည်းစိမ်ယစ်မူးသော အခြေအနေတွင် ရှိကြ၏။ ၄င်းတို့အား ရုတ်တရက် မမျှော်လင့်ဘဲ ပြင်းထန်သော အပြစ်ဒဏ်ပေး၍ ဒဏ်ခတ်တော်မူခြင်း ခံရပေမည်။

သို့ပါ၍ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ 'အကယ်၍ အသင်တို့သည် လူတစ်ဦးဦးအပေါ် စည်းစိမ်ဥစ္စာပစ္စည်းများ စဉ်ဆက်မပြတ် ချပေးခဲ့သည်ကို တွေ့ရှိခဲ့ပေမည်။ ၄င်းတို့သည် မိမိတို့၏ အပြစ် 'ဂိုနာဟ်'များနှင့် အမိန့်ဖီဆန်တို့တွင် ဆက်လက် ကျရောက်နေသည်ဆိုပါသော် ၄င်းတို့သည် လုပ်ထုံး လုပ်နည်းနှင့် ဆန့်ကျင်သော အလုပ်တွင် လုပ်ဆောင်နေကြလေသည်။ ၄င်းစည်းစိမ် ဥစ္စာပစ္စည်း များပြားမှု သည် ၄င်းတို့၏ပြင်းထန်သည့် 'အဇားဗ်'ပြစ်ဒဏ်သို့ ကျရောက်မှု၏ နိမိတ်လက္ခဏာတစ်ခုပင် ဖြစ်ပေသည်။

သဖ်စီးရ်ပညာရှင် အိဗ်နေကျရီးရ် (ရဟ) သခင်သည် အိုဗာဒဟ် ဗင်နိ ဆွာမိသ် ﷺ သခင်၏ ဆင့်ပြန် ချက်ဖြင့် ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အခြား မျိုးနွယ်ဝင်တစ်ခုခုကို ကျန်ရှိစေရန်နှင့် တိုးပွားများပြားရန် ဆန္ဒရှိပါသော် အချက်နှစ်ချက်သည် ၄င်းတို့တွင် ပေါ်ပေါက်စေခဲ့၏။ ပထမအချက်မှာ လုပ်ငန်းတိုင်းကို လုပ်ဆောင်ရာတွင် အလယ်အလတ် လုပ်ဆောင်ရှက် စေ၍ အခြားတစ်ချက်မှာ ရှောင်ကြဉ်ခြင်း (အလိုသဘောမှာ မမှန်ကန်သော အရာများကို သုံးစွဲမှုမှ ရှောင် ကြဉ်ခြင်း) တို့ ဖြစ်ပေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အခြားမျိုးနွယ်စုတစ်ခုခုကို ဖျက်ဆီး စေရန် လိုပါသော် (ခိယာနသ်) အလွဲသုံးစား သုံးစွဲမှုနှင့် မကောင်းသော အကျင့်စရိုက်များ ပြုလုပ်လျက် ရှိပြီး လောကတွင် အောင်မြင်မှုရှိသည်ဟု တွေ့မြင်ရပေသည်။ နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိ

သည်မှာ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်သည် အားလုံးအပေါ် ကျရောက်လာပါသော် ညှဉ်းပန်းနှိပ်စက်မှုတို့၏ မျိုးဆက်သည်လည်း ပြတ်တောက်ပစ်လိုက်လေသည်။ ထို့နောက် အမိန့်ရှိသည်မှာ-

وَ الْحَمْدُ لِلّٰهِ رَبِّ الْعَالَمِيْنَ

ပြစ်မှုကျူးလွန်သူတို့နှင့် ညှဉ်းပန်းနှိပ်စက်သူတို့အပေါ် 'အဇားဗ်'ပြစ်ဒဏ်၊ ဘေးဒုက္ခကျရောက်လာပါသော် တစ်လောကလုံးအတွက် ကျေးဇူးတရားတစ်ခုပင် ဖြစ်ကြောင်း ရည်ညွှန်းပေ၏။ ၄င်းဖြင့် လူတို့သည် အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်ကြရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ اَرَءَيْتُمْ اِنْ اَخَذَ اللّٰهُ سَمْعَكُمْ وَ
اَبْصَارَكُمْ وَخَتَمَ عَلٰى قُلُوْبِكُمْ مَّنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِهٖ ۭ اُنْظُرْ
كَيْفَ نُصَرِّفُ الْاٰيٰتِ ثُمَّ هُمْ يَصْدِفُوْنَ ۝٤٦

၆ : ၄၆ ။ ။ (အို, နဗီတမန်တော်) အသင် ပြောကြားပါလေ။ '(အချင်းတို့) အသင်တို့ ပြောပြကြကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကြားနိုင်သော စွမ်းအားနှင့် မြင်နိုင်သော စွမ်းအားများကို ရုပ်သိမ်းတော်မူလိုက်လျှင် ၄င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများကို တံဆိပ်ခတ်နှိပ်တော်မူလိုက်လျှင် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ထိုစွမ်းအား (များ) ကို အသင်တို့အား ပြန်လည်ပေးနိုင်မည့် ကိုးကွယ်ရာ အသျှင်ကား မည်သူရှိပါသနည်း။' အို, (နဗီတမန်တော်) ငါအသျှင်မြတ်သည် ('သောင်ဟီးဒ်'နှင့် စပ်လျဉ်း၍) သက်သေသာဓကများကို မည်သို့မည်ပုံ (အမျိုးမျိုးအဖုံဖုံ) ပြသတော်မူလျက် ရှိသည်ကို အသင် ရှုပါလေ။ သို့ပါလျက် ထိုသူများသည် လွှဲဖယ်လျက်ပင် ရှိကြသည်။

قُلْ اَرَءَيْتَكُمْ اِنْ
اَتٰىكُمْ عَذَابُ اللّٰهِ بَغْتَةً اَوْ جَهْرَةً هَلْ يُهْلَكُ اِلَّا الْقَوْمُ الظّٰلِمُوْنَ ۝٤٧

၆ : ၄၇ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၄င်းတို့အား ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ (အို, အချင်းတို့) အသင်တို့ ပြောပြကြလေကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့အပေါ်သို့ ရုတ်တရက်သော်လည်းကောင်း၊ အထင်အရှားသော်လည်းကောင်း ကျရောက်ခဲ့ပါလျှင် မတရားကျူးလွန်သော သူတို့မှအပ (အခြားသူများလည်း) ဖျက်ဆီးခြင်းခံကြရမည်သာ။

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ فَمَنْ اٰمَنَ وَاَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿٤٨﴾

၆ : ၄၈ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်အပေါင်းတို့ကို (သူတော်ကောင်းတို့အား) ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပေးသူများနှင့် (သူယုတ်မာတို့အား) သတိပေးနှိုးဆော်သူများအဖြစ်သာလျှင် စေလွှတ်တော်မူ၏။ သို့ဖြစ်ပေရာ ကြည်ဖြူစွာ အီမာန်သက်ဝင်ယုံကြည်ပြီး မိမိတို့ကိုယ်ကို ပြုပြင်ခဲ့ကြပါမူ ထိုကဲ့သို့သော သူတို့အဖို့ မည်သို့မျှ စိုးရိမ်ရန်လည်း မရှိ။ ထို့ပြင် ၎င်းတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوْا يَفْسُقُوْنَ ﴿٤٩﴾

၆ : ၄၉ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့မှာမူ ထိုသူတို့သည် စည်းမျဉ်းကို ဖောက်ဖျက် (၍ ငါအသျှင်မြတ်၏ အမိန့်တော်ကို မနာခံ) ကြသည့်အတွက် ၎င်းတို့အပေါ်၌ အပြစ်ဒဏ်သည် သက်ရောက်လိမ့်မည်သာ ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (ထိုသူတို့ကို) ပြောကြားပါလေ။ အသင်တို့ ပြသကြကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကြားနာနိုင်သော စွမ်းအားနှင့် မြင်နိုင်သော စွမ်းအားများကို ရုပ်သိမ်းတော်မူလိုက်လျှင် (အသင်သည် အနည်းငယ်မျှပင် မကြားနိုင်၊ မမြင်နိုင်ခဲ့ပေ။) ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများကို တံဆိပ်ခတ်နှိပ်လျှင် (အသင်တို့သည် မည်သည့်အကြောင်းအရာကိုမျှ နားလည်သဘောပေါက်မှု မရှိခဲ့ပါသော်) အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ထိုစွမ်းအားများကို အသင်တို့အား ပြန်လည်ပေးနိုင်မည့် ကိုးကွယ်ရာ အသျှင်မြတ်သည် မည်သူရှိပါသနည်း။ (အသင်တို့၏ ဝန်ခံမှုသည်လည်း ဤသို့ မဟုတ်ပေ။ မည်သို့ မည်သူကို ကိုးကွယ်ခံထိုက်သူ ဖြစ်သည်ဟု မှတ်ယူရမည်နည်း) ငါအလ္လာဟ်အသျှင်မြတ်သည် မည်သို့မည်ပုံ အမျိုးမျိုးအဖုံဖုံ သက်သေလက္ခဏာများ ပြသတော်မူလျက် ရှိသည်ကို အသင် (တမန်တော်) ကြည့်ရှုပါလေ။ (သို့သော်လည်း ထိုသက်သေလက္ခဏာများကို စဉ်းစား၍ ၎င်းရရှိသည့် ရလဒ်ကိုလည်း လက်ခံခြင်းမှ) ထိုသူတို့သည် လွှဲဖယ်လျက်ရှိကြသည်။ အသင် (တမန်တော်) သည် (၎င်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ အသင်တို့ ပြောဆိုကြလေကုန်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့၏အပေါ်သို့ ရုတ်တရက်သော်လည်းကောင်း၊ အထင်အရှားသော်လည်းကောင်း ကျရောက်ပါလျှင် မတရားကျူးလွန်သောသူတို့မှအပ (ထိုအပြစ်ဒဏ်ဖြင့်) အခြားသူများသည်လည်း ဖျက်ဆီးခြင်းခံကြရမည်လော။ (အလိုမှာ အကယ်၍ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်ခဲ့ပါသော် ထို 'အဇားဗ်' ပြစ်ဒဏ်သည် အသင်တို့၏ ဆိုးသွမ်း ညှဉ်းပန်းနှိပ်စက်မှုပြုခြင်းအပေါ်၌ အသင်တို့

ခံရခြင်းဖြစ်၏။ မှအ်မင်န်များသည် ၎င်းပြစ်ဒဏ်မှ လွတ်မြောက်မှု ရရှိမည်ဖြစ်သည်။ ဤအတွက်ကြောင့် အသင်တို့ သတိရှိစွာ နေရမည်။ ထိုပြစ်ဒဏ်တွင် ထိုတပ်တို့နှင့်အတူ မွတ်စ္စလင်မ်တို့အပေါ်၌လည်း ကျရောက်ပါဝင်မည်ဟူသော ယူဆချက်များကို မေ့ထားရန် လိုအပ်ပေသည်။)

ငါအလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်အပေါင်းတို့ကို (၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို တိကျခိုင်လုံသော အထောက်အထားဖြင့် အတည်ပြု သတ်မှတ်ပြီးဖြစ်၏။) သီးသန့် ဤအတွက် စေလွှတ်ခဲ့ကြပေသည်။ ၎င်းတို့သည် (အီမာန်သက်ဝင် ယုံကြည်သူများနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဖီဆန်သော သူများနှင့် အပြစ်ဒုစရိုက်ကျူးလွန်သော သူများကို အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်ရှခြင်းမှ) သတိပေးနှိုးဆော်သူများအဖြစ်သာလျှင် စေလွှတ်လေ့ရှိပေသည်။ (အားလုံးသော အထောက်အထားခိုင်လုံစွာ ရောက်ရှိပြီးသည့်နောက် ဆန့်ကျင်သူများသည် ရန်ငြိုးထားသော လမ်းစဖြင့် ပျက်စီးစေရန် တောင်းခံမှုများပြုခဲ့ပါမူ မည်သို့ တတ်နိုင်မည်နည်း။ ထိုသို့ တောင်းခံမှုအားလုံးအား အပြည့်အဝ ပြုလုပ်ဆောင်ရွက်၍ ပြသရမည်လော။ ဤအတွက် စေလွှတ်ခဲ့ခြင်း မဟုတ်ပေ။) တစ်ဖန် (ထိုရစူလ်တမန်တော်များ၏ ဝမ်းမြောက်ဖွယ်သတင်းနှင့် သတိပေးနှိုးဆော်မှုများ၏ နောက်) အကြင်သူသည် အီမာန်သက်ဝင်ယုံကြည်ပြီး (မိမိ၏ယုံကြည်ချက်နှင့် ကျင့်ကြံမှု) အခြေအနေကို ပြုပြင်ခဲ့ပါမူ ထိုကဲ့သို့သော သူတို့သည် (အာခိရသ် နောင်တမလွန်ဘဝတွင်) မည်သည့်စိုးရိမ်မှုမှ မရှိပေ။ ၎င်းတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။ အကြင်သူသည် (ထိုဝမ်းမြောက် ဖွယ်သတင်း ရောက်ရှိပြီးသည့်နောက်) ငါအသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်သော သူတို့မူကား ၎င်းသူတို့သည် (အချို့အခါမျိုးတွင် ဒွန္နယာလောက၌ပင်မက အာခိရသ် တမလွန်ဘဝတွင် ကေန်မုချ) စည်းမျဉ်းကို ကျူးကျော်ဖောက်ဖျက်ကြသည့်အတွက် ၎င်းတို့အပေါ်၌ အပြစ်ဒဏ်သည် ကျရောက်လိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ لَّآ اَقُوْلُ لَكُمْ عِنْدِيْ خَزَاۤىِٕنُ اللّٰهِ وَلَآ اَعْلَمُ
الْغَيْبَ وَلَآ اَقُوْلُ لَكُمْ اِنِّيْ مَلَكٌۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَيَّۗ
قُلْ هَلْ يَسْتَوِى الْاَعْمٰى وَالْبَصِيْرُۗ اَفَلَا تَتَفَكَّرُوْنَ ۝٥٠

၆ : ၅၀ ။ ။ (အို, နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့) ပြောကြားပါလေ။ (အို, အချင်းတို့) အသင်တို့အား ကျွန်ုပ်ထံ၌ အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များ ရှိသည်ဟူ၍လည်း ကျွန်ုပ်သည် အသင်တို့အား ပြောဆိုသည် မဟုတ်။ အကွယ်၌ ရှိသည်တို့ကိုလည်း မြင်သည် (ဟူ၍ ပြောဆိုသည်မဟုတ်။) ထို့ပြင် ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း အသင်တို့အား ပြောဆိုသည်မဟုတ်။ အမှန်စင်စစ် ကျွန်ုပ်သည် မိမိထံ ကျရောက်လာသော 'ဝဟီ' (အမိန့်တော်) တော်များကိုသာ လိုက်နာလျက် ရှိသည်။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'မျက်စိကန်းသူနှင့် မျက်စိမြင်သော

သူသည် တူနိုင်ပါ၏လော။ သို့ဖြစ်ပါလျက် အသင်တို့သည် စဉ်းစားဆင်ခြင် လေ့လာသုံးသပ်ခြင်း မပြုကြလေသလော’ဟူ၍ ပြောဆိုမေးမြန်းပါလေ။

وَأَنذِرْ بِهِ الَّذِينَ يَخَافُونَ أَن يُحْشَرُوا إِلَىٰ رَبِّهِمْ ۙ لَيْسَ لَهُم مِّن دُونِهِ وَلِيٌّ وَلَا شَفِيعٌ لَّعَلَّهُمْ يَتَّقُونَ ﴿٥١﴾

၆ : ၅၁ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) မိမိတို့၏ အသျှင်မြတ်ထံတော်တွင် ထိုအသျှင်မြတ်မှတစ်ပါး ကိစ္စအဝဝကို ကူညီစောင်မပေးမည့်သူ ဟူ၍လည်းကောင်း၊ (အပြစ်မှ ချမ်းသာခွင့် ရရှိရန်) ကြားဝင် အသနားခံပေးမည့်သူ ဟူ၍လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ မရှိသော အခြေအနေမျိုးနှင့် စုရုံးကြရမည်ကို ကြောက်ရွံ့စိုးရိမ် (ထိတ်လန့်နေ) သော သူတို့အား အသင်သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် သတိပေးနှိုးဆော်ပါလေ။ သို့မှသာလျှင် ထိုသူတို့သည် (ပြစ်မှုဒုစရိုက်) တို့မှ ရှောင်ကြဉ်နိုင်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင် (တမန်တော်) ထို (ဆန့်ကျင်သောသူများကို ဤသို့) ပြောဆိုပါလေ။ ကျွန်ုပ်ထံတွင် အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များရှိသည်ဟူ၍လည်း ကျွန်ုပ်သည် အသင်တို့အား ပြောဆိုမည်မဟုတ်။ (အကြင်မည်သည့်အရာမဆို ကျွန်ုပ်ထံမှ တောင်းခံမှုပြုခဲ့သော် ကျွန်ုပ်၏ စွမ်းအားဖြင့် ဖြည့်ဆည်းပေးရမည်လော။) ကျွန်ုပ်သည် အကွယ်၌ရှိသည့် အရာအားလုံးတို့ကို မြင်သည်မဟုတ်ပေ။ (၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်ဖြစ်သည်။) ၎င်းပြင် ကျွန်ုပ်သည် ကောင်းတမန်ဖြစ်သည်ဟူ၍လည်း အသင်တို့အား ပြောဆိုမည်မဟုတ်ပေ။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိထံ ကျရောက်လာသော ‘ဝဟီ’အမိန့်တော်ကိုသာ လိုက်နာလျက်ရှိ၏။ (၎င်းဖြင့် ဝဟီကျရောက်ရန် လိုအပ်သည့်အပေါ် မိမိကိုယ်တိုင် ‘အမလ်’ ကျင့်ကြံရန် ပါဝင်သကဲ့သို့ အခြားသူများကိုလည်း ‘ဒအ်ဝသ်’ဖိတ်ခေါ်လည်း ပါဝင်ပေသည်။ ပမာဆိုရသော် ရှေးယခင်အားလုံးသော ရစူလ်တမန်တော်အပေါင်းတို့၏ အခြေအနေသည် ဤအတိုင်းပင် ဖြစ်ပေသည်။) တစ်ဖန် အသင် (တမန်တော်) ပြောကြားပါလေ။ မျက်စိမြင်သောသူနှင့် မျက်စိမမြင်သော သူသည် တူနိုင်ပါ၏လော။ (မည်သည့်အခါတွင် စကားရပ်အားလုံး လက်ခံခဲ့ပါသော) အသင်တို့သည် (ဖော်ပြပါ အကြောင်းအရာ၏ မျက်စိမြင်သော သူအဖြစ် ဖြစ်ရှိရန် ဆန္ဒမရှိလေသလော။ အပြည့်အဝ) စဉ်းစား၍ (အမှန်တရားကို ရှာဖွေသည့်ဆန္ဒ) မရှိသလော။ (အမှန်တရား ပေါ်ထွက်လာ၍လည်းကောင်း၊ အသင်သည် မျက်စိမြင်သော သူများထဲတွင် ပါဝင်လိုက်ပါသော်) လည်းကောင်း အကယ်၍ (၎င်းနောက်တွင်လည်း ထိုသူတို့သည် ဆန့်ကျင်မှုမှ စွန့်လွှတ်မှုမရှိခဲ့သော် ယင်းသူတို့နှင့် ပြောဆိုဖြောင့်ဖြမှုများကို ရပ်ဆိုင်းလိုက်ပါ။ တမန်တော်မြတ် ﷺ ၏ မူရင်းအလုပ်ဖြစ်သော ‘သဗ်လီးဂ်’ (ဖိတ်ခေါ်မှု) နှင့် ‘ရေစာလသ်’လုပ်ငန်းတို့တွင် လုံးပန်း၍နေပါ။)

ဤကဲ့သို့သောသူများကို (ကုဖွ်ရ်သွေဖည်မှုနှင့် အပြစ်ဒုစရိုက်အပေါ် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်ကို သီးခြားပုံစံဖြင့်) ခြိမ်းခြောက်လေကုန်။ (၎င်းခြိမ်းခြောက်မှုသည် ယတိပြတ် (သို့) အနည်းဆုံးလျှော့ပေါ့၍) ဤစကားဖြင့် စိုးရိမ်ကြောင့်ကြမှု ရှိကြလေသည်။ ('ကေယာမသ်' နေ့တွင်) မိမိတို့၏ အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ဤသို့ အခြေအနေဖြင့် စုရုံးခြင်းခံရမည့်အခါတွင် (အလ္လာဟ် အသျှင်မြတ်မှတစ်ပါး အကြင်မည်သူကိုမဆို အကူအညီပေးစွမ်းနိုင်သူ (သို့) လွတ်ငြိမ်းချမ်းသာခွင့်ရရန် အသနားခံပေးမည့်သူဟူ၍ ကာဖိရ်များသည် မှတ်ယူထားကြ၏။ ထိုအချိန် ၎င်းတို့ထံမှ) ထိုသူတို့ကို ကူညီရန် မည်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။ ကြားဝင် အသနားခံပေးမည့်သူဟူ၍လည်း မရှိပေ။ သို့မှသာလျှင် ထိုသူတို့သည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြပေမည်။ (ကုဖွ်ရ်သွေဖည်မှုနှင့် ပြစ်မှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အာရဗ်ရှိ ကာဖိရ်ရုန်သူများဘက်မှ အံ့ဖွယ် 'မုအ်ဂျေဇာဟ်' များ တောင်းခံခြင်း

မက္ကာဟ်မြို့ရှိ ကာဖိရ်များ၏ ရှေ့တွင် တမန်တော်မြတ်၏ မြောက်မြားစွာသော 'မုအ်ဂျေဇာဟ်' နိမိတ်လက္ခဏာများနှင့် အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားခိုင်လုံသော အာယသ်တော်များ ထင်ရှား ပေါ်လွင်ပြီးဖြစ်၏။ တမန်တော်မြတ်၏ မိဘမဲ့ဘဝဖြင့် ဤလောကတွင် ကြွမြန်းလာ၍ ရေးခြင်း၊ ဖတ်ခြင်းဖြင့် လုံးဝ ကင်းကွာ၍ အွမ္မီ (မရေး၊ မဖတ်တတ်သူ) တစ်ဦးအဖြစ် ဤသို့ မြေပထဝီတွင် မွေးဖွားပေါ်ထွန်း ခဲ့၏။ ၎င်း၏အနီးအနားတွင် အာလင်မ်ပညာရှင်တစ်ပါးလည်း မရှိပေ။ ပညာရေးအသိုင်းအဝိုင်းလည်း မရှိခဲ့ပေ။ သက်တော်လေးဆယ်တိုင် မက္ကာဟ်မြို့သားများ၏ ရှေ့မှောက်တွင် ထိုအွမ္မီဘဝဖြင့်သာ နေခဲ့၏။ တစ်ဖန် သက်တော် (၄၀) ပြည့်ပြီးသည့်နောက် ရုတ်တရက် တမန်တော်မြတ် မင်္ဂလာရှိသော နှုတ်လျှာမှ ဤသို့ ဆန်းကျယ်ထူးခြားသော အံ့ဖွယ်စကားရပ်များ ပြောဆိုခဲ့သည်။ ၎င်းစကားရပ်၏ ဆီလျော်သိမ်မွေ့မှုသည် အာရဗ်ရှိ အားလုံးသော စကားကြွယ်ဝသည့်သူများကို စိန်ခေါ်၍ အမြဲတမ်း ထိုသူတို့၏ ပါးစပ်ကို ပိတ်စေခဲ့၏။ ၎င်း၏အမြော်အမြင်နှင့် အနက်အဓိပ္ပာယ်၊ 'ကေယာမသ်' တိုင် လူသားတို့၏ အရေးကြီးသော လူမှုရေးကိစ္စများနှင့်အတူ လူသားတို့၏ ပြည့်ဝသော သက်တမ်းကို ဤသို့ အစီအစဉ်အား လူတို့၏ ဦးနှောက်နှင့် ဉာဏ်အမြော်အမြင်တို့သည် ၎င်းကို စီစဉ်မှုမပြုနိုင်ပေ။ တွေးခေါ်ပြောဆိုသည့်ပုံစံဖြင့် မတင်ပြခဲ့ပေ။ သို့သာမက လက်တွေ့ကျကျတွင် တစ်လောကလုံးကို အောင်မြင်မှု အပြည့်အဝဖြင့် ဆောင်ရွက်ပြသ လေသည်။ ထိုသူတို့သည် မိမိတို့၏ လူ့သက်တမ်းကို မေ့လျော့၍ နွား၊ မြင်း၊ ဆိတ်၊ မြည်းကဲ့သို့ မိမိတို့ သက်တမ်း၏ ရည်ရွယ်ချက်ကို စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းနှင့် နိုးကြားခြင်းသက်သက်ကိုသာ သတ်မှတ်နေထိုင်ကြ၏။ ထိုသို့သော သူတို့ကို စစ်မှန်သော လူမှုဘဝကို သင်ကြားပြသပေး၏။ ဤကဲ့သို့ ရည်ရွယ်ချက် မြင့်မားသော ဘက်သို့ လှည့်ပေးခဲ့၏။ ထိုသို့ ရည်ရွယ်ချက်မြင့်မားရန်အတွက် ၎င်းတို့၏

ဖန်ဆင်းခြင်းကို 'အမလ်' ကျင့်ကြံ ဆောက်တည်မှု၌ ယူလာ၏။ ဤကဲ့သို့ ကိုယ်တော်မြတ်၏ သက်တမ်း၏ အချိန်တိုင်းတွင် ပေါ်ပေါက်လာသော ကြီးမားထည်ဝါလှသည့် ဖြစ်ရပ်များထဲမှ တစ်ခုတိုင်း တစ်ခုတိုင်းသည် 'မုအ်ဂျေဇာဟ်' သဘာဝလွန်ဖြစ်ရပ်များနှင့် အလ္လာဟ်အသျှင်မြတ်၏ နိမိတ်လက္ခဏာတော်များဖြစ်သည်။ ထို့နောက် တရားမျှတမှုကို နှစ်သက်သော အမြော်အမြင်ရှိသူတို့အတွက် အခြားအာယသ်တော်နှင့် နိမိတ်လက္ခဏာများကို တောင်းခံမှုပြုရန် မလိုအပ်တော့ပေ။

သို့သော် 'ကုဖ္ဖာရ်ကုရိုက်ရှ်'တို့သည် ထိုနိမိတ်လက္ခဏာများ ရှိပါလျက် အခြားသော 'မုအ်ဂျေဇာဟ်' နိမိတ်လက္ခဏာတော်များကို မိမိတို့လိုအပ်ကြောင်း တောင်းခံ၏။ ထိုသူတို့၏ တောင်းခံသော 'မုအ်ဂျေဇာဟ်' များထဲမှ အချို့သော 'မုအ်ဂျေဇာဟ်' များကို အလ္လာဟ်အသျှင်မြတ်က ထင်ရှားပေါ်လွင်စွာ ပြသလိုက်လေသည်။ လကို နှစ်ခြမ်းခွဲပြရန် တောင်းခံကြလေသည်။ လခွဲပြသော နိမိတ်လက္ခဏာကို ကုရိုက်ရှ်တို့သာမက ထိုအချိန်ကာလများတွင် နေထိုင်ကြသော လောကရှိ လူအမြောက်အမြားကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့သည်။

သို့သော် ထိုသူတို့၏ တောင်းဆိုချက်နှင့်အညီ ဤသို့ ကြီးကျယ်ခံ့ညားလှသော နိမိတ်လက္ခဏာများ ပေါ်ထွက်ပြီးသည့်နောက် ထိုသူတို့သည် မိမိတို့၏ 'ကုဖ္ဖာရ်'သွေဖည်မှု၊ လမ်းမှားမှုနှင့် ဆန့်ကျင်မှုထဲတွင်သာ တည်ရှိနေခဲ့၏။ အလ္လာဟ်အသျှင်မြတ်၏ ဤရှင်းလင်းတင်ပြသော အာယသ်တော်ကို

إِنْ هَٰذَا إِلَّا سِحْرٌ مُّسْتَمِرٌّ

ဟု ဆိုကာ ငြင်းပယ်ခိုင်းလိုက်ကြသည်။ ထိုအားလုံးသောအရာများကို သိရှိနားလည်သဘောပေါက်ပါလျက် ၎င်းတို့ဘက်မှ တမန်တော်မြတ် ﷺ ဘက်သို့ နေ့စဉ် 'မုအ်ဂျေဇာဟ်' အသစ်များကို တောင်းခံမှုပြုကြ၏။ ပမာဆိုသော် ယခင်အာယသ်တော်များတွင် ဖော်ပြပြီးဖြစ်၏။

لَوْلَا نُزِّلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ ۚ قُلْ إِنَّ اللَّهَ قَادِرٌ عَلَىٰ أَن يُنَزِّلَ آيَةً وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ

အလိုမှာ ဤသူတို့ ပြောကြသည်မှာ အကယ်၍ မိုဟမ္မဒ် ﷺ သည် အမှန်တကယ် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ပါမူ ၎င်း၏ အခြားနိမိတ်လက္ခဏာ အာယသ်ကြောင့် မပေါ်ထွက်ပါသနည်း။ ကျမ်းမြတ်ကုရ်အာန်တွင် ၎င်းတို့ကို တုန့်ပြန်သည့်အနေဖြင့် တမန်တော်မြတ် ﷺ အား အမိန့်ရှိသည်မှာ 'အသင်ထိုသူတို့ကို ပြသပါလေ။ အလ္လာဟ်အသျှင်မြတ်၏ စွမ်းအားတွင် အားလုံးရှိ၏။ အလ္လာဟ်အသျှင်မြတ်က အသင်တို့ တောင်းခံမှုမပြုဘဲ ကိုယ်တိုင် မရေမတွက်နိုင်သော နိမိတ်လက္ခဏာတော်များနှင့် ရှင်းလင်းတင်ပြသော အာယသ်တော်များ ချပေးခဲ့လေသည်။ ဤကဲ့သို့ပင် ထိုအသျှင်မြတ်သည် အသင်တို့ တောင်းခံမှုပြုသော 'မုအ်ဂျေဇာဟ်' များကိုလည်း ချပေးနိုင်တော်မူသည်။ သို့သော် ထိုသူတို့ သိထားသင့်သည်မှာ

အလ္လာဟ်အသျှင်မြတ်၏ 'အာဒသ်' ဓလေ့တော်တစ်ခု ရှိသည်။ မည်သည့်မျိုးနွယ်တစ်စုစုသည် ထိုသူတို့ တောင်းဆိုသော 'မုအ်ဂျေဇာဟ်' ကို ပြသလိုက်၏။ ထိုအခါ ၄င်းတို့သည် ၄င်းအပေါ် အီမာန်သက်ဝင်ယုံကြည်မှုမရှိခဲ့ကြပါမူ ထိုသူတို့ကို လျင်မြန်စွာ 'အဇားဗ်' ပြစ်ဒဏ် ကျရောက်စေပါမည်။ သို့ပါ၍ မျိုးနွယ်စု၏ ကောင်းမှုသည် ထိုသို့သော အထဲတွင် ရှိပေသည်။ ၄င်းမှာ ထိုသူတို့၏ 'မုအ်ဂျေဇာဟ်' သည် ထင်ရှားစွာ မပေါ်ထွက်ခဲ့ပေ။ သို့သော် များစွာသောသူတို့သည် ဤနက်နဲသော အခြေအမြစ်ကိုလည်း နားမလည်၊ မသိရှိကြပေ။ ကျွန်ုပ်တို့ တောင်းဆိုသော 'မုအ်ဂျေဇာဟ်' များကိုသာ ပြသပါဟု ပြောဆိုလျက်ရှိကြပေသည်။

ဖော်ပြပါအာယသ်တော်တွင် ထိုသူတို့၏ ဤကဲ့သို့သော မေးမြန်းတောင်းဆိုမှုများ၏ အဖြေကို သီးသန့်ပုံစံဖြင့် ပေးထားပေသည်။ မက္ကာဟ်မြို့ရှိ ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ ကို အချိန်အခါ အမျိုးမျိုးတွင် အချက်သုံးချက်ကို တောင်းခံကြပေသည်။ ပထမချက်မှာ အကယ်၍ အသင်သည် အမှန်ပင် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ပါသော် 'မုအ်ဂျေဇာဟ်' ပုံစံဖြင့် ကျွန်ုပ်တို့အတွက် တစ်လောကလုံးရှိ ဘဏ္ဍာတော်များစု၍ ပေးပါ။ ဒုတိယအချက်မှာ အကယ်၍ အသင်သည် အမှန်စင်စစ် ရစူလ်ဖြစ်ပါက ကျွန်ုပ်တို့နှင့် ပတ်သက်၍ ရှေ့တွင်ဖြစ်ပေါ်ပေါက်လာမည့် ကောင်းသော အချက် (သို့) မကောင်းသော အခြေအနေများနှင့် အဖြစ်အပျက်များကို ပြသပါ။ သို့မှသာလျှင် ကျွန်ုပ်တို့သည် ကောင်းသောအရာများကို ရယူ၍ မကောင်းသော ပုံစံများကို ရှောင်ရှားနိုင်ရန် ဦးစွာပထမပင်လျှင် အစီအစဉ်များပြုလုပ်နိုင်ပေမည်။ တတိယအချက်မှာ ကျွန်ုပ်တို့၏ မျိုးနွယ်စုမှ လူတစ်ဦးသည် ကျွန်ုပ်တို့ကဲ့သို့ မိဘနှစ်ပါးမှ မွေးဖွားခဲ့ပြီး စားခြင်း၊ သောက်ခြင်းနှင့် ဈေးများတွင် လှည့်လည်သွားလာခြင်း စသော အရည်အချင်းများနှင့် ကျွန်ုပ်တို့နှင့်အတူ ရှိသူသည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်သွားသည်ကို ကျွန်ုပ်တို့ မည်သို့မှ သဘောမပေါက်နိုင်ပေ။ အခြားဖရစ်ရှိသာဟ်တစ်ပါးဖြစ်ပါက ၄င်း၏ ဖန်ဆင်းမှုနှင့် အခြားသော အရည်အချင်းများသည် ကျွန်ုပ်တို့ဖြင့် ကွဲပြားခြားနားမှု ဖြစ်ရှိသည့်အတွက် ကျွန်ုပ်တို့သည် ၄င်းကို အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကျွန်ုပ်တို့ ဦးဆောင်ဦးရွက် ခေါင်းဆောင်အဖြစ် လက်ခံပေမည်။

ထိုအမေးသုံးခုစလုံး၏ အဖြေမှာ-

قُلْ لَّآ اَقُوْلُ لَكُمْ عِنْدِىْ خَزَآئِنُ اللّٰهِ وَلَآ اَعْلَمُ الْغَيْبَ وَلَآ اَقُوْلُ لَكُمْ

اِنِّىْ مَلَكٌ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰىٓ اِلَىَّ

အလိုမှာ တမန်တော်မြတ် ﷺ ကို အမိန့်ရှိသည်မှာ ထိုသူတို့၏ အဓိပ္ပာယ်မဲ့ မေးခွန်းများ၏ အဖြေကို အသင်တမန်တော် ထိုသူတို့ ရှင်းရှင်းလင်းလင်း ပြောပြပါလေ။ အသင်တို့သည် ကျွန်ုပ်အား တစ်လောကလုံးရှိ ဘဏ္ဍာတော်များကို တောင်းခံမှုပြုသော် အလ္လာဟ်အသျှင်မြတ်၏ အားလုံးသော ဘဏ္ဍာတော်များသည် ကျွန်ုပ်၏ လက်ဝယ်တွင် ရှိသည်ဟူ၍ ကျွန်ုပ်တို့သည် မည်သည့်အခါမှ ဤသို့ မကြွေးကြော်ခဲ့ပေ။ အသင်တို့ တောင်းဆိုမှုပြုသော အခြားအရာမှာ ရှေ့ဖြစ်ပေါ်လာမည့် ကောင်းသော အရာများ (သို့) မကောင်းသော

အဖြစ်အပျက်နှင့် အကြောင်းအရာများကို ကျွန်ုပ်သည် အသင်တို့အား ဖော်ပြပြောဆိုခဲ့ပါသော် ကျွန်ုပ်သည် အကွယ်မှ အရာအားလုံးကို သိရှိသည်ဟူ၍ ကျွန်ုပ်သည် မည်သည့်အခါမှ ဤသို့ မကြွေးကြော်ခဲ့ပေ။ အသင်တို့သည် ကျွန်ုပ်ထံတွင် ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များ၏ သီးသန့်အရည်အချင်းများ မြင်တွေ့ရန် ဆန္ဒရှိသော်လည်း ကျွန်ုပ်သည် ဖရစ်ရှ်သာဟ်ဖြစ်သည်ဟူ၍ မည်သည့်အခါမှပင် မပြောခဲ့ပေ။

အချုပ်ဆိုရသော် ကျွန်ုပ်ထံမှ အထောက်အထားသည် ကျွန်ုပ်က ကြွေးကြော်မှုပြုခဲ့သော အရာများသာ အထောက်အထားတောင်းခံမှုပြုရန် ထိုက်ပေသည်။ အလိုမှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူသော အမိန့်ပညတ်ချက်များကို လူသားတို့ထံ ပို့ပေးလေသည်။ ကိုယ်တိုင်လည်း ၎င်းအမိန့်များကို လိုက်နာဆောင်ရွက်သကဲ့သို့ အခြားသူများကိုလည်း ၎င်းအမိန့်ပညတ်ချက်များ တည်ဆောက်ရန် တိုက်တွန်းလေသည်။ ၎င်းတို့အတွက် တစ်ခုနှစ်ခုသာမက မရေတွက်နိုင်သော ရှင်းလင်းသည့် အထောက်အထားများလည်း တင်ပြပြီးဖြစ်ပေသည်။

ရစူလ်တမန်တော်မြတ်ဖြစ်ကြောင်း အထောက်အထားအတွက် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် အလ္လာဟ်အသျှင်မြတ်၏ အားလုံးသော ဘဏ္ဍာတော်များ၏ ပိုင်ရှင်ဖြစ်ရမည်ဟူ၍ ကြွေးကြော်ရန် အရေးမကြီးပေ။ ထိုရစူလ်သည် အလ္လာဟ်အသျှင်မြတ်ကဲ့သို့ အကွယ်မှ ကြီးသော၊ ငယ်သော အရာများကို သိရှိရမည်ဟူ၍ ကြွေးကြော်ရန် အရေးမကြီးသကဲ့သို့ ထိုရစူလ်သည် လူသားဖြစ်ပြီး သတင်းကောင်းပေးသော အရည်အချင်းအပြင် အခြားဖရစ်ရှ်သာဟ်ဖြစ်သည်ဟူ၍ ကြွေးကြော်ရန် အရေးမကြီးပေ။ သို့သာမက ရစူလ်တမန်တော်များ၏ တာဝန်ဝတ္တရားနှင့် အဆင့်အတန်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်မှ ချပေးခဲ့သော 'ဝဟီ' ၏ နောက်လိုက်ရန်ဖြစ်ပြီး ၎င်းတွင် ကိုယ်တိုင် ထို 'ဝဟီ'အပေါ် 'အမလ်'ကျင့်ကြံရန် ပါဝင်သကဲ့သို့ အခြားသူများကိုလည်း ၎င်းအပေါ် 'အမလ်'ကျင့်ကြံရန် စိန်ခေါ်တိုက်တွန်းရန် လိုအပ်ပေသည်။ ဤလမ်းမှန်ပြသော လမ်းညွှန်မှုဖြင့် ရစူလ်တမန်တော်၏ လုပ်ဆောင်ရန် ဝတ္တရားများ၏ ဇစ်မြစ်ကို ရှင်းလင်းစွာ အမိန့်ရှိထား၏။ ရစူလ်တမန်တော်တို့နှင့် ပတ်သက်၍ မှားယွင်းသော စွပ်စွဲမှုမှ ထိုသူတို့က ရှာဖွေစုဆောင်းထားကြလေရာ ထိုစွပ်စွဲမှုကို ပျက်ပြယ်စေခဲ့သည်။ ၎င်းဖြင့် မွတ်စ္စလင်မ်များကိုလည်း ဤသို့ လမ်းညွှန်မှုပြုထားပေသည်။ ၎င်းမှာ မိမိတို့၏ ရစူလ်ကို အီစာအီများကဲ့သို့ နိဒါမပြုလုပ်လေနှင့်။ အလ္လာဟ်အသျှင်မြတ်ကဲ့သို့ စိုးပိုင်သူဟု မသတ်မှတ်လေနှင့်။ ထိုရစူလ်ကြီးကျယ်မှုနှင့် ချစ်ခင်မှု၏ တောင့်တမှုသည်လည်း ဤသို့ပင် ဖြစ်သည်။ ထိုရစူလ်တမန်တော်နှင့် ပတ်သက်၍ 'ယဟူးဒ်နစ္စာရာ'သကဲ့သို့ အလယ်အလတ်တန်းစားလမ်းစဉ်မှာ ကျော်လွန်၍ အတိုင်းထက် မလွန်ကြလေနှင့်။ ယဟူဒီတို့သည် မိမိ၏ ရစူလ်တမန်တော်ကို သတ်ဖြတ်ရန် နစ္စရာတို့သည် မိမိတို့၏ ရစူလ်တမန်တော်ကို 'နိဒါ'ဟု မှတ်ကြလေသည်။

၎င်းအလျှင် ဝါကျတွင် အမိန့်ရှိခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များသည် ကျွန်ုပ်၏ လက်ဝယ်တွင်မရှိပါ။ ၎င်းဘဏ္ဍာတော်များဟု ဆိုလိုရာတွင် အဘယ်နည်း။ သဖ်စီးရ်ပညာရှင်များက မြောက်မြားစွာသော အရာများ၏ အမည်များကို ဖော်ပြကြလေ၏။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များ၏အကြောင်း တင်ပြထားသောအခါ အမိန့်ရှိသည်မှာ-

وَ اِنْ مِنْ شَئٍ اِلَّا عِنْدَنَا خَزَا ئِنُهٗ

အလိုသဘောမှာ မည်သည့်အရာမျိုးမဆို ငါအသျှင်မြတ်ထံတော်၌ ထိုအရာဝတ္ထု၏ အစုအပုံ ဘဏ္ဍာတော်များသည် အပြည့်ရှိပေသည်။ ၎င်းဖြင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များသည် လောကရှိ အရာအားလုံးအပေါ်တွင် လွှမ်းမိုးသွားပေသည်။ အချို့သီးသန့်အရာဟူ၍ သတ်မှတ်၍ မရနိုင်ပေ။ အချို့သော သဖ်စီးရ်ပညာရှင်များက သီးသန့်အရာ၏ အမည်နာမကို ဖော်ပြထားမှုသည် နမူနာအနေဖြင့်သာ ဖော်ပြထားကြခြင်း ဖြစ်၏။ ဤအတွက်ကြောင့် ကွဲလွဲမှုမရှိတော့ပေ။ ထို့နောက် ဤအာယသ်တော်တွင် တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အားလုံး ဘဏ္ဍာတော်များသည် တမန်တော်မြတ် ﷺ ၏ လက်ဝယ်တွင် မရှိဟုဆိုလေရာ အွမ္မသ်သားများမှ သူတော်စင်တစ်ဦးဦး (သို့) ဝလီတစ်ဦးဦးနှင့်ပတ်သက်၍ ဤသို့ တွေးထင်မှုပြုခဲ့ရာ ထိုဘဏ္ဍာတော်များကို ထိုသူအလိုရှိသလို အသုံးပြုနိုင်သကဲ့သို့ မည်သူ့ကိုမဆို ပေးကမ်းနိုင်သည်ဟု ထင်မှတ်မှုတို့သည် ထင်ရှားပေါ်လွင်သော ပညာမဲ့မှုသာဖြစ်ပေသည်။

နောက်ဆုံးဝါကျတွင် အမိန့်ရှိသည်မှာ-

وَ لَا اَقُوْلُ لَـكُمْ اِنِّىْ مَلَكٌ

'ကျွန်ုပ်သည် ဖရစ်ရှ်သာဟ်ဖြစ်သည်ဟု အသင်တို့အား မပြောဆိုခဲ့ပေ။ ဤအတွက်ကြောင့် အသင်တို့သည် လူ့အရည်အချင်းကို ကြည့်ရှု၍ ရစူလ်ဖြစ်ကြောင်းကို ငြင်းပယ်မှုပြုနေကြ၏။' ဝါကျ၏ အလယ်တွင် စကားပုံစံပြောင်း၍

لَا اَقُوْلُ لَـكُمْ اِنِّىْ اَعْلَمُ الْغَيْبَ

(ကျွန်ုပ်သည် အသင်တို့ကို ဤသို့ ကျွန်ုပ်သည် အကွယ်ကို သိရှိကြောင်း ပြောဆိုရန်မဟုတ်ပေ) အစား ဤသို့ အမိန့်ရှိနေသည်မှာ-

وَلَا اَعْلَمُ الْغَيْبَ

'ကျွန်ုပ် အကွယ်၌ရှိသော အရာကို မသိရှိပေ။'

'အဘူဟိုက်ယားန် သဖ်စီးရ် ဘဟ်ရိမုဟီးသ်'ကျမ်းတွင် ထိုစာသားပုံစံ ပြောင်းလဲခြင်းကို လှပစွာ ပြောင်းလွဲရခြင်း၏ အကြောင်းခံတစ်ခုကို ဤသို့ တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ်၏ အားလုံးသော ဘဏ္ဍာတော်များကို ပိုင်ဆိုင်သူဖြစ်၊ မဖြစ်၊ ဤသို့ပင် တစ်ဦးတစ်ယောက်သည် ဖရစ်ရှ်သာဟ် ဖြစ်၊ မဖြစ်၊ ဤအကြောင်းအရာတို့သည် မျက်ဝါးထင်ထင် တွေ့မြင်ကြရသောသူများနှင့်သာ ပတ်သက်မှု ရှိသကဲ့သို့ ပြောဆိုမှုပြုသူအားလုံးသည်လည်း သိရှိပြီးဖြစ်၏။ အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော်များ အားလုံးသည် တမန်တော်မြတ် ﷺ ၏ လက်ဝယ်မရှိသကဲ့သို့ တမန်တော်မြတ် ﷺ သည် ဖရစ်ရှ်သာဟ်လည်း မဟုတ်ပေ။ သီးသန့်ဆန့်ကျင်သည့်အနေဖြင့် ၎င်းကို တောင်းခံမှု ပြုကြပေသည်။ ၎င်းတို့ကို အဖြေပေးရာ၌

ကျွန်ုပ်သည် မည်သည့်အခါမျှ ၎င်းနှင့်ပတ်သက်၍ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတော် ပိုင်ဆိုင်သောသူ၊ (သို့) ကျွန်ုပ် ဖရစ်ရှ်သာဟ်ဖြစ်သည်'ဟု ကြွေးကြော်မှုမပြုခဲ့ကြောင်း ဖြေကြားရုံဖြင့် လုံလောက်ပေသည်။ သို့သော် အကွယ်ရှိအရာများကို သိခြင်း၏အကြောင်းမှာ ဤသို့ မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် ထိုသူတို့သည် မိမိတို့၏ 'နဂျူမီ' (နက္ခတ်ပညာရှင်များ) နှင့်၊ 'ကာဟင်န်' (ဂျင်န်များ ထံမှ သတင်းရယူသောသူများ) နှင့်ပတ်သက်၍ ထိုသူတို့သည် အကွယ်ကို သိရှိသူဟူ၍ ယုံကြည်မှု ပြုကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်နှင့် ပတ်သက်၍လည်း ဤသို့ ယုံကြည်မှု ထားခြင်းသည် ထူးခြားသော အရာမဟုတ်ပေ။ အထူးသဖြင့် တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော နှုတ်တော်မှ ထိုသူတို့သည် မြောက်မြားစွာသော အကွယ်မှ သတင်းများလည်း ကြားနာခဲ့ကြ၏။ ထိုကြားနာ မှုနှင့် ကိုက်ညီသော အဖြစ်အပျက်များကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြ၏။ ဤအတွက်ကြောင့် ထိုနေရာတွင် သီးသန့်ကြွေးကြော်မှုနှင့် ပြောဆိုချက်၏ ငြင်းဆိုမှုဖြင့် မလုံလောက်ပေ။ သို့သာမက မူရင်း ဖြစ်ရပ်ကိုပင် ငြင်းဆိုခဲ့၏။ ထို့ပြင် အမိန့်ရှိသည်မှာ-

وَلَآ اَعۡلَمُ الۡغَيۡبَ

အလိုသဘောမှာ 'ကျွန်ုပ်သည် အကွယ်ကို မသိရှိပါ။ ထိုထဲတွင် ၎င်းတို့၏ မှားယွင်းသော စွပ်စွဲ မှုကိုလည်း ဝေးကွာစေခဲ့၏။ အလ္လာဟ်အသျှင်မြတ်ဘက်မှ 'ဝဟီ' (သို့) 'အင်လ်ဟာမ်'၏ အကြောင်းခံဖြင့် အကြင်အကွယ်ရှိ အရာများ၏ အသိကို 'ဖရစ်ရှ်သာဟ်'တစ်ပါးပါး (သို့) ရစူလ်တမန်တော်တစ်ပါးပါး (သို့) ဝလီသူတော်စင်တစ်ဦးဦးကို အသိပေးလိုက်သည်ရှိသော် ကုရ်အာန်ကျမ်း၏ ဖွင့်ဆိုချက်၌ ၎င်းကို 'အိလ်မေ့ဂိုင်းဘ်' (သို့) ၎င်းသိသော သူကို 'အာလင်မွှုလ်ဂိုင်းဘ်' ဟု မခေါ်ဆိုနိုင်ပေ။

၎င်းဖြင့် ဤစကားရပ်သည်လည်း ရှင်းလင်းသွားပေသည်။ ၎င်းနှင့် ပတ်သက်၍ မွတ်စလင်တစ်ဦးဦး ကိုမျှ ပြောဆိုမှုမပြုနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်က တမန်တော်မြတ် ﷺ ကို အကွယ်ရှိ ထောင်ပေါင်း၊ သိန်းပေါင်းများစွာသော အရာများ၏ အသိကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့သာမက ဖရစ်ရှ်သာဟ် အားလုံးနှင့် ရှေးယခင်လူများနှင့် နောင်လာမည့်လူများကို ပေးသော ပညာထက် ပို၍ တမန်တော်မြတ် ﷺ အား ပေးသနားတော်မူခဲ့သည်။ ဤသည် အှလ်ွသ်ထုတစ်ရပ်လုံး၏ ယုံကြည်ချက်ပင် ဖြစ်သည်။ ၎င်းနှင့်အတူ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ မရေမတွက်နိုင်သော ရှင်းလင်းမှုနှင့်အတူ ရှေးပညာရှင်များနှင့် ယခုခေတ် ပညာရှင်များ၏ ယုံကြည်ချက်မှာ အားလုံးသော လောက၏ လည်ပတ်မှုဆိုင်ရာ အသိများသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်အရည်အချင်းများသာ ဖြစ်သည်။ ဤကဲ့သို့ပင် ထိုအသျှင်မြတ်၏ 'ခါလစ်က်' 'ရဇ္ဇာက်'နှင့် သီးသန့် 'ကာဒိရ်'ဖြစ်ခြင်း၌ ဖရစ်ရှ်သာဟ်တစ်ပါးပါး (သို့) ရစူလ်တစ်ပါးပါးသည် ထိုအသျှင် မြတ်နှင့် တန်းတူညီမျှ မဖြစ်နိုင်ပေ။ ဤနည်းတူစွာ ထိုအသျှင်မြတ်၏ 'အိလ်မေ့မုဟီးသွ်' အသိပညာများ တွင်လည်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်ဖြင့် တန်းတူညီတူ မဖြစ်နိုင်ပေ။ ဤအတွက်

ကြောင့်သာလျှင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားဖရစ်ရှိသာဟ်တစ်ပါးပါး (သို့) ရစူလ်တမန်တော် တစ်ဦးဦးကို အကွယ်မှ သိန်းပေါင်းမြောက်မြားစွာသော အရာများသိရှိပါလျက် 'အာလင်မုလ်ဂိုင်းဘ်'ဟု မဆိုနိုင်ပေ။

အချုပ်မှာ တမန်တော်မြတ် ﷺ ၏ ပြည့်ဝသော အသိပညာတွင်လည်း ဤသို့သာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ နောက် အားလုံးသော ဖရစ်ရှိသာဟ်ကောင်းကင်တမန်များနှင့် အားလုံးသော နဗီတမန်တော်များထက်ပင် အသိပညာကြွယ်ဝ၏။ သို့သော် အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူညီမျှ မဟုတ်ပေ။ တန်းတူညီမျှ ရှိသည်ဟု ကြွေးကြော်ခြင်းသည် အီစာအီများ၏ အစဉ်းထက်လွန်သော လုပ်ရပ်လမ်းစဉ်သာ ဖြစ်၏။

အာယသ်တော်၏ နောက်ဆုံးတွင် ဤသို့ အမိန့်ရှိထားသည်မှာ မျက်မမြင်နှင့် မြင်သောသူ မတူညီနိုင်ပေ။ အလိုသဘောမှာ စိတ်အလိုရမ္မက်နှင့် ဖွတ်တာရွတ်ရန်ငြိုးမှုကို စွန့်လွှတ်၍ မူရင်းစစ်မြစ်ကို ကြည့်ပါ။ သို့မှသာ အသင်တို့သည် မျက်မမြင်များထဲတွင် မပါဝင်တော့ပေ။ အသင်တို့သည် မြင်သောသူ ဖြစ်ရှိသွားပေမည်။ ဤမြင်တွေ့မှုသည် အသင်တို့ အနည်းငယ် စဉ်းစားတွေးတောခြင်းဖြင့် ရရှိနိုင်ပေသည်။

ဒုတိယအာယသ်တော်၌ တမန်တော်မြတ် ﷺ ကို ဤကဲ့သို့ လမ်းညွှန်ထားသည်မှာ ဤသို့ ထင်ရှားသော တင်ပြချက်များ၏ နောက်တွင်လည်း အကယ်၍ ဤသူတို့သည် မိမိတို့၏ ဖွတ်ပြုလုပ်မှုမှ လှည့်လည်မှုပြုခဲ့သော် ထိုသူတို့ဖြင့် ပြောဆိုမှုကို ရပ်ဆိုင်းလိုက်ပါ။ မိမိ၏ မူရင်းအလုပ်ဖြစ်သော 'ရေစာလသ်' (သဗ်လီးဂ်) လုပ်ရပ်တွင် နစ်မွန်းပါလေ။ ထို့ပြင် 'သဗ်လီးဂ်'(ဖိတ်ခေါ်မှု) နှင့် 'အန်ဇားရ်' (ခြိမ်းခြောက်မှု) ကို ထိုသူတို့ဘက်သို့ လှည့်လိုက်ပါလေ။ ထိုသူတို့သည် 'ကေယာမသ်'နေ့၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ပို့ခြင်းခံရ၍ စာရင်းစစ်ဆေးခြင်း ခံရမည်ကို ယုံကြည်မှုထားသောသူများ ဖြစ်ရမည်။ ပမာဆိုရသော် မွတ်စ္စလင်မ်များ (သို့) အနိမ့်ဆုံး ၎င်း 'ကေယာမသ်'ကို ငြင်းဆိုသောသူမဟုတ် (သို့) ဒွိဟပုံစံဖြင့်လည်း 'ကေယာမသ်'ကို ငြင်းသောသူ မဟုတ်စေရပေ။ အနိမ့်ဆုံး ထိုသူတို့သည် မိမိတို့၏ လုပ်ရပ်များ စစ်ဆေးခြင်းခံရမည်ဖြစ်ပြီး အကြောက်ရှိသူ ဖြစ်သည်။

အချုပ်ဆိုရသော် 'ကေယာမသ်'နှင့်ပတ်သက်၍ လူသုံးမျိုးသုံးစားရှိ၏။ ပထမတစ်မျိုးမှာ ဒွိဟမရှိ။ ၎င်းအား ယုံကြည်မှုအပြည့်ရှိသူ ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ သံသယရှိသောသူနှင့် တတိယမှာ လုံးဝ ငြင်းဆန်သူဖြစ်သည်။ ထို့ပြင် 'သဗ်လီးဂ်' (ဖိတ်ခေါ်မှု) နှင့် ခြိမ်းခြောက်မှု၏ အမိန့်သည် နဗီတမန်တော်အားလုံးကို စင်စစ် ၎င်းအဆင့်သုံးဆင့်စလုံးရှိသော သူတို့အတွက် ဖြစ်၏။ ပမာဆိုရသော် ကျမ်းမြတ်ကုရ်အာန်၏ မြောက်မြားစွာသော မိန့်ခွန်းချက်များဖြင့် ပေါ်လွင်နေသည်။ သို့သော် ပထမနှစ်ဆင့်ရှိ လူများတွင် စူးရှထိရောက်မှုနှင့် လက်ခံနိုင်မှုများ ဖြစ်နိုင်ဖွယ်ရှိ၏။ ဤအတွက်ကြောင့် ဤအာယသ်တော်၌ သီးသန့်အနေဖြင့် ထိုသူတို့ဘက်သို့ အာရုံပြုရန် အမိန့်ရှိထား၏။

◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَطْرُدِ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ
يُرِيْدُوْنَ وَجْهَهٗ ؕ مَا عَلَيْكَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّ
مَا مِنْ حِسَابِكَ عَلَيْهِمْ مِّنْ شَيْءٍ فَتَطْرُدَهُمْ فَتَكُوْنَ مِنَ
الظّٰلِمِيْنَ ۝٥٢

၆ : ၅၂ ။ ။ ထို့ပြင် မိမိတို့၏ အရှင်မြတ်အား မိုးသောက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ထိုအရှင်မြတ်၏ နှစ်သက်မှုကိုသာ ရည်စူး၍ ဟစ်ခေါ်တမ်းတ (ဂုဏ်တော်စီးဖြန်း) လျက် ရှိကြကုန်သော သူတို့ကို အသင်သည် (မိမိထံပါးမှ) နှင်ထုတ်ခြင်း မပြုလေနှင့်။ အသင့်အပေါ်၌ ၎င်းတို့နှင့် ပတ်သက်၍ မည်သို့မျှ (စာရင်းအင်း) စစ်ဆေးမှုမရှိပေ။ ထိုနည်းတူစွာ ၎င်းတို့အပေါ်၌လည်း အသင်နှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှပင် (စာရင်းအင်း) စစ်ဆေးမှုမရှိပေ။ သို့ပါလျက် အသင်သည် ၎င်းတို့အား နှင်ထုတ်ခဲ့ပါလျှင် အသင်သည် မတရားကျူးလွန်သူတို့တွင် အပါအဝင် ဖြစ်သွားပေလိမ့်မည်။

وَكَذٰلِكَ فَتَنَّا بَعْضَهُمْ بِبَعْضٍ لِّيَقُوْلُوْٓا اَهٰٓؤُلَآءِ
مَنَّ اللّٰهُ عَلَيْهِمْ مِّنْۢ بَيْنِنَا ؕ اَلَيْسَ اللّٰهُ بِاَعْلَمَ بِالشّٰكِرِيْنَ ۝٥٣

၆ : ၅၃ ။ ။ ထို့အတူ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ၎င်းတို့အနက် အချို့ (ချမ်းသာကြွယ်ဝသော ကာဖိရ်များ) ကို အချို့ (နွမ်းပါးသော မွတ်စ္စလင်မ်များ) ဖြင့် စမ်းသပ်တော်မူခဲ့၏။ ယင်းသို့ ပြုလုပ်တော်မူခြင်းအားဖြင့် ၎င်း (ကာဖိရ်) တို့က 'ကျွန်ုပ်တို့အနက် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသော သူများသည် ဤသူများပင် ဖြစ်ကြလေသလော' ဟူ၍ (ပျက်ရယ်ပြောင်လှောင်) ပြောဆိုကြပေမည်။ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးသိတတ်သူတို့အား ကောင်းစွာ သိရှိတော်မူသော အရှင်မြတ် မဟုတ်ပါသလော။

وَاِذَا جَآءَكَ الَّذِيْنَ يُؤْمِنُوْنَ بِاٰيٰتِنَا فَقُلْ سَلٰمٌ عَلَيْكُمْ كَتَبَ
رَبُّكُمْ عَلٰى نَفْسِهِ الرَّحْمَةَ ۙ اَنَّهٗ مَنْ عَمِلَ مِنْكُمْ سُوْٓءًۢا بِجَهَالَةٍ
ثُمَّ تَابَ مِنْۢ بَعْدِهٖ وَاَصْلَحَ ۙ فَاَنَّهٗ غَفُوْرٌ رَّحِيْمٌ ۝٥٤

၆ : ၅၄ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) ငါအရှင်မြတ်၏ အာယသ်တော်များကို ယုံကြည်သော သူတို့သည် အသင့်ထံသို့ ရောက်ရှိလာကြသောအခါ အသင်သည် ၎င်းသူတို့အား (ဤသို့) ပြောကြားပါလေ။ အသင်တို့အပေါ်သို့ 'စလာမ်' (ငြိမ်းချမ်း ချမ်းမြေ့သာယာမှုသည်) သက်ရောက်ပါစေ။ အသင်တို့အား အရှင်မြတ်သည် မိမိအပေါ်၌ ကရုဏာပြုမှုကို အတည်ပြု သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့လေပြီ။ သို့ဖြစ်ပေရာ အသင်တို့အနက်မှ အကြင်မည်သူသည် မကောင်းမှုကို မသိမိုက်မှား၍ ပြုလုပ်မိခဲ့သည်ရှိသော် ယင်းသို့ ပြုလုပ်မိပြီးနောက် (နောင်တတရား ရကာ) မိမိကိုယ်ကို ဝန်ချတောင်းပန်၍ ပြုပြင်ခဲ့ပါလျှင်

မှချကေန် ထိုအသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအသျှင်၊ အလွန်တရာ ကရုဏာပြု တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلِتَسْتَبِيْنَ سَبِيْلُ الْمُجْرِمِيْنَ ﴿٥٥﴾

၆ : ၅၅ ။ ။ ၎င်းပြင် ဤနည်းအတိုင်းပင် အပြစ်ကျူးလွန်သူတို့၏ လမ်းစဉ်ကို (ပေါ်လွင်) ထင်ရှားသွားစေရန် အလို့ငှာ ငါအသျှင်မြတ်သည် သက်သေလက္ခဏာတော်များကို (အကျယ်တဝင့်) ထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုသူတို့ကို အသင်သည် (မိမိ၏ ထိုင်ဝိုင်းမှ) နှင်ထုတ်မှု မပြုလေနှင့်။ ထိုသူတို့သည် မိုးသောက်ယံမှ လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း (အလိုသဘောမှာ အမြဲထာဝရ သင့်တော်သော အချိန်အခါတွင်) မိမိတို့၏ အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်မှု ပြုကြလေသည်။၎င်းဖြင့် အလ္လာဟ်အသျှင်မြတ် နှစ်သက်မှု ကိုသာ ရည်စူးကြလေသည်။ (အခြားသော ဥစ္စာပစ္စည်းနှင့် အဆင့်အတန်း ရာထူးမက်မောသည့် ရည်ရွယ် ချက်မရှိပေ။ ထိုသူတို့၏ 'အေဗာဒသ်'ပြုလုပ်မှုသည် အမြဲထာဝရဖြစ်၏။ စိတ်စေတနာဖြူစင်စွာဖြင့် ဆောင်ရွက် ကြ၏။ စိတ်စေတနာဖြူစင်မှုတို့သည် အမှန်မှာ အတွင်းပိုင်းဆိုင်ရာ လုပ်ငန်းဖြင့်သော်လည်းကောင်း နိမိတ် လက္ခဏာများဖြင့် သိရှိနိုင်ပေသည်။

စိတ်စေတနာဖြူစင်မှုမရှိကြောင်း အခြားအထောက်အထားတစ်စုံတစ်ရာ မတွေ့ရပါသော် စိတ် စေတနာဖြူစင်သည်ဟူ၍ သတ်မှတ်ရပေမည်။ ၎င်းတို့၏ (စိတ်အတွင်းပိုင်းဆိုင်ရာ) စာရင်းအင်း (စုံစမ်း စစ်ဆေးမှု) နှင့် ပတ်သက်၍ အသင့်အပေါ်၌ တာဝန်မရှိပေ။ (ဤသူတို့၏ အတွင်းပိုင်းဆိုင်ရာနှင့် ပတ်သက်၍ စစ်ဆေးရန် အသင်နှင့် မပတ်သက်မှုသည် ဤသို့ ယတိပြတ်ဖြစ်သကဲ့သို့) အသင်၏ (အတွင်းပိုင်းဆိုင်ရာ) စာရင်းအင်း (စစ်ဆေးစုံစမ်းမှု) နှင့် ပတ်သက်၍ ၎င်းတို့အပေါ်၌ တာဝန်မရှိပေ။ သို့ပါလျက် အသင်သည် ၎င်းတို့အား နှင်ထုတ်ခဲ့ပါသော် (အလိုသဘောမှာ အကယ်၍ ၎င်းတို့၏ အတွင်းပိုင်းနှင့် ဆိုင်သော စိတ် စေတနာဖြူစင်သူ၏ စုံစမ်းစစ်ဆေးမှုသည် အသင့်တွင် တာဝန်ရှိပါက ထမ်းဆောင်နိုင်၏။ အကြင်သူ၏ စိတ်စေတနာဖြူစင်မှုတွင် စစ်ဆေးစုံစမ်းမှု မဖြစ်ရှိခဲ့ပါသော် ထိုသူတို့ကို ခွဲခြားထား၏။ သို့သော် ထိုသို့ ပြုလုပ်ရန် အသင့်တွင် တာဝန်မရှိပေ။ အခြားသော အကြောင်းကြောင့် ထိုသူတို့ကို နှင်ထုတ်ပိုင်သည့် အကြောင်းအရာလည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် အွမ္မသ်၏ ခေါင်းဆောင် ဖြစ်၏။ ထိုခေါင်းဆောင်အတွက် မိမိ၏ လက်အောက်ငယ်သားများ၏ အခြေအနေကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ပေသည်။ သို့သော် ၎င်း၏ ဆန့်ကျင်ဘက်အနေဖြင့် ထိုသူတို့သည် မိမိတို့၏ နဗီတမန်တော်မြတ်၏ အတွင်းပိုင်းဆိုင်ရာကို စုံစမ်းစစ်ဆေးရန် မထိုက်ပေ။ ဤအတွက်ကြောင့် ထိုလုပ်ရပ်ကို လုံးဝတားမြစ် ထား၏။ ဤနေရာတွင် လုပ်ပိုင်ခွင့်ရှိမှုကို ယုံကြည်မှုနှင့်အတူ သတ်မှတ်ပြီး ထိုအရာကို တားမြစ်လိုက်

ပေသည်။ သို့မှသာ ထိုသူ၏ တားမြစ်မှုသည်လည်း လုံးဝ ယတိပြတ် ဖြစ်ရှိသွားပေမည်။) သို့မဟုတ် (ထိုသူတို့ကို နှင်ထုတ်ခြင်းဖြင့် အသင်တမန်တော်သည် မသင့်လျော်သည့် အလုပ်လုပ်သော သူများထံမှ ဖြစ်ရှိသွားပေသည်။ ထို့နောက် ငါအသျှင်မြတ်သည် မုအ်မင်န်များကို ဆွမ်းပါးသောသူနှင့် ကာဖိရ်များကို ချမ်းသာကြွယ်ဝသူများ ပြုလုပ်ထားသည်။ ၎င်းကို အပေါ်ယံအားဖြင့် ကြည့်လျှင် အတွေးအခေါ်အားဖြင့် ဝေးကွာသည်ဟု ထင်ရပေသည်။)

သို့ရှိရာ (၎င်း၏ အကြောင်းမှာ) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် (၎င်းတို့အနက်) တစ်ဦး (အလိုမှာ ကာဖိရ်) နှင့် အခြားသော (အလိုမှာ မုအ်မင်န်များ) ဖြင့် စမ်းသပ်တော်မူခဲ့၏။ (အလိုသဘောမှာ ဤသို့ လုပ်ဆောင်၍ စမ်းသပ်တော်မူခဲ့၏။ ကာဖိရ်များကို) သို့မှသာလျှင် ဤသူတို့သည် (မုအ်မင်န်များနှင့် ပတ်သက်၍) ပြောဆိုကြပေသည်။ ကျွန်ုပ်တို့အနက် (ရွေးချယ်၍) အလ္လာဟ်အသျှင်မြတ် ကျေးဇူးပြုတော်မူသော သူများသည် ဤသူများသာ ဖြစ်ကြလေသလော။ (အလိုသဘောမှာ မိမိ၏ အစ္စလာမ်သာသနာတော်အတွက် ထိုသူတို့ကို ရွေးချယ်ခဲ့သည်။) အလ္လာဟ်အသျှင်မြတ်သည် ကျေးဇူးသိတတ်သူတို့အား ကောင်းစွာ သိတော်မူသော အသျှင်မြတ် မဟုတ်ပါသလော။ (ထိုဆွမ်းပါးသော သူများက မိမိတို့ကို ချီးမြှင့်သော ကျေးဇူးတရား အစစ်အမှန် တာဝန်ကို သိရှိပြီး တာဝန်ထမ်းဆောင်မှုတွင် လုံးပန်းကြ၏။ မှန်ကန်သော သာသနာနှင့် အလ္လာဟ်အသျှင်မြတ်ထံတွင် လက်ခံမှု ရရှိကြပေမည်။ ထိုကြွယ်ဝချမ်းသာသူတို့က ကျေးဇူးကန်းမှုနှင့် ငြင်းပယ်မှုပြုကြ၏။ ထိုသူတို့သည် ၎င်း 'နေ့အ်မသ်' ချီးမြှင့်မှုများ လက်လွှတ်ဆုံးရှုံးသူသာ ဖြစ်ကြ၏။) မည်သည့်အခါ ထိုသူတို့သည် အသင့်ထံသို့ ငါအသျှင်မြတ်၏ အာယသ်တော်များအပေါ် အီမာန်သက်ဝင်ယုံကြည်မှုရှိပြီး ရောက်ရှိလာခဲ့သော် အသင်သည် (ထိုသူတို့ကို သတင်းကောင်းပေးရန်အတွက်) ဤသို့ ပြောဆိုပါလေ။ အသင်တို့အပေါ် ချမ်းမြေ့သာယာခြင်း ရောက်ရှိပါစေသား။ (အလိုသဘောမှာ ထိုကာဖိရ်များအပေါ်တွင် ဘက်ပေါင်းစုံမှ ဘေးဒုက္ခတို့သည် 'အာခေရသ်' နောင်တမလွန်ဘဝတွင် ကျရောက်ပေမည်။ ၎င်းဘေးဒုက္ခများမှ အသင်သည် လွတ်ကင်းပေသည်။ ဒုတိယအချက်မှာ) အသင်တို့၏ အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏ အသနားတော်ဖြင့်) ကရုဏာတရားကို (အသင်တို့အား 'နေ့အ်မသ်'စည်းစိမ်တော်များပေးရန်) မိမိကိုယ်တော်တိုင် တာဝန်ယူထားပေသည်။

(အဘယ်ကြောင့်ဆိုသော်) အသင်တို့ထံမှ အကြင်သူတစ်ဦးတစ်ယောက်သည် မသိနားမလည်၍ မကောင်းမှုတစ်ခုခု ကျူးလွန်မိခဲ့သည်ရှိသော် (အဘယ်ကြောင့်ဆိုသော် အမိန့်နှင့် ဆန့်ကျင်နေခြင်းသည် ကျင့်ကြံမှုအားဖြင့် ပညာမဲ့ဖြစ်သည်။ သို့သော် (တစ်ဖန် ထိုသူတို့သည် ဝန်ချတောင်းပန်၍ (မိမိကိုယ်တိုင် မိမိ ကျင့်ကြံမှုကို) ပြုပြင်ခဲ့၏။ ၎င်းဖြင့် အကယ်၍ ထိုသူတို့၏ ဝန်ချတောင်းပန်မှု ပျက်စီးသွားခဲ့ပါသော် တစ်ဖန် တောင်းပန်မှုပြန်လည်၍ ပြုလုပ်ခဲ့ပါသော်) အလ္လာဟ်အသျှင်မြတ်သည် **ကေန်စင်စစ်** (ထိုသူအတွက်လည်း) အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ (အပြစ်ဂိုနာဟ်၏ အစားကိုလည်း ခွင့်လွှတ်တော်မူပေမည်။ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (အမျိုးမျိုးသော 'နေ့အ်မသ်' စည်းစိမ်တော်များလည်း ပေးသနားတော်မူပေမည်။ ၎င်း (ဤကဲ့သို့ ငါအသျှင်

မြတ်သည် မှအ်မင်န်များနှင့် ကာဖိရ်များ၏ အခြေအနေနှင့် ဥစ္စာပစ္စည်းများကို ထင်ရှားစွာ ဖော်ပြတော်မူသည်။) ဤနည်းအတိုင်းပင် အသျှင်မြတ်သည် (အာယသ်တော်) လက္ခဏာတော်များကို (၄င်းတွင် နှစ်ဖက်စလုံး၏ အခြေအနေနှင့် ဥစ္စာပစ္စည်းများသည်လည်း ပါဝင်ပေသည်။) ထင်ရှားစွာ ဖော်ထုတ်မိန့်ကြားတော်မူလေသည်။ (သို့မှသာလျှင် မှအ်မင်န်တို့၏ လမ်းစဉ်သည်လည်း ထင်ရှားသွားပေမည်။) ၄င်းအပြင် အပြစ်ထိုက်သင့်သူတို့၏ လမ်းစဉ်သည်လည်း ထင်ရှားသွားပေမည်။ (အမှား၊ အမှန် ထင်ရှားပေါ်လွင်ခြင်းဖြင့် လမ်းမှန်ရှာဖွေသူတို့ကို လွယ်ကူစွာဖြင့် အမှန်ကို သိရှိသွားကြပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

မာန်မာနနှင့် ပညာမဲ့ခြင်းကို ဖယ်ဖျက်ခြင်း၊ သိက္ခာရှိမှုနှင့် သိက္ခာမဲ့မှုတို့သည် အစ္စလာမ်သာသနာ့ အောင်တွင်ထားရှိသည့် အဆင့်အတန်း၊ ကြွယ်ဝချမ်းသာမှုနှင့် နွမ်းပါးမှုတို့တွင် အစ္စလာမ်သာသနာတွင် မည်သို့မျှ ခြားနားထားခြင်း မရှိကြောင်း

အကြင်သူတို့သည် လူသားဖြစ်ပါလျက်နှင့် လူမှုရေးကို နားမလည်ကြပေ။ သို့သာမက လူသားကို လောကရှိ အမျိုးမျိုးသော သတ္တဝါများထဲမှ သွက်လက်ဖျတ်လတ်သော သတ္တဝါတစ်ကောင်ဟု သတ်မှတ်ထားလေသည်။ ၄င်းက အခြားသော သတ္တဝါများကို မိမိ၏ နောက်လိုက်၊ အုပ်ချုပ်ခံ ပြုလုပ်၍ အားလုံးတို့ထံမှ ပြုစုမှု ခံယူလေသည်။ ထိုသူများထံတွင် လူသား၏ ဖန်ဆင်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤမှလွဲ၍ အခြားမဖြစ်နိုင်ပေ။ ၄င်းမှာ ယင်းတို့သည် တိရစ္ဆာန်များကဲ့သို့ စားခြင်း၊ သောက်ခြင်း၊ အိပ်စက်၊ နိုးကြားခြင်းနှင့် အခြားသော သတ္တဝါများတွင် ဖြစ်ပေါ်လျက်ရှိသော တက်ကြွမှုများကို အသုံးချခြင်းကိုသာ မိမိတို့ သက်တမ်း၏ အဓိကရည်ရွယ်ချက်ဟု မှတ်ယူထားကြ၏။ ထို့ပြင် သက်တမ်း၏ အဓိကရည်ရွယ်ချက်သည် ဤအရာသာ ဖြစ်သည်ရှိသော် ပေါ်လွင်နေသည်မှာ ဤလောကတွင် အကောင်း၊ အဆိုး၊ ကြီး၊ ငယ်၊ သိက္ခာရှိခြင်း၊ သိက္ခာမဲ့ခြင်း၊ မွန်မြတ်ခြင်းနှင့် သေးသိမ်မှုတို့ကို သိရှိရန် တိုင်းတာမှုသည် ဤပုံစံဖြစ်သည်။ ၄င်းမှာ အကြင်သူတို့ထံတွင် စားခြင်း၊ သောက်ခြင်း၊ ဝတ်စားဆင်ယင်မှုနှင့် အိုးခွက်ပစ္စည်းများ ပေါများပါမှု ထိုသူတို့သည် အောင်မြင်၍ သိက္ခာရှင် လူမွန်လူမြတ် ဖြစ်သည်။ အကြင်သူထံတွင် ဤပစ္စည်းဥစ္စာများ နည်းပါးသော် ထိုသူသည် သိက္ခာမဲ့သေးသိမ်သူ၊ မပြည့်စုံသူ၊ မအောင်မြင်သောသူ ဖြစ်သည်။

မျှတသော စကားရပ်ဆိုရာတွင် ဤယုံကြည်ချက်နှင့် အမြင်အပေါ် အကျင့်စာရိတ္တ၊ ကောင်းသောကျင့်ကြံမှုတို့သည် လူ၏ ထွတ်မြတ်ခြင်းနှင့် သိက္ခာရှိမှုတွင် မည်သို့မှ ပြောဆိုမှုမပြုပေ။ သို့သာမက အကြင်အရာ၏ အကြောင်းခံဖြင့် သက်တမ်း၏ ရည်ရွယ်ချက်များကို ပြည့်ပြည့်ဝဝလိုက်နာမှသာလျှင် ထိုအရာသည်သာ ကောင်းသော 'အမလ်' ကျင့်ကြံမှုဖြစ်၍ ကောင်းသော စာရိတ္တသာလျှင် ဖြစ်ရှိမည်ဖြစ်သည်။

ဤအတွက်ကြောင့် အားလုံးသော နဗီတမန်တော်များသည် ၎င်းတို့ယူဆောင်လာသော သာသနာ၏ ပထမနှင့် နောက်ဆုံးသင်ခန်းစာသည်လည်း ဤအရာသည်သာ ဖြစ်သည်။ ဤသက်တမ်း၏နောက် အခြားသက်တမ်းတစ်ခုဖြစ်သည့် အမြဲထာဝရနှင့် ပြတ်တောက်မှုမရှိသော သက်တမ်းပင် ဖြစ်သည်။ ထိုအမြဲ ထဝရ၏ သာယာမှုသည်လည်း ပြည့်ဝတည်မြဲသော သက်တမ်းဖြစ်မည်။ ထို့ပြင် ဘေးဒုက္ခနှင့် 'အဓားဗ်' ပြစ်ဒဏ်သည်လည်း ပြည့်ဝ တည်မြဲမည်ဖြစ်သည်။ ဒွန်နယာလောက၏ သက်တမ်းသည် အဓိကရည်ရွယ်ချက် မဟုတ်ပေ။ သို့သာမက အခြားသော သက်တမ်း၌ အကြင်ပစ္စည်းများသည် အကျိုးပေးမည့်အရာဖြစ်သည်။ ထိုအရာများကို စုဆောင်း၍ ထိုအချို့သော သီလသာလျှင် သက်တမ်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

လူသားနှင့် တိရစ္ဆာန်တို့တွင် ကွဲပြားခြားနားမှုမှာ တိရစ္ဆာန်များကို နောင်လာမည့် သက်တမ်းနှင့် ပတ်သက်၍ မည်သို့မှ သောကမရှိပေ။ လူသားတို့သည် ဤသို့မဟုတ်ချေ။ လူတို့၏ အကြီးမားဆုံးသော သောကသည် အသိဉာဏ်ရှိသောသူတို့၏ထံတွင် နောင်ဘဝ၏ သက်တမ်းမှန်ကန်ရန်သာ ဖြစ်သည်။ ဤယုံကြည်ချက်နှင့် ရှုမြင်ချက်အပေါ် ထွတ်မြတ်မှုနှင့် သေးသိမ်မှု၊ သိက္ခာရှိမှုနှင့် သိက္ခာမဲ့မှုတို့၏ တိုင်းတာမှုသည် ပေါ်လွင်နေ၏။ မြောက်မြားစွာ စားသောက်ခြင်း (သို့) ဥစ္စာပစ္စည်းများကို စုဆောင်းမှုပြုရန် မဟုတ်ပေ။ သို့သာမက ကောင်းသော အကျင့်စာရိတ္တနှင့် ကောင်းသော ကျင့်ဆောင်မှုများရှိခြင်းတို့သည် အာခေရသ်နောင်တမလွန်ဘဝတွင် သိက္ခာရှိသောဘဝ ဖြစ်မည်။

ဒွန်နယာလောက၌ ရှိသော အချိန်တွင် နဗီတမန်တော်များ၏ မိန့်ဆိုချက်များ၊ သွန်သင်ဆုံးမမှုများနှင့် အာခေရသ် နောင်တမလွန်ဘဝ၏ ယုံကြည်မှုတို့ကို မေ့လျော့နေပါမူ ထိုသူတို့၏ သဘာဝကျသော ရလဒ်သည် ရှေ့ဝယ် ရောက်ရှိလာပေသည်။ သိက္ခာ၊ ဥစ္စာနှင့် ထွတ်မြတ်မှု၊ သေးသိမ်မှု၏ အတိုင်းအတာသည် အစာနှင့် ဝမ်းဗိုက်အပေါ်၌သာ ကျန်ရှိခဲ့၏။ အကြင်သူသည် ဝမ်းစာရှာဖွေမှုတွင် အောင်မြင်ခဲ့သော် ၎င်းကို ထွတ်မြတ်သူ၊ သိက္ခာရှိသူဟူ၍ ခေါ်ဝေါ်ကြ၏။ အကြင်သူသည် ထိုဝမ်းစာရှာဖွေမှုတွင် မအောင်မြင် မတိုးတက်ခဲ့ပါမူ ထိုသူကို နွမ်းပါးသူ၊ သိက္ခာမဲ့သူ၊ သေးသိမ်နိမ့်ကျသူဟူ၍ မှတ်ယူကြလေ၏။

ဤအတွက်ကြောင့် ခေတ်ကာလတိုင်းတွင် လောကသက်တမ်း၌သာ မေ့မျောလျက်ရှိသော သူတို့သည် ဥစ္စာရှင်များကို ထွတ်မြတ်သူ၊ သိက္ခာရှိသူနှင့် နွမ်းပါးဆင်းရဲသူများကို သိက္ခာမဲ့၊ သေးသိမ်သူဟု သတ်မှတ်ထား၏။ ဟဇရသ်နူးဟ် عليه السلام ၏ မျိုးနွယ်စုက အီမာန်သက်ဝင်ယုံကြည်လာကြသော ဆင်းရဲသား များကို ထိုသို့ တိုင်းတွာ၍ သေးသိမ်သူဟု ပြောဆို၍ ဤသို့ စောဒကတက်ကြသည်မှာ ကျွန်ုပ်တို့သည် ထိုသေးသိမ်သော သူတို့နှင့်အတူ မထိုင်နိုင်ပေ။ အကယ်၍ အသင်သည် ကျွန်ုပ်တို့ကို အခြားသော အမိန့် ပညတ်ချက်တစ်ခုခုကို တင်ပြရန် ဆန္ဒရှိသော် ၎င်းဆင်းရဲနွမ်းပါးသူများကို မိမိထံတော်ပါးမှ နှင်ထုတ်လိုက်ပါ။

قَالُوٓا اَنُؤۡمِنُ لَكَ وَاتَّبَعَكَ الۡاَرۡذَلُوۡنَ

အလိုသဘောမှ ဤပုံစံသည် မည်သို့ဖြစ်နိုင်ပါမည်နည်း။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အသင့်အပေါ် ဤသို့ အခြေအနေဖြင့် အီမာန်ယူရမည်နည်း။ ၎င်းသေးသိမ်သောသူများသည် အသင့်ထံ၌ ရှိနေကြ၏။

ဟာရေသ်နူးဟ် عليه السلام က ထိုသူတို့၏ စိတ်ဒုက္ခဖြစ်စေသော စကားရပ်၏ အဖြေကို သီးသန့်နဗီတမန်တော်များ၏ နည်းစနစ်ဖြင့် အဖြေပေးလေသည်။ ၎င်းမှာ-

وَمَا عِلْمِى بِمَا كَانُوا يَعْمَلُونَ اِنْ حِسَابُهُمْ اِلَّا عَلٰى رَبِّى لَوْ تَشْعُرُوْنَ

'ကျွန်ုပ်သည် ၎င်းတို့၏ ကျင့်ကြံမှုနှင့် ပတ်သက်၍ အပြည့်အဝမသိရှိပေ။ ၎င်းတို့သည် သေးသိမ်သူ (သို့) ထွတ်မြတ်သူ၊ သိက္ခာရှိသူဟူ၍ မဆုံးဖြတ်နိုင်ပေ။ သို့သာမက လူတိုင်း ကျင့်စဉ်၏ ဇစ်မြစ်နှင့် ၎င်း၏ စာရင်းအင်းသည် ကျွန်ုပ်တို့၏ အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိပေသည်။ ထိုအသျှင်မြတ်သည် နှလုံးသားအတွင်းရှိ လျှို့ဝှက်ချက်ကိုလည်း သိတော်မူသော အသျှင်ဖြစ်သည်။

ဟာရေသ်နူးဟ် عليه السلام က မာန်မာန၊ ပညာမဲ့တို့နှင့် သူမွန်သူမြတ်၊ သေးသိမ်မှုတို့၏ အခြေခံ ဇစ်မြစ်ကို မသိရှိသောသူတို့အား ရှင်းလင်းပြတ်သားစွာဖြင့် ဤသို့ တင်ပြလိုက်ပေသည်။ သူမွန်သူမြတ်၊ သေးသိမ်မှု၏ စာလုံးကို အသင်တို့ အသုံးပြုကြရာ ၎င်း၏ အခြေခံဇစ်မြစ်ကို မသိသောကြောင့် ဖြစ်၏။ ကြွယ်ဝချမ်းသာသူကို သူမွန်သူမြတ်လည်းကောင်း၊ နွမ်းပါးသူကို သေးသိမ်သူဟူ၍လည်းကောင်း ပြောဆိုကြ၏။ အမှန်စင်စစ် သူမွန်သူမြတ်၊ သေးသိမ်မှုတို့၏ တိုင်းတာသည့်အရာသည် ချမ်းသာမှုမဟုတ်ပေ။ သို့သာမက ကျင့်ကြံမှုနှင့် အကျင့်စာရိတ္တအပေါ် မူတည်၏။ ဤနေရာတွင် ဟာရေသ်နူးဟ် عليه السلام သည် ဤသို့ အဓိပ္ပါယ်ရှိနိုင်ပေသည်။ ၎င်းမှာ အကျင့်စာရိတ္တကောင်းသော ကျင့်ကြံမှုတို့သည် ဤသူတို့သည် အသင်တို့ထက်ပင် သာ၍ ထွတ်မြတ်ပြီး ဂုဏ်သိက္ခာရှိကြပေသည်။ သို့သော် နဗီတမန်တော်များ၏ နည်းစနစ်ဖြင့် 'သဝ်လီးဂ်' ဖိတ်ခေါ်မှုက ဤသို့ဝါဖြင့် မည်သည့်အခါ မည်သူတို့ကိုမျှ ပြင်းထန်သည့် စာလုံးတို့ဖြင့် သုံးခွင့်မပေးပေ။ သို့ပါ၍ သီးသန့် ဤမျှသာ အဓိပ္ပါယ်ရှိသည်မှာ သေးသိမ်မှု၏ အဓိကအကြောင်းအရင်းသည် ကျင့်ကြံမှုအပေါ်တွင် မူတည်နေပေ၏။ ကျွန်ုပ်သည် ထိုသူတို့၏ ကျင့်ကြံမှုတွင် အပြည့်အဝ မသိရှိရပေ။ သို့ပါ၍ ၎င်းတို့၏ ထွတ်မြတ်မှုနှင့် သေးသိမ်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် မပြုနိုင်ပေ။

ဟာရေသ်နူးဟ် عليه السلام ၏ နောက်ခေတ် အဆက်ဆက် မျိုးနွယ်စုံ၏ နွမ်းပါးသူများ၊ ၎င်းတို့သည် မိမိ၏ စာရိတ္တနှင့် ကျင့်ကြံမှုများနှင့် ပတ်သက်၍ မည်သို့ပင် ထွတ်မြတ်မှုနှင့် သိက္ခာရှိစေပါမူ လောကကိုသာ အဓိကထားသူများနှင့် မာန်မာနရှိသူတို့သည် ထိုသူတို့ကို သေးသိမ်သူ၊ သိက္ခာမဲ့သူဟူ၍ ပြောဆိုလျက်ရှိကြသည်။ ထိုသူတို့သည် မိမိတို့၏ ရှုမြင်သုံးသပ်မှုများနှင့် အကျင့်စာရိတ္တကောင်းမွန်လျက် ခေတ်အဆက်ဆက်ရှိ နဗီတမန်တော်များ၏ ဖိတ်ခေါ်မှုကို ဦးစွာ လက်ခံကြသူများသာ ဖြစ်ကြ၏။ ဤမျှတိုင် သာသနာ၏သမိုင်းကို ရှုမြင်သုံးသပ်သူများထံတွင် နဗီတစ်ပါးပါး၏ မှန်ကန်မှု အထောက်အထားတစ်ခု တည်ရှိသည်မှာ ၎င်းနဗီတမန်တော်၏ ဦးစွာ နောက်လိုက်မှုပြုသော လူတို့သည် နွမ်းပါးသူတို့ ဖြစ်သည်။ ဤအကြောင်းခံဖြင့်သာ ရောမဘုရင်'ဟိရကလ်'ထံ တမန်တော်မြတ် ﷺ ၏ အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်သည့် သဝဏ်လွှာရောက်ရှိလာသော် ၎င်းက တမန်တော်မြတ် ﷺ ၏ ဖြောင့်မတ်မှန်ကန်မှုကို စမ်းစစ်ရန်အတွက် ဆန္ဒရှိသော် တမန်တော်မြတ် ﷺ အား သိရှိသောသူများဖြင့် သိလိုသည်များကို မေးမြန်းမှုပြု၏။ ထိုမေးမြန်းမှုထဲမှ

မေးခွန်းတစ်ခုမှာ တမန်တော်မြတ် ﷺ ၏ နောက်လိုက်သူအများစုသည် ဆင်းရဲနွမ်းပါးသော သာမန်လူများလော။ (သို့) မျိုးနွယ်စု၏ ခေါင်းဆောင်များလော။ ဆင်းရဲနွမ်းပါးသော သူများသာဖြစ်ကြောင်း ဖြေကြားလိုက်ရာ ၎င်းဘုရင်က

هُمْ اَتْبَاعُ الرُّسُلِ

ဟူ၍ ပြောဆိုလေသည်။ ၎င်း၏ အလိုသဘောမှာ ရစူလ်တမန်တော်များ၏ ဦးစွာပထမ နောက်လိုက်များသည် များသောအားဖြင့် ဤသို့သောသူများသာ ဖြစ်ကြသည်။

တမန်တော်မြတ် ﷺ ၏ လက်ထက်တွင် တစ်ဖန် ဤမေးခွန်းကို မေးမြန်းရာ ဖော်ပြပါအာယသ်တော်တွင် ၎င်း၏ အကြောင်းကို သီးသန့်လမ်းညွှန်မှုနှင့်တကွ တင်ပြထား၏။

အိဗ်နေကစီးရ် (ရဟ) က အေမာမ်အိဗ်နေဂျရီးရ် (ရဟ) သခင်၏ ဆင့်ပြန်မှုမှ တင်ပြထားသည်မှာ ကာဖိရ်ကုိုရိုက်ရှ်တို့၏ အချို့သော ခေါင်းဆောင် အွသ်ဗားဟ်၊ ရှိုင်ဗားဟ်၊ အိဗ်နေရဗီးအဟ်၊ မွသ်အင်မ်ဗင်န် အဒီနှင့် ဟာရစ် ဗင်န် နောင်ဖလ် စသည်တို့သည် တမန်တော်မြတ် ﷺ ၏ ဦးရီးတော် အဘူသွာလစ်ဘ်ထံ လာရောက်၍ မေးမြန်းကြသည်။ အသင်၏ တူတော်မောင် မိုဟမ္မဒ် ﷺ ၏ စကားကို နာခံမှုနှင့် လက်ခံမှုပြုရန် ကျွန်ုပ်တို့အတွက် အတားအဆီးတစ်ခုမှာ ၎င်း၏ အနီးပတ်ဝန်းကျင်တွင် အချိန်တိုင်း ထိုသူများရှိနေကြ၏။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ကျေးကျွန်များဖြစ်ပြီး ၎င်းတို့ကို ကျွန်ုပ်တို့မှ သူကောင်းပြုထား၏။ (သို့) ထိုသူများသည် ကျွန်ုပ်တို့၏ ပေးကမ်းမှုဖြင့်သာ နေထိုင်သောသူများ ဖြစ်သည်။ ထိုသို့သော သေးသိမ်နိမ့်ကျသောသူများ ရှိပြီး ကျွန်ုပ်တို့သည် ၎င်းနဗီ၏ ထိုင်ဝိုင်း၌ မပါဝင်နိုင်ပေ။ အသင် တူတော်မောင်ကို ပြောကြားပါလေ။ အကယ်၍ ကျွန်ုပ်တို့လာသော အချိန်တွင် အသင် (တမန်တော်မြတ် ﷺ) သည် ၎င်းတို့အား ထိုင်ဝိုင်းမှ ဖယ်ရှားထားပါ။ သို့မှသာ ကျွန်ုပ်တို့သည် ၎င်း၏စကားကို နားထောင်၍ စဉ်းစားကြပေမည်။ အဘူသွာလစ်ဘ်က တမန်တော်မြတ် ﷺ အား ထိုသူတို့၏ ပြောဆိုမှုကို တင်ပြရာ ဟဇရသ်အုမရ် ؓ မှ ဤသို့အကြံပြု၏။ 'ထိုထဲတွင် မည်သို့ ဆုံးရှုံးမှုရှိမည်နည်း။ ရက်အနည်းငယ်အတွက် ဤသို့ပြုလုပ်၍ ကြည့်ပါ'ဟု တမန်တော်မြတ် ﷺ အား လျှောက်ထားလေသည်။

ဤသူတို့သည် မိမိတို့၏ ဆောင်ယောင်မှုကင်းမဲ့သော ချစ်ခင်သူများဖြစ်သည်။ ထိုသူတို့ လာသောအခါ ထိုင်ဝိုင်းမှ ထွက်ခွာမှုပြုပေးကြမည်။ ထိုအခါ ဖော်ပြပါအာယသ်တော် ကျရောက်လာ၏။ ဤသို့ပြုလုပ်ခြင်းမှ ပြင်းပြင်းထန်ထန် တမန်တော်မြတ် ﷺ အား တားမြစ်ထား၏။ အာယသ်တော် ကျရောက်ပြီးသည့်နောက် ဟဇရသ်အုမရ် ؓ သခင်၏ အကြံပြုချက်သည် မှားယွင်းသည်ဟု ဝန်ခံမှု ပြုရလေသည်။

ဤနွမ်းပါးသောသူများနှင့် ပတ်သက်၍ ပြောဆိုမှုပြုခဲ့ရာတွင် ထိုအချိန် ဟဇရသ်ဘီလာလ် ဟဗ်ရှီ ؓ ၊ ဆွဟိုင်းဗ်ရူးမီ ؓ ၊ အဘီဟုဇိုင်ဖွာဟ်၏ သူကောင်းပြုခြင်းခံရသော စာလင်မ် ؓ ၊ အစိုင်ဒ်၏ သူကောင်းပြုခြင်းခံရသော စွဘီးဟ် ؓ နှင့် ဟဇရသ် အဗ်ဒွလ္လာဟ် အိဗ်နေမတ်စ်အူးဒ် ؓ ၊ မစ်ကဒါးသ် အိဗ်နေအုမရ် ؓ စသည့် ဆွဟာဗာများ ဖြစ်ကြပေသည်။ ၎င်းဆွဟာဗာများနှင့် ပတ်သက်၍ သိက္ခာထွတ်

မြတ်မှုတို့သည် မိုးကောင်းကင်မှ ချပေးခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်၌ ၎င်းတို့နှင့်ပတ်သက်၍ အခြားတစ်နေရာတွင် ၎င်းတို့၏ တိကျခိုင်လုံမှုကို ဤစာလုံးများဖြင့် လာရှိပေသည်။

وَاصْبِرْ نَفْسَكَ مَعَ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدَاةِ

وَالْعَشِيِّ يُرِيْدُوْنَ وَجْهَهٗ وَلَا تَعْدُ عَيْنَاكَ عَنْهُمْ تُرِيْدُ زِيْنَةَ الْحَيٰوةِ

الدُّنْيَا وَلَا تُطِعْ مَنْ اَغْفَلْنَا قَلْبَهٗ عَنْ ذِكْرِنَا وَاتَّبَعَ هَوَاهُ وَكَانَ اَمْرُهٗ فُرُطًا

ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ ကို ဤသို့ လမ်းညွှန်မှုပြုထားသည်မှာ အသင် မိမိ၏ သက်တမ်းကို ၎င်းတို့အတွင်း၌သာ ချည်နှောင်ထားလော။ အကြင်သူတို့သည် နေ့ရော၊ ညပါ အချိန်တိုင်း မိမိအသျှင်မြတ်အား စိတ်စေတနာဖြူစင်စွာဖြင့် ခဝပ်မှုပြုနေကြ၏။ အသင်ကိုယ်တော်သည် မိမိ၏ အာရုံအရှုကို ၎င်းတို့မှလွဲ၍ မည်သည့်ဘက်ကိုမျှ မလှည့်လေနှင့်။ ၎င်းဖြင့် ရည်ညွှန်းနေသည်မှာ သက်တမ်း၏ အလှစီခြယ်မှု၏ အဓိကရည်ရွယ်ချက်မှာ ဤအရာသာ ဖြစ်နိုင်သည်။ ထို့ပြင် ဤသို့ ငါအသျှင်မြတ်၏ တသမှုကို နှလုံးသားအတွင်းမှ မေ့ပစ်လိုက်သောသူများ၏ စကားကို နားမထောင်လေနှင့်။ ထိုနည်းတူစွာ မိမိစိတ်အလိုလိုက်၍ ယင်းတို့၏ လုပ်ဆောင်ချက်မှာ အတိုင်းထက် လွန်သည်ရှိသော် ၎င်းတို့၏ ပြောဆိုမှုတို့ကိုလည်း မနာခံလေနှင့်။

ဖော်ပြပါအာယသ်တော်တွင် ထိုဆင်းရဲနွမ်းပါးသူများ၏ ဂုဏ်အရည်အချင်းကို ဖော်ပြရာတွင် ယင်းတို့သည် နေ့ရော၊ ညပါ မိမိအသျှင်မြတ်ကိုသာ တသနေကြသည်။ အာယသ်တော်တွင် နေ့၊ ညဟု ဖော်ပြထားရာ ၎င်း၏အလိုသဘောမှာ နေ့၊ ည အချိန်တိုင်းဟူသရွေ့ကို ဆိုပေသည်။ ထို့ပြင် တသခြင်း၏ အလိုသဘောမှာ နေ့၊ ည ထိုအသျှင်မြတ်၏ ခဝပ်မှုပြုရာတွင် ဤအချက်လည်း ပါဝင်နေသည်။

يُرِيْدُوْنَ وَجْهَهٗ

ဖြင့် ဖော်ပြလိုသည်မှာ 'အိဗာဒသ်'ခဝပ်မှုပြုတိုင်း စိတ်စေတနာဖြူစင်မှုမပါသော ခဝပ်မှုမျိုးကို စာရင်းမသွင်းပေ။

အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် အဓိပ္ပါယ်ရှိသည်မှာ ထိုသူ၏ စာရင်းအင်းစစ်ဆေးမှုသည် အသင်တမန်တော်မြတ် ﷺ တွင် တာဝန်မရှိပေ။ ၎င်းအသင်တမန်တော်၏ စာရင်းအင်းစစ်ဆေးမှုသည် ထိုသူတို့တွင် တာဝန်မရှိပေ။ အိဗ်နေအသွိယဟ်နှင့် ဇမခ်ရှရီ စသည်တို့၏ စမ်းစစ်သုံးသပ်မှုနှင့်အညီ حِسَابِهِمْ နှင့် عَلَيْهِمْ ဟု စာလုံးတို့၏ هُمْ (ဖွမီးရ်) တို့သည် ထိုကာဖိရ်ခေါင်းဆောင်များဘက်သို့ ရည်ညွှန်းပြသလေသည်။

ထိုနှမ်းပါးဆင်းရဲသော မွတ်စ္စလင်မ်များကို ထိုင်ဝိုင်းမှ ပြောင်းရွှေ့ရန် တောင်းဆိုသောအခါ အလ္လာဟ်အသျှင်မြတ်က တမန်တော်မြတ် ﷺ အား အသိပေးဖော်ပြသည်မှာ ဤသူတို့ အီမာန်သက်ဝင်ယုံကြည်လာသည် ဖြစ်စေ၊ (သို့) အီမာန်သက်ဝင်ယုံကြည်မှု မရှိသည်ဖြစ်စေ အသင်တမန်တော်မြတ် ﷺ သည် ဆင်းရဲနွမ်းပါးသော မွတ်စ္စလင်မ်များနှင့် ယှဉ်လျက် ထိုသူတို့အား ဂရုမမူလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့၏ စာရင်းအင်း၏ တာဝန်သည် အသင်နှင့် မသက်ဆိုင်ပေ။ ပမာဆိုရသော် အသင်၏ စာရင်းအင်းတာဝန်သည် ထိုသူများအပေါ်တွင် မရှိသကဲ့သို့ ဖြစ်၏။ အကယ်၍ ၎င်းတို့၏ တာဝန်သည် အသင့်အပေါ်တွင် ရှိမည်။ ၎င်း၏သဘောမှာ ထိုသူတို့၏ မွတ်စ္စလင်မ်မဖြစ်သည့်အပေါ် အသင့်အား အရေးယူခဲ့ပါသော် ဤသို့သောအခါ အသင်သည် ထိုမုရှိရစ်က်ခေါင်းဆောင်တို့၏ ဆန္ဒအလျောက် ဆင်းရဲနွမ်းပါးသော မွတ်စ္စလင်မ်များကို မိမိ၏ ထိုင်ဝိုင်းမှ ဖယ်ရှားနိုင်ပေမည်။ ဤသို့မဟုတ်ပါက ထိုဆင်းရဲသူတို့၏ ထိုင်ဝိုင်းမှ ဖယ်ရှားခြင်းသည် လုံးဝ သမာသမတ်မရှိခြင်းသာ ဖြစ်သည်။ အကယ်၍ အသင်သည် ထိုသူတို့ပြောဆိုသကဲ့သို့ ဆောင်ရွက်ပါက အသင်သည် ဆိုးသွမ်းသောသူထဲတွင် ပါဝင်နေပေမည်။

ဒုတိယအာယသ်တော်တွင် အမိန့်ရှိသည်မှာ ငါအသျှင်မြတ်သည် ဤသို့ တစ်ဦးဦးကို အခြားသူများ၏ အကြောင်းခံဖြင့် စမ်းသပ်မှုတွင် ရှိစေ၏။ သို့မှသာလျှင် ကုရိုက်ရှ်တို့၏ ခေါင်းဆောင်တို့ကို အလ္လာဟ်အသျှင်မြတ်၏ ဤပြင်းထန်ကြီးမားသော တန်ခိုးတော်၏ အခြေအနေကို တွေ့ရပေမည်။ ၎င်းမှာ ဆင်းရဲနွမ်းပါးသော မွတ်စ္စလင်မ်တို့ကို ထိုသူတို့သည် သိက္ခာမရှိ သေးသိမ်သူဟု မှတ်ယူထားကြလေသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ နောက်လိုက်သမှုပြုခြင်းဖြင့် မည်သို့အဆင့်အတန်းသို့ ရောက်ရှိသွားသနည်း။ နှစ်လောကစလုံးတွင် မည်သို့ သိက္ခာရရှိသွားပါသနည်း။ ထိုအခါ ၎င်းတို့သည် ဤဆင်းရဲနွမ်းပါးသော သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် သိက္ခာပေးခြင်းခံထိုက်သော သူများ ဖြစ်ကြပါသလော။ ထိုကဲ့သို့ ထွတ်မြတ်သောသူများကို စွန့်လွှတ်၍ ၎င်းတို့အား ချီးမြှင့်မှုပေးပါသလောဟု ပြောဆိုကြ၏။

ကရှ်ရှားဖ်နှင့် အခြားသောကျမ်းရှင်တို့၏ စူးစမ်းသုံးသပ်မှုမှာ ထိုသူတို့၏ ဤစကားရပ်သည် စမ်းသပ်မှု၏ နောက်ဆုံးရလဒ်ဖြင့် ဖြစ်ပေ၏။ ဆင်းရဲနွမ်းပါးသော မွတ်စ္စလင်မ်များဖြင့် စမ်းသပ်မှုယူခဲ့ခြင်း ဖြစ်ပေသည်။ ထိုသူတို့သည် စမ်းသပ်မှုတွင် မအောင်မြင်ခဲ့ပေ။ အမှန်မှာ အလ္လာဟ်အသျှင်မြတ်၏ ဤသို့ စမ်းသပ်မှုပြုခြင်းအပေါ် စဉ်းစား၍ နောက်ဆုံးရလဒ်အပေါ်သို့ ရောက်ရပေမည်။ ထွတ်မြတ်ခြင်း၊ သေးသိမ်ခြင်း၊ ပစ္စည်းဥစ္စာ စည်းစိမ် စသည်တို့အပေါ် မူတည်မနေပေ။ သို့သာမက ၎င်း၏ အဓိကအကြောင်းတရားသည် ကောင်းမွန်သော စာရိတ္တ၊ ကျင့်ကြံမှုအပေါ် မူတည်နေ၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ပြောင်းပြန် စွပ်စွဲမှုပြုကြသည်မှာ သိက္ခာနှင့် ထိုက်တန်သူသည် ကျွန်ုပ်သာ ဖြစ်သင့်ပြီး ကျွန်ုပ်တို့အား လွှတ်၍ ထိုသူတို့ကို အဘယ်ကြောင့် ပေးရသနည်းဟူ၍ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို အဖြေမှုရင်းဖစ်မြစ်ဘက်သို့ လှည့်၍ ဤဝါကျဖြင့် ပေးလိုက်၏။

اَلَيۡسَ اللّٰهُ بِاَعۡلَمَ بِالشّٰكِرِيۡنَ

၄င်း၏ အလိုသဘောမှာ အမှန်နှင့် ကျေးဇူးတရား သိရှိသူတို့သည် မည်သူတို့ဖြစ်သည်ကို အလ္လာဟ် အသျှင်မြတ် ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ဧကန်စင်စစ် ထွတ်မြတ်သူနှင့် သိက္ခာရှိသူတို့ ဆိုသည်မှာ ထိုသို့သောသူများသာ ဖြစ်၏။ အကြင်သူတို့သည် မိမိကို ကောင်းမွန်စွာ ထားရှိသည့်အပေါ် ကောင်းစွာသိရှိပြီး ကျေးဇူးတင်လျက်ရှိခြင်းသာ ဖြစ်၏။ ဤသူတို့သာလျှင် ကျေးဇူးတော်နှင့် ဂုဏ်ပေးထိုက်သူတို့ ဖြစ်ပေသည်။ နေ့ ည မိမိတို့အား ချီးမြှင့်ပေးထားသော 'နေ့အိမသ်' စည်းစိမ်တွင် ယစ်မူးပြီး အမိန့်ဖီဆန်မှုပြုသူတို့နှင့် မထိုက်တန်ပေ။

အချို့သော အမိန့်ပညတ်ချက်များ

ဖော်ပြပါ အာယသ်တော်များဖြင့် အချို့အမိန့်ပညတ်ချက်များနှင့် အကျိုး ခံစားနိုင်၏။ ပထမအချက်မှာ တစ်ဦးတစ်ယောက်၏ စုတ်ပြဲနေသော အဝတ်အစား (သို့) အပေါ်ယံ ဆင်းရဲနွမ်းပါးသော အခြေအနေကို ကြည့်၍ ထိုသူကို သေးသိမ်နိမ့်ကျသူဟု မှတ်ယူရန် မည်သူတစ်ဦးတစ်ယောက်မျှ တာဝန်မရှိပေ။ တစ်ခါတစ်ရံ ဤသို့သော အဝတ်အစားဖြင့် ထိုသို့သောသူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် အလွန်သိက္ခာရှိ၍ လက်ခံသောသူများသာ ဖြစ်ကြသည်။ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူသည်မှာ မြောက်မြားစွာသော ပြည့်စုံမှုမရှိသော အခြေအနေနှင့် ဆင်းရဲနွမ်းပါးသူတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် လက်ခံပြီးသူများသာ ဖြစ်သည်။ အကယ်၍ လုပ်ငန်းတစ်ခုခုအတွက် ကျိန်ဆိုမှုပြုခဲ့သော် အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ 'ကစမ်'ကျိန်ဆိုမှုကို လုံးဝ အပြည့်အဝ ဖြည့်ဆည်းပေးတော်မူ၏။

ဒုတိယအချက်မှာ ထွတ်မြတ်မှုနှင့် သေးသိမ်မှု၏ အတိုင်းအတာကို ဒွန္နယာလောက၏ စည်းစိမ်ဥစ္စာ ပစ္စည်းများအပေါ် မူတည်သည်ဟု မှတ်ယူခြင်းမှာ လူမှုရေးကို စော်ကားခြင်းသာ ဖြစ်သည်။ ၄င်း၏ အဓိက မူတည်ချက်သည် စာရိတ္တကောင်းမွန်မှုနှင့် ကောင်းသော ကျင့်ကြံခြင်းအပေါ် မူတည်၏။

တတိယအချက်မှာ မျိုးနွယ်စုတစ်ခုခု၏ ပြုပြင်သူနှင့် ဖိတ်ခေါ်သူအတွက် အကယ်စင်စစ် ဖိတ်ခေါ်မှုသည် အများအတွက်ဖြစ်ရန် အရေးကြီးပေသည်။ ၄င်းတို့တွင် ကိုက်ညီသူ၊ ဆန့်ကျင်သူ၊ လက်ခံမှုမရှိသူ အားလုံးနှင့် သက်ဆိုင်၏။ သို့သော် ထိုသူတို့၏ တာဝန်ဝတ္တရားသည် ဦးစွာပထမဖြစ်မည်။ ၄င်းတို့သည် ယင်း၏ ညွှန်ကြားပေးမှုကို တသွေမတိမ်း လိုက်နာကျင့်ကြံကြ၏။ အခြားသူများအတွက်ကြောင့် ၄င်းတို့ကို နောက်ဆိုင်းခြင်းနှင့် လျစ်လျူရှုခြင်း မပိုင်ပေ။ ဥပမာ– မွတ်စ္လင်မ်မဟုတ်သူများကို ဖိတ်ခေါ်ရန်အတွက်ကြောင့် ကျွမ်းကျင်မှုနည်းပါးသော မွတ်စ္လင်မ်များကို သင်ကြားပေးမှုနှင့် ပြုပြင်ပေးမှုတို့ကို မရွှေ့ဆိုင်းသင့်ပေ။

စတုတ္ထအချက်မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များသည် ကျေးဇူးသိတတ်သရွေ့ တိုးပွား လျက်ရှိသည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို များစွာ တိုးပွားလိုလျှင် ထိုသူသည် ပြောဆိုလုပ်ဆောင်မှုဖြင့် ကျေးဇူးသိတတ်မှုကို မိမိကိုယ်တိုင် မြဲမြံစွာ ပြုလုပ်ပါ။ အာယသ်တော်

وَاِذَاجَاءَكَ الَّذِيْنَ يُؤْمِنُوْنَ ـ الخ

နှင့် စပ်လျဉ်း၍ သဖ်စီးရ်ပညာရှင်များထံတွင် အဆိုနှစ်ခုရှိသည်။ ပညာရှင်အများစုသည် ဤအာယသ် တော်ကို ဖော်ပြပါအာယသ်တော်နှင့် အကြောင်းအရာများတူသည်ဟု ဆိုသည်။ ထို့ပြင် ဤအဆိုကို ခိုင်လုံ စေရန်အတွက် ဤဆင့်ပြန်ချက်ကို တင်ပြထားသည်။ အကြင်အခါ ကိုရိုက်ရှ်ခေါင်းဆောင်များသည် အာဗူ သွာလစ်ဗ်၏ အကြောင်းခံဖြင့် ကိုယ်တော့်အား လျှောက်ထားကမ်းလှမ်းခဲ့သည်မှာ ကိုယ်တော်တိုင် ထိုင်ဝိုင်းမှ ဆင်းရဲသောသူများနှင့် အဆင့်နိမ့်သောသူများရှိနေရာ ၎င်းတို့နှင့် ယှဉ်တွဲ၊ ပူးတွဲထိုင်ကာ ကျွန်ုပ်တို့ ကိုယ်တော် ၏ အဆိုဩဝါဒများကို မကြားနာနိုင်ပေ။ အကယ်၍ ကျွန်ုပ်တို့ လာရောက်ချိန် ၎င်းတို့ကို ကိုယ်တော်၏ ထိုင်ဝိုင်းမှ ဖယ်ရှားစေသော် ကျွန်ုပ်တို့ ကိုယ်တော်၏ ဩဝါဒများကို အာရုံပြု၍ နားထောင်နိုင်မည်ဖြစ်သည်။

ထိုစကားရပ်အပေါ် ဟဇရသ်အုမရ် ﷺ သခင်မှ အကြံပြုသည်မှာ ထိုသို့ လုပ်ဆောင်လျှင် လျှော့နည်း မှုတစ်စုံတစ်ရာ မရှိပေ။ မွတ်စ္စလင်မ်များသည် ကျွန်ုပ်တို့၏ အထူးသီးသန့် သူဖော်သင်္ဂဟများဖြစ်ရာ ၎င်း တို့ကို ထိုသူများလာရောက်ချိန် ထိုင်ဝိုင်းမှ ခေတ္တအနည်းငယ် ဖယ်စေသော် ဖြစ်နိုင်သည်။ သို့ဖြစ်လျှင် ဤကိုရိုက်ရှ်ခေါင်းဆောင်များသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဒေသနာတော် မိန့်မြွက်ချက်များကို ကြားနာ၍ မွတ်စ္စလင်မ်ဖြစ်ရှိသွားမည်ဖြစ်သည်။

သို့သော် ဖော်ပြပါ အာယသ်တော်တွင် ဤအကြံပေးမှုနှင့် ဆန့်ကျင်သည့် ဤအမိန့်တော်ကျရောက် ခဲ့သည်မှာ ထိုသို့ လုံးဝ မလုပ်ဆောင်လေနှင့်။ ဤသို့ ပြုမူခြင်းသည် 'ဇုလ်မ်' ညှဉ်းပန်းခြင်းနှင့် မတရားပြု ခြင်းသာ ဖြစ်မည်။ ထိုအမိန့်တော် ကျရောက်သည့်အတွက် ဟဇရသ်အုမရ် ﷺ သည် မိမိ၏ အကြံပြုမှု၊ မှားယွင်းခြင်း ပေါ်လွင်ခဲ့ရာ အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့် မကိုက်ညီသော အကြံပေးမှု ပြုခဲ့ခြင်းဖြင့် အပြစ်ကျူးလွန်သူ ဖြစ်ရှိသွားမည်ကို စိုးရိမ်ကြောင့်ကြခဲ့၏။ ထို့ကြောင့် မိမိအပြစ်ဝန်ခံရန် အသင့် ဖြစ်ရှိ သွားလေသည်။

ထိုအချက်အပေါ် အထက်ပါအာယသ်တော်သည် ၎င်းအား ဖြေသိမ့်မှုပေးရန်အတွက် အမိန့်ရှိခဲ့၏။ ယင်း၏ အနှစ်ချုပ်မှာ အသင်ကိုယ်တော် ၎င်းသူတို့ကို ထိုကျော်လွန်ခဲ့သော အပြစ် (အကြံပြုမှု) အပေါ် မည်သို့မျှ စစ်ဆေးမည်မဟုတ်ကြောင်း စိတ်ဖြေဖျောက်ရန် အမိန့်ရှိလော။ သို့သာမက ဤမှားယွင်းချွတ်ချော် သွားမှုအပေါ် အပြစ်ဒဏ်အစား မရှိပေ။ ထို့ပြင် အသနားတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မရေမတွက်နိုင်သော စည်းစိမ်တော်များ ချီးမြှင့်ရန် ကတိတော်ဝန် ယူထားကြောင်း သတင်း ပါးလော။ ထို့နောက် မဟာကရုဏာတော်ရှင်၏ ဥပဒေတစ်ရပ် ၎င်းတို့ကို ပြောကြားပါလေ။ ၎င်းမှာ အကြင်အခါဝယ် မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်သည် မသိနားမလည်ခြင်းကြောင့် မကောင်းမှု ပြုကျင့်

လိုက်မှု၊ တစ်ဖန် မိမိ၏ အပြစ်အပေါ် အသိ၊ သတိဝင်၍ 'သောင်ဗာဟ်' အမှားဝန်ခံခဲ့သည်ရှိသော် နောင်တွင် မိမိကျင့်ဆောင်မှုကို ပြောင်းလဲလိုက်ပါက အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ လွန်လေပြီးသော အပြစ်များကို ခွင့်လွှတ်ပလပ်တော်မူလိုက်၏။ ထို့ပြင် ရှေ့ဆက်၍လည်း မိမိ၏ လောကီ၊ လောကုတ္တရာ ချီးမြှင့်ပေးသနားမှုများမှ ၎င်းတို့ လက်မဲ့ဖြစ်စေမည် မဟုတ်ပေ။

ဤရှင်းလင်းချက်အရ အာယသ်တော်သည် ထိုသီးသန့်ဖြစ်ရပ်တစ်ခုတွင် ကျရောက်ခဲ့ကြောင်း သိရှိရ၏။ ၎င်းနှင့်စပ်လျဉ်း၍ အထက်ပါအာယသ်တော်များတွင် ဖော်ပြပြီးဖြစ်၏။ ထို့ပြင် အချို့သော သဖ်စီးရ်ပညာရှင်များသည် ၎င်းအာယသ်တော်၏ အကြောင်းအရာကို လမ်းညွှန်မှုပေးသော ဆောင်းပါးတစ်ခုအနေဖြင့် ဖော်ပြထား၏။ ယင်းအာယသ်တော်သည် 'ဂိုနာဟ်' ဖြစ်မှုကျူးလွန်မိ၍ အရှက်ရပြီး 'သောင်ဗာဟ်' အမှားဝန်ခံပြီး မိမိအပြစ်ဝန်ခံလိုက်သူများနှင့် ပတ်သက်နေသည်။

အကယ်၍ စဉ်းစားမှုပြုခြင်းဖြင့် ထိုအဆိုနှစ်ခုစလုံးတွင် ဆန့်ကျင်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုအဆိုအပေါ် အားလုံးသော အိုလမာသာသနာ့ပညာရှင်များထံတွင် တစ်ညီတစ်ညွတ်တည်း ဖြစ်သည်။ ၎င်းမှာ ကျမ်းမြတ်ကုရ်အာန်၏ အမိန့်တစ်စုံတစ်ရာသည် သီးသန့် အဖြစ်အပျက်တစ်ခုအပေါ် ကျရောက်ခဲ့ပါသော် ၎င်း၏ စာသားများနှင့် အကြောင်းအရာတို့သည် အများနှင့် သက်ဆိုင်မှုရှိသော် ထိုအမိန့်ပညတ်ချက်သည် ယင်းအကြောင်းအရာအတွက် သီးသန့်မဟုတ်ပေ။ သို့သာမက အများနှင့် သက်ဆိုင်သော အမိန့်ပညတ်ချက်တစ်ခု ဖြစ်သွားသည်။ ဤအတွက်ကြောင့် အကယ်၍ ဖော်ပြပါအာယသ်တော် ကျရောက်မှုသည် ထိုဖော်ပြပါ အကြောင်းအရာ၌ ဖြစ်ပါသော်လည်း ဤအမိန့်သည် အများနှင့် သက်ဆိုင်သည့် ဥပဒေတစ်ခု ဖြစ်ရှိသွားသည်။ ၎င်းသည် ထိုဖြစ်မှုကျူးလွန်သူတိုင်း ပါဝင်ပေသည်။ အကြင်သူသည် အပြစ်ကျူးလွန်ပြီးသည့်နောက် မိမိ၏အမှားအပေါ် အသိတရားရ၍ အရှက်ရပြီး ၎င်းက မိမိတို့၏ ရှေ့ဆက်ကျင့်စဉ်များကို ပြုပြင်လိုက်လေသည်။

ယခု ထိုအာယသ်တော်များ၏ အပြည့်အဝ ရှင်းလင်းချက်ကို ကြည့်ရှုပါ။ ပထမအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

وَ اِذَا جَاۤءَكَ الَّذِيْنَ يُؤْمِنُوْنَ بِاٰيٰتِنَا فَقُلْ سَلٰمٌ عَلَيْكُمْ كَتَبَ

رَبُّكُمْ عَلٰى نَفْسِهِ الرَّحْمَةَ

အလိုသဘောမှာ 'ထို့ပြင် (အို၊ နဗီတမန်တော်) အသင့်ထံသို့ အလ္လာဟ်အသျှင်မြတ်၏ သက်သေ လက္ခဏာများကို ယုံကြည်သောသူတို့ လာရောက်ကြသောအခါ (ဤနေရာတွင် အာယသ်တော်၏ အလိုသဘောမှာ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များလည်း ဖြစ်နိုင်ပေ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော စွမ်းအားရှိ နိမိတ်လက္ခဏာတော်များလည်း ဖြစ်နိုင်ပေသည်။) ၎င်းတို့နှင့် ပတ်သက်၍ ကိုယ်တော်အား ဤသို့ လမ်းညွှန်မိန့်ခြွေထား၏။ အသင်သည် ၎င်းတို့အား سَلَامٌ عَلَيْكُمْ ဟူ၍ ပြောဆိုပါလေ။

ဤနေရာတွင် سَلَامٌ عَلَيْكُمْ ၏ အဓိပ္ပာယ်နှစ်မျိုးဖြစ်နိုင်ပေသည်။ ပထမတစ်မျိုးမှာ ၎င်းတို့အား အလ္လာဟ် အသျှင်မြတ်၏ဘက်တော်မှ 'စလာမ်' မေတ္တာပို့သပါလေ။ ထိုထဲတွင် ၎င်းတို့၏ အမြင့်မားဆုံးသော ဂုဏ်သိက္ခာ ပေးမှုဖြစ်သည်။ ဤပုံစံဖြင့် ထိုဆင်းရဲနွမ်းပါးသော မွတ်စ္စလင်မ်တို့၏ စိတ်ထိခိုက်မှုကို အကောင်းဆုံး သော ဖြည့်ဆည်းပေးမှု ဖြစ်သည်။ ထိုဆင်းရဲသော မွတ်စ္စလင်မ်များနှင့်ပတ်သက်၍ ကိုရိုက်ရှ်ခေါင်းဆောင် တို့က ထိုင်ဝိုင်းမှ နှင်ထုတ်မှုပြုရန် ရွေးချယ်တင်ပြခဲ့ကြသည်။ ဤသို့ အလိုသဘောလည်း ဖြစ်နိုင်ပေသည်။ ၎င်းမှာ အသင်တမန်တော် ထိုသူတို့ကို ငြိမ်းချမ်းသာယာမှု၏ သတင်းကောင်းပါးလိုက်ပါလေ။ အကယ်၍ ၎င်းသူတို့ 'အမလ်' ကျင့်ကြံမှုတွင် လျော့နည်းမှု (သို့) မှားယွင်းမှုတစ်စုံတစ်ရာ ဖြစ်ခဲ့ပါသော် ၎င်းကို ခွင့်လွှတ်မှု ပြုပေမည်။ ထို့ပြင် ဤသူများသည် ဘေးဘယပေါင်းစုံမှ လွတ်ကင်းပေနမည်။

ဒုတိယဝါကျတွင်

كَتَبَ رَبُّكُمْ عَلَى نَفْسِهِ الرَّحْمَةَ

ထိုကျေးဇူးပြုခြင်းဖြင့် သာဝို၍ ကျေးဇူးနှင့် စည်းစိမ်ချီးမြှင့်ခြင်း၏ ကတိကို ဤကဲ့သို့ ဖော်ပြထား လေသည်။ အသင်တမန်တော် ထိုမွတ်စ္စလင်မ်များကို အမိန့်ရှိပါလေ။ အသင်တို့အား ဖန်ဆင်းမွေးမြူသော အသျှင်မြတ်သည် မိမိအပေါ်တွင် ကရုဏာတရားထားရန် သတ်မှတ်ထားရှိတော်မူ၏။ ဤအတွက်ကြောင့် အလွန်တရာ စိုးရိမ်ကြောင့်ကြမှု မပြုလေနှင့်။ ဤဝါကျ၏ ပထမ رَبّ ဟူသော စာလုံးကို အသုံးပြု၍ အာယသ်တော်ပါ အကြောင်းအရာများကို အထောက်အထားပြုလိုက်လေသည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မွေးမြူစောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူလေသည်။ ၎င်းဖြင့် သိရှိရသည်မှာ ဖန်ဆင်းသူတစ်ဦးသည် မိမိ၏ ဖန်ဆင်းခံတို့ကို ဖျက်ဆီးလေ့မရှိပေ။ တစ်ဖန် رَبّ ဟူသော စာလုံးသည် အကြင်ကရုဏာတရားဘက်သို့ ရည်ညွှန်းနေသည်ကို ဤသို့ ရှင်းလင်းပြတ်သားမှုဖြင့် တင်ပြလိုက်လေသည်။ ၎င်းမှာလည်း အသင်တို့၏ အသျှင်သခင်သည် ကရုဏာတရားကို မိမိကိုယ်တိုင် တာဝန်ယူထားသည့်ပုံစံဖြင့် တင်ပြထားပေသည်။ ထို့ပြင် ပေါ်လွင်နေသည်မှာ ထွတ်မြတ်ရိုးသားသောသူ တစ်ဦးသည်လည်း ကတိအား ချိုးဖောက်ခြင်းမရှိပါမူ အလ္လာဟ်အသျှင်မြတ်ဘက်မှ မည်ကဲ့သို့ ကတိချိုးဖောက်နိုင်မည်နည်း။ သီးသန့်အနေ ဖြင့် ထိုကတိကို ဝန်ခံမှုပြုသည့်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားတော်မူလေသည်။

ဘိုခါရီ၊ မွတ်စ္စလင်မ်၊ မွတ်စ်နဒ်အဟ်မဒ် ကျမ်းတွင် ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပွါးမှု ချက်တစ်ခု လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်အခါ အလ္လာဟ်အသျှင်မြတ်သည် အားလုံးသော အဖန်ဆင်းခံများကို ဖန်ဆင်းပြီး ဖန်ဆင်းခံတစ်ခုတိုင်းအတွက် 'သက္ကဒီးရ်' (ကံကြမ္မာ) ၏ ဆုံးဖြတ်ချက် ချထားခဲ့သည်။ ထိုအချိန် 'အရရှ်' ပလ္လင်' ပေါ်တွင် အသျှင်မြတ် ရေးသားထားသော စာအုပ်တစ်အုပ်ရှိသည်။ ၎င်းစာအုပ်တွင် ဤသို့ ရေးသားထားသည်။

إِنَّ رَحْمَتِي غَلَبَتْ غَضَبِي

ငင်း၏ အလိုသဘောမှာ ငါအသျှင်မြတ်၏ ကရုဏာတော်သည် ငါအသျှင်မြတ်၏ အမျက်ဒေါသ အပေါ် လွှမ်းမိုးနေ၏။

ထို့ပြင် ဟဇရသ်စလ်မာန် ﷺ သခင်မှ အမိန့်ရှိသည်မှာ ကျွန်ုပ်သည် 'သောင်ရားသ်' ကျမ်းတွင် ဤသို့ ရေးသားထားသည်ကို မြင်တွေ့ခဲ့၏။ အကြင်အခါ အလ္လာဟ်အသျှင်မြတ်သည် မြေနှင့် မိုးကောင်းကင်၊ ငင်းတွင်းရှိ အဖန်ဆင်းခံအားလုံးကို ပြုလုပ်ဖန်ဆင်းခဲ့ရာ ကရုဏာတရားရှိခြင်း၏ ဂုဏ်ပုဒ်ကို အပုံတစ်ရာ ပြု၍ ထိုထဲမှ တစ်ပုံကိုသာ အဖန်ဆင်းခံ အရာအားလုံးကို ခွဲဝေပေးလိုက်သည်။ လူ၊ တိရစ္ဆာန်နှင့် အခြားသော အဖန်ဆင်းခံများထဲတွင် မည်သည့်အရာ၌မဆို 'ရဟ်မသ်' ရှိခြင်းအား တွေ့ရှိရပါသော် ငင်းသည် ထိုခွဲဝေပေးထားသော ဝေစုမှ စူရှထိရောက်မှုတစ်ခုသာ ဖြစ်ပေသည်။ မိဘနှင့် သားသမီးတို့တွင်ဖြစ်စေ၊ ညီအစ်ကိုမောင်နှမများတွင်ဖြစ်စေ လင်မယားတို့တွင်ဖြစ်စေ၊ ဆွေမျိုးသားချင်းတို့တွင်ဖြစ်စေ၊ အိမ်နီးပတ်ဝန်းကျင်တွင်ဖြစ်စေ အခြားသော မိတ်ဆွေသင်္ဂဟများတွင်ဖြစ်စေ အချင်းချင်း ကြင်နာရိုင်းပင်းမှုနှင့် ချစ်ခင် ကရုဏာသက်ခြင်းဆိုင်ရာ အဆက်အစက်များ ရှိကြ၏။ ထိုအရာအားလုံးသည် ငင်း 'ရဟ်မသ်' ဝေစုတစ်ခု တည်း၏ ရလဒ်ပင်တည်း။ ကျန် (၉၉) ပုံသော 'ရဟ်မသ်' ဝေစုကို အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် အတွက် ထားရှိ၏။ ထို့ပြင် အချို့သော ဆင့်ပြန်ချက်များတွင် ငင်းကို ကိုယ်တော်မြတ် ﷺ ၏ ဟဒီးစ်တော် ပုံစံဖြင့်လည်း ဆင့်ပြန်မှုပြုထားလေ၏။ ငင်းဖြင့် လူသားသည် အလ္လာဟ်အသျှင်မြတ်က မိမိအဖန်ဆင်းခံများ အပေါ် မည်မျှ မည်ပုံ အသနားကရုဏာပြုသည်ကို ခန့်မှန်းနိုင်ပေသည်။

လူတစ်ဦးတစ်ယောက်သည်သာမက ဖရစ်ရှ်သာဟ်သည်ပင် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုနှင့်အညီ 'အမလ်' ကျင့်ဆောင်မှုနှင့် အမိန့်နာခံမှုတို့ကို မစွမ်းဆောင်နိုင်ပေ။ အကြင်အမိန့်နာခံမှုသည် မြင့်မြတ်မှုနှင့် ဆန့်ကျင်သော လောကီသားများ၏ အရှုတွင်ပင်လျှင် 'နေအ်မသ်' စည်းစိမ်တော် ရရှိမည့်အစား အမျက်တော်ရခြင်း ခံရမည်ဟု နားလည်မှတ်ယူကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်ခြင်းနှင့် တိုင်းတာ၍ကြည့်လျှင် ကျွန်ုပ်တို့၏ အမိန့်နာခံမှု၊ 'အေဗာဒသ်' (ခဝပ်မှု) နှင့် ကောင်းမှုတို့သည် မကောင်းမှုနှင့် မည်သည့်   မှ ခြားနားနိုင်မည်မဟုတ်။ ဤအခြေအနေသည် ကျွန်ုပ်တို့၏ အမိန့်နာခံမှု၊ ခဝပ်ကိုးကွယ်မှုနှင့် ကောင်းမှုတို့၏ အခြေအနေသာဖြစ်သည်။ တစ်ဖန် မည်သည့်လူသားမှ မကောင်းမှု၊ အပြစ်ဒုစရိုက်တို့ဖြင့် လွတ်ကင်းသော သူဟူ၍ မရှိပေ။ إِلَّا مَنْ عَصَمَهُ اللّٰهُ (အလ္လာဟ်အသျှင်မြတ် ထိန်းသိမ်း လွတ်ကင်းစေသောသူသာ လွတ်ကင်းနိုင်မည်ဖြစ်၏။) ဤအခြေအနေ အချက်အလက်များကို ကြည့်ခြင်းအားဖြင့် တရားမျှတစွာ စီရင်မည်ဆိုလျှင် မည်သူတစ်ဦးမှ 'အဇားဗ်' အပြစ်ဒဏ်ခတ်ခြင်းမှ လွတ်ကင်းနိုင်မည်မဟုတ်။ သို့သော် လူသားတိုင်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်' စည်းစိမ်တော်များသည် အချိန်တိုင်း ကျရောက်လျက်ရှိမှုတို့သည် အလ္လာဟ်အသျှင်မြတ်က သနားကရုဏာတော်ကို မိမိ အပေါ်၌ သတ်မှတ်ပြဌာန်းထားတော်မူလေရာ ငင်း 'ရဟ်မသ်' တော်၏ ရလဒ်သာ ဖြစ်သည်။

'သောင်ဗာဟ်' ဖြင့် 'ဂိုနာဟ်' ဟူသရွေ့ ပပျောက်သွားခြင်းအကြောင်း

ထို့နောက် ပြည့်ဝသော ကရုဏာတရား၏ ရှင်းလင်းမှုပုံစံတစ်ခုကို ဤသို့ တင်ပြထားပေသည်။

أَنَّهُ مَنْ عَمِلَ مِنكُمْ سُوءًا بِجَهَالَةٍ ثُمَّ تَابَ مِن بَعْدِهِ
وَأَصْلَحَ فَأَنَّهُ غَفُورٌ رَّحِيمٌ

အလိုသဘောမှာ အကြင်သူများသည် မသိနားမလည်ခြင်းဖြင့် မကောင်းသောလုပ်ရပ်ကို လုပ်မိသွားသော်၊ ထို့နောက် ၄င်းသည် 'သောင်ဗာဟ်'အမှားဝန်ခံလိုက်ပြီး မိမိ၏ ပြုဆောင်မှုကို ပြုပြင်လိုက်ပါမူ အလ္လာဟ်အသျှင်မြတ်သည် အလွန် သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ၄င်း၏ 'ဂိုနာဟ်'ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပြီး အလွန် ကရုဏာတရားရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ခွင့်လွှတ်ပလပ်ပေးရုံသာမက စည်းစိမ်တော်များလည်း ချီးမြှင့်ပေမည်။

ဤအာယသ်တော်၌ جَهَالَت စာလုံးဖြင့် တစ်ဦးဦးကို ဤသို့ အတွေးဝင်နိုင်သည်။ ၄င်းမှာ အပြစ်ကို ခွင့်လွှတ်ပေးခြင်း၏ ကတိသည် မသိနားမလည်ခြင်းကြောင့် အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိသည့် ပုံစံသာဖြစ်၍ သိပါလျက် အပြစ်ကျူးလွန်သူသည် ထိုအမိန့်တွင် မပါဝင်ဟု ထင်နေကြသည်။ သို့သော် အမှန်စင်စစ် ဤသို့မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် جَهَالَت၏ အလိုသဘောသည် ဤနေရာတွင် မသိနားမလည်သော ကျင့်ကြံမှုဖြစ်သည်။ ဆိုလိုသည်မှာ ဤသို့ လုပ်ဆောင်ခြင်းသည် နောက်ဆုံးရလဒ်ကို မသိသောသူများ ပြုလုပ်သကဲ့သို့ ပြုလုပ်သော လုပ်ဆောင်ချက်ဖြစ်သည်။ အမှန်စင်စစ် ၄င်းသည် 'ဂျာဟိလ်' အသိမဲ့သူဖြစ်ရန် အရေးမကြီးပေ။ ၄င်းအား လေးနက်မှုရှိရန် 'ဂျဟာလသ်'စာလုံးဖြင့် လုံလောက်ပေသည်။ ဤနေရာတွင် جَهْل စာလုံးကို အသုံးမပြုဘဲ جَهَالَت စာလုံးကို အသုံးပြုထားခြင်းသည် ထိုဘက်သို့ ရည်ညွှန်းရန်သာ အသုံးပြုလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် جَهْل သည် عِلْم ယှဉ်ဘက်ဖြစ်သည်။ ထို့ပြင် جَهْل သည် သည်းခံတည်ငြိမ်မှုနှင့် ဆန့်ကျင်နေသည်။ အလိုသဘောမှာ جَهَالَت စာလုံးသည် မသိသူများ၏ လုပ်ရပ်အား ရေးသားပြောဆိုသည့်အခါ အသုံးပြုသော စာလုံးဖြစ်သည်။ အကယ်၍ စဉ်းစားဆင်ခြင်ခြင်းဖြင့် သိရှိရသည်မှာ မည်သည့်အခါ တစ်ဦးတစ်ယောက်သည် အပြစ်ဒုစရိုက် ကျူးလွန်လိုက်သည်ရှိသော် ထိုမသိသော လုပ်ရပ်ကြောင့်သာ ဖြစ်ပေါ်စေခဲ့သည်။ ဤအတွက်ကြောင့် အချို့သူတော်စင်များ၏ အဆိုမှာ အကြင်သူတစ်ဦးတစ်ယောက်သည် အလ္လာဟ်၊ ရစူလ်၏ အမိန့်တော်တစ်ခုခုကို ဆန့်ကျင်မှုပြုခဲ့လျှင် ၄င်းသည် အသိတရားမဲ့သူဖြစ်သည်။ အလိုသဘောမှာ ဤမသိသော ကျင့်ကြံမှုသာ ဖြစ်သည်။ ပညာမဲ့၊ အသိတရားမဖြစ်ရန် အရေးမကြီးပေ။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်နှင့်

ဟဒီးစ်သြဝါဒတော်များတွင် မြောက်မြားစွာသော အထောက်အထားဖြင့် ၎င်းအား သက်သေပေးလေသည်။ 'သောင်ဗာဟ်'အမှားဝန်ခံ ခြင်းဖြင့် 'ဂိုနာဟ်'ဟူသရွေ့တို့သည် ပလပ်ခွင့်ရရှိနိုင်ပေသည်။ ၎င်းအပြစ် 'ဂိုနာဟ်' သည် မေ့လျော့၍ မသိနားမလည်ဘဲ ကျူးလွန်မိခဲ့သည်ဖြစ်စေ၊ (သို့) သိမြင်လျက် စိတ်၏ နှောက်ယှက်မှုဖြင့်ဖြစ်စေ၊ စိတ်အလိုလိုက်သည့်အတွက်ကြောင့်ဖြစ်စေ ကျူးလွန်ခဲ့မှုတို့ အတူတူပင်ဖြစ်သည်။

ဤနေရာတွင် အထူးသိရှိရန် လိုအပ်သည်မှာ ထိုအာယသ်တော်၌ အပြစ်ကျူးလွန်သူတို့အား လွတ်ငြိမ်းချမ်းသာခွင့်နှင့် 'ရဟ်မသ်'ကရုဏာတရားပေးရန် ကတိပြုထားလေသည်။ ၎င်းသည် စည်းကမ်းချက်နှစ်ခုနှင့်အတူ သတ်မှတ်ထားလေသည်။ ပထမအချက်မှာ 'သောင်ဗာဟ်'ဖြစ်ပြီး ဒုတိယအချက်မှာ ကျင့်ကြံမှုကို ပြုပြင်ပြောင်းလဲခြင်းပင် ဖြစ်သည်။ 'သောင်ဗာဟ်'၏ အဓိပ္ပာယ်မှာ အပြစ်အပေါ် အရှက်ရရှိခြင်း၊ ဟဒီးစ်တော်၌ လာရှိသည်မှာ اِنَّمَا التَّوْبَةُ النَّدَمُ အလိုသဘောမှာ 'သောင်ဗာဟ်'ဟူသည် အရှက်ရခြင်း၏ အမည်ဖြစ်သည်။

ဒုတိယအချက်ဖြစ်သည့် ကျင့်ကြံမှုပြုခြင်းသည်လည်း ကျင့်ကြံမှုပြောင်းလဲခြင်း၌ ပါဝင်ပေသည်။ ရှေ့ဆက်၍ ဤ 'ဂိုနာဟ်'အပြစ်၏ အနီးနားသို့ မချဉ်းကပ်ရန် ယတိပျက်ဆုံးဖြတ်၍ အပြည့်အဝ လိုက်နာမှုပြုခြင်းတို့ ဖြစ်သည်။ ၎င်းပြုမူခဲ့သော အပြစ် 'ဂိုနာဟ်'ဖြင့် အကြင်တာဝန်ဝတ္တရားတို့သည် တစ်ဦးတစ်ယောက်၏ ဆုံးရှုံးနစ်နာစေခဲ့ပါသော် ၎င်းကို ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးပါ။ ၎င်းသည့် တာဝန်ဝတ္တရားသည် حقوق الله ဖြစ်စေ၊ حقوق العباد ဖြစ်စေ ဖြည့်စွက်ရပေမည်။ حقوق الله ၏ ပမာသည် 'နမာဇ်'၊ 'ရိုဇာဟ်'၊ 'ဇကားသ်'၊ 'ဟဂျ်' စသည်ဖြင့် 'ဖွရဇ်'တာဝန်ဝတ္တရားတို့တွင် အပြည့်အဝ မထမ်းဆောင်ခြင်း ဖြစ်သည်။ حقوق العباد ၏ ပမာသည် တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာအပေါ် မတရားသော နည်းဖြင့် လက်ဝယ်၌ ရယူ၊ သုံးစွဲခြင်း၊ တစ်ဦးတစ်ယောက်၏ သိက္ခာသမာဓိအပေါ် စော်ကားမှုပြုခြင်း၊ အခြားသူများကို ဆဲရေးတိုင်းထွာသည့် ပုံစံဖြင့်ဖြစ်စေ၊ (သို့) အခြားသော နည်းလမ်းပုံစံဖြင့် ဒုက္ခရောက်စေခြင်းများ ဖြစ်သည်။

ဤအတွက်ကြောင့် 'သောင်ဗာဟ်'ပြည့်ဝစေရန်အတွက် ကျူးလွန်မိခဲ့သော အပြစ် 'ဂိုနာဟ်'များ အပေါ် အရှက်ရခြင်းနှင့်အတူ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါလေ။ ထို့ပြင် ရှေ့ဆက်၍ မိမိ၏ ကျင့်ကြံမှုများကို မှန်ကန်စွာ ဆောင်ရွက်ပါလေ။ ထိုအပြစ်ဂိုနာဟ်၏ အနီးအနားသို့ မကပ်လေနှင့်။ ဤနည်းတူစွာ အရေးကြီးသည်မှာ 'နမာဇ်'၊ 'ရိုဇာဟ်'တို့ကို မေ့လျော့မှုကြောင့် လွတ်လပ်ခဲ့သော် ၎င်းအား 'ကဇွာဟ်'ပြန်လည် ဖြည့်စွက်ပါလေ။ မပေးဆောင်ရသေးသော 'ဇကားသ်'အား ယခုပေးလိုက်ပါလေ။ 'ကုရ်ဗာနီ'၊ 'ဖိစ်သ်ရာဟ်'၏ 'ဝါဂျိဗ်'များတွင် လျော့နည်းမှုဖြစ်ပါက ၎င်းကို ဖြည့်ဆည်း ဆောင်ရွက်ပေးပါ။ 'ဟဂျ်'ပြုရန် 'ဖွရဇ်'ဖြစ်ပါလျက် 'ဟဂျ်'တာဝန် မထမ်းဆောင်ခဲ့ပါက ယခု 'ဟဂျ်' တာဝန်ကို ထမ်းဆောင်ပါ။ အကယ်၍ ကိုယ်တိုင် မပြုနိုင်ခဲ့သော် 'ဟဂျ်ဗြေဒလ်'ခေါ် 'ဟဂျ်'အစားပြုမှု

ဆောင်ရွက်ပါ။ အကယ်၍ 'ဟဂျ်ဂျေဗဒလ်'နှင့် အခြားသော 'ကဖ္ဖာ'များကို ပြုမှုဆောင်ရွက်ရန် အခွင့် အရေးမရပါက မှာတမ်းမိန့်ခြွေမှု ပြုခဲ့ပါ။ ၎င်း၏ အမွေဆက်ခံမည့်သူတို့သည် ၎င်း၏ တာဝန်ဝတ္တရား များ၏ 'ဝါဂျိဗ်'၏ 'ဖိစ်သ်ရာဟ်'(သို့) 'ဟဂျ်ဂျေဗဒလ်'တို့ကို စီစဉ်ဆောင်ရွက်ပေးပါ။ အနှစ်ချုပ်မှာ ကျင့်ကြံမှုပြုပြင်ရန်အတွက် ရှေ့ဆက်၍ သီးသန့်ကျင့်ကြံမှု ပြုပြင်ရုံဖြင့် မလုံလောက်ပေ။ ပျက်ကွက်ခဲ့သည့် 'ဖွရ်ဓ်'ဝါဂျိဗ်'တာဝန်များကို ဖြည့်ဆည်းရန်လည်း အရေးကြီးပေသည်။

ဤကဲ့သို့ပင် حقوق العباد ၌ အကယ်၍ တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာကို မပိုင်သည့်ပုံစံ ဖြင့် ရယူခဲ့သည်ရှိသော် ၎င်းကို ပြန်လည်ပေးအပ်ပါ။ (သို့) ၎င်းကို ခွင့်လွှတ်ရန် တောင်းပန်ရမည်။ တစ်ဦးဦး ကို လက် (သို့) နှုတ်လျှာဖြင့် ဒုက္ခရောက်ရှိစေခဲ့သော် ထိုသူအား တောင်းပန်ရမည်။ အကယ်၍ ၎င်းအား တောင်းပန်မှုပြုရန် မဖြစ်နိုင်သောအခါ ဥပမာ- ထိုသူ သေဆုံးသွားသော် (သို့) အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပြီး ၎င်း၏ နေရပ်လိပ်စာ မသိရှိရပါသော် ထိုအခါ ဤသို့ စီစဉ်ဆောင်ရွက်ရပေမည်။ ထိုသူအတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဒိုအာတောင်းခံရမည်။ ထို့ပြင် 'ဆွာဟေဗေဟက်'(တာဝန်ရှိသောသူ) သဘောတူညီသွားသည်ဟုမှတ်ယူပြီး ဤသူသည် လွတ်လပ် သူ ဖြစ်ရှိသွားမည်။

✧✧✧✧✧✧✧✧✧✧✧✧

قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِنْ دُونِ اللَّهِ ۚ قُلْ لَا
أَتَّبِعُ أَهْوَاءَكُمْ ۙ قَدْ ضَلَلْتُ إِذًا وَمَا أَنَا مِنَ الْمُهْتَدِينَ ۝

၆ : ၅၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ်အသျှင် မြတ်မှတစ်ပါး အသင်တို့ ဟစ်ခေါ်တသ ကိုးကွယ်လျက်ရှိသည်တို့ကို ကိုးကွယ်ခြင်းမပြုရန် ငါသည် ကေန်စင်စစ် တားမြစ်ခြင်း ခံရပြီး ဖြစ်သည်။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့လည်း) ပြောကြားပါလေ။ 'ငါသည် အသင်တို့၏ အလိုဆန္ဒအတိုင်း အလျဉ်း လိုက်နာမည်မဟုတ်ပေ။ (ထိုသို့) လိုက်နာခဲ့ပါမူ ငါသည်လည်း အမှန်ပင် လမ်းလွဲသွားမည့်အပြင် တရားလမ်းမှန် ရရှိသူတို့အနက်တွင်လည်း (တစ်ဦး) အပါအဝင် ဖြစ်တော့မည်မဟုတ်ပေ။

قُلْ إِنِّي عَلَىٰ بَيِّنَةٍ مِنْ رَبِّي وَكَذَّبْتُمْ بِهِ ۚ مَا عِنْدِي مَا
تَسْتَعْجِلُونَ بِهِ ۚ إِنِ الْحُكْمُ إِلَّا لِلَّهِ ۖ يَقُصُّ الْحَقَّ ۖ وَهُوَ
خَيْرُ الْفَاصِلِينَ ۝

၆ : ၅၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ ငါသည် မိမိ၏ အသျှင်မြတ်ထံတော်မှ ရှင်းလင်းထင်ရှားစွာသော သက်သေသာဓက (ကျမ်းမြတ်) အပေါ်၌ ရပ်တည်လျက်ရှိပေသည်။ သို့ရာတွင် အသင်တို့သည်ကား

ယင်း (ကျမ်းမြတ်) ကိုပင် မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြလေသည်။ အသင်တို့ အစောတလျင် တောင်းဆိုနေကြသော (ပြစ်ဒဏ်) အရာသည် ငါ၏ထံတွင် မရှိပေ။ အမိန့်အာဏာသည်ကား အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် ရှိပေသည်။ ထိုအသျှင်မြတ်သာလျှင် အမှန်တရားကို ထုတ်ဖော်မိန့်ကြားတော်မူသည်။ ၎င်းပြင် ထိုအသျှင်မြတ်သာလျှင် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသော အသျှင်မြတ် ဖြစ်ပေသည်။

قُلْ لَّوْ اَنَّ عِنْدِیْ مَا تَسْتَعْجِلُوْنَ بِهٖ
لَقُضِیَ الْاَمْرُ بَیْنِیْ وَبَیْنَكُمْ ؕ وَاللّٰهُ اَعْلَمُ بِالظّٰلِمِیْنَ ۝۵۸

၆ : ၅၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အသင်တို့ အလျင်စလို တောင်းဆိုနေကြသော (ပြစ်ဒဏ်) အရာသည် အကယ်၍သာ ငါ၏ထံတွင် ရှိခဲ့ပါမူ ငါနှင့် အသင်တို့စပ်ကြားတွင် (ဖြစ်ပေါ်နေသော ပြဿနာသည် အမှန်ပင် ဖြေရှင်းခဲ့ပြီး ဖြစ်ပေမည်။ အမှန်စင်စစ် မတရားကျူးလွန်သူတို့အား (မည်သို့မည်ပုံ ပြုရမည်ကို) အလ္လာဟ်အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ တမန်တော်၊ အသင်သည် (ထိုရန်သူတို့အား) ပြောကြားလိုက်ပါလေ။ ထို (ကိုးကွယ်ခံလျက်ရှိသည်တို့ကို) ကိုးကွယ်မှုပြုခြင်းမှ ငါကိုယ်တော်ကို (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ) တားမြစ်ခံရပြီး ဖြစ်သည်။ ၎င်းကို အသင်တို့သည် အလ္လာဟ်အသျှင်မြတ် (တစ်ပါးတည်း) အား စွန့်လွှတ်၍ ကိုးကွယ်လျက်ရှိသည်။ (၎င်းတို့၏ နည်းလမ်းသည် လမ်းမှားမှုအပေါ် ရှိသည်ဟု ပေါ်လွင်ထင်ရှားစေရန်အတွက်) အသင်တမန်တော် ပြောကြားပါလေ။ ငါကိုယ်တော်သည် အသင်တို့၏ (မှားယွင်းသော) အလိုဆန္ဒအတိုင်းလည်း အလျှဉ်း လိုက်နာမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် (အကယ်၍ نعوذ باللہ ကျွန်ုပ် ဤသို့ ပြုခဲ့ပါမူ) ငါသည်လည်း အမှန်ပင် လမ်းလွဲသွားမည့်အပြင် တရားလမ်းမှန် ရရှိသူတို့အနက်တွင်လည်း ပါဝင်တော့မည်မဟုတ်ချေ။ အို၊ တမန်တော်၊ အသင်သည် (ထိုသူတို့ကို ဤသို့) ပြောကြားပါလေ။ ကျွန်ုပ်၏ ထံတော်တွင် (ဤအစ္စလာမ်သာသနာ၏ မှန်ကန်မှုရှိသည့်အပေါ်) အထောက်အထားတစ်ခု (လုံလောက်စွာ) ရှိပေ၏။ ၎င်းသည် ကျွန်ုပ်၏ အသျှင်သခင်ဘက်တော်မှ (ကျွန်ုပ်အား ရရှိခဲ့လေသည်။ အလို သဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ကျွန်ုပ်၏ 'မုအ်ဂျေဇာဟ်' သက်သေလက္ခဏာဖြစ်ပြီး ၎င်းသည် **ကျွန်ုပ်၏ မှန်ဆန်မှု** သက်သေသာဓကဖြစ်၏။) ထို့ပြင် အသင်တို့သည် (အကြောင်းမဲ့) မဟုတ်မမှန်ဟူ၍ ငြင်းဆန်ခဲ့ကြပေသည်။ (အသင်တို့ ပြောဆိုနေသည်မှာ အကယ်၍ အစ္စလာမ်သာသနာသည် မှန်ကန်မှုရှိခဲ့ ပါသော် ကျွန်ုပ်တို့၏ ငြင်းဆန်မှုအပေါ် မိုးကောင်းကင်မှ ခဲမိုးရွာချခြင်း၊ (သို့) အခြားပြင်းထန်သော 'အဇာဗ်' အပြစ်ဒဏ် ကျရောက်ပါစေ။ ပမာဆိုသော် အခြားတစ်နေရာတွင် ဤစာလုံးများဖြင့် တင်ပြထားသည်မှာ–

إِنْ كَانَ هٰذَا هُوَ الْحَقُّ مِنْ عِنْدِكَ فَأَمْطِرْ
عَلَيْنَا حِجَارَةً مِّنَ السَّمَآءِ أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ

ဟူ၍ ဖြစ်ရာ ၎င်း၏ အဖြေမှာ) အသင်တို့ အကြောင်တောင်းဆိုနေသော (ပြစ်ဒဏ်အဇားဗ်) သည် ကျွန်ုပ်၏ထံ (အလိုမှာ ကျွန်ုပ် စွမ်းဆောင်နိုင်မှုမရှိပေ။) အမိန့်အာဏာသည် မည်သူတစ်ဦးထံမှာ မရှိ။ အ္လလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှိတော်မူလေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖြင့် 'အဇားဗ်'အပြစ်ဒဏ်ချပေးခဲ့ခြင်းမရှိရာ။ ကျွန်ုပ်သည် မည်သို့ ပြသနိုင်မည်နည်း။) အလ္လာဟ်အသျှင်မြတ်သည် အမှန်တရားကို (အထောက်အထားဖြင့်) ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ ၎င်းအပြင် အလ္လာဟ်အသျှင်မြတ်သာလျှင် အကောင်းဆုံး စီရင်ဆုံးဖြတ်နိုင်တော်မူသော အသျှင် ဖြစ်ပေသည်။ (သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ် ရစူလ်ဖြစ်ကြောင်း အထင်အရှား အထောက်အထားဖြစ်သည့် ကျမ်းမြတ်ကုရ်အာန် ချပေးလေသည်။ အခြားသော ခိုင်လုံသည့် 'မုအ်ဂျေဇာဟ်'သက်သေလက္ခဏာကိုလည်း ပေါ်လွင်စေခဲ့၏။ မှန်ကန်သော အထောက်အထားသည် တစ်ခုသာလျှင် လိုအပ်ပေရာ အသင်တို့ တောင်းခံသော မြောက်မြားစွာသော အထောက်အထားများ ပေါ်ထွက်ရန် အရေးမကြီးပေ။ သို့ပါ၍ ဤအချိန် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ရန် ဆုံးဖြတ်ထားခြင်းမရှိပေ။) အို, နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ အကယ်၍ ကျွန်ုပ်ထံတွင် (အလိုသဘောမှာ ကျွန်ုပ်၏စွမ်းဆောင်မှုတွင်) ထိုအရာရှိခဲ့ပါမူ ၎င်းကို အသင်တို့ အလျှင်စလို တောင်းခံနေကြသောအရာ (ပြစ်ဒဏ်) သည် (ယခုတိုင်) ကျွန်ုပ်နှင့် အသင် စပ်ကြားတွင် ဖြစ်ပေါ်နေသော ပြဿနာသည် အမှန်ပင် ဖြေရှင်းခဲ့ပြီးဖြစ်ပေသည်။ အမှန်စင်စစ် မတရားကျူးလွန်သူများကို အလ္လာဟ်အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူသော အသျှင် ဖြစ်ပေသည်။ (မည်သူတို့ကို မည်သို့မည်ပုံ ပြုလုပ်ရမည်နှင့် မည်သည့်အချိန်အခါ၌ ပြုလုပ်ရမည်ကို သိတော်မူပေသည်။)

အာယသ်တော်၏ ဆက်စပ်မှု

အထက်ပါအာယသ်တော်တွင် ကာဖိရ်များဘက်မှ 'အဇားဗ်'ကို အလျှင်စလို တောင်းခံခြင်းနှင့် ၎င်း၏အဖြေကို خَيْرُ الْفَاصِلِيْنَ ၌လည်းကောင်း၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော စွမ်းအားတော်ကို ဖော်ပြရာတွင် اَعْلَمُ بِالظّٰلِمِيْنَ ဟူ၍လည်းကောင်း အမိန့်ရှိထားလေသည်။ ရှေ့ဆက်၍ ရှိရှိသမျှသော အသိတရားများနှင့် စွမ်းအင်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် စွမ်းအားရှိမှုတို့ကို ဆက်စပ်တင်ပြထားလေသည်။

◊◊◊◊◊◊◊◊◊◊◊◊◊◊

وَعِندَهُۥ مَفَاتِحُ ٱلْغَيْبِ لَا يَعْلَمُهَآ إِلَّا هُوَ ۚ وَيَعْلَمُ مَا فِى ٱلْبَرِّ وَٱلْبَحْرِ ۚ وَمَا
تَسْقُطُ مِن وَرَقَةٍ إِلَّا يَعْلَمُهَا وَلَا حَبَّةٍ فِى ظُلُمَٰتِ ٱلْأَرْضِ وَلَا رَطْبٍ
وَلَا يَابِسٍ إِلَّا فِى كِتَٰبٍ مُّبِينٍ ﴿٥٩﴾

၆ : ၅၉ ။ ။ စင်စစ် ထိုအသျှင်မြတ်၏ ထံတော်၌သာလျှင် အကွယ်၌ရှိသော အရာ (ဘဏ္ဍာတော်) များ၏ သော့များ ရှိပေသည်။ ယင်းတို့ကို အသျှင်မြတ်မှတစ်ပါး မည်သူမျှ မသိပေ။ ထိုအသျှင်မြတ်သည်သာလျှင် ပထဝီမြေ၌လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၌လည်းကောင်း ရှိရှိသမျှ အရာတို့ကို သိရှိတော်မူသည်။ ထို့ပြင် (သစ်ပင်မှ) ကြွေကျသော သစ်ရွက်တစ်ရွက်ပင် ထိုအသျှင်မြတ် သိရှိတော်မူသည်သာ ဖြစ်သည်။ ၎င်းပြင် ပထဝီမြေ၏ အမှောင်အထပ်ထပ်၌ ကျရောက်နေသော မည်သည့် (သစ်) စေ့ပင်ဖြစ်စေ၊ မည်သည့်စိမ်းစိုသော အရာဝတ္ထုပင်ဖြစ်စေ၊ မည်သည့်သွေ့ခြောက်သော အရာဝတ္ထုပင် ဖြစ်စေ အလုံးစုံတို့သည် ရှင်းလင်းထင်ရှားသော (မှတ်တမ်း) စာအုပ်တော်တွင် (ရေးမှတ်ထားပြီး) ရှိကုန်၏။

وَهُوَ ٱلَّذِى يَتَوَفَّىٰكُم بِٱلَّيْلِ وَ
يَعْلَمُ مَا جَرَحْتُم بِٱلنَّهَارِ ثُمَّ يَبْعَثُكُمْ فِيهِ لِيُقْضَىٰٓ أَجَلٌ مُّسَمًّى ۖ
ثُمَّ إِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿٦٠﴾

၆ : ၆၀ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ် ဖြစ်သည်။ ထိုအသျှင်မြတ်သာလျှင် အသင်တို့အား ညဉ့်အခါ၌ အိပ်စက်စေတော်မူ၏။ ထို့ပြင် နေ့အခါ၌ အသင်တို့ ပြုလုပ်ခဲ့သမျှတို့ကိုလည်း သိရှိတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုနေ့တွင် အသင်တို့အား (ယင်းအိပ်စက်ခြင်းမှ) ရှင်ပြန်ထစေတော်မူသည်။ သို့မှသာလျှင် သတ်မှတ်ထားပြီးဖြစ်သော သက်တမ်းသည် စေ့သွားပေမည်။ နောက်ဆုံးတွင် အသင်တို့သည် ထိုအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည် ရောက်ရှိကြရပေမည် ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့သမျှတို့ကို အသင်တို့အား ထုတ်ဖော်ပြသတော်မူမည်။

وَهُوَ ٱلْقَاهِرُ
فَوْقَ عِبَادِهِۦ ۖ وَيُرْسِلُ عَلَيْكُمْ حَفَظَةً حَتَّىٰٓ إِذَا جَآءَ أَحَدَكُمُ
ٱلْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لَا يُفَرِّطُونَ ﴿٦١﴾

၆ : ၆၁ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်ပေသည်။ ၎င်းပြင် အသင်တို့အပေါ်ဝယ် ထိန်းသိမ်းစောင့်ကြပ်သော ကောင်းကင်တမန်များကို ခန့်အပ်စေလွှတ်တော်မူ၏။ နောက်ဆုံးတွင် အသင်တို့အနက် တစ်ဦးဦးထံသို့ သေခြင်းတရား ဆိုက်ရောက်လာသောအခါ ငါအသျှင်မြတ်၏ ကောင်းကင်တမန်များသည် ထိုသူ (၏ အသက်ဝိညာဉ်) ကို နှုတ်သိမ်းကြလေသည်။ စင်စစ် ၎င်း (စေတမန်) တို့သည် (မိမိတို့၏ တာဝန်ကို လိုက်နာဆောင်ရွက်ရာတွင်) အနည်းငယ်စိုးစဉ်းမျှပင် ပေါ့လျော့ကြသည် မရှိချေ။

ثُمَّ رُدُّوٓا۟ إِلَى ٱللَّهِ مَوْلَىٰهُمُ ٱلْحَقِّ ۚ أَلَا لَهُ ٱلْحُكْمُ وَهُوَ أَسْرَعُ ٱلْحَٰسِبِينَ ﴿٦٢﴾

(၆ : ၆၂) ။ ။ ထို့နောက် ၎င်းသူတို့သည် မိမိတို့၏ အသျှင်သခင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရမည်ဖြစ်သည်။ ကောင်းစွာ သတိပြုကြကုန်လော့။ စီရင်ဆုံးဖြတ်မှု အမိန့်အာဏာ အလုံးစုံတို့မှာ ထိုအသျှင်မြတ်၌သာ ရှိကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အမြန်ဆုံး စစ်ဆေးမေးမြန်းတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ (၎င်း၏ စွမ်းအားတော်၌) သာလျှင် အကွယ်ရှိ စည်းစိမ်အရာဝတ္ထုများ (ထံမှ အကြင်အရာကို မည်သည့်အခါ၊ မည်မျှလိုသော် ၎င်းကို ထုတ်ဖော်ယူဆောင်လာသည်။ ထိုအရာဝတ္ထုများတွင် 'အဖားဗ်' အပြစ်ဒဏ်အမျိုးအစားများလည်း ပါရှိ၏။ ဆိုလိုသည်မှာ အခြားမည်သူမျှ ထိုအရာများအပေါ် စွမ်းဆောင်နိုင်ခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝလှသော စွမ်းရည်သည် ထိုအသျှင်မြတ်အတွက်သာ သီးသန့်ဖြစ်ခဲ့သကဲ့သို့ ထိုအသျှင်မြတ်၏ ပြည့်ဝစုံလင်လှသော အသိတရားများသည်လည်း ထိုအသျှင်မြတ်အတွက်သာ သီးသန့်ဖြစ်၏။ သို့ရှိရာ) ထိုဖုံးကွယ်နေသော စည်းစိမ်အရာများကို အလ္လာဟ်အသျှင်မြတ်မှ လွဲ၍ မည်သူမှ မသိကြပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကုန်းမြေ၊ ပင်လယ်ရှိ အရာဟူသရွေ့တို့ကိုလည်း သိတော်မူသော အသျှင် ဖြစ်လေသည်။ မည်သည့်သစ်ရွက်မျှ (အပင်မှ) မြေခ ကြွေကြခြင်း ရှိသည်ကိုလည်း ထိုအသျှင်မြတ် သိတော်မူ၏။ ထို့ပြင် သီးနှံမျိုးစေ့တစ်ခု (မျှ) ပထဝီမြေပြင်ရှိ ခေါင်းစိုက် မှောင်မိုက်သော ဒေသ၌ ကြွေကျခြင်းရှိမှုနှင့် အစို၊ အခြောက်အရာများ (ဥပမာ- အသီးဝလံ စသည်တို့သည်) ကျရောက်ခြင်း မရှိပေ။ သို့သော် ဤအရာအားလုံးသည် ရှင်းလင်းထင်ရှားသော မှတ်တမ်း (အလိုမှာ 'လောင်ဟေ့မဟ်ဖူးဇ်' တွင် ရှိကုန်၏။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင်တည်း။ ထိုအသျှင်မြတ်သည် (များသောအားဖြင့်) ညဥ့်အချိန် (အိပ်စက်သောအခါ) အသင်တို့၏ အသက်ဝိညာဉ်ကို (၎င်းဖြင့် ထိတွေ့ခံစားစေခြင်းဖြစ်သည်။) အချိန်တစ်ခုအထိ နှုတ်ယူလိုက်၏။ (ဆိုလိုသည်မှာ ခေတ္တအနားပေးလိုက်၏။)

အသင်သည် ညဥ့်၌ ပြုမူသမျှတို့ကိုလည်း (အမြဲတစေ) ထိုအသျှင်မြတ် သိရှိတော်မူ၏။ ထို့နောက် တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ထိုနေ့၌ ပြန်ထစေတော်မူ၏။ သို့မှသာ ထိုသို့ (အိပ်စက်ခြင်းနှင့် နိုးကြားခြင်း၏ ကြား၌) သတ်မှတ်ထားသည့်အတိုင်းအတာ (လောကရှိ သက်တမ်းသည် စေ့သွားပေမည်။ တစ်ဖန် ထို (အလ္လာဟ်) အသျှင်မြတ်ဘက်တော်သို့ အသင်တို့သည် ပြန်လည်ရောက်ရှိကြကုန်မည်။ တစ်ဖန် အသင်တို့အား ပြုမူသမျှတို့ကို ထုတ်ဖော်မိန့်ကြားတော်မူမည်။ ၎င်းကို အသင်တို့သည် (လောက၌) ပြုမူခဲ့ကြပေသည်။ (၎င်းနှင့် ထိုက်သက်သည့်အစားနှင့် အပြစ်ဒဏ်ကို ချမှတ်ပေမည်။

အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိစွမ်းအားဖြင့်) မိမိ၏ ကျေးကျွန်များအပေါ် လွှမ်းမိုးတော်မူသော အသျှင် ဖြစ်တော်မူသည်။ (အို၊ ငါ၏ ကျေးကျွန်အပေါင်းတို့) အသင်တို့ထံ (အသင်တို့၏ ကျင့်ကြံမှုနှင့် အသက်ဝိညာဉ်၏) ထိန်းသိမ်းစောင့်ရှောက်သော (မလာအေကာဟ် ကောင်းကင်တမန်များ) စေလွှတ်တော်မူ၏။ (၎င်းတို့သည် သက်တမ်းတစ်လျှောက်လုံး အသင်တို့၏ ကျင့်ကြံမှုများနှင့် အသက်ဝိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်စေတော်မူပေမည်။ အသင်တို့အနက် တစ်ဦးဦးထံ သေခြင်းတရား ဆိုက်ရောက်လာသော် (ထိုအခါ) ၎င်း၏ ဝိညာဉ်သည် ငါအသျှင်မြတ် စေလွှတ်လိုက်သော (ဖရစ်ရှ်သာဟ်များက) ရုပ်သိမ်းလိုက်ကြသည်။ ထို့ပြင် ထိုသူတို့သည် အနည်းငယ်မျှ အမိန့်တော်များကို လိုက်နာရာ၌ ပျော့လျော့ခြင်း မရှိချေ။ (သို့သာမက မည်သည့်အချိန် ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ရှိမည်နည်း။ ထိုအချိန်တိုင်း ထိန်းသိမ်းစောင့်ရှောက်မှုပြုလေသည်။ အကြင်အခါ အသက်နုတ်ယူရန် အမိန့်ရှိသော် ထိုထိန်းသိမ်းစောင့်ရှောက်သော ဖရစ်ရှ်သာဟ်သည် ဝိညာဉ်နုတ်ယူသော ဖရစ်ရှ်သာဟ်များဖြင့် ပူးပေါင်းသွားလေသည်။) တစ်ဖန် ယင်းသူတို့သည် မိမိတို့၏ အသျှင်သခင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်ထံသို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။) နားထောင်ကြလေကုန်။ (ထိုအချိန်) စီရင်ဆုံးဖြတ်ရန် အာဏာသည် အလ္လာဟ်အသျှင်မြတ်ထံ၌သာရှိမည်။ (အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက်နိုင်ခွင့်မရှိပေ။) ထိုအသျှင်မြတ်သာ အမြန်ဆုံး စစ်ဆေးမေးမြန်းတော်မူမည့် အသျှင်မြတ်သာ ဖြစ်တော်မူ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဂိုနာဟ်' များမှ ရှောင်ကြဉ်ရန် ထိရောက်သည့် ညွှန်ကြားချက်များ

တစ်လောကလုံးရှိ ဘာသာ သာသနာများတွင် အစ္စလာမ်သာသနာသည် ကွဲပြားခြားနားလျက် ရှိသည်။ ၎င်းသာသနာ၏ အကြီးမားဆုံးသော 'ရုကွန်' သည် 'အက်ီဒါဟ်သောင်ဟီးဒ်' (တစ်ပါးတည်းသော အသျှင်မြတ်အား ယုံကြည်ကိုးကွယ်ခြင်း) ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဇာတိစေ်မြစ်ကို တစ်ခု (သို့) တစ်ပါးတည်း သိရှိခြင်း၏ အမည်နာမကို 'သောင်ဟီးဒ်' ဟု မခေါ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အားလုံးသော ပြည့်ဝသော ဂုဏ်တော်များသည် တစ်ခုတည်း ပမာမရှိ လက်ခံယုံကြည်ခြင်းနှင့် ၎င်းမှအပ အခြားအဖန်ဆင်းခံကို ထိုပြည့်ဝလှသည့် ဂုဏ်တော်များတွင် ဖက်စပ်မှုမပြုခြင်းကို 'သောင်ဟီးဒ်' ဟု ခေါ်ဆိုသည်။

အလ္လာဟ်အသျှင်မြတ် ပြည့်စုံလှသည့် ဂုဏ်တော်များဖြစ်သော 'ဟယားသ်' (သက်တမ်း)၊ 'အီလ်မ်' (ပညာ)၊ 'ကုဒ်ရသ်' (စွမ်းအား)၊ 'စမာအ်' (အကြားစွမ်းရည်)၊ 'ဘစွရ်' (မြင်တော်မူသော)၊ 'အေရာဒါ' (အလိုဆန္ဒ)၊ 'မရှိယသ်' (သဘောတူနှစ်မြို့မှု)၊ 'ခလ်က်' (ဖန်ဆင်းခြင်း)၊ 'ရစ်ဇ်က်' (ရိဇိရိက္ခာ) စသည်တို့သည် ဤကဲ့သို့ ပြည့်ဝသော ဂုဏ်တော်များ ဖြစ်လေသည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအဖန်ဆင်းခံတွင် ထိုဂုဏ်တော်များမှ တူညီသည့် အရည်အချင်း မရှိနိုင်ပေ။ တစ်ဖန် ထိုဂုဏ်တော်များထဲမှ ဂုဏ်တော်နှစ်ခု

ဖြစ်သော عِلْم နှင့် قُدْرَت တို့သည် အခြားသော ဂုဏ်တော်များထက် ကွဲပြားစွာ ထွတ်မြတ်လျက်ရှိပေသည်။ ထိုအသျှင်မြတ်၏ عِلْم အသိတော်သည် အားလုံးသော တည်ရှိနေသော (သို့) ပျောက်ကွယ်နေသောအရာ၊ ပေါ်လွင်ထင်ရှားသော၊ ဖုံးကွယ်နေသော၊ ငယ်သော၊ ကြီးသော၊ သေးငယ်သော အရာဟူသမျှကို သိရှိတော်မူသော အသျှင်ဖြစ်သည်။ ၄င်းအသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်သည် အရာအားလုံးအပေါ် အပြည့်အဝ စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်နှစ်ခုတွင် ထိုဂုဏ်တော်နှစ်ခု၏ အကြောင်းအရာကို တင်ပြထားပေသည်။ ဤဂုဏ်တော်နှစ်ခုသည် အကယ်၍ လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ဖော်ပြပါ ဂုဏ်တော်နှစ်ခုစလုံးအပေါ် အပြည့်အဝ ယုံကြည်ချက်နှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပြုခဲ့ပါသော် ထိုသူသည် အပြစ်တစ်စုံတစ်ရာနှင့် 'ဂိုနာဟ်' ဒုစရိုက်ကျူးလွန်မှု ပေါ်ပေါက်မည်မဟုတ်ပေ။ ထင်ရှားပေါ်လွင်သည်မှာ အကယ်၍ လူသားတစ်ဦးသည် မိမိ၏ ပြောဆိုမှု၊ ကျင့်ကြံမှု၊ နေထိုင်သွားလာမှု၊ အခြေအနေတိုင်းတွင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား အချိန်ပြည့် ကြည့်နေတော်မူသည်ဟု မှတ်ယူမှုပြုရပေမည်။ ကျွန်ုပ်၏ အတွင်းအပြင်၊ နှလုံးသား၏ ဆန္ဒ၊ တွေးတောမှုအထိ သိရှိတော်မူရာ ဤသို့ မှတ်ယူထားမှုသည် ၄င်း၏ခြေလှမ်းမှ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်မှုဘက်သို့ လုံးဝလျှောက်လှမ်းစေမည် မဟုတ်ပေ။ ဤအတွက်ကြောင့် ဤအာယသ်တော်နှစ်ခုသည် လူသားကို ပြည့်ဝသော လူသား ပြုလုပ်ပေးမှုနှင့် ၄င်း၏ ကျင့်ကြံမှု၊ စာရိတ္တကို ပြုပြင်ပေးမှု၊ ထိုပြုပြင်မှုတွင် ထိရောက်မှုပြုသည့် ညွှန်ကြားချက်ဖြစ်သည်။

ပထမအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

وَعِنْدَهٗ مَفَاتِحُ الْغَيْبِ لَايَعْلَمُهَا اِلَّا هُوَ

ဟူ၍ ဖြစ်သည်။ مفاتح စာလုံးသည် (အများကိန်း) ဗဟုဝုစ်ကိန်းဖြစ်ပြီး ၄င်း၏ တစ်ခုကိန်းမှာ مَفْتَحٌ 'မီးမ်' တွင် 'ဇဗရ်' ဖြင့် ဖြစ်နိုင်ပေသည်။ ၄င်း၏ အဓိပ္ပာယ်မှာ ဘဏ္ဍာတော်ဟူ၍ ဖွင့်ဆိုကြသည်။ ထို့ပြင် مِفْتَح ('မီးမ်' ကို 'ကဆ်ရာဟ်' ဖြင့်လည်း) ဖြစ်နိုင်ပေသည်။ ၄င်း၏အဓိပ္ပာယ်မှာ 'သော့တံ' ဟူ၍ဖြစ်ရာ مفاتح နှစ်မျိုးလုံးကို ဖော်ဆောင်နေသည်။ ဤအတွက်ကြောင့် အချို့သော သဖ်စီးရ်ပညာရှင်များနှင့် ဘာသာပြန်ဆိုသူများက ၄င်း၏ပြန်ဆိုမှုတွင် ဘဏ္ဍာတော်များဟူ၍ ပြန်ဆိုကြသည်။ အချို့သော ပညာရှင်များက သော့တံများဟူ၍ ပြန်ဆိုကြလေသည်။ ဖော်ပြပါပုံစံနှစ်ခုဖြင့် သိရှိရသည်မှာ သော့တံများ၏ ပိုင်ရှင်ဖြစ်မှုသည် ဘဏ္ဍာတော်များ၏ ပိုင်ရှင်ဖြစ်ခြင်း၏ အလိုသဘောကိုသာ ဆောင်၏။

ကုရ်အာန်၏ ဝေါဟာရအရ 'အီလ်မေ့ဂိုင်းဘ်' (အကွယ်၌ရှိသော အရာအား သိရှိခြင်း) 'ကွဒ်ရည် အာမှာ ဟ်မွသ်လကဟ်' သည် အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်ဖြစ်ပြီး မည်သည့်အဖန်ဆင်းခံမှ ၎င်းတွင် မပါဝင်ခြင်း

غَيب စာလုံး၏ အလိုသဘောမှာ ထိုအရာများဖြစ်သည်။ ၎င်းသည် ယခုတိုင် မပေါ်ထွက်ခဲ့သေးပေ။ (သို့) ပေါ်ထွက်ခဲ့သော်လည်း အလ္လာဟ်အသျှင်မြတ်က ၎င်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိပေး ဖော်ပြခဲ့ခြင်း မရှိခဲ့ပေ။ ပထမအမျိုးအစား၏ ဥပမာမှာ 'ကေယာမသ်' နေ့နှင့် စပ်လျဉ်း၍ အမြစ်ပြတ်၊ အခြေအနေများသာ ဖြစ်သည်။ သို့မဟုတ် လောကတွင် ဖြစ်ပေါ် ပေါ်ပေါက်လာမည့် အဖြစ်အပျက်များနှင့် ပတ်သက်ပေသည်။ ဥပမာ- မည်သူသည်၊ မည်သည့်အခါ၊ မည်သည့်နေရာ၌ မွေးဖွား၍၊ မည်သည့် အလုပ်လုပ်ဆောင်မည်။ မည်မျှသက်တမ်းရှိ၍ သက်တမ်းတွင် မည်မျှ အသက်ရှူ ရှိုက်မည်။ မည်မျှ ခြေလှမ်းလှမ်းရမည်။ မည်သည့်နေရာတွင် သေဆုံး၍ မည်မျှ၊ မည်သည့်အချိန်ရရှိမည်။ မိုးသည် မည်သည့် အချိန်၊ မည်သည့်နေရာ၊ အဘယ်မျှ ရွာသွန်းမည်တို့ ဖြစ်လေသည်။ ဒုတိယအမျိုးအစား၏ ဥပမာမှာ ကိုယ်ဝန်ဖြစ်သည်။ ၎င်းကိုယ်ဝန်သည် အမျိုးသမီး၏ သားအိမ်တွင် စ၍ ပေါ်ပေါက်ရောက်ရှိပြီး ဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ယောကျ်ားလေး၊ (သို့) မိန်းကလေး၊ လှပသူ၊ (သို့) ရုပ်ဆိုးသူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ (သို့) အကျင့်စာရိတ္တ ပျက်ပြားသူဟူ၍ မသိရှိနိုင်ပေ။ ဤကဲ့သို့ အရာများသည် ရောက်ရှိလာပြီး ဖြစ်သော်လည်း ဖန်ဆင်းခံများ၏ အသိနှင့် အရှုတွင် ကွယ်ပျောက်နေသည်။

عِنْدَهٗ مَفَاتِحُ الْغَيْبِ

၏အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် အကွယ်၏ ဘဏ္ဍာတော်သာရှိသည်။ ၎င်း၏ ထံတော်ပါးတွင် ရှိခြင်း၏ အလိုသဘောသည် ၎င်း၏ ပိုင်ဆိုင်မှုနှင့် လက်ဝယ်တွင် ရှိခြင်းသာ ဖြစ်သည်။ အလိုသဘောမှာ အကွယ်၌ရှိသော ဘဏ္ဍာတော်များ၏ အသိသည်လည်း အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တွင်ရှိ၏။ ၎င်းဘဏ္ဍာတော်ကို ပေါ်လွင်ရောက်ရှိမှုတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်မှုတွင် ရှိလေသည်။ မည်သည့်အချိန်အခါနှင့် မည်ရွေ့မည်မျှ ရောက်ရှိရမည်ကို အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်မှုတွင်သာ ရှိ၏။ ပမာဆိုသော် ကျမ်းမြတ်ကုရ်အာန်၏ အခြားတစ်နေရာတွင်း အမိန့်ရှိသည်မှာ-

وَاِنْ مِّنْ شَیْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ وَمَا نُنَزِّلُهٗٓ اِلَّا بِقَدَرٍ مَّعْلُوْمٍ

အလိုသဘောမှာ ငါအသျှင်မြတ်ထံတော်တွင် အရာတိုင်း၏ ဘဏ္ဍာတော်ရှိပေသည်။ သို့သော် ငါအလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းကို သီးခြားပုံသဏ္ဍာန်ဖြင့် ချပေးတော်မူလေသည်။

အကျဉ်းချုပ်မှာ ထိုဝါကျဖြင့် အလ္လာဟ်အသျှင်မြတ်၏ အနှိုင်းမဲ့ပြည့်ဝသော အသိတော်လည်း ပေါ်လွင်စေပြီး ပြည့်ဝသော စွမ်းဆောင်မှုလည်း ပေါ်လွင်ပေသည်။ ထို့ပြင် ဤပြည့်ဝသော အသိတော်နှင့် အဓိက စွမ်းဆောင်နိုင်ခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များသာ ဖြစ်သည်။ ဤသည် မည်သူတစ်ဦး

တစ်ယောက်ကိုမျှ မရရှိနိုင်ပေ။ အာယသ်တော်တွင် سَاعَة ဟူသောစာလုံးကို ဦးစွာ အသုံးပြု၍ အာရဗီဥပဒေနှင့် ကိုက်ညီစွာ ထိုသို့ 'သီးသန့်၊ သာလျှင်' ဟူသော အဓိပ္ပာယ်ခက်သို့ ညွှန်ပြထားလေသည်။ ရှေ့ဆက်၍ ဤသို့ ညွှန်ပြမှုကို ထင်ရှားစွာဖြင့် အပြောင်းအလဲပြု၍ အပြည့်အဝ စိတ်တည်ငြိမ်မှု ရရှိစေရန်အတွက် အမိန့်ရှိသည်မှာ-

لَا يُجَلِّيهَا إِلَّا هُوَ

အလိုသဘောမှာ ထိုအကွယ်၌ရှိသော ဘဏ္ဍာတော်ကို အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ မသိရှိပေ။ သို့ပါ၍ ဤဝါကျဖြင့် အချက်နှစ်ချက်သိရှိရသည်မှာ

(၁) အလ္လာဟ်အသျှင်မြတ်သည် အားလုံးသော အကွယ်မှ အရာများကို ပြည့်ဝသော အသိပညာနှင့် အတူ သိရှိခြင်း၊ ထိုအားလုံးသောအရာအပေါ် ပြည့်ဝသော စွမ်းအားနှင့်အတူ စွမ်းဆောင် နိုင်ခြင်း။

(၂) အလ္လာဟ်အသျှင်မြတ်မှအပ အခြားအဖန်ဆင်းခံတစ်ဦးဦး (သို့) အရာတစ်ခုခုကို ဤသို့ အသိ၊ စွမ်းအားရရှိမည် မဟုတ်ပေ။

ကျမ်းတော်မြတ်ကုရ်အာန်၏ ဝေါဟာရ၌ غَيْب ဟူသော စာလုံး၏ အဓိပ္ပာယ်ကို (သဖ်စီးရ်မဇ္ဇဟရီ ကျမ်း၏) အကိုးအကားဖြင့် အထက်တွင် တင်ပြပြီးဖြစ်၏။ 'အကြင်အရာများသည် ယခု အသင့်ရောက်ရှိမှု မဖြစ်ခဲ့ပေ။' (သို့) 'ရောက်ရှိခဲ့ပြီးဖြစ်၏။' သို့သော် အဖန်ဆင်းခံတစ်ဦးဦးကို ၎င်းနှင့်ပတ်သက်၍ ပေါ်လွင်မှု မဖြစ်ရှိခဲ့ပေ။ အကယ်၍ ၎င်းကို အဓိကထားခဲ့ပါသော် အကွယ်ရှိ အရာများနှင့် ပတ်သက်သည့် ဓမ္မသတ် အပေါ် အပေါ်ယံအားဖြင့် ကြည့်ရှု၍ အချို့သော လူသားတို့ကို သံသယပွားမှုများဖြစ်ကြရာ ၎င်းသံသယ သည် အလိုအလျောက် ကွယ်ပျောက်သွားပေသည်။

သို့သော် အများအားဖြင့် လူတို့သည် غَيْب စာလုံးကို အာဘိဓါန်၏ အဓိပ္ပာယ်ကိုသာ ယူကြလေသည်။ အကြင်အရာများသည် ကျွန်ုပ်၏ အသိနှင့် အရှုတွင် ပျောက်ကွယ်နေပါမူ အခြားသူများ၏ထံတွင် ၎င်း၏ ရရှိရန် အကြောင်းခံသည်ရှိပါက ထိုအရာကိုလည်း غَيْب ဟူ၍ ခေါ်ဆိုကြပေသည်။ ၎င်း၏ နောက်ဆုံးရလဒ်၌ အမျိုးမျိုးသော သံသယပွားမှုများ ပေါ်ပေါက်လေသည်။ ပမာဆိုသော် عِلْمِ نُجُوم နက္ခတ်ဗေဒပညာ၊ အင်းကွက်ဖြင့် တွက်၍ ဖော်ပြခြင်း၊ ဗေဒင်၊ (သို့) လက္ခဏာစသည်ဖြင့် ရှေ့ဖြစ် ပေါ်လာမည့် အကြောင်းအရာများ၏ အသိပညာရရှိကြ၏။ (သို့) 'ကရှ်ဖ်'၊ 'အေလ်ဟာမီ'ဖြင့် တစ်ဦး တစ်ယောက်ကို ရှေ့ဖြစ်ပေါ်လာမည့် အကြောင်းအရာ၏ အသိရရှိသွားပေသည်။ သို့မဟုတ် လေတိုက်ခိုက် မှု၏ အင်အားကိုကြည့်၍ မိုးလေဝသကျွမ်းကျင်သူများက လေတိုက်ခိုက်မှုနှင့် ပတ်သက်၍ ကြိုတင်ဖြစ် ပေါ်လာမည်တို့ကို ဖော်ပြလေသည်။ ၎င်းဖော်ပြမှုတွင် မြောက်မြားစွာသော တင်ပြမှုတို့သည် မှန်ကန်မှု

ဖြစ်ရှိပေသည်။ ဤအကြောင်းအရာအားလုံးသည် 'အဝါးမ်'သာမာန်ပုဂ္ဂိုလ်များထံတွင် علم غيب ဖြစ်ပေသည်။ ဤအတွက်ကြောင့် ဖော်ပြပါ အာယသ်တော်တွင် ဤသို့ သံသယဖြစ်ရှိသည်မှာ ကျမ်းမြတ်ကုရ်အာန်၌ ကို အလ္လာဟ်အသျှင်မြတ်၏ သီးသန့် 'ဇာသီ'ဟု ဖော်ပြထားလေရာ علم غيب သည် အခြားသူများကိုလည်း ရရှိသွားသည်ဟု တွေ့မြင်ရသည်။

အဖြေသည် ရှင်းလင်းပြတ်သားလှပေသည်။ ၎င်းမှာ 'ကာရှ်ဖ်'၊ 'အီလ်ဟားမ်' (သို့) 'ဝဟီ'၏ အကြောင်းခံဖြင့် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အခြားသူတစ်ဦးဦးကို ရှေ့ဖြစ်ပေါ်လာမည့် အကြောင်းအရာများကို အသိပေးလိုက်ပါသော် ကျမ်းမြတ်ကုရ်အာန်၏ ဝေါဟာရ၌ ၎င်းသည် علم غيب ဟု မခေါ်ဆိုပေ။ ဤကဲ့သို့ ခေတ်မီစက်ကိရိယာများ၏ အကြောင်းခံဖြင့် ၎င်းအသိပညာရရှိသော ၎င်းသည်လည်း ကျမ်းမြတ်ကုရ်အာန်၏ ဝေါဟာရအရ علم غيب မဟုတ်ပေ။ ပမာဆိုသော် မိုးလေဝသ သတင်းဌာန၏ သတင်းများ (သို့) လူ၏ အကြောကို အကြောရောဂါသည်၏ မမြင်ရသော အခြေအနေကို ဖော်ပြလေသည်။ အကြောင်းမှာ မိုးလေဝသတင်းဌာန (သို့) ဆေးဆရာဝန်တို့သည် ဤသို့ သတင်းပေးရမည့် အချိန်သည် ထိုအကြောင်းအရာများ၏ မူရင်းဇစ်မြစ် ပေါ်ပေါက်ထင်ရှားမှသာ ဖော်ပြနိုင်ကြပေသည်။ ကွာခြားမှုအနည်းငယ်မှာ ယခု ၎င်း၏ ထင်ရှားပေါ်လွင်မှုသည် အနည်းအကျဉ်းသာဖြစ်၍ ကိရိယာ၏ အကြောင်းခံဖြင့် ကျွမ်းကျင်သော ပုဂ္ဂိုလ်များဖြင့်သာ သိရှိနိုင်ပေသည်။ ၎င်းကို 'အဝါးမ်' သာမန်လူများ မသိနိုင်ပေ။ မည်သည့်အခါ မူရင်းဇစ်မြစ်အင်အား ပြည့်ဝလာသော် ၎င်း၏ ပေါ်လွင်မှုသည် လူအများ သိရှိသွားကြသည်။ ဤအတွက်ကြောင့်သာလျှင် မိုးလေဝသသတင်းဌာနသည် တစ်လ၊ နှစ်လအလျှင် မိုးရွာသွန်းမည့်သတင်း ယနေ့ မပေးနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိုးရွာသွန်းခြင်း၏ မူရင်းဇစ်မြစ်သည် မမြင်တွေ့ရပေ။ ဤကဲ့သို့ပင် ဆေးဆရာဝန်တစ်ဦးဦးသည် တစ်နှစ်၊ နှစ်နှစ်အလျှင် (သို့) နောက်စားသုံးမည့်ဆေးနှင့် အစားအစာတို့၏ အကြောင်းကို ယနေ့ အကြောကို ကြည့်ရှု၍ မပြောဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ စူးရှမှုသည် သဘာဝအလျောက် အကြောတွင် မရှိပေ။

အကျဉ်းချုပ်မှာ ဤအရာအားလုံးသည် ၎င်းအရာ၏ ထင်ရှားသော နိမိတ်လက္ခဏာများကို ကြည့်ရှု၍ ၎င်း၏ ထွက်ပေါ်မှုသတင်းသာ ပေးကြလေသည်။ မည်သည့်အခါ ၎င်း၏ နိမိတ်လက္ခဏာနှင့် မူရင်းဇစ်မြစ် ပေါ်လွင်သွားခဲ့သော် ယင်းသည် غيب တွင် မပါဝင်တော့ချေ။ သို့သာမက အများမြင်တွေ့မှုတွင် ရောက်ရှိလာလေသည်။ သို့ဖြစ်ပေရာ နူးညံ့မှုနှင့် အားအင်ချည့်နဲ့မှုအတွက်ကြောင့် အများမြင်တွေ့မှုတွင် မရောက်ရှိသေးသော်လည်း မည်သည့်အခါ အားအင်ပြည့်ဝလာသော် အများမြင်တွေ့မှုသို့ ရောက်ရှိလာပေမည်။

၎င်းအပြင် ထိုအရာအားလုံးဖြင့် သိရှိရပြီးသည့်နောက်တွင် ခန့်မှန်းမှုဖြင့်သာ ဖြစ်ရှိပေသည်။ အသိသည် ယုံကြည်ချက်၏ နာမည်ဖြစ်သည်။ ၎င်းသည် ထိုထဲမှ မည်သည့်အရာဝတ္ထုဖြင့် မည်သူ့ကိုမျှ မရရှိနိုင်ပေ။ ဤအတွက်ကြောင့်သာ ထိုသတင်းများသည် မှားယွင်း၍ မရေမတွက်နိုင်သော အကြောင်းအရာများသည် နေ့စဉ် ပေါ်ပေါက်လျက် ရှိနေမည်။

နက္ခတပညာရပ် စသည်တို့တွင် အကြင်အရာများ၏ တွက်ချက်မှုဖြင့် ပတ်သက်လျက်ရှိသည်။ ၄င်းသည် ပညာရပ်တစ်ခုဖြစ်သော်လည်း غيب မဟုတ်ပေ။ ပမာဆိုသော် တွက်ချက်မှုပြု၍ တစ်ဦးတစ်ယောက်သည် ယနေ့ငါးနာရီ၊ လေးဆယ်တစ်မိနစ်တွင် နေထွက်ပေမည်။ (သို့) မည်သည့်လ၊ ရက်တွင် နေကြတ်၊ လကြတ်မှုဖြစ်ပေါ်မည်ဟု ပြောကြားသည်။ ၄င်းဖြင့် သိရှိရသည်မှာ အာရုံငါးပါးဖြင့် သိရှိရသော အရာ တစ်ခု၏ လှုပ်ရှားမှုကို တွက်ချက်၍ အချိန်သတ်မှတ်ခြင်းသည် ဤကဲ့သို့ ဖြစ်သည်။ ပမာဆိုရသော် ကျွန်ုပ်တို့သည် လေယာဉ်ပျံများ၏ လေဆိပ်နှင့် မီးရထားများ၏ ဘူတာရုံများသို့ ရောက်ရှိမည့်အချိန် သတင်းထုတ်ပြန်ကြသကဲ့သို့ ဖြစ်လေသည်။ ၄င်းအပြင် နက္ခတအစရှိသည်တို့ဖြင့် သတင်းရရှိသည်ဟု ကြွေးကြော်မှု ပြုကြရာ ၄င်းသည် လှည့်စားမှုအပြင် အခြားမရှိပေ။ အမှားတစ်ရာမှ အမှန်တစ်ခု ပေါ်ထွက်ခြင်းသည် علم မဟုတ်ပေ။

ကိုယ်ဝန်သည်၏ ဝမ်းဗိုက်ရှိ ကလေးသည် ယောကျ်ားလေး (သို့) မိန်းကလေးနှင့် ပတ်သက်၍လည်း မြောက်မြားစွာသော ပညာရှင်တို့သည် ပြောဆိုမှုပြုကြသည်။ သို့သော် လက်တွေ့ဖြစ်ပေါ်မှုတွင် မြင်တွေ့နေရသည်မှာ ၄င်းတို့၏ ပြောဆိုမှုတို့သည်လည်း ခန့်မှန်းချက်ဖြင့်သာ ပြောနေခြင်းဖြစ်သည်။ တိကျမှု မရှိပေ။ တစ်ရာတွင် နှစ်ခုသုံးခု မှန်သွားခြင်းသည် သဘာဝတရားအရသာ ဖြစ်ပေသည်။ ၄င်းသည် ပညာရပ်များဖြင့် မသက်ဆိုင်ပေ။

သို့ရှိရာ 'အာက်ထရာစောင်းန်' ကိရိယာတီထွင်ခဲ့သော အချို့လူများ၏ အတွေးမှာ ၄င်းဖြင့် ကိုယ်ဝန်ဆောင်၏ သန္ဓေသားသည် ယောကျ်ားလေး၊ (သို့) မိန်းကလေးဖြစ်ရှိခြင်းကို သိရှိနိုင်ပေသည်။ သို့သော် လက်တွေ့စမ်းစစ်မှုဖြင့် သိရှိရသည်မှာ 'အက်ထရာစောင်းန်' ကိရိယာဖြင့်လည်း ဤသို့ ယောကျ်ားလေး၊ (သို့) မိန်းကလေးဖြစ်သည်ကို မသတ်မှတ်နိုင်ပေ။

အကျဉ်းချုပ်မှာ အကြင်အရာသည် ကျမ်းမြတ်ကုရ်အာန်၏ ဝေါဟာရ၌ غيب ဟု ဖော်ပြထားရာ ၄င်းကို အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမှ မသိရှိနိုင်ပေ။ အကြင်အရာများ၏ အသိပညာဖြင့် လူတို့ကို အချို့သော စက်ကိရိယာများ၏ အကြောင်းခံဖြင့် သိရှိသွားကြလေရာ ၄င်းသည် စင်စစ် غيب မဟုတ်ပေ။ အများသူငှာ၏ ရှေ့မှောက်တွင် မပေါ်လွင်သည့်အတွက်ကြောင့် ၄င်းကို غيب ဟု ခေါ်ဆိုကြသည်။

ဤကဲ့သို့ပင် ရစူလ်၊ နဗီတစ်ပါးပါးကို ဝဟီ၏ အကြောင်းခံဖြင့် (ဝဟီ) သူတော်စင်တစ်ပါးပါးကို اِلْهَامْ - كَشْفْ ၏ အကြောင်းခံဖြင့် အကွယ်မှ အချို့သောအရာများ၏ အသိပေးခဲ့သော် ၄င်းသည် غيب ၏ ဘောင်အတွင်းမှ ထွက်သွားပေမည်။ ၄င်းကို ကျမ်းမြတ်ကုရ်အာန်၌ غيب ဟု မသုံးဘဲ اَنْبَاءُ الْغَيْبِ ဟု သုံးနှုန်းထားသည်။ ပမာဆိုသော် မြောက်မြားစွာသော အာယသ်တော်များတွင် ဖော်ပြထားသည်မှာ–

تِلْكَ مِنْ اَنْبَاۤءِ الْغَيْبِ نُوْحِيْهَا اِلَيْكَ

ဤအတွက်ကြောင့် ဖော်ပြပါအာယသ်တော်တွင် لَا يَعْلَمُهَا اِلَّا هُوَ ၎င်း၏ အလိုသဘောမှာ အကယ်၏ ဘဏ္ဍာတော်များကို အလ္လာဟ်အသျှင်မြတ်အပြင် အခြားမည်သူမှ မသိရှိနိုင်ပေ။ ဤတွင် အခြားသံသယ (သို့) ချွင်းချက်ဟူ၍ မည်သို့မှ မရှိပေ။

ဤဝါကျတွင် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်အား ဖော်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'အာလိမိလ်ဂိုင်ဗ်' ဖြစ်သည်။ အကွယ်တိုင်းကို သိတော်မူသော အသျှင်ဖြစ်သည်။ အခြားဝါကျများတွင် غيب နှင့်ယှဉ်လျက် علم شهادت အလိုသဘောမှာ အသင့်ရှိသော အရာများ၏ အသိပညာ အကြောင်းဖြစ်သည်။ ၎င်း၏ အသိပညာတွင်လည်း ဤထူးခြားချက်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အနည်းငယ်မျှပင် အလ္လာဟ်အသျှင်မြတ် မသိ၊ မရှိဟူ၍ မရှိပေ။ အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကုန်းမြေ၊ ပင်လယ်ရှိ အရာဟူသရွေ့တို့ကို သိတော်မူသော အသျှင် ဖြစ်သည်။ ထို့ပြင် မည်သည့်သစ်ရွက်မျှ (အပင်မှ) မြေခကြွေကျခြင်းတို့ကိုလည်း ထိုအသျှင်မြတ် သိတော်မူ၏။ ထို့ပြင် ဤကဲ့သို့ပင် သီးနှံမျိုးစေ့တစ်စေ့သည် ပထဝီမြေရှိ ခေါင်နိုက်မှောင်မိုက်သော ဒေသ၌ ကြွေကျခြင်းကိုလည်း ထိုအသျှင်မြတ် သိတော်မူ၏။ အစို၊ အခြောက် အရာတိုင်းနှင့် တစ်လောကလုံးရှိ အရာဟူသမျှ၏ အနည်းငယ်မျှကိုပင်လျှင် အလ္လာဟ်အသျှင်မြတ် သိတော်မူ၏။ ထို့ပြင် 'လောင်ဟေမဟ်ဖူးဇ်' ၌ ရေးမှတ်ထားလေသည်။

အကျဉ်းချုပ်မှာ علم နှင့်ပတ်သက်၍ အချက်နှစ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့် ထွတ်မြတ်မှုမှ ဖြစ်သည်။ ၎င်းတွင် ဖရစ်ရှ်သာဟ်တစ်ပါးပါး (သို့) ရစူလ်၊ (သို့) အခြားအဖန်ဆင်းခံအရာများ ပါဝင်ပတ်သက်မှုမရှိပေ။ ပထမတစ်ချက်မှာ အကွယ်၏ အသိဖြစ်ပြီး ဒုတိယတစ်ချက်မှာ လက်ရှိဖြစ်ပျက်နေသည့် အခြေအနေ၏ ခြုံငုံလှသော အသိတော်ဖြစ်သည်။ ၎င်းဖြင့် အခြားမည်သည့် သေးငယ်လှသည့် အရာမဆို ဖုံးကွယ်၍မနေပါ။ ပထမအာယသ်တော်တွင် ထိုသီးသန့်ဂုဏ်တော်နှစ်ရပ်၏ အကြောင်းအရာကိုသာ ဤသို့ တင်ပြထားသည်မှာ ၎င်း၏ပထမဝါကျတွင် ပထမဂုဏ်တော်ရှိ ဂုဏ်တော်အား တင်ပြထားသည်မှာ-

عِنْدَهٗ مَفَاتِحُ الْغَيْبِ لَا يَعْلَمُهَا اِلَّا هُوَ

ဟူ၍လည်းကောင်း၊ အခြားဝါကျတွင် အားလုံးသော စကြဝဠာအတွင်း၌ တည်ရှိပေါ်ပေါက်မှု၏ အသိကို ဤသို့ မိန့်ခြွေထားသည်မှာ-

وَيَعْلَمُ مَا فِى الْبَرِّ وَالْبَحْرِ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ကုန်းမြေ၊ ပင်လယ်ရှိ အရာဟူသရွေ့တို့ကို သိရှိတော်မူ၏။ ၎င်း၏ ဆိုလိုရင်းမှာ အားလုံးသော စကြဝဠာအတွင်းရှိ အရာများ၏ ပေါ်ပေါက်မှုဟူ၍ ဖြစ်သည်။

ပမာဆိုသော် နေ့၊ ညဟူသော စာလုံးသုံး၍ ခေတ်ကာလတစ်ခုလုံးဟူ၍လည်းကောင်း၊ ရှေ့၊ နောက်ဟူသော စာလုံးသုံးနှုန်း၍ မြေပထဝီတစ်ခုလုံးဟူ၍ သုံးနှုန်းပြောဆိုကြသည်။ ဤကဲ့သို့ပင် 'ကုန်း၊ ရေ'၏ အလိုသဘောမှာ ကုန်းမြေနှင့် ပင်လယ်ဟုဆိုကာ ၄င်းဖြင့် စကြဝဠာအတွင်းရှိ အရာအားလုံး၏ တည်ရှိမှုဟု သုံးနှုန်းကြသည်။ ၄င်းဖြင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အသိတော်သည် အားလုံးသော စကြဝဠာပေါ်တွင် လွှမ်းခြုံမှုတည်နေသည်။

ရှေ့ဆက်၍ ၄င်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှုသည် ဤသို့ ပုံစံဖြင့် ဖော်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ စကြဝဠာအားလုံးအပေါ် အသိပညာတွင် ကြီးမားသော အရာများသာလျှင် ထိုအသျှင်မြတ် သိရှိတော်မူသည်သာမက အသေးဆုံးသော အရာနှင့် ဖုံးကွယ်ထားသော အရာတို့သည်လည်း ထိုအလ္လာဟ်အသျှင်မြတ်၏ အသိတွင် ရှိပေသည်။ အမိန့်ရှိသည်မှာ-

وَمَا تَسْقُطُ مِنْ وَّرَقَةٍ اِلَّا يَعْلَمُهَا

ဆိုလိုသည်မှာ မည်သည့်သစ်ရွက်မျှ (အပင်မှ) မြေခကြွေကျခြင်းကိုလည်း အလ္လာဟ်အသျှင်မြတ် သိရှိတော်မူ၏။ ၄င်း၏ အလိုသဘောမှ အပင်တိုင်းမှ အရွက်ဟူသမျှ မကြွေမီအလျင်၊ ကြွေကျသောအချိန်၊ ကြွေကျပြီးသည့်နောက်၊ ထိုအလ္လာဟ်အသျှင်မြတ်၏ အသိတွင် ရှိ၏။ ထိုအသျှင်မြတ် မိန့်တော်မူသည်မှာ သစ်ရွက်တိုင်း၊ သစ်ပင်အပေါ်တွင် ရှိလျက် မည်ရွေ့မည်မျှ လှုပ်ခါမှုပြုပြီး မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ကြွေကျမည်ကို သိရှိတော်မူ၏။ တစ်ဖန် ထိုသစ်ရွက်သည် မည်သို့သော အခြေအနေဖြင့် ကုန်ဆုံးမည်ကိုလည်း သိရှိတော်မူ၏။ ကြွေကျခြင်း၏ အကြောင်းအရာ တင်ပြမှုသည် ဤအတွက်ကြောင့် တင်ပြခဲ့ခြင်း ဖြစ်နိုင်သည်။ ၄င်းသစ်ရွက်၏ အခြေအနေအားလုံး၏ ဘက်သို့ ရည်ညွှန်းခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သစ်ရွက်သည် သစ်ပင်မှ ကြွေကျခြင်းသည် ၄င်းသစ်ရွက် ကြီးထွားမှုနှင့် ပေါက်ရောက်မှု၏ နောက်ဆုံးအခြေအနေပင် ဖြစ်သည်။ ၄င်းနောက်ဆုံး အခြေအနေကို တင်ပြ၍ အခြေအနေအလုံးစုံဘက်သို့ ရည်ညွှန်းမှုပြုထားပေသည်။ ထို့နောက် အမိန့်ရှိသည်မှာ-

وَلَا حَبَّةٍ فِیْ ظُلُمٰتِ الْاَرْضِ

အလိုသဘောမှာ ပထဝီမြေ၏ အမှောင်အထပ်ထပ်တွင် ကျနေသော သစ်စေ့ဟူသရွေ့ကတို့သည်လည်း အလ္လာဟ်အသျှင်မြတ် သိရှိတော်မူ၏။ ဦးစွာပထမ သစ်ရွက်၏ အကြောင်းကို တင်ပြလေသည်။ ၄င်းသည် လူသူအများ၏ ရှေ့မှောက်တွင် ကြွေကျပေ၏။ ထို့နောက် သစ်စေ့၏အကြောင်းကို တင်ပြထားသည်။ ၄င်းသစ်စေ့အား လယ်ယာလုပ်ကိုင်သူသည် မြေကြီးတွင် စိုက်ပျိုးကြလေသည်။ (သို့) အလိုအလျောက် ပထဝီမြေကြီး၏ နက်ရှိုင်းသော အမှောင်အထပ်ထပ်တွင် သစ်စေ့များ ကျနေသည်။ ၄င်းနောက် တစ်ဖန် အလုံးစုံသော စကြဝဠာအပေါ်ရှိသမျှသည် အလ္လာဟ်အသျှင်မြတ် အသိတော်တွင် ရှိပြီး၊ စိမ်းစိုသော အရာဝတ္ထုနှင့် ခြောက်သွေ့သော အရာဝတ္ထု၏ အကြောင်းရာကို တင်ပြထားပေသည်။

ဆက်လက်၍ မိန့်တော်မူသည်မှာ ဤအရာအားလုံးသည် အလ္လာဟ်အသျှင်မြတ် ကျမ်းစာအုပ်တွင် ရေးသားပြီးဖြစ်၏။ كِتَابٌ مُّبِينٌ ၏ အလိုသဘောမှာ အချို့သော သဖ်စီးရ်ပညာရှင်များ၏ အဆိုတွင် لوح محفوظ ဟူ၍ ခေါ်ဆိုပေသည်။ အချို့ပညာရှင်များက မိန့်တော်မူသည့်မှာ عِلْمِ اِلٰهِى ဟူ၍ အလိုသဘောကောက်ယူကြသည်။ ၎င်းကို كِتَابٌ مُّبِينٌ ဟု ပြောဆိုမှုပြုကြသည်မှာ ပမာဆိုရသော် ရေးသားထားသော အရာများသည် ထိန်းသိမ်းမှု ရှိသည့်အတွက်ကြောင့် ဖြစ်သည်။ ၎င်းတွင် အမေ့အမှား ကင်းရှင်းလေသည်။ ဤကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင် စကြဝဠာတစ်ခုလုံးရှိ အနည်းအကျဉ်းများကိုပင် ခန့်မှန်း၍မဟုတ်ရုံသာမက အတိအကျ သိရှိခြင်းဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များဖြင့် ၎င်းအသိအပေါ် သက်သေပြုနေသည်။ ဤကဲ့သို့ပင် အသိတော်၌ လောကရှိ အနည်းငယ်သော အရာတို့သည်လည်း ၎င်းအသျှင်မြတ်၏ အသိတော်အပြင်တွင် မရှိပေ။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်ပင် ဖြစ်တော်မူသည်။ 'စူရာဟ်လွတ်ကမာန်' တွင် အမိန့်ရှိသည်မှာ-

اِنَّهَا اِنْ تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُنْ فِى صَخْرَةٍ اَوْفِى السَّمٰوٰتِ
اَوْفِى الْاَرْضِ يَأْتِ بِهَا اللّٰهُ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ

အကယ်၍ အပြုအမူတစ်စုံတစ်ရာသည် မုန်ညင်းစေ့ခန့်ဖြစ်ပြီး ကျောက်ဆောင်တစ်ခုခုအတွင်း၌ဖြစ်စေ၊ မိုးကောင်းကင်များ၌ဖြစ်စေ၊ ပထဝီမြေအတွင်း၌ဖြစ်စေ၊ လျှို့ဝှက်စွာ ရှိနေသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ယင်းအပြုအမူကို အသင့်ရောက်ရှိစေတော်မူမည် ဖြစ်၏။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် နက်နဲသိမ်မွေ့သော အရာတို့ကို အလွန်တရာ သိမြင်တော်မူသော အသျှင်၊ အလွန်တရာ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့ပြင် آيَةُ الْكُرْسِى တွင် အမိန့်ရှိသည်မှာ-

يَعْلَمُ مَابَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ وَلَا يُحِيْطُوْنَ بِشَيْءٍ مِّنْ عِلْمِهٖ اِلَّا بِمَاشَآءَ

ထိုအသျှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက်အဖြစ်အပျက်၊ အကြောင်းကိစ္စအလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေ၏။ သို့ရာတွင် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအသျှင်မြတ် အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြံ၍ မသိရှိနိုင်ကြပေ။ [၃ : ၂၅]

ထို့ပြင် ဆက်လက်၍ 'စူရာဟ်ယူနွတ်စ်' တွင် အမိန့်ရှိသည်မှာ-

لَا يَعْزُبُ عَنْ رَّبِّكَ مِنْ مِّثْقَالِ ذَرَّةٍ فِى الْاَرْضِ وَلَا فِى السَّمَآءِ

စင်စစ် ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း ရှိသည့် အနည်းငယ် စိုးစဉ်းမျှ မင်လျှင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အသိတော်မှ ပျောက်ကွယ်တိမ်မြုပ်နေသည်မဟုတ်ပေ။ *[၁၀ : ၆၁]*

ဆက်လက်၍ စူရာဟ်သွလားက်တွင် အမိန့်ရှိထားသည်မှာ-

وَ اَنَّ اللّٰهَ قَدْ اَحَاطَ بِكُلِّ شَيْءٍ عِلْمًا

အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အသိပညာဖြင့် အမှန်ပင် ဝန်းခြုံလျက်ရှိတော်မူကြောင်းကိုလည်း အသင်တို့ သိရှိကြရန်အလို့ငှာ ဖြစ်ပေသည်။

ဤကဲ့သို့ပင် မရေမတွက်နိုင်သော အာယသ်တော်များဖြင့် ဤအကြောင်းအရာသည် အမျိုးမျိုးသော ပုံသဏ္ဌာန်များဖြင့် အလွန်ရှင်းလင်းပြတ်သားမှုနှင့်အတူ ဤသို့ မိန့်မှာမူ ပြုထားလေသည်မှာ အကွယ်ရှိအသိ (၎င်းကို) ကျမ်းတော်မြတ်ကုရ်အာန်၌ غيب ဟုဆိုထား၏။ (၎င်း၏ ရှင်းလင်းချက်သည် အထက်တွင် တင်ပြပြီးဖြစ်၏။) (သို့) စကြဝဠာတစ်ခုလုံးရှိ အရာအားလုံး၏ အသိသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့် ဂုဏ်တော်ဖြစ်တော်မူသည်။ ဖရစ်ရှ်သာဟ်တစ်ပါးပါး (သို့) ရစူလ်တမန်တော်၏ အသိကို ဤကဲ့သို့ပင် တစ်လောကလုံးရှိ အနည်းငယ်မျှသော အရာကိုပင် အသိတော်အတွင်း၌ ရှိသည်မှာ မှတ်ယူခြင်းသည် အီစာအီများကဲ့သို့ ရစူလ်တမန်တော်ကို အလ္လာဟ်အသျှင်မြတ် အဆင့်အတန်းပေးလိုက်ခြင်းဖြစ်သည်။ ၎င်းအား ရှင်းလင်းပြတ်သားစွာဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က ရှရစ်က်ဟု ဖော်ပြထားသည်။ စူရာဟ်ရှိုအ်ရာအ်တွင် ရှရစ်က်၏ ဤစေ့မြစ်နှင့် ပတ်သက်၍ တင်ပြထားသည်မှာ-

تَا للّٰهِ اِنْ كُنَّا لَفِىْ ضَلَالٍ مُّبِيْنٍ ه اِذْ نُسَوِّيْكُمْ بِرَبِّ الْعَالَمِيْنَ

အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကေန်မုချ ကျွန်ုပ်တို့သည် အလွန်ထင်ရှားလှစွာသော လမ်းလွဲမှု၌ပင် ရှိခဲ့ကြကုန်၏။ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများ ပြုလုပ်လျက် ရှိခဲ့ကြကုန်၏။ *[၁၉ : ၉၈]*

ဒ္ဒိဟမရှိ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များနှင့် သီးသန့်တမန်တော်မြတ် ﷺ ကို ဂ်ိုင်းရှိ သိမ်းပေါင်းများစွာသော အရာများ၏ အသိချီးမြှင့်ထားလေ၏။ အားလုံးသော ဖရစ်ရှ်သာဟ်များနှင့် နဗီတမန်တော်များထက် ပို၍ အသိပညာချီးမြှင့်ထား၏။ သို့သော်လည်း ပေါ်လွင်ထင်ရှားသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူမည်သူ၏ အသိတရားမှ မရှိပေ။ ရှိမည်လည်းမဟုတ်။ ရှိနိုင်မည်လည်း မဟုတ်ပေ။ အကယ်၍ ရှိခဲ့ပါသော် ဤသည် ရစူလ်၏ ဂုဏ်ပေးခြင်းတွင် အတိုင်းထက်အလွန် ပြုခြင်းသာဖြစ်မည်။ ၎င်းကို အီစာအီများ ပြုကျင့်ကြ၏။ ရစူလ်အား အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူညီတူ သတ်မှတ်ထားကြ၏။ ဤသည်သာလျှင် ရှရစ်က်ဖြစ်သည်။

ဤနေရာအထိ ပထမအာယသ်၏ အကြောင်းအရာများသာဖြစ်သည်။ ၎င်းအာယသ်တွင် အလ္လာဟ်အသျှင်မြတ်၏ အသိတော် ဂုဏ်ရည်၏ သီးသန့်အကြောင်းအရာများသာ ဖြစ်ပြီး၊ ၎င်းအသိတော်ဖြင့် အကွယ်ရှိ အရာအားလုံးနှင့် ပေါ်လွင်ထင်ရှားစွာ ရှိနေသောအရာများ၊ တစ်လောကလုံးရှိ အနည်းငယ်သော အရာတိုင်းအပေါ်တွင် အကြွင်းမဲ့ ကြားသိတော်မူ၏။ ဒုတိယအာယသ်တော်တွင် ဤကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ်၏ 'ကွသ်ရည်'ဟူသော ဂုဏ်တော်၊ အကြင်အသျှင်မြတ်၏ စွမ်းဆောင်နိုင်ခြင်း၏ အကြောင်းအရာများ တင်ပြထား၏။ ၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်နှင့်အတူ သီးသန့်ဖြစ်၏။ အမိန့်ရှိသည်မှာ-

وَهُوَ الَّذِي يَتَوَفَّاكُم بِاللَّيْلِ وَيَعْلَمُ مَا جَرَحْتُم بِالنَّهَارِ ثُمَّ يَبْعَثُكُمْ
فِيهِ لِيُقْضَىٰ أَجَلٌ مُّسَمًّى

ထိုအသျှင်မြတ်သည် အသင်တို့အား ညဥ့်အချိန်၌ အိပ်စက်စေတော်မူ၏။ ၎င်းအပြင် အသင်တို့ နေ့၌ ပြုမူသမျှတို့ကို ထိုအသျှင်မြတ် သိတော်မူ၏။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ် အသင်တို့အား ထိုနေ့၌ ပြန်ထစေတော်မူ၏။ (တစ်နည်း) ယင်းအိပ်စက်ခြင်းမှ ပြန်နိုးစေတော်မူသည်။ သို့မှသာလျှင် အသင်တို့၏ သတ်မှတ်ထားသော သက်တမ်း ပြည့်ဝစေမည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော စွမ်းအားပင် ဖြစ်သည်။ လူတို့၏ ရှင်ခြင်း၊ သေခြင်းနှင့် သေပြီးသည့်နောက် တစ်ဖန် အသက်ရှင်ပြန်ထခြင်းသည် နမူနာတစ်ခုဖြစ်သည်။ တစ်နေ့ အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်သို့ ရောက်ရှိစေမည်။ ဟဒီးစ်တော်၌ အိပ်စက်ခြင်းကို သေဆုံးသော သူကဲ့သို့ဟူ၍ အမိန့်ရှိထားလေသည်။ အမှန်စင်စစ် အိပ်စက်ခြင်းသည် လူသား၏ အားလုံးသော အင်အားများကို ရုပ်သိမ်းတော်မူလိုက်၏။ သေဆုံးသူသဖွယ်ပင် ဖြစ်ရှိနေ၏။ ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် အိပ်စက်ခြင်း၊ တစ်ဖန် နိုးကြားခြင်း၏ ပမာပေးမိန့်ဆို၍ လူသားကို သတိပေးထားပေသည်။ ညဥ့်စဥ်ညဥ့်တိုင်းနှင့် နံနက်တိုင်းတွင် လူများအထဲမှ တစ်ဦးဦးသည် သေဆုံး၍ ပြန်လည်ရှင်ပြန်ထခြင်း၏ ပမာတစ်ခု သက်သေပြပေသည်။ ဤကဲ့သို့ပင် တစ်လောကလုံးရှိ လူတို့သည် စုပြုံ၍ သေဆုံးပြီး တစ်ဖန် စုပြုံပြီး ပြန်လည်အသက်ရှင်မှု ပုံစံကို နားလည်လိုက်ပါလေ။ ၎င်းကို 'ကေယာမသ်'ဟု ခေါ်ဆိုပေသည်။ အလ္လာဟ်အသျှင်မြတ်သည် လုပ်ငန်းကို လုပ်နိုင်စွမ်းရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော စွမ်းအားဖြင့် 'ကေယာမသ်'သည် မဝေးကွာလှပေ။ သို့ပါ၍ နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

ثُمَّ إِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ

၎င်း၏ အလိုသဘောမှာ တစ်ဖန် အသင်တို့သည် ထိုအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြမည် ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့သမျှတို့ကို အသင်တို့အား ထုတ်ဖော်ပြသတော်မူမည်။ ၎င်း၏ အလိုသဘောမှာ ကျင့်ကြံမှု စာရင်းအင်းစစ်ဆေး၍ တစ်ဖန် ၎င်းအပေါ် အစားပေးခြင်းနှင့် အပြစ်ဒဏ်ချမှတ်မည် ဖြစ်သည်။

တတိယအာယသ်တော်တွင် အထက်ပါအကြောင်းအရာ၏ ပြန်လည်ရှင်းလင်းချက်ကို ဤသို့ တင်ပြထားလေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အားလုံးသော 'ဗန္ဒာဟ်'များအပေါ် အင်အားတစ်ခုထားရှိပေသည်။ မည်သည့်အချိန်အခါအထိ ထိုသူကို အသက်ရှင်ထားရန် ဆန္ဒရှိပါသော် ထိန်းသိမ်းစောင့်ကြပ်သော ဖရစ်ရှ်သာဟ်သည် ထိုသူအား ထိန်းသိမ်းရန်အတွက် စေလွှတ်လိုက်လေသည်။ မည်သူကမျှ ထိုသူနှင့် ပတ်သက်၍ ဆုံးရှုံးနစ်နာမှု ရောက်ရှိစေရန် မစွမ်းနိုင်ပေ။ အကယ်၍ မည်သူတစ်ဦးတစ်ယောက်သည် သတ်မှတ်ထားသော သက်တမ်းပြည့်ဝသွားပါသော် ထိုထိန်းသိမ်းစောင့်ကြပ်သော ဖရစ်ရှ်သာဟ်သည် ထိုသူ၏ အသက်နှုတ်ယူခြင်း၌ အနည်းငယ်မျှပင် လျှော့ပေါ့မှုမပြုပေ။ တစ်ဖန် သေဆုံးသွားသည်နှင့် လုပ်ငန်းဆောင်တာများသည် ကုန်ဆုံးသွားမည်မဟုတ်ပေ။ သို့သာမက رُدُّوْ اِلَى اللّٰهِ အလိုမှာ တစ်ဖန် ပြန်လည်အသက်ရှင်၍ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်တွင် ရှိကြပေလိမ့်မည်။ ဤနေရာတွင်

اَحْكَمُ الْحَاكِمِيْنَ

အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ပို့ခြင်းခံရ၍ သက်တမ်းနှင့်ပတ်သက်၍ စာရင်းအင်းပေးရမည်ကို တွေးတောခဲ့ပါမူ မည်သူသည် အပြည့်အဝ လုပ်ဆောင်ပြီး 'အဇာဗ်' ပြစ်ဒဏ်မှ လွတ်ကင်းရန် စွမ်းဆောင်နိုင်မည်နည်း။ သို့ပါ၍ ဆက်လက်၍ အမိန့်ရှိသည်မှာ-

اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် حاكم နှင့် اَحْكَمُ الْحَاكِمِيْنَ ဖြစ်ရုံသာမက ထိုအသျှင်မြတ်သည် မိမိ၏ဗန္ဒာဟ် (ကျေးကျွန်) များ၏ 'မောင်လာ'(အသျှင်သခင်) လည်း ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် အခြေအနေတိုင်းတွင် ထိုသူတို့အပေါ် အကူအညီလည်း ပေးလေသည်။ ၎င်းနောက် အမိန့်ရှိသည်မှာ-

اَلَا لَهُ الْحُكْمُ

ကေန်စင်စစ် စီရင်ဆုံးဖြတ်မှုနှင့် အမိန့်အာဏာပေးမှုသည် အလ္လာဟ်အသျှင်မြတ်ထံ၌သာ ရှိကုန်၏။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်'တော်တစ်ခုတည်းက သန်းပေါင်းများစွာသော လူတို့၏ အပြည့်အဝ သက်တမ်း၏ စာရင်းအင်းယူတော်မူမည်မှာ မည်သို့နည်းဟူ၍ တွေးတောကြပေလိမ့်မည်။

သို့ပါ၍ အမိန့်ရှိသည်မှာ-

وَهُوَ اَسْرَعُ الْحَاسِبِيْنَ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် မိမိ၏ လုပ်ငန်းများဖြင့် နှိုင်းယှဉ်ခြင်းသည် မိုက်မဲမှုသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အလွန်လျင်မြန်စွာ အားလုံးသော စာရင်းအင်းများကို အပြည့်အဝ စစ်ဆေးမည်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلۡ مَنۡ يُّنَجِّيۡكُمۡ مِّنۡ ظُلُمٰتِ الۡبَرِّ وَالۡبَحۡرِ تَدۡعُوۡنَهٗ تَضَرُّعًا وَّخُفۡيَةً ۚ لَٮِٕنۡ اَنۡجٰٮنَا مِنۡ هٰذِهٖ لَنَكُوۡنَنَّ مِنَ الشّٰكِرِيۡنَ ﴿۶۳﴾

၆ : ၆၃ ။ ။ (အို, နဗီတမန်တော်) အသင်သည် ၎င်းတို့အား (ဤသို့) ပြောဆိုမေးမြန်းပါလေ။ ကုန်းမြေနှင့် သမုဒ္ဒရာပင်လယ်များ၏ အမှောင်အထပ်ထပ်အတွင်းမှ အသင်တို့အား ကယ်ဆယ်တော်မူပါသနည်း။ 'အကယ်၍ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဘေးအန္တရာယ်များမှ ကင်းလွတ်စေတော်မူပါလျှင် ကျွန်တော်မျိုးတို့သည် အမှန်ပင် ကျေးဇူးသိတတ်သူတို့တွင် အပါအဝင်ဖြစ်ကြပါမည်' ဟူ၍ အသင်တို့သည် (အလ္လာဟ်) အသျှင်မြတ်ထံတော်တွင် ကျိုးနွံစွာ (ငိုယိုလျက်) လည်းကောင်း၊ တိတ်ဆိတ်လျှို့ဝှက်စွာလည်းကောင်း ဟစ်ခေါ်တသ (ဆုတောင်းမှု) ပြုကြသည်။ (မဟုတ်ပါလော။)

قُلِ اللّٰهُ يُنَجِّيۡكُمۡ مِّنۡهَا وَمِنۡ كُلِّ كَرۡبٍ ثُمَّ اَنۡتُمۡ تُشۡرِكُوۡنَ ﴿۶۴﴾

၆ : ၆၄ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သာလျှင် ယင်း (ဘေးအန္တရာယ်) တို့မှလည်းကောင်း၊ အလုံးစုံသော ပူပင်သောကတို့မှလည်းကောင်း လွတ်မြောက်စေတော်မူခဲ့၏။ ထို (သို့ လွတ်မြောက်စေတော်မူပြီး) နောက်တွင်လည်း အသင်တို့သည် (အခြားတစ်စုံတစ်ရာကို) ထိုအသျှင်မြတ်နှင့် တွဲဖက် (နိူင်းယှဉ်) ကိုးကွယ်ကြလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, တမန်တော်၊ အသင် ထိုသူတို့အား ပြောကြားပါလေ။ အသင်တို့ကို ကုန်းပိုင်းနှင့် ရေပိုင်း၏ အမှောင်ထု (ဆိုလိုသည်မှာ အခက်အခဲ) ကြုံတွေ့ရသော အခြေအနေတွင် လွတ်မြောက်မှုပေးသူမှာ မည်သူနည်း။ အသင်တို့ ထိုအသျှင်မြတ်ကို (လွတ်မြောက်မှုပေးရန်) တမ်းတကြသည်။ (တစ်ခါတစ်ရံ) ချိုးနှိမ်မှုကို ဖော်ထုတ်၍ (တစ်ခါတစ်ရံ) တိတ်တဆိတ် (ပြောဆိုကြသည်မှာ) 'အို, အသျှင်မြတ်၊ အကယ်၍ အသျှင်မြတ်သည် ကျွန်ုပ်တို့ကို ဤအမှောင်ထုများထဲမှ ယခု လွတ်မြောက်မှု ပေးသနားတော်မူပါ။ မုချကေန် ကျွန်ုပ်တို့ အမှန်တရားကို သိရှိသူများအဖြစ် ရပ်တည်သူများ ဖြစ်ကြပါလိမ့်မည်။' ဆိုလိုသည်မှာ အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်း သိခြင်းသည် အလွန်ကြီးကျယ်သော အမှန်တရားကို သိသည့်အတွက် ဤအချက်ကိုသာ ပြောဆိုပါမည်။ ဤမေးခွန်း၏အဖြေသည် သတ်မှတ်ပြီးဖြစ်၍ ထိုသူတို့ အခြားအဖြေ မပေးနိုင်သောကြောင့် အသင်တမန်တော် ပြောကြားပါလေ။ အောင်မြင်မှုရသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သာလျှင် အသင်တို့အား အောင်မြင်မှုပေးတော်မူသောအသျှင်၊ အထက်တင်ပြခဲ့သည့် အမှောင်ထုများသာမက ဝမ်းနည်းပူဆွေး မှုဟူသမျှကိုလည်း အလ္လာဟ်အသျှင်မြတ်က အောင်မြင်မှုပေးတော်မူလေသည်။ (သို့သော် အသင်တို့သည် အောင်မြင်မှုရရှိပြီးနောက် 'ရှရစ်က်' တုဖက်နိူင်းယှဉ်ခြင်းလုပ်ရပ်ကို လုပ်မြဲရှိနေခဲ့သည်။ ဤသည် အဆင့်အမြင့်ဆုံး အမှန်တရားကို မသိခြင်းဖြစ်သည်။ အမှန်တရားကို သိသည်ဟု ကတိပြုခဲ့ကြသည်။ အချုပ်ဆိုရသော် ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်ရသောအချိန် အသင်တို့၏ ဝန်ခံခြင်းသည် အလ္လာဟ်တစ်ပါးတည်းရှိခြင်း၊ မှန်ကန်ကြောင်း အထောက်အထားဖြစ်ပြီးနောက် ငြင်းဆန်လျှင်လည်း ဂရုပြုရန် မထိုက်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမွသတ်များ

အလ္လာဟ်အသျှင်မြတ်၏ အသိပညာ နှင့် တန်ခိုးတော် ၏ ထုတ်ဖော် ချက်အချို့

တင်ပြပြီးခဲ့သည့် အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ အသိပညာနှင့် တန်ခိုးတော်၏ ပြည့်ဝမှု ၄င်းပြင် အလ္လာဟ်အသျှင်မြတ်၏ အတုမရှိခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြခဲ့၏။ ယခု အာယသ်တော်တွင်လည်း ဤအသိပညာနှင့် တန်ခိုးတော်၏ သက်ရောက်မှုအချို့နှင့် ထုတ်ဖော်မှုများကို တင်ပြထား၏။ ပထမအာယသ်တော်တွင် ظُلُمَاتُ သည် ظُلْمَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်၍ အဓိပ္ပာယ်မှာ အမှောင်ထုဖြစ်သည်။ ظُلُمَاتِ الْبَرِّ وَ الْبَحْرِ ၏ အဓိပ္ပာယ်မှာ ကုန်းနှင့် ရေပြင်၏ အမှောင်ထုဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် အမှောင်ထု၏ အမျိုးအစား မြောက်မြားစွာရှိသည်။ ည၏ အမှောင်၊ မိုးတိမ်၏ အမှောင်၊ မြူမှုန်များ၏ အမှောင်၊ မြစ်ပင်လယ်ထဲတွင် လှိုင်းများ၏ အမှောင် ဤအမှောင်ထုအားလုံး ကို ပါဝင်စေရန်အတွက် ظلمات ဗဟုဝုစ်ကိန်းကို သုံးခြင်းဖြစ်၏။ လူသားများ အိပ်စက်အနားယူရန် အတွက် အမှောင်ထုသည် 'နေ့အ်မသ်'ဖြစ်သော်လည်း လူသားသည် ပုံမှန်အခြေအနေတွင် အလင်းရောင် ဖြင့်သာ အလုပ်တွင်ပေသည်။ အမှောင်တွင်းရှိ အချိန်တွင် လုပ်ငန်းအားလုံး နားပစ်လိုက်ရသည့်ပြင် ဒုက္ခ အခက်အခဲများ၏ အကြောင်းခံဖြစ်သည်။ ထို့ကြောင့် အာရပ်တို့သည် 'ဇိုလိုမားသ်' ဟူသော စာလုံး၏ အဓိပ္ပာယ်ကို 'ကြုံတွေ့ရသော ဘေးဗလာဒုက္ခ'ဟု သုံးနှုန်းလေသည်။

သဖ်စီးရ်ပညာရှင်အားလုံးသည် ဤအာယသ်တော်အထက် တင်ပြသည့် အဓိပ္ပာယ်ကိုသာ တင်ပြထား ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် မက္ကာဟ်မြို့၏ မုရှ်ရစ်က်များကို သတိပေးရန်နှင့် ၄င်းတို့၏ လွဲမှားသော လုပ်ရပ်များကို သိရှိကြရန် တမန်တော်မြတ် ﷺ ကို အမိန့်ပေးသည်။ ထိုသူများကို ဤသို့ မေးမြန်းပါလေ။ ကုန်းနှင့် ရေလမ်းခရီးတွင် အခက်အခဲတစ်စုံတစ်ရာ တွေ့ရှိပါ၍ ရုပ်တုအားလုံးကို မေ့လျော့၍ အလ္လာဟ်အသျှင်မြတ်ကိုသာ တသကြသည်။ မိမိတို့၏ ရိုကျိုးမှုကို ပေါ်လွင် စွာ တင်ပြသကဲ့သို့ တစ်ခါတစ်ရံ နှလုံးသားအတွင်း၌ ဤဒုက္ခထို အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သူမှ မကာကွယ်နိုင်ဟု ဝန်ခံကြသည်။ ဤအတွေးဖြင့် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ဒုက္ခဆင်းရဲခြင်းမှ လွတ်ကင်းမှုပေးလျှင် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်၍ အမှန်တရား လက်ခံခြင်းကို ပြုလုပ်ကြပါမည်ဟု ကတိပြုကြသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်၍ ထိုအသျှင် မြတ်သာ အလုံးစုံ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ဟု လက်ခံကြမည်။ ထိုအသျှင် မြတ်နှင့် မည်သူကိုမှ ဂုဏ်ရည်တူသူမရှိဟု လက်ခံကြမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ဒုက္ခရောက် သည့်အချိန် မည်သူမှ မကူညီနိုင်သည့်အတွက် မည်သို့ ကိုးကွယ်ကြသနည်း။ သို့ရှိရာ အသင်တမန်တော် ယခု ဤအခြေအနေများတွင် အသင်တို့အား မည်သူက ဒုက္ခဆင်းရဲပျက်စီးခြင်းနှင့် အောင်မြင်ခြင်း ပေးသည်ကို

မေးမြန်းပါလေ။ အာယတ်ကြောင့်ဆိုသော် ၎င်းတို့၏ အဖြေသည် သတ်မှတ်သိရှိဖြစ်၏။ အလ္လာဟ်အသျှင်မြတ်မှလွဲ၍ ရုပ်တုနှင့် နတ်တို့သည် မည်သို့မျှ အသုံးမဝင်ဟူသည့်အချက်မှာ ပေါ်လွင်သည့်အတွက် မငြင်းဆန်နိုင်ပေ။ ထို့ကြောင့် ဒုတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်တိုင် တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ 'အို, တမန်တော်၊ အသင် ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သာလျှင် အသင်တို့၏ ဘေးဗလာဟူသမျှကို အောင်မြင်မှုပေးသည်သာမက ဒုက္ခပူဆွေးမှု၊ မငြိမ်းချမ်းမှုဟူသမျှကို ဝေးကွာအောင် ပြုလုပ်ပေးတော်မူ၏။ ဤသို့ ပေါ်လွင်ထင်ရှားသည့် နိမိတ်လက္ခဏာများရှိသည့်အတူ လွတ်မြောက်မှုနှင့် ငြိမ်းချမ်းသာယာမှု ရှိလင့်ကစား အသင်တို့ တုဖက်ကိုးကွယ်ကြပေသည်။ ရုပ်တုများကိုလည်း ကိုးကွယ်ကြပေသည်။ ဤသည် အလွန်တရာ ဆိုးရွားသော သစ္စာမဲ့ခြင်းနှင့် ပျက်စီးဆုံးရှုံးစေမည့် အသိဉာဏ်မဲ့ခြင်းသာ ဖြစ်သည်။ ဤအာယသ်တော်နှစ်ခုတွင် အလ္လာဟ်အသျှင်မြတ်သည် ပြည့်ဝသည့် တန်ခိုးတော်ကို တင်ပြထားသည်။ လူသားတိုင်းကို ဒုက္ခဆင်းရဲဟူသမျှမှ အောင်မြင်မှုပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ အပြည့်အဝတန်ခိုး ရှိတော်မူသည်။ ဒုက္ခဆင်းရဲခြင်းနှင့် ပူဆွေးသောကများကို ကင်းဝေးစေခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌သာ ရှိသည်။ သက်တမ်းတစ်လျှောက်တွင် ရုပ်တုများနှင့် နတ်များကို ကိုးကွယ်တသသူများသည် ဒုက္ခတစ်စုံတစ်ရာ ကြုံတွေ့သောအခါ အလ္လာဟ်အသျှင်မြတ်ကိုသာ တသ၍ အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ အာရုံပြုကြသည်မှာလည်း ပေါ်လွင်ထင်ရှားသော စစ်မှန်သည့်အကြောင်း ဖြစ်သည်။

သင်ခန်းစာ ယူထိုက်သည့်အကြောင်း

မုရှ်ရစ်က်များ၏ ဤလုပ်ရပ်သည် သစ္စာမဲ့ခြင်းတွင် အလွန်ကြီးလေးသည့် အပြစ်ဖြစ်သော်လည်း ဒုက္ခဆင်းရဲကြုံတွေ့ရသော အချိန်၌ အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ အာရုံပြု၍ အမှန်တရားကို လက်ခံခြင်းသည် ကျွန်ုပ်တို့ မွတ်စ္စလင်မ်များအဖို့ သင်ခန်းစာယူဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူထားလင့်ကစား အခက်အခဲများ ကြုံတွေ့လာရသောအခါ အလ္လာဟ်အသျှင်မြတ်ကို သတိမရတော့ပေ။ လောကီအရာများအပေါ်၌သာ အာရုံစူးစိုက်သွားကြလေသည်။ ကျွန်ုပ်တို့သည် ရုပ်တုနှင့် ဓါတ်ပုံများကို မိမိတို့၏ အသျှင်မြတ်ဟု မယူဆကြသည့်တိုင် လောကီပစ္စည်းများဖြင့် အကြောင်းခံများ၏ ပင်လျှင် ကျွန်ုပ်တို့ထံ ရုပ်တုများထက် မလျော့ပေ။ ဤလောကီပစ္စည်းများ၏ သောကသည် ကျွန်ုပ်တို့ နစ်မွန်းနေသည်မှာ အလ္လာဟ်နှင့် အလ္လာဟ်၏ ပြည့်ဝသော တန်ခိုးတော်များဘက်သို့ပင် အာရုံမရောက်နိုင်တော့ပေ။

ဒုက္ခဆင်းရဲမှုတို့၏ မူရင်းကုစားနည်း

ကျွန်ုပ်တို့သည် ရောဂါတိုင်းအတွက် ဆရာဝန်များနှင့် ဆေးများ၊ မုန်တိုင်းနှင့် ရေလွှမ်းမိုးခြင်းများတွင် လောကီပစ္စည်းများကိုသာ မိမိတို့ကိုသာ စွမ်းဆောင်နိုင်သူများဟူသော အာရုံထဲတွင်သာ နစ်မွန်းနေကြ

ပေသည်။ တစ်လောကလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်သို့ အာရုံမရောက်ပေ။ ကေန်စင်စစ် ကျမ်းမြတ်ကုရ်အာန်တွင် အကြိမ်အခါခါ ရှင်းလင်းသော စာလုံးများဖြင့် မိန့်တော်မူထားသည်မှာ လောက၏ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့မှုများသည် အများအားဖြင့် လူသားတို့၏ မကောင်းမှုများ၏ ရလဒ်နှင့် နောင်တမလွန် အပြစ်ဒဏ်ကို လျှော့ပေါ့စေရန်အတွက် သေးငယ်သော နမူနာသာဖြစ်သည်။ ဤအချက်ကို ထောက်ထား၍ ဒုက္ခဟူသမျှသည် မွတ်စ္လင်မ်များအတွက် အလ္လာဟ်၏ ကရုဏာတစ်မျိုးသာဖြစ်သည်။ ဤဒုက္ခများ၏ အကြောင်းခံဖြင့် မေ့လျော့နေသောသူကို သတိပေးခြင်းသာ ဖြစ်သည်။ သို့မှသာ မိမိ၏ မကောင်းမှုများကို ဆန်းစစ်၍ ရှောင်ကြဉ်ရန် သောကထားလိမ့်မည်။ ၎င်းနောက် နောင်တမလွန်၏ ပြင်းထန်သော အပြစ်ဒဏ် များမှ လွတ်ကင်းမှု ရရှိပေမည်။ ဤအကြောင်းအရာကို ကျမ်းမြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည်မှာ-

وَلَنُذِيقَنَّهُم مِّنَ الْعَذَابِ الْأَدْنَىٰ دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ

ဆိုလိုသည်မှာ ကျွန်ုပ်တို့ကို နောင်တမလွန် ကြီးလေးသော အပြစ်ဒဏ်များ၏အလျင် ဤလောက တွင်ပင် အနည်းငယ်သော အပြစ်ဒဏ်ကို မြည်းစမ်းစေ၏။ သို့မှသာ မိမိတို့၏ မေ့လျော့မှုများနှင့် မကောင်းမှု များမှ ရှောင်ကြဉ်နိုင်ပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခုတွင် မိန့်တော်မူသည်မှာ-

وَمَا أَصَابَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُو عَن كَثِيرٍ

'အသင်တို့ထံ ရောက်ရှိလာသော ဒုက္ခသည် အသင်တို့ မကောင်းမှုများ၏ ရလဒ်ဖြစ်သည်။ မြောက် မြားစွာသော 'ဂိုနာဟ်'များကို အလ္လာဟ်အသျှင်မြတ် ပလပ်ခွင့်လွှတ်ပေးပြီး ဖြစ်၏။ ဤအာယသ်တော်၏ ရှင်းလင်းချက်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'ကျွန်ုပ်၏အသက်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ 'ကစမ်'၊ လူတစ်ဦးတစ်ယောက် တုတ်စလေးဖြင့် သေးငယ်စွာ ခြစ်မိခြင်း၊ (သို့) ခြေချော် ခြင်း၊ (သို့) အကြောနာကျင်ခြင်း စသည်တို့အားလုံးသည် 'ဂိုနာဟ်'တစ်ခုခုကြောင့်သာ ဖြစ်၏။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် မြောက်မြားစွာသော 'ဂိုနာဟ်'များကို ခွင့်လွှတ်ထားသည်။ ဗိုင်သွာဝီကျမ်းတွင် မိန့်တော်မူထားသည်မှာ အပြစ်ကျူးလွန်သူများ ကြုံတွေ့ရသော ရောဂါများနှင့် ဘေးဗလာဒုက္ခများသည် အပြစ် 'ဂိုနာဟ်'များ၏ အကြောင်းခံသာ ဖြစ်သည်။ အပြစ် 'ဂိုနာဟ်' ကင်းစင်သောသူ၊ (သို့) အပြစ် 'ဂိုနာဟ်'များမှ ထိန်းသိမ်းခြင်းခံရသူတို့သည် ရောဂါများနှင့် ဘေးဗလာဒုက္ခများ ကြုံတွေ့ရပါက ၎င်းတို့ကို သည်းခံမှုနှင့် ခံနိုင်ရည်ရှိခြင်းတွင် စမ်းသပ်ရန်နှင့် 'ဂျန္နသ်'၏ မြင့်သော အဆင့်အတန်းကို ချီးမြှင့်ရန် ဖြစ်သည်။ အချုပ်ဆိုရသော် အများအားဖြင့် လူတို့သည် အပြစ် 'ဂိုနာဟ်'များနှင့် မကင်းပေ။ ၎င်းတို့ ကြုံတွေ့ရသော ရောဂါများနှင့် ဒုက္ခဆင်းရဲပူဆွေးမှုတို့သည် 'ဂိုနာဟ်'များ၏ ရလဒ်ဖြစ်သည်။ ဤအချက်ဖြင့် သိရှိရသည်မှာ ဒုက္ခဆင်းရဲခြင်းဟူသမျှနှင့် ဝမ်းနည်းပူဆွေးမှုဟူသမျှတို့၏ မူရင်းဇစ်မြစ်ကုသနည်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်ကို အာရုံစူးစိုက်ရမည်။ ပြုပြီးခဲ့သည့် 'ဂိုနာဟ်'များမှ 'သောင်ဗာဟ်'ပြု အမှား ဝန်ခံ၍ နောင်တွင် ရှောင်ကြဉ်ရန် ခိုင်မာသည့် သန္နိဋ္ဌာန်ချရမည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌သာ

ဘေးဗလာဒုက္ခများ ကင်းဝေးရန် ဒိုအာပြုရမည်။ လောကီပစ္စည်းများဖြစ်သော ဆေးဝါးကုသခြင်းနှင့် ဘေးဗလာဒုက္ခများမှ ကာကွယ်ရန် လောကီပစ္စည်းများ အစီအမံပြုလုပ်ခြင်းသည် အသုံးမဝင်ဟူသော သဘော မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ဟု မှတ်ယူ၍ လောကီပစ္စည်းများကို အလ္လာဟ်အသျှင်မြတ် ချီးမြှင့်သည်များဟုမှတ်ယူပါ။

အကြောင်းခံများနှင့် လက်နက်ကိရိယာတို့သည် အလ္လာဟ်အသျှင်မြတ်သာ ဖန်ဆင်း၍ ချီးမြှင့်သည်များ ဖြစ်သည်။ ထိုအသျှင်မြတ်၏ အမိန့်နှင့် အလိုတော်ဖြင့် လူသားများကို ကာကွယ်ပေးလေသည်။ ရေ မြေ၊ လေ၊ မီး နှင့် လောကတွင်းရှိ စွမ်းအားများကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံသော အရာများ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အလိုတူမှုမပါဘဲ မီးသည်လည်း မတောက်လောင်နိုင်ပေ။ ရေမှလည်း မငြိမ်းသတ်နိုင်ပေ။ မည်သည့်ဆေးဝါးမှ အကျိုးမပြုနိုင်သကဲ့သို့ မည်သည့်အစာမှ ဒုက္ခမပေးနိုင်ပေ။ အတွေ့အကြုံအရ သိရှိရသည်မှာ လူသား၏ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့၍ လောကီပစ္စည်း နောက်လိုက်ပါက ပစ္စည်းများကို တိုးပွားလေလေ ဒုက္ခသောကများ တိုးပွားလေလေသာ ဖြစ်သည်။ ဆေးသောက်သလောက် ရောဂါတိုးသည်သာ ဖြစ်သည်။ တစ်ဦးတစ်ယောက်အနေဖြင့် ဆေးသောက်ခြင်း၊ (သို့) ဆေးထိုးခြင်း တစ်ကြိမ်ကြိမ်တွင် အကျိုးရှိခြင်း၊ (သို့) လောကီအစီအမံများဖြင့် အောင်မြင်မှုရခြင်းသည် မေ့လျော့ခြင်း၊ အပြစ်ကျူးလွန်ခြင်းများ၊ သို့သော် အဖန်ဆင်းခံများအားလုံး၏ အခြေအနေအားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ဤအရာများ မအောင်မြင်ကြောင်း သိရပေမည်။ မျက်မှောက်ခေတ်တွင် လူသားကို အဆင်ပြေစေရန်နှင့် ဒုက္ခဟူသမျှမှ ဝေးကွာစေရန် အမျိုးမျိုးသော ကိရိယာပစ္စည်းများ တီထွင်ခဲ့ကြ၍ တီထွင်ကြလိမ့်မည်။ နှစ် (၅၀) အလျှင် လူသားတို့သည် ဤအရာများနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်နိုင်ခဲ့ခြင်း မရှိကြပေ။ ရောဂါကုသရန် အစွမ်းထက်သော ဆေးဝါးသစ်များ၊ အမျိုးမျိုးသော ထိုးဆေးများ အလွန်တရာ ကျွမ်းကျင်သော ဆရာဝန်များ နေရာတိုင်းနေရာတိုင်းတွင် လုပသစ်လွင်သည့် ဆေးခန်းသစ်များကို မသိသူ မည်သူရှိသနည်း။ ယခုထက် နှစ် (၅၀)၊ (၆၀) အလျှင် လူသားသည် ဤအရာများကို မခံစားရပေ။ သို့သော် အားလုံးကို ခြုံငုံသုံးသပ်၍ ဤတိုးတက်နေသော ကိရိယာများကို မခံစားရသော လူသားမှာ မျက်မှောက်ခေတ် လူသားများ ကြုံတွေ့နေရသော ရောဂါကဲ့သို့ ရောဂါခံစားခြင်းလည်း မရှိ။ အားနည်းခြင်းလည်း မရှိ။

ဤကဲ့သို့ပင် မျက်မှောက်ခေတ်တွင် ပျံ့နှံ့သော ရောဂါဆိုးများအတွက် အမျိုးမျိုးသော ကာကွယ်ဆေးများ ရှိပေသည်။ လူသားများကို အခက်အခဲမှ ကာကွယ်ရန် မီးငြိမ်းသတ်ရန် အင်ဂျင်စက်များ ဒုက္ခကြုံတွေ့သောအချိန်တွင် အလျှင်အမြန် သတင်းပေးမှုများ အလျှင်အမြန် သတင်းပေးကူညီနိုင်မှုများ အစရှိသည်တို့ စုံစုံလင်လင် ရှိပေသည်။ သို့သော် ဤကဲ့သို့ ပစ္စည်းများ တိုးပွားလာလေလေ လူသားတို့ ဘေးဗလာဒုက္ခများ တိုးပွားလာလေလေသာ ဖြစ်ပေသည်။ ၎င်းအကြောင်းခံမှာ တင်ပြပြီးသည့် ခေတ်ကာလများတွင် ဖန်ဆင်းရှင်အား မေ့လျော့ခြင်းနှင့် ပေါ်ပေါ်လွင်လွင် အမိန့်ဖီဆန်ခြင်း ယခုရှိသည့်ခန့် မရှိခြင်းမှလွဲ၍ အခြား မဟုတ်ပေ။ အကူအညီပေးသည့် ကရိယာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုဟု ယူဆ၍ ကျေးဇူးတရားကို နားလည်စွာဖြင့် သုံးစွဲကြပေသည်။

မျက်မှောက်လူသားတို့ အလ္လာဟ်အသျှင်မြတ်အား ပုန်ကန်၍ အသုံးပြုနေကြပေသည်။ ထို့ကြောင့် လောကီပစ္စည်းများ များပြားနေလင့်ကစား ဤဒုက္ခများမှ မကာကွယ်နိုင်ကြပေ။ အချုပ်ဆိုရသော် မွတ်စ္စလင်မ်များသည် မုရှ်ရစ်ကင်တို့၏ ဤအဖြစ်အပျက်များဖြင့် သင်ခန်းစာယူနိုင်ကြပေသည်။ မုရှ်ရစ်ကင်တို့သည်လည်း ဒုက္ခရောက်သည့်အချိန်တွင် အလ္လာဟ်အသျှင်မြတ်ကိုသာ သတိရကြသည်။ မုအ်မင်န်များသည် မိမိတို့ ဒုက္ခဆင်းရဲမှုများကို ဝေးကွာရန်အတွက် လောကီပစ္စည်းများနှင့် နည်းလမ်းများထက် ပို၍ အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ လှည့်သင့်ကြပေသည်။ ထိုသို့မဟုတ်ပါက နေ့စဉ် ကြုံတွေ့ရသည့် အဖြစ်များ၏ ရလဒ်ကဲ့သို့သာ ဖြစ်မည်။ နည်းလမ်းတိုင်းကို ချိုင့်သုံးသပ်ကြည့်လျှင် ဆန့်ကျင်သည့် အကျိုးဆက်ကိုသာ ခံစားရပေသည်။

ရောဂါကြီးခြင်းများကို တားမြစ်ရန်နှင့် ဆုံးရှုံးမှုများကို ရှောင်ရှားရန် ထောင်နှင့်ချီသည့် နည်းလမ်းများ ပြုလင့်ကစား ရေလွှမ်းမိုးမှုသည် အကြိမ်ကြိမ်အခါခါ ဖြစ်နေသည်။ ရောဂါအတွက် ကုသမှုကို နည်းလမ်းသစ်များ အသွယ်သွယ်ကို ကြံဆလျက် ရှိလင့်ကစား ရောဂါများ တိုးပွားလျက်ရှိပေသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုများကို လျှော့ချရန်အတွက် ထောင်ပေါင်းများစွာသော နည်းလမ်းများပြုကြရာ အနည်းငယ် အကျိုးရှိသော်လည်း ချိုင့်ကြည့်လျှင် ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် တစ်နေ့တစ်ခြား တိုးတက်လျက်သာ ရှိပေသည်။ မျက်မှောက်ခေတ်တွင် အစိုးရတိုင်းသည် ခိုးခြင်း၊ ဓါးပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လာဘ်ပေး လာဘ်ယူခြင်း၊ သူ့ခိုးလက်ခံပြုခြင်းများကို တားဆီးရန်အတွက် မြောက်မြားစွာသော နည်းလမ်းများ ပြုနေပေသည်။ သို့သော် တွက်ချက်ကြည့်မည်ဆိုလျှင် ဤမှုခင်းများ တစ်နေ့တစ်ခြား တိုးတက်လျက်ရှိသည်။ ယနေ့လူသားသည် တစ်ဦးချင်းနှင့် အပေါ်ယံအားဖြင့်သာ ဆိုးကျိုးနှင့် ကောင်းကျိုး၏ အထက်မှ အခြေအနေများကို သုံးသပ်ကြည့်လျှင် ကျွန်ုပ်တို့၏ လောကီရေးဆိုင်ရာ နည်းလမ်းများသည် အများအားဖြင့် မအောင်မြင်သည်ကို တွေ့ရပေသည်။ သို့သာမက ကျွန်ုပ်တို့၏ အခက်အခဲပြဿနာများ တွေ့ရသည်။ တစ်ဖန် ကျမ်းမြတ်ကုရ်အာန်၏ ကုထုံးအပေါ် ကြည့်ရှုလျှင် အခက်အခဲပြဿနာမှ ကာကွယ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ တစ်လောကလုံးအား ဖန်ဆင်းသော အသျှင်ဘက်သို့ လှည့်ရမည်။ လောကီနည်းလမ်းများကို အသျှင်မြတ်၏ ချီးမြှင့်မှုများဟု ယူဆ၍ အေးချမ်းသာယာမှုသည် ဤနည်းစနစ်မှလွဲ၍ မည်သည့်နည်းစနစ်မှ မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ هُوَ الْقَادِرُ عَلَىٰٓ
أَنْ يَبْعَثَ عَلَيْكُمْ عَذَابًا مِّنْ فَوْقِكُمْ أَوْ مِنْ تَحْتِ أَرْجُلِكُمْ أَوْ
يَلْبِسَكُمْ شِيَعًا وَيُذِيقَ بَعْضَكُمْ بَأْسَ بَعْضٍ ۗ انْظُرْ كَيْفَ نُصَرِّفُ
الْآيَاتِ لَعَلَّهُمْ يَفْقَهُونَ ٦٥

၆ : ၆၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ ထိုအသျှင်မြတ်သည် အသင်တို့အပေါ်လည်း
အသင်တို့၏ အထက်မှဖြစ်စေ၊ အသင်တို့၏ ခြေများအောက်မှဖြစ်စေ၊ အပြစ်ဒဏ် (တစ်စုံတစ်ရာ) သက်ရောက်စေခြင်းကို

လည်းကောင်း၊ (သို့တည်းမဟုတ်) အသင်တို့အား အုပ်စုအသီးသီး ကွဲပြားစေတော်မူ၍ အချင်းချင်း တိုက်ခိုက်စေခြင်းအားဖြင့် အုပ်စုတစ်စုကို အုပ်စုတစ်စု (၏ တိုက်ခိုက်မှုအရသာ) ဖြင့် မြည်းစမ်းခြင်းကိုလည်းကောင်း ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် (အမှန်တရားနှင့် စပ်လျဉ်း၍ မိမိ၏) သက်သေလက္ခဏာတော်များကို ၎င်းတို့အား သိနားလည်ကြစေရန် မည်သို့မည်ပုံ အဖန်တလဲလဲ ပြောင်းလွဲ မိန့်ကြားတော်မူသည်ကို အသင် ရှုပါလေ။ သို့မှသာလျှင် ထိုသူများသည် သိနားလည်ကြပေမည်။

وَكَذَّبَ بِهِ قَوْمُكَ وَهُوَ الْحَقُّ ۚ قُل لَّسْتُ عَلَيْكُم بِوَكِيلٍ ﴿٦٦﴾

၆ : ၆၆ ။ ။ သို့ရာတွင် (အို၊ နဗီတမန်တော်) အသင်၏ အမျိုးသားများသည် ယင်း (ပြစ်ဒဏ်) ကို ငြင်းဆိုလျက် ရှိကြ၏။ စင်စစ်မှာ ယင်း (ပြစ်ဒဏ်) သည် အမှန်ပင် (ဆိုက်ရောက်မည်သာ ဖြစ်၏။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ငါသည် အသင်တို့အပေါ်ဝယ် ကြီးကြပ်အုပ်ထိန်းသူမဟုတ်' ဟူ၍ ပြောကြားပါလေ။

لِّكُلِّ نَبَإٍ مُّسْتَقَرٌّ ۚ وَسَوْفَ تَعْلَمُونَ ﴿٦٧﴾

၆ : ၆၇ ။ ။ သတင်းတိုင်း (ဖြစ်ပျက်ရန်) အတွက် ကန့်သတ်ထားသော အချိန်တစ်ချိန် ရှိသည်။ စင်စစ် အသင်တို့သည် မကြာမီအတွင်း သိရှိကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ တမန်တော်၊ ဤသည်ကိုလည်း အသင် ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အောင်မြင်မှုပေးရန် စွမ်းဆောင်နိုင်သကဲ့သို့ အသင်တို့၏ ကုဖွရ်နှင့် ရှရစ်ကြောင့် 'အဇာဗ်' တစ်ခုခု (ဥပမာ- ခဲမိုးရွာခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အစရှိသည်တို့ကို) အသင်တို့အပေါ် ကျရောက်စေနိုင်သည်။ (သို့) အသင်တို့ ဖဝါးအောက်၌ရှိသော မြေပြင်မှ လျောင်လျှပ်ခြင်း၊ (သို့) မြေပြိုခြင်းများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ဤအပြစ်ဒဏ်များ၏ အနီးစပ်ဆုံး အကြောင်းအရာကို အလ္လာဟ်မှလွဲ၍ မည်သူမှ မစွမ်းဆောင်နိုင်ပေ။ တစ်ကြိမ်မဟုတ် တစ်ကြိမ် ဒွန္နယာ (သို့) နောင်တမလွန်၌ အသင်တို့ကို ဤကဲ့သို့ အပြစ်ဒဏ်များ ပေးနိုင်သည်။ (သို့) အသင်တို့ကို ရည်ရွယ်ချက်များ ကွဲပြားခြင်းကြောင့် ဆန့်ကျင်ဘက်အုပ်စုများကို အချင်းချင်း စစ်မက်ဖြစ်ပွားစေမည်။ အသင်တို့အချင်းချင်း စစ်ဖြစ်ပွားခြင်းကြောင့် ဒုက္ခများကို မြည်းစမ်းစေမည်။ ၎င်း၏ အနီးစပ်ဆုံး အကြောင်းခံမှာ လူသားစွမ်းဆောင်နိုင်သော ကိစ္စဖြစ်သည်။ (သို့) ဒုက္ခဟူသမျှကို စုရုံးရောက်ရှိစေမည်။

အချုပ်ဆိုရသော် အောင်မြင်မှုပေးခြင်းနှင့် အပြစ်ဒဏ်တွင် နစ်မွန်းစေခြင်း နှစ်ခုစလုံးသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဘက်၌သာ ရှိသည်။ အို၊ တမန်တော်၊ အသင် ကြည့်ရှုပါလေ။ ငါအသျှင်မြတ်သည် တစ်ပါးတည်းရှိခြင်း အထောက်အထားများကို ဘက်ပေါင်းစုံမှ တင်ပြထား၏။ ထိုသူတို့ သဘော

ပေါက်နားလည်ရန်အတွက် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အပြစ်ဒဏ်ပေးရန် စွမ်းဆောင်နိုင်ခြင်းနှင့် ငြင်းဆန်ခြင်းနှင့် တုဖက်ခြင်းသည် အပြစ်ဒဏ်ဖြစ်ခြင်း၏ အကြောင်းခံဖြစ်ကြောင်းကို သိရှိလျက် အသင် တမန်တော်၏ မျိုးနွယ်စုဖြစ်သော ကိုရိုက်ရှ်နှင့် အာရဗ်တို့သည် အပြစ်ဒဏ်များကို မှားယွင်းသည်ဟု ပြောဆိုနေကြသည်။ ထိုအပြစ်ဒဏ်များ မဖြစ်နိုင်ဟု ယုံကြည်နေကြသည်။ ကေန်စင်စစ် ထိုအပြစ်ဒဏ် များသည် အမှန်တကယ်ဖြစ်သည်။ ဤသည်ကို ကြားနာ၍ အပြစ်ဒဏ် မည်သည့်အချိန် ချမှတ်မည်ဟု မေးခွန်း ထုတ်နိုင်ပေသည်။ သို့ဆိုလျှင် အသင်တမန်တော်၊ ဤသို့ ပြောကြားပါလေ။ အသင်တို့အပေါ် 'အဇာဗ်' ကျရောက်ရန် ငါကိုယ်တော် သတ်မှတ်ထားသည်မဟုတ်။ ငါကိုယ်တော် အပြည့်အဝ သိရှိသည် လည်း မဟုတ်။ ငါကိုယ်တော်၏ စွမ်းဆောင်နိုင်းခြင်းသည်လည်း မဟုတ်။ (သို့သော်) သတင်းတိုင်း သက်ရောက်မည့်အချိန်တစ်ချိန်ကို အလ္လာဟ်အသိတွင် သတ်မှတ်ပြီးဖြစ်သည်။ 'အဇာဗ်' ကျရောက်မည့် အချိန်ကို အသိတို့ အမြန်ဆုံးသိရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးသည့် အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ အသိပညာ ကျယ်ဝန်းမှုနှင့် အနိုင်း မဲ့တန်ခိုးတော်၏ သက်ရောက်မှုကို တင်ပြထားသည်မှာ လူတိုင်းကို ဒုက္ခများနှင့် ကင်းဝေးစေခြင်းမှာ အသျှင်မြတ်သာလျှင် တတ်စွမ်းနိုင်တော်မူသည်။ ဒုက္ခကြုံတွေ့ရသော အချိန်တွင် အလ္လာဟ်အသျှင်မြတ်ကို တသခြင်းဖြင့် အကူအညီများ ရောက်ရှိလာသည်ကို မိမိတို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ အဘယ် ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော် အပြည့်အဝရှိသည်။ အဖန်ဆင်းခံများအားလုံး အပေါ် အသျှင်မြတ်သည် ကရုဏာအပြည့်အဝ ရှိတော်မူသည်။ အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သူမှ တန်ခိုးတော်အပြည့်အဝ မရှိသကဲ့သို့ အဖန်ဆင်းခံများအားလုံးအပေါ် ကရုဏာလည်း မရှိပေ။ ယခု တင်ပြထား သော အာယသ်တော်တွင်လည်း ပြည့်ဝသော တန်ခိုးတော်၏ အခြားတစ်ဘက်ကို တင်ပြထား၏။ အလ္လာဟ် အသျှင်မြတ်သည် အပြစ်ဒဏ်၊ ဒုက္ခနှင့် အညီမျှပင် ကြီးမားသည့် အခက်အခဲဟူသမျှကို ဖယ်ရှားနိုင်သည့် စွမ်းအားရှိသကဲ့သို့ လူတစ်ဦး (သို့) အုပ်စုတစ်စု၏ ဆိုးသွမ်းမှုကြောင့် အစားပေးခြင်းနှင့် အပြစ်ဒဏ်များ တွင် နစ်မွန်းစေလိုပါက အမျိုးမျိုးသော အပြစ်ဒဏ်များပေးရန် အလ္လာဟ်အသျှင်မြတ်အတွက် လွယ်ကူ ကြောင်းနှင့် အပြစ်ကျူးလွန်သူတို့ကို အပြစ်ပေးရန် လောကရှိ အုပ်ချုပ်သူများကဲ့သို့ ရဲ၊ စစ်တပ် မလိုသကဲ့ သို့ အကူအညီပေးမည့်သူ တစ်ဦးတစ်ယောက်မှ မလိုကြောင်း တင်ပြထား၏။ ဤအကြောင်းအရာကို

هُوَ الْقَادِرُ عَلٰى اَنْ يَّبْعَثَ عَلَيْكُمْ عَذَابًا مِّنْ فَوْقِكُمْ

اَوْ مِنْ تَحْتِ اَرْجُلِكُمْ اَوْ يَلْبِسَكُمْ شِيَعًا

ဟူသော အာယသ်တော်ဖြင့် မိန့်တော်မူထားလေသည်။ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ် အပြစ်ဒဏ် (သို့) အသင်တို့၏ ခြေဖဝါးအောက်မှ (သို့) ဆန့်ကျင်ဘက်အုပ်စုများဖြစ်စေ၊ အချင်းချင်းစစ်ဖြစ်စေကာ အချင်းချင်း အပြစ်ဒဏ်ပေး၍ ပျက်စီးဆုံးရှုံးစေနိုင်သော အသျှင်မြတ်ဖြစ်သည်။

အပြစ်ဒဏ် (၃) မျိုး

ဤနေရာတွင် အပြစ်ဒဏ် (၃) မျိုးကို တင်ပြထားသည်။ (၁) အပေါ်မှ လာသော အပြစ်ဒဏ်၊ (၂) အောက်မှလာသော အပြစ်ဒဏ်၊ (၃) မိမိတို့အချင်းချင်းဘက်မှ ဖောက်ထွက်လာသော အပြစ်ဒဏ်တို့ ဖြစ်သည်။ တစ်ဖန် عَذَابًا ဟူသော စာလုံးတွင် 'သန်ဝီးန်' လာခြင်းကြောင့် အာရဗီသဒ္ဒါဥပဒေအရ အများသုံးအဓိပ္ပာယ်ဖြစ်သည့်အတွက် အမျိုးအစားသုံးခုအတွက် မျိုးခွဲ အမျိုးအစားများနှင့် အမျိုးကွဲပုံစံများ ပါဝင်ကြောင်း တင်ပြထားလေ၏။ သဖ်စီးရ်ပညာရှင်များက မိန့်တော်မူထားသည်မှာ အပေါ်မှလာသော အပြစ်ဒဏ်များ၏ ပမာများမှာ လွန်လေပြီးသော အွမ္မသ်များ ကြုံတွေ့ခဲ့ပြီးဖြစ်သည်။ ဥပမာ- နူးဟ် عليه السلام မျိုးနွယ်စုအပေါ် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမှုဖြစ်ခြင်းဖြစ်သည်။

အားဒ်မျိုးနွယ်စုများအပေါ် လေပြင်းမုန်တိုင်းများ ကျရောက်ခြင်း၊ တမန်တော်လူးသ် عليه السلام မျိုးနွယ်စုများအပေါ် ခဲမိုးများ ကျရောက်ခြင်း၊ အိစ္စရာအီးလ်မျိုးနွယ်စုများအပေါ် သွေး၊ ဖား အစရှိသည်တို့ မိုးကောင်းကင်မှ ရွာသွန်းစေခဲ့သည်။ ဆင်တပ်သည် မက္ကာဟ်မြို့ကို စစ်မက်တိုက်ခိုက်ရန် ချီတက်လာသောအခါ ငှက်များဖြင့် ခဲမိုးများ ရွာသွန်းစေလေရာ စစ်တပ်တစ်တပ်လုံးသည် ဝါးထားသော အစာကဲ့သို့ ဖြစ်သွားခြင်း အစရှိသည်တို့ဖြစ်သည်။ အောက်မှလာသည့် အပြစ်ဒဏ်များသည်လည်း လွန်လေပြီးသော မျိုးနွယ်စုများတွင် ပုံစံမျိုးစုံဖြင့် တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ နူးဟ် عليه السلام ၏ မျိုးနွယ်စုအပေါ် အပေါ်မှလာသော မိုးနှင့်အတူ မုန်တိုင်း၊ အောက်မှလာသော အပြစ်ဒဏ်မှာ မြေပြင်မှရေများ ဆူ၍ ထွက်လာခြင်းဖြစ်သည်၊ အပေါ်အောက် နှစ်ဖက်ညှက်၍ ဒဏ်ခတ်မှုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ ဖိရ်အောင်န်၏ မျိုးနွယ်စုများသည် ခြေဖဝါးအောက်မှ အပြစ်ဒဏ်တွင် နစ်မြုပ်ခဲ့ရသည်။ ကာရူးန်သည်လည်း မိမိ၏ ပစ္စည်းဥစ္စာများဖြင့် ဤကဲ့သို့သော အပြစ်ဒဏ်တွင် ကြုံတွေ့ခဲ့ရပြီး မြေမြှုပ်ခြင်းခံရလေသည်။ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် အဗ္ဗားစ် (ဟဇရသ်မုဂျာဟစ်) အစရှိသည့် သဖ်စီးရ်ပညာရှင်ကြီးများ မိန့်သည်မှာ အပေါ်မှလာသည့် အပြစ်ဒဏ်ဆိုသည်မှာ ညှဉ်းပန်း နှိပ်စက်သော ဘုရင်၊ ကရုဏာမဲ့သော အုပ်ချုပ်သူများကို ခေါ်ဆိုသည်။ အောက်မှလာသော အပြစ်ဒဏ်ဆိုသည်မှာ အခိုင်းအစေ၊ ကျွန်၊ ပြုစုသူ၊ (သို့) လက်အောက်ငယ်သားတို့သည် သစ္စာမဲ့သူ ပုန်ကန်သူ၊ အလုပ်သူခိုး၊ အလွဲသုံးစားလုပ်သူ အစရှိသည်တို့ များပြားလာခြင်းဖြစ်သည်။ တမန်တော် ﷺ ၏ မိန့်မှာ ချက်အချို့ဖြင့် ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် အဗ္ဗားစ် رضي الله عنه ၏ ရှင်းလင်းချက်ကို အထောက်အထား ဖြစ်စေသည်။ 'မိရှ်ကားသ်' ကျမ်းတွင် ဗိုင်ဟကီးကျမ်းမှ တမန်တော်မြတ် ﷺ ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ-

كَمَا تَكُوْنُوْنَ يُؤَمَّرُ عَلَيْكُمْ

ဆိုလိုသည်မှာ အသင်တို့၏ ကျင့်ဆောင်မှု ကောင်းခြင်း၊ မကောင်းခြင်းအပေါ် မူတည်၍ အုပ်ချုပ်သူများအပေါ် အသင်တို့ လွှမ်းမိုးခြင်း ခံရလေသည်။ အကယ်၍ အသင်တို့ ကောင်းမွန်၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအပေါ် နာခံလျှင် အသင်တို့၏ အုပ်ချုပ်သူများသည်လည်း ကရုဏာရှိကြ၍ တရားမျှတမှုကို နှစ်သက်သူများ ဖြစ်ကြလေသည်။ အသင်တို့ ပြုကျင့်မှုများ မကောင်းပါက အသင်တို့အပေါ် အုပ်ချုပ်သူများသည်လည်း ကရုဏာမဲ့ အုပ်ချုပ်ကြလိမ့်မည်။

اَعْمَالُكُمْ عُمَّالُكُمْ

ဟူသော ကျော်ကြားသည့်အဆို၏ အလိုသဘောမှာ အထက်ပါအတိုင်းဖြစ်သည်။ မိရ်ကားသ်ကျမ်းတွင် ဟုလ်ယာကျမ်းမှ အဗူနအီးမ်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်က ငါသည် အလ္လာဟ်အသျှင်မြတ် ဖြစ်သည်။ ငါအသျှင်မှလွဲ၍ မည်သူမှ ကိုးကွယ်ရာ ခံထိုက်သူမရှိ။ ငါအသျှင်မြတ်သည် တစ်လောကလုံးရှိ ဘုရင်များကို စိုးပိုင်သည့် ဘုရင်ဖြစ်သည်။ ဘုရင်အားလုံး၏ နှလုံးသားသည် ငါအသျှင်မြတ်၏ လက်တော်၌သာ ရှိသည်။ ငါ၏ကျေးကျွန်များသည် အမိန့်နာခံလျှင် ၎င်းတို့၏ဘုရင်များနှင့် အုပ်ချုပ်သူများ၏ နှလုံးတွင်း၌ ချစ်ခင်မှုနှင့် ကရုဏာတော်ကို ထည့်သွင်းပေးသနားတော်မူသည်။ ငါအသျှင်မြတ်၏ ကျေးကျွန်များ အမိန့်ဖီဆန်ပါက ၎င်းတို့၏ အုပ်ချုပ်သူတို့သည် အမျိုးမျိုးသော အပြစ်ဒဏ်များကို မြည်းစမ်းစေလိမ့်မည်။ ထို့ကြောင့် အသင်တို့သည် အုပ်ချုပ်သူများကို မကောင်းပြောဆိုခြင်းဖြင့် မိမိတို့၏ အချိန်များကို မဖြုန်းပါနှင့်။ အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ အာရုံပြု၍ မိမိတို့၏ ကျင့်ဆောင်မှုများကို ပြုပြင်မှုအတွက် သောကထားပါ။ (သို့မှသာ) အသင်တို့၏ လုပ်ငန်းများ အောင်မြင်မည်။

ဤသို့ပင် အဘူဒါဝူးဒ်နှင့် နစာအီကျမ်းတွင် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အုပ်ချုပ်သူတစ်ဦးဦးကို ကောင်းမှုလိုလားလျှင် ကောင်းသော ဝန်ကြီး၊ ကောင်းသည့် လက်ထောက် ချီးမြှင့်ပေးသည်။ အကယ်၍ အုပ်ချုပ်သူမှာ အမေ့အမှားဖြစ်လျှင် သတိပေး၍ မှန်ကန်သည့်လုပ်ရပ်ယုပ်လျှင် အကူအညီပေးလေသည်။ အုပ်ချုပ်သူတစ်ဦးတစ်ယောက်ကို မကောင်းလိုလားလျှင် မကောင်းသောသူများကို ၎င်း၏ ဝန်ကြီးချုပ်နှင့် လက်အောက်ငယ်သား ဖြစ်စေလေသည်။

ဤဆင့်ပြန်ချက်များနှင့် တင်ပြခဲ့သည့် အာယသ်တော်များသည် ရှင်းလင်းချက်၏ အနှစ်ချုပ်မှာ လူသားများကို မိမိတို့၏ အုပ်ချုပ်သူများဘက်မှ ရောက်ရှိလာသော ဒုက္ခဆင်းရဲတို့သည် အပေါ်မှလာသော အပြစ်ဒဏ်များဖြစ်သည်။ မိမိတို့၏ လက်အောက်ငယ်သားများဘက်မှ ရောက်ရှိလာသော ဒုက္ခများသည် အောက်မှလာသော အပြစ်ဒဏ်များ ဖြစ်သည်။ ဤအရာအားလုံးသည် ရုတ်တရက်ကြုံတွေ့ရသော ကိစ္စများ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေနောက်လိုက်သော လူသားများ၏ ကျင့်ဆောင်မှုများကြောင့်

ဖြစ်သည်။ ဟဇရတ်ဆူဖိယာန်ဆောင်ဒီက ကျွန်ုပ် အပြစ်တစ်ခု ကျူးလွန်မိလျှင် မိမိ၏ အခိုင်းအစေနှင့် စီးနင်းသောမြင်း၊ ကုန်စည်သယ်ပိုးသော လားတို့၏ အခြေအနေကိုကြည့်၍ ခံစားသိရှိရပေသည်။ ဤအရာအားလုံးသည် ကျွန်ုပ်၏ အမိန့်ကို ဖီဆန်လေသည်။ မောင်လာနာရူမီက ကဗျာတစ်ပုဒ်၏ အလိုသဘောကို တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လောကတွင် အသင်တို့အပေါ် အုပ်ချုပ်သူများ (သို့) မိမိတို့၏ လက်အောက်ငယ်သားများ၏ အကြောင်းခံဖြင့် အသင်တို့၏ သဘောထားနှင့် ဆန့်ကျင်သည့် ဒုက္ခရောက်စေသော ကိစ္စရပ်များကို ကြုံတွေ့စေသည်။ အပေါ်ယံအားဖြင့် အသင်တို့အပေါ် ဒဏ်ခတ်ရခြင်းမှာ စေန်စင်စစ် အသင်တို့အပေါ် မိမိဘက်သို့ ပြန်လှည့်စေလိုတော်မူ၏။ သို့မှသာ အသင်တို့ သိရှိကြ၍ မိမိတို့၏ လုပ်ရပ်များကို ပြုပြင်ကာ နောင်တမလွန်၏ ကြီးလေးသော အပြစ်ဒဏ်မှ ရှောင်ကြဉ်နိုင်ပေသည်။

အချုပ်ဆိုရသော် ဟဇရတ်အဗ္ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် رضي الله عنه ၏ ရှင်းလင်းချက်နှင့်အညီ အုပ်ချုပ်သူများ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အပေါ်မှလာသော အပြစ်ဒဏ်များဖြစ်သည်။ လက်အောက်ငယ်သားများ၏ သစ္စာမဲ့ခြင်း၊ ရေသာခိုခြင်း၊ ပုန်ကန်ခြင်းတို့သည် အောက်မှလာသော အပြစ်ဒဏ်များ ဖြစ်သည်။ ထိုနှစ်ခုစလုံး၏ ကုစားနည်းမှာ တစ်မျိုးသာဖြစ်သည်။ လူသားအားလုံးသည် မိမိတို့ ပြုကျင့်မှုများကို ဆန်းစစ်၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်မှုနှင့် လမ်းလွဲမှုများမှ ရပ်တန့်ကြကုန်။ သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် ဒုက္ခများကို ကင်းဝေးစေနိုင်သည့် အခြေအနေများကို ဖန်တီးပေမည်။ ထိုသို့မဟုတ်ဘဲ လောကီအစီအမံ နည်းလမ်းများဖြင့် ပြုပြင်လိုပါက မိမိကိုယ်ကို မိမိ လှည့်ဖြားခြင်းမှလွဲ၍ မဖြစ်နိုင်ကြောင်း အတွေ့အကြုံများအရ အချိန်တိုင်းတွင် ဖြစ်နေပေသည်။ အထက်အောက်မှ အပြစ်ဒဏ်များနှင့် ပတ်သက်၍ အမျိုးမျိုးသော ရှင်းလင်းချက်များကို စာရှုသူတို့ သိရှိပြီးလေရာ စေန်စင်စစ် ဤသည် ကွဲလွဲမှုများ မဟုတ်ပေ။ အာယ်ကြောင့်ဆိုသော် عَذَابًا ဟူသော စာလုံးတွင် ဤရှင်းလင်းချက်အားလုံး ပါဝင်ပေသည်။ မိုးကောင်းကင်မှ ခဲ၊ သွေး၊ မီး၊ မိုး အစရှိသည်တို့ ရွာသွန်းခြင်းနှင့် အထက်အုပ်ချုပ်သူများ၊ ညှဉ်းပန်းနှိပ်စက်မှုတို့သည် အထက်မှလာသော အပြစ်ဒဏ်များတွင် အကျုံးဝင်ပေသည်။

မြေကြီးအက်ကွဲ၍ ထိုအထဲတွင် မျိုးနွယ်စုတစ်စု မြေမြှုပ်ခံရခြင်း၊ (သို့) မြေပြင်မှ ရေများ ဆူပွက်ထွက်လာ၍ နစ်မြုပ်သွားခြင်း၊ (သို့) လက်အောက်ငယ်သားများကြောင့် အခက်အခဲဒုက္ခများကြောင့် ရင်ဆိုင်ရခြင်းသည် အောက်မှလာသော အပြစ်ဒဏ်များ ဖြစ်သည်။ 'အဇားဗ်'၏ တတိယအမျိုးအစားကို အာယသ်တော်တွင် တင်ပြထားသည်မှာ-

اَوْ يَلْبِسَكُمْ شِيَعًا

အလိုသဘောမှာ အသင်တို့အတွင်း ဆန့်ကျင်ဘက်အုပ်စုများ ဖြစ်ပေါ်စေ၍ အချင်းချင်း တိုက်ခိုက်ကြ၏။ အချင်းချင်းသည် တစ်ဦးအတွက် တစ်ဦး 'အဇားဗ်'ဖြစ်သွားကြ၏။ ဤအတွက် يَلْبِسَكُمْ သည် لَبِسَ မှ ဖြစ်၍ မူရင်းအဓိပ္ပာယ်မှာ ဝှက်လိုက်ခြင်း၊ အုပ်လိုက်ခြင်းဟုဖြစ်၍ ဤအဓိပ္ပာယ်အရ 'လေဘားစ်'

ဆိုသည်မှာ လူသား၏ ခန္ဓာကိုယ်ကို ဖုံးအုပ်သော အဝတ်အစားကို ခေါ်ဆိုသည်။ ထို့ကြောင့် اَلْتِبَاسٌ ၏ အဓိပ္ပာယ်သည် သံသယလွဲမှားခြင်းဟု သုံးနှုန်းပေသည်။ ဝါကျတစ်ခု၏ အလိုသဘောသည် ဖုံးနေ၍ ပေါ်လွင်ထင်ရှားမှု မရှိပါက ၎င်းနေရာကို اَلْتِبَاسٌ ဟု သုံးစွဲလေသည်။

شِيَعٌ သည် شِيْعَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ တစ်ဦးတစ်ယောက်၏ နောက်လိုက်ဖြစ်ခြင်းဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်တွင်

وَاِنَّ مِنْ شِيْعَتِهٖ لَاِبْرَاهِيْمَ

ဆိုလိုသည်မှာ နူးဟ် ﷺ ၏ လမ်းစဉ်အတိုင်း သွားသူမှာ အီဗ္ဗရာဟီမ် ﷺ ဖြစ်၏။ ထို့ကြောင့် အများသုံးဝေါဟာရတွင် ရှီအာဟူသော စာလုံး၏ အဓိပ္ပာယ်မှာ သီးခြားရည်ရွယ်ချက်တစ်ခုအတွက် စုရုံးသောအုပ်စုကို ခေါ်ဆိုသည်။ ထိုရည်ရွယ် ချက်အတွက် တစ်ဦးကိုတစ်ဦး ကူညီကြပေသည်။ မျက်မှောက်ခေတ်ကာလတွင် ဆီလျော်သော အဓိပ္ပာယ် မှာ အုပ်စု (သို့) ပါတီဟူ၍ ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ 'အဇာဗ်'၏ အမျိုးအစားတစ်ခုသည် မျိုးနွယ်တစ်ခုတွင် ဆန့်ကျင်ဘက်အုပ်စုများ ဖြစ်ပေါ်၍ အချင်းချင်း ပြဿနာဖြစ်ခြင်းကို ခေါ်ဆို၏။ ထို့ကြောင့် ဤအာယသ်တော် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် မွတ်စ္စလင်မ်များကို မိန့်တော်မူသည်မှာ-

لَاتَرْجِعُوْا بَعْدِىْ كُفَّارًا يَّضْرِبُ بَعْضُكُمْ رِقَابَ بَعْضٍ

အဓိပ္ပာယ်မှာ အသင်တို့ ငါကိုယ်တော်၏ နောက်တွင် ကာဖိရ်များကဲ့သို့ မဖြစ်ကြလေနှင့်။ ၎င်းတို့သည် တစ်ဦးကို တစ်ဦး သတ်ဖြတ်ကြလိမ့်မည်။ *[မဇ္ဖဟရီးကျမ်း]*

ဟဇရသ်စအဒ် အိဗ်နေအဗီဝကားဆ္ ﷺ သခင်က တင်ပြသည်မှာ တစ်ကြိမ်တစ်ခါတွင် ကျွန်ုပ်တို့သည် တမန်တော်မြတ်နှင့်အတူ တစ်နေရာသို့ သွားကြစဉ် ဗနီမိုအာဝေရာဗလီသို့ ရောက်သောအခါ တမန်တော်မြတ်သည် ဗလီတွင်းသို့ ဝင်သွား၍ နမာဇ်နှစ်ရကအသ် ဖတ်တော်မူလေသည်။ ကျွန်ုပ်တို့လည်း နမာဇ်နှစ်ရကအသ် ဝတ်ပြုကြ၏။ ထို့နောက် တမန်တော်မြတ်သည် အလွန်ကြာမြင့်စွာ ဒိုအာတောင်းပြီးနောက် မိန့်တော်မူသည်မှာ ငါကိုယ်တော်သည် မိမိအသျှင်မြတ်ထံ ဒိုအာသုံးခုတောင်းခံခဲ့၏။ တစ်ခုမှာ ငါကိုယ်တော်၏ အုမ္မသ်များကို နစ်မြုပ်၍ ပျက်စီးမှုပြုတော်မမူပါနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ဤဒိုအာကို လက်ခံတော်မူသည်။ ဒုတိယတစ်ခု ငါကိုယ်တော်၏ အုမ္မသ်ကို အစာရေစာ ရှားပါးသည့် ကပ်ဆိုက်ခြင်း ပြုတော်မမူပါနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ဤဒိုအာကို လက်ခံတော်မူသည်။ တတိယတစ်ခုမှာ ငါကိုယ်တော်၏ အုမ္မသ်အချင်းချင်း စစ်မက်ဖြစ်ပွား၍ ဖျက်ဆီးတော်မမူပါနှင့်။ ဤဒိုအာကို အလ္လာဟ်အသျှင်မြတ် လက်မခံပေ။

[မဇ္ဖဟရီကျမ်း]

ထိုအကြောင်းနှင့်ပတ်သက်ပြီး ဟဇရတ်အဗ်ဒုလ္လာဟ် အိဗ်နေအိုမရ် ؓ မှ ဟဒီးစ်တော်တစ်ပုဒ်ကို ဆင့်ပြန်ထားပေသည်။ ယင်းဒိုအာသုံးပုဒ်ကို တင်ပြထားပေသည်။ ထိုဒိုအာသုံးပုဒ်ထဲမှ ငါကိုယ်တော်၏ အုမ္မတ်များအားလုံးအပေါ် ချေမှုန်းဖျက်ဆီးမည့် မည်သည့်ရန်သူကိုမှ လွှမ်းမိုးနိုင်ခွင့် မပြုပါစေနှင့်။ ယင်းဒိုအာများ သဘောတူလက်ခံသွား၏။ ၎င်းနောက် အချင်းချင်း၌ ကွဲပြားမှု မဖြစ်စေလေနှင့်။ ယင်းဒိုအာကို တားဆီးတော်မူခဲ့သည်။ ထိုဆင့်ပြန်ချက်များမှ သိရှိရသည်မှာ တမန်တော်မြတ် ﷺ ၏ အုမ္မတ်များအပေါ်လည်း ပြစ်ဒဏ်တစ်ခုမှာ ကျရောက်လျက်ရှိနေမည်ဖြစ်သည်။ ထိုပြစ်ဒဏ်သည် အချင်းချင်း၌ စစ်ထိုးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ အုပ်စုကွဲခြင်းများဖြစ်ကာ အချင်းချင်း ပြဿနာများ ဖြစ်နေကြမည်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် အုမ္မတ်များကို အုပ်စုကွဲများဖြစ်ပြီး အချင်းချင်း ပြဿနာများဖြစ်၍ စစ်ထိုးခြင်းမှ အလွန်တရာ လေးနက်စွာဖြင့် တားမြစ်တော်မူခဲ့ပေသည်။ ၎င်းနောက် နေရာတိုင်း၌ ယင်းအကြောင်းနှင့်ပတ်သက်၍ ခြိမ်းခြောက်မိန့်ဆိုသည်မှာ အသင်တို့အပေါ် အသျှင်မြတ်ဘက်မှ 'အဇားဗ်' အပြစ်ဒဏ်များ ဤလောကတွင် အကယ်၍ ကျရောက်မည်ဆိုလျှင်လည်း အချင်းချင်း၌ စစ်ထိုးခြင်းကြောင့် ကျရောက်လာမည်ဖြစ်သည်။

'ဟူရှ်ဟူးဒ်'၏ အာယသ်တော်တွင် အကြောင်းအရာအား ပို၍ အတိအလင်း တင်ပြထားသည်မှာ-

وَلَا يَزَالُوْنَ مُخْتَلِفِيْنَ اِلَّا مَنْ رَّحِمَ رَبُّكَ

အလိုသဘောမှာ လူများသည် အချင်းချင်း၌ ဆန့်ကျင်ဘက်များသာ ပြုလုပ်လျက် ရှိကြမည်။ သို့သော် ထိုသူများတွင် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ပြုခြင်း ခံရသောသူများ မပါဝင်ပေ။ ယင်းအာယသ်တော်မှ အတိအလင်း သိရှိရသည်မှာ အကြင်သူများသည် အကြောင်းမဲ့ အချင်းချင်း၌ ကွဲလွဲကြမည်ဆိုလျှင် ထိုသူများသည် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'တော်အား လက်လွတ်ဆုံးရှုံးရပြီး (သို့) ဝေးကွာမည်ဖြစ်သည်။

အာယသ်တော်တစ်ပိုဒ်၌ မိန့်တော်မူသည်မှာ-

وَاعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا وَّلَا تَفَرَّقُوْا

အခြားအာယသ်တော်တွင်လည်း

وَلَا تَكُوْنُوْا كَالَّذِيْنَ تَفَرَّقُوْا وَاخْتَلَفُوْا

ဟူ၍ မိန့်တော်မူထားပေသည်။ ဖော်ပြပါအာယသ်တော်များနှင့် ဆင့်ပြန်ချက်များမှ သိရှိရသည်မှာ အကွဲအလွဲဖြစ်ခြင်းသည် အလွန်ရွံရှာမုန်းတီးဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ပေသည်။ [illegible] လောကီရေးရာ၌ဖြစ်စေ၊ (သို့) သာသနာရေးရာ၌ဖြစ်စေ၊ မွတ်စ္စလင်မ်များ၏ ကျဆင်းခြင်းနှင့် ပျက်စီးခြင်း၏ အကြောင်းခံများကို စဉ်းစားကြည့်မည်ဆိုလျှင် အခက်အခဲများ၏ အများဆုံးအကြောင်းခံမှာ အချင်းချင်း၌

ကွဲပြားခြင်းနှင့် မုန်းတီးခြင်းပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ မကောင်းသောလုပ်ရပ်များကြောင့် ဤပြစ်ဒဏ်များသည် ကျွန်ုပ်တို့အပေါ်သို့ ကျရောက်ခဲ့ရပေ၏။ ၎င်းမှာ ထိုအုပ်စုများသည် စည်းလုံးခြင်း၏ အချုပ်ဖြစ်သော 'ကလေမာဟ်'တော်တစ်ခုတည်း၌ ရှိခဲ့ကြသည်။ ထို 'ကလေမာဟ်'တော်ကို လက်ခံသည့်သူများသည် မြေပထဝီ၏ မည်သည့်နေရာ၌ပင် နေထိုင်သည်ဖြစ်စေ၊ မည်သည့်မျိုးရိုးဆက်မှ ဖြစ်စေ၊ အားလုံးညီအစ်ကိုပင် ဖြစ်သည်။ တောင်နှင့် ပင်လယ်များ၏ ခက်ခဲလှသော စခန်းများသည် ထိုအသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိခြင်းကို အဟန့်အတားမပြုနိုင်ပေ။ မျိုးရိုးစဉ်ဆက်များနှင့် ပြောဆိုမှုများ၏ ခြားနားခြင်းများသည် ထိုအသျှင်မြတ်၏ လမ်းတော်တွင် အတားအဆီး မပြုနိုင်ပေ။ ထိုအသျှင်မြတ်၏ တစ်ခုတည်းသော အုပ်စုသည် ထို 'ကလေမာဟ်'တော်နှင့်သာ ဆက်သွယ်လျက်ရှိသည်။ အာရဗ်နိုင်ငံသား၊ မီဆွေရ်နိုင်ငံသား၊ ဆီးရီးယားနိုင်ငံ၊ တူရကီနိုင်ငံသား၊ အိန္ဒိယနိုင်ငံသား၊ တရုတ်နိုင်ငံသား စသည့် ပိုင်းခြားမှုများသည် မည်သူမည်ဝါဟူ၍ သိရှိရန်အတွက် အမှတ်အသားများသာ ဖြစ်သည်။

ယနေ့ အခြားလူမျိုးစုများ စဉ်ဆက်မပြတ် ကြိုးပမ်းမှုများကြောင့် ၎င်းလူများကို ထိုသူများ၏ မျိုးရိုးဖြင့်သော်လည်းကောင်း၊ စကားအဖြစ်သော်လည်းကောင်း၊ ဇာတိမြေအဖြစ်သော်လည်းကောင်း အုပ်စုများကို ခွဲထုတ်လိုက်ကြသည်။ တစ်ဖန် မျိုးနွယ်စုများနှင့် အုပ်စုတိုင်းသည် မိမိတို့အတွင်း၌ အဓိကရုဏ်းများဖြစ်ကာ အဖွဲ့အစည်းများ အသီးသီးကွဲသွားကြသည်။ အခြားသူများ၏ ခွင့်လွှတ်ခြင်းများနှင့် စွန့်လွှတ်မှုများကို မိမိတို့၏ မဏ္ဍိုင်အဖြစ် မှတ်ယူထားသောသူများသည် ပြဿနာများမှ ရှောင်ကြဉ်ရန်အတွက် မိမိတို့၏ ကြီးမားလှသော အမှန်တရားကို စွန့်လွှတ်လိုက်ကြသည်။ ယနေ့ ခေတ်အခါတွင် များစွာသော သူများသည် သေးငယ်လှသော သေးသိမ်မှုများ၏ ဆန္ဒများနောက်လိုက်ကာ ကြီးမားလှသော ဆက်နွယ်မှုများကို စွန့်လွှတ်လိုက်ကြသည်။ ဤသည်ပင်လျှင် မျိုးနွယ်စုမျိုးနှင့် သာသနာတော်အတွက် အမင်္ဂလာဖြစ်ပြီး လောကတွင် 'အဇာဗ်'ကို လက်ငင်းရရှိမည်ဖြစ်သည်။

သို့သော် ဤနေရာ၌ နားလည်ရမည့် အရေးကြီးသော အချက်မှာကျမ်းတော်မြတ်တွင် အသျှင်မြတ်၏ 'အဇာဗ်'များ ကျခံရခြင်းနှင့် အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးရခြင်းသည် သာသနာ့စည်းမျဉ်းများနှင့် ယုံကြည်ချက်များ၌ ကွဲလွဲခြင်းကြောင့် ဖြစ်သည်။ (သို့) မိမိစိတ်အလို နောက်လိုက်ခြင်းကြောင့် ဖြစ်သည်။ ထိုအထဲတွင် ကျမ်းတော်မြတ်နှင့် ဟာဒီးစ်တော်များမှ တင်ပြထားသော 'အီဂျ်သေဟာဒ်'၏ စည်းမျဉ်းများအရ မွေ့သတ်ပညာရှင်များသည် ခင့်ပွားပညတ်ချက်များ၌ ကွဲလွဲကြသည့်အချက်များ မပါဝင်ပေ။ ယင်းသည် ရှေးခေတ်တွင် ဆွဟာဗာများနှင့် သာဗေအီးန်များ၌လည်း ဖြစ်ရှိခဲ့ပေသည်။ ဤနေရာတွင် နှစ်ဖက်စလုံး၏ အထောက်အထားများသည် ကျမ်းတော်မြတ်၊ ဟာဒီးစ်နှင့် 'အီဂျ်မာအ်'တို့ဖြင့် တင်ပြကြသည်။ လူတိုင်း၏ ဆန္ဒသည် ကျမ်းတော်မြတ်နှင့် ဟာဒီးစ်တော်ပေါ် လိုက်နာကျင့်သုံးနိုင်ရန် ဖြစ်သည်။ သို့သော် ကျမ်းတော်မြတ်နှင့် ဟာဒီးစ်တော်၏ အကျဉ်းချုပ် (သို့) ပေါ်ခွဲမရသည့် ဝါကျများ၏ အလိုသဘောနှင့် ထိုဝါကျများမှ ခင့်ပွားပညတ်ချက်များအား ကောက်နှုတ်ယူရာတွင် 'အီဂျ်သေဟာဒ်'နှင့် အကြံဉာဏ်ပေါ်၌ ကွဲလွဲကြသည်။ ဤကဲ့သို့သော ကွဲလွဲချက်များကို ဟာဒီးစ်တော်တစ်ပုဒ်၌ 'ရဟ်မသ်'ဖြစ်သည်ဟူ၍ မိန့်ကြားထားပေသည်။

ဂျမေ့ဆွက်ဆွဂီးရ်တွင် နစ္စ်ရ်မုကဒ္ဒိစီ၊ ဗိုင်ဟာကီ၊ အေမာမွလ်ဟာရ်မိုင်း၏ အကိုးအကားဖြင့် ဤဆင့်ပြန်ချက်ကို တင်ပြထားသည်။ ၄င်းမှာ-

اِخْتِلَافُ اُمَّتِیْ رَحْمَةٌ

အလိုသဘောမှာ ငါကိုယ်တော်၏ အုမ္မသ်များအတွင်း ကွဲလွဲခြင်းသည် 'ရဟ်မသ်' ဖြစ်သည်။ ဤထူးခြားချက်အား တမန်တော်မြတ် ﷺ ၏ အုမ္မသ်အတွက် ရွေးချယ်ခဲ့ရခြင်း၏ အကြောင်းမှာ ဤအုမ္မသ်တွင်းရှိ မှန်ကန်သော ပညာရှင်များ ဓမ္မသတ်ပညာရှင်များတွင် ဖြစ်ရှိကြသော ကွဲလွဲချက်များသည် အမြဲတမ်း ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအား အခြေခံ၍ပင် ဖြစ်ကြမည်ဖြစ်သည်။ ၄င်းနောက် မှန်ကန်သော ခေတ်နှင့် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဆန္ဒပြု၍ ဖြစ်ကြမည်ဖြစ်သည်။ စိတ်အလိုလိုက်ခြင်းနှင့် စည်းစိမ်ဥစ္စာ၊ ဂုဏ်သိက္ခာ၏ ရမ္မက်ကြောင့် မဟုတ်ပေ။ ထို့ကြောင့် ယင်းသို့ ကွဲလွဲခြင်းသည် စစ်ထိုးသည့်အနေအထားထိ မရောက်ရှိပေ။ သို့သာမက သုခမိန်ကြီး အဗ်ဒွလ္လာဟ်ရအူဖ်မူနာဒီ (ဂျမေအ်ဆွဂီးရ်အား အကျယ်ဖွင့်ဆိုသူ) ၏ စူးစမ်းမှုနှင့်အညီ တင်ပြရမည်ဆိုလျှင် ဓမ္မသတ်ပညာရှင်များ၏ လမ်းစဉ်အသီးသီး၏ အဆင့်အတန်းသည် ရှေးယခင် နဗီတမန်တော်များ၏ ရှရီအသ်အသီးသီးကဲ့သို့ ဖြစ်သည်။ ကွဲလွဲချက်ရှိသော်ငြားလည်း အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်သာလျှင် ဖြစ်သည်။ ထိုနည်းတူစွာ 'မုဂ်ျသဟိဒ်' များ၏ လမ်းစဉ်အသီးသီးသည်လည်း ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအား အခြေခံထားသောကြောင့် အားလုံးသည် အသျှင်မြတ်၏ အမိန့်များသာဖြစ်ပြီး ရစူလ်၏ အမိန့်များပင်ဖြစ်သည်။ ထိုသို့ ကွဲလွဲချက်များအားသာဓကအဖြစ် တင်ပြထားရာတွင် မြို့ကြီးများရှိ လမ်းမကြီးများကို လမ်းလျှောက်သူများ လွယ်ကူမှုရှိစေရန် အတွက် အစိတ်အပိုင်းအသီးသီး ပိုင်းခြားထားပေသည်။ တစ်လမ်းတွင် လိုင်းကားများ မောင်းနှင်ပြီး အခြားတစ်လမ်းတွင် အခြားကားများနှင့် ကုန်တင်ကားများ မောင်းနှင်သည်။ ထိုနည်းတူစွာ စက်ဘီးစီးသူများနှင့် လမ်းလျှောက်သူများအတွက် လမ်းကို သီးသန့်ပြုလုပ်ပေးထားပေသည်။ လမ်းမကြီးတစ်ခုကို ဤသို့ အစိတ်အပိုင်းများစွာ ပြုလုပ်ထားခြင်းသည်လည်း တစ်နည်းအားဖြင့် ကွဲလွဲချက်တစ်မျိုးပင်ဖြစ်သည်။ သို့သော် အားလုံး၏ ဦးတည်ချက်မှာ တစ်ဖက်တည်းဖြစ်သည်။ လမ်းတိုင်း၌ လျှောက်လှမ်းသူများအားလုံးသည် ပန်းတိုင်တစ်ခုတည်းသို့ ရောက်ရှိကြသည်။ ထို့ကြောင့် လမ်းများ ထိုသို့ ကွဲလွဲခြင်းသည် အခက်အခဲဖြစ်ရမည့်အစား အကျိုးရှိပြီး လျှောက်လှမ်းသူများအတွက် 'ရဟ်မသ်' ပင် ဖြစ်ချေသည်။

ဤအတွက်ကြောင့်ပင် မုဂ်ျသဟိဒ်အေမာမ်များနှင့် ဓမ္မသတ်ပညာရှင်များက တစ်ညီတစ်ညွတ်တည်း ချမှတ်ထားသည်မှာ မည်သည့်လမ်းစဉ်မှ မှားသည့်လမ်းစဉ်မဟုတ်ပေ။ လမ်းစဉ်တစ်ခုအပေါ် လိုက်နာသောသူများသည် အခြားလမ်းစဉ်ပေါ် လိုက်နာသောသူများကို အပြစ်ထိုက်သူဟူ၍ ပြောဆိုပိုင်ခွင့် မရှိပေ။ မုဂ်ျသဟိဒ်အေမာမ်များနှင့် ဓမ္မသတ်ပညာရှင်များ၏ ကွဲလွဲချက်များသည် မိမိထံ၌ ဦးစားအပေးခံရဆုံးသော အရာကို ရွေးချယ်ကျင့်သုံးခြင်းထက် မပိုပေ။ သို့သော် အခြားမုဂ်ျသဟိဒ်နှင့် ၄င်းလမ်းစဉ်ကိုလည်း မှားသည်ဟူ၍ မဆိုလိုပေ။ သို့သာမက တစ်ဦးနှင့်တစ်ဦး အလွန်အလေးထား ဂုဏ်ပေးကြသူများဖြစ်ကြသည်။

ဓမ္မသတ်ပညာရှင်ဆွဟာဗာများ၊ သာဗေအီးန်များနှင့် အေမာမ်ကြီးလေးပါး၏ ဖြစ်ရပ်များမှ သက်သေထူနေသည်မှာ ဓမ္မသတ်လမ်းစဉ်အရ များစွာသော ပညတ်ချက်များတွင် ကွဲလွဲချက်များရှိပြီး ပညာအခြေအနေခံဖြစ်နေသော်ငြားလည်း တစ်ဦးနှင့်တစ်ဦးသည် အပြည့်အဝ ဂုဏ်ပေးကြပြီး ယုံကြည်လေးစားမှု ရှိကြသည်။ စစ်ဖြစ်ခြင်း၊ ရန်ငြိုးထားခြင်းနှင့် ပြဿနာများသည် ထိုနေရာ၌ အလျှဉ်းမရှိပေ။ ထိုဓမ္မသတ်ပညာရှင်များ၏ နောက်လိုက်သောသူများနှင့် အနောက်သားခံသော သူများသည် မှန်ကန်သည့် ပညာအရည်အချင်းရှိနေသည့်အချိန်အထိ ၄င်းတို့လည်း အချင်းချင်း၌ ထိုအတိုင်းပင် တစ်ညီတစ်ညွတ်တည်းရှိပြီး တစ်ဦးကိုတစ်ဦး ဂုဏ်ပေးလေးစားကြမည်ဖြစ်သည်။

ဤသို့ ကွဲလွဲခြင်းသည် ကရုဏာများသာဖြစ်ပြီး ထိုသူများအတွက် ကျယ်ဝန်းမှုနှင့် လွယ်ကူမှု၏ အကြောင်းခံလည်း ဖြစ်သည်။ ၄င်းနောက် များစွာသော အကျိုးထူးများလည်း ခံစားရမည်ဖြစ်သည်။ ကောက်ချက်ဆိုလျှင် ဆင့်ပွားပညတ်ချက်များတွင် ဆင့်ပြန်သူများ၏ ကွဲလွဲချက်များသည် မိမိတို့၏ အတိုင်းအတာအတွင်း၌ ရှိနေသည့်အချိန်အထိ မည်သို့မှ မနစ်နာနိုင်ပေ။ သို့သာမက ပညတ်ချက်၏ ပုံစံအသီးသီးကို ဖွင့်ဟရန်နှင့် မှန်ကန်သည့် ရလဒ်သို့ ရောက်ရှိရန် ကူညီပံ့ပိုးမှုတစ်ခုပင်ဖြစ်သည်။ အသိဉာဏ်ရှိသူများ စုစည်းရာနေရာတွင် မည်သည့်ပညတ်ချက်အပေါ်၌မဆို အကွဲအလွဲမဖြစ်နိုင်ဟူ၍ အလျှဉ်းမရှိပေ။ မိမိ၏ အတွေးအခေါ်နှင့် ဆန့်ကျင်သည့်အချက်အပေါ် အဖွဲ့အစည်းအား ထောက်ထားပြီး လိုက်လျောလိုက်ခြင်းသည် အသိဉာဏ်မရှိ၊ နားလည်မှုမရှိ၊ သာသနာမရှိသောသူများသာ ဖြစ်နိုင်သည်။

တွေးခေါ်ချက်များ၏ ကွဲလွဲချက်သည် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ ခိုင်လုံမှုနှင့် ယုံကြည်ချက်များ၏ ပညတ်ချက်များနှင့် ခိုင်လုံသည့် အမိန့်များ၌ မဟုတ်ဘဲ ဆင့်ပွားပညတ်ချက်များ၌သာ ဖြစ်ကြမည်။ ယင်းနှင့် စပ်လျဉ်းသည့် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် အတိအလင်းဖော်ပြထားခြင်း မရှိပေ။ ယင်းအချင်းအရာများ၌လည်း စစ်ထိုးခြင်းနှင့် တစ်ဦးကိုတစ်ဦး ရှုတ်ချပြောဆိုခြင်းအဆင့်ထိ မရောက်ဟုဆိုလျှင် ထိုသို့ ကွဲလွဲခြင်းသည် နစ်နာမှုမရှိသည့်အပြင် အကျိုးဖြစ်ထွန်းစေပြီး 'ရဟ်မသ်'ပင်ဖြစ်သည်။ ပမာဆိုရသော် စကြဝဠာကြီးတစ်ခုလုံးရှိ အရာအားလုံး၏ ပုံသဏ္ဌာန်များ၊ အရောင်အဆင်းနှင့် အနံ့အရသာများ၊ ထူးခြားချက်များနှင့် အကျိုးဖြစ်ထွန်းခြင်းများတွင် ကွဲလွဲမှုများရှိသည်။ တိရစ္ဆာန်များတွင် သိန်းပေါင်းများစွာသော အမျိုးအစားအသီးသီးရှိခြင်း၊ လူသားမျိုးနွယ်စုများတွင်လည်း စိတ်နေသဘောထားများနှင့် လုပ်ငန်းအသီးသီးဖြစ်ခြင်း၊ ဖန်တီးမှုများနှင့် နေထိုင်စားသောက်ပုံများ အသီးသီးဖြစ်ခြင်း၊ စသည်တို့ အားလုံးသည် ဤလောကကြီး၏ အလင်းရောင်အား တိုးပွားစေသော အရာများဖြစ်ပြီး အကျိုးများစွာ ဖြစ်ထွန်းစေသော အကြောင်းခံများလည်း ဖြစ်သည်။

များစွာသော သူများသည် ထိုအမှန်တရားကို မသိရှိကြချေ။ ထိုသူများသည် ဓမ္မသတ်ပညာရှင်များနှင့် စစ်မှန်သော ပညာရှင်များ၏ ဓမ္မသတ်အကွဲလွဲများကို သေးသိမ်သည့်အမြင်နှင့် မြင်ကြသည်။ ၄င်းတို့က ပညာရှင်များအတွင်း၌ ကွဲလွဲနေကြမည်ဆိုလျှင် ကျွန်ုပ်တို့ မည်သည့်ဘက်သို့ သွားရမည်နည်း။ ကောက်အမှန် ၄င်းမှာ မကျန်းမာသူနှင့် ပတ်သက်ပြီး ဆရာဝန်များ၏ တွေးခေါ်ချက်မှာ အကွဲအလွဲဖြစ်နေသည်ဆိုလျှင်

ထိုအခါ လူတိုင်းသည် ပညာအရ ပိုပြီးကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သူကို ကြိုးစားရှာဖွေ၍ ကုသကြသည်။ အခြားဆရာဝန်များကိုလည်း မကောင်းမပြောဆိုကြချေ။ အမှုများ၌ ရှေ့နေများအကြား ကွဲလွဲချက်များ ဖြစ်ပေါ်တတ်သည်။ သို့သော် ပညာတတ်ပြီး အတွေ့အကြုံရှိသော ရှေ့နေ၏ စကားများအပေါ် ကျင့်သုံးကြသည်။ အခြားရှေ့နေများကို မကောင်းပြောဆိုခြင်းမရှိကြပေ။ ဤနေရာ၌လည်း ယင်းစည်းမျဉ်းအတိုင်းပင် ဖြစ်သင့်ပေသည်။ ပညာတစ်ခု၌ ပညာရှင်များ၏ ခမ္ဘသတ်များ ကွဲလွဲနေမည်ဆိုလျှင် ဖြစ်နိုင်သမျှ စူးစမ်းလေ့လာပြီးနောက် ပညာရေးရာနှင့် 'သက္ကဝါ' ရေးရာ၌ သာပိုသောသူကို အမွန်မြတ်ဆုံး မှတ်ယူ၍ ထိုပညာရှင်နောက်လိုက်ရမည် ဖြစ်သည်။ သို့သော် အခြားပညာရှင်များကို မကောင်းမပြောဆိုလေနှင့်။

ဟာဖိဇ်အိဗ်နေကိုက်ယွမ်မှ တင်ပြထားသည်မှာ ကျွမ်းကျင်သည့် ခမ္ဘသတ်ပညာရှင်အား ရွေးချယ်ခြင်းနှင့် ကွဲလွဲချက်များဖြစ်ပေါ်လာချိန်တွင် ပညာရေးရာနှင့် 'သက္ကဝါ' ရေးရာ၌ ပို၍ မြင့်မားသော ပုဂ္ဂိုလ်ကို ဦးစားပေးရမည်ဖြစ်သည်။ ဤအလုပ်သည် အလုပ်တာဝန်ကို သိသော မှတ်စွလင်မ်များအပေါ်၌ တာဝန်ရှိသည်။ ၄င်းအနေနှင့် ပညာရှင်များ၏ ခမ္ဘသတ်များထဲမှ ခမ္ဘသတ်တစ်ခုခုကို ဦးစားပေးရမည်မဟုတ်ပေ။ သို့သော် ခမ္ဘသတ်ပညာရှင်များနှင့် ပညာရှင်များထဲမှ မိမိထံတွင် ပညာရေးရာနှင့် 'သက္ကဝါ' ရေးရာ၌ အမွန်မြတ်ဆုံးဟု ယူဆသူ၏ ခမ္ဘသတ်အပေါ် လိုက်နာကျင့်သုံးရမည်မှာ ၄င်း၏ တာဝန်ဖြစ်သည်။ ဤသည်ပင် ၄င်း၏အလုပ် ဖြစ်သည်။ သို့သော် အခြားပညာရှင်များနှင့် ခမ္ဘသတ်ပညာရှင်များကို မကောင်းမပြောဆိုရပေ။ ဤသို့ ပြုလုပ်ခြင်းဖြင့် ၄င်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် လုံး၀ လွတ်ကင်းသွားမည် ဖြစ်သည်။ အကယ်၍ ဧကန်အမှန် ခမ္ဘသတ်ဖြေကြားသူ၏ ခမ္ဘသတ်သည် မှားယွင်းနေမည်ဆိုလျှင်လည်း ၄င်းဖြေကြားသူ၏ တာဝန်သာ ဖြစ်သည်။

အချုပ်ဆိုရသော် ကွဲလွဲချက်တိုင်းသည် အပြစ်မထိုက်သကဲ့သို့ 'စဝါးဗ်' ရရှိသည်ဟူ၍လည်း မဟုတ်ပေ။ အကယ်၍ သူခိုး၊ သူပုန်၊ ဓါးပြများသည် အုပ်စုတစ်စုဖွဲ့ပြီး အချင်းချင်း စုစည်းလိုက်၍ ၄င်းတို့၏ ထိုသို့ ညီညွတ်သွားခြင်းသည် အပြစ်ပေးခြင်းခံရပြီး မျိုးနွယ်စုများအတွက် ပျက်စီးစေမည်ဟူ၍ မည်သူမှ မသိသူဟူ၍ မရှိပေ။ တစ်ဖန် ၄င်းတို့အား ဆန့်ကျင်ရန်အတွက် လူထုများနှင့် ရဲများ၏ ကြိုးပမ်းမှုသည် အသိဉာဏ်ရှိသူတိုင်း၏ အမြင်တွင် ချီးမွမ်းထိုက်ရာဖြစ်ပြီး အကျိုးဖြစ်မည့်အရာဖြစ်သည်။ ယင်းမှ သိရှိရသည်မှာ ပျက်စီးခြင်းသည် အတွေးအခေါ် ကွဲလွဲခြင်း၌ ရှိသည်မဟုတ်ဘဲ တစ်ဦးတစ်ယောက်၏ အတွေးအခေါ်အပေါ် လိုက်နာကျင့်သုံးခြင်း၌ မရှိပေ။ သို့သာမက ပျက်စီးခြင်းဟူသမျှ အားလုံးသည် အခြားသူများနှင့် ပတ်သက်ပြီး မကောင်းထင်မြင်ခြင်းနှင့် မကောင်းပြောဆိုခြင်း၌သာ ရှိပေသည်။ ယင်းသည် ပညာရေးရာ၌ နည်းပါးပြီး စိတ်အလိုလိုက်ခြင်း၏ ရလဒ်ဖြစ်ပေသည်။ မျိုးနွယ်စုတစ်စု (သို့) အုပ်စုတစ်စုတွင် ဖော်ပြပါပုံစံပေါ်ပေါက်လာသည်ဆိုလျှင် ၄င်းသူများအတွက် ကွဲလွဲခြင်းသည် 'ရဟ်မသ်' ဖြစ်ရမည့်အစား 'အဇားဗ်' အဖြစ်သို့ ပြောင်းလွဲသွားပေမည်။ ၄င်းနောက် မုရှိရစ်ကဲများသည် အုပ်စုကွဲများဖြစ်ပြီး တစ်ဖွဲ့နှင့် တစ်ဖွဲ့ စစ်ထိုးသည့်အဆင့်သို့ ရောက်ရှိကာ တစ်ခါတစ်ရံ သတ်ဖြတ်သည်အထိ ဖြစ်ပေါ်တတ်ပေသည်။ ထိုသို့ တစ်ဖက်နှင့် တစ်ဖက် ပြစ်တင်ပြောဆိုခြင်းများနှင့် စိတ်ထိခိုက်အောင် ပြောဆိုခြင်းများအား မိမိအုပ်စုအတွက် အထောက်

အကူဖြစ်စေသည်ဟု ထင်မှတ်ကြသည်။ စကန်အမှန် ထိုသို့ အတိုင်းထက်လွန်ခြင်းသည် 'မဇ်ဟဗ်' (သာသနာတော်) နှင့် လုံးဝ မပတ်သက်ပေ။ သို့သာမက ထိုသို့ ပြဿနာဖြစ်ခြင်းကို တမန်တော်မြတ် ﷺ သည် လေးလေးနက်နက် တားမြစ်တော်မူခဲ့သည်။ ခိုင်လုံသည့် ဟဒီးစ်တော်များတွင် ထိုသို့ ဖြစ်ခြင်းကို အုပ်စုများ လမ်းမှားသို့ ရောက်ရခြင်း၏ အကြောင်းခံဖြစ်သည်ဟု သတ်မှတ်ထားပေသည်။

ဒုတိယအာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ သားချင်းများဖြစ်သော မက္ကာဟ်ရှိ ကိုရိုက်ရှ်များ၏ အမှန်တရားအား ဆန့်ကျင်ခြင်းနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ကို လမ်းညွှန်ထားတော်မူသည်မှာ ဤသူများသည် အသင့်အား 'အဇားဗ်' ကျရောက်မည့်အချိန် သတ်မှတ်ထားခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းကြမည်ဆိုလျှင် အသင် ၎င်းတို့အား ပြောကြားပါလေ။ ၎င်းမှာ 'ကျွန်ုပ်အား ထိုအလုပ်အတွက် သတ်မှတ်ခန့်အပ်ထားခြင်း မဟုတ်ပေ။ သို့သာမက အရာတိုင်း၏ အချိန်တစ်ချိန်ကို အလ္လာဟ်အသျှင်မြတ်၏ အသိတော်၌ သတ်မှတ်ပေးထားပြီဖြစ်သည်။ ထိုအရာများသည် အချိန်ကျလာလျှင် မုချဖြစ်ရမည်။ ထိုအရာများ၏ ရလဒ်သည်လည်း အသင်တို့ရှေ့မှောက်တွင် ရောက်ရှိလာမည်ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧

وَإِذَا رَأَيْتَ الَّذِينَ يَخُوضُونَ فِيٓ ءَايَٰتِنَا فَأَعْرِضْ عَنْهُمْ حَتَّىٰ
يَخُوضُوا۟ فِى حَدِيثٍ غَيْرِهِۦ ۚ وَإِمَّا يُنسِيَنَّكَ ٱلشَّيْطَٰنُ فَلَا تَقْعُدْ
بَعْدَ ٱلذِّكْرَىٰ مَعَ ٱلْقَوْمِ ٱلظَّٰلِمِينَ ﴿٦٨﴾

၆ : ၆၈ ။ ။ (အို, နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်၏ အာယသ်တော် (သက်သေလက္ခဏာ) များကို ပြစ်တင်ဝေဖန် ပြောဆိုကြသောသူတို့အား တွေ့မြင်ရသောအခါ ၎င်းတို့သည် အခြားအကြောင်းတစ်စုံတစ်ရာ၌ ပြောဆို စိတ်ဝင်စားခြင်းမရှိသမျှ ကာလပတ်လုံး အသင်သည် ၎င်းတို့၏ထံ (ထိုင်ခြင်း) မှ ရှောင်ရှား၍နေပါလေ။ သို့ရာတွင် အကယ်၍ ရှိုက်ဿွာန်သည် အသင့်အား မေ့လျော့စေခဲ့သည်ရှိသော် အသင်သည် ပြန်လည် သတိရရှိပြီးသည့်နောက်တွင် မတရားပြုမှုသူတို့နှင့် အတူတကွ (ဆက်လက်၍) မထိုင်ပါလေနှင့်။

وَمَا عَلَى ٱلَّذِينَ يَتَّقُونَ
مِنْ حِسَابِهِم مِّن شَىْءٍ وَلَٰكِن ذِكْرَىٰ لَعَلَّهُمْ يَتَّقُونَ ﴿٦٩﴾

၆ : ၆၉ ။ ။ စင်စစ် (ပြစ်မှုကျူးလွန်ခြင်းများမှ) ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အပေါ်၌မူ ၎င်း (မုရှ်ရစ်က်) တို့အရေးနှင့် စပ်လျဉ်း၍ မည်သို့မျှ စစ်ဆေးမေးမြန်းခြင်း ရှိမည်မဟုတ်ပေ။ သို့ရာတွင် ထိုသူ (တော်ကောင်း) တို့အပေါ်၌ ၎င်းတို့အား ဆုံးမစကားပြောဆိုရန် တာဝန်ရှိပေသည်။ သို့မှသာလျှင် ၎င်းတို့သည် (အမိန့်တော်ကျူးလွန်ခြင်းမှ) ရှောင်ကြဉ်ကောင်း ရှောင်ကြဉ်နိုင်ကြပေမည်။

وَذَرِ الَّذِينَ اتَّخَذُوا دِينَهُمْ لَعِبًا وَلَهْوًا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَ
ذَكِّرْ بِهِ أَن تُبْسَلَ نَفْسٌ بِمَا كَسَبَتْ لَيْسَ لَهَا مِن دُونِ اللَّهِ
وَلِيٌّ وَلَا شَفِيعٌ وَإِن تَعْدِلْ كُلَّ عَدْلٍ لَّا يُؤْخَذْ مِنْهَا أُولَٰئِكَ
الَّذِينَ أُبْسِلُوا بِمَا كَسَبُوا لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ
أَلِيمٌ بِمَا كَانُوا يَكْفُرُونَ ﴿٧٠﴾

၆ : ၇၀ ။ ။ ၎င်းပြင် အသင်သည် မိမိတို့၏ သာသနာကို ကစားခုန်စရာနှင့် ပျော်ရွှင်ဖွယ်ရာ ပြုလုပ်ထားသော သူတို့အား စွန့်ပယ်၍ ထားပါလေ။ စင်စစ် ၎င်းတို့အား ဤမျက်မှောက်လောကဘဝသည် လှည့်ဖြားထား၏။ သို့ရာတွင် တစ်ဦးတစ်ယောက်သော သူသည် မိမိ၏ အပြုအမူကြောင့် ဖမ်းဆီးခြင်း မခံရလေအောင် အသင်သည် ဤ (ကုရ်အာန် ကျမ်းတော်မြတ်ကို ဖတ်ကြားပြခြင်းအား) ဖြင့် ဆုံးမလျက် ရှိနေပါလေ။ (ယင်းကဲ့သို့ ဖမ်းမိသွားသောအခါမျိုးတွင်) ထိုသူ့အား အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ကိစ္စအဝဝတွင် ကူညီစောင်မမည့်သူဟူ၍လည်းကောင်း၊ (အပြစ်မှ ချမ်းသာခွင့်ရရန်) အသနားခံပေးမည့်သူဟူ၍လည်းကောင်း၊ (မည်သူတစ်ဦးတစ်ယောက်မျှ) လုံးဝ ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းပြင် အကယ်၍ ထိုသူသည် (တတ်စွမ်းနိုင်သမျှသော) အစားထိုးသော်ငြားလည်း လက်ခံခြင်း ရှိလိမ့်မည်မဟုတ်ပေ။ (မိမိတို့ သာသနာကို ကစားစရာ၊ ပျော်ရွှင်စရာ ပြုလုပ်ထားသော) ဤသူများပင်လျှင် အကြင်သူများပင် ဖြစ်သည်။ ထိုသူတို့သည် မိမိတို့၏ အပြုအမူများကြောင့် သာလျှင် ဖမ်းဆီးခြင်းကို ခံကြရလေပြီ။ ၎င်းသူတို့အဖို့ ယင်းတို့၏ သွေဖည်ငြင်းပယ်မှုအစား သောက်သုံးရန်အတွက် လွန်စွာ ပူလောင်လျက်ရှိသော ရေနွေးနှင့် လွန်စွာ ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သည် (အသင့်) ရှိပေသည်။

قُلْ أَنَدْعُوا مِن دُونِ اللَّهِ مَا لَا
يَنفَعُنَا وَلَا يَضُرُّنَا وَنُرَدُّ عَلَىٰ أَعْقَابِنَا بَعْدَ إِذْ هَدَانَا اللَّهُ
كَالَّذِي اسْتَهْوَتْهُ الشَّيَاطِينُ فِي الْأَرْضِ حَيْرَانَ لَهُ أَصْحَابٌ
يَدْعُونَهُ إِلَى الْهُدَى ائْتِنَا قُلْ إِنَّ هُدَى اللَّهِ هُوَ الْهُدَىٰ
وَأُمِرْنَا لِنُسْلِمَ لِرَبِّ الْعَالَمِينَ ﴿٧١﴾

၆ : ၇၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) မေးမြန်းပါလေ။ (အချင်းတို့) 'ငါတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ငါတို့အား ကောင်းကျိုး၊ ဆိုးကျိုးဟူ၍ မည်သည့်အခါမျှ မပြုစွမ်းနိုင်သော အရာများကို ဟစ်ခေါ်တမ်းတ ကိုးကွယ်ကြရမည်လော။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည် ငါတို့အား တရားလမ်းမှန်ပေါ်သို့ ပို့ဆောင်တော်မူပြီး ဖြစ်ပါလျက် ငါတို့သည် (ခြေဖနောင့်ဘက်သို့) ပြန်လှည့်သွားသော အကြင်သူကဲ့သို့ နောက်ပြန်လှည့်သွားကြရမည်လော။ ထိုသူအား ရှိုက်သွာန်သည် ကမ္ဘာမြေဝယ်၌ သွေးဆောင်ဖြားယောင်း၍ လမ်းမှားစေခဲ့သည်။ ထိုသူသည် တွေဝေ

အကြံအိုက်လျက် ရှိသည်။ ၎င်းသူ၌ မိတ်ဆွေအပေါင်းအဖော်များလည်း ရှိသည်။ ထိုမိတ်ဆွေအပေါင်းအဖော်များသည် ထိုသူ့အား တရားလမ်းမှန်ရှိရာ 'ငါတို့ထံ လာပါလေ' ဟူ၍ ဖိတ်ခေါ်လျက် ရှိကြကုန်သည်။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား 'အလ္လာဟ်အရှင်မြတ် ညွှန်ကြားပြသတော်မူသော တရားလမ်းစဉ်သည်သာလျှင် ကောန်စင်စစ် (ဖြောင့်မတ်မှန်ကန်သော) တရားလမ်းမှန်ဖြစ်သည့်အပြင် ငါတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်များကို (တသွေမတိမ်း) လိုက်နာကြရန် အမိန့်ပေးတော်မူခြင်းကိုလည်း ခံခဲ့ကြလေပြီ' ဟူ၍ ပြောကြားပါလေ။

وَاَنْ اَقِيْمُوا الصَّلٰوةَ وَ
اتَّقُوْهُ ۚ وَهُوَ الَّذِيْۤ اِلَيْهِ تُحْشَرُوْنَ ﴿٧٢﴾

၆ : ၇၂ ။ ။ ထို့ပြင် အသင်တို့သည် စွဲမြဲစွာ 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေဟူ၍လည်းကောင်း၊ ၎င်းပြင် ထိုအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်ဟူ၍လည်းကောင်း၊ စင်စစ် အသင်တို့သည် ထိုအရှင်မြတ်၏ ထံတော်သို့သာလျှင် စုရုံးကြပေလိမ့်မည်ဟူ၍လည်းကောင်း (ငါတို့သည် အမိန့်ပေးတော်မူခြင်းကို ခံကြရသည်။)

وَهُوَ الَّذِيْ خَلَقَ
السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۗ وَيَوْمَ يَقُوْلُ كُنْ فَيَكُوْنُ ﴿٧٣﴾

၆ : ၇၃ ။ ။ ၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ မြေပထဝီကိုလည်းကောင်း မှန်ကန်တိကျစွာဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်က 'ဖြစ်စေ' ဟူ၍ မိန့်ကြားတော်မူသောနေ့တွင် ဖြစ်သွားပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းအပြင် (အို၊ နဗီတမန်တော်) ငါအရှင်မြတ်၏ မုက္ခပါဌ်တော်များကို ကဲ့ရဲ့ပြစ်တင်သော သူတို့ကို အသင် တွေ့မြင်သောအခါ ၎င်းတို့သည် အခြားအကြောင်းအရာများ၌ စိတ်ဝင်စားသွားကြသည့်အထိ အသင်သည် ၎င်းတို့ထံ ထိုင်ခြင်းမှ ရှောင်လွှဲနေပါလေ။ ၎င်းအပြင် အကယ်၍ ရှိုက်သွာန်သည် အသင့်အား မေ့လျော့စေခဲ့သော (ဆိုလိုသည်မှာ ဤသို့သော ထိုင်ဝိုင်း၌ ထိုင်ခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ထားခြင်းအား သတိမရသော သူတို့သည် သတိရသည်နှင့် တစ်ပြိုင်နက်) ပြန်လည်သတိရရှိပြီးနောက်တွင်မူ အသင်သည် မတော်မတရားပြုမူသော သူတို့နှင့်အတူ မထိုင်ပါလေနှင့်။ (ချက်ချင်းထလိုက်ပါလေ။) ၎င်းပြင် (အကယ်၍ စင်စစ် လောကီရေးရာ၌သော်လည်းကောင်း၊ (သို့) သာသနာရေးရာ လိုအပ်မှုကြောင့် ဤသို့သောထိုင်ဝိုင်း၌ သွားရန် လိုအပ်ပါမူ ၎င်း၏အမိန့်မှာ) အကြင်သူများ (ရှရီအသ်၏ တားမြစ်ချက်များမှ မလိုအပ်ဘဲ ဤသို့သော ထိုင်ဝိုင်း၌ သွားခြင်းသည်လည်း ပါဝင်လေသည်။ ရှောင်ကြဉ်မှုတရား ထားရှိကြကုန်၏။ ၎င်းတို့အပေါ်၌ မုရှ်ရစ်ကတ်တို့နှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းသည် လုံးဝ မရှိချေ။ (ဆိုလိုသည်မှာ လိုအပ်ချက်အပေါ် သွားသော ၎င်းသူများအပေါ် အပြစ်မထိုက်ပေ။)

သို့ရာတွင် ထိုသူတို့အပေါ်၌ (စွမ်းနိုင်သမျှ) ဆုံးမသြဝါဒစကားပြောရန် တာဝန်ကား ရှိပေသည်။ သို့မှသာလျှင် ထိုသူများသည် (ထိုမကောင်းမှုများမှ) ရှောင်ကြဉ်ကြပေမည်။ ၄င်းအပြင် အသင်သည် အကြင်သူများကို စွန့်လွှတ်ထားပါလေ။ အကြင်သူများသည် မိမိတို့၏ ဒီးန်သာသနာကို (အကြင်သာသနာအား လက်ခံရန်) ၄င်းတို့ထံ အရေးကြီးလေသည်။ အစ္စလာမ်သာသနာကို ဆိုလိုသည်။) ကခုန်ကစားစရာ၊ ပျော်ရွှင်မြူးတူးစရာ ပြုလုပ်ထားကြ၏။ (အကြောင်းမှာ ထိုသာသနာအား ပြောင်လှောင်ပျက်ရယ်ပြုကြလေသည်။) ၄င်းအပြင် ထိုသူတို့ကို ဤပစ္စုပ္ပန် လောကီဘဝသည် လှည့်ဖြားထား၏။ (အဘယ်ကြောင့်ဆိုသော် ထိုသေးသိမ်မှု၌ နစ်မွန်း၍ နောင်တမလွန် အာခေရသ်အား ငြင်းဆန်မှုပြုကြသည်။ သို့ပါ၍ ထိုပြောင်လှောင်ပျက်ရယ်ပြုခြင်း၏ ရလဒ်အား မတွေ့မြင်ပေ။) ၄င်းနောက် (ဤသို့သော သူများအား အဆက်အသွယ်ပြတ် တောက်ထားမှုနှင့်အတူ) ၄င်းတို့အား ဤကုရ်အာန်ကျမ်းတော်မြတ်ဖြင့် (၄င်းကျမ်းဂန်အား ဤပုဂ္ဂိုလ်ပျက်ရယ်မှု ပြုကြလေသည်။) ဆုံးမလျက်လည်း ရှိပါလေ။ သို့မှသာ တစ်ဦးတစ်ယောက်သောသူသည် မိမိအပြုအမူတို့ကြောင့် (အပြစ်ဒဏ်၌) ဖမ်းဆီးခြင်းကို မခံရလေအောင်ဖြစ်သည်။ အကြောင်းမှာ ထိုသူတို့၏အဖို့ အလ္လာဟ်အသျှင်မြတ်အပြင် ကိစ္စအဝဝကို ဆောင်ရွက်ပေးမည့်သူဟူ၍လည်းကောင်း၊ အပြစ်မှ ချမ်းသာမှု ရရှိစေရန် ကြားဝင်အသနားခံပေးမည့်သူဟူ၍လည်းကောင်း မည်သူတစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။

အကယ်၍ ထိုသူတို့သည် အားလုံးသော အစားထိုးခြင်းကို အစားထိုးသော်ငြားလည်း (၄င်းအား အသုံးပြု၍ အပြစ်မှ လွတ်ကင်းမှုရရှိရန်) ၄င်းထံမှ လက်ခံခြင်း ရှိလိမ့်မည်မဟုတ်ချေ။ (သို့ပါ၍ ဤဆုံးမသြဝါဒမှ ရရှိသော အကျိုးကျေးဇူးမှာ မကောင်းသော လုပ်ရပ်၏ ရလဒ်အပေါ် သတိပေးခြင်းနှင့် ဆက်လက်လက်ခံခြင်း၊ လက်မခံခြင်းသည် တစ်ပိုင်းဖြစ်သည်။ သို့ပါ၍ (မိမိတို့၏ ဘာသာသာသနာကို ကစားစရာပျော်ရွှင်မြူးထူးစရာ ပြုလုပ်ထားသော) ဤသူများပင်လျှင် အကြင်သူများတည်း (အကြောင်းမှာ ဆုံးမသြဝါဒအား လက်မခံပေ။) ထိုသူတို့ သည် မိမိတို့၏ အပြုအမူကြောင့် ဖမ်းဆီးခြင်းကို (အပြစ်ဒဏ်၌) ခံရလေပြီ။ (အကြင်အပြုအမူကြောင့် နောင်တမလွန်အာခေရသ်တွင်) ၄င်းတို့အဖို့ သောက်ရန် အလွန်ပူလောင်သောရေနှင့် (ထို့ပြင်) အလွန်ပြင်းပြ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် အဆင့်ဆင့် ရှိပေသည်။ မိမိတို့ သွေဖည်ငြင်းပယ်သည့်အတွက်ကြောင့် ဖြစ်သည်။ (အကြောင်းမှာ မကောင်းသော အပြုအမူသည် ပြောင်လှောင်ပျက်ရယ်ပြုခြင်း၏ တစ်စိတ် တစ်ဒေသဖြစ်သည်။) ဆို၊ [illegible] ၊ အသင်သည် (ထိုရှိုက်သွာန် ဒိဋ္ဌိတို့အား) ဤသို့ ပြောကြားပါလေ။ ငါတို့သည် အလ္လာဟ်အသျှင်မြတ်အပြင် (အရှင်တို့အလိုရှိသကဲ့သို့) ငါတို့အား အကျိုး ဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အကျိုးယုတ်စေခြင်းကိုလည်းကောင်း မပြုစွမ်းနိုင်သော အရာများကို ကိုးကွယ်ကြရမည်လော။ ၄င်းအပြင် အလ္လာဟ်အသျှင်မြတ်သည် ငါတို့အား တရားလမ်းမှန်သို့ ပို့ဆောင်ပြီးနောက်တွင် ငါတို့သည် အကြင်သူကဲ့သို့ပင် မိမိတို့၏ ခြေဖနောင့်ဘက်သို့ (အစ္စလာမ်သာသနာမှ) ပြန်လှည့်သွားကြမည်လော။ (ဆိုလိုသည်မှာ တုပနှိုင်းယှဉ်ခြင်းသည် အစကနဦး မကောင်းမှုဖြစ်သည်။ အထူးသဖြင့် အစ္စလာမ်အား လက်ခံပြီးသည့်နောက် ရှရစ်ကပြု တုပနှိုင်းယှဉ်ခြင်းသည် ပို၍ ဆိုးရွားသော အလုပ်တစ်ခုဖြစ်သည်။)

ထိုသူတို့အား ရိုက်သွင်းသည် တောတွင်း၌ သွေးဆောင်ဖြားယောင်း၍ လမ်းမှားစေခဲ့ရာ ထိုသူတို့သည် တွေဝေအကြံအိုက်လျှင် ရှိပေ၏။ ထိုသူ၌ မိတ်ဆွေအပေါင်းအဖော်များလည်း ရှိ၏။ ထိုမိတ်ဆွေအပေါင်းအဖော်တို့သည် ထိုသူ့အား တရားလမ်းမှန်ရှိရာ ငါတို့ထံ လာပါလေဟု ဖိတ်ခေါ်လျက် ရှိကြကုန်၏။ (သို့သော် ထိုသူသည် အံ့ဩဖွယ်ကောင်းသည်မှာ နားလည်ခြင်းလည်း မရှိ။ ဖိတ်ခေါ်သည့်ဘက်သို့ လာခြင်းလည်း မပြုပေ။ ပမာတင်ပြရသော် လမ်းမှန်ပေါ်၌ လျှောက်လှမ်းနေသော ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ လမ်းသွားဖော်မိတ်ဆွေဖြင့် တစ်ကွဲတစ်ပြားဖြစ်ရှိပြီး ၎င်းသည် ကန္တာရတောထဲ၌ မျက်စိလည် လမ်းမှား၍ နေ၏။ ယခု ၎င်းအား လမ်းမှန်သို့ ဖိတ်ခေါ်သော်ငြားလည်း လာခြင်းမရှိပေ။ ထိုနည်းတူစွာ ကျွန်ုပ်တို့၏ အခြေအနေသည် အစ္စလာမ်လမ်းစဉ်ပေါ်၌ ရှိပြီး မိမိတို့အား လမ်းပြသူ စေတမန်တော်များနှင့် တစ်ကွဲတစ်ပြား ဖြစ်ရှိပြီး လမ်းမှားသူတို့၏ လမ်းစဉ်၌ လျှောက်လှမ်းလျက်ရှိကြ၏။ လမ်းမှန်ပြသော ပုဂ္ဂိုလ်သည် အကောင်းကို လိုလားပြီး အစ္စလာမ့်လမ်းစဉ်ဘက်သို့ ဖိတ်ခေါ်နေသော်ငြားလည်း ကျွန်ုပ်တို့သည် လမ်းမှားအား စွန့်လွှတ်ခြင်းမရှိပေ။ ဆိုလိုသည်မှာ ကျွန်ုပ်သည် အသင်တို့ဆန္ဒအတိုင်း ပြုကျင့်ပြီး မိမိ၏ ဉာဏ်ပမာအတိုင်း ပြုလုပ်ရမည်လော။ အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ပြောကြားပါလေ။ ဉာဏ်ပမာဖြင့် လမ်းမှန်မှ လမ်းမှားသို့ ရောက်ရှိသွားခြင်းသည် မကောင်းကြောင်းကို သိရှိသွားလေသည်။ ၎င်းနောက် ဉာဏ်သည်) အလ္လာဟ်အသျှင်မြတ် ညွှန်ကြားပြသတော်မူသော တရားလမ်းသည်သာလျှင် ကေန်စင်စစ် ဖြောင့်မတ်မှန်ကန်သော တရားလမ်းဖြစ်သည်။

(ထိုလမ်းစဉ်သည် အစ္စလာမ်သာသနာ၏ လမ်းစဉ်ဖြစ်သည်။ သို့ပါ၍ မုချကေန် ၎င်းအား စွန့်လွှတ်ခြင်းသည် လမ်းမှားဖြစ်သည့်အတွက် ကျွန်ုပ် မည်သို့ စွန့်လွှတ်နိုင်မည်နည်း။ (၎င်းအပြင် ကျွန်ုပ် တုပနိုင်းယှဉ်ခြင်းအား မည်သို့ ပြုနိုင်မည်နည်း။)

ငါတို့သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို တသွေမတိမ်းလိုက်နာရန် အမိန့်ပေးတော်မူခြင်းကိုလည်း ခံကြရလေပြီဟု ပြောကြားပါလေ။ ထိုမှတစ်ပါး (ငါတို့သည် အမိန့်ပေးတော်မူခြင်း ခံကြရသည်မှာ) အသင်တို့သည် စွဲမြဲစွာ နမာဇ်ဝတ်ပြုကြလေကုန်။ အကြင်နမာဇ်ဝတ်ပြုမှုသည် အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းအား ထုတ်ဖော်ပြသသည့် အီမာန်လက္ခဏာမာစ်မှ ဖြစ်သည်။ ၎င်းအပြင် မောင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (ဆိုလိုသည်မှာ ဆန့်ကျင်ခြင်းမပြုလေနှင့်။ ၎င်းလုပ်ရပ်များအနက် အဆိုးရွားဆုံးမှာ ရှရစ်က်တုပနိုင်းယှဉ်ခြင်း ဖြစ်သည်။ စင်စစ်သော်ကား အသင်တို့သည် (ကိယာမသ်နေ့၌ 'ကဗရ်'များမှ ထွက်ပြီး စာရင်းစစ်ဆေးမှု ပြုရန်အတွက် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် စုရုံးကြရပေမည်။ ထိုနေရာ၌ မုရှိရစ်က်များသည် မိမိတို့၏ ရှရစ်က်တုပနိုင်းယှဉ်ခြင်း၏အစားအား ခံစားရလိမ့်မည်။) ၎င်းအပြင် ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ အကျိုးရှိစွာ ဖန်ဆင်းထားတော်မူသည်။ (၎င်းအကျိုးကျေးဇူးများအနက် ကြီးမားသော အကျိုးကျေးဇူးတစ်ခုမှာ ဖန်ဆင်းရှင်၏ တည်ရှိခြင်းနှင့် အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းအပေါ် အထောက်

အထားတစ်ခု ဖြစ်လေသည်။) ၎င်းအပြင် تُحْشَرُونَ ဆိုသော အာယသ်တော်၌ 'ကေယာမသ်'နေ့၌ တစ်ဖန်ပြန်လည် ရှင်ပြန်ထရမည့်ကို အသိပေးနှိုးဆော်ထားခြင်းကိုလည်း အဝေးကြီးဟု မှတ်ယူခြင်းမပြုလေနှင့်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ အရှေ့ဝယ် အလွန်လွယ်ကူလေသည်။) ထိုအသျှင်မြတ်က 'ဖြစ်စေ'ဟူသော မိန့်ကြားတော်မူသောနေ့တွင် (၎င်းကမ္ဘာ့တရားခွင်နေ့သည် ချက်ချင်း) ထိရောက်သော စကားတော်ပင်ဖြစ်၏။ (အလဟဿ မဖြစ်ပေ) ၎င်းပြင် (ကမ္ဘာ့တရားခွင်နေ့) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဒုတိယအကြိမ် တံပိုးခရာမှုတ်မည့်နေ့တွင် စိုးမိုးအုပ်ချုပ်ခြင်းအာဏာသည် ထိုအသျှင်မြတ်၌သာ ရှိအံ့။ (၎င်းပြင် ထိုအသျှင်မြတ်သည် မိမိ၏ အာဏာဖြင့် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကို ခဝပ်ကိုးကွယ်သူများနှင့် တုပနှိုင်းယှဉ်သူများအား ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။)

ထိုအသျှင်မြတ်သည် အကွယ်၌ ရှိသည်တို့ကိုလည်းကောင်း၊ အရှေ့မှောက်တွင် ရှိတော်မူသည်တို့ကိုလည်းကောင်း အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (သို့ရှိရာ မှုရှိရစ်ကတို့၏ ကျင့်ကြံမှုနှင့် အခြေအနေအရပ်ရပ်ကိုလည်း သိတော်မူသော အသျှင် ဖြစ်တော်မူသည်။) ထိုအသျှင်မြတ်သည် 'ဟိကမသ်'အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ (ဤအတွက်ကြောင့် လျော်ကန်သည့် အစားအားကိုယ်စီကိုယ်ငှ ပေးလိမ့်မည်ဖြစ်သည်။) ၎င်းပြင် ထိုအသျှင်မြတ်သည် အကြောင်းစုံတို့ကို ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ဤအတွက်ကြောင့် မည်သည့်လုပ်ရပ်မဆို ဖုံးကွယ်ထားရန် မဖြစ်နိုင်ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

လမ်းလွဲသူများ၏ ထိုင်ဝိုင်း၌ ထိုင်ခြင်းမှ ရှောင်ရှားရန် မိန့်ခြွေခြင်း

အထက်ဖော်ပြပါ အာယသ်တော်၌ မွတ်စလင်မ်တို့အား အလွန်အရေးပါသော ဥပဒေသတစ်ရပ်အား ပြသသည်မှာ အကြင်လုပ်ရပ်အား ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ခြင်းသည် အပြစ်ဖြစ်သကဲ့သို့၊ ၎င်းလုပ်ရပ်အား ပြုလုပ်သော အသိုင်းအဝိုင်း၌ ပါဝင်ခြင်းသည်လည်း အပြစ်ဖြစ်သည်။ ၎င်းမှ ရှောင်ကြဉ်ရန် လိုအပ်ပေသည်။ ၎င်း၏ အကျယ်ဖွင့်ဆိုချက်မှာ ပထမအာယသ်တော်၌ يَخُضُونَ ဆိုသော စကားလုံးသည် خوض ဆိုသော စကားလုံးမှ ဆင်းသက်လာလေသည်။ ၎င်း၏ မူရင်းအဓိပ္ပာယ်သည် ရေထဲသို့ ဆင်းခြင်းနှင့် ရေထဲမှ ဖြတ်သန်းသွားခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် အလဟဿ အချည်းအနှီးလုပ်ငန်းများ ပြုလုပ်ခြင်းကိုလည်း خوض ဟု ပြောဆိုလေသည်။ များသောအားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၌ ဤအဓိပ္ပာယ်ကိုသာလျှင် အသုံးပြုလေသည်။

كُنَّا نَخُوضُ مَعَ الْخَائِضِيْنَ နှင့် فِى خَوْضِهِمْ يَلْعَبُوْنَ

စသည့် အာယသ်တော်များသည် ၎င်းအဓိပ္ပာယ်၏ သက်သေဖြစ်လေသည်။

သို့ပါ၍ အာယသ်တော်များ၌ فِى خَوْضٍ ၏ အဓိပ္ပာယ်သည် ဤနေရာ၌ အပြစ်ရှာခြင်း၊ ပြဿနာရှာခြင်းဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ က အကြင်သူတို့သည် အလ္လာဟ် အသျှင်မြတ်၏ နိမိတ်လက္ခဏာများ၌ ကခုန်ကစားစရာ ပြောင်လှောင်ပျက်ရယ်မှုနှင့် အပြစ်ရှာဖွေသော သူတို့အား တွေ့မြင်သော အသင်တမန်တော် ၎င်းတို့ထံမှ မိမိ၏မျက်နှာတော်အား လွှဲဖယ်တော်မူပါ။

အကြင်အာယသ်တော်၏ မိန့်ကြားချက်သည် ကိုယ်တော်မြတ် ﷺ ပါဝင်သကဲ့သို့ အုမ္မသ်ထုတစ်ရပ်လုံးအပေါ်လည်း သက်ရောက်ပေသည်။ စင်စစ် ကိုယ်တော်မြတ် ﷺ အား အမိန့်ရှိခြင်းသည် မွတ်စ္စလင်မ်အများစုအား ကြားနာစေရန်အတွက် အမိန့်ရှိခြင်းဖြစ်သည်။ သို့မဟုတ်ပါက ကိုယ်တော်မြတ် ﷺ သည် ငယ်စဉ်ကလေးဘဝ၌လည်း ဤသို့သော အသိုင်းအဝိုင်း၌ ပါဝင်ပတ်သက်ခြင်း မရှိသည့်အတွက်ကြောင့် ကိုယ်တော့်အား တားမြစ်ချက်ပြုလုပ်ရန် တစ်စုံတစ်ရာ မလိုအပ်ပေ။

တစ်ဖန် သာသနာပျက်သောသူတို့၏ ထိုင်ဝိုင်းမှ လှည့်ထွက်ခြင်း၏ ပုံသဏ္ဍာန်သည် အမျိုးမျိုး အဖုံဖုံ ဖြစ်နိုင်ပေသည်။ တစ်ခုမှာ ထိုင်ဝိုင်းမှ ထထွက်သွားခြင်းဖြစ်ပြီး ဒုတိယပုံသဏ္ဍာန်မှာ ထိုနေရာ၌ ရှိနေပြီး အခြားလုပ်ငန်းတစ်ခုခု၌ အာရုံထားလိုက်ပါ။ ထိုဘက်သို့ လုံးဝ အာရုံမပြုလေနှင့်။ သို့သော် နောက်ဆုံးအာယသ်တော်မှ တင်ပြသည်မှာ ထိုသို့သော နေရာတွင် ထိုင်ခြင်းမပြုလေနှင့်။ ထ၍ ထွက်သွားရန်ကိုသာ ဆိုလိုသည်။

နောက်ဆုံးအာယသ်တော်၌ အမိန့်ရှိသည်မှာ အကယ်၍ အသင့်အား ရှိုက်သွာန်သည် မေ့လျော့စေမည် ဆိုလိုသည်မှာ မေ့လျော့၍ ၎င်းတို့၏ ထိုင်ဝိုင်း၌ ပါဝင်ခဲ့၏။ ထိုနည်းတူစွာ ဤသို့သော အသိုင်းအဝိုင်း၌ ပါဝင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ချက်အား သတိမရလျှင်ဖြစ်စေ၊ (သို့) သတိမရှိ သွားရောက်ခဲ့သည် ဖြစ်စေ၊ ဤပုဂ္ဂိုလ်များသည် အလ္လာဟ်အသျှင်မြတ်၏ နိမိတ်လက္ခဏာများနှင့် ကိုယ်တော်နှင့် ဆန့်ကျင်သည့် အကြောင်းအရာများအား ပြောဆိုနေသည်ရှိသော် သတိရသည်နှင့် တစ်ပြိုင်နက် ထိုအချိန် ထိုနေရာမှ ထွက်သွားရန် လိုအပ်ပေသည်။ သတိရပြီးသည့်နောက်လည်း ထိုနေရာ၌ ဆက်လက်၍ ထိုင်နေပါမူ အပြစ်ထိုက်၏။ အခြားအာယသ်တော်များ၌ ဤအကြောင်းအရာကိုသာလျှင် အမိန့်ရှိထား၏။ ထိုအာယသ်တော်၏ နောက်ဆုံး၌ အမိန့်ရှိသည်မှာ အသင်သည် ထိုနေရာ၌ ထိုင်နေမည်ဆိုသော် အသင်သည်လည်း ၎င်းတို့ကဲ့သို့ ဖြစ်ရှိသွားမည်။

အီမာမ်ရာဇီ (ရဟ) မှ သဖ်စီးရ် ကဗီးရ်ကျမ်း၌ အမိန့်ရှိသည်မှာ ဤအာယသ်တော်၏ အဓိကရည်ညွှန်းချက်သည် အပြစ်ကျူးလွန်သူတို့၏ ထိုင်ဝိုင်းနှင့် ၎င်းထိုင်ဝိုင်း၌ရှိသော သူတို့ထံမှ လှည့်ထွက်သွားခြင်း၊ တစ်သီးတစ်ခြား နေထိုင်ခြင်းကို ဆိုလိုသည်။ ၎င်း၏ အကောင်းဆုံးပုံသဏ္ဍာန်မှာ ထိုနေရာမှ ထ၍ ထွက်သွားခြင်းဖြစ်၏။ အကယ်၍ ထိုနေရာမှ ထွက်သွားရာ၌ အသက်အိုးအိမ်၊ စည်းစိမ်၊ ဂုဏ်သိက္ခာ

အား ထိခိုက်ရန် စိုးရိမ်ပါမူ သာမန်ပုဂ္ဂိုလ်များအဖို့ ၎င်းတို့နှင့် တစ်သီးတစ်ခြားနေရန် အခြားပုံသဏ္ဍာန်တစ်ခုခုကိုလည်း ရွေးချယ်ပိုင်သည်။ ဥပမာ- အခြားလုပ်ငန်းတစ်ခုခု၌ နစ်မွန်းစေခြင်းနှင့် ၎င်းတို့၏ဘက်သို့ အာရုံမထားခြင်းတို့ ဖြစ်သည်။ သို့သော် သာသနာ၌ နောက်လိုက်ပြုခြင်းခံရသော (ဝါ) သီးသန့်ပုဂ္ဂိုလ်များအတွက် ထိုနေရာမှ ချက်ချင်းထ၍ ထွက်သွားခြင်းသည် သင့်လျော်ပေသည်။

ထို့နောက် အမိန့်ရှိသည်မှာ-

وَ اِمَّا يُنۡسِيَنَّكَ الشَّيۡطٰنُ

ဆိုလိုသည်မှာ အသင့်အား ရှိက်သွာန်သည် မေ့လျော့စေရန် ဤသို့ မိန့်ကြားခြင်းသည် မွတ်စ္စလင်မ်အများစုအတွက်ဖြစ်သော မေ့မှားခြင်းနှင့် မေ့လျော့ခြင်းသည် လူသားတိုင်းနှင့်အတူ ဒွန်တွဲ၍ တည်ရှိနေသည်မှာ ရှင်းလေသည်။ အကယ်၍ ကိုယ်တော်မြတ် ﷺ အား အမိန့်ရှိသည်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်နှင့် နဗီတို့သည်လည်း အမေ့အမှား သက်ရောက်မည်ဆိုသော် ၎င်းတို့၏ သင်ကြားပေးမှုများအပေါ် မည်သို့ စိတ်အေးအေးချမ်းချမ်းဖြင့် ယုံကြည်နိုင်မည်နည်းဟု မေးခွန်းပေါ်ပေါက်လာ၏။

အဖြေမှာ ဤသို့ ဖြစ်သည်။ အဘယ်သို့ဆိုသော် နဗီတမန်တော်များသည်လည်း အမြော်အမြင်တစ်ခုခုကြောင့် မေ့မှားနိုင်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်ဘက်မှ ချက်ချင်း 'ဝဟီ'၏ အကြောင်းခံဖြင့် ပြန်လည်သတိရစေသည်။ ဤအတွက်ကြောင့် အဆုံးတွင် ၎င်းတို့၏ သင်ကြားပေးမှုသည် မေ့မှားခြင်းဆိုသော ဒိုဟမှ ကင်းစင်သွားလေသည်။ သို့ပါ၍ အာယသ်တော်မှ သိရှိရသည်မှာ အကယ်၍ အကြင်သူတစ်ဦးတစ်ယောက်သည် မေ့မှားမှုကြောင့် မှားယွင်းမှုတစ်ခုခု၌ နစ်မွန်းသွားမည်ဆိုသော် ထိုလုပ်ရပ်အား ခွင့်လွှတ်ခြင်း ခံရပေသည်။ ဟဒီးစ်တော်တစ်ပုဒ်၌ ကိုယ်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ-

رُفِعَ عَنۡ اُمَّتِى الۡخَطَاءُ وَ النِّسۡيَانِ وَمَا اسۡتُكۡرِهُوۡا عَلَيۡهِ

ဆိုလိုသည်မှာ ငါကိုယ်တော်၏ အုမ္မသ်သူအုမ္မသ်သားများထံမှ မေ့မှား၍သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်၏ အတင်းအဓမ္မ တိုက်တွန်းချက်ကြောင့်လည်းကောင်း၊ အမှားတစ်ခုခုအား ကျူးလွန်ခဲ့သော် ယင်းလုပ်ရပ်၏ အပြစ်အား လွတ်ငြိမ်းပလပ်မှုရရှိခြင်း ခံရမည်ဖြစ်သည်။

အီမာန်ဂျစ္စ္စားစ် (ရဟ) သည် အဟ်ကားမ်မွလ်ကုရ်အာန်၌ အမိန့်ရှိသည်မှာ 'မွတ်စ္စလင်မ်များအဖို့ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ် သို့မဟုတ် အစ္စလာမ်၏ ဥပဒေနှင့် ဆန့်ကျင်သော စကားများ ဖြစ်ရှိ၍နေလျှင် ၎င်းထိုင်ဝိုင်းမှ စကားရပ်များအား ရပ်ဆိုင်းစေခြင်း၊ ရပ်ဆိုင်းပစ်ခြင်း၊ ယုတ်စွအဆုံး အမှန်တရားအား ပြောဆိုနိုင်ခြင်းအား မစွမ်းနိုင်မူ ဤသို့သော ထိုင်ဝိုင်းမျိုးမှ တစ်သီးတစ်ခြားစီနေရန် လိုအပ်ပေသည်၊ အကယ်၍ ဤသို့သော ထိုင်ဝိုင်း၌ ပြုပြင်ပေးရန် 'နိယသ်'ဖြင့် ပါဝင်ပြီး ၎င်းပုဂ္ဂိုလ်များအား အမှန်တရားများ ပြောဆိုရန် ပါဝင်သော် အကြောင်းမဟုတ်ပေ။ ထို့ပြင် နောက်ဆုံးအာယသ်တော်၌ သတိရပြီးသည့်နောက် အပြစ်ကျူးလွန်သောသူများနှင့်အတူ မထိုင်လေနှင့်'ဟု အမိန့်ရှိထား၏။ အီမာန်ဂျစ္စ္စားစ် (ရဟ) သည် ထိုအာယသ်တော်မှ ဓမ္မသတ်တစ်ခုအား ကောက်နုတ်တင်ပြသည်မှာ ဤသို့ သာသနာမရှိ အပြစ်ကျူးလွန်

သော သူတို့၏ ထိုင်ဝိုင်း၌ ပါဝင်ပတ်သက်ခြင်းသည် လုံးဝ အပြစ်ထိုက်၏။ ၎င်းထိုင်ဝိုင်းသည် မပိုင်သော စကားရပ်များ၌ နစ်မွန်းနေသည်ဖြစ်စေ၊ မနစ်မွန်းသည်ဖြစ်စေ။ အကြောင်းမှာ ဤသို့သော သူများအား အချည်းအနှီး စကားစမြည်ပြောရာတွင် ကြန့်ကြာလေ့ရှိသည့်အတွက် ၎င်းတားမြစ်ချက်သည် စည်းကမ်းချက် တစ်ချက်ချက်ဖြင့် သတ်မှတ်ထားခြင်းမရှိဘဲ တားမြစ်ချက်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အခြား အာယသ်တော်တစ်ခု၌လည်း ဤအကြောင်းအရာအား ရှင်းရှင်းလင်း ဤသို့ မိန့်မြွက်ထား၏။

وَلَاتَرْكَنُوْا اِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ

ဆိုလိုသည်မှာ အပြစ်ဒုစရိုက်ကျူးလွန်သူများနှင့်အတူ တွေ့ဆုံဆက်ဆံခြင်း မပြုလေနှင့်။ သို့မဟုတ် ပါက 'ဂျဟန္နမ်' အပယ်ငရဲဘုံ၌ ဆိုက်ရောက်လိမ့်မည်။

အထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာသော် ဆွဟာဗာများသည် ကိုယ်တော်အား လျှောက် ထားသည်မှာ အို့ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ၎င်းတို့၏ ထိုင်ဝိုင်း၌ သွားခြင်းနှင့်ပတ်သက်၍ သတ်မှတ် ချက်မရှိ တားမြစ်ထားသော် ကျွန်ုပ်တို့သည် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'၌ နမာဇ်ဝတ်ပြုခြင်းနှင့် 'သွဝါးဖ်' လှည့်ခြင်းသည်လည်း လက်လွှတ်ဆုံးရှုံးသွားလိမ့်မည်။ အကြောင်းမှာ ၎င်းတို့သည် ထိုနေရာတွင် အမြဲတမ်း ထိုင်နေကြသည်။ (ဤအဖြစ်အပျက်သည် မက္ကာဟ်အား အောင်နိုင်ခြင်းမရှိမီအလျင် ဖြစ်ပျက်ခဲ့သည်။) ထို့ပြင် ၎င်းတို့၏ လုပ်ရပ်သည်ပင်လျှင် အပြစ်ဖွဲ့ခြင်း၊ မကောင်းပြောဆိုခြင်း ဖြစ်သည်။ ထိုအပေါ် အခြား အာယသ်တော်သည် ထိုအာယသ်တော်၏နောက်တွင် ကျရောက်လာခဲ့လေသည်။

وَمَاعَلَى الَّذِيْنَ يَتَّقُوْنَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّلٰكِنْ ذِكْرٰى لَعَلَّهُمْ يَتَّقُوْنَ ٥

ဆိုလိုသည်မှာ အကြွင်သူတို့သည် ရှောင်ကြဉ်မှုတရား ထားရှိကြ၏။ အကယ်၍ ၎င်းတို့သည် မိမိတို့၏ အလုပ်ဖြင့် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'သို့ သွားမည်ဆိုသော် ထိုဆိုးသွမ်းထားသောသူတို့၏ မကောင်း သော ကျင့်ကြံမှုသည် ၎င်းတို့အပေါ် တာဝန်မရှိပေ။ သို့သော် အမှန်တရားများအား ၎င်းတို့အပေါ် ပို့ချနေရန် တာဝန်ရှိသည်။ အကြောင်းမှာ ထိုသူတို့သည် ထိုဆုံးမသြဝါဒတော်အား နာခံ၍ စစ်မှန်သော လမ်းသို့ ရောက်လာနိုင်သည်။

တတိယအာယသ်တော်၌လည်း ဤအကြောင်းအရာကိုသာလျှင် လေးနက်မှုပိုမိုဖြစ်ထွန်းစေရန် အလို့ငှာ ဤကဲ့သို့ အမိန့်ရှိထားသည်။

وَذَرِالَّذِيْنَ اتَّخَذُوْا دِيْنَهُمْ لَهْوًا وَّلَعِبًا

ထိုအာယသ်တော်၌ ذَرْ ဆိုသော စကားလုံးသည် وَذْرٌ မှ ပြုလုပ်ထားသော စကားလုံးဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ ကိုယ်တော်က အကြွင်သူများသည် မိမိတို့၏ သာသနာအား ကစားခုန်စား ပျော်ရွှင် မြူးထူးဖွယ်အဖြစ် ပြုလုပ်ထားသည့်အတွက် ၎င်းတို့အား စွန့်လွှတ်ထားပါလေ။ ၎င်းစကားလုံးသည် အဓိပ္ပာယ် နှစ်မျိုးဖြစ်နိုင်ပေသည်။ တစ်မျိုးမှာ စစ်မှန်သောသာသနာဆိုသည်မှာ ၎င်းတို့အတွက် အစ္စလာမ်သာသနာ

အား ချပေးခဲ့လေသည်။ ၎င်းသာသနာအား ကခုန်ကစားစရာ ပြောင်လှောင်ပျက်ရယ်စရာအဖြစ် ပြုလုပ်ထားကြသည်။ ဒုတိယတစ်မျိုးမှာ ၎င်းတို့သည် စစ်မှန်သော သာသနာအား စွန့်လွှတ်၍ မိမိတို့၏ သာသနာထဲ၌ ကခုန်ကစားခြင်းကို ဖန်တီးထား၏။ သို့ပါ၍ အဓိပ္ပာယ်နှစ်ခုစလုံးသည် တစ်ခုတည်းသာလျှင် ဖြစ်ပေသည်။

ထို့နောက် ဤသို့ အမိန့်ရှိသည်မှာ وَغَرَّتۡهُمُ ٱلۡحَيَوٰةُ ٱلدُّنۡيَا ဆိုလိုသည်မှာ ၎င်းတို့သည် လောကီသက်တမ်းမှ ဝံ့ကြွားမှုနှင့် လှည့်စားမှုထဲ၌ ဖြစ်ရှိနေ၏။ ဤသည် ၎င်းတို့ ရောဂါဆိုး၏ စစ်မှန်သော အကြောင်းခံအား တင်ပြနေသည်မှာ ၎င်းတို့၏ ဆိုးသွမ်းမှုဟူသမျှနှင့် အမိန့်ဖီဆန်ခြင်း၏ အဓိကအကြောင်းအရင်းမှာ လောကီသက်တမ်း၌သာ အဆန်းစစ်ခံနေခြင်းဖြစ်သည်။ ထို့ပြင် နောင်တမလွန်အာခေရယ်အား မေ့လျော့ ထားကြ၏။ အကယ်၍ နောင်တမလွန်အာခေရယ်နှင့် 'ကေယာမသ်' နေ့အား ယုံကြည်မည်ဆိုသော် ဤသို့သော အပြုအမူမျိုး ပြုလုပ်မည်မဟုတ်ပေ။

ထိုအာယသ်တော်၌ ကိုယ်တော်မြတ် ﷺ နှင့် မွတ်စ္လင်မ်ထုတစ်ခုအားလုံးအား အမိန့်တော်နှစ်ရပ်အား ပေးထား၏။ ပထမအမိန့်တော်တစ်ရပ်မှာ ဤသို့သော ပုဂ္ဂိုလ်များနှင့် သီးခြားနေထိုင်ရန်ဖြစ်သည်။ ၎င်းအား အထက်ပါအကြောင်းအရာ၌ တင်ပြခဲ့ပြီးဖြစ်၏။ ဒုတိယအမိန့်တော်တစ်ရပ်မှာ ၎င်းတို့နှင့် သီးခြားနေရုံ ကျောခိုင်းထားရုံ မလုံလောက်ပေ။ သို့သာမက ကျမ်းတော်မြတ်ကုရ်အာန်၏ သဟဲဖြင့် ၎င်းတို့အား ဆုံးမနေရမည်။ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှလည်း ခြိမ်းခြောက်နေရမည်။

နောက်ဆုံးအာယသ်တော်၌ ထိုအပြစ်ဒဏ်၏ အကျယ်ရှင်းလင်းချက်အား ဤသို့ ရှင်းလင်းတင်ပြထား၏။ အဘယ်သို့ဆိုသော် အကယ်၍ ၎င်းတို့၏ အခြေအနေသည် ဤအခြေအနေအတိုင်းပင် တည်ရှိနေမည်ဆိုသော် ဤပုဂ္ဂိုလ်သည် မိမိတို့၏ မကောင်းသည့် လုပ်ရပ်၏ ဝဲဂရက်၌ ငြိတွယ်သွားလိမ့်မည်။ အာယသ်တော်၌ ဤနေရာတွင် أَن تُبۡسَلَ ဟူသော စကားလုံးအား အသုံးပြု မိန့်မြွက်ထား၏။ ၎င်း၏ အဓိပ္ပာယ်မှာ ဖမ်းဆီးချုပ်နှောင်ထားခြင်းဟု ရသည်။

လောကီ၌ လူသားတို့၏ အကျင့်တစ်ခုရှိသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်ပေါ် အများကျူးလွန်မိသည်ဖြစ်စေ၊ (သို့) ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဖြစ်စေ ၎င်း၏အစား ထိုသူတို့၏ ရှေ့မှောက် ဆိုက်ရောက်လာသော် ၎င်းအပြစ်ဒဏ်မှ ရှောင်ရှားနိုင်ရန်အတွက် အကြောင်းခံ (၃) မျိုးအား ရွေးချယ်လေ့ရှိ၏။ ရုံဖန်ရုံခါ အုပ်စုအဖွဲ့အစည်း၏ အင်အားဖြင့် ၎င်းတို့နှင့် ဆန့်ကျင်ဘက်အသုံးပြုပြီး မိမိညှဉ်းပန်းနှိပ်စက်ခြင်း၏ အစား ရှောင်ရှားရန် ကြိုးပမ်းမှုပြုကြ၏။ အကယ်၍ ထိုသို့ပြုမူရန် မစွမ်းနိုင်ပါမူ အကြီးအကဲများ၏ အသနားခံမှုအား အသုံးချလေသည်။ ဤသို့ဖြင့်လည်း မလုံလောက်သော် မိမိကိုယ်ကို မိမိ အပြစ်မှ ကယ်တင်ရန် အတွက် ဥစ္စာပစ္စည်းအချို့အား အသုံးပြုလေသည်။ ဤအာယသ်တော်သည် အလ္လာဟ်အသျှင်မြတ်မှ တင်ပြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် အပြစ်ရှိသူအား အပြစ်မှ ကယ်တင်နိုင်ရန် မည်သည့် မိတ်ဆွေမှ စွမ်းဆောင်နိုင်မည် မဟုတ်။ ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ မည်သ

တစ်ဦးတစ်ယောက်မှ အသနားခံပေးနိုင်မည်မဟုတ်။ ရုပ်ဝတ္ထုအဆုံး တစ်လောကလုံးရှိ ပစ္စည်းဥစ္စာများဖြင့်လည်း အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်အလို့ငှာ လက်ဆောင်အဖြစ်ပြု၍ ပေးသော်ငြားလည်း ထိုအရာအား အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် လက်ခံသဘောတူတော်မူမည် မဟုတ်ပေ။

နောက်ဆုံးအာယသ်တော်၌

اُولٰٓئِكَ الَّذِيْنَ اُبْسِلُوْا بِمَا كَسَبُوْا لَهُمْ
شَرَابٌ مِّنْ حَمِيْمٍ وَّعَذَابٌ اَلِيْمٌۢ بِمَا كَانُوْا يَكْفُرُوْنَ

ဆိုလိုသည်မှာ ဤသူတို့သည် မိမိတို့၏ မကောင်းသည့် အပြုအမူများကြောင့် ဖမ်းဆီးခြင်းကို ခံရလေပြီ။ ၎င်းတို့ သောက်ရန်အတွက် 'ဂျဟန္နမ်'၏ အလွန်ပူလောင်သော ရေကိုလည်း တိုက်ကျွေးလိမ့်မည်ဖြစ်သည်။ အကြင်အာယသ်တော်နှင့် ပတ်သက်၍ ဒုတိယအာယသ်တော်၌ လာရှိသည်မှာ ထိုဆူပွက်ပူလောင်နေသော ရေသည် ၎င်းတို့၏ ဝမ်းဗိုက်အား အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်လိုက်မည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ ကုဖ္ဖရ်နှင့် ငြင်းပယ်မှု၏ အစား၌ အခြားကြောက်မက်ဖွယ်ရာကောင်းသော အခြားအပြစ်ဒဏ်လည်း ရှိပေလိမ့်မည်။

နောက်ဆုံးအာယသ်တော်မှ သိရှိရသည်မှာ ဤနောင်တမလွန်အာခိရသ်အား မေ့လျော့ရသော ပုဂ္ဂိုလ်များသည် လောကီသက်တမ်း၌ နစ်မြုပ်နေသည့်အတွက်သာလျှင် ဖြစ်ကြောင်း သိရှိရပေသည်။ ၎င်းတို့၏ အသိုင်းအဝိုင်းတို့၌ နေထိုင်ခြင်းသည်လည်း ထိုအထဲ၌ ပါဝင်လေသည်။ လူသားများအဖို့ ပျက်စီးရာပျက်စီးကြောင်း ဖြစ်လေစွ။ ၎င်း၏ ရလဒ်မှာ ထိုသူတို့၏ အသိုင်းအဝိုင်း၌ နေထိုင်နစ်မွန်းသောသူများအဖို့လည်း အပြစ်ဒဏ်၏ သားကောင် ဖြစ်သွားလိမ့်မည်။

ထိုအာယသ်တော်သုံးခုမှ မွတ်စ္စလင်မ်များအဖို့ မကောင်းသော အသိုင်းအဝိုင်းနှင့် ထိုင်ဝိုင်းသည် လူသားများအတွက် သေစေနိုင်သော အဆိပ်ဖြစ်ကြောင်း သိရှိရလေသည်။ လူသားအား မကောင်းမှု ဟူသမျှနှင့် ဒုစရိုက်နစ်မွန်းစေသည့် အရာသည် ထိုမကောင်းသော အသိုင်းအဝိုင်းဖြစ်ကြောင်း ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များအပြင် အတွေ့အကြုံအရလည်း သက်သေသာဓကရှိလေသည်။ အကြင်အသိုင်းအဝိုင်း၌ နစ်မွန်းသွားပြီးသည့်နောက် ပထမပိုင်းတွင် လူသားသည် စိတ်နှင့် ဆန့်ကျင်သော မကောင်းမှုများ၌ နစ်မန်းသွားပြီး ၎င်း၏ အကျင့်ဖြစ်ရှိသွားမည်ဆိုသော ဤမကောင်းမှု၏ ခံစားချက်သည်လည်း ကုန်ဆုံးသွားမည်။ သို့သာမက မကောင်းမှုအား ကောင်းမှု ထို့ပြင် ကောင်းမှုအား မကောင်းမှုဟု မှတ်ယူလိမ့်မည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ပုဒ်၌ ကိုယ်တော်မြတ် ﷺ အမိန့်ရှိသည်မှာ အကြင်သူတစ်ဦးတစ်ယောက်သည် ဦးစွာပထမ အပြစ်ကျူးလွန်သော ၎င်း၏ နှလုံးသား၌ အမဲစက်တစ်စက် စွန်းထင်သွားလေသည်။ ပမာဆိုရသော် အဖြူရောင်အဝတ်အစား၌ အမဲစက်တစ်စက် စွန်းထင်သွားသော် လူတိုင်း မနှစ်မြို့သကဲ့သို့ ၎င်းအဖို့ရာလည်း 'ဂိုနာဟ်'အကုသိုလ်ကြောင့် စိတ်ထဲ၌ မနှစ်မြို့မှု ပေါ်ပေါက်မည်။ သို့သော် 'ဂိုနာဟ်' တစ်ခုပြီးတစ်ခု ကျူးလွန်ခဲ့သော 'ဂိုနာဟ်'နှင့်ပတ်သက်၍ 'သောင်ဗာဟ်'အမှားဝန်ခံမှုမပြုလုပ်ဘဲ ဆက်တိုက်

အပြစ်ကျူးလွန်ပြီး အမဲစက်များ စွန်းထင်၍ နှလုံးသားတစ်ခုလုံး မဲမှောင်သွားမည်။ ၎င်း၏ရလဒ်မှာ ထိုပုဂ္ဂိုလ်သည် ကောင်းခြင်း၊ မကောင်းခြင်းအား ခွဲခြားနိုင်ခြင်း မရှိတော့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်၌ ထိုအချက်အား رَان ဆိုသော စကားလုံးဖြင့် အသုံးပြုထားလေသည်။

كَلَّا بَلْ رَانَ عَلٰى قُلُوْبِهِمْ مَا كَانُوْا يَكْسِبُوْنَ

ဆိုလိုသည်မှာ မကောင်းမှုဒုစရိုက်ကြောင့် ၎င်းတို့၏ နှလုံးသားတွင် သံချေးတက်သွားလိမ့်မည်။

ထို့ပြင် စဉ်းစားသုံးသပ်မည်ဆိုသော် လူသားအား ဤအခြေအနေသို့ ဆိုက်ရောက်စေသည့်အရာသည် များသောအားဖြင့် ၎င်း၏ မှားယွင်းသော အသိုင်းအဝိုင်းနှင့် မကောင်းသော ထိုင်ဝိုင်းဖြစ်လေသည်။ (အလ္လာဟ်အသျှင်မြတ်ထံ ထိုသို့သော အသိုင်းအဝိုင်းမှ ခိုလှုံမှုတောင်းခံပါ၏။) သို့ပါ၍ ကလေးသူငယ်များ၏ အုပ်ထိန်းသူများအဖို့ မိမိတို့၏ သားသမီးများအား မကောင်းသော အသိုင်းအဝိုင်းမှ ပြည့်ပြည့်ဝဝ ကြိုးပမ်းပြီး ကယ်တင်ရန် အရေးကြီးလေသည်။

အရှေ့အာယသ်တော် သုံးအာယသ်၌လည်း ရှုရစ်ကု၏ ဆိုးကျိုးနှင့် 'သောင်ဟီးဒ်' တရားတော်နှင့် နောင်တမလွန် အာခေရသ်အား အတည်ပြုပြဋ္ဌာန်းထားသော အကြောင်းအရာများဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်သည် ပေါ်လွင်ထင်ရှားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

قَوْلُهُ الْحَقُّ ۚ وَلَهُ الْمُلْكُ يَوْمَ يُنْفَخُ فِي الصُّوْرِ ۚ عٰلِمُ الْغَيْبِ وَ الشَّهَادَةِ ۚ وَهُوَ الْحَكِيْمُ الْخَبِيْرُ ۝

၆ : ၇၃ ။ ။ ထိုအသျှင်မြတ်၏ အမိန့်တော်သည် လေးနက်ထိရောက် သော အမိန့်တော်ပင် ဖြစ်၏။ ၎င်းပြင် တံပိုးခရာမှုတ်မည့်နေရာတွင် စိုးမိုးအုပ်ချုပ်ခြင်း (အာဏာ) သည် ထိုအသျှင်မြတ်ထံ တော်၌သာ ရှိမည်။ (ထိုအသျှင်မြတ်သည်) အကွယ်၌ ရှိသည်ကိုလည်းကောင်း၊ ရှေ့မှောက်တွင် ရှိသည်ကိုလည်းကောင်း (အကြွင်းမဲ့) သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ (အကြောင်းစုံတို့ကို အကြွင်းမဲ့) ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

وَإِذْ قَالَ إِبْرٰهِيْمُ لِأَبِيْهِ اٰزَرَ
أَتَتَّخِذُ أَصْنَامًا اٰلِهَةً ۚ إِنِّيْ أَرٰىكَ وَقَوْمَكَ فِيْ ضَلٰلٍ مُّبِيْنٍ ۝

၆ : ၇၄ ။ ။ ထို့ပြင် (နဗီတမန်တော်) အီဗ္ဗရာဟီမ် (၏ ဖြစ်ရပ်ကို ပြန်လည် သတိရကြလေကုန်။) တစ်ရံရောအခါ (နဗီတမန်တော်) အီဗ္ဗရာဟီမ်သည် မိမိ၏ ဖခင် အာဇရ်အား အသင်သည် ရုပ်တုဆင်းတုများကို ကိုးကွယ်ရာအသျှင်အဖြစ် ပြုလုပ်ကိုးကွယ်ပါသလော။ အမှန်စင်စစ် အသင်နှင့်တကွ အသင်၏ အမျိုးသားတို့သည် အလွန်ထင်ရှားစွာသော လမ်းမှားမှု၌ (ကျရောက်နေကြောင်း ကျွန်ုပ်) မြင်တွေ့နေရပါသည်' ဟု ပြောကြားခဲ့လေသည်။

وَكَذَٰلِكَ نُرِيٓ إِبۡرَٰهِيمَ مَلَكُوتَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَلِيَكُونَ
مِنَ ٱلۡمُوقِنِينَ ﴿٧٥﴾

၆ : ၇၅ ။ ။ စင်စစ် ထိုနည်းတူစွာ ငါအသျှင်မြတ်သည် (နဗီတမန်တော်) အီဗွရာဟီမ်အား လေးနက်စွာ သက်ဝင်ယုံကြည်သော သူတို့တွင် အပါအဝင်ဖြစ်စေရန်အတွက် ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်တော်မူကြောင်းကို ပြသတော်မူခဲ့လေသည်။

فَلَمَّا جَنَّ عَلَيۡهِ ٱلَّيۡلُ رَءَا كَوۡكَبٗاۖ قَالَ هَٰذَا
رَبِّيۖ فَلَمَّآ أَفَلَ قَالَ لَآ أُحِبُّ ٱلۡأٓفِلِينَ ﴿٧٦﴾

၆ : ၇၆ ။ ။ သို့ဖြစ်ပေရာ ညဥ့် (၏ အမိုက်မှောင်) သည် ထို (အီဗွရာဟီမ်) ၏ အပေါ်ဝယ် လွှမ်းမိုးလာသောအခါ ကြယ်တစ်လုံးကို တွေ့မြင်ခဲ့လေသည်။ ထိုအခါ (နဗီတမန်တော်) အီဗွရာဟီမ်က ဤသည် ငါ၏ အသျှင်သခင်ဖြစ်သည်ဟူ၍ ဆိုခဲ့သည်။ တစ်ဖန် ထိုကြယ်ပျောက်ကွယ်သွားသောအခါ ‘ငါသည် ပျောက်ကွယ်သွားသော အရာများကို မနှစ်သက်ပေ’ ဟူ၍ ပြောဆိုခဲ့လေသည်။

فَلَمَّا رَءَا ٱلۡقَمَرَ بَازِغٗا
قَالَ هَٰذَا رَبِّيۖ فَلَمَّآ أَفَلَ قَالَ لَئِن لَّمۡ يَهۡدِنِي رَبِّي لَأَكُونَنَّ
مِنَ ٱلۡقَوۡمِ ٱلضَّآلِّينَ ﴿٧٧﴾

၆ : ၇၇ ။ ။ တစ်ဖန် (တမန်တော်အီဗွရာဟီမ်) လကို လင်းဝင်းစွာ တွေ့မြင်ရသောအခါ ‘ဤသည် ငါ၏ အသျှင်သခင်ဖြစ်သည်’ ဟူ၍ ပြောဆိုခဲ့ပြန်သည်။ သို့သော် ထိုလမှာလည်း ကွယ်ပျောက်သွားခဲ့လေသောအခါ (တမန်တော်အီဗွရာဟီမ်က) ‘အကယ်၍သာ ငါ့အား ငါ၏ အသျှင်သခင်က တရားလမ်းမှန်သို့ ပို့တော်မူခြင်း မရှိခဲ့ပါလျှင် ဧကန်မုချ ငါသည်လည်း လမ်းမှားသောသူတို့တွင် အပါအဝင်ဖြစ်သွားပေမည်’ ဟူ၍ ပြောဆိုခဲ့လေသည်။

فَلَمَّا رَءَا ٱلشَّمۡسَ بَازِغَةٗ قَالَ هَٰذَا رَبِّي
هَٰذَآ أَكۡبَرُۖ فَلَمَّآ أَفَلَتۡ قَالَ يَٰقَوۡمِ إِنِّي بَرِيٓءٞ مِّمَّا تُشۡرِكُونَ ﴿٧٨﴾

၆ : ၇၈ ။ ။ ထို့နောက်တစ်ဖန် (တမန်တော်အီဗွရာဟီမ်သည်) နေကို ထွန်းလင်းတောက်ပစွာ တွေ့မြင်ပြန်လေသောအခါဝယ် ‘ဤသည်ပင်လျှင် ငါ့အား ဖန်ဆင်းတော်မူသော အသျှင်၊ ဤသည်ပင်လျှင် အကြီးဆုံးဖြစ်သည်’ ဟူ၍ ပြောဆိုခဲ့ပြန်သည်။ သို့ရာတွင် ထိုနေသည်လည်း ကွယ်ပျောက်သွားသောအခါ (တမန်တော်အီဗွရာဟီမ်က) ‘အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့ တွဲဖက်နိုင်းယှဉ်ကိုးကွယ်လျက်ရှိကြကုန်သော အရာခပ်သိမ်းတို့မှ လုံးဝလွတ်ကင်းသည်’ ဟုပြောဆိုခဲ့လေသည်။

إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمَاوَاتِ وَالْأَرْضَ حَنِيفًا ۖ وَمَا
أَنَا مِنَ الْمُشْرِكِينَ ﴿٧٩﴾

၆ : ၇၉ ။ ။ ကျွန်ုပ်သည် မိမိမျက်နှာကို မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက် သို့သာလျှင် အာရုံစူးစိုက်လျက် ဖြောင့်မတ်တည်ကြည်သူအဖြစ် လှည့်ခဲ့လေပြီ။ စင်စစ် ငါသည် (အသျှင်မြတ်နှင့် အခြားအရာ ကို) တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူတို့အနက်မှ လုံး၀ ပါ၀င်သည်မဟုတ်ပေ။

وَحَاجَّهُ قَوْمُهُ ۚ قَالَ أَتُحَاجُّونِّي فِي اللَّهِ
وَقَدْ هَدَانِ ۚ وَلَا أَخَافُ مَا تُشْرِكُونَ بِهِ إِلَّا أَنْ يَشَاءَ رَبِّي شَيْئًا ۗ
وَسِعَ رَبِّي كُلَّ شَيْءٍ عِلْمًا ۗ أَفَلَا تَتَذَكَّرُونَ ﴿٨٠﴾

၆ : ၈၀ ။ ။ ၎င်းနောက် ထို (အီဗ္ဗရာဟီမ်) ၏ အမျိုးသားများက ထို (အီဗ္ဗရာဟီမ်) နှင့် အချေအတင် ပြောဆိုငြင်းခုံ ကြလေသည်။ ထိုအခါ (တမန်တော်အီဗ္ဗရာဟီမ်က) အသင်တို့သည် (တစ်ဆူတည်းသော) အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ငါနှင့် အငြင်းအခုံ ပြုလုပ်ကြလေသလော။ ညွှန်ပြတော်မူခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့ နိုင်းယှဉ်ကိုးကွယ်ကြကုန် သောအရာများကို ကြောက်ရွံ့သည်မဟုတ်။ သို့သော် ငါ၏ အသျှင်မြတ်သည် (ငါ့အား) တစ်စုံတစ်ရာ ဖြစ်စေလိုလျှင်မူကား (ဖြစ်နိုင်၏။) ငါ၏ အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အသိပညာအားဖြင့် လွှမ်းခြုံလျက်ရှိတော်မူသည်။ သို့ပါလျက် အသင်တို့သည် သတိမမူကြလေသလော။

وَكَيْفَ أَخَافُ مَا
أَشْرَكْتُمْ وَلَا تَخَافُونَ أَنَّكُمْ أَشْرَكْتُمْ بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ عَلَيْكُمْ
سُلْطَانًا ۚ فَأَيُّ الْفَرِيقَيْنِ أَحَقُّ بِالْأَمْنِ ۖ إِنْ كُنْتُمْ تَعْلَمُونَ ﴿٨١﴾

၆ : ၈၁ ။ ။ စင်စစ် ငါသည် အသင်တို့ နိုင်းယှဉ်ကိုးကွယ်ကြသည်များကို အဘယ်ကြောင့် ကြောက်ရွံ့ရမည်နည်း။ စင်စစ်မှာ အသင်တို့သည် အကြင်အရာများကို အလ္လာဟ်အသျှင်မြတ်နှင့် နိုင်းယှဉ်ကိုးကွယ်နေခြင်းကိုပင် ကြောက်ရွံ့စိုးရိမ် ကြသည်မရှိပေ။ ထိုအသျှင်မြတ်သည် ယင်းအရာများနှင့်စပ်လျဉ်း၍ မည်သည့်သက်သေအထောက်အထားကိုမျှ အသင်တို့အပေါ် ၀ယ် ချပေးတော်မူခဲ့သည် မဟုတ်ပေ။ သို့ဖြစ်ပေရာ (ငါတို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် ဘေးရန်ကင်းငြိမ်းမှုကို ပို၍ ရထိုက်သနည်း။ အကယ်၍ အသင်တို့ သိရှိကြလျှင် (ပြောပြကြလေကုန်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းနောက် ထိုအချိန်သည်လည်း မှတ်သားထားထိုက်သည့်အချိန် ဖြစ်သည်။ အိဗ္ဗရာဟီမ် عليه السلام သည် မိမိဖခင်အား မိန့်ဆိုသည်မှာ အသင်သည် ရုတ်တုများကို ကိုးကွယ်ရာအဖြစ် သတ်မှတ်လိုက်ပြီလော။ မုချ ဧကန် ကျွန်ုပ်သည် အသင်နှင့် အသင်၏ မျိုးနွယ်စုအားလုံးကို (အကြင်သူများသည် ယုံကြည်ချက်ပိုင်း ဆိုင်ရာတွင် အသင်နှင့်အတူ ရှိကြသည်။) လုံး၀ မှားယွင်းနေသည်ဟု ကျွန်ုပ် မြင်ပေသည်။ ကြယ်တာရာ များနှင့် ပတ်သက်၍ ရှေ့ဆက်တင်ပြသွားပေမည်။ အလယ်၌ တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ အမြင်မှန်ကို တင်ပြထားခြင်းသည် အတိတ်နှင့် အနာဂတ်နှစ်ခုစလုံးနှင့် ပတ်သက်နေပေသည်။ မိန့်တော် မူသည်မှာ ငါအသျှင်မြတ်သည် ဤကဲ့သို့ပင် ပြည့်စုံစွာဖြင့် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ကို မိုးကောင်းကင် များနှင့် မြေပထဝီရှိ အဖန်ဆင်းခံများအားလုံးကို ပြသတော်မူခဲ့၏။ သို့မှသာ ထိုနဗီသည် ဖန်ဆင်းရှင်၏ 'ဇားသ်' တော်နှင့် ဂုဏ်တော်များကို သိကျွမ်းသွားမည်ဖြစ်သည်။ ငင်းနောက် သို့မှသာ ယုံကြည်ချက် ပြည့်ဝသော သူများ၌ ပါ၀င်သွားမည်ဖြစ်သည်။ ရှေ့ဆက်ပြီး ကြယ်တာရာများနှင့်စပ်လျဉ်း၍ စကားအခြေအတင် ဖြစ် ခြင်းကို တင်ပြသွားပေမည်။ ရှေ့တွင် တင်ပြခဲ့သော စကားရပ်မှာ ရုပ်တု၊ ဆင်းတုများနှင့်ပတ်သက်၍ ဖြစ်သည်။ တစ်ဖန် ထိုညမှာပင် (သို့) တစ်ညတွင် ညအမှောင်ထုသည် ငင်းတို့အပေါ် လွှမ်းမိုးသွားသော အခါ ငင်းတို့သည် ကြယ်တာရာတစ်ခုကို တွေ့မြင်ကြ၏။ ယင်းကြယ်သည် လင်း၀င်းတောက်ပနေ၏။ နဗီတမန်တော် عليه السلام သည် မိမိမျိုးနွယ်စုများအား ရည်ညွှန်းမိန့်ဆိုသည်မှာ အသင်တို့၏ တွေးခေါ်ချက်နှင့် အညီ ဤသည် ကျွန်ုပ်နှင့် အသင်တို့၏ (အခြေအနေများကို ကိုင်တွယ်နေသော) အသျှင်သခင်ဖြစ်သည်။ (ယခု ခေတ္တနေပြီးနောက် အရင်းခံကို သိရှိသွားကြမည်ဖြစ်သည်။ သို့ရှိရာ အတန်ကြာတွင် ထိုကြယ်တာရာ များသည် ကောင်းကင်ပေါ်တွင် ပျောက်ကွယ်သွားကြသည်။)

ငင်းနောက် ကြယ်တာရာများ ပျောက်ကွယ်သွားသောအခါ ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام မှ မိန့်တော်မူ သည်မှာ ကျွန်ုပ်သည် ပျောက်ကွယ်သွားသော အရာများအား ချစ်ခင်စိတ်မထားချေ။ ချစ်စိတ်သည် အလ္လာဟ် အသျှင်မြတ်အပေါ် ယုံကြည်အားကိုးခြင်းဖြင့်သာ ရရှိသောအရာဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်အနေနှင့် ထိုအရာများကို အသျှင်ဟု မှတ်ယူခြင်းမရှိပေ။ တစ်ဖန် ထိုညတွင် သို့မဟုတ် အခြားတစ်ညတွင် တောက်ပ နေသော လကို မြင်တွေ့သောအခါ အဆိုပါအတိုင်း မိန့်တော်မူသည်မှာ အသင်တို့၏ အတွေးအခေါ်နှင့်အညီ ဤသည် ကျွန်ုပ်နှင့် အသင်တို့၏ အသျှင်သခင်ဖြစ်သည်။ အတန်ကြာပြီးနောက် ထိုလ၏ အခြေအနေအား မြင်တွေ့နေသည်မှာ ငင်းသည် ပျောက်ကွယ်သွားလေသည်။ ထိုအခါ သခင်က မိန့်တော်မူသည်မှာ အကယ်၍ ကျွန်တော်မျိုးအား ကျွန်ုပ်၏ အသျှင်သခင်သည် စစ်မှန်သည့် လမ်းမှန်တရားကို ယခုအချိန်အထိ မညွှန်ကြား ခဲ့ပါမူ ကျွန်ုပ်သည်လည်း အသင်တို့ကဲ့သို့ လမ်းမှားသောသူ၌ ပါ၀င်သွားမည်ဖြစ်သည်။ တစ်ဖန် နေမင်း ထွက်ပေါ်လာသောအခါ အလွန်တောက်ပသည့် နေရောင်ခြည်ကို မြင်တွေ့ရပြီး အဆိုပါအတိုင်း မိန့်တော် မူသည်မှာ အသင်တို့၏ အတွေးအခေါ်နှင့်အညီ ဤသည် ကျွန်ုပ်နှင့် အသင်တို့၏ အသျှင်သခင်ဖြစ်၏။

၄င်းနောက် ဤနေမင်းကြီးသည် ဖော်ပြပါကြယ်တာရာများအားလုံးထက် ကြီး၏။ ဤအချက်အပေါ်၌ပင် တင်ပြမည့်စကားရပ်များ ကုန်ဆုံးသွားမည်ဖြစ်သည်။

အကယ်၍ ယင်းနေမင်းကြီးသည် အသျှင်သခင်ဖြစ်ခြင်းမှာ ပျက်သုဉ်းသွားမည်ဆိုလျှင် ငယ်သော အရာများသည် ယင်းထက်မက ပို၍ ပျက်သုဉ်းသွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ ညနေအချိန် ရောက်ရှိသည် နှင့် ထိုနေမင်းကြီးလည်း ပျောက်ကွယ်သွား၏။ ထိုနေမင်းကြီး ပျောက်ကွယ်သွားသောအခါ မုချကေန် ကျွန်ုပ်သည် အသင်တို့၏ တုပနှိုင်းယှဉ်ခြင်းအား ရှုံမှုန်းသွားပြီဖြစ်သည်။ အလိုသဘောမှာ မုန်းခြင်းကို ထုတ်ဖော်ခြင်းဖြစ်သည်။ ယုံကြည်ချက်အရ ထာဝရ ရှုံမုန်းလျက်ရှိခဲ့သည်။ ကျွန်ုပ်သည် နည်းလမ်းပေါင်းစုံ အား လျစ်လျူရှု၍ မိမိ၏ ဦးတည်ရာကို စိတ်ပါဝင်စားစွာဖြင့် ထိုအသျှင်မြတ်၏ 'ဇားသ်'ဘက်သို့ အပေါ်ယံ အားဖြင့်သော်လည်းကောင်း၊ အတွင်းပိုင်းဆိုင်ရာအဖြစ်သော်လည်းကောင်း ဦးတည်လျက်ရှိကြောင်းကို အသင့် အား ထုတ်ဖော်ပြသပါမည်။

အကြင်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူ၏။ ကျွန်ုပ်သည် အသင် တို့ကဲ့သို့ တုပနှိုင်းယှဉ်သောသူများထံမှ မဟုတ်ပေ။ ယုံကြည်ချက်ပိုင်းဆိုင်ရာဖြစ်စေ၊ နှုတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ကျင့်သုံးခြင်းပိုင်းဆိုင်ရာ ဖြစ်စေ၊ တုပနှိုင်းယှဉ်ခြင်း အလျဉ်းမရှိပေ။ ထိုနဗီ၏ အုပ်စုများသည် ၄င်းအား အတိုက်အခံ စ၍ လုပ်ကြသည်။ ဤသည် ၄င်းတို့၏ ရှေးထုံးတမ်းစဉ်လာဖြစ်သည်။

وَجَدْنَا اٰبَآءَنَا لَهَا عَابِدِیْنَ

မှားယွင်းသည့် ကိုးကွယ်ခံများအား ငြင်းပယ်ခြင်းအပေါ် ခြိမ်းခြောက်ကြသည်မှာ ယင်းသို့ ငြင်းပယ် ခြင်းအပေါ် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုအခါ သခင်သည် ပထမစကားရပ်၏ အဖြေအား ဤသို့ မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိသည်ဟူသော အချက်နှင့် ပတ်သက်၍ ကျွန်ုပ်အား မဟုတ်မမှန်သည့်ပုံစံဖြင့် အတိုက်အခံလုပ်နေကြသည်။ ကေန်ဆိုလျှင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား မှန်ကန်သည့် အထောက်အထားများ၏ နည်းလမ်းကို ပြသခဲ့ပြီးဖြစ်သည်၊ အကြင်အထောက်အထားများကို ကျွန်ုပ်အနေနှင့် အသင်တို့ရှေ့မှောက်တွင် တင်ပြခဲ့ပြီးဖြစ်၍ ရှေးထုံးတမ်း စဉ်လာဖြစ်ခြင်းသည်သာလျှင် ထိုအထောက်အထား၏ အဖြေမဖြစ်နိုင်ပေ။ တစ်ဖန် ထိုအချက်အား အထောက် အထားအဖြစ် တင်ပြခြင်းသည် အသင်တို့အတွက် အရှည်းနီးဖြစ်ပြီး ကျွန်ုပ်ထံတွင် လက်ခံနိုင်ရန်မရှိပေ၊

၄င်းနောက် ဒုတိယအချက်အား အဖြေပေးမိန့်တော်မူသည်မှာ အသင်တို့အနေနှင့် အလ္လာဟ်အသျှင် မြတ်နှင့်အတူ ကိုးကွယ်ရာ၌ တုပနှိုင်းယှဉ်သော အရာမှာ ကျွန်ုပ် အလျဉ်းကြောက်ရွံ့ခြင်း မရှိပေ။ ထိုအရာ များသည် ကျွန်ုပ်အား မည်သို့မျှ ဒုက္ခပေးနိုင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုအရာများတွင် တန်ခိုး စွမ်းအား၏ အရည်အချင်းများ အလျဉ်းမရှိပေ။ အကယ်၍ အရာတစ်ခုတွင် ထိုစွမ်းအားရှိမည်ဆိုလျှင်လည်း တည်မြဲသည့်စွမ်းအား အလျဉ်းမဖြစ်နိုင်ပေ။ သို့သော် အကယ်၍ ကျွန်ုပ်၏ အသျှင်သခင်သာလျှင် အရာ တစ်ခုကို လိုလားပါက ထိုအရာသည် ဖြစ်ရှိသွားမည်ဖြစ်သည်။ ဤသည် သီးခြားအချက်တစ်ချက် ဖြစ်သည်

သို့သော် ထိုအချက်ကြောင့် မမှန်ကန်သော ကိုးကွယ်ခံများ၏ တန်ခိုးစွမ်းအားရှိကြောင်းကို အထောက်အထားပေးမည်။ သို့မဟုတ် ထိုအရာအား ကြောက်ရွံ့ရမည်ဟူ၍ မည်သို့ သတ်မှတ်မည်နည်း။ ၎င်းနောက် ကျွန်ုပ်၏ အသျှင်သခင်သည် ထိုအရာများမှ သိရှိရသည့်အတိုင်း တန်ခိုးစွမ်းအားရှိသကဲ့သို့ ထိုအသျှင်မြတ်သည် အရာတိုင်းကို မိမိ၏အသိတော်တွင် ခြုံငုံထားလျက် ရှိသည်။ ဆိုလိုသည်မှာ တန်ခိုးစွမ်းအားနှင့် အသိတော်သည် ထိုအသျှင်မြတ်အတွက် သီးသန့်ဖြစ်သည်။ ၎င်းနောက် အသင်တို့၏ ကိုးကွယ်ခံများသည် တန်ခိုးစွမ်းအား မရှိသကဲ့သို့ အသိတော်လည်း မရှိပေ။ အသင်တို့သည် ထိုအချင်းအရာများကို သိပါလျက်နှင့် အဘယ်ကြောင့် မစဉ်းစားမိကြသနည်း။ ကျွန်ုပ် ထိုအရာများကို မကြောက်ရခြင်း၏ အကြောင်းမှာ အသင်တို့၏ ကိုးကွယ်ခံများတွင် တန်ခိုးတော်နှင့် အသိတော်သည် အလျဉ်းမရှိခြင်းကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ မကြောက်ရွံ့ရခြင်း၏ အချက်တစ်ချက်မှာ ကျွန်ုပ်သည် ကြောက်ရွံ့ရမည့် အလုပ်ဟူ၍ မည်သည့်အလုပ်မှ ပြုလုပ်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အသင့်အနေနှင့် ကိုးကွယ်သည့်နေရာနှင့် ယုံကြည်ရမည့်နေရာတွင် အလ္လာဟ်အသျှင်မြတ်နှင့်အတူ တုပနှိုင်းယှဉ်ခြင်းပြုသော အရာများအား ကျွန်ုပ်အနေနှင့် အဘယ်ကြောင့် ကြောက်ရွံ့ရမည်နည်း။ စကန်အမှန် အသင်တို့သာ ကြောက်ရွံ့ကြရမည်ဖြစ်သည်။

ထိုသို့ ကြောက်ရွံ့သင့်သည်မှာ အချက်နှစ်ချက်ကြောင့် ဖြစ်သည်။ တစ်ချက်မှာ အသင်တို့သည် ကြောက်မက်ဖွယ်ကောင်းသည့် တုပနှိုင်းယှဉ်ခြင်းကို ပြုလုပ်ကြသည်။ ယင်းသို့ တုပနှိုင်းယှဉ်ခြင်းကြောင့် ပြစ်ဒဏ်များ ကျရောက်နိုင်၏။ ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ် သိတော်မူသော အသျှင်မြတ်နှင့် တန်ခိုးတော်ရှင်ဖြစ်ကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။ သို့သော် အသင်တို့သည် ထိုအချက်များကြောင့် ကျရောက်မည့် ဘေးဗလာများအား ကြောက်ရွံ့ကြခြင်း မရှိပေ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ ဤကဲ့သို့သော အရာများနှင့် တုပနှိုင်းယှဉ်မှုကို ပြုလုပ်ကြသည်။ အကြင်အရာများအား ကိုးကွယ်ခံထိုက်သည်ဟူ၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ် မည်ကဲ့သို့သော အထောက်အထားမှ ပို့ချပေးခဲ့ခြင်း မရှိပေ။ အလိုသဘောမှာ အသင်တို့အနေနှင့် ကြောက်ရွံ့ရမည့်အစား ကျွန်ုပ်အား ခြောက်လှန့်နေကြ၏။ သို့ရှိရာ အထက်ပါ တင်ပြချက်များအပေါ် တရားမျှတစွာ စဉ်းစားသုံးသပ်ပြီး တင်ပြလော။ ဖော်ပြပါအုပ်စုနှစ်စုထဲမှ (ဆိုလိုသည်မှာ မုရှ်ရစ်က်များအုပ်စုနှင့် အီမာန်ရှင်များအုပ်စု) ကြောက်မက်ဖွယ်ရာများနှင့် ရင်မဆိုင်ရဘဲ ငြိမ်းချမ်းသာယာမှုနှင့် မည်သူက ပို၍ ထိုက်တန်ပါသနည်း။ အကယ်၍ အသင်တို့ သိရှိကြမည်ဆိုလျှင် တမလွန်၏ ကြောက်မက်ဖွယ်ရာများသည် စကန်အမှန်ပင် ကြောက်မက်ဖွယ်ကောင်းလှပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များထက်အလျင် အာယသ်တော်များတွင် တမန်တော်မြတ် ﷺ အနေနှင့် မုရှ်ရစ်က်များကို မိန့်ခွန်းပြောကြားခြင်းနှင့် ရုပ်ထုများ ကိုးကွယ်ခြင်းကို စွန့်လွှတ်ပြီး အလ္လာဟ်အသျှင်မြတ်ကိုသာ ကိုးကွယ်ရန်အတွက် ဖိတ်ခေါ်ခြင်းကို တင်ပြထားပေသည်။

ဤအာယသ်တော်များတွင် ထိုအမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းအား ထူးခြားသည့် ပုံစံတစ်မျိုးဖြင့် အလေးအနက်ထား မိန့်တော်မူထားသည်။ ယင်းမိန့်ထားချက်များသည် ပင်ကိုယ်ဝေလေ့အရ အာရဗ်များအတွက် စိတ်တွင်း စွဲမြဲသွားနိုင်ဖွယ်ဖြစ်သည်။ ၎င်းမှာ တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် အာရဗ်မျိုးနွယ်တစ်ခုလုံး၏ ဘိုးဘေးဖြစ်သည်။ ထို့ကြောင့်ပင်လျှင် အာရဗ်များအားလုံးသည် ထိုတမန်တော်အား အမြဲတမ်းတစ်ညီတစ်ညွတ်တည်း ဂုဏ်ပေးလေးစားခဲ့ကြသည်။ ဤအာယသ်တော်များတွင် တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် ရုပ်တုကိုးကွယ်ကြသူများ၊ ကြယ်တာရာများကို ကိုးကွယ်ကြသူများအား ဆန့်ကျင်လျက် မိမိအုပ်စုနှင့် မည်သို့ ယှဉ်ထိုး စကားဆိုခဲ့သည်ကို တင်ပြထားပေသည်။ တစ်ဖန် အားလုံးကို 'တောင်ဟီး'၏ သင်ခန်းစာများ ပေးခဲ့ပေသည်။

ပထမအာယသ်တော်တွင် တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် မိမိ၏ဖခင် အာဇရ်အား ပြောဆိုသည်မှာ အသင်သည် မိမိလက်ဖြင့် ပြုလုပ်ထားသော ရုပ်တုများကို မိမိ၏ ကိုးကွယ်ရာအဖြစ် ပြုလုပ်လိုက်ပြီလော။ ကျွန်ုပ်သည် အသင်နှင့် အသင်၏ မျိုးနွယ်စုများအားလုံး လမ်းမှားရောက်နေသည်ဟု မြင်တွေ့ရပေသည်။

ကျော်ကြားသည်မှာ အာဇရ်သည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ ဖခင်အမည်ဖြစ်သည်။ သမိုင်းသုတေသီအများစုက ၎င်း၏ အမည်မှာ သာရိခ်ဖြစ်သည်ဟူ၍ တင်ပြကြပြီး အာဇရ်သည် ၎င်း၏ ဂုဏ်ပုဒ်ဖြစ်သည်။ ထို့နောက် အေမာမ်ရာဇီနှင့် ရှေးပညာရှင်များက တင်ပြကြသည်မှာ တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ ဖခင်အမည်မှာ သာရီးခ်ဖြစ်ပြီး ဘကြီးတော်အမည်မှာ အာဇရ်ဖြစ်သည်ဟု ဆိုကြပြန်သည်။ ၎င်း၏ ဘကြီးအာဇရ်သည် နမ်ရူးဒ်၏ ဝန်ကြီးချုပ်ဖြစ်ပြီးနောက် ရှရစ်ကဲ၌ နစ်မွန်းသွားခဲ့ပေသည်။ ၎င်းနောက် ဘကြီးတော်ကို ဖခင်ဟု ခေါ်ဆိုခြင်းသည် အာရဗ်များ၏ တွင်ကျယ်သော အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ထိုအသုံးအနှုန်းအရ အာယသ်တော်တွင် အာဇရ်အား တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ ဖခင်ဟူ၍ မိန့်တော်မူထားခြင်းဖြစ်သည်။ ဇုရ်ကာနီ (ရဟ) 'မဝါဟိဗ်'၏ ရှင်းလင်းချက်တွင် အဆိုပါအချက်အား အထောက်အထားများစွာဖြင့် တင်ပြထားပေသည်။

ယုံကြည်ချက်ပိုင်းဆိုင်ရာ နှင့် ကျင့်ကြံခြင်းပိုင်းဆိုင်ရာ များအား ပြုပြင်ရန် ဖိတ်ခေါ်ရာ၌ မိမိအိမ်နှင့် မိမိမျိုးနွယ်စုများမှ စတင် ဆောင်ရွက်သင့်ခြင်း

အာဇရသည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ ဖခင်ဖြစ်စေ၊ (သို့) ဘကြီးတော်ဖြစ်စေ၊ ဆွေမျိုးတော်စပ်မှုအရ ၎င်း၏ ရှိသေထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် ဦးစွာပထမ အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းအား မိမိအိမ်မှ အစပြုခဲ့ပါသည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ ကိုလည်း ထိုနည်းအတိုင်း မိန့်တော်မူထားပေသည်။

وَاَنْذِرْ عَشِيْرَتَكَ الْاَقْرَبِيْنَ

ဆိုလိုသည်မှာ မိမိနှင့် အနီးစပ်ဆုံးဆွေမျိုးသားချင်းများအား အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်ပါလေ။ တမန်တော်မြတ် ﷺ သည် ထိုမိန့်ကြားချက်၌အညီ ဦးစွာပထမ မိမိ၏ မျိုးနွယ်စုများအား 'ဆွဖွာ' တောင်ထိပ်ပေါ်သို့ တက်ကာ အမှန်တရားဘက်သို့ ဖိတ်ခေါ်ရန်အတွက် စုစည်းစေတော်မူသည်။

'သဗ်စီးရ်ဗဟ်ရေမုဟီးသ်' ကျမ်း၌ တင်ပြထားချက်အရ သိရှိရသည်မှာ အကယ်၍ မျိုးနွယ်စုထဲမှ ဂုဏ်သရေရှိသူ ပုဂ္ဂိုလ်တစ်ဦးသည် သာသနာ၏ လမ်းမှန်တရားပေါ်၌ မရှိပါက ထိုပုဂ္ဂိုလ်အား လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းသည် ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် မဆန့်ကျင်သည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် အကောင်းလိုလားခြင်းသာ ဖြစ်ပေသည်။ ထို့နောက် အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် တည့်မတ်အောင် ပြုပြင်ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို မိမိ၏ ဆွေမျိုးသားချင်းများမှ အစပြုခြင်းသည် တမန်တော် အပေါင်း၏ နည်းလမ်းပင်ဖြစ်၏။

မွတ်စ္စလင်မ်နှင့် ကာဖိရ်တို့၏ အမျိုးသားရေးအမြင်များ

၎င်းနောက် ဤအာယသ်တော်တွင် တမန်တော်အီဗ္ဗရာဟီမ် عليه السلام သည် မိမိ၏ ဆွေမျိုးသားချင်းများနှင့် မျိုးနွယ်စုများ၏ ပတ်သက်မှုကို မိမိဘက်သို့ ပြုရမည့်အစား ဖခင်အား ပြောဆိုသည်မှာ အသင်၏ မျိုးနွယ်စုများသည် လမ်းမှားလျက်ရှိ၏။ ထိုသို့ ပြောဆိုချက်၌ ကြီးမားသော စွန့်လွှတ်ခြင်းတစ်ခုဘက်သို့ ရည်ညွှန်းလျက်ရှိသည်။ ၎င်းမှာ တမန်တော်အီဗ္ဗရာဟီမ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် မိမိ၏ မုရှိရစ်ကိုညီနောင်များနှင့် အဆက်အသွယ်ဖြတ်၍ သုံးနှုန်းပြောဆိုခြင်းဖြစ်သည်။ ၎င်းနောက် မိမိလုပ်ရပ်ဖြင့် သင်ပြနေသည်မှာ မွတ်စ္စလင်မ်အမျိုးသားရေး တော်စပ်မှုသည် အစ္စလာမ်သာသနာတော်ပေါ် မူတည်ပေသည်။ မျိုးရိုးစဉ်ဆက်အရသော်လည်းကောင်း၊ ဇာတိမြေအရသော်လည်းကောင်း တော်စပ်ခဲ့သော် အမျိုးသားရေးသည် ထိုသာသနာတော်နှင့် ဆန့်ကျင်နေမည်ဆိုလျှင် ထိုအမျိုးသားရေးကို စွန့်လွှတ်လိုက်ပေသည်။ ကျမ်းတော်မြတ်သည် တမန်တော်အီဗ္ဗရာဟီမ် عليه السلام ၏ ထိုဖြစ်ရပ်ကို တင်ပြပြီးနောက် နောင်အနာဂတ်တွင် လာမည့် အုမ္မသ်များကို လမ်းညွှန်ထားသည်မှာ ထိုအုမ္မသ်များအားလုံးလည်း မိမိနှင့် ထပ်ချပ်မကွာ လျှောက်လှမ်းရန် ဖြစ်သည်။ မိန့်တော်မူသည်မှာ-

قَدْ كَانَتْ لَكُمْ اُسْوَةٌ حَسَنَةٌ فِىْ اِبْرَاهِيْمَ وَالَّذِيْنَ مَعَهٗ

اِذْ قَالُوْا لِقَوْمِهِمْ اِنَّا بُرَءٰٓؤُا مِنْكُمْ وَمِمَّا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ

အလိုသဘောမှာ တမန်တော်မြတ် ﷺ ၏ အုမ္မသ်အတွက် ကောင်းသောနည်းလမ်း၊ လိုက်နာထိုက်သည့် နည်းလမ်းပင် ဖြစ်သည်။ တမန်တော်အီဗ္ဗရာဟီမ် عليه السلام နှင့် ၎င်း၏ အပေါင်းအဖော်များသည် မိမိ

တို့၏ ခွေမျိုးတော်စပ်သူများနှင့် ဇာတိချက်ကြွေညီနောင်များအား ရှင်းရှင်းလင်းလင်း ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် အသင်တို့နှင့် အသင်တို့၏ မှားယွင်းသော ကိုးကွယ်မှုကြောင့် စိတ်ပျက်ပါ၏။ ကျွန်ုပ်တို့နှင့် အသင်တို့အကြား ရန်ငြိုးမှု၏ အုတ်တံတိုင်းသည် အသင်တို့အနေနှင့် တစ်ပါးတည်း တည်ရှိသော အလ္လာဟ် အသျှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းမပြုသည့် အချိန်အထိ တည်ရှိမည်ဖြစ်သည်။

ယင်းအချက်မှ သိရှိရသည်မှာ အမျိုးသားရေးအမြင်နှစ်ရပ် ရှိသည်။ ယင်းအမြင်ကြောင့်ပင် ပါကစ္စတန်နိုင်ငံ ဖြစ်ပေါ်စေခဲ့သည်။ ၎င်း၏ ပထမဦးဆုံး ကြွေးကြော်သံကို တမန်တော်အီဗ္ဗရာဟီမ် عليه السلام မှ မိန့်တော်မူခဲ့ခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ အွမ္မသ်များနှင့် အခြားအွမ္မသ်များသည် လမ်းညွှန်ချက်နှင့်အညီ ဤနည်းလမ်းကိုသာ ရွေးချယ်ခဲ့ကြသည်။ မွတ်စ္စလင်မ်များတွင် များသောအားဖြင့် အစ္စလာမ့်အမျိုးသားရေးကို သိကျွမ်းလာခဲ့ကြသည်။ နောက်ဆုံး 'ဟဂ်ျ'ခရီးစဉ်တွင် မြတ်နဗီနှင့် ကုန်သည်အုပ်စုတစ်စု တွေ့ဆုံခဲ့သည်။ ထိုအခါ မြတ်နဗီက 'အသင်တို့ မည်သည့်မျိုးနွယ်စုကများ ဖြစ်ကြပါသနည်း' ဟု မေးမြန်းရာ ၎င်းတို့က-

نَحنُ قَومٌ مُسلِمُونَ

ဟူ၍ ဖြေကြားခဲ့ကြသည်။ ထိုသို့ ဖြေကြားရာတွင် အာရဗ်တို့၏ ရှေးဓလေ့ထုံးစံနှင့်အညီ မျိုးနွယ်စုများနှင့် ခွေမျိုးသားချင်းများ၏ အမည်မတင်ပြဘဲ مُسلِمُونَ ဟု ပြောဆို၍ ထိုစစ်မှန်သည့် အမျိုးသားရေးကို တင်ပြလိုက်ခြင်းပင် ဖြစ်သည်။ ယင်းအမျိုးသားရေးသည် လောကမှစပြီး တမလွန်အထိ အသုံးဝင်မည့် အမျိုးသားရေးပင် ဖြစ်သည်။ တမန်တော်အီဗ္ဗရာဟီမ် عليه السلام သည် ဤနေရာ၌ မိမိဖခင်နှင့် စကားပြောဆိုချိန်တွင် သားချင်း၏ ဆက်နွယ်မှုကို မိမိဘက်သို့ ရည်ညွှန်း၍ မိမိစိတ်ပျက်ကြောင်းကို မိန့်ဆိုခဲ့သည်။ အကြင်နေရာ၌ မျိုးနွယ်စုများအား မိမိစိတ်ပျက်ကြောင်းနှင့် အဆက်အသွယ်ဖြတ်ကြောင်းကို ကြေငြာရမည့်အစား ထိုနေရာ၌ မိမိဘက်သို့ ရည်ညွှန်းဆက်နွယ်လျက် မိန့်ကြားတော်မူထား၏။ ပမာဆိုရသော် ရှေ့လာလျက်ရှိသော အာယသ်တော်၌

يٰقَومِ اِنِّى بَرِىٓءٌ مِمَّا تُشرِكُونَ

အလိုသဘောမှာ အို၊ ကျွန်ုပ်၏ မျိုးနွယ်စုအပေါင်းတို့၊ ကျွန်ုပ်သည် အသင်တို့၏ တုပနှိုင်းယှဉ်ခြင်းကြောင့် စိတ်ပျက်ရပါ၏။ ယင်းသို့ ပြောဆိုရာ၌ မျိုးနွယ်ဆက်ကို ထောက်ထား၍ အသင်တို့သည် ကျွန်ုပ်၏ မျိုးနွယ်စုများဖြစ်ကြသည်ဟူ၍ ရည်ညွှန်းချက်ပါရှိနေပေသည်။ သို့သော် အသင်တို့၏ တုပနှိုင်းယှဉ်ခြင်းလုပ်ရပ်သည် ကျွန်ုပ်အား အသင်တို့နှင့် အဆက်သအသွယ်ဖြတ်ရန် မလွဲမရှောင်သာ ပြုလုပ်ရမည်ဖြစ်သည်၊ တမန်တော်အီဗ္ဗရာဟီမ် عليه السلام သားချင်းများနှင့် ၎င်း၏ ဖခင်တို့သည် နစ်ထပ်ကွမ်း တုပနှိုင်းယှဉ်ခြင်း၌ နစ်မွန်းလျက်ရှိကြမည်။ ၎င်းတို့သည် ရုပ်တုများကို ကိုးကွယ်ကြသကဲ့သို့ ကြယ်တာရာများကိုလည်း ကိုးကွယ်ကြသည်။ ထို့ကြောင့် တမန်တော်အီဗ္ဗရာဟီမ် عليه السلام သည် ဖော်ပြပါအချက်နှစ်ချက်အပေါ် မိမိဖခင်နှင့် မျိုးနွယ်စုများဖြင့် စကားယှဉ်ထိုးပြောဆိုခဲ့ခြင်းဖြစ်သည်။

ဦးစွာပထမ ရုပ်တုအား ကိုးကွယ်ခြင်းသည် လမ်းမှားဖြစ်ကြောင်းကို တင်ပြမိန့်ဆိုခဲ့သည်။ ရှေ့အာယသ်တော်တွင် ကြယ်တာရာများအား မကိုးကွယ်ထိုက်ကြောင်းကို တင်ပြမိန့်ဆိုထားပေသည်။ ၎င်းနောက် ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် စကားဦးအဖြစ် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ ထူးခြားသော ဂုဏ်ဒြပ်တစ်ခုနှင့် အဆင့်အတန်းမြင့်မားလှသည့် ပညာအမြော်အမြင်အား ဤသို့ တင်ပြမိန့်တော်မူထားပေသည်။

وَكَذٰلِكَ نُرِىٓ اِبْرٰهِيْمَ مَلَكُوْتَ السَّمٰوٰتِ وَالْاَرْضِ وَلِيَكُوْنَ مِنَ الْمُوْقِنِيْنَ

အလိုသဘောမှာ ငါအသျှင်မြတ်သည် အိဗ္ဗရာဟီမ် عليه السلام ကို မိုးကောင်းကင်နှင့် မြေပထဝီရှိ အဖန်ဆင်းခံများကို ဤသို့ ထုတ်ဖော်ပြသခဲ့သည်။ အကြောင်းမူကား ၎င်းနဗီအား အရာအားလုံး၏ အရင်းခံအား ရှင်းရှင်းလင်းလင်း သိရှိသွားစေရန်ဖြစ်ပေသည်။ ထိုသို့ သိရှိပြီးနောက် ၎င်း၏ယုံကြည်ချက် ပို၍ ကျစ်လစ်ပြည့်ဝသွားစေရန်ဖြစ်သည်။ ယင်း၏ ရလဒ်ကို နောက်ပိုင်းအာယသ်တော်များတွင် ဆန်းသစ်သည့်စကားယှဉ်ပြိုင်သည့်ပုံစံနှင့် တင်ပြထားပေသည်။

သာသနာပြန့်ပွားရေးလုပ်ဆောင်ချက်နှင့် ဗိတ်ခေါ်ခြင်းတွင် အမြော်အမြင်ဖြင့် စနစ်တကျ လုပ်ဆောင်ခြင်းသည် နဗီအပေါင်း၏ လမ်းစဉ်ဖြစ်ခြင်း

فَلَمَّا جَنَّ عَلَيْهِ الَّيْلُ رَاٰ كَوْكَبًا قَالَ هٰذَا رَبِّىْ

အလိုသဘောမှာ တစ်ညတွင် အမှောင်ထုလွှမ်းမိုးသွားသောအခါ ကြယ်တာရာတစ်လုံးကို မြင်တွေ့ရသောအခါ မိမိမျိုးနွယ်များအား ပြောဆိုသည်မှာ ဤကြယ်တာရာသည် ကျွန်ုပ်၏ အသျှင်ဖြစ်သည်။ ဆိုလိုသည်မှာ အသင်တို့၏ အတွေးအခေါ်နှင့် ယုံကြည်ချက်အရ ဤကြယ်တာရာပင်လျှင် ကျွန်ုပ်၏ အသျှင်ဖြစ်သည်။ ယခု အတန်ကြာပြီးနောက် ထိုကြယ်တာရာ၏ အရင်းခံကို ကြည့်ပါလေ။ သို့ရှိရာ အတန်ကြာပြီးနောက် ထိုကြယ်တာရာ ပျောက်ကွယ်သွား၏။ ဤသို့ တမန်တော်အိဗ္ဗရာဟီမ် عليه السلام အတွက် မိမိမျိုးနွယ်စုကို အထေက်အထားပေးရန် အခွင့်အလမ်း ရရှိသွား၏။ ထို့နောက် မိန့်တော်မူသည်မှာ-

لَآ اُحِبُّ الْاٰفِلِيْنَ

ယင်း اٰفِلِيْنَ စာလုံးသည် اُفُوْلٌ မှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ပျောက်ကွယ်သွားခြင်း ဖြစ်သည်။ အလိုသဘောမှာ ကျွန်ုပ်သည် ပျောက်ကွယ်သွားသော အရာများအပေါ် ချစ်ခင်စိတ်မရှိပေ။ အကြင်အရာကို အလ္လာဟ်အသျှင်မြတ် (သို့) ကိုးကွယ်ထိုက်သူဟု မှတ်ယူမည်ဆိုလျှင် ထိုအရာသည် အားလုံးထက်ပို၍ ချစ်ခင်မြတ်နိုးမှုကို ခံထိုက်သူဖြစ်သင့်သည်။

ထိုညပြီးနောက် တစ်ညတွင် တောက်ပလျက်ရှိသော လမင်းကြီးကို မြင်တွေ့ရသောအခါ တစ်ဖန် မိမိမျိုးနွယ်စုများကို တင်ပြ၍ အထက်ပါအတိုင်း မိန့်တော်မူခဲ့ပြန်၏။ ၎င်းမှာ အသင်တို့၏ ယုံကြည်ချက်နှင့် အညီ ဤသည် ကျွန်ုပ်၏ အသျှင်မြတ်ဖြစ်သည်။ ၎င်း၏ အရင်းအမြစ်သည်လည်း အတန်ကြာပြီးနောက် ပေါ်လွင်လာမည်ဖြစ်သည်။ သို့ရှိရာ လမင်းကြီးသည် အတန်ကြာပြီးနောက် ပျောက်ကွယ်သွားသောအခါ မိန့်တော်မူသည်မှာ အကယ်၍ ကျွန်ုပ်၏ အသျှင်သခင်သည် ကျွန်ုပ်အား လမ်းညွှန်ခြင်းမပြုခဲ့ပါက ကျွန်ုပ်လည်း အသင်တို့ကဲ့သို့ လမ်းမှားသောသူများတွင် ပါဝင်သွားစေအံ့။ ၎င်းနောက် လမင်းကိုသာ မိမိ၏ အသျှင်နှင့် ကိုးကွယ်ရာဟူ၍ မှတ်ယူအံ့။ သို့သော် ယင်းအရာ၏ ဝင်ခြင်း၊ ထွက်ခြင်းနှင့် ပြောင်းလဲနေသည့် အခြေအနေများသည် ကျွန်ုပ်အား သတိပေးနေသည်မှာ ဤကြယ်တာရာများသည် ကိုးကွယ်ခံထိုက်သော အရာများမဟုတ်ကြပေ။

ဤအာယသ်တော်မှ ဤသို့လည်း ရည်ညွှန်းထားပေသည်။ ၎င်းမှာ ကျွန်ုပ်၏ အသျှင်သခင်သည် အခြားအရာသာ ဖြစ်သည်။ ယင်းအရာဘက်မှ ကျွန်ုပ်အား လမ်းမှန်တရားကို ပြသလျက်ရှိသည်။ ထို့နောက် တစ်နေ့တွင် နေမင်းကြီးပေါ်ထွက်လာသည်ကို မြင်တွေ့ရသောအခါ တစ်ဖန် မျိုးနွယ်စုများကို တင်ပြပြီး ထိုနည်းတူစွာ မိန့်တော်မူ၏။ ၎င်းမှာ အသင်တို့၏ တွေးခေါ်ချက်နှင့်အညီဆိုလျှင် ဤနေမင်းကြီးသည် ကျွန်ုပ်၏ အသျှင်ဖြစ်သည်။ ဤနေမင်းသည် အားလုံးထက် အကြီးဆုံးလည်းဖြစ်သည်။ သို့သော် ထိုကြီးခြင်း၏ အရင်းအမြစ်နှင့် အခြေအနေမှန်ကို အသင်တို့ မကြာခင် မြင်တွေ့ရမည်ဖြစ်သည်။ ဤသို့နှင့် နေမင်းကြီးသည်လည်း မိမိအချိန်ရောက်လာသောအခါ ကွယ်ပျောက်သွား၏။ သို့ရှိရာ မျိုးနွယ်စုများအား နောက်ဆုံးအထောက်အထား တင်ပြပြီးသည့်နောက် စစ်မှန်သည့် အရင်းအမြစ်ကို အတိအလင်း တင်ပြမိန့်တော်မူသည်မှာ-

يٰقَوْمِ اِنِّيْ بَرِيْٓءٌ مِّمَّا تُشْرِكُوْنَ

အလိုသဘောမှာ အို၊ ကျွန်ုပ်၏ မျိုးနွယ်စုအပေါင်းတို့၊ ကျွန်ုပ်သည် အသင်တို့၏ တုပနှိုင်းယှဉ်ခြင်း လုပ်ရပ်များကြောင့် စိတ်ပျက်ရပါ၏။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကိုပင်လျှင် အလ္လာဟ်အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ခြင်း ပြုနေကြ၏။

၎င်းနောက် ထိုအရင်းအမြစ်ကို တင်ပြသည်မှာ ကျွန်ုပ်နှင့် အသင်တို့အား မွေးမြူဖန်ဆင်းရှင်သည် ထိုအဖန်ဆင်းခံများထဲမှ မည်သူမှ မဟုတ်ချေ။ အကြင်ဖန်ဆင်းရှင်သည် မိမိကိုယ်တိုင် တည်ရှိတော်မူပြီး မည်သူ့ကိုမှ အမှီပြုထားခြင်း မရှိပေ။ အကြင်အရာများသည် မိမိကိုယ်တိုင် ရပ်တည်ရန်အတွက် အခြားအရာများကို အမှီသဟဲပြုကြရပြီး အချိန်တိုင်းအခါတိုင်းတွင် မြင့်တက်ခြင်း၊ ကျဆင်းခြင်း၊ ပေါ်ထွက်ခြင်း၊ ပျောက်ကွယ်သွားခြင်းများ၏ ပြောင်းလဲမှုများ ဝိုင်းရံလျက်ရှိကြသည်။ ကျွန်ုပ်၏ အသျှင်မြတ်သည် ထိုမွေးမြူဖန်ဆင်းရှင်ဖြစ်သည်။ အကြင်အသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်နှင့် မြေပထဝီရှိ အရာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် အသင်တို့ကိုယ်တိုင် တီထွင်ပြုလုပ်

ထားသော ရုပ်တုများနှင့် အပြောင်းအလဲများ ဖြစ်ရှိလျက်ရှိသော ကြယ်တာရာများမှ မျက်နှာလွှဲ၍ နိုင်းပြိုင်တုပနိုင်ခြင်း မရှိသည့် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ ဦးတည်လိုက်ပါ၏။ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ မုရှ်ရစ်က်များထဲမှလည်း မဟုတ်ပေ။

ထိုသို့ စကားစစ်ထိုးပြောဆိုရာတွင် တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် နဗီများ၌ရှိသော အမြော်အမြင်နှင့် ဩဝါဒပြုသည့် ပုံစံအတိုင်း ဆောင်ရွက်တော်မူပြီး တစ်ပြိုင်နက်တည်း ၎င်းတို့၏ ကြယ်တာရာကိုးကွယ်ခြင်းကို မှားယွင်းသည်၊ လမ်းမှားသည်ဟူ၍ မိန့်တော်မမူခဲ့ချေ။ သို့သာမက အသိဉာဏ်ရှိသော လူသားတိုင်း၏ နှလုံးသားနှင့် ဦးနှောက်တို့သည် အလိုအလျောက် စူးရှမှုဖြစ်ပြီး အစစ်အမှန်ကို သိရှိနားလည်နိုင်သည့်ပုံစံတစ်ရပ်ကို ရွေးချယ်ခဲ့သည်။ သို့သော် ရုပ်တုများကို ကိုးကွယ်ခြင်းနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက်စကားများ ပြောဆိုရာ၌ အစကနဦးမှာပင် ပြင်းပြင်းထန်ထန် မိန့်တော်မူခဲ့သည်။ ၎င်းနောက် မိမိဖခင်နှင့် မျိုးနွယ်စုအားလုံး လမ်းမှားပေါ်ရောက်နေခြင်းကို အတိအလင်း တင်ပြခဲ့သည်။ ထိုသို့ တင်ပြရခြင်းအကြောင်းမှာ ရုပ်တုကိုးကွယ်ခြင်းသည် လက်ခံနိုင်ဖွယ်မရှိသည့် လမ်းမှားဖြစ်ကြောင်းမှာ လုံးဝပေါ်လွင်ထင်ရှားပေသည်။ သို့သော် ကြယ်တာရာများကို ကိုးကွယ်ခြင်းနှင့် ၎င်းတို့၏ လမ်းမှားခြင်းသည် ထိုမျှ ပေါ်လွင်ထင်ရှားခြင်း မရှိပေ။

ဤနေရာ၌ စဉ်းစားစရာ အချက်တစ်ချက် ရှိသည်မှာ တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် ကြယ်တာရာများအား ကိုးကွယ်သူများနှင့် ဆန့်ကျင်လျက် မိမိမျိုးနွယ်စုများရှေ့တွင် တင်ပြသော အထောက်အထားများမှ သိရှိရသည်မှာ အကြင်အရာသည် အပြောင်းအလဲဖြစ်ရှိသွားပြီး ၎င်း၏အခြေအနေမှာ ပုံသေမရှိဘဲ အပြောင်းအလဲဖြစ်လျက် နေမည်။ မိမိလှုပ်ရှားမှု၌ အခြားအရာ၏ တန်ခိုးစွမ်းအား၏ နောက်လိုက်ဖြစ်မည်ဆိုလျှင် ထိုအရာအား မိမိ၏ အသျှင်သခင်အဖြစ် သတ်မှတ်ရန် မည်သို့မျှ မထိုက်တန်ပေ။ ထိုအထောက်အထားတွင် ကြယ်တာရာများ၏ ဝင်၊ ထွက်ခြင်း အလယ်ကြား၌ရှိသော အခြေအနေဟူသမျှဖြင့် ဤသို့ အထောက်အထားပြုနိုင်ပါသည်။ ၎င်းမှာ ထိုအရာများသည် မိမိတို့ အလိုဆန္ဒရှိသကဲ့သို့ လှုပ်ရှားနိုင်ခြင်း မရှိဘဲ တစ်ဦးတစ်ယောက်၏ အမိန့်နာခံမှုဖြင့်သာ လှုပ်ရှားနေခြင်းဖြစ်သည်။ သို့သော် တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် ထိုအခြေအနေများအားလုံးထဲမှ **အထောက်အထားအဖြစ်** တင်ပြရာတွင် ကြယ်တာရာများ၏ ပျောက်ကွယ်သွားသည့်ပုံစံဖြင့်သာ **တင်ပြခဲ့၏။ အကြောင်းကြောင့်ဆိုသော်** ထိုကြယ်တာရာများ ပျောက်ကွယ်ဝင်ရောက်သွားခြင်းသည် အများလူထု၏အမြင်၌ **ကျဆင်းသည်ဟု ယူဆကြသည်။ ၎င်းနောက်** နဗီတမန်တော်များ၏ အထောက်အထားပေးလေ့ရှိသော ပုံစံမှာ အများသူငှာအားလုံး သဘောပေါက်နိုင်သည့်ပုံစံဖြင့်သာ အထောက်အထားပေးလေ့ ရှိသည်။ ထိုနဗီများသည် ဒဿနိကပညာရှင်များကဲ့သို့ ဇစ်မြစ်နောက်ကို အလွန်အကျွံ လိုက်ကြသူများ မဟုတ်ပေ။ သို့သာမက လူအများ နားလည်နိုင်သည့်ပုံစံနှင့်သာ မိန့်တော်မူကြ၏။ ထို့ကြောင့် ထိုကြယ်တာရာများ၏ မတတ်စွမ်းနိုင်မှု၌ ထိရောက်မှုမရှိကြောင်းကို ထောက်ပြရန်အတွက် ၎င်းတို့၏ ပျောက်ကွယ်သွားခြင်းကိုသာ တင်ပြခဲ့၏။ သို့မဟုတ်ပါက ထိုကြယ်တာရာများ၏ မတတ်စွမ်းနိုင်

မှုနှင့် ထိရောက်မှုမရှိခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ပေါ်ထွက်ခြင်းဖြင့်လည်း အထောက်အထားပြုနိုင်၏။ ထိုသို့ ထွက်ပေါ်ပြီးနောက် မပျောက်ကွယ်မီအထိ ဖြစ်ရှိသမျှသော အပြောင်းအလဲများ အားလုံးဖြင့်လည်း အထောက်အထားပေးနိုင်ပေသည်။

သာသနာပြန့်ပွားရေး ဆောင်ရွက်သူများအတွက် အချို့လမ်းညွှန်ချက်များ

တမန်တော်အီဗ္ဗရာဟီမ် (အ) ၏ အဆိုပါ စကားစစ်ထိုးသည့်ပုံစံမှ သာသနာ့ပညာရှင်များနှင့် သာသနာပြန့်ပွားရေး ဆောင်ရွက်သူများအတွက် အချို့လမ်းညွှန်ချက်များ သိရှိရပါသည်။ ၎င်းမှာ မျိုးနွယ်စုများအား သာသနာဘက်သို့ ဖိတ်ခေါ်ရန်နှင့် ပြုပြင်ရာတွင် နေရာတိုင်း၌ မပြင်းထန်သင့်သကဲ့သို့ နေရာတိုင်း၌လည်း မနူးညံ့သင့်ပေ။ သို့သာမက လူတိုင်းအတွက် အခွင့်အရေးတစ်ခုနှင့် အတိုင်းအတာတစ်ခု ရှိရမည်။ သို့ရှိရာ ရုပ်တုများ ကိုးကွယ်သူများနှင့် ပတ်သက်ပြီး တမန်တော်အီဗ္ဗရာဟီမ် (အ) သည် ပြင်းထန်သည့် စကားလုံးများ သုံးနှုန်းတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကိုးကွယ်ခြင်း၏ လမ်းမှားခြင်းမှာ မြင်တွေ့ရသော အရာဖြစ်သည်။ ၎င်းနောက် ကြယ်တာရာများအား ကိုးကွယ်ကြသူများနှင့် ပတ်သက်ပြီး ထိုသို့ ပြင်းထန်သည့် စကားလုံးမျိုးကို မသုံးနှုန်းခဲ့ချေ။ သို့သာမက သီးသန့်အစီအစဉ်တစ်ရပ်ဖြင့် အစစ်အမှန်ကို မျိုးနွယ်စုများအား ရှင်းလင်းမိန့်ကြားတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ကြယ်တာရာများ၏ မတတ်စွမ်းနိုင်ခြင်းနှင့် လုပ်ပိုင်ခွင့်မရှိကြောင်းသည် ကိုယ်တိုင် တီထွင်ထားသော ရုပ်တုကဲ့သို့ အတိအလင်း ပေါ်လွင် ထင်ရှားခြင်းမရှိချေ။ ယင်းအချက်မှ သိရှိရသည်မှာ အကယ်၍ လူထုသည် အများအမြင်၌ အတိအလင်းမရှိသော လမ်းမှားမှုမျိုးနှင့် မှားယွင်းမှုမျိုး၌ နစ်မွန်းနေကြမည်ဆိုလျှင် ၎င်းတို့၏ ဒွိဟများကို ပယ်ဖျက်ရန်အတွက် သာသနာ့ပညာရှင်များနှင့် သာသနာပြန့်ပွားရေး ဆောင်ရွက်သူများအနေနှင့် ပြင်းထန်ရမည့်အစား အခြားအစီအစဉ်တစ်ရပ် ပြုလုပ်သင့်ပေသည်။

အခြားလမ်းညွှန်ချက်တစ်ခုမှာ အမှန်တရားကို ဖော်ထုတ်ရန်အတွက် တမန်တော်အီဗ္ဗရာဟီမ် (အ) သည် မျိုးနွယ်စုများကို အသင်တို့ ဤအတိုင်း ပြုလုပ်ကြဟူ၍ မြွက်ကြားခဲ့ခြင်း မရှိချေ။ သို့သာမက မိမိအခြေအနေကို ဦးစွာတင်ပြသည်။ ၎င်းမှာ ကျွန်ုပ်သည် ထိုသို့ဝင်လိုက်၊ ထွက်လိုက်ဖြစ်နေသည့် အရာများကို ကိုးကွယ်ခံထိုက်သူဟူ၍ မသတ်မှတ်နိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအရာများအားလုံးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်သို့သာ ဦးတည်ပါ၏။ ထိုသို့ပြောဆိုရခြင်း၏ ရည်ရွယ်ချက်မှာ အသင်တို့လည်း ထိုနည်းအတိုင်း လိုက်နာဆောင်ရွက်စေလိုပါ၏။ သို့သော် အမြော်အမြင်ရှိစွာ ပြောဆိုရာ၌ အတိအလင်းပြောဆိုခြင်းမှ ရှောင်ရှားတော်မူခဲ့၏။ သို့မှသာ ထိုသူများအနေနှင့် ဖွတ်တရွတ် လုပ်ကြမည် မဟုတ်ပေ။ ယင်းအချက်မှ သိရှိရသည်မှာ အမှန်တရားကို မိမိပြောလိုသည်ကို ပြောဆိုခြင်းသည် သာသနာပြန့်ပွားရေး ဆောင်ရွက်သူများ၏ လုပ်ဆောင်ချက်မဟုတ်ပေ။ သို့သာမက လူအများအပေါ် စူးရှစေ၍ ထိရောက်စေမည့် ပုံစံများဖြင့် ပြောဆိုရန် ၎င်းသူများအတွက် အရေးကြီးပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇

ٱلَّذِينَ ءَامَنُوا۟ وَلَمْ يَلْبِسُوٓا۟ إِيمَٰنَهُم بِظُلْمٍ أُو۟لَٰٓئِكَ لَهُمُ ٱلْأَمْنُ
وَهُم مُّهْتَدُونَ ﴿٨٢﴾

၆ : ၈၂ ။ ။ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင် မိမိတို့ အီမာန်သက်ဝင်ယုံကြည်မှုကို ရှရစ်ကဲ ဟူသော တွဲဖက်ကိုးကွယ်မှုနှင့် ရောနှောခြင်း မပြုခဲ့ကြသော သူတို့အဖို့သာလျှင် ဘေးရန်ကင်းငြိမ်းခြင်းသည် ရှိပေသည်။ ၄င်းပြင် ထိုသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်ကို ရရှိသူများလည်း ဖြစ်ကြပေသည်။

وَتِلْكَ حُجَّتُنَآ ءَاتَيْنَٰهَآ إِبْرَٰهِيمَ عَلَىٰ قَوْمِهِۦ ۚ
نَرْفَعُ دَرَجَٰتٍ مَّن نَّشَآءُ ۗ إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ ﴿٨٣﴾

၆ : ၈၃ ။ ။ ဤသည် ငါအသျှင်မြတ်၏ အထောက်အထား သက်သေသာဓကဖြစ်သည်။ ယင်းသက်သေအထောက်အထားကို (နဗီတမန်တော်) အီဗ္ဗရာဟီမ်အား ၄င်း၏ အမျိုးသားများနှင့် ယှဉ်ပြိုင်ရာတွင် (အနိုင်ရစေရန် အလို့ငှာ) ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ငါအသျှင်မြတ်သည် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَوَهَبْنَا لَهُۥٓ إِسْحَٰقَ وَيَعْقُوبَ ۚ كُلًّا هَدَيْنَا ۚ وَنُوحًا هَدَيْنَا مِن قَبْلُ
وَمِن ذُرِّيَّتِهِۦ دَاوُۥدَ وَسُلَيْمَٰنَ وَأَيُّوبَ وَيُوسُفَ وَمُوسَىٰ وَهَٰرُونَ ۚ
وَكَذَٰلِكَ نَجْزِى ٱلْمُحْسِنِينَ ﴿٨٤﴾

၆ : ၈၄ ။ ။ ၄င်းပြင် ငါအသျှင်မြတ်သည် ထို (နဗီတမန်တော်) အီဗ္ဗရာဟီမ်အား (သားတော်နဗီတမန်တော်) အီစ္စဟာက်နှင့် (မြေးတော် နဗီတမန်တော်) ယအ်ကူဗ်တို့ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ငါအသျှင်မြတ်သည် ၄င်းတို့အသီးသီးတို့အား တရားလမ်းမှန်သို့ ရောက်စေတော်မူခဲ့သည်။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ရှေးယခင်ကာလက (နဗီတမန်တော်) နူးဟ်အား တရားလမ်းမှန်သို့ ရောက်စေတော်မူခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ၄င်း (တမန်တော်အီဗ္ဗရာဟီမ်) ၏ အဆက်အနွယ်မှ (တမန်တော်များဖြစ်ကြသော) ဒါဝူးဒ်၊ စုလိုင်မာန်၊ အိုက်ယူဗ်၊ ယူစွဖ်၊ မူစာနှင့် ဟာရူးန်တို့အားလည်း (တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့လေသည်။) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်သော သူတော်ကောင်းတို့အား ကောင်းကျိုးကို ချီးမြှင့်ပေးသနားတော်မူလေ့ ရှိပေသည်။

وَزَكَرِيَّا وَيَحْيٰى وَعِيسٰى وَاِلْيَاسَ ۚ كُلٌّ مِّنَ الصّٰلِحِيْنَ ﴿٨٦﴾

၆ : ၈၆ ။ ။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် (ယင်းအဆက်အနွယ်မှပင် တမန်တော်များဖြစ်ကြသော) ဇကရိယာ၊ ယဟ်ယာ၊ အီစာနှင့် အီလီယာစ်တို့အား (လည်း တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့သည်။) ၎င်းတို့ အသီးသီးတို့သည်လည်း သူတော်ကောင်းများအနက်မှ ဖြစ်ကြလေသည်။

وَاِسْمٰعِيْلَ وَالْيَسَعَ وَيُوْنُسَ وَلُوْطًا ۚ وَكُلًّا فَضَّلْنَا عَلَى الْعٰلَمِيْنَ ﴿٨٧﴾

၆ : ၈၇ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည် တမန်တော်များဖြစ်ကြသော) အိစ္စမာအီးလ်၊ ယစအ်၊ ယူနွတ်စ်နှင့် လူးသ်တို့ကို (လည်း တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့သည်။) ထို့ပြင် ၎င်းတို့အသီးသီးတို့အား ငါအသျှင်မြတ်သည် ကမ္ဘာသူ ကမ္ဘာသားတို့အပေါ်ဝယ် ထူးမြတ်မှု ဂုဏ်ထူးဝိသေသကို ချီးမြှင့်တော်မူခဲ့လေသည်။

وَمِنْ اٰبَآئِهِمْ وَذُرِّيّٰتِهِمْ
وَاِخْوَانِهِمْ ۚ وَاجْتَبَيْنٰهُمْ وَهَدَيْنٰهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٨٨﴾

၆ : ၈၈ ။ ။ ထို့မျှမက ၎င်း (နဗီတမန်တော်) တို့၏ ဘ၊ ဘိုး၊ ဘေးတို့အနက်မှ အချို့ကိုလည်းကောင်း၊ ၎င်းတို့၏ သားမြေးတို့မှ အချို့ကိုလည်းကောင်း၊ ၎င်းတို့၏ ညီသားအစ်ကိုတို့အနက်မှလည်းကောင်း၊ (တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့လေသည်။) စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား (နဗီတမန်တော်များအဖြစ် ခန့်အပ်တော်မူရန်) ရွေးချယ်တော်မူခဲ့သည့်အပြင် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကိုလည်း ညွှန်ကြားပြသတော်မူခဲ့လေသည်။

ذٰلِكَ هُدَى اللّٰهِ يَهْدِيْ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ۚ وَلَوْ
اَشْرَكُوْا لَحَبِطَ عَنْهُمْ مَّا كَانُوْا يَعْمَلُوْنَ ﴿٨٩﴾

၆ : ၈၉ ။ ။ ဤသည်ကား အလ္လာဟ်အသျှင်မြတ်၏ (ဖြောင့်မတ်မှန်ကန်သော) တရားလမ်းမှန်ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိ၏ ကျွန် (လူသား) တို့အနက်မှ အလိုရှိတော်မူသော သူအား ယင်းတရားဖြင့် လမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ သို့ရာတွင် အကယ်၍သာ ၎င်း (တမန်တော်) တို့သည် (တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ကိုးကွယ်မှုကို ပြုခဲ့ကြပါမူ ဧကန်အမှန် ၎င်းတို့ ဆောက်တည် (ကျင့်သုံး) ခဲ့သမျှသော ကောင်းမှုအရပ်ရပ်တို့သည် အချည်းအနှီးသာ ဖြစ်သွားခဲ့ပေမည်။

أُولَٰئِكَ الَّذِينَ
آتَيْنَاهُمُ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ ۚ فَإِن يَكْفُرْ بِهَا هَٰؤُلَاءِ
فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوا بِهَا بِكَافِرِينَ ﴿٨٩﴾

၆ : ၈၉ ॥ ॥ (အထက်တွင် ဖော်ပြပါ) ဤ (တမန်တော်များ) သည် အကြင်သူများပင် ဖြစ်ကြသည်။ ငါအသျှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာရပ်တို့ကိုလည်းကောင်း၊ နဗီတမန်တော်အဖြစ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အကယ်၍ ဤ (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့သည် ယင်း (အချက်) တို့ကို ငြင်းပယ်ကြပါလျှင် (အရေးမဟုတ်ပေ။) မုချစင်စစ် ငါအသျှင်မြတ်သည် ယင်း (အချက်) တို့ကို အကြင်သူ (လူတစ်စု) တို့အား လွှဲအပ်တော်မူမည်။ ထိုသူတို့သည် ယင်း (အချက်) တို့ကို (မည်သည့်အခါမျှ) ငြင်းပယ်ကြမည့်သူများ မဟုတ်ကြပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ကြသည်။ ၎င်းနောက် ထိုအီမာန်ယုံကြည်မှုကို တုပနှိုင်းယှဉ်ခြင်းနှင့် မရောနှောလိုက်ကြပေ။ ထိုကဲ့သို့သော သူများအတွက်သာ 'ကေယာမသ်' နေ့တွင် ငြိမ်းချမ်းသာယာမှုရှိလိမ့်မည်။ ထိုသူတို့သာလျှင် လောကတွင် လမ်းမှန်တရားပေါ် လျှောက်လှမ်းကြသောသူများ ဖြစ်ကြသည်။ ထိုသူများသည် အလ္လာဟ်တစ်ပါးတည်း ရှိခြင်းအပေါ် ယုံကြည်သူများဖြစ်သည်။ မုရှ်ရစ်ကဲများသည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယုံကြည်မှုသာ ရှိကြသည်။ သို့သော် တုပနှိုင်းယှဉ်ခြင်းလည်း ပြုကြသည်။ ထို့ကြောင့် တရားတော်အရ အီမာန်ယူခြင်းမှ ပျက်ပြားသွားပေသည်။ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းရှိခြင်းအပေါ် အီမာန်ယူလာကြသောသူများသာလျှင် ငြိမ်းချမ်းခြင်းနှင့် ထိုက်တန်သူဖြစ်သည်။ သို့ရှိရာ အသင်တို့အနေနှင့် ကိုယ်တိုင်ကြောက်ရွံ့ကြပြီး ငါအသျှင်မြတ်အား မခြောက်လှန့်ကြလေနှင့်။ စေကန်အမှန် အသင်တို့ ကိုးကွယ်သောအရာများသည် ကြောက်ရွံ့ထိုက်သော အရာမဟုတ်သည့်အပြင် ငါအသျှင်မြတ်သည် မည်သည့်ကြောက်မက်ဖွယ်ကောင်းသည့် အလုပ်ကိုမှ ပြုလုပ်ခဲ့ခြင်း မရှိပေ။ လောကီ၏ ကြောက်ရွံ့ဖွယ်ရာများသည် ကြောက်ရွံ့ထိုက်သည့်အရာများ မဟုတ်ပေ။ အသင်တို့၏ အခြေအနေသုံးရပ်စလုံးသည် ကြောက်မက်ဖွယ်ကောင်းသည့် အနေအထားပင်ဖြစ်သည်။ ၎င်းနောက် ဟဇရတ်အီဗ္ဗရာဟီမ် (عليه السلام) အနေနှင့် 'သောင်ဟီးဒ်'အပေါ် စိုက်ထူခဲ့သော အထောက်အထားများသည် ငါအသျှင်မြတ် ချီးမြှင့်ထားသည်များသာ ဖြစ်သည်။ ထိုအထောက်အထားများကိုပါ အသျှင်မြတ်သည် ဟဇရတ်အီဗ္ဗရာဟီမ် (عليه السلام) အား ၎င်း၏ အုပ်စုများနှင့် ရင်ဆိုင်ရန် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ငါအသျှင်မြတ် ချီးမြှင့်ထားသည့် အရာများသည် မုချစေကန် အဆင့်အမြင့်ဆုံးအရာများသာ ဖြစ်သည်။

ဟဇရတ်အီဗ္ဗရာဟီမ် (عليه السلام) ၏ ထူးခြားချက်သည် မည်သို့ဖြစ်မည်နည်း။ ငါအသျှင်မြတ်သည် မိမိ လိုလားသူကို ပညာရေးရာနှင့် ကျင့်ကြံမှုပိုင်းဆိုင်ရာ၌ အဆင့်အတန်းများကို မြှင့်တင်ပေးတော်မူသည်။

သို့ရှိရာ နဗီတမန်တော်တိုင်းကို ထိုမြင့်မားသော အဆင့်အား ချီးမြှင့်တော်မူခဲ့သည်။ မုချကေန် အသင်၏ အသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်ဖြစ်ပြီး ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။ လူတိုင်း၏ အခြေအနေနှင့် အရည်အချင်းကို သိတော်မူ၏။ လူတိုင်းနှင့် ကိုက်ညီသည့် ပြည့်စုံခြင်းကို ချီးမြှင့်တော်မူ၏။ ငါအသျှင်မြတ်သည် ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام ကို ပြည့်စုံကုံလုံသည့် ပညာအရာနှင့် ကျင့်ကြံမှုကို ချီးမြှင့်တော်မူ၏။ ထိုနည်းတူစွာ ပြီးပြည့်စုံခြင်း၌ တိုးပွားမှုကိုလည်း ပေးသနားတော်မူ၏။ ၎င်းတို့၏ စည်းမျဉ်းများနှင့် ဆင့်ပွားပညတ်ချက်များသည် လူအများကို အကျိုးဖြစ်ထွန်းစေခဲ့၏။

သို့ရှိရာ ငါအသျှင်မြတ်သည် ထိုနဗီအိဗ္ဗရာဟီမ် عليه السلام ကို အိစ္စဟာက်မည်သော သားတော်တစ်ဦး ချီးမြှင့်ခဲ့၏။ ယအ်ကူးဗ်မည်သော မြေးတစ်ဦးကိုလည်း ချီးမြှင့်ခဲ့၏။ ထိုသို့ တင်ပြခြင်းကြောင့် အခြားသားသမီးများ မရှိဟူ၍ မသက်ရောက်ပေ။ ၎င်းနဗီတမန်တော်နှစ်ပါးမှ တစ်ဦးချင်းကို ငါအသျှင်မြတ်သည် လမ်းမှန်တရားကို ညွှန်ကြားပြသခဲ့သည်။ ထို့နောက် ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام အလျှင် ငါအသျှင်မြတ်သည် ဟဇရသ်နူးဟ် عليه السلام အား လမ်းညွှန်ခဲ့သည်။ ၎င်းတမန်တော်နူးဟ် عليه السلام သည် တမန်တော် အိဗ္ဗရာဟီမ် عليه السلام ၏ ဘိုး၊ ဘေးများထဲမှ ဖြစ်သည်ဟူ၍ ကျော်ကြားပေသည်။ ၎င်းနောက် ထိုတမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားသမီးများအားလုံးကို အစမှအဆုံးထိ လမ်းမှန်တရားများကို ညွှန်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ ဒါဝူးဒ် عليه السلام ကိုလည်းကောင်း၊ ၎င်း၏ သားတော် တမန်တော်စိုလိုင်မာန် عليه السلام ကိုလည်းကောင်း၊ ထို့နောက် အိုင်ယူးဗ် عليه السلام ကိုလည်းကောင်း၊ ထို့နောက် ယူစွဖ် عليه السلام ကိုလည်းကောင်း စသည်တို့ကို လမ်းမှန်တရား ညွှန်ကြားတော်မူခဲ့၏။ ၎င်းနောက် ယင်းလမ်းမှန်တရားပေါ် လျှောက်လှမ်းသူများကို ငါအသျှင်မြတ်သည် ကောင်းသောအစားကို ပေးသနားတော်မူသည်။ အကျိုးစဝါးဗ်ပေးသကဲ့သို့ ပို၍ နီးစပ်မှုကိုလည်း ပေးသနားတော်မူ၏။ ကောင်းသည့် လုပ်ရပ်များအပေါ် အကျိုးစဝါးဗ်ပေးသကဲ့သို့ ငါအသျှင်မြတ်၏ ဓလေ့တော်အရ ငါအသျှင်မြတ်သည် ကောင်းမှုပြုလုပ်သူများကို သင့်လျော်သည့် အကျိုးစဝါးဗ် ချီးမြှင့်တော်မူ၏။ ၎င်းနောက် ငါအသျှင်မြတ်သည် လမ်းမှန်တရား၏ ညွှန်ကြားချက်အား ဟဇရသ်ဇကရီယာ عليه السلام ကိုလည်းကောင်း၊ ၎င်း၏ သားဖြစ်သူ ဟဇရသ် ယဟ်ယာ عليه السلام ကိုလည်းကောင်း၊ ထို့နောက် ဟဇရသ် အီစာ عليه السلام ကိုလည်းကောင်း၊ ထို့နောက် ဟဇရသ်အီးလ်ယားစ် عليه السلام ကိုလည်းကောင်း စသည့်ပုဂ္ဂိုလ်များသည် အပြည့်အဝ ကောင်းမွန်ကြသောသူများထဲမှ ဖြစ်ကြသည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ဟဇရသ် အိစ်မာအီးလ် عليه السلام ကိုလည်းကောင်း၊ ဟဇရသ်ယစအ် عليه السلام ကိုလည်းကောင်း၊ ဟဇရသ်ယူနွတ်စ် عليه السلام ကိုလည်းကောင်း၊ ဟဇရသ်လူးသ် عليه السلام ကိုလည်းကောင်း ၎င်းတို့ထဲမှ တစ်ဦးချင်းကို ထိုခေတ်အခါရှိ လူများနှင့် စကြဝဠာတစ်ခုလုံးရှိ အရာများအားလုံးအပေါ် ငါအသျှင်မြတ်သည် 'နဗူဝသ်'၏ ထူးမြတ်မှုကို ချီးမြှင့်ကာ စေလွှတ်တော်မူခဲ့၏။

၎င်းနောက် ဖော်ပြပါပုဂ္ဂိုလ်များ၏ အချို့ဘိုးဘေးများ၊ သားသမီးများနှင့် ညီအစ်ကိုတော်များကို ငါအသျှင်မြတ်သည် လမ်းမှန်တရားကို ညွှန်ကြားတော်မူခဲ့သည်။ ငါအသျှင်မြတ်သည် ထိုပုဂ္ဂိုလ်များအားလုံးကို

မှန်ကန်သည့် သာသနာတော်အား လမ်းညွှန်တော်မူခဲ့သည်။ ထိုပုဂ္ဂိုလ်များကို ညွှန်ကြားခဲ့သည့် လမ်းမှန်တရားဟူသမျှသည် အလ္လာဟ်အသျှင်မြတ်ဘက် ညွှန်ကြားခဲ့သည်များသာ ဖြစ်သည့်အတွက် ဤသည်သာလျှင် စစ်မှန်သည့် သာသနာတော်ဖြစ်သည်။ မိမိ၏ ဗန္ဒာဟ်များထဲမှ အသျှင်မြတ် လိုလားသူအား ပန်းတိုင်သို့ ရောက်ရှိရန်အတွက် လမ်းညွှန်ပြသတော်မူခဲ့သည်။ သို့ရှိရာ ယခုရှိနေကြသော လူများအားလုံးကိုလည်း ထိုအသျှင်မြတ်၏ လမ်းညွှန်တရားများဖြင့် ထိုသူတို့အား လမ်းမှန်တရားကို ပြသခဲ့သည်။ တစ်ဖန် ပန်းတိုင်သို့ ရောက်ရှိခြင်း၊ မရောက်ရှိခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အလုပ်သာဖြစ်သည်။ သို့သော် ထိုသူများထဲမှ အချို့သည် တုပနှိုင်းယှဉ်ခြင်းကို ရွေးချယ်ကာ လမ်းမှန်တရားကို စွန့်လွှတ်လိုက်ကြသည်။ တုပနှိုင်းယှဉ်ခြင်းသည် အလွန်စက်ဆုပ်ဖွယ်ကောင်းသည့်အရာ ဖြစ်သည်။ အကယ်၍ ဖော်ပြပါ နဗီတမန်တော်များအားလုံးသည် (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံပါ၏။) တုပနှိုင်းယှဉ်ခြင်းကို ပြုလုပ်သည်ဆိုလျှင် ၎င်းတို့ ပြုကျင့်ခဲ့သည့် ကောင်းမှုများအားလုံး ပျက်စီးသွားမည်ဖြစ်သည်။ ရှေ့ဆက်ပြီး 'နဗူဝသ်'၏ ပညတ်ချက်များဘက်သို့ ရည်ညွှန်းမိန့်တော်မူထားသည်။ ၎င်းမှာ ဖော်ပြပါနဗီတမန်တော်များအားလုံးကို ကောင်းကင်ကျမ်းများ၊ ဆင်ခြင်တုံတရား၏ ပညာရပ်များနှင့် 'နဗူဝသ်'ကို ချီးမြှင့်တော်မူခဲ့သည်။ သို့သော်ငြားလည်း ထိုသို့ ငြင်းဆိုခြင်းပေါ် ပျက်စီးသွားသောသူများ၏ စံနမူနာများလည်း ရှိပေသည်။ ထိုသို့ စံနမူနာများ ရှိသော်ငြားလည်း ထိုသူများအနေနှင့် အသင်ကိုယ်တော်အား ငြင်းဆိုမည်ဆိုလျှင်လည်း အသင်ကိုယ်တော် မည်သို့မျှ သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် နဗီတမန်တော်အား လက်ခံရန်အတွက် မြောက်မြားစွာသော 'မူဟာဂျိရ်'များနှင့် အန်ဆွာရီများသည် ငြင်းပယ်ခြင်း မပြုကြပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များ၏ ပထမအာယသ်တော်တွင် ဟဇရသ်အီဗ္ဗရာဟီမ် ﷺ နှင့် မိမိဖခင် အာဇရ်နှင့် နမ်ရူးဒ်အုပ်စုများအကြား ငြင်းခုံခဲ့ခြင်းများကို တင်ပြထားပေသည်။ ယင်းသို့ ငြင်းခုံရာ၌ ရုပ်တုကိုးကွယ်ခြင်းနှင့် ကြယ်တာရာများကို ကိုးကွယ်ခြင်းအား ဆန့်ကျင်လျက် ခိုင်လုံသည့် အထောက်အထားများ တင်ပြပြီးသည့်နောက် ဖော်ပြပါအာယသ်တော်တွင် မိမိမျိုးနွယ်စုများအား မိန့်ခွန်းပြောကြားသည်မှာ အသင်တို့သည် ကျွန်ုပ်အား မိမိတို့၏ ရုပ်တုများဖြင့် ခြောက်လှန့်နေကြပါသလော။ ၎င်းရုပ်တုများအား ငြင်းဆန်မည်ဆိုလျှင် ပျက်စီးဆုံးရှုံးသွားမည်ဟု ဆိုကြသည်။ ကောန်အမှန် ထိုသို့ ပျက်စီးစေနိုင်သည့် အရည်အချင်း ရုပ်တုများ၌ မရှိပေ။ ကျွန်ုပ်လည်း မိမိအပေါ် အခက်အခဲများ ကျရောက်နိုင်မည့် လုပ်ရပ်များကို မည်သည့်အခါမှ မပြုလုပ်ခဲ့ချေ။ သို့သာမက အသင်တို့သာလျှင် ကြောက်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများသာမက ၎င်းတို့၏ တီထွင်ထားသော အရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တုပနှိုင်းယှဉ်ခြင်းနှင့် တန်းတူပြုလုပ်ပြီး ကြီးမားသော ပြစ်မှုကို ကျူးလွန်ကြသူများ ဖြစ်ကြသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူသော အသျှင်ဖြစ်ပြီး အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်ကြောင်းမှာ အသိဉာဏ်ရှိသူများထံတွင် ဖုံးကွယ်

နေသည့်အချက်မဟုတ်ပေ။ ယခု အသင်သာလျှင် စဉ်းစားပြီး တင်ပြပါလေ။ ငြိမ်းချမ်းသာယာမှုအပေါင်းအား ခံထိုက်သူမှာ မည်သူဖြစ်နိုင်ပါသနည်း။ မည်သူက ကြောက်ရွံ့ရမည်နည်း။

ထိုအာယသ်တော်များတွင် ပထမအာယသ်တော်၌ ဤအကြောင်းအရာများကို တင်ပြမိန့်တော်မူထားပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်သူများသာလျှင် 'အဇားဗ်' ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာမှုကို ရရှိမည်ဖြစ်သည်။ ၎င်းအီမာန်ရှင်များသည် မိမိတို့၏ ယုံကြည်ချက်တွင် အခြားမတရားမှုကိုမျှ ရောနှောခြင်းမပြုရပေ။ ဟဒီးစ်တော်၌ တင်ပြထားသည်မှာ **ဤအာယသ်တော်** ကျရောက်လာသောအခါ ဆွဟာဗာများအားလုံး သောကရောက်သွားကြသည်။ ထို့နောက် **တမန်တော်**မြတ် ﷺ ထံပါး လျှောက်ထားသည်မှာ 'အို၊ ကိုယ်တော်၊ ကျွန်ုပ်တို့ထဲ၌ 'ဇုလုမ်'ကျူးလွန်၍ မိမိကိုယ်မိမိ မတရားမပြုသူ မည်သူရှိပါအံ့နည်း။ ဤအာယသ်တော်တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်အတွက် ဤစည်းကမ်းချက်ကို သတ်မှတ်ထားပေသည်။ ၎င်းမှာ အီမာန်နှင့်အတူ မည်သည့်မတရားမှုမှ မပြုရဟူ၍ ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်တို့အနေနှင့် လွတ်မြောက်နိုင်သည့်လမ်း မည်သို့ ရရှိမည်နည်း။' ထိုအခါ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အသင်တို့သည် အာယသ်တော်၏ အလိုသဘောကို ကောင်းစွာ နားလည်ကြခြင်းမရှိသေးပေ။ အာယသ်တော်တွင် မတရားမှု၏ အလိုသဘောမှာ တုပနှိုင်းယှဉ်ခြင်းဖြစ်ပေသည်။ ပမာဆိုရသော် အခြားအာယသ်တော်တစ်ပုဒ်၌ မိန့်တော်မူသည်မှာ-

اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ

ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ အကြင်သူသည် အီမာန်လက်ခံပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်နှင့် 'ဆွဖွာသ်'များတွင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တုပနှိုင်းယှဉ်ခြင်းမပြုမီအလျှင် ထိုသူသည် အပြစ်ဒဏ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိပြီး လမ်းမှန်တရားကို ရရှိသူဖြစ်မည်။

အနှစ်ချုပ်ဆိုရသော် ရုပ်တုများ၊ ကျောက်တုံးများ၊ သစ်ပင်များ၊ ကြယ်တာရာများ၊ ပင်လယ်သမုဒ္ဒရာများအား ကိုးကွယ်ကြသော အဖန်ဆင်းခံများသည် မိမိတို့၏ အသိဉာဏ်မဲ့မှုကြောင့် ယင်းအရာများကို လက်ခံထားကြခြင်းပင်ဖြစ်သည်။ ထိုအရာများကို ကိုးကွယ်ခြင်းအား စွန့်လွှတ်လိုက်လျှင် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ကို ကြောက်ရွံ့နေကြသည်။ ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام သည် တန်ဖိုးရှိသည့်စကားကို ၎င်းတို့အား ပြောကြားသည်မှာ အသင်တို့၏ လုပ်ရပ်ဟူသမျှကို သိရှိတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အကောင်း၊ အဆိုးဟူသမျှကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်အား အသင်တို့ မကြောက်ရွံ့ကြပါသလော။ ထိုအသျှင်မြတ်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခြင်းကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ သိနိုင်စွမ်းနှင့် စွမ်းဆောင်နိုင်စွမ်းမရှိသော အရာများကို အသင်တို့ အဘယ်ကြောင့် ကြောက်ရွံ့နေကြပါသနည်း။ ထိုသို့ ကြောက်ရွံ့ခြင်းသည် အသိဉာဏ်မဲ့ခြင်းမှအပ အခြားမဖြစ်နိုင်ပေ။ အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့သင့်သည်။ ထိုအသျှင်မြတ်အပေါ် အီမာန်ယုံကြည်မှုရှိလျှင် မည်သို့မျှ စိုးရိမ်ဖွယ်ရာ မရှိပေ။

ဤအာယသ်တော်တွင် وَلَمْ يَلْبِسُوٓا إِيمَٰنَهُم بِظُلْمٍ ဟူ၍ မိန့်တော်မူထားပေသည်။

မတရားမှုဟူသည်မှာ တမန်တော်မြတ် ﷺ ၏ ရှင်းလင်းချက်အရ တုပနိုင်းယှဉ်ခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။ အပြစ်ဟူသမျှကို ဆိုလိုခြင်းမဟုတ်ပေ။ သို့သော် ဤနေရာ၌ بِظُلْمٍ စာလုံးကို အာရဗီစာပေ၏ သဒ္ဒါအရ ဖော်ပြ၍ တုပနိုင်းယှဉ်ခြင်းဟူသမျှအားလုံး ပါဝင်သည်ဟုဆိုပေသည်။ ထို့နောက် لَمْ يَلْبِسُوٓا စာလုံးသည် لبس စာလုံးမှဖြစ်ပြီး ၎င်း၏အဓိပ္ပာယ်မှာ ခြုံငုံခြင်း၊ ရောနှောခြင်းဟူ၏။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ အကြင်မည်သူမဆို မိမိအီမာန်တွင် မည်သည့်တုပ နိုင်းယှဉ်ခြင်းကိုမဆို ရောနှောလိုက်မည်ဆိုလျှင် ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကို 'ခွေဖွာသ်' ဟူသမျှနှင့် ပြည့်စုံကုံလုံသည့်အသျှင်ဟူ၍ လက်ခံပြီးသည့်နောက် အခြားအရာများကိုလည်း ထိုခွေဖွာသ်များထဲမှ အချို့ခွေဖွာသ်များနှင့် ပြည့်စုံသည်ဟု မှတ်ယူမည်ဆိုလျှင် ထိုသူသည် ငြိမ်းချမ်းသာယာမှုမှ ပယ်ထုတ်ခြင်းခံရမည် ဖြစ်သည်။

ဤအာယသ်တော်မှ သိရှိရသည်မှာ အတိအလင်း ရုပ်တုကိုးကွယ်ခြင်းကိုသာလျှင် ရှရစ်ကဲဟု မခေါ်ဆိုပေ။ သို့သာမက ရုပ်တုကို မကိုးကွယ်ဘဲ 'ကလေမဟ်' တော်ကို ဖတ်ရွတ်ပြီး ဖရစ်ရှိသာဟ် (သို့) နဗီတမန်တော်ကိုလည်းကောင်း၊ သူမွန်သူမြတ်ကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ အချို့ခွေဖွာသ်များတွင် တုပနိုင်းယှဉ်မည်ဆိုလျှင်လည်း ထိုသူမှာ မုရှိရစ်ကဲဖြစ်မည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များနှင့် ၎င်းတို့၏ 'ကဗရ်' များကို မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေသည့်နေရာဟူ၍ မှတ်ယူကြသော သာမန်လူများအား သတိပေးမိန့်ဆိုထားပေသည်။ ထိုသူတော်စင်များကို အလ္လာဟ်အသျှင်မြတ်ဘက်မှ လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည်ဟု ၎င်းတို့က နားလည်သဘောပေါက်ထားကြသည်။ (ယင်းအပြစ်ဆိုးမျိုးမှ ထိန်းသိမ်းတော်မူပါစေ။)

ဒုတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်မှ မိန့်တော်မူထားသည်မှာ ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام သည် မိမိမျိုးနွယ်စုများနှင့် ရင်ဆိုင်ရာ၌ ကောင်းစွာ အောင်မြင်မှု ရရှိခဲ့ပေသည်။ ၎င်းတို့အား နှုတ်ပိတ်စေခဲ့ပေသည်။ ၎င်းနဗီအား လမ်းမှန်တရား ချီးမြှင့်ခြင်းသည် ငါအသျှင်မြတ်ဘက်မှ ဆုလာဘ်ပင်ဖြစ်သည်။ တစ်ဖန် ၎င်းတို့အား နိုင်လုံသည့် အထောက်အထားများ တင်ပြခဲ့ပေသည်။ မိမိ၏ သိတတ်နားလည်မှုနှင့် ပြောဆိုနိုင်စွမ်းရှိသည့်အပေါ် မည်သူတစ်ဦးတစ်ယောက်မှ မာနထောင်လွှားခြင်းမပြုသင့်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုမပါဘဲ မည်သူမှ ကျော်ဖြတ်နိုင်ခြင်း မရှိပေ။ လူသားတို့၏ အသိဉာဏ်မျှဖြင့် အမှန်တရားကို ရယူနိုင်ရန် မလုံလောက်ချေ။ ယင်းအခြေအနေကို ခေတ်အခါတိုင်းတွင် မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ အလွန်ကျွမ်းကျင်သည့် ဒဿနိကပညာရှင်များသည် လမ်းမှားသို့ ရောက်သွားခဲ့ကြသည်။ ၎င်းနောက် လုံးဝ အသိဉာဏ်မရှိဘဲ ပညာမဲ့လူတန်းစားများသည် မှန်ကန်သည့် ယုံကြည်ချက်နှင့် လမ်းမှန်တရားပေါ် လိုက်နာကျင့်သုံးလျက် ရှိနေကြသည်။

နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ

အလိုသဘောမှာ မိမိလိုလားသူကို မြင့်မားသောအဆင့်အတန်း ပေးသနားတော်မူ၏။ ယင်းအာယသ်တော်မှ ညွှန်ပြနေသည်မှာ ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام ကို စကြဝဠာတစ်ခုလုံးတွင်သော်လည်းကောင်း၊ 'ကေယာမသ်'နေ့အထိ ပေါက်ဖွားလာမည့် လူမျိုးစုများတွင်သော်လည်းကောင်း ထူးခြားသည့် အဆင့်အတန်းနှင့် ဂုဏ်သိက္ခာ ချီးမြှင့်ခြင်းခံရသူဖြစ်သည်။ ယဟူဒီဖြစ်စေ၊ နစ္စရာဖြစ်စေ၊ ရုပ်တုကိုးကွယ်သူဖြစ်စေ အားလုံးတို့သည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ **ထွတ်မြတ်မှုကို** လက်ခံကြပြီး **ဂုဏ်ပေးခဲ့ကြခြင်း** ဖြစ်သည်။ ယင်းအဆင့်အတန်းကို ရရှိခြင်းသည် ငါအသျှင်မြတ်၏ မဟာကရုဏာတရားကြောင့်သာ ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်၏ ကြိုးစားရှာဖွေမှု လုံးဝမပါရှိပေ။

ထို့နောက်ပိုင်းရှိ ခြောက်အာယသ်တော်စလုံးတွင် နဗီတမန်တော်တစ်ဆယ့်ခုနစ်ပါး၏ အမည်နာမများကို တင်ပြထားပေသည်။ ၎င်းအမည်နာမများတွင် ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام ၏ ဘိုးဘေးအမည်များလည်း ပါပေသည်။ များသောအားဖြင့် ၎င်းတို့၏ သားစဉ်မြေးဆက်များဖြစ်သည်။ အချို့မှာ ၎င်း၏ ညီအစ်ကိုများနှင့် တူတော်မောင်များဖြစ်ကြသည်။ ထိုအာယသ်တော်များတွင် တစ်ဖက်၌ ထိုပုဂ္ဂိုလ်များ လမ်းမှန်တရားပေါ်၌ ရှိနေခြင်း၊ သူမွန်သူမြတ်ဖြစ်ခြင်း၊ ဖြောင့်မတ်မှန်ကန်သည့် လမ်းပေါ်၌ရှိခြင်း အစရှိသည်တို့ကို တင်ပြမိန့်ဆိုထားပေသည်။ ရှေ့ဆက်တင်ပြထားသည်မှာ ထိုပုဂ္ဂိုလ်များကို အလ္လာဟ်အသျှင်မြတ်သာလျှင် မိမိသာသနာတော်အား ဆောင်ကြဉ်းရန်အတွက် ရွေးချယ်ပြီး လက်ခံထားတော်မူထားခြင်း ဖြစ်ပေသည်။ အခြားတစ်ဖက်၌ တင်ပြထားသည်မှာ တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် အလ္လာဟ်အသျှင်လမ်းတွင် မိမိဖခင်၊ ညီအစ်ကိုများနှင့် ဇာတိမြေကို စွန့်လွှတ်ခဲ့သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် တမလွန်၏ မြင့်မားသည့် အဆင့်အတန်းနှင့် ထာဝရငြိမ်းချမ်းမှုများထက်အလျှင် လောကီ၌ပင် မိမိဆွေမျိုးသားချင်းများထက် သာပို၍ ကောင်းမွန်သော ဆွေမျိုးသားချင်းနှင့် ဇာတိမြေထက် ကောင်းသည့် ဌာနေ ချီးမြှင့်တော်မူ၏။ ၎င်းနောက် တမန်တော်အိဗ္ဗရာဟီမ် عليه السلام အား 'ကေယာမသ်'နေ့အထိ မေ့လျှော့ခြင်း ခံရမည့် နဗီတမန်တော်အပေါင်းသည် ၎င်း၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်မည်ဟူသော မွန်မြတ်သည့် ဂုဏ်ဒြပ်ကို ချီးမြှင့်ထားတော်မူ၏။ ဟဇရသ်အိစ်ဟာက် عليه السلام မှ ဗနီအိစ္စရာအီးလ်၏ နဗီတမန်တော်များ ဆင်းသက်လာ၏။ တမန်တော်အိစ္စမာအီးလ် عليه السلام မှလည်း တစ်ဖက်တွင် နဗီများဆင်းသက်ခဲ့၏။ ၎င်းမှ ဆင်းသက်လာရာတွင် နောက်ဆုံးနဗီတမန်တော်မြတ် ﷺ လည်း ပါဝင်သည်။ အဆိုပါ နဗီများအားလုံးသည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်များပင် ဖြစ်၏။ ၎င်းအချက်မှ သိရှိရသည်မှာ ဂေါန်အမှန် သိက္ခာရှိခြင်း၊ မရှိခြင်း၊ လွတ်မြောက်ခြင်း၊ ဒဏ်ခတ်ခံရခြင်း အစရှိသည်တို့သည် လူသားတို့၏ ကျင့်ကြံမှု အပေါ် မူတည်ပေသည်။ သို့သော် ဘိုးဘေးများ၌ နဗီ (သို့) ဝလီဖြစ်ရှိခဲ့ခြင်း (သို့) သားစဉ်မြေးဆက်များတွင် ပညာရှင်များနှင့် သူမွန်သူမြတ်များ ဖြစ်ရှိခြင်းသည်လည်း ကြီးမားသည့် 'နေအ်မသ်'စည်းစိမ်တော် ဖြစ်သည်။ ထိုစည်းစိမ်ကြောင့် လူသားကိုလည်း အကျိုးဖြစ်ထွန်းစေသည်။ ဖော်ပြပါ အာယသ်တော်တွင် တင်ပြထားသော နဗီတမန်တော်တစ်ဆယ့်ခုနစ်ပါးထဲတွင် တမန်တော်နူးဟ် عليه السلام တစ်ဦးသာလျှင် တမန်တော်

အိဗ္ဗရာဟီမ် عليه السلام ၏ ဘိုးဘေးထဲမှ ဖြစ်ပေသည်။ ကျန်နဗီတမန်တော်များအားလုံးကို တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သည်ဟု မိန့်တော်မူထားပေသည်။

وَمِن ذُرِّيَّتِهِ دَاوُدَ وَسُلَيْمَٰنَ

ယင်းအာယသ်တော်တွင် စောဒကတက်နိုင်စရာရှိသည်မှာ တမန်တော်အီစာ عليه السلام နှင့် ပတ်သက်ပြီး ဖြစ်နိုင်ချေရှိသည်မှာ ယင်းနဗီသည် ဖခင်မဲ့ မွေးဖွားလာခြင်းကြောင့် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သမီး၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သည်။ ဆိုလိုသည်မှာ သားဘက်မှရသည့် မြေးမဟုတ်ဘဲ သမီးဘက်မှ ရသော မြေးဖြစ်သည်။ သို့ရှိရာ တမန်တော်အီစာ عليه السلام ကို တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်ဟုဆိုလျှင် မည်သို့ မှန်ကန်နိုင်မည်နည်း။ သာသနာ့ပညာရှင်များနှင့် ဓမ္မသတ်ပညာရှင်များမှ ၎င်းအချက်အား ဖြေကြားထားသည်မှာ ذُرِّيَّت စာလုံးတွင် သမီးဘက် (သို့) သားဘက်မှဖြစ်စေ၊ ရရှိသော သားသမီးများအားလုံးပါဝင်၏။ ထို့နောက် ဟဇရသ်ဟူစိန်နှင့် ဟစန် رضي الله عنه တို့သည် တမန်တော်မြတ် ﷺ ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သည်ကိုလည်း အထောက်အထားပေး တင်ပြထားပေသည်။

ဒုတိယစောဒကမှာ တမန်တော်လူးသ် عليه السلام နှင့် ပတ်သက်ပေသည်။ ၎င်းနဗီသည် တမန်တော်အိဗ္ဗရာဟီမ် ﷺ ၏ သားစဉ်မြေးဆက်မှမဟုတ်ဘဲ တူတော်မောင်ထဲမှဖြစ်သည်။ သို့သော် ယင်း၏ အဖြေမှာလည်း ရှင်းနေပေသည်။ ၎င်းမှာ အသုံးအနှုန်းအရ ကြာကြာ (ဦးလေး) ကို ဖခင်၊ တူသားကို သားဟုလည်း ခေါ်ဝေါ် ကြပေသည်။

ဖော်ပြပါအာယသ်တော်များတွင် ဟဇရသ်အိဗ္ဗရာဟီမ် عليه السلام အပေါ် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ထားခြင်းများကို တင်ပြမိန့်တော်မူပြီး တစ်ဖက်တွင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းလိုက်သည်မှာ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် မိမိတို့အနှစ်သက်ဆုံးအရာများကို စွန့်လှူမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူအား လောကီဌပင် ထိုထက်ကောင်းသော အရာများကို ပေးသနားတော်မူမည် ဖြစ်သည်။ အခြားတစ်ဖက်တွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို ဤအခြေအနေများ တင်ပြပြီး လမ်းမှန်တရားဘက်သို့ ညွှန်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၎င်းမှာ အသင်တို့သည် တမန်တော်မြတ် ﷺ ၏ ထိုစကားများကို လက်မခံဟု ဆိုပါက အသင်တို့အားလုံး လက်မခံထားကြပေ။ တမန်တော်အိဗ္ဗရာဟီမ် عليه السلام နှင့် ၎င်း၏ ဆွေမျိုးသားချင်းများအားလုံးအနေနှင့် ထိုအလုပ်ကို လုပ်ဆောင်ခဲ့ကြပေသည်။ ၎င်းမှာ ခဝပ်ကိုးကွယ်ခံထိုက်သူမှာ အလ္လာဟ်အသျှင်မြတ်မှတစ်ပါးတည်းသာ ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်နှင့်အတူ အခြားအရာများအား တုပနှိုင်းယှဉ်ခြင်း၊ (သို့) ထိုအသျှင်မြတ်၏ 'ဆွေဖွာသ်'တော်များကို အခြားအရာများနှင့် တုပနှိုင်းယှဉ်ခြင်းသည် ဗီဆန်ခြင်းနှင့် လမ်းမှားဖြစ်ကြောင်းကို တင်ပြထားပေသည်။

အဋ္ဌမအာယသ်တော်မြောက်တွင် ဤအကြောင်းအရာကိုပင် တင်ပြမိန့်တော်မူထားသည်။ ၎င်းနောက် အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင်

فَإِنْ يَكْفُرْ بِهَا هَؤُلَاءِ فَقَدْ وَكَّلْنَا بِهَا قَوْمًا لَيْسُوا بِهَا بِكَافِرِينَ

ဟူ၍ မိန့်ဆိုထားပြီး တမန်တော်မြတ် ﷺ အား ဖြေသိမ့်ထားပေသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်ကိုယ်တော်၏ ပြောဆိုစကားများကို လက်မခံဘဲ ရှေးယခင်နဗီတမန်တော်များ၏ လမ်းညွှန်ချက်များကို သိလျက်နှင့် ၎င်းတို့က ငြင်းပယ်နေကြမည်ဆိုလျှင် အသင်ကိုယ်တော် မည်သို့မျှ သောကာ မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင်ကိုယ်တော်၏ ဖိတ်ခေါ်မှုနှင့် လမ်းညွှန်မှုကို လက်ခံလိုက်နာကျင့်သုံးရန်အတွက် အုပ်စုကြီးတစ်ခုကို သတ်မှတ်ထားပြီးဖြစ်သည်။ ထိုသူများသည် ဗီဆန်ခြင်းနှင့် ငြင်းပယ်ခြင်းကို လုံးဝ လက်သင့်ခံကြမည်မဟုတ်ပေ။ ထိုအုပ်စုတွင် တမန်တော်မြတ် ﷺ ခေတ်၌ ရှိကြသော 'မုဟာဂျိရ်' များနှင့် အန်စွာရီများလည်း ပါဝင်ပေသည်။ ထို့နောက် 'ကေယာမသ်' နေ့တိုင် ပေါက်ဖွားလာမည့် မွတ်စ္စလင်မ်ထုတစ်ရပ်လုံးလည်း ပါဝင်ပေသည်။ ဤအာယသ်တော်သည် ထိုသူများအတွက် ဂုဏ်ယူစရာပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများအား ချီးမွမ်းထောပနာပြုလျက် မိန့်တော်မူထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

أُولَٰئِكَ الَّذِينَ هَدَى اللَّهُ ۖ فَبِهُدَاهُمُ اقْتَدِهْ ۗ قُلْ لَا أَسْأَلُكُمْ عَلَيْهِ أَجْرًا ۖ إِنْ هُوَ إِلَّا ذِكْرَىٰ لِلْعَالَمِينَ ﴿٩٠﴾

၆ : ၉၀ ။ ။ ဤသူများသည် အကြင်သူများပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးဖြစ်သည်။ သို့ဖြစ်ပေရာ အသင်သည်လည်း ၎င်းတို့၏ တရားလမ်းစဉ်ကို လိုက်ပါလေ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ငါသည် ယင်း (ကုရ်အာန်ကျမ်းမြတ်လာ တရားတော်ကို ပို့ချရေး) နှင့်စပ်လျဉ်း၍ အသင်တို့ထံမှ (မည်သည့်) တစ်စုံတစ်ရာ အခကြေးငွေကိုမျှ တောင်းခံသည်မဟုတ်ပေ။ ယင်း (ကျမ်းမြတ်ကုရ်အာန်) သည် ခပ်သိမ်းကုန်သော စကြဝဠာတို့အဖို့ ဆုံးမစကားပင် ဖြစ်ပေသည်' ဟူ၍ ပြောကြားပါလေ။

وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِذْ قَالُوا مَا أَنْزَلَ اللَّهُ عَلَىٰ بَشَرٍ مِنْ شَيْءٍ ۗ قُلْ مَنْ أَنْزَلَ الْكِتَابَ الَّذِي جَاءَ بِهِ مُوسَىٰ نُورًا وَهُدًى لِلنَّاسِ ۖ تَجْعَلُونَهُ قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ كَثِيرًا ۖ وَعُلِّمْتُمْ مَا لَمْ تَعْلَمُوا أَنْتُمْ وَلَا آبَاؤُكُمْ ۖ قُلِ اللَّهُ ۖ ثُمَّ ذَرْهُمْ فِي خَوْضِهِمْ يَلْعَبُونَ ﴿٩١﴾

၆ : ၉၁ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား သိရန် တာဝန်ရှိသည်နှင့်အညီ (နက်နဲစွာ) သိခဲ့ကြသည်မဟုတ်ပေ။ ၎င်းတို့က အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူသားတစ်ဦးတစ်ယောက်အပေါ်၌ မည်သည့်တစ်စုံတစ်ရာကိုမျှပင် ချပေး

သနားတော်မူခဲ့သည် မဟုတ်ဟူ၍ ပြောဆိုကြစဉ် အသင်သည် ၎င်းတို့အား (နဗီတမန်တော်) မူစာ ဆောင်ကြဉ်းခဲ့သော ကျမ်းဂန်ကို မည်သူချပေးခဲ့သနည်းဟု မေးမြန်းပါလေ။ (ယင်းကျမ်းဂန်မှာ) လူသားတို့အဖို့ အလင်းရောင်လည်း ဖြစ်ခဲ့၏။ တရားလမ်းညွှန်လည်း ဖြစ်ခဲ့၏။ အသင်တို့သည် ယင်းကျမ်းကို (တန်ဖိုးမဲ့သော) စက္ကူများအဖြစ် (အပိုင်းပိုင်း) ပြုလုပ်ထားကြလေသည်။ ယင်းကျမ်းဂန်မှ အချို့ (အစိတ်အပိုင်း) ကိုသာ ထုတ်ဖော်ကြသော်လည်း များစွာ (သော အစိတ်အပိုင်းကို) ကို မူကား ထိမ်ချန်ထားကြလေသည်။ စင်စစ် အသင်တို့သည် အသင်တို့နှင့်တကွ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးများပါ မသိခဲ့ကြသော အသိပညာရပ်များကို (ယင်းကျမ်းဂန်ဖြင့်) သင်ကြားပို့ချပေးခြင်း ခံခဲ့ကြရလေသည်။ (အို, နဗီတမန်တော်၊ ယင်းကျမ်းဂန်ကို) အလ္လာဟ်အသျှင်မြတ်သာလျှင် (ချပေးတော်မူခဲ့သည်) ဟူ၍သာ အသင် ပြောကြားပါလေ။ ထို့နောက် အသင်သည် ၎င်းသူတို့အား ၎င်းတို့၏ အချည်းနှီးသော ဝေဖန်ပြောဆိုမှုများ၌သာ မြူးတူး (နစ်မွန်း) နေကြစေရန် စွန့်ပယ်၍ လွှတ်ထားပါလေ။

وَهَٰذَا كِتَٰبٌ أَنزَلْنَٰهُ مُبَارَكٌ مُّصَدِّقُ ٱلَّذِى
بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ ٱلْقُرَىٰ وَمَنْ حَوْلَهَا وَٱلَّذِينَ يُؤْمِنُونَ
بِٱلْءَاخِرَةِ يُؤْمِنُونَ بِهِۦ وَهُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٩٢﴾

၆ : ၉၂ ။ ။ ဤ (ကုရ်အာန်ကျမ်းဂန်) သည်လည်း အကြင်သို့သော ကျမ်းဂန် (တစ်စောင်) ပင်ဖြစ်သည်။ ငါအသျှင်မြတ်သည် ယင်းကျမ်းဂန်ကို ဟုတ်ပြန်ချမှတ်တော်မူခဲ့သည်။ 'ဗရ်ကသ်' မင်္ဂလာနှင့် ပြည့်စုံ (သော ကျမ်းဂန်ဖြစ်) သည်။ မိမိအလျှင်ရှိခဲ့သည့် ကျမ်းဂန်များကိုလည်း (အလ္လာဟ်အသျှင်မြတ်ထံတော်မှ ထုတ်ပြန်ထားသော ကျမ်းဂန်ဖြစ်ကြောင်းနှင့် မှန်ကန်ကြောင်း) အတည်ပြုသော ကျမ်းမြတ်ဖြစ်သည်။ ၎င်းပြင် အသင်သည် (ထိုကျမ်းဂန်ဖြင့်) မက္ကာဟ်မြို့တော် (သားများ) ကိုလည်းကောင်း၊ ထိုမြို့တော်၏ ပတ်ဝန်းကျင်၌ ရှိသူများကိုလည်းကောင်း သတိပေးနှိုးဆော်ရန် ချပေးတော်မူခြင်း ဖြစ်သည်။ စင်စစ် အာခိရသ် နောင်တမလွန်ဘဝကို သက်ဝင်ယုံကြည်သူတို့သည် ယင်း (ကျမ်းမြတ်) ကိုလည်း ယုံကြည်လက်ခံကြလေသည်။ ထို့ပြင် ၎င်းသူတို့သည် မိမိတို့၏ 'ဆွလာသ်' ဝတ်ပြုမှုကိုလည်း (စွဲမြဲစွာ) စောင့်ထိန်းကြလေသည်။

وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ قَالَ أُوحِىَ إِلَىَّ وَلَمْ يُوحَ
إِلَيْهِ شَىْءٌ وَمَن قَالَ سَأُنزِلُ مِثْلَ مَآ أَنزَلَ ٱللَّهُ وَلَوْ تَرَىٰٓ إِذِ
ٱلظَّٰلِمُونَ فِى غَمَرَٰتِ ٱلْمَوْتِ وَٱلْمَلَٰٓئِكَةُ بَاسِطُوٓا۟ أَيْدِيهِمْ أَخْرِجُوٓا۟
أَنفُسَكُمُ ٱلْيَوْمَ تُجْزَوْنَ عَذَابَ ٱلْهُونِ بِمَا كُنتُمْ تَقُولُونَ عَلَى ٱللَّهِ
غَيْرَ ٱلْحَقِّ وَكُنتُمْ عَنْ ءَايَٰتِهِۦ تَسْتَكْبِرُونَ ﴿٩٣﴾

၆ : ၉၃ ။ ။ အမှန်စင်စစ် အကြင်သူထက် ပို၍မတရားပြုမူသောသူသည် မည်သူရှိလိမ့်မည်နည်း။ ထိုသူသည် အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် မဟုတ်မမှန် လီဆယ်စွပ်စွဲ၏။ သို့မဟုတ် မိမိထံ မည်သည့် ဝဟီအမိန့်တော် တစ်စုံတစ်ရာမျှပင်

ကျရောက်ခြင်းခံရသည် မရှိပါဘဲလျက် မိမိထံ ဝဟီအမိန့်တော် ကျရောက်ခံရသည်ဟူ၍ ပြောဆိုလေသည်။ ထိုနည်းတူစွာ
(အကြင်သူထက် ပို၍ မတရားပြုမူသော သူကား မည်သူရှိလိမ့်မည်နည်း။) ထိုသူသည် အလ္လာဟ်အသျှင်မြတ် ချပေးတော်မူသော
အရာ (ဖြစ်သည့် အာယသ်တော်) နှင့်ယှဉ်ပြိုင်၍ ကျွန်ုပ်လည်း ဤကဲ့သို့သော အရာ (အာယသ်တော်) ကို မကြာမီ ချပေးပါ
မည်ဟူ၍ ပြောဆိုလေသည်။ အကယ်၍သာ အသင်သည် မတရားကျူးလွန်သူတို့အား အကြင်အခါမျိုးတွင် တွေ့မြင်ရလျှင်
ကောင်းလေစွ။ ထိုအခါဝယ် ၎င်းတို့သည် သေခြင်းတရား၏ ပြင်းထန်မှု (ဒုက္ခ) များ၌ ကျရောက်လျက်ရှိကြမည်။ ၎င်းပြင်
'မလာအေကာဟ်' ကောင်းကင်တမန်များသည်လည်း (၎င်းတို့ဘက်သို့) မိမိတို့၏ လက်များကို ဆန့်တန်းလျက် အသင်တို့သည်
'မိမိတို့၏ အသက်ဝိညာဉ်များကို ထုတ်ပေးကြလော့။ ယနေ့ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန်
စွပ်စွဲပြောဆိုမှုများနှင့် ထိုအသျှင်မြတ်၏ သက်သေအထောက်အထားများကို ဆန့်ကျင်၍ မထီမဲ့မြင် ကျူးလွန်ပြုလုပ်ခဲ့ကြ
သောကြောင့် ယုတ်ညံ့သိမ်ဖျင်းစေသော ပြစ်ဒဏ်ကို ခံစားကြရတော့မည်' (ဟူ၍ ပြောဆိုကြပေမည်။)

وَلَقَدْ جِئْتُمُونَا
فُرَادَىٰ كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاءَ ظُهُورِكُمْ
وَمَا نَرَىٰ مَعَكُمْ شُفَعَاءَكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاءُ ۚ
لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ ﴿٩٤﴾ ع

၆ : ၉၄ ။ ။ ထို့ပြင် (အလ္လာဟ်အသျှင်မြတ်သည် မိန့်ကြားတော်မူမည်။ ယခုမူကား) အသင်တို့သည် ငါအသျှင်မြတ်
က အသင်တို့အား ပထမမူလက ဖန်ဆင်းတော်မူခဲ့သည့်နည်းတူ ငါအသျှင်မြတ်၏ ထံတော်သို့ တစ်ဦးချင်းစီ ရောက်ရှိလာခဲ့
ကြလေပြီ။ ၎င်းပြင် အသင်တို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (ဥစ္စာပစ္စည်း) များကို မိမိတို့၏နောက်တွင်
စွန့်ထားခဲ့ကြလေပြီ။ ထို့ပြင် အသင်တို့သည် မိမိတို့အရေး၌ ကြားဝင်အသနားခံပေးမည့်သူများဟု ယုံကြည် ယူဆထားခဲ့ကြ
သော သူများကိုလည်း အသင်တို့နှင့်အတူ မတွေ့မြင်ရပေ။ အသင်တို့သည် မိမိတို့၏ အရေးကိစ္စများတွင် ၎င်းသူများသည်
(ငါအသျှင်မြတ်၏) အပေါင်းအဖော်များ ဖြစ်သည်ဟူ၍ ထင်မြင်ယူဆခဲ့ကြလေသည်။ (ယခုမူ) အသင်တို့အချင်းချင်း အဆက်
ပြတ်ခဲ့လေပြီ။ ၎င်းပြင် အသင်တို့၏ ထင်မြင်ယူဆချက်များသည်လည်း အသင်တို့ထံမှ ပျောက်ကွယ်သွားချေပြီဖြစ်သည်။
(သို့ဖြစ်ပေရာ ယခုမူ ပြစ်ဒဏ်ကို အပြည့်အဝ ခံကြရပေတော့မည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ငါအသျှင်မြတ်သည် သောကမထားရန်နှင့် သည်းခံတရားထားရန် ပြောကြားရခြင်း၏
အကြောင်းမှာ နဗီတမန်တော်များအားလုံးသည် ဤသို့ပင် ပြုလုပ်ခဲ့ကြသည်။ သို့ရှိရာ ဖော်ပြပါပုဂ္ဂိုလ်များ
အား အလ္လာဟ်အသျှင်မြတ်သည် သည်းခံတရားထားရန် လမ်းညွှန်မှာကြားခဲ့ပေသည်။ ယခု ဤအခန်း
ကဏ္ဍ၌ အသင်ကိုယ်တော်ကိုလည်း ထိုနည်းတူစွာ သည်းခံတရားလမ်းပေါ် လျှောက်လှမ်းစေတော်မူ၏။

အသင်ကိုယ်တော်ကိုလည်း ထိုနည်းတူစွာ လမ်းညွှန်မှာကြားတော်မူခဲ့၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့သည်းခံခြင်းဖြင့် အသင်ကိုယ်တော်အား မည်သည့်အကျိုးဖြစ်ထွန်းမှု မရှိသကဲ့သို့ ဆုံးရှုံးခြင်းလည်း မရှိပေ။ ထို့အတွက်ကြောင့် သောကနှင့် သည်းမခံခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်မည်။ ထိုအကြောင်းအရာအား ထုတ်ဖော်ရန်အတွက် ၄င်းတို့အား ဖိတ်ခေါ်သည့်အခါတွင် အသင်ကိုယ်တော်အနေနှင့် ၄င်းတို့အား ဤသို့လည်း ပြောကြားပါလေ။ ၄င်းမှာ ကျွန်ုပ်သည် အသင်တို့အား ဤသို့ ကျမ်းတော်မြတ်ဘက်သို့ ဖိတ်ခေါ်သည့်အပေါ် မည်သည့်အကျိုးအမြတ်မှ မလိုလားချေ။ ယင်းအကျိုးအမြတ်ကို ရရှိခြင်းကြောင့် အကျိုးဖြစ်ထွန်းပြီး မရရှိခြင်းကြောင့် ဆုံးရှုံးရမည်ဟူ၍ မရှိပေ။ လိုလားတောင့်တချက် ကင်းမဲ့စွာဖြင့် ဆုံးမစကားများကို ပြောဆိုနေပေသည်။

ဤကျမ်းတော်မြတ်သာလျှင် စကြဝဠာတစ်ခုလုံးအတွက် ဩဝါဒတော်တစ်ခုဖြစ်သည်။ ယင်းကျမ်းတော်မြတ်အား လက်ခံခြင်းသည် အသင်တို့အတွက်သာလျှင် အကျိုးဖြစ်ထွန်းစေပြီး လက်မခံလျှင် အသင်တို့သာလျှင် ဆုံးရှုံးမည်ဖြစ်သည်။ ထိုငြင်းပယ်ကြသောသူများသည် အလ္လာဟ်အသျှင်မြတ်အား သိသင့်နားလည်ထိုက်သမျှ မသိနားမလည်ကြပေ။ သို့သာမက နှုတ်မှပြောဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူသားတစ်ဦးအပေါ်ကိုမှ ယခု ကျမ်းတစ်ဆူမျှပင် ပို့ချခဲ့ခြင်း မရှိပေ။ ဤသို့ ပြောဆိုခြင်းသည် အသျှင်မြတ်အား မသိနားမလည်ခြင်းကြောင့်သာ ဖြစ်သည်။ ထိုသို့ ပြောဆိုခြင်းကြောင့် 'နဗူဝသ်' ကိုလည်း ငြင်းဆိုရာရောက်သည်။ 'နဗူဝသ်' အား ငြင်းပယ်သူသည် အလ္လာဟ်အသျှင်မြတ်အား လိမ်လည်ရာရောက်သည်။ ဧကန်အမှန် အမှန်တရားကို ထောက်ခံရန် အရေးကြီးသည်။ ၄င်းတို့အား အဖြေပေးရန် အသင်ကိုယ်တော် ၄င်းတို့အား ပြောကြားပါလေ။ ၄င်းမှ အသင်တို့ လက်ခံထားပြီးဖြစ်သော တမန်တော်မူစာ ﷺ ယူဆောင်လာသည့် 'သောင်ရားသ်' ကျမ်းကို မည်သူက ချပေးခဲ့သည်ကို တင်ပြပါလေ။ အကြင်ကျမ်းသည် ရောင်ခြည်အလား ဖြစ်ကြောင်းကို အတိအလင်း တင်ပြထားပေသည်။ အကြင်သူများအား လမ်းမှန်တရားရရန်အတွက် ကျရောက်ခဲ့သော် ထိုကျမ်းဂန်သည် ထိုသူများအတွက် မီးမောင်းထိုးပြသော ကျမ်းတစ်ဆူဖြစ်သည်။ ယင်းကျမ်းဂန်အား အသင်တို့သည် မိမိစိတ်အလိုကျဖြစ်စေရန်အတွက် စာမျက်နှာအသီးသီးကို ချန်လှပ်ထားခဲ့ပြီး လိုအပ်သည်များကိုသာ ဖော်ထုတ်ခဲ့သည်။ ယင်းဖော်ထုတ်ခဲ့သော စာမျက်နှာများတွင် အသင်တို့နှင့် ဆန့်ကျင်ဘက်အလိုသဘောများ မပါရှိပေ။ အသင်တို့၏ အလိုသဘောနှင့် ဆန့်ကျင်ဘက်များ ရေးသားထားသော စာမျက်နှာများကို ဖုံးကွယ်ထားကြသည်။ ထိုကျမ်းဂန်ကို အကြောင်းပြုပြီး အသင်တို့အား ဤကဲ့သို့သော ပညာရပ်များကို သင်ကြားပေးခဲ့တော်မူ၏။ အကြင်အရာများကို အသင်တို့ သည် ထိုကျမ်းဂန်မရမီအလျှင် မသိရှိကြပေ။ ထိုနည်းတူစွာ အသင်တို့၏ ဦးဆောင်ဦးရွက်များလည်း မသိရှိကြပေ။

အလိုသဘောမှာ ယင်း 'သောင်ရားသ်' ကျမ်းကို အသင်တို့သည် ဦးစွာပထမ လက်ခံကြသည်။ ၄င်းနောက် နှုးရ်နှင့် 'ဟေဒါယသ်' အတွက် အကြောင်းခံဖြစ်ကြောင်းကိုလည်း လက်ခံကြသည်။ ထို့နောက် အချိန်တိုင်းလိုလို အသုံးပြုကြသည်။ ထိုသို့ သုံးစွဲခြင်းသည် ရှက်ဆုပ်ဖွယ်ရာကောင်းနေပါစေ။ သို့သော် ငြင်းပယ်ရန် မည်သို့မှ အခွင့်အလမ်းမရှိပေ။ အသင်တို့အတွက် ထိုကျမ်းဂန်သည် အလွန်ကြီးမားသည့် 'နေ့အ်မသ်' တစ်ခုဖြစ်သည်။ ထိုကျမ်းဂန်ကို အကြောင်းပြုလျက် ပညာရှင်ဖြစ်နေကြပေသည်။ ထို့ကြောင့်

၎င်းကျမ်းဂန်အား ငြင်းပယ်ရန် မည်သို့မှ အခွင့်အလမ်းမရှိပေ။ ယခု ထိုကျမ်းဂန်အား မည်သူပို့ချခဲ့သည်ကို တင်ပြပါ။ အဘယ်ကြောင့်ဆိုသော် ထိုအမေး၏ အဖြေမှာ ဤသို့ သတ်မှတ်ပြီးဖြစ်သည်။ ထိုသူများအနေနှင့်လည်း ထိုအဖြေမှအပ အခြားပေးရန် မရှိပေ။ ထို့ကြောင့် ကိုယ်တိုင် အဖြေပေးရန်အတွက် တမန်တော်မြတ် ﷺ အား မိန့်ကြားတော်မူသည်မှာ အသင်ကိုယ်တော်အနေနှင့် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖော်ပြပါကျမ်းဂန်များကို ပို့ချတော်မူသည်ဟု ပြောကြားပါလေ။ ထိုသို့ ဖြေကြားခြင်းကြောင့် ၎င်းတို့၏ ကြွေးကြော်မှုမှာ ပျက်ပြားသွားပေသည်။ တစ်ဖန် ထိုဖြေကြားချက်အား တင်ပြပြီး ၎င်းတို့အား မကောင်းသည့် လုပ်ရပ်များတွင် နစ်မွန်းနေစေပြီး အသင်၏ တာဝန်မှာ ပြီးဆုံးသွားပြီးဖြစ်သည်။ ၎င်းတို့ လက်မခံပါက အသင်ကိုယ်တော် သောကမထားပါနှင့်။ ငါအသျှင်မြတ်ကိုယ်တော်တိုင် ၎င်းတို့နှင့်ပတ်သက်ပြီး အရေးယူတော်မူသည်။

၎င်းနောက် 'သောင်ရားသ်' ကျမ်းသည် ငါအသျှင်မြတ်ထံတော်ပါးမှအပ ချပေးတော်မူသော ကျမ်းဖြစ်သကဲ့သို့ ဤကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း ထိုနည်းတူစွာ ငါအသျှင်မြတ်မှသာလျှင် ချပေးတော်မူခဲ့သည်။ ယင်းကျမ်းသည် အလွန်မင်္ဂလာရှိသော ကျမ်းတစ်ဆူဖြစ်တော်မူ၏။ ယဟူဒီများ၏ ဖော်ပြပါအတိုင်း ပြောဆိုခြင်း၏ မူရင်းရည်ရွယ်ချက်မှာ အကြင်ကျမ်းဂန်အား လိမ်လည်ရန်ဖြစ်သည်။ သို့ရှိရာ ထိုကျမ်းတော်မြတ်အပေါ် အီမာန်ယူလာခြင်းနှင့် ကျင့်သုံးခြင်းသည် လောကီလောကုတ္တရာ နှစ်ဌာနစလုံးအတွက် မုချအောင်မြင်မှုပင် ဖြစ်သည်။ ထို့နောက် မိမိတို့ထက်အလျင် ကျရောက်ခဲ့ပြီးသော ကျမ်းဂန်များသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှဖြစ်ကြောင်းကို ထောက်ခံလျက်ရှိသော ကျမ်းတစ်ဆူလည်း ဖြစ်သည်။

အချုပ်ဆိုရသော် ငါအသျှင်မြတ်သည် ထိုကျမ်းတော်မြတ်အား အဖန်ဆင်းခံများအတွက် အကျိုးဖြစ်ထွန်းစေရန်နှင့် ကောင်းကင်ကျကျမ်းဂန်များကို ထောက်ခံမှုပြုရန်အတွက် ချပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းနောက် အသင်ကိုယ်တော်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်အား အကြောင်းခံပြီး မက္ကာဟ်မြို့နေသူများနှင့် အနီးဝန်းကျင်ရှိလူများကို အထူးသဖြင့် ဗိဆန်သည့်အပေါ် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များကျရောက်မည်ဟူသော အကြောင်းများနှင့် ခြိမ်းခြောက်ရန်အတွက် ပို့ချပေးတော်မူခဲ့ခြင်းပင် ဖြစ်ပေသည်။ အသင့်အနေနှင့် ထိုသို့ ခြိမ်းခြောက်ပြီးနောက်လည်း လူများအားလုံး အီမာန်ယူလာခဲ့ကြခြင်း မရှိကြပေ။ သို့သော် အကြင်သူတို့သည် တမလွန်အပေါ် ယုံကြည်မည်၊ ပြစ်ဒဏ်ခံစားရမည်ကို စိုးရိမ်ရသော် ယင်းလုပ်ရပ်များမှ ရှောင်ကြဉ်ရန် သောကထားလိမ့်မည်။ ၎င်းနောက် အမြဲတမ်း အောင်မြင်မှုရရှိမည့် လမ်းကို တောင်းခံခြင်းနှင့် အမှန်တရားပေါ် မေ့လျော့နေမည်။ ထိုကဲ့သို့သော လူများသည် ကျမ်းတော်မြတ်ကုရ်အာန်အပေါ် အီမာန်ယူလာကြမည်မှာ မုချ သေချာပေသည်။ ၎င်းတို့သည် အီမာန်ယူလာခြင်းနှင့်အတူ ခိုင်မြဲစွာ လိုက်နာကျင့်သုံးသူများလည်း ဖြစ်ကြမည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအတိုင်း ကျင့်သုံးနေထိုင်မှသာလျှင် ပြစ်ဒဏ်မှ အပြည့်အဝ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိမည်ဖြစ်သည်။ သို့ရှိရာ ထိုသူများသည် နမာဇ်ကို မြဲမြံစွာ ဖတ်ရွတ်ကြသောသူများ ဖြစ်ကြသည်။ နေ့စဉ် ငါးကြိမ်နမာဇ်ကို မပျက်မကွက်ပြုမည်ဖြစ်သည်။

အချုပ်ဆိုရသော် လူတို့ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အသင်ကိုယ်တော် သောက မထားလေနှင့်။ မိမိမလိုလားသူများက လက်ခံလာလိမ့်မည်မဟုတ်ပေ။ သို့သော် အသင်ကိုယ်တော်အနေနှင့် မိမိတာဝန်ကို ဆက်လက်ထမ်းရွက်နေပါလေ။ အလ္လာဟ်အသျှင်မြတ်အပေါ် မဟုတ်မမှန် စွပ်စွဲပြောဆိုပြီး လိမ်လည်ပြောဆိုသူထက်ပိုပြီး မည်သူက မတရားသူဖြစ်နိုင်မည်နည်း။ (၎င်းနောက် 'နဗူဝသ်' တစ်ခုလုံးကို (သို့) 'နဗူဝသ်'၏ အချို့အစိတ်အပိုင်းကို ငြင်းဆန်ကြ၏။ ပမာဆိုရသော် အထက်၌ အချို့သောသူများ၏ အဆိုများ လာရှိသည်မှာ مَآ اَنْزَلَ اللّٰهُ عَلٰى بَشَرٍ ဟူ၍ ဖြစ်ပြီး အချို့သောသူများက- اَبَعَثَ اللّٰهُ بَشَرًا رَّسُوْلًا ဟု ပြောဆိုကြ၏။) သို့မဟုတ် ကျွန်ုပ်ထံ 'ဝဟီ'လာသည်ဟု ပြောဆိုကြ၏။ အမှန်မှာ ၎င်းထံ မည်သည့်စကားရပ်၏ 'ဝဟီ'မှ မလာရှိပေ။ (ပမာဆိုသော် မိုစိုင်လမာဟ် အစရှိသူများကဲ့သို့ ဖြစ်သည်။) ထို့ပြင် ၎င်းထက်ပို၍ မတရားပြုသူ မည်သူရှိမည်နည်း။ အကြင်သူများက အလ္လာဟ်အသျှင်မြတ်၏ နှုတ်ခပါဒ်တော်အား တမန်တော်မြတ် ﷺ ကြွေးကြော်သည့်အတိုင်း ကျရောက်လာသကဲ့သို့ ကျွန်ုပ်တို့လည်း ကျမ်းစာအုပ်ကို ယူလာနိုင်ကြသည်ဟု ပြောဆိုကြသည်။ ထိုသို့ ပြောဆိုကြသူများမှာ 'နဒ္ဒ်ရ်' (သို့) အဗ္ဗဒုလ္လာဟ်တို့ ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသို့ ပြောဆိုကြသူများအလုံးသည် အလွန်မတရားသောသူများ ဖြစ်ကြသည်။ ၎င်းနောက် မတရားသောသူများ၏ အခြေအနေမှာ အကယ်၍ အသင်ကိုယ်တော်သည် ထိုသူများအား သေဆုံးကွယ်လွန်သည့်အချိန်၌ မြင်တွေ့ရမည်ဆိုလျှင် သေမင်း၏ ပြင်းထန်သည့် ဖမ်းဆီးမှုကြောင့် အလွန်ကြောက်မက်ဖွယ်ကောင်းသည့် မြင်ကွင်းကို တွေ့ရမည်ဖြစ်သည်။ အသက်ဇီဝိန်အား ချွေမည့် ဖရစ်ရှ်သာဟ်သည် ထိုသူများ၏ ဝိညာဉ်ကို နှုတ်ယူရန်အတွက် လက်ကမ်းသောအခါ ပြင်းထန်သည့် နာကျင်မှုကြောင့် အမြန်ဆုံး အသက်နှုတ်ပါဟူ၍ ပြောဆိုကြမည်။ ယင်းအဖြစ်ဆိုးနှင့် မည်သို့ ရှောင်ရှားနိုင်ပါမည်နည်း။

ယနေ့ သေဆုံးသည်နှင့် တစ်ပြိုင်နက် အသင်တို့ကို သေးသိမ်သည့် ပြစ်ဒဏ်များပေးမည် ဖြစ်သည်။ ယင်းသို့ အပြစ်ပေးရာ၌ ကိုယ်ခန္ဓာနှင့် ခံစားရမည်ဖြစ်သကဲ့သို့ ဝိညာဉ်နှင့်လည်း ခံစားရမည် ဖြစ်သည်။ ထိုသို့ခံစားရခြင်းမှာ အသင်တို့အနေနှင့် အလ္လာဟ်အသျှင်မြတ်အား လိမ်လည်စကား ပြောဆိုခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ အသင်တို့အနေနှင့် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို လက်ခံခြင်းမှ မာနထောင်လွှားခဲ့ကြသည်။ ယင်းအာယသ်တော်များသည် လမ်းမှန်တရား၏ အကြောင်းခံများဖြစ်သည်။ ဖော်ပြပါ အခြေအနေအား သေဆုံးမည့်အချိန်၌ ရင်ဆိုင်ရမည်ဖြစ်သည်။ 'ကေယာမသ်' နေ့တွင် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ အသင်တို့သည် ငါအသျှင်မြတ်၏ ထံတော်ပါးသို့ မည်သည့်မိတ်ဆွေများမှ မပါဘဲ တစ်ဦးတည်း ရောက်ရှိလာကြသည်။ ငါအသျှင်မြတ်သည် ဦးစွာပထမ လောကတွင် ဖန်ဆင်းမွေးမြူခဲ့သည့် အတိုင်း ကိုယ်ခန္ဓာ၌ အဝတ်အစားမပါဘဲ ခြေထောက်၌ ဖိနပ်မပါသည့်ပုံစံနှင့် ရောက်ရှိလာကြသည်။ ငါအသျှင်မြတ်သည် အသင်တို့အား လောကတွင် ချီးမြှင့်ထားသော ပစ္စည်းဥစ္စာများကို လောက၌ပင် စွန့်လွှတ်၍ ရောက်လာကြသည်။ မည်သည့်အရာမှ မယူလာနိုင်ခဲ့ကြချေ။ ယင်းပစ္စည်းဥစ္စာများကြောင့်

ငါ့အသျှင်မြတ်အား မေ့လျော့နေခဲ့ကြသည်။ အလိုသဘောမှာ ပစ္စည်းဥစ္စာအပေါ် ယုံကြည်အားကိုးပြီး မနေလေနှင့်။ ထိုဥစ္စာပစ္စည်းများအားလုံး ဤလောကမှာပင် ထားခဲ့ကြရမည်ဖြစ်သည်။ အသင်တို့ထဲမှ အချို့သူများသည် မိမိတို့၏ မမှန်ကန်သော ကိုးကွယ်ခြင်းခံရသူများဘက်မှ ကြားဝင် အသနားခံပေးထိုက်မည်ဟု ယုံကြည်ထားကြသည်။ သို့ရှိရာ ငါ့အသျှင်မြတ်သည် အသင်တို့နှင့်အတူ ယခု အသင်တို့အား ကြားဝင် အသနားခံပေးမည့်သူများကို မတွေ့ရပေ။ ယင်း**အချက်မှ သိရှိရသည်မှာ** ကေန်စင်စစ် **အသင်တို့နှင့်**အတူ မည်သူမှ မရှိပေ။ **အသင်တို့၏ ကိစ္စရပ်များ၌ ငါ့အသျှင်မြတ်နှင့်အတူ အသင်တို့ ကိုး**ကွယ်သည့်အရာများ**လည်း ပါဝင်သည်**ဟု အသင်တို့အနေနှင့် ကြွေးကြော်ခဲ့ကြသည်။ **အသင်တို့**သည် ငါ့အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခဲ့ကြသကဲ့သို့ ထိုအရာများကိုလည်း **ကိုး**ကွယ်ခဲ့ကြသည်။ မုချကေန် အသင်တို့နှင့် ၎င်းတို့အကြား အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး ဖြစ်သည်။ ယနေ့ **အသင်တို့အချင်းချင်း တစ်ဖက်**နှင့်တစ်ဖက် ရှုံမုန်းနေကြသည့်အတွက် မည်သို့ ကြားဝင်အသနားခံပေးနိုင်မည်နည်း။ ၎င်းနောက် ဖော်ပြပါအတိုင်း အသင်တို့၏ ကြွေးကြော်ခြင်းများသည် ယခု မည်သို့မှ အသုံးမဝင်သည့်အတွက် ဒုက္ခတွင် ကောင်းစွာ နစ်မွန်းကြရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် တမန်တော်အီဗ္ဗရာဟီမ် ﷺ အပေါ် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှသော ဆုလာဘ်တော်များနှင့် ၎င်း၏ မြင့်မားသော အဆင့်အတန်းနှင့်စပ်လျဉ်း၍ တင်ပြထားပေသည်။ ယင်းတင်ပြထားချက်တွင် များသောအားဖြင့် လူသားတစ်ရပ်လုံးကို အထူးသဖြင့် မက္ကာဟ်မြို့နေသူများနှင့် အာရပ်တို့ကို လက်တွေ့ကျကျ ပြသရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို အပြည့်အဝလိုက်နာခြင်းအား မိမိတို့၏ ဘဝရည်မှန်းချက်အဖြစ် သတ်မှတ်ပြီး ထိုအသျှင်မြတ်အတွက် မိမိအနှစ်သက်ဆုံး အရာများကို စတေးမည်။ တမန်တော်အီဗ္ဗရာဟီမ် ﷺ စတေးကဲ့သည့်အတိုင်း စတေးကြမည်။ မိဘ အသိုင်းအဝိုင်းနှင့် ဇာတိမြေကို အလ္လာဟ်အသျှင်မြတ်အတွက် စွန့်လွှတ်ကြမည်။ တစ်ဖန် အလ္လာဟ်အိမ်တော်အား တည်ဆောက်ရန်အတွက် စိမ်းလန်းစိုပြေလှသည့် ဆီးရီးယားနိုင်ငံကို စွန့်လွှတ်၍ မက္ကာမ်မြို့၏ ကန္တာရကို နှစ်သက်ခဲ့သည်။ ဇနီးနှင့် ကလေးများကို တောတွင် စွန့်လွှတ်ပြီး ထွက်ခွာသွားရန် အမိန့်ကျရောက်လာသောအခါ ချက်ချင်းပင် နာခံမှုပြုခဲ့သည်။ တစ်ဦးတည်းသောသားအား စတေးရန် အမိန့်ကျရောက်လာသောအခါ မိမိလုပ်ပိုင်ခွင့်ရှိသည့် အတိုင်းအတာထိ အပြည့်အဝလိုက်နာကျင့်သုံးပြလိုက်သည်။ ဤကဲ့သို့သော အမိန့်နာခံသူများအတွက် စစ်မှန်သော အစားပေးခြင်းမှာ 'ကေယာမသ်'ပြီးနောက် 'ဂျန္နသ်'သာလျှင် ဖြစ်မည်။ သို့သော် လောကဤ၌ပင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူများကို ထိုအဆင့်အတန်းနှင့် စည်းစိမ်ကို ချီးမြှင့်တော်မူမည်။ ယင်းအဆင့်အတန်းနှင့် စည်းစိမ်ရှေ့၌ လောကရှိ စည်းစိမ်များအားလုံး မေးမှိန်သွားမည်ဖြစ်သည်။

တမန်တော်အိဗ္ဗရာဟီမ် ﷺ သည် မိမိမျိုးနွယ်စုများနှင့် ဆွေမျိုးသားချင်းများကို အလ္လာဟ်အသျှင်မြတ်အတွက် စွန့်လွှတ်လိုက်သည့်အတွက် ၎င်းတမန်တော်အား နဗီတမန်တော်များ၏ အုပ်စုကို အစားအဖြစ် ပေးသနားတော်မူသည်။ များသောအားဖြင့် တမန်တော်များသည် ၎င်းနဗီတမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သည်။ အီရတ်နိုင်ငံသားများနှင့် ဆီးရီးယားနိုင်ငံသားများအနေနှင့် ဇာတိမြေကို စွန့်လွှတ်ခဲ့ကြရာ အလ္လာဟ့်အိမ်တော်နှင့် ငြိမ်းချမ်းသည့်မြို့ဖြစ်သည့် မက္ကာဟ်မြို့အား ၎င်းတို့ ရရှိခဲ့ကြသည်။ ၎င်းတို့၏ မျိုးနွယ်စုများသည် ၎င်းတို့အား သေးသိမ်အောင် ပြုလုပ်လိုခဲ့ကြသော်ငြားလည်း ၎င်းတို့အား တစ်လောကလုံးနှင့် 'ကေယာမသ်' နေ့အထိ ပေါက်ဖွားလာမည့်လူသားများ၏ ရှေ့ဆောင်အဖြစ် ပြုပေးတော်မူခြင်း၏ အစားကို ပေးသနားတော်မူခဲ့၏။ လောကရှိ မျိုးနွယ်စုအသီးသီး၌ အချင်းချင်းတွင် ကြီးမားသည့် ကွဲလွဲချက်များ ရှိနေသော်ငြားလည်း တမန်တော်အိဗ္ဗရာဟီမ် عليه السلام အား တစ်ညီတစ်ညွတ်တည်း ဂုဏ်ပေးလေးစားခဲ့ကြပေသည်။ ယင်းနှင့်စပ်လျဉ်း၍ တစ်ဆယ့်ခုနစ်ပါးသော နဗီတမန်တော်များ၏ အမည်များကို တင်ပြထားပေသည်။ ထိုအမည်များတွင် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားစဉ်မြေးဆက်ထဲမှ များစွာ ပါဝင်၏။ ထို့နောက် တင်ပြထားသည်မှာ ယင်းပုဂ္ဂိုလ်များအားလုံးသည် သူမွန်သူမြတ်များ ဖြစ်ကြပေသည်။ ထိုပုဂ္ဂိုလ်များကို အလ္လာဟ်အသျှင်မြတ်သည် တစ်လောကလုံးရှိ လူသားများအနက်မှ မိမိသာသနာအား အကျိုးဆောင်ရန်အတွက် ရွေးချယ်တော်မူခဲ့သည်။ ၎င်းတို့ကို လမ်းမှန်တရားလည်း ပြသတော်မူခဲ့၏။

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား ရည်ညွှန်း၍ မိန့်ဆိုထားသည်မှာ မက္ကာဟ်မြို့နေသူများကို တင်ပြပါလေ။ မျိုးနွယ်စုများ၏ ဘိုးဘေးများသည် ဘိုးဘေးများ ဖြစ်ခြင်းကြောင့်သာလျှင် ၎င်းတို့၏ ပြောဆိုကျင့်သုံးခြင်းအပေါ် လိုက်နာဆောင်ရွက်ရမည်ဟူ၍ မယူဆနိုင်ပေ။ ပမာဆိုသော် များသောအားဖြင့် အာရဗီများနှင့် မက္ကာဟ်မြို့နေသူများက ထိုသို့ စဉ်းစားကြသည်။ သို့သော်က နောက်လိုက်ရန်အတွက် ဦးစွာပထမ သိရှိထားရန် အရေးကြီးသည့်အချက်မှာ ကျွန်ုပ်တို့အနေနှင့် ပုဂ္ဂိုလ်တစ်ဦး၏ အနွံတာခံမည်ဆိုလျှင် ထိုပုဂ္ဂိုလ်ကိုယ်တိုင်က လမ်းမှန်ပေါ်ရှိ၊ မရှိကို ကြည့်ရမည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များ၏ အမည်များကို စီတန်း၍ တင်ပြထားရာ၌

اُولٰٓئِكَ الَّذِيْنَ هَدَا اللّٰهُ

ဟု မိန့်ဆိုထားပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်မှ ယင်းသူများအား 'ဟေဒါယသ်' လမ်းမှန်တရားကို ပေးသနားတော်မူခဲ့သည်။ တစ်ဖန် မိန့်တော်မူသည်မှာ-

فَبِهُدَاهُمُ اقْتَدِهْ

ဆိုလိုသည်မှာ အသင်ကိုယ်တော်လည်း ထိုနဗီတမန်တော်များ၏ လမ်းမှန်တရားနှင့် လမ်းစဉ်ကိုသာ လိုက်နာတော်မူပါ။ ထိုအာယသ်တော်တွင် မိန့်ကြားထားသော လမ်းညွှန်မှုတစ်ခုမှာ ယင်းလမ်းညွှန်မှု သည် အာရဗ်များနှင့် အွမ္မသ်ထုတစ်ရပ်လုံးအတွက် ဖြစ်သည်။ ၎င်းမှာ ဘိုးဘေးများ၏ နောက်လိုက်ခြင်းနှင့် ဒွိဟအပေါ် ကိုးကွယ်ခြင်းများကို စွန့်လွှတ်ကြရမည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ လမ်းမှန်

တရားကို ရရှိထားသော ပုဂ္ဂိုလ်များနောက် လိုက်ကြလေကုန်။ အခြားလမ်းညွှန်ချက်တစ်ခုမှာ တမန်တော်မြတ် ﷺ ကို မိန့်ဆိုထားခြင်းဖြစ်သည်။ ၎င်းမှာ 'အသင်ကိုယ်တော်လည်း ထိုနဗီတမန်တော်များ၏ လမ်းစဉ်ကို လိုက်နာရမည်' ဟူ၏။

ဤနေရာ၌ ထိုအချက်သည်လည်း စဉ်းစားစရာဖြစ်သည်။ ၎င်းမှာ နဗီတမန်တော်များ၏ တရားလမ်းစဉ်တွင် ဆင့်ပွားပညတ်ချက်များသည် အစကနဦးကပင် အကွဲအလွဲရှိခဲ့ကြသည်။ ထို့နောက် အစ္စလာမ်သာသနာတော်တွင်လည်း ထိုနဗီများ၏ လမ်းစဉ်နှင့် ကွဲလွဲသည့်အမိန့်များစွာ ကျရောက်ခဲ့ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ အား ရှေးယခင်နဗီတမန်တော်များ၏ လမ်းစဉ်အတိုင်း လျှောက်လှမ်းရန်နှင့် ကျင့်သုံးရမည်ဆိုသော် အလိုသဘောမှာ မည်သို့ရှိမည်နည်း။ အခြားအာယသ်တော်များနှင့် ဟဒီးစ်တော်များ၏ အထောက်အထားအရ ၎င်း၏ အဖြေမှာ ဤနေရာ၌ ဆင့်ပွားပညတ်ချက်များအားလုံးတွင် ရှေးနဗီတမန်တော်များ၏ နောက်လိုက်ရန် မိန့်ကြားထားခြင်းမျိုး မဟုတ်ပေ။ သို့သာမက သာသနာ၏ အုတ်မြစ်ဖြစ်သော 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း၊ နဗီဖြစ်ခြင်းနှင့် တမလွန်၏ အရေးကိစ္စတွင် ထိုနဗီများ၏ လမ်းစဉ်အပေါ် လိုက်နာရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ယင်းအချက်များသည် မည်သည့်နဗီထံမှ အပြောင်းအလဲမရှိခဲ့ပေ။ တမန်တော်အာဒမ် ﷺ မှစပြီး နောက်ဆုံးနဗီတမန်တော်အထိ ပွင့်လေသမျှ နဗီတမန်တော်များ၏ ယုံကြည်ချက်နှင့် နည်းလမ်းမှာ အဆိုပါအတိုင်းပင် ဖြစ်၏။ ကျန်ရှိ ဆင့်ပွားပညတ်ချက်များ၌ အပြောင်းအလဲမရှိသော ပညတ်ချက်များတွင် အားလုံးတန်းတူဖြစ်ပြီး အခြေအနေနှင့် အချိန်အခါ ပြောင်းလဲမှုကြောင့် အခြားအမိန့်တော်များ ချမှတ်ပေးပြီး လိုက်နာစေခဲ့ပေသည်။ ဤအတွက်ကြောင့်ပင် တမန်တော်မြတ် ﷺ ၏ အကျင့်ဓလေ့ရှိသည်မှာ 'ဝဟီ' တော်၏ အကြောင်းခံဖြင့် ထူးခြားသည့် လမ်းညွှန်ချက် မရရှိမခြင်း တမန်တော်မြတ် ﷺ သည် ဆင့်ပွားပညတ်ချက်များတွင်လည်း ရှေးနဗီတမန်တော်များ၏ လမ်းစဉ်အပေါ် လိုက်နာကျင့်သုံးလျက်ရှိတော်မူခဲ့၏။

ထို့နောက်ပိုင်းတွင်လည်း တမန်တော်မြတ် ﷺ ကို ထူးခြားသည့် အမိန့်တော်တစ်ရပ်အား ကြေငြာခဲ့သည်။ ယင်းကြေငြာချက်ကို ရှေးနဗီတမန်တော်အသီးသီးတို့ကလည်း ကြေငြာခဲ့ပေသည်။ ၎င်းမှာ-

قُلْ لَّآ اَسْئَلُكُمْ عَلَيْهِ اَجْرًا اِنْ هُوَ اِلَّا ذِكْرٰى لِلْعٰلَمِيْنَ

ဆိုလိုသည်မှာ အသင်တို့၏ ဘဝကို လုပအောင် ပြုပေးရန်အတွက် လမ်းမှန်တရားများ ညွှန်ကြားသည့်အပေါ် အသင်တို့ထံမှ မည်သည့်အခကြေးငွေမှ ယူခဲ့ခြင်း မရှိပေ။ ထိုလမ်းမှန်တရားများကို အသင်တို့ လက်ခံလိုက်မည်ဆိုလျှင်လည်း ကျွန်ုပ်အတွက် မည်သို့မှ အကျိုးမရှိသကဲ့သို့ လက်မခံပါကလည်း မည်သို့မှ ကျွန်ုပ်အတွက် နစ်နာမှုရှိမည်မဟုတ်ပေ။ ဤလမ်းမှန်တရားသည် စကြဝဠာရှိ လူသားများအားလုံးအတွက် သြဝါဒစကားနှင့် အကောင်းလိုလားသည့် နှုတ်ခပါဌ်တော်များဖြစ်သည်။ သင်ကြားခြင်းနှင့် ဖိတ်ခေါ်ခြင်းအပေါ် မည်သည့်အခကြေးငွေမှ မယူဘဲ နဗီတမန်တော်များအားလုံး ထိုအတိုင်းပင် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဖိတ်ခေါ်ခြင်းသည် ဖိတ်ခေါ်မှုအား အလွန်ထိရောက်စေပေသည်။

ဒုတိယအာယသ်တော်သည် ထိုသူများကို အဖြေပေးရန် ကျရောက်လာခြင်းဖြစ်ပေသည် ၄င်းတို့က ပြောဆိုကြသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အခါမှ မည်သည့်လူသားတစ်ဦးပေါ်သို့ ကျမ်းဂန်များ ပို့ချတော်မမူပေ။ ဤကျမ်းဂန်များနှင့် ရစူလ်များသည် အစကဦးကပင် မှားယွင်းသော အရာများဖြစ်သည်။' ထိုသို့ ပြောဆိုသူများသည် မက္ကာဟ်မြို့ရှိ ရုပ်တုကိုးကွယ်ကြသူများဖြစ်သည်။ ပမာဆိုရသော် အိမ်နေကစီးရဲ မိန့်ဆိုထားသည်မှာ ၄င်းတို့အနေနှင့် မည်သည့်ကျမ်း၊ မည်သည့်နဗီကိုမှ လက်မခံကြောင်းမှာ ပေါ်လွင်ထင်ရှားနေပေသည်။

အခြားသဖ်စီးရ်ပညာရှင်များ မိန့်ဆိုသည့်အလား အကယ်၍ ၄င်းတို့မှာ ယဟူဒီများဖြစ်ကြသည် ဆိုလျှင် အာယသ်တော်၏ တင်ပြချက်အရ ၄င်းတို့အား အတည်ပြုခြင်းမှာ ပေါ်လွင်နေပေသည်။ သို့ဆိုလျှင် ထိုသို့ ပြောဆိုခြင်းသည် ဒေါသအလျောက် ပြောဆိုခြင်းမျိုး ဖြစ်မည်လော။ ထိုစကားရပ်များသည် ၄င်းတို့၏ လမ်းစဉ်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်။ အေမာမ်ဘဂ်ဝီ (ရဟ) ဆင့်ပြန်ချက်တစ်ပုဒ်တွင် တင်ပြထားသည်မှာ ထိုသို့ ပြောဆိုသူများကို ယဟူဒီများကလည်း စိတ်ဆိုးခဲ့ကြသည်။ ထိုမှားယွင်းမှုကြောင့် ၄င်းပြောဆိုသူအား သာသနာတော်၏ ရှေ့ဆောင်အဖြစ်မှ ဖယ်ရှားခဲ့သည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်မှ တမန်တော်မြတ် ﷺ အား မိန့်ကြားသည်မှာ ထိုသို့သော စကားများကို ပြောဆိုသူသည် အလ္လာဟ်အသျှင်မြတ်အား သိပါလျက်နှင့် မသိကျိုးကျွံပြုခြင်းသာ ဖြစ်သည်။ သို့မဟုတ်ပါက ဤကဲ့သို့သော စကားများကို ၄င်းတို့၏ နှုတ်မှ မပြောဆိုနိုင်ပေ။ အသင်ကိုယ်တော် အနေနှင့် ကောင်းကင်ကျကျမ်းများအား ငြင်းပယ်သူများကို ပြောကြားပါလေ။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြောဆိုသကဲ့သို့ မည်သည့်လူသားအပေါ်မှ ကျမ်းဂန်များ မပို့ချဟုဆိုလျှင် အသင်တို့ လက်ခံထားသော ဤ 'သောင်ရားသ်'ကျမ်းကို မည်သူက ပို့ချပေးခဲ့ပါသနည်း။ ယင်းကျမ်းကြောင့် အသင်တို့သည် မိမိမျိုးနွယ်စုများ၏ ဂုဏ်သရေရှိသူအဖြစ်နှင့် ရပ်တည်နေကြသည်။ ယင်းနှင့် တစ်ဆက်တည်း တင်ပြလိုက်သည်မှာ အသင်တို့သည် မဟုတ်မမှန်သော လမ်းကို လျှောက်နေကြသည်။ အသင်တို့သည် 'သောင်ရားသ်'ကျမ်းကို ကောင်းကင်ကျကျမ်းဟုလည်း ပြောဆိုသည်။ လက်ခံကြသည်။ ယင်းကျမ်းတော်နှင့် ပတ်သက်ပြီး အသင်တို့ ဤအတိုင်း ဆက်ဆံကြပါသလော။ အသင်တို့သည် ထိုကျမ်းတော်မြတ်အား တစ်စုတစ်စည်းတည်း ရှိရမည့်အစား စာရွက်အသီးသီးပေါ်တွင် ရေးသားထားလိုက်ကြသည်။ သို့မှသာ အသင်တို့ လိုအပ်သကဲ့သို့ အလယ်ကြားမှ စာရွက်များကို ထုတ်ယူနိုင်မည်ဖြစ်သည်။ ယင်းကျမ်းတော်မြတ်၏ လျှို့ဝှက်ချက်များကိုလည်း ငြင်းဆိုကြသည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ နှင့် ပတ်သက်သည့် လက္ခဏာများ၊ ဂုဏ်ဒြပ်များကို 'သောင်ရားသ်'၏ အာယသ်တော်များတွင် တင်ပြထားပေသည်။ ၄င်းအာယသ်တော်ကို အသင်တို့ ထုတ်ယူလိုက်ကြသည်။ အာယသ်တော်၏ နောက်ဆုံးဝါကျတွင်

تَجْعَلُوْنَهٗ قَرَاطِيْسَ

၏ အလိုသဘောသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ قَرَاطِيْس စာလုံးသည် قِرْطَاسٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ စာရွက်များဖြစ်သည်။

ထို့နောက် ၄င်းလူများကိုပင် ရည်ညွှန်း၍ မိန့်တော်မူထားသည်မှာ-

وَعُلِّمْتُمْ مَالَمْ تَعْلَمُوْا اَنْتُمْ وَلَا اٰبَائُكُمْ

အလိုသဘောမှာ အသင်တို့အား ကျမ်းတော်မြတ်၏ အကြောင်းခံဖြင့် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်' ကျမ်းများထက် ပို၍ အသိပညာများကို ပေးသနားတော်မူထားပေသည်။ ယင်းအသိပညာများအား အသင်တို့ အနေနှင့် ဤသည်ထက်အလျှင် မသိရှိခဲ့ကြသေးပေ။ ထိုနည်းတူစွာ အသင်တို့၏ ဘိုးဘွားများလည်း မသိ ရှိခဲ့ကြပေ။

နောက်ဆုံးအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

قُلِ اللّٰهُ ثُمَّ ذَرْهُمْ فِىْ خَوْضِهِمْ يَلْعَبُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်ကျမ်းစာအုပ်မှ မပို့ချဟုဆိုလျှင် 'သောင်ရားသ်' ကို မည်သူက ပို့ချခဲ့ပါသနည်းဟု မေးမြန်းရာ ၎င်းတို့အနေနှင့် မည်သို့မှ အဖြေမပေးနိုင်ခဲ့ချေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က 'အို၊ အသင်နဗီ၊ အသင်သာ ဖြေကြားလိုက်လော့။ အလ္လာဟ်အသျှင်မြတ်သာလျှင် ပို့ချပေးတော်မူ၏။ ၎င်းနောက် ထိုအချက်အပေါ် အထောက်အထားပြည့်စုံသွားပြီးဖြစ်သောကြောင့် အသင် နဗီ၏ အလုပ်လည်း ပြီးဆုံးသွားပြီဖြစ်သည်။ ယခု ၎င်းတို့အနေနှင့် အကျိုးမရှိသည့် လုပ်ရပ်များ၌ မွေ့လျော် လိုပါက လွှတ်ထားလိုက်လေ။' အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် မိမိဘက်မှ ပို့ချပေးခဲ့သော ကျမ်း စာအုပ်များနှင့်ပတ်သက်ပြီး ထိုသူများအပေါ် အထောက်အထားများ ပြီးပြည့်စုံစွာ ပြသပြီးသည့်နောက် တတိယအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبَارَكٌ مُّصَدِّقُ الَّذِىْ بَيْنَ يَدَيْهِ

وَلِتُنْذِرَ اُمَّ الْقُرٰى وَمَنْ حَوْلَهَا

အလိုသဘောမှာ 'သောင်ရားသ်'ကျမ်းအား အလ္လာဟ်အသျှင်မြတ်မှ ပို့ချထားသည်ကို ၎င်းတို့လည်း လက်ခံယုံကြည်ကြသည်။ ထိုနည်းတူစွာ ကျမ်းတော်မြတ်ကုရ်အာန်ကိုလည်း ငါအသျှင်မြတ်သာလျှင် ပို့ချ ပေးတော်မူခဲ့၏။ ကျမ်းတော်မြတ်ကုရ်အာန်သည် 'သောင်ရားသ်'နှင့် အင်န်ဂျီးလ်ကျမ်း၌ ချမှတ်ထားသော အရာဟူသမျှအား ထောက်ခံမှု ပြုထားသည်ဟူသော အချက်မှင်လျှင် ယင်းကုရ်အာန်ကျမ်းမြတ်၏ မှန်ကန် မှုပေါ် အထောက်အထားပေးရန်အတွက် လုံလောက်ပေသည်။ ထို့နောက် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်' ကျမ်းကို ချပေးပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်အား ပို့ချပေးရန် လိုအပ်လာသည့် အကြောင်းတရားမှာ ဖော်ပြပါကျမ်းနှစ်ဆူအား ဗနီအိစ္စရာအီးလ်များအတွက် ပို့ချပေးခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းတို့၏ အခြားအနွယ် တစ်ခုဖြစ်သော ဗနီအိစ္စမာအီးလ်အား အာရဗ်ဟု ခေါ်ဆိုကြသည်။ ၎င်းတို့သည် မက္ကာဟ်မြို့နှင့် အနီး တဝိုက်၌ နေထိုင်ကြသည်။ ၎င်းတို့အား လမ်းမှန်တရား ပြသရန်အတွက် သီးသန့်နဗီနှင့် ကျမ်းစာအုပ်ကို ယခုအချိန်အထိ ပို့ချခဲ့ခြင်း မရှိသေးချေ။ ယခု ဤကုရ်အာန်ကျမ်းတော်မြတ်သည် အထူးသဖြင့် ၎င်းတို့ အတွက်နှင့် စကြဝဠာကြီးတစ်ခုလုံးအတွက် ခြုံငုံ၍ ပို့ချပေးခဲ့ခြင်းဖြစ်သည်။ မက္ကာဟ်မြို့တော်အား ကုရ်အာန် ကျမ်းတော်မြတ်၌ 'အုမ္မုလ်ကူရာ'ဟု မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ မြို့များနှင့် ရွာများအားလုံး၏

အုတ်မြစ်ပင်မ ဖြစ်သည်။ ထိုသို့ သုံးနှုန်းရခြင်း၏ အကြောင်းမှာ သမိုင်းဖြစ်စဉ်များအရ သိရှိရသည်မှာ ဤနေရာမှပင် မြေပထဝီကြီး စတင်ပေါ်ထွန်းလာခြင်းကြောင့် ဖြစ်သည်။ ၎င်းနောက် တစ်လောကလုံး၏ 'ကိဗ်လာဟ်'နှင့် 'အေဗာဒသ်'၏ ဌာနချုပ်အဖြစ် တည်ရှိလျက်ရှိသည်။ أُمَّ الْقُرٰى ဟူသော ဝါကျနှင့်အတူ وَمَنْ حَوْلَهَا ဟုလည်း မိန့်ထားပေသည်။ ဆိုလိုသည်မှာ မက္ကာဟ်မြို့၏ လေးဘက်လေးရံဖြစ်သည်။ ယင်းသို့ဆိုရာ၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကမ္ဘာတစ်ဝှမ်းလုံး ပါဝင်ပေသည်။

အာယသ်တော်၏ နောက်ဆုံးတွင်

وَالَّذِيْنَ يُؤْمِنُوْنَ بِالْاٰخِرَةِ يُؤْمِنُوْنَ بِهٖ
وَهُمْ عَلٰى صَلٰوتِهِمْ يُحَافِظُوْنَ

ဆိုလိုသည်မှာ တမလွန်အပေါ် အီမာန်ယူလာကြသောသူများသည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ်လည်း အီမာန်ယူလာကြသည်။ နမာဇ်များကိုလည်း မပျက်မကွက် ဖတ်ရွတ်ကြသည်။ ဤအာယသ်တော်တွင် ယဟူဒီနှင့် မုရှ်ရစ်ကဲ်တို့၌ ရှိသော ရောဂါဆိုးတစ်ခုအပေါ် သတိပေးမိန့်ဆိုထားပေသည်။ ၎င်းမှာ ထိုသူများသည် သောကကင်းမဲ့စွာ လိုအပ်သည်ကို လက်ခံပြီး မလိုအပ်သည်ကို ငြင်းဆိုကြသည်။ ထိုအရာများနှင့် ဆန့်ကျင်ကာ စစ်ခင်းကြသည်။ ဤသို့ ဖြစ်ရခြင်းမှာ ၎င်းသူများသည် တမလွန်အပေါ် အီမာန်ယူလာခြင်းမရှိ။ အယုံအကြည်မရှိခြင်းကြောင့်သာ ဖြစ်သည်။ တမလွန်နှင့် စာရင်းစစ်ဆေးမည့်နေ့အပေါ် အီမာန်ယူလာမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်သည် အထောက်အထားများဘက်သို့ ထိုသူအားမုချ အာရုံစူးစိုက်စေမည်ဖြစ်သည်။ ၎င်းနောက် အမှန်တရားကို လက်ခံသည့်နေရာတွင် ဘိုးဘေးများ၏ အမှောင်ခေတ်၏ ဓလေ့များကိုပင် ဂရုစိုက်မည်မဟုတ်ကြပေ။

အကယ်၍ စဉ်းစားကြည့်မည်ဆိုလျှင် တမလွန်ဘဝနှင့် စပ်လျဉ်း၍ သောကမထားခြင်းသည် ရောဂါများ၏ မိခင်ဖြစ်သည်။ ဖီဆန်ခြင်းနှင့် တုပနိုင်းယှဉ်ခြင်းသည် ထိုသို့ သောကမဲ့ခြင်း၏ ရလဒ်ဖြစ်သည်။ အပြစ် 'ဂိုနာဟ်'ဟူသမျှအား ကျူးလွန်ခြင်းသည်လည်း ၎င်း၏ ရလဒ်ပင်ဖြစ်သည်။ တမလွန်အပေါ် ယုံကြည်ချက်ထားသူသည် အကယ်၍ တစ်ခါတစ်ရံ မေ့မှားပြီး ပြစ်မှုကျူးလွန်ခဲ့မည်ဆိုလျှင်လည်း ၎င်းသူ၏ နှလုံးသားမှာ မတည်မငြိမ်ဖြစ်ပြီး နောက်ဆုံးတွင် 'သောင်ဗာဟ်'ပြုလုပ်ပြီး ရှေ့ဆက်အပြစ်များမှ ရှောင်ကြဉ်ရန် အခိုင်အမာရည်ရွယ်ပြုကြသည်။ ကောန်စင်စစ်တွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် တမလွန်၏ သောကထားခြင်းသည်ပင်လျှင် လူသားကို စစ်မှန်သည့် လူသားအဖြစ် ပြုလုပ်စေပြီး အပြစ်များမှလည်း ဖယ်ရှားပေးသည့်အရာ ဖြစ်ပေသည်။ ထို့ကြောင့်ပင်လျှင် ကျမ်းတော်မြတ်၏ မည်သည့်စူရာဟ်၌သော်လည်းကောင်း၊ မည်သည့်အာယသ်တော်၌ လည်းကောင်း တမလွန်ဘက်သို့ အာရုံစူးစိုက်ရန် နှိုးဆော်ထားသော အာယသ်တော် (သို့) စူရာဟ်ဟူ၍ မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ اللّٰهَ فَالِقُ الْحَبِّ وَالنَّوٰى ۖ يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ
الْمَيِّتِ مِنَ الْحَيِّ ۚ ذٰلِكُمُ اللّٰهُ ۖ فَأَنّٰى تُؤْفَكُونَ ﴿٩٥﴾

၆ : ၉၆ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မျိုးစေ့နှင့် သစ်စေ့များကို (အညောက်ထွက်စေရန်) အက်ကွဲစေတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်သာလျှင် သက်ရှိကို သက်မဲ့မှ ထွက်စေတော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် သက်မဲ့ကို သက်ရှိမှ ထွက်စေတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်သာလျှင် (အသင်တို့၏) အလ္လာဟ်အသျှင်မြတ်သာ ဖြစ်တော်မူသည်။ သို့ပါလျက် အသင်တို့သည် (ထိုအသျှင်မြတ်အား ကိုးကွယ်ခြင်းကို စွန့်၍) အဘယ်သို့ ပြန်လှည့်၍ သွားကြလေသနည်း။

فَالِقُ الْإِصْبَاحِ ۚ وَ
جَعَلَ اللَّيْلَ سَكَنًا وَّالشَّمْسَ وَالْقَمَرَ حُسْبَانًا ۚ ذٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ﴿٩٦﴾

၆ : ၉၇ ။ ။ (ထိုအသျှင်မြတ်သည်ပင် ညဉ့်၏ အမှောင်ကို ခွင်း၍) နံနက်မိုးသောက်ချိန်ကို ထွက်ပေါ်စေသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်ပင် ညဉ့်အချိန်၌ (လူသတ္တဝါအပေါင်းတို့) အနားယူရန် ပြုလုပ်ထားတော်မူသည်။ အချိန် (နေ့ရက်) အတိုင်းအတာ (ရေတွက်နိုင်ရန်) သတ်မှတ်၍ ပြုလုပ်ထားတော်မူသည်။ ဤသည်တို့ကား တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်၏ စီမံခန့်ခွဲမှုပင် ဖြစ်ချေသည်။

وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُوا بِهَا فِي
ظُلُمٰتِ الْبَرِّ وَالْبَحْرِ ۗ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّعْلَمُونَ ﴿٩٧﴾

၆ : ၉၈ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အကြင်အသျှင်မြတ် ဖြစ်သည်။ ထိုအသျှင်မြတ်သည် နက္ခတ်တာရာများကို မြေပြင်နှင့် ပင်လယ်သမုဒ္ဒရာတို့၏ အမိုက်မှောင်ထု (ခရီး) များတွင် အသင်တို့အဖို့ လမ်းမှန်ရှာတွေ့နိုင်ကြရန်အလို့ငှာ ပြုလုပ်ထားတော်မူသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏) သက်သေလက္ခဏာရပ်များကို သိနားလည်သော သူတို့အဖို့ အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့လေသည်။

وَهُوَ الَّذِي أَنْشَأَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ فَمُسْتَقَرٌّ وَّمُسْتَوْدَعٌ ۗ
قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّفْقَهُونَ ﴿٩٨﴾

၆ : ၉၉ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အကြင်အသျှင်မြတ် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် အသင် (လူသား) တို့အား လူတစ်ဦးတည်းမှပင် ပေါက်ပွားစေတော်မူခဲ့လေသည်။ တစ်ဖန် (အသင်တို့အဖို့) ကြာရှည်နေရန် နေရာတစ်ခု (မိခင်တို့၏ သားအိမ်) လည်းရှိသည်။ ၎င်းပြင် ခေတ္တနေရန် နေရာတစ်ခု (ဖခင်တို့၏ ကျောကုန်း) လည်းရှိ၏။

စင်စစ် ငါအသျှင်မြတ်သည် (မိမိ၏) သက်သေလက္ခဏာတော်များကို (ဆင်ခြင်သုံးသပ်) သိနားလည်သူများအဖို့ အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အသီးအစေ့များကို ခွဲထုတ်တော်မူသော အသျှင်ဖြစ်သည်။ ဆိုလိုသည်မှာ မြေကြီးတွင် ထိုအသီးအစေ့များကို မြှုပ်ပြီးသည့်နောက် ကွဲသွားခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်ချက်ပင်ဖြစ်သည်။ ထိုအသျှင်မြတ်သာလျှင် သက်မဲ့အရာမှ သက်ရှိကို ထုတ်နိုင်စွမ်း ရှိတော်မူသော အသျှင်ဖြစ်သည်။ ပမာဆိုရသော် ကာလလရည်ကြည်မှ လူသားကို ဖန်ဆင်းတော်မူသည်။ ထိုနည်းတူစွာ သက်ရှိအရာမှ သက်မဲ့အရာကို ထုတ်ယူနိုင်စွမ်းလည်း ရှိတော်မူ၏။ ပမာဆိုရသော် လူသား၏ ကိုယ်ခန္ဓာမှ ကာလလရည်ကြည် ထွက်ပေါ်လာသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်ဆိုသည်မှာ ထိုမျှ စွမ်းအားရှိတော်မူသော အသျှင်ဖြစ်သည်။ အသင်တို့သည် ထိုကြီးကျယ်မြင့်မြတ်သည့် တန်ခိုးတော်ရှင်အား စွန့်လွှတ်ပြီး အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကိုးကွယ်ရန်အတွက် အဘယ်ကြောင့် ပြောင်းပြန် သွားနေကြပါသနည်း။ အလ္လာဟ်အသျှင်မြတ်သည် ညအမှောင်ထုထဲမှ နံနက်မိုးသောက်ချိန်ကို ထုတ်ဖော် ပေးတော်မူသော အသျှင်ဖြစ်သည်။ ဆိုလိုသည်မှာ ညအချိန်ကုန်ဆုံးပြီး နံနက်မိုးသောက်ချိန် ပေါ်ထွက်လာ သည်။ ထိုအသျှင်မြတ်သည် ညအခါ အနားယူရန်အတွက် ဖန်ဆင်းတော်မူထား၏။ လူအပေါင်းတို့သည် မောပန်း၍ အိပ်စက်အနားယူကြသည်။ ၎င်းနောက် နေနှင့် လ၏ ဖြတ်သန်းမှုကို တွက်ချက်ထားပေးသည်။ ဆိုလိုသည်မှာ ၎င်းအရာများ၏ ဖြတ်သန်းမှုမှာ ထိန်းသိမ်းမှုရှိသည်။ ထိုသို့ ထိန်းသိမ်းထားခြင်းကြောင့် အချိန်များအား ထိန်းသိမ်းရာ၌လည်း လွယ်ကူမှုရှိ၏။ ဤသို့ ၎င်းအရာများ၏ ဖြတ်သန်းခြင်းအား သတ်မှတ် ပြီးသားဖြစ်သည်။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အသျှင်ဖြစ်သည်။ ထိုအသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်ဖြစ်၏။ ထိုအရာများ၏ လှုပ်ရှားမှုဖြစ်ပေါ်စေ ခြင်းသည် ထိုအသျှင်မြတ်၏ စွမ်းဆောင်မှုများသာ ဖြစ်သည်။ အဆိုပါအရာများ၏ လှုပ်ရှားမှုများ၏ အကြောင်းတရားများနှင့် ဆင်ခြင်တုံတရားများကို အသိဆုံးဖြစ်တော်မူ၏။ ထို့ကြောင့်သာလျှင် ထူးခြားသည့် ပုံစံဖြင့် ရပ်တန့်စေတော်မူ၏။ ၎င်းနောက် ထိုအသျှင်မြတ်သည် အသင်တို့အား အကျိုးဖြစ်ထွန်းစေရန်အတွက် ကြယ်တာရာများကို ဖန်ဆင်းထားတော်မူ၏။ ထိုအကျိုးဖြစ်ထွန်းမှုမှာ ယင်းကြယ်တာရာများ၏ အကြောင်းခံ ဖြင့် ညအမှောင်ထုတွင် ကုန်းလမ်း၌သော်လည်းကောင်း၊ ရေလမ်း၌သော်လည်းကောင်း လမ်းသိရှိရန် ဖြစ်သည်။ မုချဧကန် ငါအသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိခြင်းနှင့် ချီးမြှင့်မှုများ၏ အထောက်အထား များကို အတိအလင်း တင်ပြခဲ့ခြင်းဖြစ်သည်။ ယင်းချီးမြှင့်မှုများအားလုံးသည် အားလုံးထံသို့ ရောက်ရှိမည် ဖြစ်သည်။ သို့သော် အဆိုးအကောင်းကို ခွဲခြားသိမြင်နိုင်တော်မူသော သူများကိုသာ အကျိုးဖြစ်ထွန်းစေ မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသာလျှင် စဉ်းစားတွေးတောသော သူများ ဖြစ်ကြသည်။ ထိုအသျှင်မြတ်သည် အသင်တို့အားလုံးကို ဧကန်အမှန် အာဒမ် عليه السلام တစ်ဦးတည်းမှ ဖန်ဆင်းတော်မူခဲ့၏။

တစ်ဖန် ရှေ့ဆက်ပြီး မွေးဖွားသည့် အစဉ်အလာဖြင့် ဆင်းသက်လာစေခဲ့၏။ အသင်တို့ထဲမှ လူတိုင်းအား မိခင်၏ သားအိမ်တွင်း၌ ရက်ပေါင်းများစွာ နေစေပြီး ဖခင်၏ ကျောရိုး၌ အနည်းငယ်မျှ နေစေတော်မူ၏။ မုချကေန် ငါအသျှင်မြတ်သည် တစ်ပါးတည်းရှိကြောင်းနှင့် ချီးမြှင့်မှုများကို အထောက်အထားပေးပြီး အတိအလင်း တင်ပြထားတော်မူ၏။ သို့သော် များသောအားဖြင့် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အဆိုး အကောင်း သိမြင်နိုင်သောသူများသာလျှင် အကျိုးဖြစ်ထွန်းစေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ဖော်ပြပါအာယသ်တော်များတွင် ကာဖိရ်များနှင့် မုရှ်ရစ်က်များ၏ ဖွတ်တရွတ်လုပ်ခြင်းနှင့် အမှန်တရားများ၏ ရလဒ်များအား မေ့လျော့ထားခြင်းအကြောင်းကို တင်ပြထားပေသည်။ ထိုဆိုးကျိုးများအား လုံး၏ အခြေခံအုတ်မြစ်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အနိူင်းမဲ့တန်ခိုးစွမ်းအားနှင့် အသိတော်အား မေ့လျော့နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါ လေးအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မေ့သောသူများ၏ ထိုရောဂါကို ကုစားရန် ဤကဲ့သို့ မိန့်တော်မူထားပေသည်။ ၄င်းမှာ မိမိ၏ စင်ကြယ်သန့်ပြန့်သော အသိပညာနှင့် ကြီးမားသော တန်ခိုးစွမ်းအား၏ အချုပ်စံနမူနာနှင့် လူသားတို့အပေါ် ချီးမြှင့်ခဲ့သည့် ဆုလာဘ်များနှင့် ကျေးဇူးတရားများနှင့် စပ်လျဉ်း၍ တင်ပြမိန့်တော်မူထားပေသည်။ ယင်းအရာများအပေါ် အနည်းငယ်မျှ စဉ်းစားရုံမျှဖြင့် ဖြောင့်မတ်သည့် စိတ်နေသဘောထားရှိသော လူသားများ စကြဝဠာကြီးအား ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုနှင့် အနိူင်းမဲ့တန်ခိုး တော်အား လက်မခံဘဲ မည်သို့မျှ နေနိုင်ကြမည်မဟုတ်ပေ။

ပထအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ–

إِنَّ اللّٰهَ فَالِقُ الْحَبِّ وَالنَّوٰى

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် အစေ့များနှင့် အဆံများကို ခွဲထုတ်ပေးတော်မူသော အသျှင် ဖြစ်၏။ ယင်းအချက်တွင် အံ့သြဖွယ်ကောင်းသော တန်ခိုးစွမ်းအားတစ်ခုကို တင်ပြထားပေသည်။ ၄င်းမှာ ခြောက်နေသော အစေ့နှင့် အဆံများကို ခွဲထုတ်၍ ၄င်းအထဲမှ စိမ်းလန်းစိုပြေသည့် အပင်များကို ပေါက်ရောက်စေခြင်းသည် ထိုတန်ခိုးတော်ရှင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအားပင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သာလျှင် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူ၏။ လူသားများ၏ ကြိုးပမ်း ဆောင်ရွက်ခြင်းသည် ထိုအသျှင်မြတ်၏ လုပ်ဆောင်မှု၌ မည်သို့မှ ပါဝင်ခြင်းမရှိပေ။ လယ်ယာလုပ်ကိုင်သော သူများ၏ ကြိုးပမ်းမှုဟူသမျှသည် ထိုမျှထက် မပိုပေ။ ၄င်းမှာ အစေ့နှင့် အဆံများမှ အသျှင်မြတ်၏ တန်ခိုးတော်နှင့် ပေါ်ထွက်လာသော ရွက်နုများကို ပျက်စီးစေမည့် အရာများမှ ဖယ်ရှားပေးခြင်းပင် ဖြစ်ပေသည်။ မြေကြီးကို ထွန်တုံးများဖြင့် မြေပျော့အောင် ပြုလုပ်ခြင်း၊ ရေသွင်းခြင်း စသည့် ထိုဆောင်ရွက်ချက်များ၏ အများဆုံး ထိရောက်မှုမှာ ပေါ်ထွက်လာသော ရွက်နု၊ အကိုင်းနုများကို မည်သည့်အတားအဆီးမှမရှိဘဲ ရှင်သန်လာအောင် ပြုပေးရုံမျှသာ ဖြစ်သည်။ အစေ့၊ အဆံများအား ခွဲထုတ်ပြီး ၄င်းအထဲမှ ရွက်နု၊ အကိုင်းနုများ

ပေါ်ထွက်လာအောင် ပြုလုပ်ခြင်းသည်သာ မူရင်းဆောင်ရွက်ချက်ဖြစ်သည်။ တစ်ဖန် ထိုပေါ်ထွက်လာသော ရွက်နုများကို အံ့သြလောက်သည့် အရောင်အဆင်းနှင့် အရွက်အသွင် ပြုလုပ်ပြီး တစ်ဖန် ထိုအပင်တွင် အသီးအပွင့်များ ပွင့်စေ၊ သီးစေတော်မူသည်။ လူသား၏ အသိဉာဏ်သည် ထိုသစ်ပင်၏ အရွက်တစ်ရွက်နှင့် အမျှင်တစ်မျှင် ပြုလုပ်နိုင်စွမ်းပင် မရှိပေ။ ယင်းအချက်မှ သိရှိရသည်မှာ မည်သည့်လူသား၏ ကြိုးပမ်းမှုမှ မပါဝင်ပေ။ ထို့ကြောင့် ကျမ်းတော်မြတ်တွင် အခြားတစ်နေရာ၌ မိန့်တော်မူထားသည်မှာ-

أَفَرَءَيْتُم مَّا تَحْرُثُونَ ءَأَنتُمْ تَزْرَعُونَهُۥٓ أَمْ نَحْنُ ٱلزَّٰرِعُونَ

ဆိုလိုသည်မှာ အသင်တို့သည် ထိုအစေ့များကို မမြင်တွေ့ကြပါသလော။ အကြင်အစေ့များကို အသင်တို့သည် မြေကြီးထဲ၌ မြုပ်လိုက်ကြသည်။ ထိုအစေ့များကို အသင်တို့အနေနှင့် စိုက်ပျိုးကြပါသလော။ (သို့) ငါအသျှင်မြတ်မှ စိုက်ပျိုးပါသလော။

အခြားတစ်နေရာ၌ မိန့်တော်မူထားသည်မှာ-

يُخْرِجُ ٱلْحَىَّ مِنَ ٱلْمَيِّتِ وَمُخْرِجُ ٱلْمَيِّتِ مِنَ ٱلْحَىِّ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် သက်မဲ့အရာများမှ သက်ရှိများကို ဖန်ဆင်းတော်မူသည်။ သက်မဲ့ဟု ဆိုရာ၌ ကာလလရေကြည်နှင့် ဥများကို ဆိုလိုခြင်းဖြစ်သည်။ ယင်းအရာများမှ လူသားနှင့် တိရစ္ဆာန်များအား ဖန်ဆင်းတော်မူ၏။ ထိုနည်းတူစွာ သက်ရှိလူများမှ သက်မဲ့အရာများကို ဖန်ဆင်းတော်မူ၏။ ဤနေရာ၌လည်း သက်မဲ့အရာများဆိုသည်မှာ ဖော်ပြပါအတိုင်း ကာလလရည်ကြည်နှင့် ဥများဖြစ်သည်။ ယင်းအရာများသည် သက်ရှိမှ ထွက်ရှိသော အရာများဖြစ်သည်။

ထို့နောက်တစ်ဖန် မိန့်တော်မူသည်မှာ-

ذَٰلِكُمُ ٱللَّهُ فَأَنَّىٰ تُؤْفَكُونَ

အလိုသဘောမှာ ဤအရာများအားလုံးသည် တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်သာလျှင် ပြုလုပ်ဖန်ဆင်းတော်မူ၏။ တစ်ဖန် အသင်တို့သည် ထိုအချင်းအရာများကို သိရှိလျက် မည်သည့်ဘက်သို့ လမ်းချော်သွားနေကြပါသနည်း။ အသင်တို့သည် မိမိတို့ကိုယ်တိုင် တီထွင်ဖန်တီးပြုလုပ်ထားသော ရုပ်တုများကို မိမိတို့၏ အခက်အခဲများကို ဖြေရှင်းပေးသူဟူ၍လည်းကောင်း၊ မိမိတို့၏ ဆန္ဒများကို ဖြည့်ဆည်းပေးသူဟူ၍လည်းကောင်း ကိုးကွယ်ထိုက်သူဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုနေကြပေသည်။

အခြားအာယသ်တော်တစ်ပုဒ်၌လည်း

فَالِقُ ٱلْإِصْبَاحِ

ဟူ၍ မိန့်တော်မူထားပေသည်။ فَالِقُ ၏ အဓိပ္ပာယ်မှာ ခွဲထုတ်သူဖြစ်ပြီး إِصْبَاحِ ၏အဓိပ္ပာယ်မှာ ဤနေရာ၌ နံနက်အချိန်ဖြစ်သည်။ သို့ရှိရာ فَالِقُ ٱلْإِصْبَاحِ ၏ အဓိပ္ပာယ်သည် 'နံနက်ခင်းကို ခွဲထုတ်

ပေးသူ' ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အမှောင်ထုကိုခွင်း၍ နံနက်ခင်းကို ဖော်ထုတ်ပေးသူဖြစ်သည်။ ဤသည်လည်း ထိုလုပ်ဆောင်ချက်မျိုးပင် ဖြစ်ချေသည်။ ယင်းလုပ်ဆောင်ချက်တွင် ရှိသမျှသော 'ဂျင်န်'နှင့် လူသားတို့၏ စွမ်းအားဟူသမျှသည် နတ္ထိပင် ဖြစ်သည်။ ၎င်းနောက် မျက်စိရှိသူတိုင်း မြင်တွေ့၍ နားလည်သဘောပေါက်ရမည်မှာ ညအမှောင်ထုနောက်ပိုင်း နံနက်ခင်း၏ အလင်းရောင်အား ဖန်ဆင်းပေးသူသည် မည်သည့်လူသား၊ မည်သည့် ဖရစ်ရှိသတ်၊ မည်သည့်အဖန်ဆင်းခံမှ မဖြစ်နိုင်ချေ။ သို့သာမက ဤဆောင်ရွက်ချက်များအားလုံးသည် စကြဝဠာကြီးတစ်ခုလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဆောင်ရွက်ချက်သာ ဖြစ်ပေသည်။

အဖန်ဆင်းခံများ၊ အနားယူရန်အတွက် ည၏ သဘာဝတရားကို အလိုအလျောက် သတ်မှတ်ထားခြင်းသည် ကြီးမားသော ချီးမြှင့်ခြင်းတစ်မျိုးဖြစ်ခြင်း

ထို့နောက် မိန့်တော်မူသည်မှာ-

وَجَعَلَ الَّيْلَ سَكَنًا

ဟူ၍ဖြစ်သည်။ سَكَنْ စာလုံးသည် سُكُوْنْ စာလုံးမှ ဆင်းသက်လာသည်။ လူသားတို့၏ တည်ငြိမ်မှုနှင့် အနားရယူနိုင်သော အရာဟူသမျှအားလုံးကို سَكَنْ ဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် လူသားများနေထိုင်သော အိမ်ကို ကျမ်းတော်မြတ်တွင် سَكَنْ ဟု သုံးနှုန်းထားပေသည်။

جَعَلَ لَكُمْ مِنْ بُيُوْتِكُمْ سَكَنًا

အဘယ်ကြောင့်ဆိုသော် လူသားတို့၏ အိမ်သည် တဲအိမ်ပင်ဖြစ်လင့်ကစား ထိုနေရာသို့ ရောက်ပြီးလျှင် လူသားတို့၏ အကျင့်မှာ ငြိမ်းချမ်းမှုနှင့် သာယာမှုကို ရရှိသွားကြသည်။ ထို့ကြောင့် ဤဝါကျ၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ညအချိန်ကို သက်ရှိများအတွက် အနားယူရန်နှင့် ငြိမ်းချမ်းသယာမှုရယူနိုင်သော အရာအဖြစ် ဖန်ဆင်းထားတော်မူသည်။ فَالِقُ الْإِصْبَاحِ တွင် ထိုချီးမြှင့်မှုများကို တင်ပြထားပေသည်။ အကြင်ချီးမြှင့်မှုများကို လူသားသည် နေ့အလင်းရောင်တွင် ရရှိကြသည်။ ယင်းအရာများသည် ညအမှောင်ထုတွင် မရရှိနိုင်ပေ။ ထို့နောက် جَعَلَ الَّيْلَ سَكَنًا ဟုမိန့်တော်မူ၍ တစ်ဘက်သို့ ညွှန်ပြနေသည်မှာ နေ့အလင်းရောင်သည်လည်း ကြီးမားသော ချီးမြှင့်ခြင်းတစ်ခု ဖြစ်သည်။ ယင်းအလင်းရောင်၏ အကြောင်းခံဖြင့် လူသားသည် မိမိတို့၏ စီးပွားရေးဟူသမျှကို လုပ်ဆောင်ကြသည်။ ထိုနည်းတူစွာ ညအမှောင်ထုကိုလည်း မကောင်းမမြင်ကြလေနှင့်။ ယင်းညသည်လည်း ကြီးမားသော ချီးမြှင့်ခြင်းတစ်မျိုး

ဖြစ်သည်။ ထိုညအမှောင်ထုတွင် တစ်နေ့သာ မောပန်းနေသော လူသားသည် အနားယူ၍ နောက်တစ်နေ့တွင် သွက်လက်ပျော်ရွှင်စွာဖြင့် ပြန်လည်လှုပ်ရှားနိုင်သူ ဖြစ်သွားပေသည်။ သို့မဟုတ်ပါက လူသားဖြစ်သည့် အလျောက် ဆက်တိုက် ကြိုးပမ်းမှုကို သည်းခံနိုင်သူများ မဟုတ်ကြပေ။

ညအမှောင်ထုကို အနားယူရန်အတွက် သတ်မှတ်ထားခြင်းသည် ထာဝရချီးမြှင့်ခြင်းတစ်ခု ဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအားအား ပေါ်လွင်စေသော အချက်ပင်ဖြစ်သည်။ သို့သော် ဤချီးမြှင့်ခြင်းသည် မတောင့်တဘဲ နေ့စဉ်ရရှိလျက် ရှိသည်။ ထို့ကြောင့် ဤသည် မည်မျှကြီးမားသော ကျေးဇူးတရားဖြစ်သည်ကို လူသားများအနေနှင့် မတွေးတောကြပေ။ ကေန်အမှန် စဉ်းစားကြည့်မည်ဆိုလျှင် လူတိုင်းသည် မိမိတို့၏ သဘောဆန္ဒအရ မိမိတို့ အနားယူမည့်အချိန်ကို ရွေးချယ်သတ်မှတ်မည်ဆိုလျှင် အချို့သည် နံနက်ရှစ်နာရီကို အိပ်စက်ရန် ဆန္ဒပြုကြပြီး အချို့က တစ်ဆယ့်နှစ်နာရီကို ဆန္ဒပြုကြမည်။ အချို့က လေးနရီကို အိပ်ရန် ဆန္ဒပြုကြပြီး အချို့က ည၏ အစိတ်အပိုင်းအသီးသီးတွင် အိပ်စက်ရန် ဆန္ဒပြုကြမည် ဖြစ်သည်။ မည်သို့ဆိုစေ ၎င်း၏ ရလဒ်မှာ နေ့၊ ည နှစ်ဆယ့်လေးနာရီစလုံးတွင် လူသားများ စီးပွားရေး လုပ်ကိုင်ခြင်း၊ ကြိုးစားလှုပ်ရှားခြင်းဖြင့် စက်ရုံများ နာရီပြည့် လည်ပတ်နေမည်သာဖြစ်သည်။ ယင်းသို့ နာရီမလပ် လည်ပတ်နေခြင်းကြောင့် အိပ်စက်သောသူများကို အနှောင့်အယှက်ဖြစ်သကဲ့သို့ အလုပ်လုပ်ကိုင်သောသူများအတွက်လည်း လုပ်ငန်းတွင် အနှောင့်အယှက်ဖြစ်စေမည်။ အိပ်စက်သောသူများ အနားယူနေ ခိုက် အလုပ်လုပ်သောသူများ၏ ဆူညံမှုကြောင့် အနှောင့်အယှက်များဖြစ်စေခြင်းနှင့် အလုပ်လုပ်သောသူ၏ လုပ်ပိုင်ခွင့်တွင် ထိုအိပ်စက်သောသူများ ရောက်မလာခြင်းကြောင့် အနှောင့်အယှက်ဖြစ်စေခြင်းများ ကြုံတွေ့ ရမည်ဖြစ်သည်။ ထိုမှတစ်ပါး အိပ်စက်သောသူများ၏ များစွာသော လုပ်ငန်းများသည် အိပ်စက်နေခြင်းကြောင့် လစ်ဟင်းသွားပေသည်။

အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအားသည် လူသားအပေါ်သာမက သက်ရှိတိုင်းအပေါ် ညအခါ တွင် အိပ်စက်ခြင်းအား လွှမ်းမိုးစေပြီး အလုပ်ဟူသမျှကို စွန့်လွှတ်၍ မလွဲမသွေ အိပ်စက်စေ၏။ ညနေစောင်း သည်နှင့် ပျံသန်းသော ငှက်ဟူသမျှသည်လည်းကောင်း၊ တောတွင်းတိရစ္ဆာန်ဟူသမျှသည်လည်းကောင်း၊ အိမ်မွေးတိရစ္ဆာန်သော်လည်းကောင်း မိမိတို့၏ သတ်မှတ်နေရာ အသီးသီးသို့ ဦးတည်နေသည်။ လူသားသည် မလွဲမသွေအလုပ်များ လွှတ်၍ အနားယူရန်အတွက် အတွေးဝင်လာကြသည်။

တစ်လောကလုံးတွင် တိတ်ဆိတ်ငြိမ်သက်မှု လွှမ်းမိုးသွားသည်။ ညအမှောင်ထုသည် အိပ်စက်ခြင်း နှင့် အနားယူရာတွင် အထောက်အကူပြုသော အချက်တစ်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် များသော အားဖြင့် အလင်းရောင်သည် အိပ်စက်နိုင်ခြင်း မရှိကြချေ။ စဉ်းစားကြည့်မည်ဆိုလျှင် အကယ်၍ ကမ္ဘာ တစ်ဝန်းရှိ အစိုးရအဖွဲ့အစည်းများနှင့် လူထုများအားလုံး စုပေါင်း၍ ခံဝန်ချက်တစ်ခုဖြင့် အိပ်ချိန်တစ်ချိန်အား သတ်မှတ်မည်ဆိုလျှင် ဦးစွာပထမ ထိုသို့ သတ်မှတ်မည်ဆိုလျှင် အခက်အခဲများနှင့် ရင်ဆိုင်ရမည်။ ဒုတိယ အချက်မှာ အကယ်၍ လူသားအားလုံးသည် ခံဝန်ချက်တစ်ခုအပေါ် လိုက်နာကျင့်သုံး၍ သတ်မှတ်အချိန် တစ်ခုအတွင်း အိပ်စက်ကြမည်ဆိုလျှင် တိရစ္ဆာန်များကို ထိုခံဝန်ချက်အပေါ် မည်သူက လိုက်နာစေနိုင်း

မည်နည်း။ ထိုတိရစ္ဆာန်များ လွတ်လပ်စွာ ရှောင်ပြေးနေမည်ဆိုလျှင် အိပ်နေသော လူသားများနှင့် ၎င်းတို့၏ ပစ္စည်းများ မည်သို့ရှိမည်နည်း။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအားပင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် လူသားတိုင်းနှင့် သက်ရှိတိုင်းအပေါ် သတ်မှတ်ချိန်တစ်ခုအတွင်း အိပ်စက်ခြင်းကို လွှမ်းမိုးစေ၍ အထက်ပါအတိုင်း စုပေါင်းကတိခံဝန်ချက်အား မလိုအပ်ရစေအောင် ပြုပေးတော်မူခဲ့၏။

နေနှင့်လ၏ တွက်ချက်မှု

وَ الشَّمْسَ وَ الْقَمَرَ حُسْبَانًا

ဟူ၍ မိန့်တော်မူထားပေသည်။ حسبانا ၏ အဓိပ္ပာယ်မှာ တွက်ချက်သူ၊ ရေတွက်သူဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် နေနှင့် လ၏ ဝင်ထွက်ခြင်းနှင့် ၎င်းတို့၏ ဖြတ်သန်းမှုကို သီးသန့်တွက်ချက်ထားပေသည်။ ယင်းသို့ တွက်ချက်ထားခြင်းကြောင့် လူသားသည် နှစ်များ၊ လများ၊ နေ့များနှင့် နာရီများသာမက မိနစ်များနှင့် စက္ကန့်များကိုပါ လွယ်ကူစွာ တွက်ချက်နိုင်ပေသည်။

ဤသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအား၏ ဆောင်ရွက်ချက်သာ ဖြစ်သည်။ ၎င်းမှာ ကြီးမားလှသော အလင်းရောင်ရှိသည့် ကြယ်တာရာများနှင့် လှုပ်ရှားမှုများကို ဤကဲ့သို့ ခိုင်မာအောင် ပြုလုပ်ဖန်တီးတော်မူထား၏။ နှစ်ပေါင်းထောင်ပေါင်းများစွာ ကုန်လွန်ပြီးသည့်နောက်လည်း ထိုကြယ်တာရာများတွင် တစ်မိနစ်၊ တစ်စက္ကန့်မျှ ခြားနားမှုမရှိခဲ့ပေ။ ထိုအသျှင်မြတ်၏ ယန္တရားများကို မည်သို့မျှ ပြုပြင်ရန် မလိုအပ်သကဲ့သို့ ၎င်း၏ အစိတ်အပိုင်းများမှာလည်း လိုက်စားသွားခြင်းနှင့် ပြောင်းလဲပစ်ရန် မလိုအပ်ပေ။ ဖော်ပြပါအလင်းရောင်ရှိသော နေနှင့် လသည် မိမိတို့၏ စည်းဝိုင်းအတွင်း သတ်မှတ်ထားသည့် အရှိန်ဖြင့် လှုပ်ရှားလျက်ရှိသည်။

لَا الشَّمْسُ يَنْبَغِي لَهَا اَنْ تُدْرِكَ الْقَمَرَ وَلَا اللَّيْلُ سَابِقُ النَّهَارِ

နှစ်ပေါင်းထောင်ပေါင်းများစွာတွင် ၎င်းတို့၏ သတ်မှတ်ထားသော သွားနှုန်း (နှုန်းထား) ၌ တစ်စက္ကန့်မျှ ခြားနားမှု မရှိခဲ့ပေ။ ဝမ်းနည်းစရာကောင်းသည်မှာ တန်ခိုးတော်၏ ထိုမျှခိုင်လုံပြီး မပြောင်းလဲသည့် စီမံမှုကြောင့်သာ လူသားများလှည့်စားခံရ၏။ အကြောင်းမူကား ထိုအရာများကို ကိုးကွယ်ထိုက်သည့် အရာများဖြင့် သတ်မှတ်လိုက်ကြသည်။ အကယ်၍ ထိုအသျှင်မြတ်၏ အစီအစဉ်သည် တစ်ခါတစ်ရံ ပျက်စီးသွားပြီး၊ ထိုအသျှင်မြတ်၏ ယန္တရားကြီးအား ပြုပြင်ရန်အတွက် ရက်အနည်းငယ် သို့မဟုတ် နာရီအနည်းငယ် ရပ်ဆိုင်းသွားမည်ဆိုလျှင် ဤယန္တရားကြီးသည် သူ့အလို လှုပ်ရှားနေခြင်းမဟုတ်ဟူ၍ လူသားအနေနှင့် နားလည်သဘောပေါက်သွားမည်သာမက ထိုယန္တရားကြီးအား စေခိုင်းမည့်သူရှိမည်၊ ဖန်တီးမည့်သူ ရှိမည်ဟူ၍ နားလည်သွားကြလိမ့်မည်။ သို့သော် မပြောင်းလဲသော ထိုကြယ်တာရာများ၏ ခိုင်မာသော စီမံမှုများသည် လူသား၏အမြင်ကို လွဲမှားစေခဲ့၏။ ကောင်းကင်ကျမ်းများနှင့် နဗီတမန်တော်များသည် ၎င်းတို့အား ထိုအရင်းအမြစ်ဘက်သို့ သတိချပ်စေရန်အတွက် စေလွှတ်ပေးခဲ့ခြင်းပင် ဖြစ်သည်။

ကျမ်းတော်မြတ်၏ ထိုမိန့်ကြားချက်မှ တစ်ဘက်သို့ ညွှန်ပြနေသည်မှာ နှစ်များနှင့် လများ၏ တွက်ချက်ခြင်းကို နေနှင့်လည်း ပြုလုပ်နိုင်သည်။ ထိုနည်းတူစွာ လနှင့်လည်း ပြုလုပ်နိုင်သည်။ ယင်းအရာ နှစ်ခုစလုံးသည် အလ္လာဟ်အသျှင်မြတ်မှ ချီးမြှင့်ထားခြင်းများဖြစ်သည်။ ဤအချက်မှာ သီးခြားဖြစ်ပေသည်။ ၎င်းမှာ ပညာမဲ့လူတန်းစားများသည် လောက၏ လွယ်ကူမှုနှင့် ၎င်းတို့အား စာရင်းတွက်ချက်သည့် နေရာ၌ အခက်အခဲများမှ ရှောင်ကြဉ်ရန်အတွက် သာသနာ၏ ပညတ်ချက်များတွင် ယခုနှစ်ကို အသုံးပြုစေခဲ့သည်။ သို့ရှိရာ အစ္စလာမ့်သမိုင်းနှင့် အစ္စလာမ့်အမိန့်များအားလုံးသည် လနှင့် တွက်ချက်မှုအပေါ် မူတည်ပေသည်။ ထို့ကြောင့် အုမ္မသ်ထုအပေါ် တာဝန်ရှိသည်မှာ ထိုလနှင့် တွက်ချက်ခြင်းကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ အခြားနေနှင့် တွက်ချက်ခြင်း အစရှိသည်တို့အား အကယ်၍ လိုအပ်ချက်တစ်ခုကြောင့် အသုံးပြုခဲ့သည် ဆိုလျှင်လည်း မည်သို့မှ အပြစ်မထိုက်ပေ။ သို့သော် လနှင့် တွက်ချက်ခြင်းကို လုံးဝ စွန့်လွှတ်လိုက်ခြင်းသည် ကြီးလေးသော အပြစ်ထိုက်၏။ ထိုသို့ စွန့်လွှတ်လိုက်ခြင်းဖြင့် အသင်တို့အနေနှင့် ရမ်ဇာန်၊ ဇိလ်ဟဂ်ျ၊ မိုဟရာမ် စသည့်လများကို သိရှိနိုင်တော့မည်မဟုတ်ပေ။

အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူသည်မှာ–

ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ

အလိုသဘောမှာ ဤအံ့သြလောက်သည့် မည်သည့်အခါမှ တစ်မိနစ်၊ တစ်စက္ကန့်ပင် ခြားနားမှုမရှိ၍ နိုင်မာသော လှုပ်ရှားမှုအစီအစဉ်သည် ထိုအသျှင်မြတ်၏ တန်ခိုးစွမ်းအားပင် ဖြစ်ပေသည်။ အကြင်အသျှင်မြတ်သည် အရာခပ်သိမ်းအပေါ် လွှမ်းမိုးပြီး စွမ်းအားရှိတော်မူသည်။ ၎င်းနောက် အရာခပ်သိမ်းကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

တတိယအာယသ်တော်၌ မိန့်တော်မူသည်မှာ–

وَهُوَ الَّذِىْ جَعَلَ لَكُمُ النُّجُوْمَ لِتَهْتَدُوْا بِهَا فِىْ ظُلُمٰتِ الْبَرِّ وَ الْبَحْرِ

အလိုသဘောမှာ နေမင်းနှင့် လမင်းမှအပ အခြားကြယ်တာရာများလည်း အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုန်လုံသည့် တန်ခိုးစွမ်းအားကို အထူးတလည် ထုတ်ဖော်နေခြင်းပင် ဖြစ်သည်။ ထိုအရာများကို ဖန်ဆင်းရာတွင် ထောင်ပေါင်းများစွာသော ဆင်ခြင်တုံတရားများ ရှိသော်ငြားလည်း ထိုအထဲမှ အချက်တစ်ချက်မှာ လူသားသည် မိမိတို့၏ ရေလမ်းနှင့် ကုန်းလမ်းခရီးများတွင် ညအခါ၌ အမှောင်ထုတွင် မည်သည့်ဘက်ဆိုသည်ကို လွယ်ကူစွာဖြင့် မသိရှိရသောအခါ ထိုကြယ်တာရာများ၏ အကြောင်းခံဖြင့် မိမိတို့၏ လမ်းများကို သတ်မှတ်နိုင်ကြပေသည်။ အတွေ့အကြုံအရ တင်ပြရမည်ဆိုလျှင် ယနေ့ စက်မှုခေတ်ထွန်းကားနေချိန်တွင်လည်း လူသားတို့သည် ကြယ်တာရာများ၏ လမ်းညွှန်ချက်မှ လွတ်ကင်းသည်ဟူ၍ မရှိတော့ချေ။

ဤအာယသ်တော်၌ လူသားတို့၏ ထိုမေ့လျော့မှုနှင့် အမြင်ကျဉ်းမြောင်းခြင်းအပေါ် သတိပေး မိန့်ဆိုထားပေသည်။ ၎င်းမှာ ဤကြယ်တာရာများသည်လည်း ဖန်ဆင်းသူတစ်ဦး၏ စေခိုင်းချက်အပေါ်

လိုက်နာပြီး အမိန့်နာခံလျက်ရှိကြသည်။ ယင်းအရာများသည် မိမိတို့၏ တည်ရှိမှုနှင့် ဖြစ်ပေါ်လာမှုအပေါ် ကိုယ်တိုင်က မည်သို့မှ စွမ်းအားမရှိပေ။ ထိုအရာများအပေါ် မျက်စိစုံမှိတ်ကာ ရပ်တည်နေကြသောသူများသည် ယင်းအရာများကို ဖန်ဆင်းသောသူဘက်သို့ စဉ်းစားတွေးခေါ်ခြင်း မရှိသည့်အတွက် ကြီးလေးသော အပြစ်ထိုက်ပြီး မိမိကိုယ်တိုင် လှည့်ဖြားခံနေရခြင်းပင် ဖြစ်ချေသည်။

ထို့နောက် မိန့်တော်မူသည်မှာ-

قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် တန်ခိုးစွမ်းအားကြီးမားကြောင်းအပေါ် အထောက်အထားများစွာကို အတိအလင်း တင်ပြခဲ့ပြီးဖြစ်သည်။ ယင်းသို့ တင်ပြခြင်းသည် သိမြင်တတ်သော သူများအတွက်သာ ဖြစ်သည်။ ထိုအချက်မှ ညွှန်ပြနေသည်မှာ ထိုသို့ ပွင့်ပွင့်လင်းလင်း ပြထားသော အထောက်အထားများဖြင့်လည်း အလ္လာဟ်အသျှင်မြတ်ကို မသိနားမလည်သောသူများသည် လုံးဝ သိမြင်တတ်သူမဟုတ်သကဲ့သို့ သတိမရှိသောသူများလည်း ဖြစ်ကြသည်။

စတုတ္ထအာယသ်တော်၌ မိန့်ကြားထားသည်မှာ-

وَهُوَ الَّذِىْٓ اَنْشَاَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ فَمُسْتَقَرٌّ وَّمُسْتَوْدَعٌ

ဟူ၍ ဖြစ်သည်။ مُسْتَقَرٌ စာလုံးသည် قَرَارٌ မှ ဖြစ်ပေါ်လာသည်။ အရာတစ်ခုအတွက် တည်ငြိမ်သော နေရာကို مُسْتَقَرٌ ဟု ခေါ်ဆိုပေသည်။ ထို့နောက် مُسْتَوْدَعٌ စာလုံးသည် وَدِيْعَتٌ မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ အရာတစ်ခုကို တစ်ဦးတစ်ယောက်ထံတွင် ရက်အနည်းငယ်မျှ ခေတ္တယာယီထားရှိခြင်းကို ခေါ်ဆိုပေသည်။

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုပင်ကိုယ်အရည်အသွေးနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် လူသားကို တမန်တော်အာဒမ် عليه السلام မှတစ်ဆင့် ဖန်ဆင်းတော်မူ၏။ တစ်ဖန် ထိုလူသားများအတွက် مُسْتَقَرٌ (ဝါ) ကန့်သတ်အချိန်အထိ နေထိုင်ရန်နေရာ ပြုလုပ်ပေးတော်မူ၏။ ၎င်းနောက် مُسْتَوْدَعٌ (ဝါ) ရက်အနည်းငယ်မျှ နေထိုင်ရမည့် နေရာဖြစ်သည်။

ကျမ်းတော်မြတ်၏ ဝါကျများမှာ ဤတိုင်းပင် ဖြစ်သည်။ ၎င်းဝါကျ၏ အလိုသဘောနှင့် သဖိစီးရ်များတွင် ဖြစ်နိုင်ချေများစွာ ရှိသည်။ ထို့ကြောင့် သဖိစီးရ်ပညာရှင်များ၏ အဆိုများမှာ အသီးသီးဖြစ်သည်။ အချို့ပညာရှင်များက مُسْتَوْدَعٌ ကို မိခင်၏ဝမ်းတွင်းဖြစ်သည်ဟု မိန့်ဆိုထားပေသည်။ مُسْتَقَرٌ မှာ ဤလောကကြီးဖြစ်သည်။ အချို့က مُسْتَوْدَعٌ မှာ 'ကဗရ်'သင်္ချိုင်းဖြစ်သည်။ مُسْتَقَرٌ မှာ

တမလွန်ဘဝဖြစ်သည်။ အခြားထပ်မံ၍လည်း အဆိုများစွာ ရှိပေသည်။ ကျမ်းတော်မြတ်၏ ဝါကျများတွင် အားလုံး ဖြစ်နိုင်ချေရှိပေသည်။ ဟဇရသ်ကာသွီစနာအွလ္လာ ﷺ သည် သဖ်စီးရ်မဇွ်ဟရီးကျမ်း၌ ဦးစား ပေး တင်ပြထားပေသည်မှာ مستقر သည် တမလွန်၏ နေရာများဖြစ်သော 'ဂျန္နသ်'(သို့) 'ဂျဟန္နမ်'တို့ ဖြစ်သည်။ ၎င်းနောက် လူသား၏ ဘဝအစမှ အဆုံးအထိ ရှိသမျှသော ကျော်ဖြတ်ရမည့် စခန်းများသည် مستودع ဖြစ်သည်။ ဆိုလိုသည်မှာ ရက်အနည်းငယ်မျှ နေရမည့်နေရာဖြစ်သည်။ ထိုနေရာများသည် မိခင်ဝမ်းတွင်းဖြစ်စေ၊ မြေပထဝီ၌ နေထိုင်သည့် နေရာများဖြစ်စေ၊ 'ကဗရ်'သင်္ချိုင်းဖြစ်စေ အားလုံးပါဝင် ပေသည်။ ကျမ်းတော်မြတ်၏ တစ်နေရာတွင် ထိုအချက်ကိုပင် ဦးစားပေး တင်ပြမိန့်ဆိုထားသည်။ ၎င်းမှာ-

لَتَرْكَبُنَّ طَبَقًا عَنْ طَبَقٍ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'အသင်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် အမြဲတမ်း တက်လှမ်း လျက်ရှိကြသည်။' ယင်းအချက်မှ သိရှိရသည်မှာ တမလွန်ဘဝသာလျှင် လူသားသည် မိမိဘဝသက်တမ်း တစ်လျှောက်တွင် ခရီးသည်တစ်ဦးမျှသာ ဖြစ်သည်။ အကြင်သက်တမ်းတွင် အပေါ်ယံတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု ရရှိသော အချိန်များတွင်လည်း ဧကန်အမှန် ဘဝခရီး၏ စခန်းများကို ကျော်ဖြတ်လျက်ရှိသည်။

နောက်ဆုံးအာယသ်တော်တွင် အပေါ်ယံလုပမှုနှင့် အဖန်ဆင်းခံများ၏ အရောင်အဆင်းတွင် နစ်မွန်း ပြီး မိမိ၏ မူရင်းဌာနေနှင့် အလ္လာဟ်အသျှင်မြတ်နှင့် တမလွန်အား မေ့လျော့နေသောသူများ၏ မျက်စိကို ဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ သို့မှသာ ထိုသူများသည် အစစ်အမှန်ကို သိရှိပြီး လောက၏ လှည့်ဖြားမှု မှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَهُوَ الَّذِيْٓ اَنْزَلَ مِنَ السَّمَآءِ مَآءً ۚ فَاَخْرَجْنَا بِهٖ نَبَاتَ كُلِّ شَيْءٍ فَاَخْرَجْنَا مِنْهُ خَضِرًا نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا ۚ وَمِنَ النَّخْلِ مِنْ طَلْعِهَا قِنْوَانٌ دَانِيَةٌ وَّجَنّٰتٍ مِّنْ اَعْنَابٍ وَّالزَّيْتُوْنَ وَالرُّمَّانَ مُشْتَبِهًا وَّغَيْرَ مُتَشَابِهٍ ۗ اُنْظُرُوْٓا اِلٰى ثَمَرِهٖٓ اِذَآ اَثْمَرَ وَيَنْعِهٖ ۗ اِنَّ فِيْ ذٰلِكُمْ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ۝١٠٠

၆ : ၁၀၀ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်သည်။ ထိုအသျှင်မြတ်သည်ပင်လျှင် မိုးကောင်း ကင်မှ (မိုး) ရေကို ရွာသွန်းပေးတော်မူခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် ထိုရေဖြင့် အမျိုးမျိုးသော ကောက်ပဲသီးနှံ အညှောက်အတက်များကို ထွက်စေတော်မူခဲ့လေသည်။ ထို့နောက် ယင်းအညှောက်အတက်မှ စိမ်းစိုသော အကိုင်းအလက်များ

ကို ထွက်စေတော်မူခဲ့သည်။ ယင်းအကိုင်းအလက်မှ အထပ်ထပ်ပြွတ်လျက်ရှိသော အစေ့၊ အဆံတို့ကို ထွက်စေတော်မူခဲ့သည်။ ၎င်းပြင် စွန်ပလွံပင်များ (သို့မဟုတ်) ယင်းစွန်ပလွံပင်များ၏ အဖူး၊ ဝတ်ဆံများမှ ကိုင်းညွတ် တွဲလွဲကျနေသော အခိုင်များ ထွက်စေသည်။ ထို့ပြင် (ငါအသျှင်မြတ်သည်) စပျစ်ခြံများ၊ သံလွင်ပင်များနှင့် သလဲပင်များကိုလည်း (ဖန်ဆင်းပေါက်ရောက်စေတော်မူခဲ့သည်။ ယင်းအပင်များမှ သီးသော အသီးများမှာ) တစ်ခုနှင့်တစ်ခု တူညီမှုရှိသည့်အပြင် အချို့မှာ မတူညီကြချေ။ အသင်တို့သည် ယင်းအပင်များမှ အသီးများ သီးချိန်၌လည်းကောင်း၊ မှည့်လာသည့်အခါ၌လည်းကောင်း ကြည့်ရှုကြလေကုန်။ စင်စစ် (ဤအဖြစ်အပျက်) အားလုံးတို့၌ သက်ဝင်ယုံကြည် (လိုသော) သူတို့အဖို့ သက်သေသာဓက အထောက်အထားများရှိပေသည်။

وَجَعَلُوا لِلَّهِ شُرَكَاءَ الْجِنَّ وَخَلَقَهُمْ
وَخَرَقُوا لَهُ بَنِينَ وَبَنَاتٍ بِغَيْرِ عِلْمٍ سُبْحَانَهُ وَتَعَالَىٰ عَمَّا يَصِفُونَ ﴿١٠٠﴾

၆ း ၁၀၀ ။ ။ သို့ပါလျက် ထိုသူတို့သည် 'ဂျင်န်' များကို အလ္လာဟ်အသျှင်မြတ်၏ တွဲဖက်များ (အဖြစ်) ပြုလုပ်ထားကြသည်။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ၎င်း (မုရှ်ရစ်က်) တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ('ဂျင်န်' များက ဖန်ဆင်းထားသည်လည်းမဟုတ်။) ထို့ပြင် ၎င်းတို့သည် မသိနားမလည်ကြဘဲလျက် ထိုအသျှင်မြတ်၌ သားသမီးများရှိသည်ဟူ၍ ကြံစည်စွပ်စွဲပြောဆိုကြလေသည်။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ စွပ်စွဲပြောဆိုချက်တို့မှ သန့်ရှင်းစင်ကြယ် မြင့်မြတ်တော်မူပေသည်။

بَدِيعُ السَّمَاوَاتِ وَالْأَرْضِ أَنَّىٰ يَكُونُ لَهُ وَلَدٌ وَلَمْ تَكُن لَّهُ
صَاحِبَةٌ وَخَلَقَ كُلَّ شَيْءٍ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٠١﴾

၆ း ၁၀၁ ။ ။ (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေကို စတင် ဖန်ဆင်း တီထွင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ စင်စစ် ထိုအသျှင်မြတ်၌ ကြင်ရာကြင်ဖက် မရှိပါဘဲလျက် ထိုအသျှင်မြတ်၌ သားသမီးဟူ၍ မည်သို့ ရှိနိုင်ပါအံ့နည်း။ ထိုအသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းထားတော်မူသည့်အပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

ذَٰلِكُمُ اللَّهُ رَبُّكُمْ لَا إِلَٰهَ إِلَّا هُوَ خَالِقُ كُلِّ شَيْءٍ فَاعْبُدُوهُ وَهُوَ
عَلَىٰ كُلِّ شَيْءٍ وَكِيلٌ ﴿١٠٢﴾

၆ း ၁၀၂ ။ ။ ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိ။ (ထိုအသျှင်မြတ်သည်) အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို စီမံခန့်ခွဲပြီး ငြိမ်းစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးများ ရွာသွန်းစေတော်မူသည်။ ထို့နောက် ငါအသျှင်မြတ်သည် ထိုရေတစ်စက်ဖြင့် အရောင်မျိုးစုံသော ပေါက်ပင်များကို မြေကြီးထဲမှ ပေါက်ရောက်စေတော်မူသည်။ ရေတစ်မျိုးတည်း မြေကြီးတစ်မျိုးတည်းဖြင့် အရောင်၊ အဆင်း၊ အနံ့၊ အရသာနှင့် အကျိုးဖြစ်ထွန်းခြင်းများ အလွန်ကွဲလွဲမှုရှိသော ပေါက်ပင်အမျိုးမျိုးကို ပေါက်ရောက်စေတော်မူသည်။ ဤသည် အဘယ်မျှ အံ့သြစရာကောင်းသည့် တန်ခိုးတော်ပင် ဖြစ်ချေသတည်း။ တစ်ဖန် ငါအသျှင်မြတ်သည် ဦးစွာပထမ မြေကြီးထဲမှ ထွက်ရှိပြီး အဝါရောင်ရှိသော အကိုင်းအလက်များ ထွက်ပေါ်လာစေသည်။ ထိုအကိုင်းများထက်၌ ငါအသျှင်မြတ်သည် အသီးအပွင့်များကို သီးပွင့်စေသည်။ ဤသည် အသီးများ၏ အခြေအနေကို တင်ပြခြင်းပင်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်အား

فَالِقُ الْحَبِّ وَ النَّوٰى

၌ တင်ပြခဲ့ပြီးဖြစ်သည်။ ငှင်းနောက် စွန်ပလွံပင်များ၌ ပြွတ်သိပ်နေသော စွန်ပလွံသီးများကို သီးစေသည်။ ထိုသို့ သီးခြင်းကြောင့် အကိုင်းများ တွဲလျက်ကျနေပေသည်။ ငှင်းနောက် ထိုရေဖြင့်ပင် ငါအသျှင်မြတ်သည် စပျစ်ခြံများကို ပေါက်ရောက်စေတော်မူ၏။ ထို့နောက် သံလွင်သီးများနှင့် သလဲသီးများကိုလည်း ဖန်ဆင်းမွေးမြူတော်မူ၏။ သို့သော် အချို့သံလွင်သီးနှင့် သလဲသီးများသည် အသီးပုံစံနှင့် အရွယ်အစား အရောင်အဆင်းမှာ တစ်ခုနှင့်တစ်ခု တူညီမှုရှိသကဲ့သို့ အချို့မှာ တူညီမှုမရှိပေ။ အသီးတိုင်းကို အသင်တို့အနေနှင့် စူးစမ်းပါလေ။ ထိုအသီးများ သီးလာသောအခါ လုံးဝစိမ်းနေပြီး အရသာမရှိ၊ အကျိုးမရှိပေ။ ငှင်းနောက် ထိုအသီးများ မှည့်လာသောအခါ စူးစမ်းပါလေ။ ထိုအခါ အရည်အသွေးအားလုံးနှင့် ပြည့်စုံနေပြီး ဖြစ်မည်။ ဤသည်လည်း အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အား ပေါ်လွင်စေခြင်းပင် ဖြစ်ချေသည်။ ထိုကိစ္စရပ်များတွင်လည်း တစ်ပါးတည်း တည်ရှိခြင်း၏ အထောက်အထားများ ရှိပေသည်။ ပမာဆိုရသော် ထိုသို့ တင်ပြခြင်းသည် အားလုံးအတွက်ဖြစ်သည်။ သို့သော် အဆိုပါအရာများမှ အကျိုးအမြတ် ခံစားရခြင်းသည် အီမာန်ယူလာရန် သောကရှိသော သူများအတွက်သာ ဖြစ်ပေသည်။ ဤသည် အသီးအနှံများအကြောင်းကို တင်ပြထားခြင်းပင်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ وَ النَّوٰى တွင် အကျဉ်းချုပ် တင်ပြခဲ့ပြီးဖြစ်သည်။

ငှင်းနောက် မုရှ်ရစ်ကီများသည် မိမိတို့၏ ယုံကြည်ချက်တွင် ဂျိန်သွာန်များကို ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသော အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူဖြစ်သည်ဟု သတ်မှတ်ထားကြသည်။ ထို ဂျိန်သွာန်၏ လှည့်ဖြားမှုကြောင့် တုပနိုင်းယှဉ်မှုပြုကြသည်။ အလ္လာဟ်အသျှင်မြတ်နှင့်ယှဉ်၍ ထိုဂျိန်သွာန်၏ ပြောဆိုမှုအပေါ် လျှောက်လှမ်းကြသည်။ ကေန်အမှန် ထိုသူများကို ငှင်းတို့ကိုယ်တိုင် ဝန်ခံသက်ဝင်မှုနှင့်အညီ အလ္လာဟ်အသျှင်မြတ်သာလျှင် ဖန်ဆင်းပေးတော်မူ၏။ ဖန်ဆင်းရှင်သည် အခြားမဟုတ်ဟုဆိုပါက ကိုးကွယ်ခံထိုက်သူသည်လည်း အခြားမဖြစ်သင့်ပေ။ ထို့နောက် ငှင်းမုရှ်ရစ်ကီများထဲမှ အချို့သူများသည်

အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်ပြီး သား၊ သမီးများ ရှိသည်ဟု ဆိုကာ မိမိတို့၏ ယုံကြည်ချက်တွင် အထောက်အထားမဲ့စွာ ထွင်းတုထားကြသည်။ ပမာဆိုရသော် နစ္စာရာများသည် တမန်တော်အီစာ عليه السلام ကို လည်းကောင်း၊ အချို့ယဟူဒီများသည် ဟဇရသ်အိုဇိုရ်ကိုသော်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ သားတော်များဟု မှတ်ယူကြပြီး အာရဗ်နိုင်ငံရှိ မုရှ်ရစ်က်များသည် ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟု ခေါ်ဆိုကြပေသည်။ ထိုအသျှင်မြတ်သည် ၎င်းတို့ ဤသို့ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်ပြီး ပြောဆိုသော စကားများမှ ကင်းစင်တော်မူပေသည်။

ဆိုလိုသည်မှာ ထိုအသျှင်မြတ်နှင့်အတူ အခြားတန်းတူရှိမည်၊ (သို့) သား၊ သမီးများ ရှိမည်ဆိုခြင်းမှ ကင်းစေပါ၏။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကြီးအား တီထွင်သူဖြစ်၏။ မရှိခြင်းမှ ရှိအောင် ပြုလုပ်သူဖြစ်၏။ အခြားတီထွင်သူ မည်သူမှမရှိ။ သို့ရှိရာ ကိုးကွယ်ခံထိုက်သူလည်း မည်သူမှ မရှိပေ။ ယင်းအချက်မှ တန်းတူမရှိကြောင်းကို ဖော်ပြနေပေသည်။ ထို့နောက် သား၊ သမီးမရှိခြင်း၏ အထောက်အထားများမှာ သားသမီးများရရှိခြင်း၏ အရင်းအမြစ်မှာ လင်မယားဖြစ်သည်။ ယင်းလင်နှင့် မယား ပေါင်းသင်းမှုကြောင့် တတိယမြောက် သက်ရှိ ပေါက်ဖွားလာခြင်းပင် ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၌ သားသမီး မည်သို့ရှိနိုင်မည်နည်း။ ဧကန်အမှန် ထိုအသျှင်မြတ်၏ ဇနီးကြင်ယာလည်း မရှိပေ။ وَخَلَقَهُمْ ထိုသူများကို မွေးမြူဖန်ဆင်းထားသကဲ့သို့ မြေကြီးနှင့် မိုးကောင်းကင်ကိုလည်း ဖန်ဆင်းတော်မူထား၏။ ပမာဆိုသော် بَدِيعُ السَّمٰوٰتِ ဟု မိန့်တော်မူထားသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူ၏။ ထိုအသျှင်မြတ်သည် ဖန်ဆင်းရာ၌ တစ်ပါးတည်း ရှိသကဲ့သို့ ဂုဏ်ဒြပ်များနှင့်လည်း ပြည့်စုံခြင်းမှာလည်း တစ်ပါးတည်း ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို ကောင်းစွာ သိရှိတော်မူ၏။ ယင်းဂုဏ်ဒြပ်တွင်လည်း ထိုအသျှင်မြတ်နှင့် တန်းတူဟူ၍ မည်သူမျှမရှိ။ ဖန်ဆင်းခြင်းသည် ပညာမရှိဘဲနှင့် မဖြစ်နိုင်ပေ။ ထိုအချက်မှ သိရှိရသည်မှာ အခြားဖန်ဆင်းရှင်ဟူ၍ မရှိပေ။ ဤပင်ကိုယ် အရည်အသွေး၏ ပြည့်ဝမှုကို တင်ပြခဲ့ခြင်းဖြစ်ပေသည်။ ဤအလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အသင်၏ အသျှင်ဖြစ်ပြီး ထိုအသျှင်မြတ်မှ အခြားခဝပ်ကိုးကွယ်ထိုက်သူ မရှိ။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အသျှင် (အထက်၌ တင်ပြခဲ့သည့်အတိုင်း) ဖြစ်တော်မူ၏။ ဤဂုဏ်ဒြပ်တော်များသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိသည်ဆိုလျှင် အသင်တို့အနေနှင့် ထိုအသျှင်မြတ်ကိုသာ ကိုးကွယ်ကြကုန်။ ၎င်းနောက် ထိုအသျှင်မြတ်သာလျှင် အရာခပ်သိမ်းကို ဧကန်အမှန် ဖန်ဆင်းတော်မူ၏။ အခြားမည်သူမျှ ဖန်ဆင်းသူမရှိပေ။ သို့ရှိရာ အသျှင်မြတ်ကိုသာ အသင်တို့ ကိုးကွယ်ကြမည်ဆိုလျှင် အသင်တို့အား မှန်ကန်သည့် အကျိုးတရားများ ဖြစ်ထွန်းစေမည်။ အခြားမည်သူမျှ ထိုအကျိုးတရားများကို ပေးစွမ်းနိုင်မည်မဟုတ်ပေ။ အချို့ဆိုရသော် ထိုအသျှင်မြတ်သာလျှင် ဖန်ဆင်းရှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူသော အသျှင်နှင့် ထိုအသျှင်မြတ်သာလျှင် ကိုးကွယ်ခံထိုက်သော အသျှင် ဖြစ်တော်မူ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ထိုအကြောင်းအရာများအား ဆန်းသစ်သည့် အသွင်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းမှာ ဤနေရာ၌ စကြဝဠာကြီးသုံးမျိုးကို တင်ပြထားပေသည်။ ၎င်းမှာ 'ဆစ်ဖ္ဖလီယာသ်'၊ 'အွလ်ဝီယာသ်'၊ 'ကာအေနာသ်ရှောင်' တို့ ဖြစ်သည်။ ဆိုလိုသည်မှာ မိုးကောင်းကင်၏ ဝေဟင်တွင် ဖန်ဆင်းခြင်းခံရသော အရာများဖြစ်သည်။ ယခု 'ဆစ်ဖ္ဖလီယာသ်'မှ စတင် တင်ပြပေမည်။ ၎င်းမှာ ထို 'ဆစ်ဖ္ဖလီယာသ်'သည် ကျွန်ုပ်တို့အနေနှင့် အနီးကပ်ဆုံးဖြစ်သည်။ တစ်ဖန် ၎င်း 'ဆစ်ဖ္ဖလီယာသ်'ကို နှစ်ပိုင်းခွဲထား၏။ တစ်ပိုင်းမှာ မြေကြီးမှ ပေါက်ရောက်သော ပေါက်ပင်များနှင့် သစ်ပင်များ၊ ဥယျာဉ်များ ဖြစ်သည်။ ဒုတိယတစ်ပိုင်းမှာ သက်ရှိလူသားများနှင့် တိရစ္ဆာန်များ ဖြစ်သည်။ ဒုတိယအရာထက် ပထမအရာကို ဦးစွာ တင်ပြရခြင်း၏ အကြောင်းမှာ ပေါ်လွင်ပေသည်။ အခြားအရာများနှင့်ယှဉ်လျှင် ဝိညာဉ်ပေါ် မူတည်သည့် အရာများသည် အလွန်နက်နဲ၏။ အဘယ်ကြောင့်ဆိုသော် သုတ်ရည်ကြည်၏ စခန်းအသီးသီးနှင့် အခြေအနေအရပ်ရပ်ကို ဆေးပညာရှင်များသည် အထူးသဖြင့် သိရှိနိုင်သည်။ သို့သော် ပေါက်ပင်များ ကြီးထွားခြင်းနှင့် သီးပွင့်ခြင်း စသည်တို့ကို သာမန်လူအနေနှင့်လည်း သိရှိနိုင်၏။ တစ်ဖန် မိုးကောင်းကင်၏ ဝေဟင်နှင့် စပ်လျဉ်းသည့် စကြဝဠာအကြောင်းကို တင်ပြထားပေသည်။ ၎င်းမှာ နံနက်နှင့် ညနေ ဖြစ်ခြင်း ဖြစ်သည်။ တစ်ဖန် 'အွလ်ဝီယာသ်'ကို တင်ပြထားသည်မှာ နေ၊ လ၊ ကြယ်တာရာများ ဖြစ်သည်။ တစ်ဖန် 'ဆစ်ဖ္ဖလီယာသ်'မှာ ပို၍ မျက်မြင်ဖြစ်သည်။ ထိုအကြောင်းအရာကိုပင် အကြိမ်ကြိမ် တင်ပြပြီး အဆုံးသတ်ထားသည်။ သို့သော် ထိုအကြောင်းအရာကို ပထမပိုင်း၌ အကျဉ်းချုံးတင်ပြခဲ့ပေသည်။ ယခု အကျယ်ဝင့် တင်ပြထားသည်။

သို့သော် အကျယ်တဝင့်ကို တင်ပြသည့်စနစ်၌ အကျဉ်းချုပ်တင်ပြထားသည့် စနစ်အား ပြောင်းပြန် တင်ပြထားခြင်းပင် ဖြစ်သည်။ ၎င်းမှာ ဝိညာဉ်အကြောင်းကို ပထမတင်ပြပြီး ပေါက်ပင်များအကြောင်းကို နောက်မှ တင်ပြထားပေသည်။ ထိုသို့ တင်ပြရခြင်း၏ ဖြစ်နိုင်ချေရှိသော ရပ်တည်မှုမှာ ဤအကျယ်တဝင့် တင်ပြရာ၌ ချီးမြှင့်ခြင်းများကို ပေါ်လွင်စေသည်ဟူသော ခေါင်းစဉ်ဖြင့် တင်ပြထားပေသည်။ ဖော်ပြပါ အခြေအနေအရ ချီးမြှင့်သောသူသည် လိုက်နာခြင်းခံရသောသူ ဖြစ်သည့်အလျောက် ဦးစွာပထမ တင်ပြ ထိုက်ပေသည်။ ၎င်းနောက် ပေါက်ပင်များတွင် ဖော်ပြပါစခန်းအတိုင်း ကျန်ရှိနေမည်ဖြစ်သည်။ ၎င်းမှာ အသီးအနှံများ၏ အခြေအနေသည် အစေနှင့် အဆံထက် အရင်ဖြစ်ပေသည်။ မိုးရွာသွန်းခြင်းအား အလယ် ကြား၌ တင်ပြခြင်းသည် ပေါက်ပင်များ၏ နောက်လိုက်ဖြစ်သည်။ ယင်းအရာများနှင့်စပ်လျဉ်း၍ တင်ပြ ထားသည်မှာ မိုးရွာသွန်းခြင်း၏ အခြေအနေမှာ သီးခြားစီဖြစ်သည်။ အစကနဦးအရဆိုလျှင် 'အွလ်ဝီ' ဖြစ်ပြီး အဆုံးအရဆိုလျှင် 'ဆစ်ဖ္ဖလီ'ဖြစ်သည်။ ၎င်းနောက် အကွာအဝေးအရဆိုလျှင် ဝေဟင်ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَا تُدْرِكُهُ الْأَبْصَارُ وَهُوَ يُدْرِكُ
الْأَبْصَارَ ۖ وَهُوَ اللَّطِيفُ الْخَبِيرُ ﴿١٠٣﴾

၆ : ၁၀၃ ॥ ॥ မျက်လုံးများသည် ထိုအသျှင်မြတ်အား (စေ့ငုံဖူးမျှော်) မနိုင်ကြသည်မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည်သာ မျက်လုံးများကို (စေငုံမြင်) မိလျက် ရှိတော်မူသည်။ စင်စစ် ထိုအသျှင်မြတ်သည်ကား အလွန်နက်နဲ သိမ်မွေ့တော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

قَدْ جَاءَكُمْ بَصَائِرُ مِنْ
رَبِّكُمْ ۖ فَمَنْ أَبْصَرَ فَلِنَفْسِهِ ۖ وَمَنْ عَمِيَ فَعَلَيْهَا ۚ وَمَا أَنَا عَلَيْكُمْ بِحَفِيظٍ ﴿١٠٤﴾

၆ : ၁၀၄ ॥ ॥ (အို, နဗီတမန်တော်၊ အသင်သည် ဤသို့ ပြောဆိုပါလေ။) ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏ အသျှင်မြတ်ထံတော်မှ (ဉာဏ်မျက်စိကို ဖွင့်ပေးရန်) ထင်ရှားစွာသော သက်သေအထောက်အထားများ ရောက်ရှိခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ (ဉာဏ်မျက်စိဖြင့် ထိုသက်သေခံများကို) မြင်ပါလျှင် ထိုသူသည် မိမိအဖို့ အကျိုးရှိပေမည်။ ထိုနည်းတူစွာ မည်သူမဆို (ဉာဏ်မျက်စိ အသုံးမပြုဘဲ မျက်စိကန်းလျက်နေပါလျှင် ထိုသူ၏အပေါ်၌သာ အကျိုးယုတ်နစ်နာမှု ရှိပေမည်။ အမှန်စင်စစ် ကျွန်ုပ် (မိုဟမ္မဒ်) သည် အသင်တို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ။

وَكَذَٰلِكَ نُصَرِّفُ الْآيَاتِ وَلِيَقُولُوا دَرَسْتَ
وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ ﴿١٠٥﴾

၆ : ၁၀၅ ॥ ॥ စင်စစ် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် သက်သေအထောက်အထားများကို အမျိုးမျိုးအဖုံဖုံ ရှင်းလင်းပြသတော်မူသည်။ (ထိုသို့ ရှင်းလင်းပြသတော်မူသည့်အခါ) ၎င်း (ကာဖိရ်) တို့က အသင် (မိုဟမ္မဒ်) သည် (တစ်ဦးတစ်ယောက်ထံမှ) ဆည်းပူးသင်ယူထားသည်ဟု ပြောဆိုကြပေမည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ဤ (ကုရ်အာန်) ကျမ်းဂန်ကို အသိတရားရှိသူတို့အဖို့ ရှင်းလင်းပြသတော်မူရန်လည်း ဖြစ်ပေသည်။

اتَّبِعْ مَا أُوحِيَ إِلَيْكَ مِنْ رَبِّكَ ۖ لَا
إِلَٰهَ إِلَّا هُوَ ۖ وَأَعْرِضْ عَنِ الْمُشْرِكِينَ ﴿١٠٦﴾

၆ : ၁၀၆ ॥ ॥ (အို, နဗီတမန်တော် မိုဟမ္မဒ်) အသင်သည် မိမိ၏ထံသို့ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ထံတော်မှ ထုတ်ပြန်ခဲ့သော 'ဝဟီ' အမိန့်တော်များကိုသာ လိုက်နာလျက် ရှိနေပါလေ။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာဟူ၍ အလျှဉ်းမရှိပြီ။ ၎င်းပြင် အသင်သည် ဤမုရှ်ရစ်က် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသော သူတို့ဘက်မှ ဥပေက္ခာပြု မျက်နှာလွှဲ၍ ထားပါလေ။

وَلَوْ شَآءَ اللّٰهُ مَآ
اَشْرَكُوْا ۗ وَمَا جَعَلْنٰكَ عَلَيْهِمْ حَفِيْظًا ۚ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ﴿١٠٧﴾

၆ : ၁၀၇ ။ ။ အမှန်စင်စစ် အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် ၎င်းတို့သည် (အခြားတစ်စုံတစ်ရာကို ထိုအသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ်ကိုးကွယ်ခဲ့ကြမည် မဟုတ်ပေ။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင့်အား ထိုသူတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူအဖြစ်လည်း ခန့်အပ်ထားတော်မူသည် မဟုတ်ပေ။ အသင်သည် ထိုသူတို့အဖို့ (အလိုရှိရာ ပြုခွင့်ရှိသော) တာဝန်ခံလည်း မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(၎င်းနောက် ထိုအသျှင်မြတ်၏ သိတော်မူခြင်းဟူသော ဂုဏ်ပုဒ်နှင့် ထိုဂုဏ်ပုဒ်တွင် အသျှင်မြတ်တစ်ဆူတည်း တည်ရှိခြင်း၏ ပုံသဏ္ဌာန်မှာ) ထိုအသျှင်မြတ်ကို မည်သူတစ်ဦးတစ်ယောက်၏ အရှုမှ ခြုံငုံ၍ ရှုမြင်နိုင်စွမ်း မရှိ။ (ယင်းပြင်ပပုံသဏ္ဌာန်မှာ ထိုအသျှင်မြတ်ကို မည်သူမှ မြင်တွေ့နိုင်စွမ်း မရှိကြောင်းကို ဂုရ်အာန်၏ အထောက်အထားများအရ သိရှိရပေသည်။ ၎င်းနောက် တမလွန်တွင် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်' သားများသည် ထိုအသျှင်မြတ်အား မြင်တွေ့နိုင်မည်ဆိုကြောင်းကိုလည်း ဂုရ်အာန်၏ အထောက်အထားများအရ သိရှိရပေသည်။ သို့သော် အတိုင်းအတာအားလုံးကို ခြုံငုံ၍ ရှုမြင်ရမည်ဆိုသည်မှာ မဖြစ်နိုင်သည့်အရာဖြစ်သည်။ အမြင်အာရုံဖြင့် ခံစားနိုင်သော အကြောင်းအရာ၏ ပြင်ပသဏ္ဌာန်ကို ၎င်းအမြင်အာရုံဖြင့် ခြုံငုံ၍ ခံစားရန် မဖြစ်နိုင်ဟု ဆိုပါက ထိုအသျှင်မြတ်၏ အပြင်သဏ္ဌာန်ထက် သာပို၍ပင် လျှို့ဝှက်လျက်ရှိသော အတွင်းသဏ္ဌာန်တစ်ခုအဖြစ်သို့ အာရုံထက် ပို၍ မှားယွင်းနိုင်သော အသိဉာဏ်ကို အသုံးချ၍ ခြုံငုံရှုမြင်ခြင်း ဆိုသည်မှာ သာပို၍ မဖြစ်နိုင်သော အရာဖြစ်သည်။

ထိုအသျှင်မြတ်သည် မုချ ခြုံငုံ၍ မရှုမြင်နိုင်သော အရှုအားလုံးကို ထိုအသျှင်မြတ်က ခြုံငုံ၍ ရှုမြင်နိုင်တော်မူပေသည်။ (ထိုနည်းတူစွာ အခြားအရာအားလုံးကိုလည်း မိမိဉာဏ်တော်ဖြင့် ခြုံငုံ၍ သိရှိတော်မူပေသည်။

وَهُوَ بِكُلِّ شَيْءٍ عَلِيْمٌ

ဤအတွက်ကြောင့် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို ခြုံငုံနိုင်စွမ်း ရှိတော်မူပြီး ထိုအသျှင်မြတ်အား မည်သူမှ ခြုံငုံနိုင်စွမ်း မုချမရှိပေ။ ထိုအသျှင်မြတ်သာလျှင် သေးငယ်သည့်အရာဟူသမျှကို မြင်နိုင်စွမ်းရှိတော်မူပြီး သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှအပ အခြားမည်သူမှ မသိရှိပေ။ ဤသည် ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံသော ဉာဏ်တော်ဖြစ်သည်။ အကြင်ဂုဏ်ဒြပ်တွင် အလ္လာဟ်အသျှင်မြတ်တစ်ဆူတည်း တည်ရှိတော်မူ၏။ အသင်ကိုယ်တော် ထိုသူများအား ပြောကြားပါလေ။ မုချကေန် အသင်တို့ထံ အသင်တို့၏ အသျှင်မြတ်ထံတော်ပါးမှ အမှန်မြင်နိုင်သော အကြောင်းခံများဖြစ်သည့်

‘သောင်ဟီးဒ်’ နှင့် ‘ရေစာလသ်’၏ မှန်ကန်ကြောင်းအပေါ် အထောက်အထားများ ရောက်ရှိခဲ့ပြီးဖြစ်သည်။ သို့ရှိရာ အကြင်သူသည် ထိုအကြောင်းခံများဖြင့် အမှန်တရားကို မြင်တွေ့သွားပြီးဆိုလျှင် ထိုသူအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ အကြင်သူသည် ထိုကဲ့သို့ မမြင်နိုင်ဘဲ မျက်ကန်းဖြစ်ပါက ထိုသူသည် နစ်နာဆုံးရှုံးစေမည်ဖြစ်သည်။ ၎င်းနောက် ကျွန်ုပ်သည် အသင်တို့၏ ကျင့်ကြံမှုများအား ထိန်းသိမ်းစောင့်ရှောက်သူ မဟုတ်ပေ။ (ဆိုလိုသည်မှာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဆိုလျှင် မဖွယ်မရာလုပ်ရပ်များကို ပြုလုပ်ခွင့် မပေးရမည်ဖြစ်သည်။) ဤသည် ကျွန်ုပ်၏ တာဝန်မဟုတ်ပေ။ ကျွန်ုပ်၏ တာဝန်မှာ အသင်တို့ထံ မှန်သော နှုတ်ခပါဌ်တော်များကို ပို့ပေးရန်သာ ဖြစ်ပေသည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ကောင်းမွန်သော စနစ်တစ်ခုဖြင့် အထောက်အထားများကို ပုံစံအသီးသီးဖြင့် တင်ပြခဲ့ပေသည်။ သို့မှသာ အသင်ကိုယ်တော်အနေနှင့် အားလုံးထံ ပို့ပေးနိုင်မည်ဖြစ်သည်။ ၎င်းနောက် ထိုသို့ ပို့ပေးခြင်းကြောင့် တစ်ဖက်စွန်းရောက်သော ဖီဆန်သူများက အသင်ကိုယ်တော်သည် ထိုအကြောင်းအရာများကို တစ်ဦးတစ်ယောက်ထံမှ သင်ယူခဲ့သည်ဟု ပြောဆိုကြမည်ဖြစ်သည်။ (အလိုသဘောမှာ သို့မှသာ ၎င်းတို့အပေါ် ပို၍ပင် ရှုပ်ချပြောဆိုနိုင်မည်မှာ ငါအသျှင်မြတ်သည် ဤကဲ့သို့ အတိအလင်း အမှန်တရားကို တင်ပြခဲ့သည်။ သို့သော်ငြားလည်း အသင်တို့သည် အချည်းအနှီး အကြောင်းခံများ ရှာဖွေလျက်ရှိခဲ့ကြသည်။ သို့မှသာ ငါအသျှင်မြတ်သည် ဤကျမ်းတော်မြတ်၏ အကြောင်းအရာများကို အသိဉာဏ်ရှိသူများအတွက် ကောင်းစွာ ထုတ်ဖော်နိုင်မည်ဖြစ်သည်။ (ဆိုလိုသည်မှာ ကျမ်းတော်မြတ်သည် ကျရောက်ခြင်းအပေါ် အကျိုးအမြတ် သုံးခု ရှိပေသည်။ ၎င်းမှာ-

(၁) တမန်တော်မြတ် ﷺ အား ‘သဗ်လီးဂ်’၏ အကျိုးစဝါးဗ် ရရှိခြင်း၊
(၂) ဖီဆန်သူများအပေါ် ပို၍ ပြစ်မှုများ ဖြစ်ပေါ်စေခြင်း၊
(၃) အသိဉာဏ်ရှိသူများနှင့် အမှန်တရားကို ရှာဖွေသူများအတွက် အမှန်တရား ပေါ်လွင်ခြင်း တို့ဖြစ်သည်။

သို့ရှိရာ အသင်ကိုယ်တော်အနေနှင့် မည်သူလက်ခံသည်၊ လက်မခံသည်ကို မကြည့်လေနှင့်။ အသင်ကိုယ်တိုင် ထိုနည်းလမ်းပေါ်သို့ လျှောက်လှမ်းလျက် နေပါလေ။ အကြင်နည်းလမ်းအပေါ် လျှောက်လှမ်းရန် အသျှင်မြတ်က အသင့်အား ‘ဝဟီ’တော် ပို့ချခဲ့ပြီးဖြစ်သည်။ ထိုနည်းလမ်းတွင် အလွန်ကြီးမားသည့်အရာမှာ ဤယုံကြည်ချက်ပင် ဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သူဟူ၍ မရှိပေ။ ထိုနည်းလမ်းတွင် ‘သဗ်လီးဂ်’၏ အမိန့်လည်း ပါဝင်ပေသည်။ ထိုအမိန့်အပေါ် ရပ်တည်လျက် မုရှ်ရစ်က်များဘက်သို့ သတိမမူလေနှင့်။ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတူတော်မူလျှင် ထိုသူများအနေနှင့် တုဖက်နိုင်းယှဉ်ကြမည် မဟုတ်ပေ။ သို့သော် ထိုသူများ၏ ဆိုးသွမ်းမှုများကြောင့် ၎င်းတို့ကို ပြစ်ဒဏ်ပေးရန် ငါအသျှင်မြတ် လိုလားတော်မူ၏။ ထို့ကြောင့် ဤကဲ့သို့သော အရာများကို စုဆောင်းခဲ့၏။ ထိုသူများကို တစ်ဖန် အသင်ကိုယ်တော် မွတ်စ္စလင်မ်အဖြစ် ပြုလုပ်နိုင်မည်လော။ အသင် ထိုကိစ္စ၌ အဘယ်ကြောင့် သောကဖြစ်နေပါသနည်း။ ငါအသျှင်မြတ်သည် အသင့်ကို ထိုသူများ၏ကျင့်ကြံမှုများအား ထိန်းသိမ်း

သူအဖြစ် မပြုလုပ်ထားပေ။ ၎င်းနောက် ထိုသူများ၏ ကျင့်ကြံမှုများအပေါ် ပြစ်ဒဏ်ချမှတ်ပြီး ငါအသျှင်မြတ်အနေနှင့် အသင့်အား လုပ်ပိုင်ခွင့် မပေးထားချေ။ အသင့်အား ထိုသူများ၏ ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် အမိန့်ပေးထားခြင်း မရှိသကဲ့သို့ ထိုသူများကို ပြစ်ဒဏ်ချမှတ်ရန်လည်း အမိန့်မပေးထားချေ။ သို့ရှိရာ အသင် အဘယ်ကြောင့် စိတ်ညစ်ညူး နေရပါသနည်း။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်အန်အာမ်' ၏ ထိုငါးအာယသ်တွင် ပထမအာယသ်၌ أَبْصَار ဟူသော စာလုံးသည် بَصَر ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်မှာ မျက်လုံးနှင့် အမြင်စွမ်းအားဖြစ်သည်။ ၎င်းနောက် إِدْرَاك ၏ အဓိပ္ပာယ်မှာ ရရှိလိုက်ခြင်း၊ ဖမ်းလိုက်ခြင်း၊ ဝိုင်းရံလိုက်ခြင်းတို့ ဖြစ်ပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သည် ဤနေရာ၌ إِدْرَاك ၏ သဖ်စီးရ်ကို 'ဝိုင်းရံလိုက်ခြင်း'၊ 'ခြုံငုံလိုက်ခြင်း'ဟူ၍ တင်ပြထားပေသည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ ၎င်းမှာ အဖန်ဆင်းခံများဖြစ်ကြသော 'ဂျင်န်'၊ လူသား၊ ဖရစ်ရှ်သာဟ်များနှင့် တိရစ္ဆာန်ဟူသမျှ၏ မျက်လုံးများ စုပေါင်းပြီး ကြည့်ရှုလျှင်လည်း ထိုအသျှင်မြတ်၏ 'ဇာသ်' (ပင်ကိုယ်) တော်ကို ခြုံငုံ၍ မတွေ့ရှိနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံဟူသမျှ၏ မျက်လုံးများကို အပြည့်အဝ မြင်တွေ့နိုင်၏။ ထိုအသျှင်မြတ်၏ မြင်တွေ့ခြင်းသည် ထိုအဖန်ဆင်းခံများအားလုံးအပေါ် ခြုံငုံ၍ ရှုမြင်နိုင်၏။ ထိုအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ထူးခြားသော ဂုဏ်ဒြပ်တော်နှစ်ခုကို တင်ပြထားပေသည်။ တစ်ခုမှာ စကြဝဠာတစ်ခုလုံးရှိ မျက်လုံးများအားလုံး စုပေါင်းပြီး ကြည့်မည်ဆိုလျှင်လည်း ထိုအသျှင်မြတ်၏ 'ဇာသ်'ကို ခြုံငုံ၍ မြင်နိုင်စွမ်းခြင်း မရှိပေ။

ဟဇရသ်အဗူစအီးဒ် ခွဒ်ရီ (ရဟ) မိန့်ဆိုထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကယ်၍ လောကရှိ လူသားအားလုံး၊ 'ဂျင်န်'များအားလုံး၊ ဖရစ်ရှ်သာဟ်များနှင့် ရှိုက်သွာန်များအားလုံး မွေးဖွားသည်မှစပြီး ဆက်လက်မွေးဖွားလျက် ရှိနေမည့်အရာများအားလုံး စုပေါင်းကာ ထိုအသျှင်မြတ်၏ 'ဇာသ်'ကို ရှုမည်ဆိုလျှင်လည်း ခြုံငုံ၍ မြင်နိုင်စွမ်းရှိမည်မဟုတ်ပေ။

ဤထူးခြားသည့် ဂုဏ်ဒြပ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်ဒြပ်တော်သာလျှင် ဖြစ်ရှိနိုင်၏။ သို့မဟုတ်ပါက အလ္လာဟ်အသျှင်မြတ်သည် မျက်လုံးကို ဤကဲ့သို့သော စွမ်းအား ချီးမြှင့်ထားပေသည်။ ၎င်းမှာ သေးငယ်သမျှ သေးငယ်သော တိရစ္ဆာန်၏ သေးသထက်သေးသော မျက်လုံးသည် လောက၏ ကြီးသထက်ကြီးသော လုံးဝိုင်းမှုကို မြင်တွေ့နိုင်ပြီး အရှုဖြင့် ထိုအရာအားလုံးကို ခြုံငုံ၍ မြင်တွေ့နိုင်၏။ နေမင်းကြီးနှင့် လမင်းကြီးတို့သည် မည်မျှ ကြီးမားလှသော လုံးဝိုင်းခြင်းမျိုး ဖြစ်ကြသနည်း။ မြေပထဝီနှင့် တစ်ကမ္ဘာလုံးသည် ထိုနေမင်း၊ လမင်းရှေ့တွင် မည်သည့်အဆင့်မှ မရှိပေ။ သို့သော် လူတိုင်းသာမက သေးငယ်သမျှ သေးငယ်သော တိရစ္ဆာန်၏ မျက်လုံးသည် ထိုလုံးဝိုင်းခြင်းကို မျက်ဝန်း၌ ခြုံငုံ၍ တွေ့မြင်ရသကဲ့သို့ မြင်တွေ့နေရပေသည်။

၎င်းနောက် ဇေကန်အမှန် မျက်လုံးသည် လူသားများ၏ အာရုံများထဲမှ အာရုံတစ်ခုဖြစ်သည်။ ယင်းအရာဖြင့် ခံစားခြင်းခံရသော အရာများအား သိရှိနိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်အား အသိဉာဏ်တော်နှင့် ဒွိဟ၏ ခြုံငုံနိုင်ခြင်းထက် ပို၍ပင် မြင့်မားပေသည်။ ထို 'ဇားသ်'တော်၏ အသိဉာဏ်တော်အား အမြင်အာရုံဖြင့် မည်သို့ ရယူနိုင်မည်နည်း။

အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်နှင့် 'ဆွေဖွာသ်'တော်များသည် အတိုင်းအတာမဲ့ ဖြစ်သည်။ လူသား၏ အာရုံများနှင့် အသိဉာဏ်၊ အတွေးအခေါ်များအားလုံးသည် အတိုင်းအတာတစ်ခုအတွင်း၌ ရှိသော အရာများဖြစ်သည်။ သို့ရှိရာ အတိုင်းအတာမဲ့သော အရာတစ်ခုသည် အတိုင်းအတာရှိသော အရာများတွင် မဝင်ဆန့်နိုင်ချေ။ ထို့ကြောင့် လောကရှိ အသိပညာရှင်များနှင့် ဒဿနိကပညာရှင်များ၏ အသိဉာဏ်အထောက်အထားနှင့် စကြဝဠာကြီး၏ ဖန်ဆင်းရှင်အား သိရှိနိုင်ခြင်းနှင့် ထိုအသျှင်မြတ်၏ 'ဇားသ်'တော်နှင့် 'ဆွေဖွာသ်'တော်များကို ရယူနိုင်ရန်အတွက် မိမိတို့၏ သက်တမ်းအား စူးစမ်းလေ့လာမှု၌ သုံးစွဲကြသည်။ ၎င်းနောက် သူတော်စင်များ၏ 'ကရှ်ဖ်'နှင့် မြင်တွေ့ရသည့် လမ်းကြောင်းဖြင့် ထိုဝေဟင်အား လှည့်လည်ရှာဖွေကြသည်။ ၎င်းနောက် ထိုအသျှင်မြတ်၏ 'ဇားသ်'တော်နှင့် 'ဆွေဖွာသ်'တော်များ၏ အရင်းအမြစ်ကို မည်သူမှ မရရှိနိုင်ကြောင်းကို ပညာရှင်အားလုံးက တစ်ညီတစ်ညွတ်တည်း မိန့်ဆိုထားပေသည်။

အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရခြင်းနှင့် စပ်လျဉ်းသည့် ပညတ်ချက်များ

လူသားအနေနှင့် အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်နိုင်ခြင်း ရှိ၊ မရှိ ဆိုခြင်းနှင့် စပ်လျဉ်းသည့် ပညတ်ချက်တွင် 'အဟ်လေစွန္နသ် ဝလ်ဂျမာအသ်'၏ ယုံကြည်ချက်မှာ ဤကမ္ဘာလောကတွင် အလ္လာဟ်သျှင်မြတ်၏ ပင်ကိုယ် 'ဇားသ်'တော်အား ဖူးမြင်နိုင်ခြင်းမရှိပေ။ ၎င်း၏ အကြောင်းခံမှာ တမန်တော်မူစာ عليه السلام သည် رَبِّ اَرِنِیْ ဟု လျှောက်ထားသောအခါ (ဆိုလိုသည်မှာ အို၊ ကျွန်ုပ်၏ အသျှင်မြတ်၊ ကျွန်ုပ်အား အသျှင်မြတ် ကို ဖူးမြင်နိုင်ခွင့် ပေးသနားတော်မူပါ။) ဖြေကြားမိန့်တော်မူသည်မှာ لَنْ تَرَانِیْ အသင်သည် ငါအသျှင်မြတ်အား လုံးဝ ဖူးမြင်နိုင်မည်မဟုတ်ပေ။ တမန်တော်မူစာ عليه السلام အား ယင်းသို့ အဖြေရရှိခဲ့သည် ဆိုလျှင် 'ဂျင်န်'နှင့် လူသားကို မည်သို့ ဖူးမြင်ခွင့် ရရှိနိုင်မည်နည်း။ သို့သာမက တမလွန်ဘဝတွင် အီမာန်ရှင်များသို့ အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရမည်ဟူ၍ မုန်ကာန်ခိုင်လုံသော ဟဒီးစ်တော်များမှ သိရှိရပေသည်။ ထို့နောက် ကျမ်းတော်မြတ်၌လည်း ယင်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ-

وُجُوْهٌ يَّوْمَئِذٍ نَّاضِرَةٌ اِلٰى رَبِّهَا نَاظِرَةٌ

အဓိပ္ပာယ်မှာ 'ကေယာမသ်'နေ့တွင် ရွှင်လန်းပြုံးပျော်နေကြသော မျက်နှာများစွာ ရှိမည်။ ၎င်းမျက်နှာများသည်။ မိမိ၏ အသျှင်မြတ်ကို ဖူးမြင်ရလျက် ရှိကြမည်။

သို့သာမက ကာဖိရ်များနှင့် ဖီဆန်သူများသည် ထိုနေ့တွင်လည်း ပြစ်ဒဏ်အရ အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်ရခြင်းမှ ကင်းမဲ့ခြင်းခံရမည်ဖြစ်သည်။ ထိုနည်းတူစွာ ကျမ်းတော်မြတ်၌ မိန့်တော်မူသည်မှာ-

كَلَّا إِنَّهُمْ عَن رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوبُونَ

အလိုသဘောမှာ ကာဖိရ်များသည် ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရမည်ဖြစ်သည်။ 'ဟာရှရ်'ကွင်းပြင်၌ ရှိနေစဉ်ကာလနှင့် 'ဂျန္နသ်'တွင်း ဝင်ရောက်ပြီးနောက် ဖူးမြင်ရမည်ဖြစ်သည်။ 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများအတွက် အကြီးမားဆုံး 'နေအ်မသ်'မှာ အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရခြင်းပင်ဖြစ်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဂျန္နသ်'အတွင်း စံမြန်းခွင့်ရရှိသူများသည် 'ဂျန္နသ်'တွင်း ဝင်ရောက်သွားသောအခါ အလ္လာဟ်အသျှင်မြတ်မှ ၎င်းတို့အား မိန့်တော်မူမည်မှာ 'ဂျန္နသ်'တွင် ရရှိပြီးသော 'နေအ်မသ်'စည်းစိမ်များမှအပ အခြားလိုလားချက်များရှိမည်ဆိုလျှင် တင်ပြထားလော။ ငါအသျှင်မြတ်ဘက်မှ ထိုလိုလားချက်များကိုလည်း ပေးသနားတော်မူမည်။ ထိုအခါ ဂျန္နသ်သူ၊ ဂျန္နသ်သားများက လျှောက်ထားကြမည်မှာ 'အို့၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ဂျဟန္နမ်'မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး 'ဂျန္နသ်'တွင်း စံမြန်းခွင့်ပေးတော်မူခဲ့ပေသည်။ ယင်းထက်ပိုပြီး ကျွန်ုပ်တို့အနေနှင့် မည်သည့်အရာကို လိုလားတောင့်တရပါမည်နည်း။ ထိုအခါ 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်စေတော်မူမည်။ ဤသည် 'ဂျန္နသ်'၏ စည်းစိမ်များထဲမှ အကြီးမားဆုံး စည်းစိမ်ဖြစ်မည်။ ယင်းနှင့်စပ်လျဉ်း၍ မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်တွင် ဟဇရသ်ဆိုဟိုင်ဗ် ؓ မှ ဆင့်ပြန့်ထားပေသည်။

၎င်းနောက် ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်၌ တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ သည် တစ်ညတွင် လရောင်အောက်၌ ဆွဟာဗာများ စုစည်းရာနေရာသို့ ကြွမြန်းတော်မူလာသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် လမင်းဘက်သို့ ကြည့်၍ မိန့်တော်မူသည်မှာ တမလွန်ဘဝတွင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ဤကဲ့သို့ပင် ရှင်းရှင်းလင်းလင်း ဖူးမြော်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ လမင်းကြီးကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသကဲ့သို့ ဖူးမြော်ရမည်ဖြစ်သည်။

သိရ်မေဇီနှင့် မွတ်စ်နဒေအဟ်မဒ်၏ ဟဒီးစ်တော်တစ်ပုဒ်တွင် အိဗ်နေအုမရ် ؓ ၏ ဆင့်ပြန့်ချက်အား တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်နှ 'ဂျန္နသ်'အတွင်း အထူးအဆင့်အတန်းကို ချီးမြှင့်ခြင်းခံရသောသူများသည် နေ့စဉ် နံနက်၊ ညနေ အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်ခွင့်ရရှိမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဤလောကတွင် မည်သူတစ်ဦးတစ်ယောက်မှ အလ္လာဟ်အသျှင်မြတ်အား ဖူးမြင်ရမည်မဟုတ်ပေ။ တမလွန်တွင် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများအားလုံး ဖူးမြော်ရမည်ဖြစ်သည်။ တမန်တော်မြတ် ﷺ အနေနှင့် 'မေအ်ရာဂျ်' ည၌ အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်ရခြင်းသည်လည်း စောင်းအမှန်တမလွန်လောက၌ ဖူးမြင်ရခြင်းပင်ဖြစ်သည်။ ပမာဆိုရသော် ရှိက်ခ်မိုဟိုင်ယွဒ္ဒီန် အိဗ်နေအရ်ဗီမှ မိန့်တော်မူသည်မှာ လောကဟူသည် ထိုလောက၏ အမည်ဖြစ်ပေသည်။ အကြင်လောကသည် မိုးကောင်းကင်

အတွင်း ဝိုင်းရံထားခြင်း ခံရထားသည်။ မိုးကောင်းကင်အထက်သည် တမလွန်၏နေရာ ဖြစ်သည်။ ထိုနေရာသို့ ရောက်ပြီး ဖူးမြင်ရခြင်းအား လောကီ၌ ဖူးမြော်ရခြင်းဟူ၍ မခေါ်ဆိုပေ။

ကျမ်းတော်မြတ်၌

لَاتُدْرِكُهُ الْاَبْصَارُ

ဟု မိန့်ဆိုထားခြင်းမှ သိရှိရသည်မှာ လူသားအနေနှင့် အလ္လာဟ်အသျှင်မြတ်ကို မည်သို့မှ ဖူးမြင်နိုင်ခြင်း မရှိပေဟု ဆိုလျှင် 'ကေယာမသ်'နေ့တွင် မည်သို့ ဖူးမြော်နိုင်မည်နည်း။ ယင်း၏ အဖြေအတိအကျမှာ လူသားအတွက် အလ္လာဟ်အသျှင်မြတ်အား ဖူးမြော်ရခြင်းသည် မဖြစ်နိုင်ဟူသော အလိုသဘောကို ကျမ်းတော်မြတ်မှ မိန့်တော်မူထားခြင်း မဟုတ်ပေ။ သို့သာမက အာယသ်တော်၏ အလိုသဘောမှာ လူသား၏ မျက်ဝန်းသည် ထိုအသျှင်မြတ်၏ 'ဇားသ်'တော်ကို ခြုံငုံ၍ မြင်နိုင်စွမ်းမရှိဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်၏ 'ဇားသ်'တော်သည် အတိုင်းအတာမဲ့ဖြစ်ပြီး လူသား၏အမြင်၌ အတိုင်းအတာရှိ၏။

'ကေယာမသ်'ဖူးမြင်ရမည်ဆိုသည်မှာလည်း ထိုနည်းတူစွာပင် မျက်ဝန်းသည် ခြုံငုံ၍ မြင်နိုင်စွမ်းရှိမည်မဟုတ်ပေ။ လောကီတွင် လူသားနှင့် လူသား၏ အမြင်သည် ထိုကဲ့သို့ ဖူးမြင်ရခြင်းကို ခံနိုင်ရည်ရှိမည်မဟုတ်ပေ။ ထို့ကြောင့် လောကီတွင် မည်သည့်နည်းနှင့်မှ ဖူးမြော်နိုင်ခြင်း မရှိပေ။ တမလွန်တွင် ဖူးမြော်နိုင်စွမ်း ရှိလာမည့်အတွက် ဖူးမြော်ရမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အခြား 'ဆွေဖာသ်' တော်အား ဤအာယသ်တော်၌ တင်ပြမိန့်တော်မူထားသည်မှာ ထိုအသျှင်မြတ်၏ အရှုသည် စကြဝဠာကြီးတစ်ခုလုံးကို ခြုံငုံ၍ ရှုမြင်နိုင်သည်။ လောကီရှိ အသေးအမွှားမှအစ ထိုအသျှင်မြတ်၏ အရှုတော်မှ ဖုံးကွယ်နေခြင်း မရှိပေ။ ဤသို့ ခြုံငုံ၍ အရာခပ်သိမ်းကို ရှုမြင်နိုင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ထူးခြားချက်ပင်ဖြစ်သည်။ ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သည့် အဖန်ဆင်းခံမှ စကြဝဠာတစ်ခုလုံးရှိ အရာခပ်သိမ်းနှင့် အသေးအမွှားများကိုပင်လျှင် သိနိုင်စွမ်းသည် မည်သည့်အခါမှ မရရှိခဲ့သကဲ့သို့ မည်သည့်အခါမှလည်း ရရှိနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထူးခြားသည့် 'ဆွေဖွားသ်'တော်သည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့် 'ဆွေဖွားသ်'တော်ဖြစ်သည်။

ထို့နောက်

وَهُوَ اللَّطِيْفُ الْخَبِيْرُ

ဟု မိန့်တော်မူထားပေသည်။ لَطِيْفُ ဟူသော စာလုံးသည် အာရဗီအဘိဓါန်တွင် အဓိပ္ပာယ်နှစ်မျိုး၌ အသုံးပြုပေသည်။ တစ်မျိုးမှာ ကရုဏာဖြစ်ပြီး အခြားတစ်မျိုးမှာ အာရုံဖြင့် ခံစားသိရှိနိုင်ခြင်း မရှိသော အရာကို ခေါ်ဆိုပေသည်။ ထို့နောက် خَبِيْر ၏ အဓိပ္ပာယ်မှာ သိရှိသူဖြစ်သည်။ သို့ရှိရာ ယင်းဝါကျ၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် لَطِيْفُ ဖြစ်သည်။ ထို့ကြောင့် အာရုံဖြင့် ထိုအသျှင်မြတ်အား ရယူခံစားနိုင်ခြင်း မရှိပေ။ ထိုအသျှင်မြတ်သည် خبير လည်း ဖြစ်သည်။ ထို့ကြောင့် စကြဝဠာကြီးတစ်ခု

လုံးရှိ အရာခပ်သိမ်းသည် အသေးအမွှားပင် ဖြစ်လင့်ကစား ထိုအသျှင်မြတ် သိရှိတော်မူသည်။ အကယ်၍ ဤနေရာ၌ لطيف ၏ အဓိပ္ပာယ်ကို ကရုဏာဟု မှတ်ယူမည်ဆိုလျှင် အာယသ်တော်၏ ရည်ညွှန်းခြင်းမှာ အလ္လာဟ်အသျှင် မြတ်သည် ကေန်အမှန် ကျွန်ုပ်တို့၏ ပြောဆိုခြင်းနှင့် လုပ်ရပ်ဟူသမျှမှမက ဆန္ဒနှင့် စဉ်းစားခြင်းများကို ပင်လျှင် သိရှိတော်မူသည့် အသျှင်ဖြစ်သည်။ ယင်းသို့ သိရှိတော်မူခြင်းကြောင့် ကျွန်ုပ်တို့သည် ပြစ်မှုတိုင်း၌ အရေးဆိုခြင်းခံရမည်သာ ဖြစ်သည်။ သို့သော် ထိုအသျှင်မြတ်သည် ကရုဏာတော်ရှင် ဖြစ်သည့်အတွက် ပြစ်မှုတိုင်းအပေါ် အရေးဆိုခြင်း မရှိပေ။

အခြားအာယသ်တော်တွင် بصائر စာလုံးသည် بَصِيْرَتْ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ဉာဏ်အမြော်အမြင်ဖြစ်သည်။ ဆိုလိုသည်မှာ ထိုစွမ်းအားဖြစ်ပေသည်။ အကြင်စွမ်းအားကြောင့် လူသားသည် ခံစား၍ မရနိုင်သော အရာများကို သိရှိနိုင်သည်။ بصائر ၏ အလိုသဘောမှာ အာယသ်တော်တွင် ထိုအထောက်အထားများနှင့် အကြောင်းခံများဖြစ်သည်။ အကြင်အထောက်အထားနှင့် အကြောင်းခံများကြောင့် လူသားသည် အမှန်တရားနှင့် အရင်းခံများကို သိရှိနိုင်သည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ အသင်တို့ထံ အမှန်တရားကို ရှုမြင်နိုင်သည့် အကြောင်းခံများ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ကျမ်းတော်မြတ်ရောက်ရှိလာသည်။ တမန်တော်မြတ် ﷺ ကြွမြန်းလာပြီး တမန်တော်မြတ်၏ 'မုအ်ဂျိဇာဟ်'များ ရောက်ရှိလာသည်။ တမန်တော်မြတ် ﷺ ၏ စာရိတ္တနှင့် ဆက်ဆံရေး၊ သင်ကြားပို့ချရေးများမှာ မျက်မြင်ပင် ဖြစ်သည်။ ဤသည်မှာ အမှန်တရားကို ရှုမြင်နိုင်သည့် အကြောင်းခံများပင် ဖြစ်ချေသည်။

အကြင်သူသည် ထိုအကြောင်းခံများကို အသုံးချပြီး ဉာဏ်အမြော်အမြင်ရှိသူ ဖြစ်သွားပါက ထိုသူသည် မိမိ၏ အကျိုးအမြတ်ကို ရရှိသွားမည်ဖြစ်သည်။ အကြင်သူသည် ထိုအကြောင်းခံများကို စွန့်လွှတ်ပြီး အမှန်တရားအား မျက်ကွယ်ပြုမည်ဆိုလျှင် ထိုသူသည် မိမိကိုယ်မိမိ ဆုံးရှုံးအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင် မိန့်ဆိုထားသည်မှာ 'ကျွန်ုပ်သည် အသင်တို့အား စည်းကြပ်သူ မဟုတ်။' ဆိုလိုသည်မှာ လူများကို မဖွယ်မရာသော လုပ်ရပ်များမှ အတင်းအကြပ် တားဆီးရန်မှာ တမန်တော်မြတ် ﷺ ၏ တာဝန်မဟုတ်ပေ။ သို့သာမက ရစူလ်၏ တာဝန်ဝတ္တရားမှာ အမိန့်များကို ပို့ဆောင်ပေးခြင်းနှင့် နားလည်သဘောပေါက်အောင် တင်ပြခြင်းပင်ဖြစ်သည်။ တစ်ဖန် မိမိတို့၏ အတွေးအခေါ်ဖြင့် ထိုရစူလ်၏ တင်ပြချက်အပေါ် လိုက်နာခြင်း ရှိ၊ မရှိခြင်းသည် ရစူလ်၏ တာဝန်မဟုတ်ပေ။ 'သောင်ဟီးဒ်'၊ 'ရေစာလသ်'နှင့် ပတ်သက်ပြီး ဖော်ပြပါအာယသ်တော်များ၌ တင်ပြခဲ့ပြီး ဖြစ်သည်။ တတိယအာယသ်တော်တွင် ထိုဘက်သို့ ညွှန်ပြမိန့်တော်မူထားသည်မှာ-

كَذَالِكَ نُصَرِّفُ الْاٰيٰتِ

အလိုသဘောမှာ ငါအသျှင်မြတ်သည် ထိုနည်းကဲ့သို့ အထောက်အထားများကို ပုံစံအသီးသီးဖြင့် တင်ပြထားပေသည်။

ထို့နောက် မိန့်တော်မူထားသည်မှာ-

وَلِيَقُولُوا دَرَسْتَ وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ

ယင်း၏ အလိုသဘောမှာ 'ဟေဒါယသ်'လမ်းမှန်တရားကို ညွှန်ပြတော်မူသော 'မုအ်ဂျေဇဟ်'များနှင့် အထောက်အထားများ၊ အနှိုင်းမဲ့ ကျမ်းဖြစ်သော ကျမ်းတော်မြတ်၊ တမန်တော်မြတ် ﷺ ၏ နှုတ်တော်မှ ထွက်ပေါ်လာသော ပညာရပ်များသည် အမှန်တရားများရှေ့၌ လောကရှိ ဒဿနိကပညာရှင်များနှင့် အတွေး အခေါ်ပညာရှင်များပင် လက်မှိုင်ချရသည်။ 'ကေယာမသ်'နေ့ထိ ပေါက်ဖွားလာမည့် 'ဂျင်န်'နှင့် လူသားများအား ပြည့်စုံကုံလုံသည့် နှုတ်ခပါဠ်တော်မှ ဖိတ်ခေါ်မှုပြုထားသည်မှာ ယင်းကျမ်းတော်မြတ်ကဲ့သို့ သေးငယ်သည့် စူရာဟ်တစ်ပုဒ်မျှ ပြုစုနိုင်သည်ဆိုလျှင် ပြုစုလာကြကုန်။ သို့သော် တစ်လောကလုံး ထိုသို့ အလျဉ်းပြုလုပ်နိုင်စွမ်း မရှိပေ။ ဤသည် အမှန်တရားကို မြင်နိုင်သည့် ဤကဲ့သို့သော အရာဖြစ်သည်။ ၎င်းကြောင့် ဖီဆန်သူများပင်လျှင် တမန်တော်မြတ် ﷺ ၏ ခြေတော်ပေါ်သို့ ညွတ်သွားသင့်ပေသည်။ သို့သော် ယုတ်ညံ့သည့် စိတ်ထားရှိသောသူများက ပြောဆိုကြသည်မှာ တမန်တော်မြတ် ﷺ သည် ထိုပညာရပ်များကို တစ်ဦးတစ်ယောက်ထံမှ သင်ယူခဲ့ခြင်းဖြစ်ပေသည်။

တစ်ဆက်တည်းမှာပင် မိန့်တော်မူထားသည်မှာ-

وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ

၎င်း၏ အလိုသဘောမှာ အတွေးအခေါ် မှန်ကန်ပြီး အမှန်တရားကို နားလည်သော အသိဉာဏ်ရှိသူအတွက် အဆိုပါတင်ပြချက်သည် အလွန်အကျိုးရှိလှပေသည်။ အချုပ်ဆိုရသော် လမ်းမှန်တရား ရစေမည့် အရာအားလုံးကို ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ယုတ်ညံ့စိတ်ရှိသော သူများသည် ထိုအရာများမှ အကျိုးခံစားရခြင်း မရှိပေ။ တရားလမ်းမှန်ကို သိနားလည်သောသူများသည် ထိုအရာများမှ အကျိုးခံစားရပြီး လောကတွင် ခေါင်းဆောင်လမ်းပြများ ဖြစ်သွားကြသည်။

စတုတ္ထအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား လမ်းညွှန်ထားသည်မှာ အသင့်အနေနှင့် မည်သူ လက်ခံသည်၊ လက်မခံသည်ကို မကြည့်လေနှင့်။ အသင်ကိုယ်တိုင် လမ်းစဉ်အတိုင်း လျှောက်လှမ်းလျက် နေပါ။ အကြင်လမ်းပေါ်၌ လျှောက်လှမ်းရန် အသင်၏ အသျှင်မြတ်မှ အသင့်အား 'ဝဟီ'တော်ဖြင့် လမ်းညွှန်ခဲ့ပြီးဖြစ်သည်။ ယင်းလမ်းညွှန်ချက်များတွင် အဓိကအကျဆုံး ယုံကြည်ချက်မှာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခံထိုက်သူဟူ၍ အလျဉ်းမရှိပေ။ ၎င်းနောက် ထို 'ဝဟီ'တော်တွင် 'သဗ်လီးဂ်'၏ ပညတ်ချက်လည်း ပါဝင်ပေသည်။ ယင်းအပေါ် ရပ်တည်၍ မုရှိရစ်ကမ်များကို ဂရုမပြုလေနှင့်။ ၎င်းတို့ လက်မခံသည့်အတွက် ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းလည်း မဖြစ်လေနှင့်။

ပဥ္စမအာယသ်တော်တွင် ယင်းအချက်၏ အကြောင်းခံကို တင်ပြထားသည်မှာ အကယ်၍ အလ္လာဟ် အသျှင်မြတ်သည် ဖြစ်စေဟူသော နည်းစနစ်ဖြင့် လူသားအားလုံးကို မွတ်စလင်မ်ဖြစ်စေရန် သဘောတူ

ခဲ့မည်ဆိုပါက တုပနိုင်းယှဉ်သူ ရှိမည်မဟုတ်ပေ။ သို့သော် ၎င်းတို့၏ ဆိုးသွမ်းမှုကြောင်း အလ္လာဟ်အသျှင်မြတ်မှ ဤသို့ သဘောတူခဲ့သည်။ ၎င်းမှာ ထိုသူတို့အား ပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည့် အရာများ စုစည်းစေခဲ့ပေသည်။ သို့ရှိရာ အသင့်အနေနှင့် ထိုသူများကို မည်သို့ မွတ်စလင်မ်ဖြစ်အောင် ပြုလုပ်နိုင်မည်နည်း။ အသင့်အနေနှင့် အဘယ်ကြောင့် သောကဖြစ်နေပါသနည်း။ ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့၏ လုပ်ရပ်များအပေါ် စည်းကြပ်သူအဖြစ် တာဝန်ပေးထားခြင်း မရှိပေ။ ၎င်းနောက် အသင်သည် ထိုသူများ၏ လုပ်ရပ်များအပေါ် ငါအသျှင်မြတ်ဘက်မှ ပြစ်ဒဏ်ချမှတ်ပေးပိုင်ခွင့်လည်း မရှိပေ။ ထို့ကြောင့် အသင်သည် ထိုသူများ၏ လုပ်ရပ်များအပေါ် စိတ်မထိခိုက်သင့်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَسُبُّوا الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِ اللهِ فَيَسُبُّوا
اللهَ عَدْوًا بِغَيْرِ عِلْمٍ كَذٰلِكَ زَيَّنَّا لِكُلِّ اُمَّةٍ عَمَلَهُمْ ثُمَّ
اِلٰى رَبِّهِمْ مَّرْجِعُهُمْ فَيُنَبِّئُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ۝١٠٩

၆ : ၁၀၉ ။ ။ ၎င်းပြင် အသင်တို့သည် အကြင် (မှားယွင်းသော) ကိုးကွယ်ရာများကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုကြလေနှင့်။ ထို (မုရှ်ရိစ်က်) များသည် 'အလ္လာဟ်အသျှင်မြတ်အား စွန့်ပယ်၍ ထိုအရာများကို ကိုးကွယ်ကြ၏။ အဘယ်ကြောင့်ဆိုသော် (အသင်တို့ ဤသို့ ပြုလုပ်ကြလျှင်) ထိုသူများသည်လည်း အသိတရား မရရှိသဖြင့် စည်းကမ်းကျူးလွန်က အလ္လာဟ်အသျှင်မြတ်အား ကဲ့ရဲ့ရှုတ်ချခြင်း ပြုကြပေမည်။ ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် အုပ်စုတိုင်းအတွက် ၎င်းတို့၏ အမြင်တွင် ၎င်းတို့၏ ပြုမူချက်တို့ကို လှပတင့်တယ်စွာ ပြုလုပ်ထားတော်မူခဲ့လေသည်။ ထို့နောက် ၎င်းတို့အားလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ ပြန်ကြရပေမည်။ ထိုအါ ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ပြုလုပ်ခဲ့ကြသည်များကို ထုတ်ဖော်မိန့်ကြားတော်မူပေမည်။

وَاَقْسَمُوْا بِاللهِ جَهْدَ اَيْمَانِهِمْ لَئِنْ جَآءَتْهُمْ اٰيَةٌ لَّيُؤْمِنُنَّ بِهَا قُلْ
اِنَّمَا الْاٰيٰتُ عِنْدَ اللهِ وَمَا يُشْعِرُكُمْ اَنَّهَآ اِذَا جَآءَتْ لَا يُؤْمِنُوْنَ ۝١١٠

၆ : ၁၁၀ ။ ။ ထို့ပြင် ၎င်းတို့သည် အကယ်၍သာ ၎င်းတို့ထံ သက်သေလက္ခဏာတော် တစ်စုံတစ်ရာ ရောက်ရှိခဲ့ပါမူ ၎င်းတို့သည် မုချ သက်ဝင်ယုံကြည်ကြမည်ဟု အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်ဆိုကြကုန်သည်။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ 'သက်သေလက္ခဏာတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာ ရှိပေသည်။ ၎င်းပြင် အသင်တို့ သိကြပါသလော။' မုချစေကန် ထိုသက်သေလက္ခဏာတော်များ ရောက်ရှိလာသည့်တိုင်အောင် ထိုသူတို့သည် ယုံကြည်ကြမည်မဟုတ်ပေ။

وَنُقَلِّبُ أَفْـِٔدَتَهُمْ وَأَبْصَـٰرَهُمْ كَمَا لَمْ يُؤْمِنُوا۟ بِهِۦٓ أَوَّلَ مَرَّةٍ وَنَذَرُهُمْ فِى طُغْيَـٰنِهِمْ يَعْمَهُونَ ﴿١١٠﴾

၆ : ၁၁၀ ။ ။ အမှန်စင်စစ် ၎င်းတို့သည် (မူလ) ကတည်းက ယင်း (ကုရ်အာန်ကျမ်းမြတ်) ကို သက်ဝင်ယုံကြည် လက်ခံခြင်း မပြုခဲ့ကြသည့်နည်းတူ ငါအသျှင်မြတ်သည်လည်း ၎င်းသူတို့၏ စိတ်နှလုံးများကိုလည်းကောင်း၊ မျက်စိများကို လည်းကောင်း လှည့်ထားတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ခေါင်းမာမှု၌ပင် တဝဲလည်လည် (ဖြစ်နေစေရန်) လွှတ်ထားတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ရှင်းနောက် အသင်တို့သည် ထိုသူများ၏ ကိုးကွယ်သောအရာများကို မကောင်းမပြောဆိုလေနှင့်။ မုရှ်ရစ်က်များသည် အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ ထိုအရာများကို ကိုးကွယ်ကြသည်။ အဘယ်ကြောင့် အသင်တို့ ထိုသို့ ပြောဆိုခြင်းဖြင့် ထိုသူများသည် အသိဉာဏ်မဲ့ခြင်းမှ လွန်ကဲပြီး ဒေါသထွက်ကာ အလ္လာဟ် အသျှင်မြတ်၏ ဂုဏ်အသရေအား စော်ကားမှုပြုလာကြလိမ့်မည်။ ထိုသို့စော်ကားခြင်းကြောင့် စော်ကားသူ များကို အဘယ်ကြောင့် ပြစ်ဒဏ်များ မခံစားရစေသနည်းဟူ၍ တအံ့တဩ မဖြစ်ကြလေနှင့်။ အဘယ်ကြောင့် ဆိုသော် ငါအသျှင်မြတ်သည် လောကတွင် ဖြစ်ပေါ်နေလျက်ရှိသည့်အတိုင်း အုပ်စုတိုင်းကို ၎င်းတို့၏ လုပ်ရပ်များမှာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ စိတ်ဝင်တစား ပြုစေတော်မူသည်။ ဆိုလို သည်မှာ ထိုသို့ စိတ်ဝင်တစားရှိခြင်းကြောင့် လူတိုင်းသည် မိမိတို့၏ လုပ်နည်းလုပ်ဟန်ကို နှစ်သက်လျက် ရှိကြသည်။ ထိုအချက်မှ သိရှိရသည်မှာ ဤလောကသည် အကန်စင်စစ် စမ်းသပ်ခြင်းခံရသော နေရာဖြစ်သည်။ ယင်းအပေါ် ပြစ်ဒဏ်မှချ မရှိပေ။ သို့သော် မုချကေန် မိမိအချိန်ရောက်သည်နှင့် မိမိအသျှင်သခင်ထံသို့ အားလုံး သွားရမည်ဖြစ်သည်။ ထိုအခါကျမှ လောကတွင် ပြုလုပ်ခဲ့သမျှသော အရာအားလုံးကို ထိုအသျှင်မြတ်မှ ပြသတော်မူမည်။ အပြစ်ရှိသူများကို အပြစ်ပေးတော်မူမည်။ ထိုဖီဆန်သူများသည် ကျိန်ဆိုကြမည် ဖြစ်သည်။ ၎င်းမှာ အကယ်၍ ကျွန်ုပ်တို့ထံတွင် ကျွန်တော်မျိုးသို့ တောင်းဆိုထားသော လက္ခဏာများထဲမှ လက္ခဏာ တစ်ခုမျှ ပေါ်လွင်ခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် မုချ ထိုလက္ခဏာများအပေါ် အီမာန်ယူလာကြမည် ဖြစ်သည်။ ဆိုလိုသည်မှာ လက္ခဏာများ ဖော်ထုတ်ပြသောသူ၏ 'နဗူဝသ်' ကို လက်ခံထိုက်မည်။ အသင် ၎င်းတို့အား ဖြေကြားပါလေ။ လက္ခဏာများအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ် ရှိသည်။ ယင်း လက္ခဏာများအား ထိုအသျှင်မြတ်အနေနှင့် သုံးစွဲလိုသကဲ့သို့ သုံးစွဲတော်မူမည်။ အခြားသူများအနေနှင့် ထိုကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ တောင်းဆိုခြင်းများသည် အချည်းအနှီးပင် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် မည်သည့်အရာကို ထုတ်ဖော်ခြင်းသည် ဆင်ခြင်တုံတရားနှင့် ကိုက်ညီပြီး မည်သည့်အရာကို မထုတ်ဖော်ခြင်းသည် ဆင်ခြင်တုံတရားနှင့် ကိုက်ညီမှုရှိကြောင်းကို အလ္လာဟ်အသျှင် မြတ်မှအပ အခြားမည်သူမှ မသိရှိပေ။ သို့သာမက တမန်တော်များကို စေလွှတ်သည့်အခါတွင် လက္ခဏာ

တစ်ခုခု ဖော်ထုတ်ခြင်းသည် မုချဧကန် ဆင်ခြင်တုံတရားဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ သည် နဗီဖြစ်ခြင်း၏ ကြွေးကြော်မှုအပေါ် မှန်ကန်ကြောင်းနှင့်ပတ်သက်ပြီး အမှတ်အသားပေါင်းများစွာကို ထုတ်ဖော်ခဲ့ပြီးဖြစ်သည်။ ယင်းအမှတ်အသားများသည် အထောက်အထားအတွက် လုံလောက်၏။ ဤသည် ထိုသူများ တောင်းဆိုခြင်း၏ အဖြေဖြစ်သည်။ ၎င်းနောက် မှတ်စွလင်များအနေနှင့် စဉ်းစားကြမည်မှာ အကယ်၍ ဤလက္ခဏာများ ပေါ်ထွက်လာပါက ကောင်းလေစွ။ ၎င်းတို့အနေနှင့် အီမာန်ယူလာကြအံ့။ ထိုမှတ်စွလင်မ်များကို ရည်ညွှန်း၍ မိန့်တော်မူသည်မှာ အသင်တို့အနေနှင့် ထိုသူများနှင့် ပတ်သက်ပြီး မည်သည့်အရာမျှ မသိရှိကြပေ။ သို့သာမက ငါအသျှင်မြတ်သာ သိရှိတော်မူ၏။ ၎င်းမှာ ထိုသူများ တောင်းဆိုသော လက္ခဏာများ ပေါ်ထွက်လာမည်ဆိုလျှင်လည်း ၎င်းတို့အနေနှင့် အီမာန်ယူလာကြမည်မဟုတ်ပေ။ ၎င်းတို့ အီမာန်မယူလာခြင်းကြောင့် ငါအသျှင်မြတ်သည်လည်း ထိုသူများ၏ နှလုံးသားကို အမှန်တရားကို တောင်းဆိုလိုသည့် ဆန္ဒနှင့် ထိုသူများ၏ မျက်လုံးများကို အမှန်တရားအား မြင်နိုင်ခြင်းမှ လှည့်ပေးတော်မူလိုက်မည်။ ထိုသူများ အီမာန်မယူလာခြင်းသည် ပမာဆိုရသော် ထိုသူများသည် ကြီးမားသော 'မုအ်ဂျေဇာဟ်' ဖြစ်သည့် ပထမအကြိမ် ရောက်ရှိလာသော ကျမ်းတော်မြတ်အပေါ် အီမာန်ယူလာခြင်း မရှိသည့်အတွက် လွတ်သွားပြီးဟု မထင်မှတ်လေနှင့်။ ၎င်းနောက် မျက်လုံးများကို အချည်းအနှီးပြုလုပ်ခြင်း၏ အလိုသဘောမှာ အပေါ်ယံ မဟုတ်ပေ။ သို့သာမက အလိုသဘောမှာ ငါအသျှင်မြတ်သည် ထိုသူများကို မိမိတို့၏ဆိုးသွမ်းမှုနှင့် ဖီဆန်ခြင်း၌ နစ်မွန်းစေတော်မူမည်။ ၎င်းတို့သည် အီမာန်လက်ခံနိုင်ခွင့် ရရှိမည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်သည် ထူးခြားသည့်ဖြစ်ရပ်တစ်ခုအပေါ် မူတည်၍ ကျရောက်ခဲ့ခြင်းဖြစ်ပေသည်။ အာယသ်တော်တွင် အရေးပါလှသော စည်းမျဉ်းတစ်ရပ်ဘက်သို့ လမ်းညွှန်ထားပေသည်။ ၎င်းမှာ ကိုယ်တိုင် လုပ်ပိုင်ခွင့်မရှိသော အလုပ်နှင့် ပတ်သက်ပြီး အကြောင်းခံဖြစ်ခြင်းလည်း မပိုင်ပေ။

အာယသ်တော် ကျရောက်လာရခြင်းအကြောင်းအား အိဗ်နေဂျရီးရ် ﷻ သခင်၏ ဆင့်ပြန်ချက်အရ တင်ပြရမည်ဆိုလျှင် တမန်တော်မြတ် ﷺ ၏ ဘကြီးတော် အဗူသွာလိဗ် မကွယ်လွန်မီအလျင် မကျန်းမာသည့်အချိန်ဖြစ်သည်။ ကိုရိုက်ရှ်တို့၏ ခေါင်းဆောင်များသည် တမန်တော်မြတ် ﷺ အား ဒုက္ခအမျိုးမျိုးပေးရန် ကြိုးပမ်းနေကြသည်။ သတ်ဖြတ်ရန်လည်း စီစဉ်နေကြသည်။ ၎င်းတို့အနေနှင့် သောကဖြစ်နေကြသည်မှာ အဗူသွာလိဗ်၏ သေဆုံးခြင်းသည် ကျွန်ုပ်တို့အတွက် အခက်အခဲတစ်ခု ဖြစ်သွားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ကျွန်ုပ်တို့သည် ရစူလ်အား သတ်ဖြတ်လိုက်မည်ဆိုလျှင်လည်း ကျွန်ုပ်တို့၏ သိက္ခာပိုင်းဆိုင်ရာ ထိခိုက်လာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါကျမှ လူများက ပြောဆိုကြမည်မှာ အဗူသွာလိဗ် ရှိစဉ်အခါက ထိုရစူလ်အား မည်သို့မျှ မဖျက်ဆီးပစ်နိုင်ကြပေ။ ယခု အဗူသွာလိဗ် ကွယ်လွန်ပြီးနောက်

ရရှူလ်တစ်ပါးတည်း ဖြစ်သွားသောအခါ သတ်ဖြတ်လိုက်ကြသည်။ ထို့ကြောင့် ယခုပင် ကျွန်ုပ်တို့ စုပြီး အဗူသွာလိဗ်ထံမှ ယတိပြတ်ဆုံးဖြတ်ချက်တစ်ခု တောင်းဆိုရမည့်အချိန် ဖြစ်သည်။

ဤအချက်အား ပညာစာပေနှင့် အထိအတွေ့ရှိသော မှတ်စွလင်မ်အများစုမှ သိရှိကြသည့်အတိုင်း အဗူသွာလိဗ်သည် ဧကန်အမှန် မွတ်စ္စလင်မ်မဖြစ်ခဲ့ပေ။ သို့သော် တမန်တော်မြတ် ﷺ အား ချစ်ခင်ရုံမျှမက ကိုယ်တော်မြတ်၏ ကြည်ညိုမှုသည်လည်း ၎င်း၏ နှလုံးသားအတွင်း ကိန်းဝပ်လျက်ရှိသည်။ တမန်တော်မြတ် ﷺ ၏ ရန်သူများနှင့် ရန်ဆိုင်ရန် ရှေ့တန်းမှ ရှိခဲ့သည်။ ကိုရိုက်ရှ်များ၏ ခေါင်းဆောင်အချို့သည် ဤသို့ တိုင်ပင်ဆွေးနွေးကာ အဗူသွာလိဗ်ထံသို့ သွားရန်အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းလိုက်သည်။ ယင်းအဖွဲ့တွင် အဗူစွဖ်ယာန်၊ အဗူဂျဟလ်၊ အမရ်အိဗ်နေအားဆ်စသည့် ကိုရိုက်ရှ်များ၏ ခေါင်းဆောင်များ ပါဝင်ပေသည်။ အဗူသွာလိဗ်နှင့် တွေ့ဆုံရန်အတွက် အချိန်ယူရန် မုသ္တလိဗ်အမည်ရှိသူတစ်ဦးအား တာဝန်ပေးခဲ့၏။ ယင်းသူသည် အဗူသွာလိဗ်ထံမှ ခွင့်ပြုချက်ရယူပြီး ထိုအဖွဲ့ကို ပို့ပေးလိုက်၏။

ထိုအဖွဲ့သည် အဗူသွာလိဗ်အား ပြောဆိုသည်မှာ အသင်သည် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ အသင်သိရှိရသည့်အတိုင်း အသင်၏ တူတော်မောင် မိုဟမ္မဒ် ﷺ သည် ကျွန်တော်မျိုးတို့နှင့် ကျွန်ုပ်တို့၏ ကိုးကွယ်သည့်အရာများကို အလွန်ဒုက္ခပေးခဲ့ပေသည်။ ကျွန်ုပ်တို့အနေနှင့် ဖြစ်လိုသည်မှာ အသင်သည် မိမိ၏ တူတော်မောင်အား ခေါ်ယူ၍ ကျွန်ုပ်တို့၏ ကိုးကွယ်သောအရာများကို မကောင်းပြောဆိုခြင်းမပြုရန် နားချမည်ဆိုလျှင် ကျွန်ုပ်တို့ ကျေအေးလိုက်ပေမည်။ ထိုသူ့အနေနှင့်လည်း မိမိသာသနာအပေါ် ကျင့်သုံးလိုသလို ကျင့်သုံးနိုင်ပြီး မိမိနှစ်သက်သည့်အရာကို ကိုးကွယ်နိုင်မည်။ ကျွန်ုပ်တို့လည်း ၎င်းတို့ မည်သည့်အရာမျှ ပြောဆိုမည်မဟုတ်ပေ။

အဗူသွာလိဗ်သည် တမန်တော်မြတ် ﷺ အား ခေါ်ယူ၍ ပြောဆိုသည်မှာ အသင်၏ မျိုးနွယ်စုများမှ ခေါင်းဆောင်များ ရောက်လာကြသည်။ တမန်တော်မြတ် ﷺ သည် ထိုအုပ်စုကို ဦးတည်၍ မိန့်ဆိုသည်မှာ အသင်တို့ မည်သို့ ဖြစ်လိုပါသနည်း။ ၎င်းတို့က ကျွန်ုပ်တို့ ဖြစ်လိုသည်မှာ အသင့်အနေနှင့် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ ကိုးကွယ်သည့်အရာများကို မကောင်းပြောဆိုခြင်းအား စွန့်လွှတ်လိုက်ပါ။ သို့ဆိုလျှင် ကျွန်ုပ်တို့လည်း အသင်နှင့် အသင်ကိုးကွယ်သည့်အရာကို စွန့်လွှတ်လိုက်မည်။ ဤနည်းဖြင့် အချင်းချင်း၌ရှိသော ပြဿနာများ ချုပ်ငြိမ်းသွားပေမည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကယ်၍ ကျွန်ုပ်အနေနှင့် အသင်တို့၏ စကားကို လက်ခံလိုက်မည်ဆိုလျှင် အသင်တို့အနေနှင့် ဤကဲ့သို့သော 'ကလေမာဟ်' တစ်ပုဒ်ကို ဖတ်ရွတ်ကြမည်လော။ ယင်း 'ကလေမာဟ်' တော်အား ဖတ်ရွတ်လိုက်ခြင်းဖြင့် အသင်တို့သည် အာရဗ်တစ်ခုလုံး၏ ပိုင်ရှင်များဖြစ်သွားကြမည်။ ၎င်းနောက် အရဗ်မဟုတ်သောသူများလည်း အသင်တို့၏ နောက်လိုက်များ ဖြစ်သွားကြမည်။

ထိုအခါ အဗူဂျဟလ်မှ ပြောဆိုသည်မှာ ဤကဲ့သို့သော 'ကလေမာဟ်' ကို ကျွန်ုပ်တို့အနေနှင့် တစ်ပုဒ်မဆိုထားနှင့်၊ (၁၀) ပုဒ်ဖတ်ရန်လည်း အသင့်ရှိသည်။ ယင်း 'ကလေမာဟ်' သည် မည်သို့သော 'ကလေမာဟ်' ဖြစ်သနည်း။ တမန်တော်မြတ် ﷺ က 'ကလေမာအေလာဟာအိလ္လလ္လာဟို' ဟု မိန့်တော်မူသည်။

ဤ 'ကလေမာ'တော်ကို ကြားသည်နှင့် အားလုံး ထကြွကုန်သည်။ အဗူသွာလိဗ်ကလည်း တမန်တော်မြတ် ﷺ အား ပြောကြားသည်မှာ 'အို၊ တူတော်မောင်၊ ဤ 'ကလေမာဟ်'မှအပ အခြားရှိမည်ဆိုလျှင် ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် အသင်၏ မျိုးနွယ်စုများသည် ထို 'ကလေမာဟ်'ကြောင့် တုန်လှုပ်သွားကြပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ က 'အို၊ ဘကြီးတော်၊ ကျွန်ုပ်သည် ဤ 'ကလေမာဟ်'မှအပ အခြား 'ကလေမာဟ်'မဖတ်နိုင်ပေ။ အကယ်၍ ထိုသူများသည် မိုးကောင်းကင်မှ နေမင်းကြီးကို ယူလာပေးပြီး ကျွန်ုပ်၏ လက်တွင်း ပေးအပ်မည်ဆိုလျှင်လည်း ထို 'ကလေမာဟ်'မှအပ အခြား'ကလေမာဟ်'ကို လုံးဝ ဖတ်ရွတ်မည်မဟုတ်ပေ။ ယင်းသို့ ပြောဆိုခြင်း၏ ရည်ရွယ်ချက်မှာ ထိုသူများကို မျှော်လင့်ချက် ကင်းမဲ့သွားစေရန် ဖြစ်သည်။

ယင်းစကားအပေါ် ထိုသူများအားလုံး စိတ်ဆိုး၍ ပြောဆိုကြသည်မှာ အသင့်အနေနှင့် ကျွန်ုပ်တို့၏ ရုပ်တုများကို မကောင်းပြောဆိုခြင်းမှ ရပ်တန့်က ရပ်ပါ။ သို့မဟုတ်ပါက ကျွန်ုပ်တို့လည်း အသင့်အား ဆဲဆိုကြမည် ဖြစ်သည်။ ၎င်းနောက် အသင်သည် မိမိကိုယ်မိမိ ထိုအသျှင်မြတ်၏ ရစူလ်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အသျှင်မြတ်ကိုလည်း ဆဲဆိုကြမည်ဖြစ်သည်။ ယင်းဖြစ်ရပ်အပေါ် အာယသ်တော် ကျရောက်လာသည်မှာ-

وَلَا تَسُبُّوا الَّذِينَ يَدْعُونَ مِن دُونِ اللَّهِ
فَيَسُبُّوا اللَّهَ عَدْوًا بِغَيْرِ عِلْمٍ

အလိုသဘောမှာ 'အသင်ကိုယ်တော်၊ ထိုသူများ၏ ရုပ်တုများကို မကောင်းမပြောလေနှင့်။ အကြင် ရုပ်တုများကို ၎င်းတို့အနေနှင့် 'ခိုဒါ'ဟု မှတ်ယူထားကြသည်။ အကယ်၍ ပြောဆိုမည်ဆိုလျှင် ထိုသူများသည် အလ္လာဟ်အသျှင်မြတ်ကိုလည်း မကောင်းပြောဆိုကြမည်ဖြစ်သည်။ အာယသ်တော် لَا تَسُبُّوا ဟူသော စာလုံးသည် سب စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏အဓိပ္ပာယ်မှ ဆဲဆိုခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ သည် **အစကနဦးကပင် မိမိ၏ စိတ်နှင့် စာရိတ္တအရ ထိုအချက်အပေါ်** လိုက်နာလျက်ရှိခဲ့ပေသည်။ **[illegible]** မည်သည့်လူသားသာမက မည်သည့်တိရစ္ဆာန်ကိုမှပင် ဆဲဆိုသည့်စကားလုံးမျိုးကို မိမိနှုတ်တော်မှ ထွက်ဆိုခဲ့ခြင်း မရှိခဲ့ပေ။ သို့သော် အချို့ဆွဲဟာဗာများ၏နှုတ်မှ တစ်ခါတစ်ရံ ပြင်းထန်သည့် စကားလုံးမျိုး သုံးနှုန်းခဲ့ပေလိမ့်မည်။ မုရှိရစ်က်များသည် ယင်းစကားမျိုးကို ဆဲဆိုသည်ဟူ၍ အလိုသဘော မှတ်ယူလိုက်ခြင်းဖြစ်မည်။ ကိုရိုက်ရှ်ခေါင်းဆောင်များ၏ ထိုအုပ်စုသည် တမန်တော်မြတ် ﷺ ၏ရှေ့တွင် ထိုကိစ္စတင်ပြပြီး ကြေငြာခဲ့သည်မှာ အသင့်အနေနှင့် ကျွန်ုပ်တို့ ကိုးကွယ်သည့် ရုပ်တုများကို ဆဲဆိုခြင်းအား မရပ်တန့်ပါက ကျွန်ုပ်တို့အနေနှင့်လည်း အသင်၏ အသျှင်မြတ်ကိုလည်း ဆဲဆိုရလိမ့်မည်။

ယင်းအချက်အပေါ် ဤအမိန့် ကျရောက်လာခြင်းဖြစ်သည်။ ယင်းအမိန့်ဖြင့် မွတ်စ္စလင်မ်များကို ထိန်းသိမ်းတားဆီးလိုက်၏။ အကြောင်းမူကား အသင်မွတ်စ္စလင်မ်များအနေနှင့်လည်း ၎င်းတို့၏ ကိုးကွယ်သောအရာများကို ပြင်းထန်သည့်စကားလုံးများနှင့် သုံးနှုန်းပြောဆိုခြင်း မပြုလေနှင့်။ ဤအာယသ်တော်တွင် ဤစကားရပ်သည် အထူးသဖြင့် ထောက်ရှုရမည့်အချက်ဖြစ်သည်။ ၎င်းမှာ ယင်းအာယသ်တော်အလျှင် အာယသ်တော်၌ တမန်တော်မြတ် ﷺ ကို ဦးတည်၍ မိန့်ဆိုထားပေသည်။

၎င်းမှာ اَعْرِضْ عَنِ الْمُشْرِكِيْنَ နှင့် اِتَّبِعْ مَاۤ اُوْحِىَ اِلَيْكَ مِنْ رَّبِّكَ ၎င်းနောက် عَلَيْهِمْ بِوَكِيْلٍ နှင့် مَا جَعَلْنٰكَ عَلَيْهِمْ حَفِيْظًا တို့ ဖြစ်သည်။ ထိုဝါကျများအားလုံးတွင် တမန်တော်မြတ် ﷺ အား ဦးတည်၍ မိန့်ဆိုထားပေသည်။ ၎င်းမှာ အသင် ဤကဲ့သို့ ပြုလုပ်တော်မူပါ။ (သို့) မပြုလုပ်ပါနှင့်ဟူ၍ မိန့်ဆိုထားပေသည်။ ၎င်းနောက် ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား မိန့်ဆိုခြင်းမှလွဲပြီး မွတ်စ္စလင်မ်များဘက်သို့ ရည်ညွှန်းမိန့်ဆိုသည်မှာ لَا تَسُبُّوا ၌ ညွှန်ပြထားသည်မှာ တမန်တော်မြတ် ﷺ သည် မည်သည့်အခါမှ မည်သူ့ကိုမှ ဆဲဆိုခဲ့ခြင်းမရှိပေ။ ထိုမိန့်ဆိုချက်အား တိုက်ရိုက်ဦးတည်မှုပြုခြင်းသည် ၎င်းသူများအား စိတ်ငြိုငြင်မှု ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ခြုံငုံ၍ မိန့်ဆိုထားပေသည်။ ၎င်းနောက် ဆွဟာဗာများအားလုံးလည်း မိမိတို့၏ ပြောဆိုမှု၌ ဂရုစိုက်လာကြ၏။

ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာတွင် ရုပ်တုများနှင့် ပတ်သက်ပြီး ပြင်းထန်သည့် စကားလုံးများဖြင့် သုံးနှုန်းထားပေသည်။ ထိုအာယသ်တော်များသည် ဖျက်သိမ်းခံရသော အာယသ်တော်များလည်း မဟုတ်ပေ။ ယခုအချိန်အထိ ဖတ်ရွတ်နေလျက် ရှိသည်။ ၎င်း၏ အဖြေမှာ ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် ထိုကဲ့သို့သော ပြင်းထန်သည့် စာလုံးများ သုံးထားသည်ဆိုလျှင် ထိုအာယသ်တော်များသည် စကားစစ်ထိုးသည့်ပုံစံဖြင့် အစစ်အမှန်တစ်ခုကို ပေါ်လွင်စေရန်အတွက် တင်ပြထားခြင်းဖြစ်ပေသည်။ ထိုနေရာမျိုး၌ မည်သူတစ်ဦးတစ်ယောက်ကိုမှ စိတ်ထိခိုက်စေရန် မဟုတ်ပေ။ ၎င်းနောက် ထိုအာယသ်တော်တွင် ရုပ်တုများနှင့် မုရှ်ရစ်က်များကို မကောင်းပြောဆိုခြင်းအား ခွင့်ပြုထားပေသည်ဟူ၍ မည်သည့်အသိဉာဏ်ရှိသူတစ်ဦးမှ ကောက်ချက်မချနိုင်ပေ။ ဤသည် အလွန်ရှင်းလင်းသည့် ခြားနားချက်ဖြစ်သည်။ ယင်းခြားနားချက်ကို စကားရပ်များ၏ အလိုသဘောကို တတ်သိသောသူအားလုံး အလွယ်တကူ နားလည်နိုင်သည်။ တစ်ဦးတစ်ယောက်၏ ပြစ်ချက်တစ်ခုကို (သို့) မကောင်းမှုတစ်ခုကို ပညတ်ချက်တစ်ခုနှင့် ပတ်သက်ပြီး ရှုတ်ချရန်အတွက် တင်ပြကြသည်။ ပမာဆိုရသော် များသောအားဖြင့် ရုံးတော်များတွင် နေ့စဉ်နှင့်အမျှ ကြုံဆုံရပေသည်။ သို့သော် ရုံးတော်ရှေ့၌ တင်ပြကြချက်များကို လောကတွင် 'ထိုသူက ထိုသူ့ကို မည်သူမှ ဆဲဆိုပါသည်'ဟူ၍ မပြောဆိုကြချေ။ ထိုနည်းတူစွာ ဆရာဝန်များ၊ ဆေးဆရာများ ရှေ့တွင် လူသား၏ များစွာသော ဤကဲ့သို့သော ပြစ်ချက်များ တင်ပြရပေသည်။ ယင်းပြစ်ချက်များကို အခြားနေရာများတွင် တင်ပြမည်ဆိုလျှင် လူများက ဆဲဆိုသည်ဟူ၍ ထင်မြင်ကြမည်။ သို့သော် ဆေးကုသလိုသည့် ဆန္ဒဖြင့် ထိုသူ၏ တင်ပြချက်ကို မည်သူမှ ဆဲဆိုသည်ဟူ၍ မထင်မှတ်ကြချေ။

ထိုနည်းတူစွာ ကျမ်းတော်မြတ်သည် နေရာအနှံ့အပြားၵ ရုပ်တုများသည် ထိတွေ့ခံစားနိုင်ခြင်း မရှိခြင်း၊ အသိတရားမရှိခြင်း၊ အသိပညာမရှိခြင်း၊ တန်ခိုးစွမ်းအားမရှိခြင်းနှင့် အဘယ်မျှ မတတ်စွမ်းနိုင်ခြင်းတို့ကို တင်ပြမိန့်ဆိုထားသည်များအား နားလည်နိုင်သူများအနေနှင့် အစစ်အမှန် နားလည်သွားနိုင်သည်။ နားမလည်နိုင်သောသူများ၏ မှားယွင်းမှုနှင့် အမြင်ကျဉ်းမြောင်းခြင်းလည်း ပေါ်လွင်သွားပေမည်။ ယင်းနှင့် စပ်လျဉ်း၍ မိန့်တော်မူသည်မှာ-

اَلطَّالِبُ وَ الْمَطْلُوْبُ

ဆိုလိုသည်မှာ ဤရုပ်တုများလည်း ချည့်နဲ့သည်။ ၎င်းကို လိုလားသူများသည် ချည့်နဲ့ကြသည်။ (သို့) ဤသို့လည်း မိန့်တော်မူထားပေသည်။

اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ حَصَبُ جَهَنَّمَ

ဆိုလိုသည်မှာ အသင်တို့နှင့် အသင်တို့ ကိုးကွယ်သောအရာများအားလုံး 'ဂျဟန္နမ်'၏ ထင်း ဖြစ်ကြရမည်။ ဤနေရာ၌လည်း တစ်ဦးတစ်ယောက်ကို မကောင်းပြောဆိုရန် မဟုတ်ပေ။ မှားယွင်းခြင်း၏ ဆိုးကျိုးအား တင်ပြရန်သာ ဖြစ်သည်။ ၎င်းနောက် ဓမ္မသတ်ပညာရှင်များ၏ ရှင်းလင်းချက်ကို မိန့်ဆိုထားသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် ဤအာယသ်တော်ကို မုရှိရစ်က်များအား ရွတ်ချရန် ဖတ်ရွတ်မည်ဆိုလျှင် ထိုသူအတွက် ထိုအခါမျိုး၌ ဖတ်ရွတ်ခြင်းသည် ဆဲဆိုခြင်းအား တားမြစ်ထားခြင်း၌ ပါဝင်ပြီး ဖတ်ပိုင်ခွင့် မရှိချေ။ ပမာဆိုရသော် မသင့်လျော်သော နေရာများတွင် ဖတ်ရွတ်ပိုင်ခွင့်မရှိကြောင်းကို အားလုံးအသိပင် ဖြစ်သည်။

အချုပ်ဆိုရသော် တမန်တော်မြတ် ﷺ ၏ နှုတ်နှင့် ကျမ်းတော်မြတ်တွင် ဤကဲ့သို့သော စကားများသည် အတိတ်တွင် မရှိခဲ့သကဲ့သို့ အနာဂတ်တွင်လည်း ထွက်လာနိုင်စရာ မရှိချေ။ ယင်းစကားများကို ၎င်းတို့က ဆဲဆိုသည်ဟု ထင်မြင်ယူဆကြသည်။ သို့သော် မွတ်စ္စလင်မ်များဘက်မှ ထိုသို့ ပြောဆိုလာနိုင်စရာ ရှိသည့်အတွက် ယင်းသို့ ပြောဆိုခြင်းကို အာယသ်တော်၌ တားမြစ်ထားပေသည်။ ဖော်ပြပါဖြစ်ရပ်နှင့် ကျမ်းတော်မြတ်၏ လမ်းညွှန်ချက်သည် အလွန်ကြီးမားသော ပညာ၏ တံခါးတစ်ခုကို ဖွင့်ပေးလိုက်ပေသည်။ ယင်းညွှန်ပြချက်များမှ အချို့ပညတ်ချက်များ ကောက်နုတ်ရယူခဲ့ပေသည်။

ပြစ်မှုတစ်ခု၏ အကြောင်းခံဖြစ်ခြင်းသည်လည်း အပြစ်ထိုက်ခြင်း

ဥပမာ- စည်းမျဉ်းတစ်ခုမှာ အလုပ်တစ်ခုသည် မိမိကိုယ်တိုင် ပြုလုပ်ပိုင်ခွင့်ရှိသည့်အပြင် အတိုင်းအတာတစ်ခုအထိ ချီးမွမ်းခြင်းလည်း ခံရပေသည်။ သို့သော် ထိုအလုပ်ကို ပြုလုပ်ခြင်းကြောင့် ပြဿနာတစ်စုံတစ်ရာဖြစ်လာမည်။ (သို့) လူများ ပြစ်မှုများ၌ နစ်မွန်းသွားစေမည်ဆိုလျှင် ထိုကဲ့သို့သော လုပ်ရပ်ကို လုပ်ဆောင်ခြင်းမှာ တားမြစ်ထားပေသည်။ ဆိုလိုသည်မှာ ရုပ်တုများကို မကောင်းပြောဆိုခြင်းသည် ပိုင်တော့

ပိုင်၏။ သို့သော် အီမာန်၏ ဂုဏ်သိက္ခာအရ ပြောဆိုမည်ဆိုလျှင် မိမိအတွက် အကျိုးစ၀ါးဖ်လည်း ရှိမည်။ သို့သော် ထိုသို့ ပြောဆိုခြင်းကြောင့် စိုးရိမ်ရသည်မှာ လူများသည် အလ္လာဟ်အသျှင်မြတ်ကို မကောင်းပြောဆိုမည်ဆိုလျှင် ရုပ်တုများကို မကောင်းပြောဆိုသူများသည် 'ထိုကဲ့သို့ အလ္လာဟ်အသျှင်မြတ်ကို မကောင်းပြောဆိုရခြင်း၏ အကြောင်းခံ' ဖြစ်သွားပေမည်။ ထို့ကြောင့် ထိုပိုင်သော လုပ်ရပ်ကိုလည်း တားမြစ်ထားပေသည်။ ယင်းနှင့် စပ်လျဉ်း၍ ဥပမာတစ်ခုကိုလည်း ဟဒီးစ်၌ ဤသို့ တင်ပြထားပေသည်။ ၎င်းမှာ- တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအား မိန့်တော်မူသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ မိဘများကို ဆဲဆိုခြင်းမပြုရပေ။ ဆွဟာဗာများမှ လျှောက်ထားသည်မှာ အို, ကိုယ်တော်၊ မိမိ၏ မိဘများကို ဆဲဆိုခြင်းကို မည်သူမှ မပြုနိုင်ပေ။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'လူသားသည် မိမိကိုယ်တိုင် မိဘများကို ဆဲဆိုခြင်းမရှိပေ။ သို့သော် ထိုလူသားသည် တစ်ပါးသူ၏ မိဘများကို ဆဲဆိုမည်ဆိုလျှင် ထိုတစ်ပါးသူသည် အဆိုပါသူ၏ မိဘကိုလည်း ဆဲဆိုပေလိမ့်မည်။ ထိုအခါ ဤသားသည် မိဘကို ဆဲဆိုနိုင်ခြင်း၏ အကြောင်းခံ ဖြစ်သွားပေမည်။ ဖော်ပြပါပုံစံသည်လည်း မိမိကိုယ်တိုင် မိဘများကို ဆဲဆိုခြင်းနှင့် အလားသဏ္ဍာန်တူ၏။

ထိုနည်းတူစွာ တမန်တော်မြတ် ﷺ ၏ ခေတ်တွင် ယင်းကဲ့သို့ပင် ပြဿနာတစ်ခုနှင့် ရင်ဆိုင်ရ၏။ တမန်တော်မြတ် ﷺ သည် ဟဇရသ်အာအေရှာဟ် ﵂ သခင်မအား မိန့်တော်မူသည်မှာ 'ကအ်ဗာဟ်' ကျောင်းတော်သည် အမှောင်ခေတ်တွင် ပြဿနာတစ်ခုကြောင့် ပျက်စီးသွားရပေသည်။ ကိုရိုက်ရှ်များသည် တမန်တော်မြတ် ﷺ မပွင့်မီအလျှင် အလ္လာဟ့်အိမ်တော်အား ပြန်လည်ပြုပြင်လိုက်ကြသည်။ ထိုသို့ ပြုပြင်ရာတွင် အချို့အရာများသည် တမန်တော်အီဗ္ဗရာဟီမ် ﵇ ဆောက်တည်ခဲ့သည့် ပုံစံနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။ တစ်ခုမှာ 'ဟသ္မီးမ်'ဟု ခေါ်ဆိုသော အစိတ်အပိုင်းသည် အလ္လာဟ့်အိမ်တော်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဆောက်တည်ရာတွင် ငွေကြေးအားနည်းမှုကြောင့် ထို'ဟသ္မီးမ်'ကို ဖယ်ထားခဲ့ကြသည်။ ဒုတိယအချက်မှာ အလ္လာဟ့်အိမ်တော်၏ တံခါးပေါက်များသည် အရှေ့နှင့်အနောက်ဖြစ်သည်။ တစ်ပေါက်မှာ ဝင်ရန်အတွက် ဖြစ်ပြီး၊ အခြားတစ်ပေါက်မှာ ထွက်ရန် ဖြစ်သည်။ အသိဉာဏ်မဲ့သော သူများသည် အနောက်မှ တံခါးကို ပိတ်၍ တစ်ပေါက်တည်း ပြုလုပ်လိုက်သည်။ သို့မှသာ အလ္လာဟ့်အိမ်တော်အတွင်း ဝင်ရောက်ရာတွင် ၎င်းတို့၏ခွင့်ပြုချက်ဖြင့်သာ ဝင်ရောက်စေရန်ဖြစ်သည်။ လူတိုင်း စိတ်တိုင်းကျ မဝင်ရောက်နိုင်စေရန် ဖြစ်သည်။

တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ကျွန်ုပ်အနေနှင့် အလ္လာဟ့်အိမ်တော်၏ လက်ရှိ တည်ဆောက်ထားခြင်းကို ဖြိုဖျက်၍ တမန်တော်အီဗ္ဗရာဟီမ် ﵇ တည် ဆောက်ခဲ့သည်နှင့်အညီ တည်ဆောက်လိုပါ၏။ သို့သော် စိုးရိမ်ဖွယ်ရှိသည်မှာ အသင်တို့၏ မျိုးနွယ်စုများ သည် ယခုမှပင် မွတ်စ္စလင်မ် ဖြစ်လာကြသည်။ အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်အား ဖြိုဖျက်ခြင်းကြောင့် ၎င်းတို့၏ နှလုံးသားသည် ဒွိဟများ

ဖြစ်လာနိုင်သည်။ ထို့ကြောင့် ငါကိုယ်တော်သည် မိမိ၏ ဆန္ဒကို စွန့်လွှတ်လိုက်ပေသည်။ အလ္လာဟ့်အိမ်တော်အား တမန်တော်အိဗ္ဗရာဟီမ် ﷺ တည်ဆောက်ခဲ့သည့်အတိုင်း တည်ဆောက်မည်ဆိုလျှင် အဓိပ္ပာယ်ရှိခြင်း တစ်ခုဖြစ်ပြီး စဝါးဗ်ရစေမည့် လုပ်ရပ်ဖြစ်သည်မှာ ပေါ်လွင်ပေသည်။ သို့သော် ထိုအချင်းအရာကို လူများ မသိရှိခြင်းကြောင့် စိုးရိမ်ဖွယ်ရာတစ်ခုကို တွေးမိ၍ မြတ်နဗီသည် တည်ဆောက်ရန် ဆန္ဒကို စွန့်လွှတ်တော်မူခဲ့သည်။ ထိုဖြစ်ရပ်မှ ဤစည်းကမ်းချက်တစ်ရပ်ကိုလည်း ကောက်နှုတ်ရရှိပေသည်။ ၎င်းမှာ အကယ်၍ ပိုင်သော လုပ်ရပ်တစ်ခုသာမက စဝါးဗ်ရရှိမည့် လုပ်ရပ်တစ်ခုအပေါ် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာနိုင်စရာ ရှိမည်ဆိုပါက ထိုပိုင်သော လုပ်ရပ်ကို ပြုလုပ်ခြင်းမှ တားမြစ်ထားပေသည်။

သို့သော် ထိုဖြစ်ရပ်အပေါ် စောဒကတစ်ခု ရှိသည်။ ယင်းစောဒကကို 'ရှုဟူလ်မအာနီ' တွင် အဗူမန်စူးရ်မှ တင်ပြထားသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအပေါ် 'ဂျိဟားဒ်' လုပ်ရန် ချမှတ်တော်မူထားသည်။ ကေန်ဆိုလျှင် 'ဂျိဟားဒ်' ၏ ရလဒ်မှာ မွတ်စ္စလင်မ်သည် မွတ်စ္စလင်မ်မဟုတ်သူတစ်ဦးကို သတ်ဖြတ်ရန် ဆန္ဒထားမည်ဆိုလျှင် ထိုမွတ်စ္စလင်မ်မဟုတ်သော သူများသည် မွတ်စ္စလင်မ်များကို သတ်ဖြတ်ကြလိမ့်မည်။ မွတ်စ္စလင်မ်များကို သတ်ဖြတ်ခြင်းသည် 'ဟရာမ်' ဖြစ်သည်။ သို့ရှိရာ ထိုစည်းမျဉ်းအရ 'ဂျိဟားဒ်' ကိုလည်း တားမြစ်ထားသင့်သည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့၏ သာသနာပြန့်ပွားရေးနှင့် ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းအပေါ် ၎င်းနောက် 'အဇာန်' နှင့် 'နမာဇ်' အပေါ် ကာဖိရ်များ လှောင်ပြောင်ကြသည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် ထိုကာဖိရ်များ၏ မှားယွင်းသော လုပ်ရပ်အပေါ် မိမိတို့အနေနှင့် 'အေဗာဒသ်' ပြုခြင်းအား စွန့်လွှတ်လိုက်ရမည်။ ၎င်း၏အဖြေအား 'အဘူမန်စူးရ်' ကိုယ်တိုင်က ဖြေကြားထားသည်မှာ ဤစောဒကသည် အရေးကြီးသော စည်းမျဉ်းတစ်ခုကို မျက်ကွယ်ပြုခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ထိုအရေးကြီးသော စည်းကမ်းချက်မှာ ပြဿနာတစ်စုံတစ်ရာ ဖြစ်မည်ဆိုသောကြောင့် ပိုင်သော လုပ်ရပ်တစ်ခုကို ပြုလုပ်ခြင်းမှ တားမြစ်ထားခြင်းသည် သာသနာတော်၏ ရည်ရွယ်ချက်များနှင့် အရေးပါသော လုပ်ရပ်များထဲမှ မဟုတ်ပေ။ ဥပမာ- ရပ်တုများကို မကောင်းပြောဆိုခြင်း၊ ယင်းအချက်သည် သာသနာတော်၏ မည်သည့်ရည်ရွယ်ချက်မှ ပတ်သက်ခြင်းမရှိပေ။

ထိုနည်းတူစွာ အလ္လာဟ့်အိမ်တော်အား တမန်တော်အိဗ္ဗရာဟီမ် ﷺ တည်ဆောက်ခဲ့သည့်အတိုင်း ဆောက်တည်ခြင်းသည်လည်း သာသနာတော်၏ ရည်ရွယ်ချက်တစ်ခုအပေါ်၌ မူတည်ခြင်းမဟုတ်ပေ။ ထို့ကြောင့် ဖော်ပြပါလုပ်ရပ်များအပေါ် သာသနာ၌ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရမည်ဆိုလျှင် ထိုအလုပ်များကို စွန့်လွှတ်လိုက်ရမည်။ ၎င်းနောက် အကြင်လုပ်ရပ်များသည် သာသနာတော်၏ မဏ္ဍိုင်များဖြစ်သည်။ (သို့) သာသနာတော်၏ ရည်ရွယ်ချက်တစ်ခုခု ထိုအရာအပေါ် မူတည်နေမည်။ အကယ်၍ အခြားသူများ၏ မှားယွင်းသော လုပ်ရပ်ကြောင့် ထိုမဏ္ဍိုင်များနှင့် ရည်ရွယ်ချက်များအပေါ် ထိခိုက်နစ်နာစရာများ ဖြစ်လာမည်ကို မြင်တွေ့ရမည်ဆိုလျှင်လည်း ထိုရည်ရွယ်ချက်များကို လုံးဝ စွန့်လွှတ်ရမည်မဟုတ်ပေ။ သို့သာမက ဤလုပ်ရပ်သည် ဖြစ်မြဲအတိုင်း ဆက်လက်ဖြစ်ပေါ်နေစေရန်အတွက် ကြိုးစား

ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာမည့် ပြဿနာများအား ဖြစ်နိုင်သမျှ ပိတ်ပင်တားဆီးရမည် ဖြစ်သည်။ ဤအတွက် ကြောင့်ပင် တစ်ခါက ဟဇရသ်ဟစန်ဗဆွရီ (ရဟ) နှင့် အေမာမ်မိုဟမ္မဒ် ဗင်န် စီးရီးန် (ရဟ) နှစ်ဦးတို့ သည် 'ဂျနာဇာဟ်နမာဇ်'တစ်ခုတွင် ပါဝင်ရန်အတွက် ရောက်ရှိသွား၏။ ထိုနေရာ၌ အမျိုးသားများနှင့်အတူ အမျိုးသမီးများပါ စုရုံးနေသည်ကို တွေ့မြင်ရသည်။ ထိုအရာကို တွေ့၍ အိဗ်နေစီးရီးန် (ရဟ) ပြန်လှည့် သွား၏။ သို့သော် ဟဇရသ်ဟစန်ဗစွရီ (ရဟ) မှ မိန့်တော်မူသည်မှာ လူများ၏ မှားယွင်းသော လုပ်ရပ် ကြောင့် ကျွန်ုပ်သည် မိမိ၏ အရေးကြီးသော အလုပ်ကို မည်သို့ စွန့်လွှတ်ရမည်နည်း။ 'ဂျနာဇာဟ်နမာဇ်' ဖတ်ခြင်းသည် 'ဖွရဇ်'ဖြစ်၏။ ထိုတာဝန်ကို အဆိုပါပြဿနာများကြောင့် မစွန့်လွှတ်နိုင်ချေ။ သို့သော် ယင်းပြဿနာ ချုပ်ငြိမ်းသွားစေရန်အတွက် တတ်နိုင်သမျှ ကြိုးစားရမည်ဖြစ်သည်။ ဖော်ပြပါဖြစ်ရပ်ကိုလည်း 'ရူဟွလ်မအာနီ'၌ တင်ပြထားသည်။

ထို့ကြောင့် ဖော်ပြပါအာယသ်တော်မှ ကောက်နှုတ်ရရှိသော စည်းမျဉ်း၏ အနှစ်ချုပ်မှာ အကြင် အလုပ်သည် မိမိအတွက် လုပ်ပိုင်ခွင့်ရှိရုံမျှမက နာခံခြင်းနှင့် အကျိုးစဝါးဗ် ရရှိမည်။ သို့သော် ထိုအလုပ်သည် တရားတော်၏ ရည်ရွယ်ချက်များထဲမှ မဟုတ်ဟုဆိုလျှင် ယင်းအလုပ်အား ပြုလုပ်ခြင်းအပေါ် ပြဿနာများ ဖြစ်ပေါ်နိုင်မည်ဆိုပါက ထိုအလုပ်ကို စွန့်လွှတ်ရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ သို့သော် တရားတော်၏ ရည်ရွယ် ချက်များနှင့် ပတ်သက်လျက်ရှိသော လုပ်ရပ်များကို ပြဿနာတစ်စုံတစ်ရာဖြစ်မည်ဆိုသော အကြောင်းခံ ဖြင့် စွန့်လွှတ်ပိုင်ခွင့်မရှိပေ။

ထိုစည်းမျဉ်းမှ ဓမ္မသတ်ပညာရှင်များသည် များစွာသော ပညတ်ချက်များကို ကောက်နှုတ်ထား ပေသည်။ ဓမ္မသတ်ပညာရှင်များမှ မိန့်တော်မူထားသည်မှာ တစ်ဦးတစ်ယောက်၏ သားသည် အမိန့်မနာခံသူ ဖြစ်မည်။ ၎င်းနောက် ထိုသားအား အလုပ်တစ်ခုခုလုပ်ရန် ပြောဆိုမည်ဆိုလျှင် ၎င်းအနေနှင့် ငြင်းဆိုမည် ကိုလည်း သိသည်။ အကယ်၍ လုပ်မည်ဆိုလျှင်လည်း ခိုင်းသည်နှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းကြောင့် ပြင်းထန်သည့် ပြစ်ဒဏ်များ ခံစားရမည်ကိုလည်း သိသည်။ ယင်းပုံစံတွင် ဖခင်အနေနှင့် ထိုသားအား အမိန့်ပေးမည့်နေရာတွင် အလုပ်တစ်ခုခုကို ပြုလုပ်ရန် (သို့) စွန့်လွှတ်ရန်အတွက် မပြောသင့်ပေ။ သို့သာမက ဆုံးမသည့်ပုံစံနှင့် ဤသို့ ပြောဆိုသင့်ပေသည်။ ၎င်းမှာ ထိုအလုပ်ကို ပြုလုပ်လိုက်မည်ဆိုလျှင် အလွန် ကောင်းလေစွ။ သို့မှသာ ငြင်းဆန်ခြင်း (သို့) ဆန့်ကျင်ဘက်ပြုလုပ်ခြင်းကြောင့် အမိန့်မနာခံခြင်း၏ ပြစ်မှု တစ်ခုသည် ထပ်မံ၍ ၎င်းအပေါ်သို့ ဆိုက်ရောက်မည်မဟုတ်ပေ။ ထိုနည်းတူစွာပင် တစ်ဦးတစ်ယောက်ကို ဆုံးမစကား ပြောဆိုရာတွင် အကယ်၍ အကြောင်းခံတစ်ခုခုဖြင့် ထိုသူသည် ဆုံးမစကားများကို လက်ခံ မည့်အစား ပို၍ 'ဂိုနာဟ်'ဖြစ်စေမည့် မှားယွင်းသော လုပ်ရပ်တစ်ခုခုကို ကျူးလွန်မည်ဆိုကြောင်း သိရှိ ရပါက ထိုဆိုဆုံးမစကား ပြောဆိုခြင်းအား စွန့်လွှတ်လိုက်လျှင် ပို၍ ကောင်းပေသည်။ အေမာမ်ဘိုခါရီ သည် မိမိ၏ ဘိုခါရီကျမ်းတွင် ဖွဲ့စည်းထားသည်နှင့် ပတ်သက်၍ သီးသန့်အခန်းကဏ္ဍတစ်ခုကို ဖွဲ့စည်း ထားပေသည်။

بَابُ مَنْ تَرَكَ بَعْضَ الْاِخْتِيَارِ مَخَافَةً اَنْ يَقصر فهم بعض الناس فيقعوا فى اشدمنه

အလိုသဘောမှာ တစ်ခါတစ်ရံ ပိုင်သော အရာများသာမက အလွန်ကောင်းသော အရာများကိုပင် အသိဉာဏ်နည်းပါးပြီး နားလည်မှုမရှိသော လူထုများသည် နားလည်မှုလွဲမှားခြင်း၌ နစ်မွန်းသွားမည်ကို စိုးရိမ်ရသောကြောင့် စွန့်လွှတ်လိုက်ရခြင်း ဖြစ်ပေသည်။ သို့သော် ထိုသို့ စွန့်လွှတ်လိုက်ရသော လုပ်ရပ်များသည် သာသနာတော်၏ မဏ္ဍိုင်များထဲမှ မဖြစ်စေရပေ။

သို့သော် အကြင်အလုပ်သည် အစ္စလာမ့်မဏ္ဍိုင်များတွင် ပါဝင်သော 'ဖွရဒ်'ဖြစ်စေ၊ 'ဝါဂျိဗ်'ဖြစ်စေ၊ 'စွန္နသ်'ဖြစ်စေ (သို့) အခြားသော အစ္စလာမ်၏ အထင်ကရများကို ပြုကျင့်ခြင်းကြောင့် အချို့အသိဉာဏ်နည်းပါးသောသူများ မှားယွင်းမှု၌ နစ်မွန်းသွားနိုင်စရာ ရှိသည်ဆိုလျှင်လည်း ထိုလုပ်ရပ်များကို လုံးဝမစွန့်လွှတ်သင့်ပေ။ သို့သာမက အခြားနည်းလမ်းဖြင့် လူတို့၏ နားလည်မှု လွဲမှားခြင်းနှင့် မကောင်းသော လုပ်ရပ်များမှ ကင်းကွာသွားစေရန် ကြိုးပမ်းရမည်ဖြစ်သည်။ သာသနာတော်၏ အစပိုင်း၌ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များမှလည်း သက်သေထူနေပေသည်။ ၎င်းမှာ နမာဇ်ဖတ်ခြင်း၊ ကျမ်းတော်မြတ်အား ဖတ်ရွတ်ခြင်းနှင့် သာသနာပြန့်ပွားရေးများ လုပ်ဆောင်ခြင်းကြောင့် မုရှ်ရစ်က်များ ရန်မူခဲ့ကြပေသည်။ သို့သော် ယင်းတို့၏ ရန်မူခြင်းကြောင့် ထိုသာသနာ၏ အထင်ကရများကို မည်သည့်အခါမှ မစွန့်လွှတ်ခဲ့ချေ။ သို့သာမက အာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းခံ၌ အဗူဂျဟလ် စသည်တို့နှင့် ကုရိုက်ရှ်များ၏ ခေါင်းဆောင်များ အကြောင်းကို တင်ပြထားပေသည်။ ယင်းမှ သိရှိရသည်မှာ ကုရိုက်ရှ်များသည် အသင့်အနေနှင့် 'သောင်ဟီးဒ်' နှင့် ပတ်သက်သည့် 'သဗ်လီးဂ်'လုပ်ခြင်းအား စွန့်လွှတ်ရမည်ဟူသော အချက်အပေါ် မူတည်ပြီး ငြိမ်းချမ်းရေးရယူလိုကြသည်။ ၎င်းတို့အား တမန်တော်မြတ် ﷺ မှ ဖြေကြားသည်မှာ ကျွန်ုပ်သည် မည်သည့်အခါမှ 'သဗ်လီးဂ်'ကို စွန့်လွှတ်မည်မဟုတ်ပေ။ အကယ်၍ ထိုသူများသည် ကျွန်ုပ်၏ လက်တော်ဝယ် နေမင်းနှင့် လမင်းကို လာ၍ ထည့်မည်ဆိုလျှင်လည်း ထိုအလုပ်ကို မစွန့်လွှတ်နိုင်ပေ။

ထို့ကြောင့် ဤပြဿနာချက်များအား လေ့လာသုံးသပ်ခဲ့ကြသည်မှာ အကြင်အလုပ်သည် သာသနာတော်၏ ကဏ္ဍိုင်များထဲမှဖြစ်မည်။ အကယ်၍ ယင်းအလုပ်ကို ပြုလုပ်ခြင်းကြောင့် လူများသည် အယူအဆလွဲချော်ပြီး မကောင်းမှုများ၌ နစ်မွန်းသွားနိုင်စရာ ရှိသည်ဆိုလျှင်လည်း ထိုလုပ်ရပ်ကို လုံးဝ မစွန့်လွှတ်ရပေ။ သို့သော် အကြင်အလုပ်သည် အစ္စလာမ်မဏ္ဍိုင်များ၌လည်း ပါဝင်ခြင်းမရှိ။ ၎င်းနောက် ထိုလုပ်ရပ်ကို မပြုလုပ်ခြင်းကြောင့် ရည်ရွယ်ချက်ပင် ပပျောက်သွားခြင်းမျိုးလည်း မဖြစ်ဟုဆိုလျှင်၊ ထိုလုပ်ရပ်များကို လုပ်ခြင်းကြောင့် လူအများနားလည်မှုလွဲပြီး မကောင်းမှုများ၌ နစ်မွန်းသွားနိုင်စရာ ရှိသည်ဆိုလျှင် ယင်းလုပ်ရပ်များကို စွန့်လွှတ်လိုက်ရမည်။ အထက်ပါအာယသ်တော်များတွင် တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ ၏ ပွင့်လင်းထင်ရှားသော 'မုအ်ဂျေဇာဟ်'များနှင့် အလ္လာဟ်အသျှင်မြတ်၏ ထင်ပေါ်သော လက္ခဏာ

များ ရှိနေသော်ငြားလည်း ဖွတ်တရွတ်လုပ်တတ်ကြသော သူများသည် ထိုအချင်းအရာများမှ အကျိုးခံစား ရယူခြင်းမရှိကြချေ။ ဖီဆန်ခြင်းနှင့် ဖွတ်တရွတ်နိုင်ခြင်းအပေါ် အခိုင်အမာ ရပ်တည်လျက်ရှိကြသည်။ ရှေ့ အာယသ်တော်များတွင် ထိုသူများနှင့် ပတ်သက်ပြီး တင်ပြထားသည်မှာ ၎င်းသူများသည် မိမိတို့၏ ဖွတ်တရွတ် နိုင်ခြင်းအပေါ် ပုံစံတစ်မျိုး ပြောင်းလဲလိုက်ကြသည်။ ၎င်းမှာ တမန်တော်မြတ် ﷺ အား ထူးခြားသည့် 'မုအ်ဂျေဇာဟ်' များ ပြသရန် တောင်းဆိုလာကြသည်။ ပမာဆိုရသော် အိဗ်နေ့ဂျရီးရ်မှ တင်ပြထားသည်မှာ ကိုရိုက်ရှ်ခေါင်းဆောင်များက တောင်းဆိုကြသည်မှာ အသင်သည် အကယ်၍ ဆွဖွာတောင်ကြီးအား တစ်ခုလုံး ရွှေဖြစ်သွားသည့် 'မုအ်ဂျေဇာဟ်' မျိုးကို ပြသမည်ဆိုလျှင် ကျွန်ုပ်တို့သည် အသင်ရစူလ်ဖြစ်ကြောင်းကို လက်ခံကြပြီး မွတ်စ္စလင်မ်အဖြစ် ခံယူကြမည်။

တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ အကယ်၍ အသင်တို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' ပြသနိုင်မည်ဆိုလျှင် အသင်တို့အားလုံး မွတ်စ္စလင်မ်အဖြစ် ခံယူကြမည်ဟု ကတိကဝတ်ပြုကြကုန်။ ထိုအခါ ၎င်းတို့က ကစမ်များ ကျိန်ဆိုကြသည်။ ထို့နောက် နဗီတမန်တော်မြတ်သည် ဤတောင်ကြီးအား ရွှေတောင် အဖြစ် ဖန်တီးပေးတော်မူပါဟူ၍ ဒိုအာပြုရန် ထရပ်တော်မူလိုက်၏။ ထိုအခါ ဟဇရသ် ဂျိဗ်ရာအီးလ် عليه السلام မှ 'ဝဟီ'တော် ယူဆောင်လာခဲ့ပြီး အကယ်၍ အသင်ကိုယ်တော် ဖြစ်လိုသည်ဆိုလျှင် ငါအသျှင်မြတ်အနေနှင့် ယခုချက်ခြင်းပင် ရွှေတောင်အဖြစ် ပြုလုပ်ပေးတော်မူမည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေနှင့် အညီ ၎င်းတို့သည် အကယ်၍ အီမာန်မယူလာခဲ့ပါမူ အားလုံးအပေါ် 'အဇားဗ်'ကျရောက်စေပြီး ဖျက်ဆီး ပစ်မည်ဖြစ်သည်။ ရှေးယခင် မျိုးနွယ်စုများကို ဖျက်ဆီးသကဲ့သို့ ဖျက်ဆီးပစ်မည်ဖြစ်သည်။ ၎င်းမှာ ထိုမျိုး နွယ်စုများသည် 'မုအ်ဂျေဇာဟ်'များကို တောင်းဆိုကြသည်။ ပြသလိုက်သောအခါ ငြင်းဆိုကြသည်။ သို့ရှိရာ ၎င်းတို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသများ ကျရောက်ခဲ့ရ၏။ တမန်တော်မြတ် ﷺ မိန့်တော် မူသည်မှာ ယခု ကျွန်ုပ်သည် ထို 'မုအ်ဂျေဇာဟ်'အတွက် ဒိုအာမပြုတော့ပေ။ ယင်းဖြစ်ရပ်အပေါ်

وَ اَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ

အာယသ်တော် ကျရောက်လာသည်။ ယင်းအာယသ်တော်တွင် ကာဖိရ်များ၏ ဆိုစကားများကို တင်ပြထားပေသည်။ ၎င်းမှာ ထိုသူများအား တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'ပေါ်ထွက်လာမည်ဆိုလျှင် မွတ်စ္စလင်မ်အဖြစ် ခံယူပါမည်ဟု ကစမ်ကျိန်ဆိုကြမည်။ ထိုအာယသ်တော်၏ နောက်တွင်

اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ

ထိုသူများ၏ ပြောဆိုစကားများ၏ အဖြေဖြစ်သည်။ ၎င်းမှာ 'မုအ်ဂျေဇာဟ်'များနှင့် လက္ခဏာ များသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ်ရှိ၏။ ဖြစ်ပေါ်ပြီးသော 'မုအ်ဂျေဇာဟ်'အားလုံးသည် အလ္လာဟ်အသျှင်မြတ်ဘက်မှပင် ဖြစ်သည်။ ၎င်းနောက် တောင်းဆိုလျက်ရှိသော 'မုအ်ဂျေဇာဟ်'များကိုလည်း

ငါအသျှင်မြတ် အပြည့်အဝ စွမ်းဆောင်နိုင်တော်မူသည်။ သို့သော် အသိတရားနှင့် တရားမျှတမှု ရှိမည်ဆိုလျှင် ထိုသူများအနေနှင့် ထိုကဲ့သို့သော တောင်းဆိုချက်များကို မတောင်းဆိုသင့်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် ရရှူလ်ဖြစ်ကြောင်းကို ကြွေးကြော်ခဲ့၏။ ထိုသို့ ကြွေးကြော်ရာတွင် အထောက်အထားများနှင့် သက်သေများကို 'မုအ်ဂျေဇာဟ်' အသွင်ဖြင့် တင်ပြခဲ့ပြီးဖြစ်သည်။ ယခု အခြားအုပ်စုတစ်စုအနေနှင့် ထိုအထောက်အထားများနှင့် သက်သေများအပေါ် လက်ညှိုးထိုးပြီး မှားသည်ဟု တင်ပြနိုင်သည့် အခွင့်အရေးတော့ရှိသည်။ သို့သော် တင်ပြပြီးသော သက်သေအထောက်အထားများသည် မည်သို့မျှ လက်ညှိုးထိုးခြင်းမရှိ။ သို့သော် ကျွန်ုပ်တို့အနေနှင့် အခြားသော သက်သေများ မြင်တွေ့လိုပါသည်ဟူ၍ တောင်းဆိုလာကြမည်ဆိုလျှင် ယင်းသို့ တောင်းဆိုခြင်းသည် ပမာဆိုရသော် ရုံးတော်တွင် တရားခံတစ်ဦးအား တရားလို၏ တင်ပြသော အထောက်အထားများအပေါ် မည်သို့မျှ အပြစ်တင်ခြင်းမရှိဘဲ ပြောဆိုသည်မှာ ကျွန်ုပ်အနေနှင့် ထိုသက်သေများ၏ ထွက်ဆိုချက်ကို လက်မခံသည့်အပြင် မည်သူမည်ဝါ (သတ်မှတ်ထားသော ပုဂ္ဂိုလ်) ၏ သက်သေထွက်ဆိုခြင်းကိုသာ လက်ခံပါမည်ဟုဆိုလျှင် ထိုတင်ပြချက်ကို မည်သည့်ရုံးတော်မှ လက်ခံထိုက်သည်ဟူ၍ ပြောဆိုမည်မဟုတ်ပေ။

ထိုနည်းတူစွာ 'နဗူဝသ်' နှင့် 'ရေစာလသ်' အပေါ် များစွာသော အာယသ်တော်များနှင့် 'မုအ်ဂျေဇာဟ်' များ ပေါ်လွင်ထင်ရှားနေပြီးနောက် ထို 'မုအ်ဂျေဇာဟ်' များကို မှားယွင်းသည်ဟူ၍ မထောက်ပြနိုင်ဘဲ ကျွန်ုပ်တို့အနေနှင့် ထိုကဲ့သို့သော 'မုအ်ဂျေဇာဟ်' များကို တွေ့မြင်ရမှသာလျှင် အီမာန်ယူလာကြပါမည်ဟူ၍ ၄င်းတို့အနေနှင့် ပြောဆိုပိုင်ခွင့် မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇

အလ္လာဟ်အသျှင်မြတ်၏ 'တောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၇]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''